
# ဓါးတောင်ကို
# ကျော်၍
# မီးပင်လယ်ကို
# ဖြတ်မည်

## မြသန်းတင့်



## စာရေးသူ၏တင်ပြချက်

[၁]

လူသည် တိုက်ပွဲကြီးသုံးခုကို ဖြတ်သန်းရ သည်ဟု နိုင်ငံရေးအဘိဓမ္မာပညာရှင်တဦးက ဆိုဖူး၏။ ၎င်းတို့မှာ ကုန်ထုတ်လုပ်ရေးတိုက်ပွဲ၊ သိပ္ပံပညာစမ်းသပ်မှု တိုက်ပွဲနှင့် လူတန်းစား တိုက်ပွဲများ ဖြစ်သည်ဟူ၍ ၎င်းက ဖွင့်ဆို၏။

ထိုစကားကို ပြောခဲ့သည့် အဘိဓမ္မာ ပညာရှင်သည် လူပေါ်စခေတ်ကာလမှ ယနေ့အထိဖြစ်ပေါ်သော လူ၏သမိုင်း ဖြစ်စဉ်ကြီးတခုလုံးကို လေ့လာ သုံးသပ်ပြီး နောက်မှ ထိုအဘိဓမ္မာကို ပေါင်းချုပ်၍ တင်ပြလိုက်ခြင်း ဖြစ်၏။

ကျွန်တော်တို့သည် ကျောင်းတုန်းက သမိုင်းစာအုပ်များကိုသင်ကြရ၏။ ယခုတိုင်လည်း သမိုင်း စာအုပ်များကို ဖတ်လျက်ရှိကြ၏။ နောင်တွင်လည်းဖတ်နေကြရဦးမည်ဖြစ်၏။ မနေ့က အဖြစ်အပျက်များသည် သမိုင်းထဲ ရောက်သွားကြ၏။ မနက်ဖြန်ကျလျှင် ယနေ့ အဖြစ်အပျက်များသည်လည်း သမိုင်းဖြစ်သွားကြလိမ့်ဦးမည်။ အချိန်ဟူသော ပညတ်ချက် မကုန် ဆုံး သေး သ ရွေ့ ကျွန်တော်တို့သည် သမိုင်းကို ဖြတ်သန်း နေကြရဦးမည် ဖြစ်၏။

သမိုင်းစာအုပ်များကို ဖတ်ရသည့်အခါ၌ ကမ္ဘာဦး လူသား၏ အကြောင်းကို ကျွန်တော်တို့ သိကြရ၏။ ကမ္ဘာဦးလူသားသည် မိမိ အသက်ရှင် နေရေးအတွက် အစားအစာကို ထုတ်လုပ်ရ၏။ ရှာဖွေရ၏။ ပထမတွင် သစ်သီးသစ်ဥများကို စားခဲ့ကြရ၏။ သားစိမ်း ငါးစိမ်း ကို စားခဲ့ကြရ၏။ အမဲလိုက်ခဲ့ကြ၏။ ပို၍ ယဉ်ကျေးလာ သည့်အခါ၌ အသားငါးတို့ကို ချက်ပြုတ်စားသောက်လာ ခဲ့ကြ၏။ အဝတ်အထည်အလို့ငှာ တိရစ္ဆာန်တို့အရေများ ကို ထုတ်လုပ်လာခဲ့ရ၏။ ထို့ထက်ပို၍ ယဉ်ကျေးလာသော အခါ၌ ထီးရွက်တို့ကို လုပ်တတ်လာခဲ့၏။ ပစ္စည်းကရိယာ များကို ထုတ်လုပ်တတ်လာခဲ့ကြ၏။ အသီးအနှံများကို စိုက်ပျိုးတတ်လာခဲ့ကြ၏။ အဝတ်အထည်တို့ကို ယက်လုပ် တတ်လာခဲ့ကြ၏။ အဆောက်အဦတို့ကိုဆောက်လုပ်တတ် လာခဲ့ကြ၏။

ကျောက်လက်နက်၊ ကြေးပုဆိန်၊ ရက်ကန်းစင် စသည် တို့ကို တီထွင်လာခဲ့ကြ၏။ ပန်းပဲအတတ်၊ ဗိသုကာ အတတ်၊ ရက်ကန်းအတတ်၊ စိုက်ပျိုးမှု အတတ်၊ ချက်ပြုတ် မှုအတတ် စသည့် အတတ်ပညာများသည် ပေါ်ပေါက် လာခဲ့ကြရ၏။

ဤသို့ဖြင့် လူသည် မိမိ၏ စားရေး၊ နေရေး၊ ဝတ်ရေး အတွက် အမြဲတမ်း ထုတ်လုပ်လာခဲ့ ကြရ၏။ တိုး တက် အောင် ကြိုးစားလာခဲ့ကြရ၏။ ဆန်းသစ်အောင် တီထွင် လာခဲ့ကြရ၏။ လူ၏ကုန်ထုတ်လုပ်မှုအတတ်သည် သမိုင်း ကဲ့သို့ရှည်၏။ သမိုင်းကဲ့သို့ပင် သက်တမ်းရှည်ကြာ၏။ ယနေ့တိုင် ကျွန်တော်တို့သည် ကုန်ထုတ်လုပ်ရေးကို လုပ် နေကြရဆဲဖြစ်၏။ နောင် လူ့သမိုင်း ရှိနေသရွေ့လည်း ဆက်၍ဆက်၍ ကုန်ထုတ်လုပ်နေရဦးမည်ဖြစ်၏။ လူသည် ကုန်ထုတ်လုပ်ခြင်းမရှိဘဲ အသက်မရှင်နိုင်။ လူ့မျိုးနွယ် ကြီးတစ်ခုလုံးသည် ကုန်ထုတ်လုပ်ရေးမရှိဘဲ မတည်မြဲနိုင်။

ဤသို့တွင် လူသည် ကုန်ထုတ်လုပ်ရေး အတတ်ပညာ ကို လွယ်လွယ်နှင့်ရခဲ့သည်မဟုတ်။ မငြီးငြူကြိုးစားခဲ့ သော တိုက်ပွဲများကို ဖြတ်သန်းပြီးမှ ရခဲ့ခြင်း ဖြစ်၏။ အသားငါးကို ရရန်အလို့ငှာ သားရဲ တိရစ္ဆာန်များနှင့် ယှဉ်ပြိုင် သတ်ပုတ်ခဲ့ရ၏။ ကောက်ပဲသီးနှံတို့ကို ရရန် အလို့ငှာ အဖျက်ပိုးမွှားများနှင့် ရင်ဆိုင် တိုက်ခိုက်ခဲ့ရ၏။ ရေ၊ လေ၊ မီး စသည့် ခက်ထန် ကြမ်းကြုတ် သော သဘာဝ၏ အဖျက်စွမ်းအားများကို ကျော်လွှား ခဲ့ရ၏။ ဤနည်းဖြင့်သာလျှင် ကျွန်တော်တို့သည် ကုန်ထုတ်လုပ် ရေးအတတ်ပညာများကို ရရှိလာခဲ့ကြခြင်းဖြစ်၏။ အစား

ရှာရင်း ကျားစားခြင်းခံရသူပေါင်း မည်မျှရှိပြီနည်း။ ကုန်ထုတ်လုပ်ရင်း ကျဆုံးခဲ့ရသူပေါင်း မည်မျှရှိပြီနည်း။

ယင်းကျေးဇူးကြောင့်လူသည် ကုန်ထုတ်လုပ်ရေးတိုက်ပွဲမှတဆင့် အတတ်ပညာများကို ရခဲ့ကြ၏။ သို့ရာတွင် ထိုအတတ်ပညာကို တိုးတက်အောင် ကြံဆောင်ရ၏။ ဆန်းသစ်အောင် တီထွင်ရ၏။ ကြေးပုဆိန်၏ နေရာတွင် မြေတူးစက် ရောက်လာ၏။ ဓားလှံတို့၏ နေရာတွင် ယမ်းမှုန့်ရောက်လာ၏။ တောမီး၏ နေရာတွင် လျှပ်စစ်ဓာတ်အား ရောက်လာ၏။ မြေတူးစက်၏ စက်ယန္တရားတည်ဆောက်မှု၊ ယမ်းမှုန့်၏ ပေါက်ကွဲအားကို တွက်ချက်မှု၊ လျှပ်စစ်ဓာတ်အား၏ တွန်းကန်မှုအားနှင့် ဆွဲငင်အားကို ရှာဖွေမှုတို့သည် သိပ္ပံပညာ၏ အလုပ် ဖြစ်၏။ ထိုစက်အားများ၊ ဓာတ်အားများ၏ လှုပ်ရှားမှုကို ရရှိအောင်လုပ်ခြင်းသည် သိပ္ပံပညာ၏ အလုပ် ဖြစ်၏။ သို့ဖြင့် လူ့အမျိုးအနွယ်သည် သိပ္ပံပညာရပ်များကို ပိုင်ဆိုင်လာခဲ့ခြင်းဖြစ်၏။

သို့ရာတွင် လူသည် သိပ္ပံပညာရပ်များကို ရှာဖွေတွေ့ရှိလာရာ၌ လွယ်လွယ်ကူကူဖြင့်ရသည်မဟုတ်။ ပင်ပန်းခက်ခဲ ရှည်ကြာသော တိုက်ပွဲများကို ဖြတ်သန်းခဲ့ရခြင်းဖြစ်၏။ ဓာတ်ခွဲခန်းစမ်းသပ်ရင်း ဓာတ်ခွဲခန်းများထဲတွင် သေဆုံးသူပေါင်းမည်မျှ ရှိပြီနည်း။ အနုမြူကိုရှာဖွေရင်း အနုမြူဓာတ်ကြောင့် သေဆုံးသွားခဲ့သူပေါင်း မည်မျှရှိပြီနည်း။ သိပ္ပံပညာကို စမ်းသပ်ရင်း ကျဆုံးသွားခဲ့သူပေါင်း မည်မျှ ရှိပြီနည်း။

လူသည် ကုန်ထုတ်လုပ်ရေးနှင့် သိပ္ပံပညာများကို ပိုင်ဆိုင်လာပြီးသည့်နောက်၌ ထိုအတတ် ပညာများကို မည်သူ့အတွက် အသုံးပြုမည်နည်းဟု အငြင်းပွားလာခဲ့ကြ၏။ မည်သူ့အတွက် ကုန်ထုတ်လုပ်မည်နည်းဟုငြင်းခုံခဲ့ရ၏။ သိပ္ပံပညာကို မည်သူ့အတွက် အသုံးချမည်နည်းဟု အငြင်းပွားခဲ့ကြ၏။ ကုန်လုပ်ကိရိယာများကို မည်သူတွေက ပိုင်မည်နည်းဟု ခိုက်ရန်ဖြစ်ခဲ့ကြ၏။ တချို့က လူတစုက လက်ဝါးကြီးအုပ်ထားလို၏။ လူတစု အတွက် အသုံးချလို၏။ အချို့က ထိုပစ္စည်းများကို အများ ပိုင်ဆိုင်အောင်လုပ်ကာ အများ၏အကျိုးအတွက် အသုံးချလို၏။

သို့ဖြင့် သမိုင်းဦး ဘုံမြေခေတ်၊ ကျေးကျွန် ခေတ်၊ မြေရှင်ပဒေသရာဇ်ခေတ်၊ အရင်းရှင်ခေတ်၊ ဆိုရှယ်လစ်ခေတ်သည် ယနေ့အထိ ပေါ်ပေါက်ခဲ့သမျှသော ခေတ်ကြီး ၅ ခေတ်တွင် ကုန်လုပ်ကိရိယာများ ပိုင်ဆိုင်ရေးနှင့် ပတ်သက်၍ အငြင်းပွားခဲ့ကြ၏။ ခိုက်ရန် ဖြစ်ခဲ့ ကြ၏။ စစ်တိုက်ခဲ့ကြ၏။

ဥပမာ ကျေးကျွန်ခေတ်က ကုန်လုပ် ကိရိယာများကို ကျွန်ပိုင်ရှင်တို့က ပိုင်ဆိုင်ခဲ့ကြ၏။ ထို့ကြောင့် ကျွန်တို့က လုပ်ယူခဲ့ကြ၏။ မြေရှင် ပဒေသရာဇ် ခေတ်တွင် ကုန်လုပ် ကိရိယာများကို မြေရှင်တို့က ပိုင်၏။ ထို့ကြောင့် မြေကျွန်တို့က လုပ်ယူခဲ့ကြ၏။ အရင်းရှင်ခေတ်တွင် ကုန်လုပ်ကိရိယာ များကို အရင်းရှင်များက ပိုင်၏။ ထို့ကြောင့် အလုပ် သမားတို့က လုပ်ယူခဲ့ကြ၏။

'ဤသို့ကြည့်လျှင် လူတန်းစားတိုက်ပွဲသည် သမိုင်းနှင့်အမျှ ဟောင်း၏၊ သမိုင်းနှင့်အမျှ သက်တမ်းရှည်ကြာ၏။ သမိုင်းနှင့်အမျှရှည်ကြာသော လူတန်းစား တိုက်ပွဲများတလျှောက်၌ ကျဆုံးသူပေါင်း မည်မျှရှိခဲ့မည်နည်း။

အမည်မသိ ကမ္ဘာ့ဦးလူသားတဦး ရုန်းလှုပ်အနစ်နာခံခဲ့သဖြင့် ကျွန်တော်တို့သည် မီး၏အသုံးဝင်ပုံကို သိလာခဲ့ကြရ၏။ သူ့ကြောင့် ကျွန်တော်တို့သည် အရေးကြီးသော ကုန်ထုတ်လုပ်ရေး အတတ်ပညာကို ရရှိခဲ့ကြ၏။ ကိုပါနီးကတ်စ် ရုန်းလှုပ်အနစ်နာခံခဲ့သဖြင့် ကျွန်တော်တို့သည် စကြဝဠာကြီးနှင့် ပတ်သက်သော အမြင်မှန်ကို ရခဲ့၏။ သူ့ကြောင့် ကျွန်တော်တို့သည် အရေးကြီးသော သိပ္ပံပညာတွေ့ရှိမှု တခုကို ရခဲ့ကြ၏။ [illegible] ဆိုသော ရုရှားအလုပ်သမားလူတန်းစား၏ ရုန်းလှုပ် အနစ်နာခံမှုကြောင့် ကျွန်တော်တို့၏ ကမ္ဘာသည် ဆိုရှယ်လစ်ခေတ်သစ်တခုသို့ ချဉ်းနင်းဝင်ရောက်လာခဲ့၏။

လူများစုကြီး ကောင်းစားရေးအတွက် အနည်းစုသည် ရုန်းလှုပ်ရမြဲဖြစ်၏၊ အနစ်နာခံရမြဲဖြစ်၏။ ထို့ကြောင့် အာဇာနည်ဆိုသော စကားသည် ပေါ်ပေါက်လာရခြင်း ဖြစ်၏။

ကျွန်တော်သည် လူ့အမျိုးအနွယ်ကြီး တည်တံ့ရေး၊ လူ့အနွယ်ကြီး တိုးတက်ရေးတို့အတွက် ကုန်ထုတ်လုပ်ရေး တိုက်ပွဲ၊ သိပ္ပံပညာစမ်းသပ်မှု တိုက်ပွဲ၊ လူတန်းစားတိုက်ပွဲများတွင် ရုန်းလှုပ် အနစ်နာခံသွားကြသော အာဇာနည်များကို ဂုဏ်ပြုလို၍ ဤဝတ္ထုကို ရေးခြင်း ဖြစ်ပါ၏။



'အင်းစိန် ဘဝတက္ကသိုလ်'မှ ကျွန်တော် ပြန်ထွက်လာသည့်အခါ၌ ကျွန်တော့်ရင်ထဲတွင် ရေးစရာတွေ ပါလာ၏။ ဝတ္ထုတွေ ပါလာ၏။ သို့ရာတွင် ရှုမဝတွင် ပါသော ဝတ္ထုတိုများမှလွဲ၍ အသစ်တပုဒ်မျှ မရေးဖြစ်ခဲ့။ အဟောင်းများကိုသာ ပြန်ထုတ်ခဲ့၏။

''အသစ်မရေးတော့ဘူးလား။ အဟောင်းတွေကို ချည်း ပေးနေတော့မှာလား''ဟု မိတ်ဆွေများ၊ စာဖတ် ပရိသတ်များက ကျွန်တော့်ကို မေးကြ၏၊ ဆူပူကြ၏၊ ကြိမ်းမောင်းကြ၏။

သို့ရာတွင် ကျွန်တော် မရေးဖြစ်ခဲ့၊ ယခုမှ ရေးဖြစ်ခြင်း ဖြစ်၏။

ကျွန်တော့်ဝတ္ထုသည် လူလေးယောက်၏ ဇာတ်လမ်းတပုဒ်မျှသာဖြစ်၏။

တယောက်က အလုပ်သမား၊ တယောက်က လမ်းသရဲကျောင်းသား၊ တယောက်က တရွာ ဆရာ၊ တယောက်က မှောင်ခိုစက်လှေပိုင်ရှင်ဖြစ်၏။ အလုပ်သမားနှင့် လမ်းသရဲကျောင်းသားသည် သက်တူရွယ်တူ လူငယ်များဖြစ်ကြ၏။ သို့ရာတွင် ဘဝချင်း ကွာကြ၏၊ အမြင်အနေချင်း ကွာကြ၏၊ ကြီးပြင်းပုံခြင်း လည်း ကွာကြ၏။ ဤသည်မှာ သူတို့ နှစ်ယောက်၏ ပဋိပက္ခ ဖြစ်၏။ ထိုလူငယ်နှစ်ယောက်သည် အကျပ်အတည်း တွေ့ကြ၏။ စားစရာ နေစရာ မရှိသည့် အခြေသို့ရောက်ကြ၏။ လမ်းသရဲကျောင်းသားသည် ဘာကိုမျှ မလုပ်တတ်၊ မိမိ၏ ဘဝ တည်ငြိမ်ရေး အတွက် အစာကိုမျှ မရှာတတ်။ အနာဂတ်ကိုမျှ မကာကွယ်တတ်။ အလုပ်သမား လူငယ်

အမှ သူ့ဘဝတည်မြဲရေးအတွက် သူတိုက်ပွဲဝင်တတ်၏။ အန္တရာယ်ကို ကာကွယ်တတ်၏။ သူတပါး အကျိုးကို ဆောင်ရွက် တတ်၏။ ထိုအခါ၌ လူငယ်စိတ် ရှိသော လမ်းသရဲ ကျောင်းသားသည် အလုပ်သမား လူငယ်ကို အားကျ၏။ သူ့လိုရုန်းကန်ချင်၏။ သူ့ရင်ထဲတွင် ရှိသော လူငယ်၏ သတ္တိ၊ လူငယ်၏ အားမာန်၊ လူငယ်၏ စိတ်ဓာတ်တို့သည် ပြန်၍ ပေါ်လာကြ၏။ လမ်းသရဲ လူငယ်ကို သွန်သင်ဆုံးမပေးသော ဆရာသည် အလုပ်သမား လူငယ်သာ ဖြစ်၏။

အလုပ်သမားလူငယ်သည် လမ်းသရဲလူငယ်ကို လမ်းမှန်သို့ရောက်အောင် ခေါ်၏။ တွေဝေ ယိမ်းယိုင်သော ပညာတတ် ကျောင်းသားကို ကြည်လင် ပြတ်သားသည့် အမြင်ရှိအောင် သွန်သင်၏။ ခါးတလက်ဖြင့် အနိုင် ကျင့်နေသော မှောင်ခိုစက်လှေပိုင်ရှင်ကို အနိုင်တိုက်ခဲ့၏။ အလုပ်သမားလူငယ်သည် လမ်းသရဲလူငယ်နှင့် ကျောင်း သားတို့၏ ခေါင်းဆောင် ဖြစ်၏။ သူသည် ကုန်ထုတ်လုပ် ရေး တိုက်ပွဲကိုလည်း ခေါင်းဆောင် တိုက်ခဲ့၏။ သိပ္ပံပညာ စမ်းသပ်မှုတိုက်ပွဲကိုလည်း ခေါင်းဆောင်ခဲ့၏။ လူတန်း စား တိုက်ပွဲ ကိုလည်း ခေါင်းဆောင် ခဲ့၏။ သူသည် သူရဲကောင်း ဖြစ်၏။

ထိုအလုပ် သမား လူတန်းစား လူငယ်၏ ခေါင်း ဆောင်မှု မရှိခဲ့လျှင် ကျောင်း ဆရာသည်၎င်း၊ လမ်းသရဲ လူငယ်သည်၎င်း၊ သဘာဝ၏ ဖိနှိပ်မှုကို တွန်းလှန် နိုင်ခဲ့ မည် မဟုတ်၊ မိမိတို့ဘဝတည်မြဲအောင် ရုန်းဆောင်နိုင် မည်မဟုတ်။ ခေါင်းကိုင်၍ ခြိမ်းခြောက် နေသည့် မှောင်ခို စက်လှေပိုင်ရှင်ကို တိုက်နိုင်မည် မဟုတ်။ ထို့ကြောင့် အလုပ်သမား လူငယ်သည် မဟာအာဇာနည် ဖြစ်၏။

ဤသဘောကို ဦးတည်၍ ဤဝတ္ထုကို ကျွန်တော် ရေးခြင်းဖြစ်၏။ ဤဦးတည်ချက်ပေါ်လွင်လျှင် ကျွန်တော် ရေးရကျိုး နပ်ပြီဟုယူဆ၏။

[ ၃ ]

အစက ဤဝတ္ထု၏ နာမည်ကို 'မာယာတံ့' ဟု ကျွန်တော် နာမည်ပေးခဲ့၏။ ထိုနာမည်ဖြင့် ကြော်ငြာ ခဲ့၏။ ယခုတွင် ထိုနာမည်ကို ကျွန်တော် ပြင်လိုက်၏။

ထိုဝတ္ထုထဲမှ အလုပ်သမားလူငယ်က ထိုနာမည်ကို မကြိုက်ဟု တောင်းဆို၏။ ညပေါင်းများစွာ ကျွန်တော့် အိပ်မက်ထဲ ပေါ်လာကာ ထိုနာမည်ကို ကန့်ကွက်၏။ ထိုအခါတွင် ကျွန်တော်သည် နာမည်သစ်များကို ညပေါင်း များစွာ စဉ်းစား၏။ နာမည် အသစ်တခု ပေး၏။ ကျွန် တော်က နာမည်သစ်တခုပေးတိုင်း ထိုအလုပ်သမား လူငယ်သည် ကျွန်တော့် အိပ်မက်ထဲတွင် ပေါ်၍လာကာ မကြိုက်ကြောင်း ကန့်ကွက်တတ်၏။

သို့ဖြင့် ကျွန်တော်သည် ညပေါင်းများစွာကို ကုန်လွန် ခဲ့ရ၏။ အလုပ်သမားလူငယ် ကျေနပ်သည့် ဝတ္ထုနာမည် ကို ရှာမတွေ့။

ဤအတောအတွင်း ကျွန်တော်သည် တရုတ်ပြည်မှ လူငယ်တယောက်ရေးသည့် ဝတ္ထုတပုဒ်ကို ဖတ်လိုက် ရ၏။ ထိုလူငယ်သည် စာရေးဆရာမဟုတ်၊ အလုပ်သမား တယောက်မျှသာဖြစ်၏။ သူသည် ရေနံတွင်း တခုတွင်

အလုပ်လုပ်၏။ တနေ့ ရေနံတွင်းမှ ဓာတ်ငွေ့များ ပေါက်ကွဲကာ မီးလောင်၏။ ရေနံတွင်းမှမီးသည် ရေနံမြေတခုလုံးကို ကူးစက်မည့်ကဲ့သို့ ဖြစ်နေ၏။ မီးတောက် မီးလျှံများသည် ပင်လယ်ပြင်တမျှ ကျယ်ပြော၏။ အခြားသူများနှင့်အတူ သူသည် ပင်လယ်ပြင်တမျှ ကျယ်ပြန့်သည့် မီးလောင်ပြင်ကြီးကို ဖြတ်ကာ ရေနံမြေကြီး တခုလုံးကို မီးဘေးမှ ကယ်တင်နိုင်ခဲ့၏။ သူ့တကိုယ်လုံး မီးလောင်ဒဏ်ရာတွေပြည့်ကာ ခြေတွေ လက်တွေ ဖြတ်ပစ်ရ၏။ မျက်စိကွယ်သွား၏။ သူ့ကို ခံပြင်းရဲဘော်အဖြစ် ပြည်သူက သတ်မှတ်ကြ၏။ ထိုအဖြစ်အပျက်ကို သူကိုယ်တိုင် မှတ်တမ်းသဖွယ် ပြန်ရေးထား၏။ ထိုမှတ်တမ်းတွင် "သေရွာသွားတာကို အိမ်ပြန်သလို သဘောထားရမယ်။ ဓားတွေ တောင်လောက်မြင့်ပြီး မီးတွေ ပင်လယ်လောက် ကျယ်သည့်တိုင် ငါကျော်ဖြတ်မယ်" ဟု ပါ၏။

ကျွန်တော်သည် သူ့စကားလုံးများကို သဘောကျကာ ဤဝတ္ထုခေါင်းစဉ်အဖြစ် ရွေးလိုက်၏။ ညကမ်းလက်ထဲတွင် ကျွန်တော့် ဝတ္ထုထဲက အလုပ်သမား လူငယ်နှင့် မြင်တွေ့ကြသည့်အခါ၌ ကျွန်တော်ရွေးထားသည့်နာမည်ကို ပြောပြ၏။

အလုပ်သမားလူငယ်သည် ဤတကြိမ်တွင်မှ ကျွန်တော်ရွေးထားသည့်နာမည်ကို ကျေနပ်သွားဟန်တူ၏။ ကန့်ကွက်ပြောဆိုခြင်းမရှိတော့။

၁၃၃၅ ခု သီတင်းကျွတ်လဆန်း ၁ ရက်။
၁၉၇၃ ခု စက်တင်ဘာလ ၂၇ ရက်။ မြသန်းတင့်

[ ၁ ]

မည်မျှကြာအောင် သတိမေ့မြောနေသည်မသိ။

သူ့တကိုယ်လုံးသည် နာကျင်လျက်ရှိသည်။ ရင်ထဲတွင် တလှပ်လှပ် ခံစားရသည်။ ခေါင်းက ထိုင်းမှိုင်း မူးသည်။ ခြေလက်တို့ကို မသယ်ချင်တော့။ သယ်လည်း မသယ်နိုင်တော့။ ရင်ညွန့်ထဲမှာ မီးတကြီး ထိုးထားသလို ပူနေသည်။ ပါးစပ်မှာ ခြောက်ခန်းနေသည်။ သူသည် တံတွေးကို မျိုချ၏။ မျိုချ၍မရ။ သူ့ပါးစပ်ထဲတွင် တံတွေးပင်မရှိတော့။ ခန်းခြောက်နေလေပြီ။

သူသည် ခေါင်းကိုထောင်ကြည့်၏။ ခေါင်းထောင်၍မရ။ ခေါင်းလှုပ်လိုက်သည်နှင့် တဆစ်နက် အရှိန်ကြီး ဖြတ်ချလိုက်သလို မြေကြီးပေါ် ပြန်ကျသွားသည်။ စိတ်မကျေနပ်သဖြင့် လက်တွေကို လှုပ်ကြည့်သည်။ လက်ကလည်း ကောင်းကောင်းလှုပ်၍မရ။ လှုပ်လိုက်သည်နှင့် သူ့လက်တံသည် ဝက်ပျော့ခွ ခတ်ပြီး ကွာကျသွားသလို အောက်သို့ ပြန်ကျသွားသည်။ ခြေထောက်တွေကကော။ ခြေထောက်ကိုလှုပ်ကြည့်တော့လည်းမရ။ နာကျင်ကိုက်ခဲနေသည်။ ခါးတွေ ကျောတွေကလည်း ကိုက်နေသည်။ တကိုယ်လုံး စပ်ဖျဉ်းဖျဉ်းဖြစ်နေသည်။ ပွန်းပဲ့ထားသည့် ဒဏ်ရာတွေ တကိုယ်လုံး ပြည့်နေသည်။ ခြေဖမိုး၊ ခြေသလုံး၊ ဒူး၊ တင်ပါး၊ ရင်ဘတ်၊ လက်မောင်း၊ တံတောင်ဆစ်၊ ပခုံး၊ ဦးခေါင်း။

သူသည် ထင်တာနဲ့ ညည်းတာ မျက်စိကို ဖွင့်ကြည့်သည်။ ထင်း ထိန်သော အလင်းရောင်သည် မှုန်ကာ ဝင်လာသည်။ မျက်လုံးကို ကြာကြာဖွင့်ကြည့်၍မရ။ သူ့မျက်ခွံကြောများက တင်းနေသည်။ မှုန် လွန်းသော အလင်းရောင်ကြောင့် သူ့မျက်လုံးများသည် အလိုလို ပြန် မှိတ်သွားကြသည်။

သူ့ခန္ဓာကိုယ်ထဲတွင် ခွန်အားဆို၍ တစက်မျှ မရှိတော့ဟု သူထင် သည်။ သူ့နားထဲတွင် အူညံသောအသံများကို ကြားရသလိုလိုထ င်သည်။ ထိုရာတွင် မည်သည့် အသံများရှိသည်ကို မသိ။ စက်ခုတ် သံလော၊ မိုးသက်မုန်တိုင်း ပြင်းစွာတိုက်ခတ်သံလော၊ ရှိုင်းပုတ်သံ လော၊ အထောင်အသောင်းသော ကျည်ဆံတို့ ပေါက်ကွဲနေသံလော။ မည်သည့်အသံမှန်း သူ ခွဲခြား၍မရ။

သူ့နားများထဲက လေတဟူးဟူး ထွက်နေသည်။ ပိုးကောင်ပေါင်း များစွာတို့ အနီးသွင်ကာ၍ တွန်နေကြသည့်နှယ် နားထဲတွင် တရှီရှီ မြည်နေသည်။

မည်သည့်နေရာသို့ ရောက်နေသနည်း။

သူသည် အားတင်းနိုင်သမျှ ကြိုးစား၍ ဦးနှောက်ကို အလုပ်လုပ်ခိုင်းသည်။ သို့ရာတွင် သူ၏ဦးနှောက်သည် ပုံမှန် အလုပ်မလုပ်တော့။ ကျန်းမာ သန်စွမ်းသူတဦး၏ ဦးနှောက်သည် တခုခုပေါ်တွင် ကျရောက်နေသော အာရုံကို တခြားအရာဝတ္ထုတခုဆီသို့ရောက်အောင် ချက်ကနဲ ပို့ဆောင် ပေးနိုင်စွမ်းရှိ၏။ ရှည်ဝေးသော အတိတ်တွင် ကျက်စားပျော်မွေ့ရာမှ မျက်မှောက် ပစ္စုပ္ပန်ဘဝသို့ ပြောင်းသွားအောင် အာရုံကို စေခိုင်း နိုင်သော အစွမ်းသတ္တိ ရှိ၏။ ပစ္စုပ္ပန်ဘဝမှ အတိတ်ဆီသို့လည်း ချက်ချင်း ပြန်ပြောင်း တွေးတောနိုင်စွမ်းရှိ၏။ ယခု သူ့တွင်မူကား၊ အတိတ်ကို တွေးတောနိုင်စွမ်းလည်းမရှိ၊ မျက်မှောက်ကို တွေးတောနိုင်စွမ်းလည်း မရှိ၊ နေရာဌာနကိုလည်း သိနိုင်စွမ်းမရှိ။



တခုတော့ရှိသည်။ သူ့တကိုယ်လုံး နာကျင်နေမှုကိုတော့ သူသိသည်။ ကိုက်ခဲနေမှုကိုတော့ သိသည်။ အလွန်အမင်း မောပန်းနွမ်းနယ်နေမှု ကိုတော့ သိသည်။ ထို့ထက် သူ ဘာမှ မသိနိုင်။ စဉ်းစား၍မရ။

သည်နေရာ၌ သူ မည်မျှကြာကြာ မေ့မြောနေခဲ့ပြီနည်း။ သူ မေ့မြော လဲကျနေစဉ်အတွင်း၌ လောကနာရီကြီးဟု ဆိုကြသော နေမင်းသည် ဘယ်နှစ်ကြိမ်ထွက်၍ ဘယ်နှစ်ကြိမ် ဝင်ပြီနည်း။ ဤသည်ကို သူမသိ။

သူ့မှတ်ဉာဏ်၌ နေရာ အမှတ်အသား ပျောက်နေသည်။ ကမ္ဘာ မြေကြီး၏ မည်သည့်အစိတ်အပိုင်းတွင် သူရောက်နေသနည်း။ မြောက် ဖက်ခြမ်းလော၊ တောင်ဘက်ခြမ်းလော၊ အရှေ့ဘက်ခြမ်းလော၊ အနောက် ဖက်ခြမ်းလော။ သူမသိ။

သူ့အသိ၌ အချိန်လမ်းကြောင်းပျောက်နေသည်။ မည်သည့်နှစ်နည်း။ မည်သည့်လနည်း။ မည်သည့်ရက်နည်း။ မည်သည့်နာရီ၊ မည်သည့် မိနစ်၊ မည်သည့် စက္ကန့်နည်း။ သူမသိ။

သူ့တကိုယ်လုံး နာကျင်ကိုက်ခဲနေခြင်းကိုတော့ သူသိသည်။ ထို့ ကြောင့် သူသည် မှုန်ဝေလျက်ရှိရာမှ နာကျင်ကိုက်ခဲသောဝေဒနာသို့ သူ့အာရုံကို ကြိုးစား၍ ပို့ဆောင်ပေးသည်။ ဘာကိုမျှ စဉ်းစား၍မရ တော့သည့်အတွက် ခံစားနေရသောဝေဒနာဆီသို့ အာရုံကို ပို့ဆောင် ပေးခြင်းက အနည်းဆုံး စိတ်သက်သာမှုကို ရကောင်း ရလိမ့်ဦးမည်ဟု သူထင်သည်။

ဝိပဿနာကျင့်စဉ်များ၌ ထိလျှင် ထိသည်ဟု သိ၊ သိလျှင် သိသည်ဟု မှတ်။ ဤနည်းဖြင့် ဉာဏ်စဉ်ဆယ်ပါးကို လိုက်ကြသည်ဟု သူကြားဖူး သည်။ အသက်ရှူလျှင် ရှူသည်ဟု မှတ်၊ ထွက်သက်လေကိုထုတ်လျှင် ထုတ်သည်ဟု သိ စသဖြင့် ဝေဒနာကို ဝိပဿနာတင်ကြသည်။ သမထ တရား ပွားများကြသည်။ သို့ဖြင့် သုတမယဉာဏ်၊ ဘာဝနာမယဉာဏ်၊ စိန္တာမယဉာဏ် စသည်တို့ကို ရကြသည်ဟု သူကြားဖူးသည်။

ဝိပဿနာအလုပ်သည် ဖြစ်၊ ပျက် သဘောကို သတိဖြင့် ထိန်း၍ တည့်တည့်ရှုရသော အလုပ်ဖြစ်သည်။ ဤနည်းဖြင့် ဒိဋ္ဌိ၏အဆွေကို ပယ်ခွာရန် ကြိုးစားရသည်ဟု သူဖတ်ဖူးသည်။

ကိုနန္ဒာသည် ဗုဒ္ဓဘာသာမိဘများမှ ပေါက်ဖွားလာသည်မှန်သော်လည်း ဗုဒ္ဓဘာသာမဟုတ်။ သူ့ထက် တုနှိုင်း၍မရအောင် ဉာဏ်ကြီးသော ဂေါတမဗုဒ္ဓ၊ ယေရှုခရစ်၊ မဟာမက် စသည့် ဘုရားအဆူဆူတို့ကို သူ မာန်လျှော့ ရှိခိုးသည်မှန်သော်လည်း ၎င်းတို့၏အဆုံးအမ၌ တည်သူ မဟုတ်။ မည်သည့်ဘာသာတရားကိုမျှ သူ မကိုးကွယ်။

သို့ရာတွင် အရေးကြုံလာတော့ ဗုဒ္ဓ၏ အဆုံးအမသည် သူ့ဦးနှောက်ထဲသို့ အလိုလို ဝင်ရောက်လာ၏။ ဝိပဿနာတရားကို အားထုတ်လိုသော စေတနာကြောင့်မဟုတ်။ သူ့ကိုယ်မှ နာကျင်ကိုက်ခဲနေသော ဝေဒနာကို မေ့ပျောက်ရန် နှလုံးသွင်းကြည့်ခြင်းသာ ဖြစ်သည်။

ကိုနန္ဒာသည် ဗုဒ္ဓ၏ ဝိပဿနာကျင့်စဉ်က ညွှန်ပြသည့်အတိုင်း ပမ္မယ်ကို တည့်တည့်ရှုသည်။

တစစ်စစ် ကိုက်ခဲလျက်ရှိသော ခေါင်းကဝေဒနာကို သတိပြုသည်။ ဤတွင် တကိုယ်လုံးစပ်ဖျဉ်းဖျဉ်းဖြစ်နေသော ဝေဒနာကို ခံစားမိသဖြင့် ထိုဝေဒနာကို အာရုံပြုပြန်သည်။ ထိုသို့ အာရုံပြုခဲ ခါးနှင့်ခြေထောက်မှ ဝေဒနာများက သူ့ကိုလာ၍ တိုက်ခိုက်ကြပြန်သည်။ ထိုအခါ၌ ကိုနန္ဒာသည် ထိုဝေဒနာများဆီသို့ အာရုံပြောင်းပြန်သည်။

သို့ရာတွင် ကြာကြာ အာရုံပြောင်း၍မရ။ သူ၏ ဦးနှောက်သည် ကောင်းစွာ အလုပ်မလုပ်နိုင်တော့။ ခေါင်းက မူးဝေလာသည်။ မှိတ်ထားသော မျက်လုံးများထဲတွင် အစိမ်း၊ အနီ၊ အပြာ၊ အဝါ အရောင်တွေ ရုန်းရင်းဆန်ခတ် ဖြစ်နေကြသည်။

ကိုနန္ဒာသည် နောက်တကြိမ် မေ့မြောသွားသည်။ သူ၏ခေါင်းသည် ဘေးသို့ စောင်းကျသွားသည်။ ဤသို့ဖြင့် ကိုနန္ဒာမေ့မြောသွားသည်မှာ မည်မျှကြာသည်မသိ၊ မည်မျှကြာသည်မသိ။

## [ ၂ ]

နားကို စွင့်ကြည့်သည်။

ပထမတော့ အသံတသံကို ကြားရသည်။ ထိုအသံသည် တိတ်ဆိတ်ခြင်း၏ အသံဖြစ်သည်။ ဗုံးပေါက်ကွဲသံတခုကို ရုတ်တရက် ကြားရသည့်အခါ၌ ထိတ်လန့်တုန်လှုပ်သွားကြရမြဲ ဖြစ်သည်။ သို့ရာတွင် ဗုံးပေါက်ကွဲသံများကို ဆက်တိုက်ကြားလာရသောအခါ၌ကား ထိုအသံများသည် ကြောက်စရာမကောင်းတော့။ မြူးကြွဖွယ်၊ အားတက်ဖွယ်ပင် ဖြစ်သေးသည်။

တိတ်ဆိတ်ခြင်း၏အသံမှာ ပေါက်ကွဲသံနှင့်ဆန့်ကျင်ဘက် ဖြစ်သည်။ တိတ်ဆိတ်ခြင်းသည် စိတ်ကိုကြည်လင်အေးချမ်းစေသည်ဟု ရုတ်တရက် ထင်ရသည်။ သို့ရာတွင် တိတ်ဆိတ်ခြင်း၏ အသံကို ဂရုတစိုက် နားထောင်ကြည့်သည့်အခါတွင်မူ ကြောက်စရာ ကောင်းလာသည်၊ အားငယ်လာသည်၊ သွေးပျက်ချင်လာသည်။

လူသည် မွေးကတည်းက ဩကာသလောကကြီး၏ အသံ၊ သတ္တလူ့လောကကြီး၏ ငိုသံ၊ ရယ်သံ၊ အံကြိတ်သံ၊ တက်ခေါက်သံ၊ မြူးကြွဖွယ်အသံ၊ ညည်းညူသံ၊ ကုန်ထုတ်လုပ်သံ စသည့် အသံပေါင်းစုံနှင့်

ရင်းနှီးကျွမ်းဝင်ခဲ့သည်။ ထို့ကြောင့် ကိုယ့်လူ့အဖွဲ့အစည်းနှင့် အသံ လုံးဝ တိတ်ဆိတ်သွားပြီဆိုလျှင် မည်သို့ရှိမည်နည်း။

အရှေ့တိုင်း၊ ဓုတင် ဆောက်တည်သူ ပုဂ္ဂိုလ်များသည် ညဉ့်ကြီး သန်းခေါင် တိတ်ဆိတ်ငြိမ်သက်သော သုသာန်တစပြင်တွင် သွား၍ ဓုတင်ဆောက်တည်ကြသည်ဟု ကိုနန္ဒာကြားဖူးသည်။ စိတ်ဓာတ်ကြံ့ခိုင် ၏၊ မကြံ့ခိုင်၏ကို စမ်းသပ်သော နည်းလမ်းတခုဟု ကိုနန္ဒာယူဆ၏။

အာကာသသို့ သွားမည့် အာကာသသူရဲကောင်းတို့ သည်လည်း အသံ လုံးဝတိတ်ဆိတ်လျက်ရှိသော အလုံခန်းထဲ၌ ရက်ပေါင်းလပေါင်း များစွာ နေထိုင်၍ စိတ်ဓာတ်ကြံ့ခိုင်မှုရအောင် လေ့ကျင့်ပေးရသည်ဟု ကိုနန္ဒာဖတ်ဖူးသည်။

သို့ ဖတ်ရစဉ်တုန်းက ကိုနန္ဒာ ဤမျှလောက် လေးလေး နက်နက် မယုံကြည်ချင်။ လိုရမယ်ရ စမ်းသပ်ကြခြင်းသာ ဖြစ်လိမ့်မည်ဟု ပေါ့ပေါ့ တန်တန် သဘောထားခဲ့သည်။

ယခုတော့ ကိုနန္ဒာ ယုံချင်လာပြီ။

နဂိုက တိတ်ဆိတ်သံသည် အသည်းထိအောင် ကြောက်စရာကောင်း သည်၊ တုန်လှုပ်စရာ ကောင်းသည်၊ ချောက်ချားဖွယ် ကောင်းသည်။

နားကို စွင့်ကြည့်သည့်အခါ၌ သူ့ ပတ်ဝန်းကျင်တခုလုံး တိတ်ဆိတ် နေသည်။ ဘာသံမျှမကြားရ၊ ထိုတိတ်ဆိတ်သံက ရှည်ကြာလာလေလေ ကြောက်စရာကောင်းလာလေလေ ဖြစ်သည်။

ထို့ကြောင့် ကိုနန္ဒာသည် ဟင်းလင်းပြင်၏ အပြင်သို့ ရောက်နေသူ မဟုတ်။ အချိန်၏ပြင်ပ၌ ကင်းလွတ်နေသူလည်း မဟုတ်။ ဟင်း လင်းပြင်နှင့် အချိန်၏ဘောင်အတွင်း၌ မီတင်းနေထိုင်သူသာ ဖြစ်သည်။ ဟင်းလင်းပြင်နှင့် အချိန်၏အတွင်းတွင် မီတင်းနေသူဖြစ်လျှင် အရာဝတ္ထု ဟူ၍ ရှိရမည်။ အရာဝတ္ထုဟူ၍ရှိလျှင် အသံဟူ၍ ရှိရမည်။ ထိုအသံသည် တိုးချင်လျှင် တိုးမည်၊ ကျယ်လောင် ချင်လျှင် ကျယ် လောင် မည်။ သူမကြားနိုင်သော အသံဖြစ်ချင် ဖြစ်မည်။ အသံလုံးဝမရှိ ဆိုသည်မှာ



ဖြစ်နိုင်ကောင်းသော ကိစ္စမဟုတ်။ အနည်းဆုံး တိတ်ဆိတ်ငြိမ်သက်ခြင်း မှာသော်လျှင် အသံတော့ ရှိရမြဲ။

ယခုပင် တိတ်ဆိတ်ခြင်း၏ အသံကို နားထောင်နေသည် မဟုတ် လော။

ကိုနန္ဒာသည် အင့်ကနဲ ညည်းလိုက်မိသည်။ သူ့အသံကို သူကြား လိုက်ရပြီး နောက်တခါ ညည်းမိပြန်သည်။ ဤတကြိမ်၌လည်း သူ့ ညည်းသံကို သူပြန်ကြားရသည်။ သည်လောက်ဆိုလျှင် သိပ်မဆိုးသေး။

ထို့ကြောင့် သူညည်းသည့်အတွက်သာ သူ့ပတ်ဝန်းကျင်တွင် အသံ ဟူ၍ ရှိနေခြင်းဖြစ်သည်။ သူ ညည်းညူခြင်းမပြုသည့်အခါ၌မူ ပတ်ဝန်း ကျင်သည် တိတ်ဆိတ်မြဲ တိတ်ဆိတ်လျက်သာ ရှိသည်။

ကိုနန္ဒာသည် နောက်ထပ်ညည်းညူခြင်း မပြုတော့။ အသက်ကိုသာ မပြင်းမထန် ရှူနေသည်။

ထိုစဉ်တွင် မည်သည့်အသံဟူ၍ ခွဲခြားမသိနိုင်သော အသံများကို ကြားရသည်။ ထိုအသံများသည် ဝေးဝေးမှလော၊ နီးနီးမှလော ဟူ၍ ကား သူခွဲခြား၍ မရ။ တခါတခါ အနီးကလေးကပါဟု ထင်ရသည်။ တခါတခါ၌လည်း အဝေးကြီးကဟု ထင်ရသည်။ ထိုအသံသည် တသံ တည်းမဟုတ်။ အရာအထောင်များစွာသော အသံများ ဖြစ်သည်။ မြေကြီးပေါ်သို့ မိုးသီးတွေ ကြွေကျသံလိုလို၊ ကျောက်စရစ်များကို ဆုပ်၍ ကြဲနေသံလိုလို၊ မန်ကျည်းစေ့များကို ဖြန့်ကြဲနေသံလိုလို အသံများ ဖြစ်သည်။ တခါတခါမှ မြည်သော အသံမျိုး မဟုတ်။ အဆက်မပြတ် မြည်နေသော အသံများဖြစ်သည်။

ကိုနန္ဒာသည် အမျိုးအမည် ခွဲခြားမရသော ထိုအသံများကို နား ထောင်ရင်း မှိန်းနေသည်။ ဒါသည် မည်သည့်နေရာသို့ ရောက်နေ သနည်း။ ထိုအသံများသည် မည်သည့်အသံများနည်း။ ဤအသံကိုလည်း ကိုနန္ဒာမသိ။

ထိုသို့ စဉ်းစားနေစဉ် နောက်အသံသစ်တမျိုးကို ကြားရပြန်သည်။ ထိုအသံမှာ မိုးမြိန်းသံမျိုး ဖြစ်သည်။ တဝုန်းဝုန်း မြည်နေသည်။ သို့ရာတွင် ဆက်တိုက် မြည်ခြင်းမဟုတ်။ နှေး မှန်မှန်နှင့် မြည်နေခြင်း ဖြစ်သည်။ ပထမ အစဝေးကြီးမှ တရွှဲရွှဲ မြည်လာသံ ကြားရပြီးနောက် တဝုန်းဝုန်း မြည်သံပေါ်လာသည်။ ပျောက်သွားပြန်သည်။ နောက် တရွှဲရွှဲ ဆောင်လာသံ ကြားရပြီးနောက် ဝုန်းကနဲမြည်သံ ပေါ်လာသည်။ ညီညီညာညာ နှေးညည်းချက် မှန်မှန် ပေါ်နေသည်။

ကိုနန္ဒာသည် ထိုအသံတို့ကို နားထောင်ကာ သူ ရောက်ရှိနေရာ အရပ်ကို သူ မြဲစဉ်းစားသည်။ သို့ရာတွင် သူ့ခေါင်းက တစစ်စစ် ကိုက်ခဲနေသည်။ မူးဝေနောက်ကျလျက် ရှိသည်။

ငှက်တကောင် အော်မြည်ပျံသန်းသွားသံကိုလည်း ကြားလိုက်ရသည် ဟု သူထင်သည်။

စင်စစ်မူ လောကသည် လုံးဝတိတ်ဆိတ်နေသည် မဟုတ်။ သူ့ ပတ်ဝန်းကျင်တွင် ကျောက်စရစ်ခဲပြိုသည့်နယ်ရှိသော အသံမိုးချွန်းသည့် နယ်ရှိသော အသံ၊ ငှက်မြည်သံတို့တော့ ရှိနေသေးသည်။ ထို့ကြောင့် ကြိမ်ဖန်မှာ ချွန်းအောက်မြည်ပြီးလာသလို ရှိသည်။ အားထက် လာသလို ရှိသည်။

သူသည် ချမ်းစပြုလာ၏။ တဆတ်ဆတ် တုန်လာ၏။ ချမ်းသဖြင့် ကိုယ်ကို တခေါင်းလုံး၍ ကွေးမည်ပြုသည်။ သို့ရာတွင် သူ့ခန္ဓာကိုယ်သည် ခေါင်း၍လည်း မရ။ တကိုယ်လုံး ဒဏ်ရာတွေကြောင့် တောင့်တင်းနေသည်။ သူ့ ဒူးကလည်း ကွေးမရ။ သွေးတို့ဖြင့် ပေကပ် တင်းချုံးနေသည်။

ခန္ဓာကိုယ်ကို ခေါင်းယုဉ်ပြုစဉ် တစုံတခုကို သူသတိထားလိုက်မိသည်။ ထိုအရာမှာ သူ့ကျောပြင်အောက်က အခင်းဖြစ်သည်။ မြေယာလည်း မဟုတ်၊ မြေကြီးလည်း မဟုတ်။ အစုအထပ်၊ အချွန်အတက်



တွေဖြင့် ပြည့်နှက်လျက်ရှိသည့် ကျောက်ဆောင် ကျောက်ချွန်များပင် ဖြစ်ပေ၏။

ထိုအခါမှ ကိုနန္ဒာ မျက်လုံးဖွင့်ကြည့်သည်။

သူ့ခေါင်းပေါ်တွင် အမိုးမရှိ၊ သူ့ဘေးတွင် အကာမရှိ။

ကြယ်ပွင့်တို့ပြိုးပျက်နေသောကောင်းကင် ဟင်းလင်းပြင်ကြီးကို သူမြင်ရသည်။ အကာအဆီးမရှိ တဟူးဟူးတိုက်ခတ်နေသော လေ၏အဝေ့ကို သူခံစားရသည်။

သူ့ဝမ်းသည် တစုံတခုနှင့်ထိခိုက်သည့်အတွက် ဆတ်ကနဲ တွန့်သွားသည်။ မြွေများကိုက်လိုက်လေသလော။ ကိုနန္ဒာလန့်သွားသည်။ နာကျင်ခြင်းတော့မရှိ။ ယားကျိကျိနှင့် အခံရခက်သည်။ တကြောတော့ သတ္တဝါ တကောင် သူ့ဗိုက်ပေါ်မှ လည်ပင်းပေါ်သို့ တရွရွ တက်လာသည်။ သတ္တဝါ၏ခြေထောက်များက ရှုရှုရွရွ ပေ့ဘယ်တော့။

ကိုနန္ဒာသည် ထိုသတ္တဝါကို လက်ဖြင့်ကောက်ယူလွှင့်ပစ်ရန် ကြံစားကြည့်၏။ သို့ရာတွင် သူ့လက်သည် ဘဝတစ်စုတ်တတ်ကြီးသဖွယ် လေးလံနေသည်။ ကွေးရ၍လည်း မရ၊ မယူ၍လည်းမရ။ မယူလိုက်ရပြီ လက်သည် ကျောက်ဆောင်ပေါ်သို့ ပြန်ကျသွားသည်။

လည်ပင်းပေါ်က သတ္တဝါသည် ငြိမ်သွားသည်။ ကိုနန္ဒာက ထိုသတ္တဝါကို မေးဖြင့် ညှပ်ထားသည်။ ထိုသတ္တဝါ၏အရေပြားက မာကျောကျော၊ လုံးလုံးဝန်းဝန်း၊ ကျောက်ခဲလုံးလိုလို။

နောက် သတ္တဝါတကောင်က ရင်ပတ်ပေါ် တက်လာ ပြန်သည်။ အချို့က ပေါင်ပေါ် ခြေထောက်ပေါ် ဝမ်းဗိုက်ပေါ် တက်လာကြသည်။

ကိုနန္ဒာသည် အားယူ၍ ခေါင်းထောင်ကာ ဝမ်းဗိုက်နှင့် ရင်ပတ်ပေါ်က သတ္တဝါများကိုကြည့်လိုက်သည်။ ကိုယ်ကို လူးလွန့်လိုက်သဖြင့် ဝမ်းဗိုက်နှင့်ရင်ပတ်ပေါ်က သတ္တဝါများသည် ကျောက်ဆောင်ပေါ်သို့ လိမ့်ကျ သွားကြသည်။ ထိုအခါမှ ကိုနန္ဒာ မြင်လိုက်မိသည်။ ပေး

ခြေထောက်တွင် ညှပ်ထားသော သတ္တဝါကိုသည်း လွှတ်ပေးလိုက်သည်။ ထိုသတ္တဝါသည် ကျောက်ခဲလေးတလုံးလို အောက်သို့ လိမ့်ကျသွားသည်။

ခေါင်းကိုစောင်းငဲ့၍ကြည့်လိုက်သောအခါ၌ သူ့အထက်နားကျောက် ဆောင်ပေါ်မှ တရွေ့ရွေ့ လိမ့်ဆင်းလာကြသော၊ ရာထောင်မက များပြား သော ဝင်ကစွပ်ကောင်များကို မြင်ရသည်။ ကျောက်ခဲများကို အဆက် မပြတ် ဖြိုကြနေသည့်နှယ်ရှိသောအသံမှာ ရာထောင်မက များလှသော ဝင်ကစွပ်ကောင်များ၏ အသံပင် ဖြစ်သည်။

'ဝင်ကစွပ် မြင်ရွက်က ကြည့်စမ်းပါ၊ ဖြူ နီ ဝါ ပြာတစုနဲ့၊ ခရု ကျွဲသားဆန်း၊ ကမ်းခြေမှာ ဝတ်လည့်' ဆိုသော ဦးကြင်ဥ၏ ကဗျာ တို လေးတပုဒ်ကို ကိုနန္ဒာသွား၍ အမှတ်ရသည်။ ဦးကြင်ဥက ဝင်ကစွပ် ကို 'ကြည့်စမ်းပါ' ဟု ဆိုခဲ့သော်လည်း ကိုနန္ဒာအဖို့ ဝင်ကစွပ် တို့သည် ကြည့်ရှုမကောင်း၊ ပက်ကျာ ပက်ချက်များဖြင့် မလှပနိုင် မရက်နိုင် ဖြစ်နေသော သူ၏အဖို့ ကြီးမားသော အနှောင့်အယှက်များ ဖြစ်နေ ကြသည်။

ကိုနန္ဒာသည် တပ်မိန့်လှုပ်ရှားနေကြသော ဝင်ကစွပ်များကို ကြည့် ရာမှ ရင်းတိုးဆင်းလာရာ ကျောက်ဆောင်အထက်သို့ မော့်ကြည့်လိုက် သည်။ မှုန်မှိုင်းသော ကြယ်ရောင်တွင် တောင်ကိုးလိုလို၊ တောင်ပို့လိုလို သဏ္ဌာန်တခုကို မြင်ရ၏။ ကိုနန္ဒာသည် ထိုတောင်ပို့သဏ္ဌာန်အောက်သို့ ခေါင်းပြု၍ လဲနေခြင်းဖြစ်သည်ကို ယခုမှ သတိထားမိသည်။

သူ့ခြေရင်းတွင်တော့ တောင်စိုက် တောင်စိုက်ဆိုသော အားမပြုမြင့်ရ၊ မိုး ပြာသောမိုးကောင်းကင်ကြီးကို မြင်ရသည်။ မိုးကောင်းကင်သည် မြေကြီး နှင့် ထိစပ်လျက်ရှိ၏။ သတ္တဝါအသံ၊ အသံမရှိ။

တရှဲရှဲ ဆော်မြည်လာသောသံများနှင့် မိုးချုန်းသံကဲ့သို့ တဝုန်းဝုန်း မြည် နေသောအသံများသည် ထိုမိုးကုတ်စက်ဝိုင်းဆီမှ ထွက်ပေါ် လာခြင်း ဖြစ်သည်။



ကိုနန္ဒာသည် လဲနေရာမှ သူ့ခြေရင်းအောက်သို့ လှမ်းကြည့်ပြန်သည်။ သူလဲကျနေသည့် နေရာသည် ကျောက်ဆောင် အစွန်းတခု ဖြစ်သည်။ ဝေဝေဆာဆာ ကြည့်တော့ မိုးကုတ်စက်ဝိုင်းနှင့် ထိစပ်လျက် ရှိသော အရာသည် မြေပြင်မဟုတ်၊ အပြောကျယ်သော ပင်လယ်သမုဒ္ဒရာကြီး ဖြစ်ကြောင်းကို ကိုနန္ဒာသိလာသည်။

သူ လဲကျရာကျောက်ဆောင်စွန်းနှင့် ပင်လယ်စပ်သည် တော်တော် ဝေးသေးသည်။ ရေစပ်နှုတ်ခမ်း၌ ပင်လယ်ရေသည် ကမ်းနှင့်တော်တော် ဝေးနေပြီ။ တလှိုင်လှိုင်ဆော်မြည်သံသည် လှိုင်းသံများဖြစ်၍ ဝုန်းကနဲ မြည်သံ များမှာ ပင်လယ်ရေလှိုင်းတို့ ကျောက်ဆောင်များကို ရိုက်ခတ်နေသံ ဖြစ်သည်။

သူမည်သည့်နေရာသို့ ရောက်နေသနည်း။ ဘာဖြစ်ခဲ့သနည်း။ သူ့ တယောက်တည်းလော။

ကိုနန္ဒာသည် မျက်စေ့ကိုတချက် မှိတ်လိုက်၏။ ရေငတ်လှပြီ။ ရင်ထဲက ပူလှပြီ။

## [ ၃ ]

ကျောင်းက ကိုနန္ဒာ သည့်မြို့ကိုမသွားချင်။

ဤမြို့ကို သွားရလိမ့်မည်ဟု သူ နည်းနည်းလေးမှမထင်ခဲ့၊ သွားရချိန်တော့ ကြီးနှိုးမြစ်လာသည်။

သူ့ညီမတော်သားအကြီးဆုံး တင်ထွန်းအောင် ယခုနှစ် အခြေခံပညာရေး အထက်တန်းစာမေးပွဲ ကျရှုံးသည်။ တင်ထွန်းအောင် အ-ပ-တ ဖြေသည်မှာ သုံးခါရှိပြီ။ တခါမှ မအောင်ခဲ့။ အထက်တန်းနှင့် အလယ်တန်းများ တုန်းက တင်ထွန်းအောင် ချောချော မောမော အောင်ခဲ့သည်။ ဒီ ကျွမ်းရသည့်တိုင် နှစ်ချင်းပေါက် အောင်ခဲ့သည်ချည်း ဖြစ်သည်။ ဆယ်တန်း ရောက်လာသည့် အခါတွင် တင်ထွန်းအောင် ဖောက်လာသည်။ ဆံပင်ရှည်ထားၿပီး တောင်းဘီ ခင်ကြမ်ခတ်ကာ ဂီတာ တလက်နှင့် လမ်းသလားရ ပြုသည်။ သူ့အဖေနှင့် သူ့ အမေက နည်းနည်းမျှ မကြိုက်။

ကိုနန္ဒာကတော့ မည်သို့မျှမပြောလို။ သူ့ခေတ်နှင့်သူဟု လွယ်လွယ် သဘောထားလိုက်သည်။ အချိန်ကျလျှင်တော့ရပ်သွားလိမ့်မည်ဟု ထင်သည်။ သို့ရာတွင် တင်ထွန်းအောင်က ဤမျှနှင့်မရပ်။ ကျောင်း တက်ချင်မှ



တက်သည်။ စာကျက်ချင်မှ ကျက်သည်။ စာမေးပွဲ နီးလာသည့်တိုင် ဂီတာတလက်နှင့် သီချင်းဆိုမပျက်။ နေ့ရောညရော ဂီတာတလက်နှင့် အချိန်ကုန်၍နေသည်။ ကိုနန္ဒာ နားမလည်သော 'ပေါ့ပ်ဟာရ' များ ကို ပြောကာ သူ့သူငယ်ချင်းတသိုက်နှင့် ဝင်လိုက် ထွက်လိုက် သွားလိုက် လာလိုက်နှင့် အချိန်ဖြုန်းနေသည်။

တင်ထွန်းအောင်တို့သုံးသည့် 'ပေါ့ပ်ဟာရ' များကို ကိုနန္ဒာ နားသည် သည်လည်းရှိသည်။ နားမလည်သည်လည်း ရှိသည်။ ဤသည်ကိုလည်း ကိုနန္ဒာ ဘာမျှမပြောလိုသေး။ သူ့ခေတ်နှင့်သူဟု သဘောထား ကြည့် ဖြုံနေသည်။ သို့ရာတွင် သူတို့ 'ပေါ့ပ်ဟာရ' တလုံးကို ကြားလိုက်ရ သည့်အခါ၌ ကိုနန္ဒာ့ရင်ထဲတွင် ဒိတ်ကနဲ ဖြစ်သွားသည်။ မျက်နှာတွေ ထူပူ၍နီးရှိန်းသွားသည်။ တင်ထွန်းအောင်က သူ့အမေနှင့် သူ့အဖေ မောင် ကိုနန္ဒာရှေ့တွင် သုံးနှုန်းလိုက်သောအခါ ကိုနန္ဒာသည် သူ့အား မျက်နှာကိုပင် မည်သို့ကြည့်ရမည်မသိအောင် အနေရခက်သည်။

ပင်စစ်တော့ တင်ထွန်းအောင်သည် သူတို့'ပေါ့ပ်ဟာရ'ကို သုံးနှုန်း၍ ကိုနန္ဒာတို့ကို စကားပြောခြင်းမဟုတ်။ သူ့သူငယ်ချင်း ခွန်မြင့်ကို လှမ်း ပြောနေလိုက်ခြင်းသာ ဖြစ်သည်။

ခွန်မြင့်မှာ ရှမ်းကုန်သည် လူသိများသော ဝတ်လုံကြီးတဦး၏သား ဖြစ်သည်။ တင်ထွန်းအောင်နှင့် အရွယ်တူ အတန်းတူဖြစ်သည်။

ထိုစဉ်က တင်ထွန်းအောင်နှင့် ခွန်မြင့်သည် ဂီတာချီ ကာဆက်ကို ဖွင့်ကာ စတီရီယို အဆိုကျော် မိန်းခလေးတဦး၏ သီချင်းကို နားထောင် နေကြသည်။ ထိုမိန်းကလေး၏သီချင်းများကို ကိုနန္ဒာ နားထောင်ဖူး သည်။ အနောက်တိုင်းတေးသွားများအတိုင်း ပုံတူကူး၍ထားသော စတီရီယိုသီချင်းများကို ကိုနန္ဒာ သဘောမကျ။ သို့ရာတွင် စည်းချက် သည်။ အသံဆန်းသည်။ အဆိုတော်ခေတ္တက ဆိုပေါက်ဆိုလက် ရတောင်း ထွက်လာသည်။ ထို့ကြောင့် တခါတရံတွင် ကိုနန္ဒာသည်း သူတို့နှင့်

အတူ ရောယောင်နားထောင်လေ့ရှိသည်။ သူမသိသေးသော အဆို ကျော်ဆိုလျှင် သူတို့ကိုပဲ မေးမြန်းကြည့်ရသည်။

ယခုလည်း ကိုနန္ဒာနှင့် သူတို့နှစ်ယောက် ရေဒီယိုတေးသံကို နား ထောင်နေကြသည်။ တင်ထွန်းအောင် အမေသည် ခင်းလှမ်းလှမ်းတွင် မီးမှုတ်ကိုင်နေသည်။

သီချင်းမှာ နာမည်ကျော် မိန်းကလေးအဆိုတော်တယောက်၏ သီချင်းဖြစ်သည်။ ၎င်းအတွင်း တင်ထွန်းအောင်ပါးစပ်ကထွက်လာသော စကားတလုံးကြောင့် ကိုနန္ဒာ မျက်နှာတွေ ထူပူနီမြန်းသွားသည်။

“ဟေ့ကောင် ရဲမြင့်၊ ဒီ ‘စော်’ ရဲ့အသံက သိပ်ညှို့တယ်ကွ”

ကိုနန္ဒာသည် တင်ထွန်းအောင်ကို လှမ်းကြည့်လိုက်သည်။ တင်ထွန်း အောင်၏ မျက်နှာ၌ ပျော်ရွှင်ဆန်းပြားသော အမူအရာမရှိ။ ပကတိ ရိုးသားသောအသွင်ကို ဆောင်နေသည်။

“နင်တို့စကားတွေကလဲကွယ်”

တင်ထွန်းအောင့်အမေသည် ၎င်းမျှပြောကာ နောက်ဖေးသို့ သွား၏။ သူ့မျက်နှာသည် ရှုံ့လျက်ရှိသည်။ ကိုနန္ဒာသည် အမေ၏ အပြုအနေကို အတွေးခဲလိုက်မိသည်။

“ဘာလဲကွ၊ မင်းတို့ စကားတွေက”

ကိုနန္ဒာကလည်း မေးလိုက်သည်။ တင်ထွန်းအောင်က သူ့ဘက်သို့ လှည့်၍ ရယ်သည်။ ထို့နောက် ကိုနန္ဒာကို အထင်သေးသောအကြည့်ဖြင့် ကြည့်သည်။

“ဦးလေးကလဲ တုံးလိုက်တာ။ ဒါမှ နားမလည်ဘူးလား”

ရဲမြင့်ကလည်း ကိုနန္ဒာကို ပြုံး၍ကြည့်သည်။ စင်စစ် သူတို့နှစ်ယောက် နှင့် ကိုနန္ဒာသည် အသက် သိပ်မကွာလှသေး။ သူတို့နှစ်ယောက်က ၂၀ ပတ်ဝန်းကျင်တွင်ရှိ၍ ကိုနန္ဒာက ၃၀ ပတ်ဝန်းကျင်၌ ရှိသေးသည်။



ထိုရာတွင် ဆယ်နှစ်လောက်မျှသာ ကွာခြားသည့်တိုင် သူတို့ နှစ်ယောက်သည် ကိုနန္ဒာကို ခေတ်နောက်ကျသူဟု ထင်နေကြပြီ။ ခေတ်ရေစီးကြောင်းတွင် သောင်တင်ကျန်ရစ်သူဟု ထင်နေကြပြီ။

“ဆိုစမ်းပါဦး၊ မင်းတို့စကားလုံး အဓိပ္ပာယ်ကို”

“‘စော်’ ဆိုတာ မိန်းကလေးကိုပြောတာ ဦးလေးရ”

ရဲမြင့်က ဖြေသည်။

“ဟော၊ ‘စော်’ဆိုတာ မိန်းကလေး”

ကိုနန္ဒာသည် မျက်မှန်ကိုပင့်ကာ ပါးစပ်ဟောင်းလောင်းနှင့် ဖြစ်နေ သည်။ ၎င်းစကားလုံးကို အခန့်မသင့် အစေ့ရှေ့မရှောင် သူတို့ပါးစပ်က ပျက်ပျက်စီးစီးထွက်နေသည်မှာ သူတို့အဓိပ္ပာယ်နှင့်သူတို့တော့ မှန်နေ သည်။ မထွက်ရဲစရာ ဘာမှမရှိ။

ထိုရာတွင် ကိုနန္ဒာအဖို့တော့ ၎င်းစကားလုံးသည် ပါးစပ်မှ ထွက်ရဲ စရာမရှိသော စကားလုံးဖြစ်သည်။ ကိုနန္ဒာတို့ခေတ်က ‘စော်’ဟူသော စကားလုံးသည် မိန်းမတို့၏ မသန့်မရှင်းကို ခေါ်ခြင်း ဖြစ်သည်။ ယခု တင်ထွန်းအောင်တို့ခေတ်ကျတော့ ‘စော်’ ဆိုသောဝေါဟာရသည် ထိုသို့ အဓိပ္ပာယ်မထွက်တော့၊ ‘မိန်းကလေး’ ဟူသော သာမန်အနက်မျှသာ ထွက်တော့သည်။ ဆယ်နှစ်လောက်အတွင်း ဝေါဟာရတလုံး၏အနက် သည် ၎င်းမျှ ပြောင်းသွားရသလောဟု ကိုနန္ဒာ ထုံသြရသည်။

တင်ထွန်းအောင်နှင့် ရဲမြင့်သည် မျက်လုံးအပြူးသား၊ ပါးစပ် အဟောင်းသား ဖြစ်နေသော ကိုနန္ဒာကို ကြည့်၍ ရယ်လိုက်ကြသည်။

“ဘာဖြစ်လို့လဲ ဦးလေးရ”

ကိုနန္ဒာက တံတွေးကို မြိုချကာ

“ဘာမှမဖြစ်ပါဘူးကွာ၊ ဘာမှမဖြစ်ပါဘူး။ မသိလို့ မေးကြည့်တာ ပါ”

# [၄]

တင်ထွန်းအောင်နှင့် ခင်မြင့်တို့အုပ်စုကို ခြင်းလိုက်ကတည်းက ကိုနန္ဒ
အကဲခတ်မိသည်။

သူတို့အပေါင်းအသင်းများမှာ များသောအားဖြင့် အရာရှိကြီးများ၏
သားသမီးများ ဖြစ်ကြသည်။ တင်ထွန်းအောင်၏အဖေ ဦးလှမြင့်သည်
အစိုးရစက်မှုလုပ်ငန်းဌာနကြီးတခုတွင် အင်ဂျင်နီယာကြီးတဦး ဖြစ်သည်။
မြို့သစ်တခုတွင် အစိုးရထံမှဝယ်သော ကိုယ်ပိုင်တိုက်၊ အစိုးရကထုတ်ပေး
သော ဖယ်မင်ဂိုကား။ ရေဒီယို၊ ကက်ဆက် စသည့် ခေတ်ပေါ်
အသုံးအဆောင် အကုန်ရှိသည်။ တင်ထွန်းအောင်၏ အပေါင်းအသင်း
များမှာလည်း လခကောင်းကောင်းစား အရာရှိကြီးများ၏ သားသမီးများ
သာ ဖြစ်ကြသည်။

သူတို့မှာ စား ဝတ် နေရေး မပူရ။ တက်ထွန်းနှင့်အမျှ နိုင်လှ
ပျော်ရွှင်၊ တက်သရက်ကောင်းပဲ ထည့်လဲဝတ်နိုင်သည်။ မော်တော်ကား
ဖြင့် ကျောင်းတက်နိုင်သည်။ အိမ်တွင် ကက်ဆက်၊ တိတ်ရီကော်ဒါ
စသည့် အသုံးအဆောင်များ အစုံရှိသည်။ အကောင်းဆုံး ကျောင်းများ
တွင်နေကာ အမြင့်ဆုံး နာမည်အကြီးဆုံး အလွတ်ပညာသင်ကျောင်း
များတွင် နေနိုင်သည်။



ထိုအုပ်စုတွင် ပညာကို သူတို့ ကောင်းကောင်းမသင်ကြ။ ဂျိမ်းဘွန်း
ရုပ်ရှင်များကို သုံးလေးခါ ပြန်ကြည့်ကြသည်။ ရုပ်ရှင်ထဲက ဂျိမ်းဘွန်း
မင်းသား ရှောင်ကွန်နရီလို ပုံတွဲ့ကြသည်။ နေ့ခင်းမရှောင် လူတကာ့
အိမ်မှာလှည်းရင်းသွားတာ ဂီတာတီးပြီး ကာလသားဆိုတောင်းတိုက်၏ အသံ
များဖြင့် သီချင်းဆိုကြသည်။ တခါတရံ အုပ်စုဖွဲ့၍ ရိုက်ကြသည်။ ရည်းစား
ထည့်လဲ ထားကြသည်။ နယ်တိုးမှုနှင့်တော့ ငွေကြေးကိစ္စ မတွေ့သေး။

သူတို့ ကျောင်းသားအဝနှင့် ကိုနန္ဒကျောင်းသားအဝမှာ မိုးနှင့်
မြေလို ကွာသည်။

ကိုနန္ဒတို့တွင် မောင်နှမလေးယောက် ရှိသည်။ အဖေတော့ မရှိ
တော့။ အမေကြီးဆုံးက တင်ထွန်းအောင်၏အမေ ဒေါ်တင်တင်လှ၊
ဒေါ်တင်တင်လှက သူ့ထက် ၁၀ နှစ်လောက်ကြီးသည် ထင်သည်။
၁၉၅၀-၅၁ ခုနှစ်လောက်တွင် ရန်ကုန်တက္ကသိုလ်သို့ ရောက်သည်။
ထိုနှစ်တွင် မလှသည် ပညာအကျိုးမပေး ဥပဒေတန်းတွင် နှစ်ခါကျပြီး
ကျောင်းထွက်လိုက်ရသည်။ ထိုအတောအတွင်း အမေဆုံး၍ သိမ်ကြီး
ဈေးထဲတွင် အမေ့နှင့်အတူ အထည်ဆိုင်ကလေးတဆိုင်ဖွင့်ပြီး အိမ်ဝတ္တ
ရားဝန်ကို ထမ်းရသည်။ ထိုစဉ်က ကိုနန္ဒမှာ ၁၃-၄ နှစ်သားသာ
ရှိသေးသည်။ အတန်းက သတ္တမတန်း။ တင်တင်လှအောက် တင်တင်မြ
မက်ထရစ်။ တင်တင်မြအောက် ထွန်းမြင့်က ရှစ်တန်း။

မလှသည် အမေနှင့်အတူ သိမ်ကြီးဈေးတွင် အထည်ရောင်းရင်း
သူ့ထက်ငယ်သူတွေကို ပညာသင်ပေးခဲ့သည်။ သည်အတောအတွင်း
ဒေါ်ဒေါ မမာတော့ မေမေက သူ့သမီးကြီးအတွက် စိတ်အေးရအောင်
ဆိုပြီး ကိုလှမြင့်နှင့် အိမ်ထောင်ချခဲ့သည်။ ကိုလှမြင့်က ဘီ-အီး-စီ
အင်ဂျင်နီယာအောင်၍ ခရိုင်မြို့တမြို့တွင် လခစားဝန်ထမ်း လုပ်နေသည်။
မလှ အိမ်ထောင်မကျမီ လုံးပါးပါးနေသော သိမ်ကြီးဈေးက အထည်
ဆိုင်သည် မလှအိမ်ထောင်ကျသောအခါ လုံးဝပြုတ်သွားသည်။ မလှ
သူ့ယောက်ျားနောက်လိုက်သောအခါ ရန်ကုန်တွင် ကိုနန္ဒတို့သားအမိ

လေးယောက်သာ ကျန်ရစ်ခဲ့သည်။ ကိုထွန်းမြင့်က ပညာရေးကောလိပ်မှ ကျောင်းမှထွက်၍ အောက်တန်းစာရေး ဝင်လုပ်ရသည်။ မေမေသည် တစ်ဖက်က မှီခိုစရာကလေးကို ထုပ်ပေါ်နဲ့စောင်းရင်း သူတို့မောင်နှမကို ကျောင်းထားပြီး ကိုထွန်းမြင့်၏လစာ၊ စေ့စေ့ပေါင်း လခကလေးဖြင့် အိမ်စရိတ်ကို ဖေဖေရသည်။ တခါတရံ မေမေက တရားမျိုး နှစ်ရာမျိုး ရှိသည်။ ရွှေ မရှိနိုင်လျှင်လည်း ငွေ၊ ဆင်းရဲသည့်ကြားကို ရှိပေးတတ်သည်။

မေမေသည် သူ မျက်စိနှစ်လုံး မှိတ်မသွားခင် သူ့သားသမီးတွေကို အခြေတကျ ဖြစ်စေချင်သည်။ ပွဲတွေ ရာထူးတွေနှင့် ဖြစ်စေချင်သည်။ ကြက်သားအုပ်မကြီးထိန်းသလို သားသမီးတွေကို ထိန်းသည်။ ထို့ရာတွင် မေမေ့ဆန္ဒ ကောင်းကောင်းမပြည့်။ အမလတ်မ တင်တင်မြို့ ဘီအေ အောင်သည့်နှစ်တွင် မေမေဆုံးသည်။ မေမေဆုံးပြီး နောက်တနှစ်တွင် တင်တင်မြို့လည်း တက္ကသိုလ်မှ ဆရာတည်းနှင့် လက်ထပ်သည်။ ကိုထွန်းမြင့်လည်း နောက် နှစ်နှစ်လောက်တွင် သက်ကြီးတက္ကသိုလ် တက်ရင်း ဘီအေအောင်ကာ သူတို့ရုံး စာရေးမတယောက်နှင့် လက်ထပ်သည်။

ခက်သည့်က ကိုနန္ဒာ။

မေမေဆုံးတော့ ကိုနန္ဒာ မက်ထရစ်တွင် ရောက်နေသည်။ မေမေဆုံးခြင်းသည် ကိုနန္ဒာတို့မိသားစုအဖို့ အကြီးမားဆုံးသော ထိုးနှက်ချက် ဖြစ်သည်။ အမလတ် တင်တင်မြို့ကို ဘီအေ အောင်သည်အထိ ကိုထွန်းမြင့်က ဆက်၍ ထောက်ပံ့ရသည်။ ထို့ရာတွင် သူ ဘီအေအောင်၍ အလုပ်ရသည့်အခါကျတော့ သက်ကြီးတက္ကသိုလ်တွင် ပညာတစ်ဖက်နှင့်အလုပ်တဖက်ဖြင့် နပန်းလုံးနေရသည့် ကိုထွန်းမြင့်ကို ထောက်ပံ့ဖို့ ဝေးရော့။ ယောက်ျားယူကာ ယောက်ျားနောက် တကောက်ကောက်ပါအောင် လိုက်သွားသည်။

ကိုထွန်းမြင့် သဘောက မည်သို့ရှိမည် ကိုနန္ဒာမသိ။ ထို့ရာတွင် ကိုနန္ဒာကမူ အမလတ် တင်တင်မြို့သည် တကိုယ်ကောင်း ဆန်သည်ဟု ထင်သည်။ ကိုတ်၍ စိတ်နာသည်။ စိတ်လိုလက်ရ တနှစ်တခါ ကိုနန္ဒာ



အတွက် အင်္ကျီလေးလုံချည်ကလေး တထည်စ၊ တက်ထွန်းအစ်ကိုစလေး တ၊ လောက်တော့ ဝယ်ပေးတတ်သည်။ ထို့ရာတွင် ကိုနန္ဒာလက်မခံ။ ပေါ့။ 'ကိုသေးဝတ်' ဟုဆိုကာ ကိုထွန်းမြင့်ကို ပေးလိုက်သည်။ သူကတော့ ဖြစ်သလို ဝတ်သည်၊ ဖြစ်သလို စားသည်။

ကိုထွန်းမြင့်၏ စိတ်ကူးမှာ ကိုနန္ဒာကို ပွဲရအောင် သင်စေမည်။ ကိုနန္ဒာ ပွဲရလျှင် သူလည်း ဖိုးအိမ်နှင့် အတည်တကျ နေတော့မည်။ ကိုနန္ဒာသည် မက်ထရစ်ကို နှစ်ခွင်းပေါက် အောင်ခဲ့သော်လည်း ယူနီဗာစီတီကြောင့် ဆိုပွဲ ပထမနှစ်တွင် သုံးနှစ်ဆက်ကျသည်။ ဆက်ကျ၍ကျသောအခါ ကိုထွန်းမြင့်လည်း သူ့မိန်းမကို ရှက်ရသည်။ သူ့မိန်းမကလည်း လက်ထပ်ရန် ပူဆာသည်။

ကိုနန္ဒာသည် သူ့အကို ကိုထွန်းမြင့်ကို အားနာသည်။ သူလည်း အလုပ်လုပ်ကိုင်၍ ပညာလိုက်၍ သိမ်နှင့် ထိမ်နှင့် အခြေတကျ နေလိုင်တော့မည်။ ထို့ကြောင့် သူ့အတွက် အာမှဉ့်ကွက်ရမည်။ လွှက်လွှတ်လပ်လပ် ဆုံးဖြတ်ရန် တိုက်တွန်းသည်။

ထို့ရာတွင် သူတို့ မိသားစု ဖျော်ရိ ဖြစ်သွားရသည့် ဘဝကိုတော့ ကိုနန္ဒာ ဝမ်းနည်းသည်၊ နာကျည်းသည်။ ဖေဖေကိုလော၊ မေမေကိုလော မနည်းကိုမှ သူမသိ။ ထိုအကြောင်းကို စဉ်းစားလိုက်တိုင်း သူ့မျက်စိထဲတွင် အမလတ် တင်တင်မြို့၏မျက်နှာကို ကွက်ကနဲ မြင်ယောင်လာသည်။ သူတို့သွားသည့်အတွက် ဖြစ်ရသည်ဟု အမလတ် တင်တင်မြို့ကိုသာ အသနာသည်။

ကိုနန္ဒာ အသဲနာသည်ဆိုလျှင်လည်း နာလိုက်သည်။ သူတို့ မောင်နှမထဲတွင် အကြီးမားဆုံးမှာ တင်တင်မြို့တို့အတွဲဖြစ်သည်။ ခင်ကြီး တင်တင်လှတို့မှာ ဝင်ငွေရှိ၍ သူ့ယောက်ျား၏ ဝင်ငွေသာ ရှိသည်။ လောလောတွေကလည်း များသည်။ တင်တင်မြို့တို့မှာ နှစ်ဦးလုံး ဝင်ငွေရှိကြသည်။ ယခုဆိုလျှင် တင်တင်မြို့မှာ ကောလိပ်တခုတွင် ကထိက။ အမေရိကန်တို့၊ အင်္ဂလန်တို့ကလည်း ပြန်လာပြီး သူ့ယောက်ျားကလည်း

အမှုည့်ကိုမြင်တတ်သူ ဖြစ်သည်။ ခေတ်တိုင်း ခေတ်တိုင်းတွင် အာဏာရှာသူတို့နှင့် တည့်အောင်မပေါင်းတတ်သည်။ 'ဟိုကောင်တို့ ဟိုတကဲ့နှင့်လော့၊ သည်ကောင်တို့ သည်တကဲ့နှင့်လော့' ဟု သူ့ယောကျ်ားက ပြောခါ ပေါတတ်သည်။

ဝါသီဒါနှင့်ဆိုက သူ့ ယောကျ်ားသည် တက္ကသိုလ် အဆောင်တဆောင်တွင် အဆောင်မှူးလုပ်သည်။ ကျောင်းတွင် ဆရာလုပ်သည်။ ရှိရာတွင် ကျောင်းဆရာလေးဖြစ်သည်မှာ သူ့အတွက် အလေးအလက်ခံရသည့်အိုးသာသာမှုသာဖြစ်သည်။ သူ့ထမင်းစားလုပ်မှာ အာဏာရှာသူများနှင့် ပေါင်းကာ ကျောင်းဆောင်များကို ထမင်းစားခုံမှုးသို့ ထင်၊ အသော၊ ဟင်းသီး ဟင်းရွက် စသည်တို့ ကန်ထရိုက်သွင်းခြင်းဖြစ်သည်။ ထို့နောက်တွင် လူနှင့် တပ်တွေများ၊ အရည်အချင်းတွေများ မလျော်မှုနိုင်ခေသာသော ဆရာကြီးကြီးတချက်ကို ရသွားသည်။ ယခုတော့ ဝါရင့်နိုင်သာရွှင် ကိုယ့်ဝန်း ကိုယ်ဖြ ကိုယ်ပိုင်ကား (အစိုးရကားတော သင်သသ်ရှိသေးသည်။) တစင်းတိုက်ကိုသြင်း ရန်ကုန်အထက်တန်းလွှာတွင် အနေတကြီး မှုကြိုသာကယောက် ဖြစ်နေပြီ။

ဤမျှ ကြီးသောရာထူးကို မည်သို့ရသွားသည်ဟုတော့ ကိုနေ့မှာ မသိ။ 'သည်ကောင့် သည်တကဲ့နှင့်လော့' သည့် နည်းပင် ဖြစ်လိမ့်မည်ဟု ကိုနေ့မှာ ထင်သည်။

သူ့အကို ကိုထွန်းမြင့်တို့ လင်မယားက ကျောက်မြောင်းတွင် အခန်းကလေးတခန်း ငှားနေသည်။ ကလေးတွေကလည်း လေးငါးယောက်။ ကိုထွန်းမြင့်က မှုံဆွင်း၊ သူ့မိန်းမက အထက်တန်းစာရေး။

ဤတွင် ကိုနေ့မှာ နေရေးထိုင်ရေး ပြဿနာ ပေါ်လာသည်။

ဆိုပ္ပူတီသနှစ်တွင် ကိုနေ့မှာ ကျသည်မှာ သုံးခါရှိပြီ။ သူ့အကို ကိုထွန်းမြင့်သည် ကိုနေ့မှာ နှစ်ခါကျသည်အထိ တတ်နိုင်သမျှကလေးနှင့် ကျောင်းထားပေးသည်။ အမကြီး တင်တင်လှကလည်း ထောက်ပံ့သည်။ အမလတ် တင်တင်မြကတော့ မပေးလာဝေ။



ယခုအခါကျလာတော့ ကိုထွန်းမြင့် မတတ်နိုင်တော့။ ကိုနေ့မှာအတွက်ကလည်း သူ့အကိုကို ငဲ့ညှာရမည်၊ အလိုက်သိရမည်။ သူ့အတွက် သူ့အပေါ်တွင် တာဝန်မထားချင်။ သူ့အသက်ကလည်း ဆိုက်ရှိသည့် တင်လာပြီ။ အသက်အစိတ်လောက် ရောက်သည်အထိ သူ့အပေါ်ကို မှီခိုနေရသည်ဆိုလျှင် အမှီခိုခံရသူကလည်း (မည်မျှကောင်းသည်ဆိုစေ) မျက်နှာညိုချင်သည်။ မှီခိုရသူကလည်း မကောင်း၊ မျက်နှာငယ်ရသည်။ ယခုအထဲတွင် ကိုထွန်းမြင့်ကလည်း ချောင်ချောင်လည်လည် ရှိလှသူ မဟုတ်။ သူ့မိန်းမကိုလည်း အားနာရသေးသည်။

ထိုဖြစ်လျှင် ကိုနေ့မှာ ဘယ်သွားမည်နည်း။

ကိုနေ့မှာသည် တသက်တွင် ပထမဆုံးအကြိမ် သူ့ဘဝလမ်းကို သူ ရွေးရတော့မည်။ မည်သူ့ကိုမျှ အားကိုး၍ မရပြီ။

အမကြီး တင်တင်လှတို့ ရန်ကုန်သို့ရောက်သည် မှန်သည်။ ထိုရာတွင် လူတိုင်းမှာ သားတွေ သမီးတွေ တပုံကြီး။ သို့ဖြင့် ယောက်ဖထံ မှီခိုနေရသည် အဖြစ်မျိုးကိုလည်း ကိုနေ့မှာ မုန်းသည်။ အမလတ် တင်တင်မြကိုကိုမူ ငဲ့ညှာစရာပင် မလိုတော့။ တခါက စာမေးပွဲအတွက် အလွန်အရေးတကြီး အသုံးလို၍ အကို ကိုထွန်းမြင့်၏ ထောက်ခံချက်ဖြင့် ငွေသွားချေးရာ၌ တောင်းရသည်။ တောင်းသည် ဆိုသော်လည်း တကယ်က ချေး၍ ရသည်ပင်သော ဖြစ်သည်။ ထိုရာတွင် တင်တင်မြက ချည်းပဲ ခေါ်ကာ ညည်းကာ ငွေအစိတ်ကို ထုတ်ပေးသည်။ ပြန်ဆပ်ရမည်၊ ဤမျှသာ တတ်နိုင်သည်ဟု ဆိုကာ မတတ်သာ၍ ရှုံ့ကြိုရသည့်သဘောမျိုး ပြောလိုက်သည်။ စင်စစ် တင်တင်မြသည် ငွေအစိတ်လောက်တော့ ဆုံးလို့လည်း ဆုံးစေ၊ ကိုယ့်လိုက်ဆံနှင့်ကိုယ်တော့ အမှုန်းမခံပြီ ဆိုသည့် သဘောမျိုး ရှုံ့ကြိုလိုက်ခြင်းသာ ဖြစ်သည်။ ဤသည်ကို ကိုနေ့မှာကလည်း ရိပ်မိသည်။ ထို့ကြောင့် သူပေးသော ငွေအစိတ်ကိုလည်း မယူ၊ တင်တင်မြနှင့်လည်း ထိုအကြောင်းက အဆက်ပြတ်ပြီ။

" သည့်ဝတ်တည်းက ကိုနွှာ ဝေဘာကိုနွှာကျည်း။ မြသည်၊ မောင် နှမ သားချင်းဆိုသည့်မှာလည်း အလကားဟု ထင်သာသည်။ မောင် နှမ သားချင်း ချစ်ကြ ခင်ကြသည်ဆိုသည့်မှာ မိဘအုပ်ထိန်းမှုအောက် တွင် ရှိသည့်အရွယ်၊ လူရေးလူရာကို မသိသေးသည့်အရွယ်၊ အငြိမ် ကင်းတုန်း အမျိုးသားဆုံးအရွယ်တွင်တော့ ဟုတ်ကောင်း ဟုတ်မည်။ သို့ရာတွင် အရွယ်ရောက်၍ ကိုယ့်အိုး ကိုယ့်အိမ်နှင့် ဖြစ်လာကြပြီဆိုတော့ တယ်သူ့ တယ်သူမှ ထောက်ထားကြတော့သည် မဟုတ်။ ကိုယ့်ဘို ကိုယ်သာ ကြည့်ကြသည်ဟု ကိုနွှာ တောက်ချက်ခဲ့လိုက်သည်။

ကိုနွှာ မည်သူ့ကိုမှ အားမကိုးချင်။ ထို့ကြောင့် အလုပ်သမား မှတ်ပုံတင်ရုံးသို့ ပြေး၍ တန်းစီသည်။ သို့ရာတွင် အားမရှိလှ။ သူ့ရှေ့တွင် စိန္တာသွဲ့ရ၊ သိပ္ပံသွဲ့ရတွေ တပုံကြီးရှိသည်။ သူတို့ သိပ္ပံဒုတိယနှစ် နှစ်ပါ… တယောက်အနို နေရာမရှိ။

အကို ကိုထွန်းမြင့်အိမ်ကိုလည်း သိပ်မပြန်ချင်။ သွားရမည့် နေရာလည်း မရှိ။ ရန်ကုန်ရှိသေါတွင် ကျွန်းကြောင်းချည်း လျှောက်နေရသည်။ သည်တုန်းမှာ ရုံးကြီးကျောင်းတကျောင်းတွင် ကပ်နေသော သူ… တန်းတူ သူငယ်ချင်းတယောက်ကို သွားတွေ့သည်။ မက်ထရစ်တုန်းက… တန်းတူဖြစ်ခဲ့သော်လည်း သူက ယခု ဝိဇ္ဇာတတိယနှစ် ရောက်နေပြီ။

ကိုနွှာသည် သူငယ်ချင်းနှင့် ရုံးကြီးကျောင်းသို့ လိုက်နေသည်… စားရေးသောက်ရေး မပူပန်ရ။ ထွမ်းကျွန်တော့ စားရသည်။ အိပ်စရာ… ကလည်း ကိုနွှာလိုလူ ဆယ်ယောက်လောက် လာအိပ်သည့်တိုင် နေရာ… လွတ်တွေ တပုံကြီး ရှိသေးသည်။

ကိုနွှာသည် သူ့အကိုကိုတော့ ရုံးကြီးကျောင်းမှာ နေသည်ဟု… မပြော။ သူငယ်ချင်းတွေ့ရှာနေသည့် တော်ဘါပြီမိတ်အိမ်တွင် နေသည်… ဟု လိမ်ပြောထားသည်။ ကိုထွန်းမြင့်သည် ထိုအခြေကို ကျေနပ်၍လော… သို့တည်းမဟုတ် တခုခုမယုံနိုင်သည့်အတွက် မသိလိုက် မသိတော… နေခြင်းက ကောင်းသည်ထင်၍လော မပြောတတ်။ ဆိတ်ဆိတ်နေသည်။



စားရေးနှင့် နေရေးထိုင်ရေးအတွက်က မပူရသည်မှာ၊ မှန်သည်။ သို့ရာတွင် ကိုနွှာတွင် လက်ဖက်ရည်ဖိုးကလေးမှ မရှိ၊ ဆေးလိပ်ဖိုး ကလေးမှ မရှိ၊ ဘုတ်စ္စအနဲး ဘတ်စကားခကလေးမှပင် မရှိ။ မြို့ထဲသို့သွားလိုလျှင် ခြေလျင် လျှောက်ရသည်။ သည်အထဲတွင် အကိုတွေ မမတွေ အထင်သေးသည်ကို မခံချင်သဖြင့် တက္ကသိုလ်က ဘွဲ့ကလေး ကရှုရအောင်လည်း ကြိုးစားချင်သေးသည်။ သို့ရာတွင် ကျောင်းစရိတ် မရှိ၊ စာအုပ်ဖိုး မရှိ။

တနေ့သော် နိုင်ငံခြားပိုင်ပြား ပလက်ဖောင်းတွင် စာအုပ်ရောင်းနေသော လူငယ်ချင်းတယောက်နှင့် သွားတွေ့သည်။ သူက ကိုနွှာကို သူနှင့် အတူလာ၍ စာအုပ်ရောင်းဘို့ ခေါ်သည်။ ကိုနွှာသည်လည်း၊ စာအုပ် ရောင်းကလေးတခု ရှိသည်။ နှစ်ယောက် ပေါင်းလိုက်သောအခါ အင်္ဂလိပ်စာအုပ်၊ မြန်မာစာအုပ် တော်တော်ကလေးစုံသည်။ ရှားရှား ပါးပါး စာအုပ်မျိုးဆိုလျှင် ဈေးတင်ရောင်းသည်။ ရသည့်ငွေကလေးဖြင့် ရှားရှားပါးပါး စာအုပ်များကို လိုက်ဝယ်သည်။ ပြန်ရောင်းသောအခါ တချို့စာအုပ်ကို အမြတ်များ ခံ့ဆယ်မျိုးရသည်။ မှန်မှ တယောက်လျှင် တနေ့ကို တဆယ်ဒီးပါးလောက် စီသည်။

ခင်ဝင် သူ့နာမည်ရင်းက ကိုနွှာမဟုတ်။ မိုးထွန်း ဖြစ်သည်။ ကိုနွှာ ဆိုသည်မှာ သူ့ကလောင်နာမည် ဖြစ်သည်။ ကလောင်နာမည်ဆိုသည့် အတိုင်း ကြီးကြီးကျယ်ကျယ် ထင်ရှားသည့် ကလောင်နာမည်မဟုတ်။ သူ့ သူငယ်ချင်းတွေ ရိုက်ထုတ်သော ကဗျာစာအုပ်ကလေးတအုပ်တွင် ကိုနွှာ ကဗျာရေးသည်။ မောင်နွှာဟူသော ကလောင်အမည်ကို တည့်ထိုက် သည်။ ထိုအခါမှစ၍ ကိုနွှာဟူသော အမည်ကို သူကလည်း နှစ်နှစ် ခြိုက်ခြိုက် ခံယူသည်။ သူ့ သူငယ်ချင်းတွေကလည်း ထိုနာမည်ဖြင့်ပင် သူ့ကို ခေါ်သည်။ အစက 'ကဗျာဆရာ ကိုနွှာ' ဟု အပြောင်အပြက် ခေါ်ကြခြင်း ဖြစ်သည်။ ကဗျာဆရာ ဆိုတော့လည်း သူ စိတ်မလုံ။

ကျွားတွေနေရာ၌ မှုတ်ဆင်းများသို့ ဦးသော်သည်။ သူ့ကျွားများမှာ တစ်ခါမှ ပွဲနိုင်ဖူးခြင်း မဖြစ်လာကြသေး။

ထိုအခါတွင် ကိုနန္ဒာ စိတ်ပျက်၏။ သူ စဉ်းသည်က 'ကောင်းမှု'ဟု တချို့က ခေါ်ကြသော 'စစ်တေကျွား'၊ ဆည်ကျွားမျိုးကို ဘယ်မှုတ်ဆင်းကမှ ထည့်မည်မဟုတ်ဟု သူသိပြီး ဖြစ်သည်။ ကိုနန္ဒာသည် ဘယ်မှုတ်ဆင်းကမှ မထည့်သော ကျွားများကို အလေ့အကျင့်တစ်ခုတွင် ရေးကာ သူ့မိတ်ဆွေ သူငယ်ချင်းများကို ပြသသည်။ တစ်ခါတစ်ရံ သူ့ကျွားကို ထည့်ပါမည့်အကြောင်း လက်ခံကြည့်ပင် တိုက်တိုက် ရ သေးသည်။ ထို့ကြောင့် 'လက်ခံကြည့်သော ကျွားချင်လျှင် ကိုနန္ဒာကျွားကို သွားစေ'ဟု သူငယ်ချင်းများက ပြောစမှတ်ပြုကြသည်။

ကိုနန္ဒာသည် ကျွားရေးလိုက် စာအုပ်ရောင်းလိုက် လုပ်နေသော်လည်း စာပေလောကကို မြေခြမ်း ခြေသည်။ သတ္တဗေဒ အဓိက ယူထားပြီးဖြစ်၍ ရေနံစက်တစ်ခုတွင် အလုပ်ဝင်ချင်သည်။ ဝင်မည်၊ မဝင်တော့သည်၊ စိတ်ရှုပ်နေတော့ မှိုင်ချသည်။ အနည်းဆုံး သူ့အမေတစ် ထင်တင်ရှိမှ အထင်ကြီးသည့်ကို မခံချင်၊ နဂါးမှန်း သိစေသာ အမေတာက် တောင် ပြုချင်သေးသည်။

ကံကောင်းသည်ဟု ဆိုရမည်ဖြစ်သော မသိ၊ ကိုနန္ဒာသည် သတ္တဗေဒ ဌာနတစ်ခုနှင့် ရေတူးစက်ကို နှစ်ချင်းပေါက် ထောင်သွားသည်။ သတ္တဗေဒနှင့် ဘောင်ဝင် ဆိုတော့လည်း အလုပ်အကိုင် ရှာရမည်။ ထောင်လက်မှတ်ကလေးကိုင်ကာ အလုပ်သမားမှတ်ပုံတင်ရုံးသို့ ပြေးရပြီသည်။ ထိုပုံတတိယနှစ် နှစ်ခါကျ ဘဝတုန်းကလည်း သည်နေရာသို့ ရောက်ခဲ့ဘူးပြီ။ သို့ရာတွင် ထိုစဉ်က ကိုယ့်အတွက် မဟုတ်၊ ယခု ကိုယ်လက်ထဲ၌ လက်မှတ်ကလေး တစ်ခုခေါင်တော့ ပြီ။

သူ့ ဘာသာတွဲမှာ သတ္တဗေဒ အဓိက ဖြစ်သည်။ သတ္တဗေဒကို သင်ခဲ့ရသည်။ ငါး မျိုးခွဲပညာ သင်ခဲ့ရသည်။ ဆေးထိုး သားကောင် လှုပ်နည်းကို လက်တွေ့လုပ်ခဲ့ရသည်။ ဒေါ်ကာတနှင့် မနှုလေး ဗုဒ္ဓိပြီး



...တွင် အနီးရ ငါးမွေးမြူရေးဌာနများ ရှိသည်။ အနည်းဆုံး ထိုဌာန ...၌ အလုပ်ရနိုင်မည်ဟု သူမျှော်လင့်သည်။

ထိုအခါတွင် အလုပ်မရ၊ သည်လိုဖြင့် သတ္တဗေဒအဓိကဖြင့် ဘွဲ့ရထားသော ကိုနန္ဒာသည် ရုံကြီးကျောင်းတွင် နေကာ ပလက်ဖောင်းတွင် စာအုပ်ဟောင်း ရောင်းနေရဆဲပင် ဖြစ်သည်။

ယမန်နေ့က အကိုတော့ အမေတွေ့ကလည်း ပလက်ဖောင်းတွင် ကိုနန္ဒာ စာအုပ်ရောင်းနေသည်ကို သိသွားပြီ။ ကိုနန္ဒာကလည်း အသိပေး၍ တိုက် ...။ သူက အထင်သေး မခံချင်၍ ရက်၍ အသိပေးခဲ့သော်သည်။ ... ရက်စရာမဟုတ်ဟု ကိုနန္ဒာ သိတော်လာပြီ။

သူ့ အလုပ်သည် ဓမ္မ...သော အလုပ်၊ ငင်ကြယ်သော အလုပ်ဟု ကိုနန္ဒာ ရဲရဲကြီး မြင်တတ်လာပြီ။

... ရဲရဲကြီးမြင်တတ်ခဲ့မှုမှာ ကိုနန္ဒာသည် သူ့အလုပ်ကိုလှ ... လာသည်။

ပလက်ဖောင်းတွင် စာအုပ်ရောင်းရခြင်းသည် အကျင့်စာရိတ္တကို ...သော ... မဟုတ်။ (ရာဇဝတ်မှု မဟုတ်ဟု ... ကိုနန္ဒာ မပြောသို့။ ပလက်ဖောင်းတွင် ရောင်းသည့် အတွက် ... ၄၁ ငြိ ...) သို့ရာတွင် အကျင့်စာရိတ္တကို ...ဟု ကိုနန္ဒာ ရဲရဲကြီး ယုံသည်။

သူ့ ပတ်ဝန်းကျင်ကိုကြည့်။ မြို့သူ့ဆိုင်အမျိုးတွင် ဝန်ထမ်းအချို့ကို မြို့သူ့ပစ္စည်းကို မိုးရောင်းကြသည်။ မှောင်ခိုစျေးသို့ ထုတ်ကြသည်။ ... လုပ်ကြသည်။ သူ့စာအုပ်များသည် ခိုးရာပါပစ္စည်းများ မဟုတ်။ မှောင်ခို၍ ရောင်းရသောပစ္စည်းများ မဟုတ်။ အလွဲသုံးစား ...သော ပစ္စည်းများ မဟုတ်။

မြို့သူ့ဆိုင်ဝန်ထမ်းအချို့ ခိုးပုံခိုးနည်းနှင့် ပတ်သက်၍ ပုံပြင်ကလေး ... သူ ကြားဖူးသည်။ ဘယ်လောက် မှန် မမှန်တော့ မသိ။

ထိုခါက မြို့တစ်မြို့တွင် ပြည်သူ့ဆိုင် တဆိုင်ကို သူခိုးဖောက်သည်။ လူခိုးသည် ပစ္စည်းများကိုကြည့်ရင်း နံနက်လင်းသွားသဖြင့် ဆိုင်ထဲတွင် ပိတ်မိနေသည်။ အပြင်သို့ ထွက်မရတော့။ ထို့ကြောင့် ပြည်သူ့ဆိုင်ထဲ မှောင်အကျဆုံးနေရာ တနေရာတွင် ပုန်းနေရသည်။ သည်အတွင်း ဆိုင်ဖွင့်ချိန်ရောက်သဖြင့် ဆိုင်အမှုထမ်းများ ရောက်လာကြသည်။ ဆိုင်ထဲ ရှုပ်နေပြီ၊ ဆိုင်ထဲတွင် ခြေရာလက်ရာ ပျက်နေပြီ။ သည်တော့ သူ ဆိုင်ကို သူခိုးဖောက်မှန်း သိကြသည်။ ဆိုင်တွင် အပျောက်အရှုံးစာရင်း ကို ထုတ်ကြသည်။ ပစ္စည်းစုစုပေါင်း နှစ်သောင်းကျော်ဖိုး ပျောက်နေ သည်ကို တွေ့ရသည်။

သူခိုးသည် သူခိုးသွဲ့ ဖြစ်သည်။ မှောင်ကလေးထဲ၌ ကြာကြာ မပုန်းနိုင်။ တော်ကြာတော့ မှောင်ထဲ၌ ပုန်းနေသောသူခိုးကို မိသွား သည်။ ရဲတို့ရောက်လာ၍ ရဲကိုအပ်သည်။ ရဲတို့က သူခိုးကို စစ်သည်။ သူခိုးဆိုသည်ကို မေးသည်။ သူခိုးသည် ရုတ်တရက် စိတ်ဖောက်သွား သည့်နယ် ရဲတို့မေးခွန်းကို တခွန်းမှမဖြေ၊ တဟားဟား ရယ်နေသည်။ ရဲတို့က အမျိုးမျိုး မေးသည်။ သူခိုးက ရယ်မြဲရယ်သည်။ ဟားတိုက် ရယ်သည်။

ရဲတို့က သူခိုးကို ရဲစခန်းသို့ခေါ်သွား၍ စစ်သည်။ သည်အခါ သူခိုးသည် ဟားတိုက်ရယ်လျက်ရှိသည်။ ရဲအရာရှိတို့ စိတ်ပျက်လှပြီ။ သူခိုးသည် တကယ်ပင် ဦးနှောက်ပျက်သွားပြီလော၊ ဦးနှောက်ပျက်ဟန် ဆောင်ခြင်းလော၊ ပစ္စည်းနှစ်သောင်းဖိုးကို မည်သည့်နေရာသို့ ယူ သွားသနည်း။

နောက်ဆုံးကျမှ သူခိုးက ဖြောင့်ချက်ပေးသည်။ သူခိုးဖြောင့်ချက် နံနက် ၃ နာရီလောက်တွင် သူဆိုင်ထဲ ရောက်သည်။ ပစ္စည်းတွေကို ရှာဖွေနေသဖြင့် နံနက်လင်းသွားသည်။ အပြင် မထွက်သာ သဖြင့် ပြည်သူ့ဆိုင်က မှောင်ကလေး တမှောင်ထဲတွင် ပုန်းနေသည်။ သည်တုန်း ပြည်သူ့ဆိုင်ဝန်ထမ်းတို့ မှောင်ကလေးထဲတွင် သူပုန်းနေမှန်း



မသိကြဘဲ ပစ္စည်းတွေကို တချို့တခု လာ ထားကြသည်။ ဟိုလောက် ဤလောက် ပစ္စည်းတွေကို လာယူ ထားကြသည်။ ထို့နောက် နှစ်သောင်းကျော်ဖိုး သူခိုးဖောက်သည်ဟု စာရင်းပြုကြသည်။

တစ်ခါက သည်ဆိုင်ထဲမှ သူဘာမျှ မထုတ်ရသေး။ ယခု သူ့ကိုယ်တွင် ပါလာသည် ဘီလူးကျွန်း ဆေးတံတချောင်းနှင့် စီးကရက်ကြီး ဆေးတံ မျှသာ သူ ခိုးရသေးသည်။ မယုံလျှင် ဆိုင်ကိုရှာကြည့်ပါဟု ဆိုသည်။

ရှာကြည့်သည့်အခါ သူခိုးပြောသည့် အတိုင်း ပစ္စည်းတွေ တွေ့ရ သည်။ ထိုမှပြင် မည်သို့ နိဂုံးချုပ်သွားသည်၊ သို့မဟုတ် မည်မျှမှန်သည် ကိုမူ ကိုရွှေ မသိ။

သည် အလုပ်မျိုးနှင့်စာလျှင် တာချုပ်ရောင်းသည့် အလုပ်သည် မျိုးသားအောင် စင်ကြယ်သော အလုပ်ဖြစ်သည်ဟု ကိုရွှေ ထင် သည်။

[၅]

ကိုနန္ဒာသည် သူ့အမကြီး တင်တင်လှအိမ်သို့ အလည်တခေါက်ရောက်သည်။ တင်ထွန်းအောင်တို့ ခြံထဲကို ကြည့်၍ သူ့ဘာသာ ငိုးယူနိုင်ကြည့်သည်။ သူတို့တွင် ဘာမှ ပူပင်စရာမရှိ။

သည်ကတည်းက တင်ထွန်းအောင်တို့ လူ့ဘိုက်ကို ကိုနန္ဒာကြည့်၍ စိတ်မကောင်းဖြစ်ခဲ့ရပြီး ဖြစ်သည်။

'ဘယ်နေ့ ဘာကြောင့်များလဲဆိုတာ မသိတယ်။ ဒီကောင်တွေကတော့ မထွယ်ဘူး' ကိုနန္ဒာ စိတ်ထဲက ပြောရင်း ခေါင်းရမ်းမိသည်။

သိပ်မကြာ။

တနေ့ သူ့အမကြီး တင်တင်လှက ကိုနန္ဒာရေတကြိမ်ရှိ၍ပါဟု ဆိုကာ ဆဲကို ကိုထွန်းမြိုင်လာခေါ်သည်။

ကိုနန္ဒာက တင်ထွန်းအောင်ကိုမူ ဖြစ်သည်။

တင်ထွန်းအောင်သည် အမေ၏ ပိန်ဘသော်နှင့် ရွှေဘီးကိုပိုက်၍ အိမ်မှ ထွက်ခဲ့သည်။ သူနှင့်အတူ ခမြိုင်လည်း ပါသွားသည် ဆိုသည်။ ရန်ကုန်မှာလဲ နဲ့ပြီ၊ မန္တလေးနှင့် တောင်ကြီး သို့လည်း စုံးဆက်၍ အကြောင်းကြားတော့ အစွာရိုး ပြီးပြီ၊ တင်ထွန်းအောင်တို့ အရိပ် အငွေ့ကိုမျှ ရှာမတွေ့။



ကိုနန္ဒာလည်း ဘာမှ မတတ်နိုင်။

အမေလှကြင်သူ ကိုလှမြိုင်ကလည်း နိုင်ငံခြားသို့ ကိုယ်စားလှယ် အဖြစ် ပါသွားသည်။ သည်တွင် တင်တင်လှ၊ ကိုထွန်းမြိုင်နှင့် ကိုနန္ဒာတို့ ... သုံးယောက် ခေါင်းရှုပ်လိုက်ကြရသည်။

အမတင်တင်လှကမူ သူ့ထုံးစံအတိုင်း ဘာမှ မလုပ်ဘူးတဲ့။ ငိုမှုသာ ...သည်။

"သတင်းအစအနတခုတော့ ရတယ်ကွ"

ကိုထွန်းမြိုင်က ဗဟုသုတ်ငိုနေသော သူ့အမကို စောင်းလှဲကြည့်၍ ...သည်။

"လွန်ခဲ့တဲ့ တယ်ရက်လောက်က သူရယ်၊ ခမြိုင်ရယ်၊ ကောင်မလေး ...ယောက်ရယ် သုံးယောက် မော်လမြိုင်မှာ တွေ့လိုက်သတဲ့။ နောက် ...တော့ ပျောက်ပျောက်သွားတယ်။ အဲဒါ မော်လမြိုင်ကိုလိုက်ရှာ ကောင်း ...လို့ စိတ်ကူးရတယ်။ မော်လမြိုင်မှာတွေ့ရင်လဲတွေ့ မတွေ့ရင်လဲ ...၊ သဲလွန်စတော့ ရမယ်လို့ ငါထင်တယ်။ အဲဒါ မင်း ကိုတဲ့ ...လိုက်စေချင်တာဘဲ။ ငါ့အထဲမှာ ဆွေမျိုးအရင်းအချာဆိုလို့ ဒီပိန့်ရှိတာ ...။ ငါကလဲ ရုံးက ခွင့်ယူလို့ မဖြစ်ဘူး။ အချိန်ပိုတောင် ...နေရသေးတယ်။ လိုက်ရှာရတယ်ဆိုတာ လွယ်တာမဟုတ်ဘူး။ ရေ ...ကြည့်လည်လည်ရွှေ၊ အသလဲ အသာ။ သူ့အမေကလဲမရှိ၊ ငါကလဲ ...ဆိုတော့ မင်းဘဲ ရှိတာဘဲ။ မင်း ကာယုဂ်ဆိုင်ကတော့ ပိတ် ...ထားလို့ ဖြစ်တယ်မဟုတ်လား"

ကိုထွန်းမြိုင်က မဲ့ဘာမျှဖြင့် နှိမ်ထိမြဲမသွင်းကို မေးသည်။

"ဖြစ်ပါတယ်"

ကိုနန္ဒာက ပြောသည်။ ကိုနန္ဒာက သူ့တာဝန်ဟု ယူဆသည်။ ... ကိုထွန်းမြိုင်ပြောသလို အရင်းအချာထဲက လူ လွှတ် ဆို ရှိလည်း ...ယောက်သာ ရှိသည်။

"ဒါဖြင့် ခိုးထွန်း နင်မနက်ဖြန် လိုက်သွားဟယ်"

အမေ တင်တင်လှက စပ်မြဲသည်။ ကိုထွန်းမြင့်က သူ့အမေ... မျက်နှာသားဖြင့် တချက်လှည့်ကြည့်သည်။

"နေမင်းပါပဲ့အမေ၊ နယ်လှည့်လိုက်ရင် စုတ်ပြမီးကိုက်ချည်းဘဲ့ရွာတယ်ဆိုတာ လမ်းသည်ခေါင်း လျှောက်ရှာနေလို့ ဖြစ်တဲ့ကိစ္စမှ မဟုတ်ဘဲ... သူ့အဆက်နဲ့သူ စုံစမ်းမှ၊ အစီအစဉ်နဲ့သွားမှ"

ကိုထွန်းမြင့်က ကိုနန္ဒာဘက်သို့ လှည့်သည်။

"ဝါသဆောင်ကတော့ မင်း ပေါ်လမြို့လိုက်သွား၊ ကိုလှမြင့်... သူငယ်ချင်း ကိုဇော်ဝင်းဆိုတာ ရှိတယ်။ အကောက်ခွန်မှာလုပ်တယ်။ ကောင်လေးတွေကို ပေါ်လမြို့မှာတွေ့တယ်ဆိုတာ သူ့ဆီက ရထား... သူနဲ့တိုင်ပင်ပြီး ရှာတွေ့ရင် ပြန်ခေါ်ခဲ့ဘိတဲ"

"သူ့အဖေ မပြန်ခင် အိမ်ရောက်မှ ဖြစ်မှာ။ သူ့အဖေ ပြန်လာချိန် အိမ်မှာ မရှိရင် သူ့အဖေက စိတ်ဆိုးပြီး အိမ်ကနှင်မှာ။ သူ့အဖေ... ဖြတ်တယ်၊ ကြားထဲက ငါဘဲ ရင်ကျိုးမှာ"

တင်တင်လှက မျက်ရည်များကြားမှ ပြောသည်။ ကိုထွန်းမြင့် မျက်နှာ ထားက မှုန်နေသည်။ အမေကို လှည့်မကြည့်ဘဲ စားပွဲပေါ်က ပန်းအိုး... စိုက်ကြည့်နေသည်။ ကိုနန္ဒာကမူ သူ့အမေကိုသာ သနားသည်။

"ပစ္စည်းတယ်ကော၊ ထယ်ကိစ္စ ရှေ့တီးတွင်းဘဲလား"

ကိုနန္ဒာက မေးသည်။ တင်တင်လှက နှပ်ညှစ်ကာ

"ပါပါဘဲ၊ ငွေလေးနဲ့ပါပါစေတော့ ပါသွားတာနဲ့တူတယ်။ တနေ့က သူ့လက်ထဲမှာ ... သုံး လေး ဆယ် လောက် မြင်လို့ မေးတော့ ... ဗိုက်ဆံတဲ့၊ ... နင်တို့တွေက ... ဆိုလား၊ ... ဆိုလား ... ရှာတဲ့၊ ငါကြားတာဘဲ၊ ငါက ဂရုတ်မစိုက်တော့ ... မဟုတ်ပါဘူးလို့ ပြောတာဘဲ"

ကိုထွန်းမြင့်နှင့် ကိုနန္ဒာသည် ဆက်ကာ နေ... တယောက်ကို တယောက် ကြည့်မိကြသည်။

"ရှိကြိုတာ သိပ်မလွယ်ဘူး" ကိုထွန်းမြင့်က ခေါင်းကိုရမ်း၍ ပြော... လိုက်သည်။ "ကမလ ဘာဘဲဖြစ်ဖြစ် လိုက်တော့ ရှာကြည့်ပေါ့၊ ရှာလို့ ... ခြောက်တန်ခြောက် ချော့တန်ချော့ပြီး ခေါ်ခဲ့ရမှာဘဲ၊ ဘယ်ကိစ္စ ... ကုန်လောက်ပြီ"

"နေမင်းပါပဲ့၊ ပေါ်လမြို့မှာ မရှိဘူး ဆိုရင်ကော"

ကိုနန္ဒာက မေးလိုက်သည်။ ကိုထွန်းမြင့်သည် ထိုမေးခွန်းအတွက် ... အဖြေသင့်ရှိဟန်မတူ၊ ပေါ်လမြို့တွင် တွေ့လျှင် တွေ့မည်၊ ... မည်သို့မည်ပုံ ပြန်ခေါ်မည်ဆိုသည် ကိစ္စလောက်ကိုသာ ... သောဟန် ... သည်။ ပေါ်လမြို့တွင် မတွေ့လျှင် မည်သို့စီစဉ်မည် ... ကိစ္စ ... ပြီး ဖြစ်ပုံမရ။ ထို့ကြောင့် သူ့ဘက်သို့ ... သည်။

"... တော့ ကိုဇော်ဝင်းနဲ့ပဲ တိုင်ပင်ရုံပေါ့၊ မတွေ့ရင် တွေ့ ... ရှာပြီးသာ ခေါ်ခဲ့မပေတော့ မိထွန်းရှယ်၊ ငါလဲ သိပ်မနိုင်တော့ ... ခေါင်း မီးတောက်နေပြီ၊ ကောင်လေးတွေ စေ့စေ့လယ် ... သွားမယ်မထင်ပါဘူး"

... နောက်ဆုံး ဆုံးဖြတ်ချက်တခုကို ချသည်။ ပေါ်လမြို့တွင် ကိုဇော်ဝင်း၏ အကူအညီဖြင့် တင်ထွန်းအောင်တို့ကို ရှာမည်။ တွေ့လျှင် ချော့တန်ချော့ ခြောက်တန်ခြောက်၍ အမြန်ပြန် ခေါ်လာမည်။ ပေါ်လမြို့တွင် မရှိတော့ဟုဆိုလျှင် ထပ်ဆက်တန်သည် ... နေ၍ သတင်းအစအနကို စုံစမ်းမည်။ သတင်းအစ ... မှ သည်နေရာသို့ လိုက်မည်။ သတင်းအစအနမရလျှင် တပ်ခေါက် ... မည်။ ထိုအတောအတွင်း တင်တင်လှက သတင်းစာထဲတွင် ... ၍ ပြန်ခေါ်မည်။

... တို့ဖိတ်များကလည်း တင်တင်လှတို့အစီအစဉ်ကို သဘောကျ... သည်။ သို့ရာတွင် သူတို့ဘက်မှ လှမဟာညှိနိုင်၊ ထည့်စရာ ငွေမရှိ။

ထည့်တွင် ကောင်လေး နှစ်ယောက်တို့ ကိုနန့်ဥပေါ်ပေါ်
ရောက်လာသည်။

ထို့ကြောင့် ကိုနန့်ဥ မော်လမြိုင်သို့ လိုက်ခဲ့သည်။

မော်လမြိုင်တွင် ကိုဇော်ဝင်းက သတင်းအပြည့်အစုံ ပေးသည်။

လွန်ခဲ့သည့်ညယ်ရက်လောက်က တင်ထွန်းအောင်တို့နှစ်ယောက်
လေသည့်အိတ် တလုံးစီလွယ်လျက် တွေ့လိုက်ရသည်။ ကိုဇော်ဝင်း
တွေ့တော့ တင်ထွန်းအောင် မျက်နှာပျက်နေသည်။ သူတို့က မော်လ
က သူငယ်ချင်းတယောက်ထံ အလည်လာသည်၊ သုံးလေးရက်ကြာမ
တဲ့ ဆိုသည်။ နောက် တပတ်လောက်ကြာသောအခါ တင်ထွန်းအော
နှင့် အဖော်သုံးလေးယောက်ကို ကိုဇော်ဝင်း တွေ့ပြန်သည်။ တွေ့သ
နေရာက မှော်ရှင်နိုင်ငံရှုခင်းက ကျွန်းသောဆိုင်အနီးတွင်ဖြစ်သည်။ အနို
ညကိုမှာဖြစ်၏။ သည်အခါတော့ တင်ထွန်းအောင်တို့က ကိုဇေ
ဝင်းကို မမြင်။ ထို့ကြောင့် ကိုဇော်ဝင်း သူတို့တသိုက်ကို လို
အကဲခတ်ခွင့်ရလိုက်သည်။ ထိုကွမ်းယာဆိုင်သည် မော်လမြိုင်တွင် နာမ
ကြီးသည်။ စေတ်စားသော နိုင်ငံခြားဆို့စက်မီးဖိုလည်း ရသည်၊ နံ
သမီးတို့၊ နံတစ်ခိုးတို့လည်း ရသည်ဟု နာမည်ကြီးသည်။ ထိုကွမ်းယ
ဆိုင်တွင် ညညလူစည်တတ်သည်။ အလွယ်ကောင်းကာလေးတွေ့ဆော်ကြ
နှစ်ဆယ် တစ်ကြိမ်လောက်သော ရှိကြမည်။

နောက်တညတွင် ကိုဇော်ဝင်း ထိုကွမ်းယာဆိုင်တဝိုက်မှာ သွ
ချောင်းမြန်သည်။ တင်ထွန်းအောင်တို့ လူသိုက်ကို ထပ်မံ တွေ့ပြန်သည်
သုံးလေးရက် အလည်လာသည်ဟု ပြောသော တင်ထွန်းအောင်တ
တပတ်ကျော်ကြာသည် မော်လမြိုင်တွင် ယောင်လည်လည်
လုပ်နေသည်။ သည်တော့ ကိုဇော်ဝင်းတွက်ကိန်း မှန်ပြီ။ ကောင်လေ
တွေ ထိမ်က ထွက်ပြေးလာခြင်းပင် ဖြစ်ရမည်။



ထို့ကြောင့် ရန်ကုန်ရှိ တင်ထွန်းအောင်မိဘများထံ အကြောင်း
ကြားလိုက်သည်။ ဆို ထင်သည့်အတိုင်း တင်ထွန်းအောင်တို့ အိမ်က
ထွက်ပြေးခြင်းဖြစ်ကြောင်း၊ ရန်ကုန်သို့ အမြန်ဆုံး ပြန်ပို့ပါမည့်အကြောင်း၊
သူတို့ကိုမူကို လူ မသိစေလိုကြောင်း၊ လူလွှတ်လိုက်ဦးမည် ဖြစ်ကြောင်း
ပြန်၍ တင်တင်လှထံမှ စာလာသည်။

ထိုအတောအတွင်း ကိုနန့်ဥ မော်လမြိုင်သို့ ရောက်လာခဲ့ခြင်း
ဖြစ်သည်။

ကိုနန့်ဥ မော်လမြိုင်သို့ ရောက်သော် တင်ထွန်းအောင်တို့လူသိုက်
မော်လမြိုင်တွင် မရှိတော့။ ပြေးရာ ပျောက်နေပြီ။

မော်လမြိုင်တွင် လက်နှိုင်ချနေသော ကိုဇော်ဝင်းကိုသာ တွေ့ရသည်။
ကိုဇော်ဝင်း၏ သတင်းအရ ထားဝယ်သို့ ထွက်သွားသည်ဟု သိရသည်။
ထို့တွင် ကိုနန့်ဥ တင်တင်လှနှင့် ကိုထွန်းမြင့်ထံ ကြေးနန်းရိုက်သည်။
ထားဝယ်သို့လိုက်ရန် ကြေးနန်းပြန်သဖြင့် ထားဝယ်သို့ လိုက်ရ ဖြစ်
သည်။

ထားဝယ်တွင် တင်ထွန်းအောင်တို့ကို ရှာသော်လည်း အရိပ်
အယောင်မျှ မတွေ့ရတော့။ စုံစမ်းသောအခါ တာကော်နိုင်ငံမှာလိုလို၊ နတ်
တောင်ဘက်မှာလိုလို သတင်းရပြန်သည်။

[ ၆ ]

ဤတွင် ပြဿနာ ရှိလာသည်။

တစ်တိုင်းပြည်သို့ ကူးပြောင်းကြသည့်အတွက် နိုင်ငံရေး ပဿာဇ ပါ မပါ စုံစမ်းရမည်ဖြစ်ရာ တိုင်းပြည်ပြန်ကူးရန် လိုက်ခဲ့ပါက ဆိုသည့် ကိစ္စကလည်း မပြီးနိုင်၊ ဤ၌ ပြဿနာကြီးလာသည်။

စင်စစ် တင်ထွန်းအောင်တို့ လုပ်စရာ နိုင်ငံရေးကို ဘာမျှ နားလည် ကြသည်မဟုတ်။ ဤသည်ကို ကိုနန္ဒာ သိသည်။ သို့ရာတွင် စာမေးပွဲကျ သဖြင့် လည်းကောင်း၊ နိုင်ငံရေး စိတ်ဝင်စားခြင်းကြောင့်လည်းကောင်း၊ လုပ်ခိုင်းသည်မှာ ရှုပ်ထွေးနေကြခြင်းသာ ဖြစ်သည်ဟု ကိုနန္ဒာ ထင်သည်။

သူတို့နောက် လိုက်သင့် မလိုက်သင့် ကိုနန္ဒာ မဆုံးဖြတ်နိုင်ဘဲ ဖြစ် နေသည်။ ထားဝယ်တွင် ရှားရှားပါးပါး တိုင်ပင်စရာ ဆို၍လည်း တယောက်မျှမရှိ။ ထို့ကြောင့် ရန်ကုန်သို့လှမ်း၍ ကျောက်နန်း၊ မိုက်ရည်ကို သည်။ လိုက်ခဲ့ပါဟု တင်တင်မှာ နားမည်ဖြင့် ကျောက်နန်း တစောင် ရသည်။

တင်တင်လှမှာ ခေါင်းမီးတောက်နေသူ ဖြစ်သည်။ သူ့သားကို ရှာတွေ့ မည်ဆိုလျှင် ရောက်ဖြစ်အောင် တွေ့အောင်ရှာမည်ဆိုသည့် အစားထဲက



...သည်။ ဘာကိုမျှ တည်တည်ငြိမ်ငြိမ် စဉ်းစားနိုင်မည်မဟုတ်။ ကိုထွန်း ... ထပ်၍ မေးမြန်းကြည့်လျှင် ကောင်းမည်ဟု ထင်သည့် အတွက် ကိုထွန်းမြင့်ထံ ကျောက်နန်းတစောင် နောက်ထပ် ရိုက်ပြန်သည်။

"အမြန်အကြောင်းပြန်ပြီး အလာအလာရှိရင် ထိုက်ပါ" ဟု ကိုထွန်းမြင့် ... အကြောင်းပြန်သည်။

ထားဝယ်တွင် စုံစမ်းကြည့်တော့ နတ်အိမ်ထောင်ဘက်တွင် ရန်ကုန် ... ကောင်ကလေးတွေ တွေ့ခဲ့သည်ဟု ကြားရသည်။ ပုံပန်းသဏ္ဌာန် မေးကြည့်သည့်အခါ တင်ထွန်းအောင်တို့ ရုပ်ပုံတို့ ပုံသဏ္ဌာန် နှင့် ဖြစ် သည်။

ကိုနန္ဒာ အားတက်သွားသည်။

ထို့ကြောင့် ထားဝယ်မှ ကုန်သည်အချို့နှင့် နတ်အိမ်ထောင်သို့ လိုက်ခဲ့သည်။ တောကို တောင်ကြားကိုဖြတ်၍ သက်စွန့်ဆံဖျား သွားရ သည်။ နှင့်ညထိ သုံးရက်ကြာမျှ တနင်္သာရီရိုးမကိုကျော်ပြီး နတ်အိမ် ထောင်သို့ ရောက်သည်။

နတ်အိမ်ထောင်ကား လူမျိုးစုံကျက်စားသည့်နေရာဖြစ်သည်။ ဒုယံစစ် ... မြန်မာ ရွာတရွာနှင့်ပင် မတူတော့။ မိုင်းမိုးသုတ်ဖွ၊ မွန်၊ ... တရုတ်၊ ကုလား၊ မြန်မာ၊ ထားဝယ်၊ မွန်၊ တရုတ် တို့ ရောပြွမ်း နေသည်။

ကိုနန္ဒာသည် နတ်အိမ်ထောင်တခိုက်တွင် တင်ထွန်းအောင်တို့သတင်း ကို စုံစမ်းသည်။ တခြားနိုင်ငံဘက်ကူးသွားသလိုလို မရေမရာ သတင်းကို ... ရသည်။ တိတိကျကျ ဘာမျှမရှိ။

ရန်ကုန်မှ ထွက်လာခဲ့သည်မှာလည်းကြာပြီ။ ကြာ၍ သူ့အတွက်ပါ ပြဿနာတွေ ရှိလာနိုင်သည်။ ထို့ကြောင့် ရန်ကုန်ကို ပြန်တော့မည် ... စိတ်ပိုင်းဖြတ်သည်။ သူတို့နိုင်ငံနှင့်သူတို့ကိုက် မှိုင်းမဲတော့။ ကိုနန္ဒာ ... ပြန်မည်ဟု ...

နောက် ထားဝယ်သို့ ပြန်လိုက်ရန် စီစဉ်ပြီး ကရင်ရွာကလေးတရွာ
ရှိန်းကြီးကျောင်းတွင် ကိုနန္ဒ ထိုင်သည်။ သူနှင့်အတူနေခဲ့သွားသည့်အထဲ
တွေလည်း ရှိသည်။ အထမ်းသမားတွေလည်း ရှိသည်။ သူတို့မှာ ဝန်စည်
လေးလည်းတွေချည်း၊ တထမ်းစာတပိုးစာတော့ ပါသူတွေချည်း ဖြစ်သည်။
ရှည်ကလည်း စုံသည်။

သည်အထဲမှာ လူလွတ်က ကိုနန္ဒတယောက်တည်းဖြစ်သည်။
သူ့မှာ လွယ်ထိုးရှိသော လေယာဉ်အိတ်အကြီးစားတလုံးနှင့် လွယ်အိတ်
တလုံးသာပါသည်။
ကိုနန္ဒ မျှော့မျှော့မျှော့မျှော့ ဖော့မည့်မြွဲ ဝုန်းဝုန်းဒိုင်းဒိုင်းအသံကြောက်
အိပ်ရာမှသန့်နိုးသည်။ ပထမတော့ ကိုနန္ဒဘာမှမသိ၊ အစိုးရစစ်တပ်က
ဗျောင်းနိုက်ကို ဝင်ဖမ်းသလေလားဟု ထင်မိသေးသည်။ စုံစမ်းကြည့်တော့
မြောင်းရှိအထမ်းသမားများ၏ ဗျည်းအချို့ကို သူခိုးဝင်ခွဲသဖြင့် သူခိုး
ဖမ်းကြောင်းသိရသည်။
ကိုနန္ဒသည် လူတွေကြားထဲက အတင်းတိုးဝေ့ကာ ဖမ်းမိထား
သော သူခိုးကို ကြည့်လိုက်သည်။
ကြည့်လိုက်တော့ သူခိုးဟု အစွဲခံရသူမှာ ခမြှင့်။
ကိုနန္ဒသည် သူ့မျက်လုံးများကို သူမယုံနိုင်အောင် ဖြစ်မိသည်။
ဟုတ်မှ ဟုတ်ရဲ့လားဟု သံသယဖြစ်မိသည်။ ခမြှင့်မှ ခမြှင့်အစစ်။
"ဟာ့ ခမြှင့်"
ကိုနန္ဒသည် လူအုပ်ကြားထဲမှ တိုးထွက်ကာ ခမြှင့်ဝမ်းကို ဖမ်းဆွဲ
ခမြှင့်သည် သူ့ခံသဘက်ကို မြင်လိုက်ရသည့်ပမာ မျက်လုံး အမြူးသား
ပါးစပ်အဟောင်းသားနှင့် ကိုနန္ဒကို ကြည့်နေသည်။ ဘာပြန်ပြောရမှန်း
သိဟန်မတူ။
ခမြှင့်လိုပင် မောင်က ပရိသတ်ကလည်း ကိုနန္ဒကို ထူးခြားစွာ
ရှိသာမျက်လုံးများဖြင့် ဝိုင်းကြည့်နေကြသည်။

"ဟော့ ခမြှင့်၊ ဘယ်လိုဖြစ်တာလဲ၊ မင်းကို တောင်တော် ဖုဂ္ဂမလေ့တဲ့
ကောင်မလေးတွေ၊ ဘယ်မလဲ တင်လွှန်အောင်"
ကိုနန္ဒက ခမြှင့်ဝမ်းကိုကိုင်လှုပ်၍ မေးသည်။
"ဟင် ဦးလေး"
ခမြှင့်သည် ထိုအခါကျမှ သတိရလာဟန်ဖြင့် ကိုနန္ဒ၏ လက်မောင်း
ကို လက်နှစ်ဖက်ဖြင့် ကိုင်ဆုပ်ထားသည်။
ခမြှင့်၏အသားများသည် နေလောင်သဖြင့် ညိုလျက်ရှိသည်။ ဆံပင်
ကိုကလည်း ပန်းပေါ် ဝနေသည်။ အဝတ်အစားမှာ နိုင်လွန်
လုံချည် ဖြစ်သော်လည်း ညစ်ထေးနေလေပြီ။ အရောင် မှိန်နေပြီ။
ကောင်းကျော်ရှည်ကလည်း နွမ်းနေပြီ။
"ဦးလေး ကျွန်တော့်ကို၊ ကျွန်တော့်ကို"
ခမြှင့်သည် စကားကိုဆက်မပြောနိုင်ဘဲ ရပ်ထား၏။ သူ့မျက်လုံးတွင်
မျက်ရည်တွေ ဝဲလျက်ရှိသည်။ မိုးမိအောင် ချွတ်တည်း ထားရာက
ကျလိုက်ထားသည်။
"ဒီကောင်လေးကို ဟိုစခန်းမှာကတဲက မသက်သာပါဘူးလို့ ကြည့်
နေတာ၊ ခုထင်တဲ့အတိုင်းဘဲ။ ခိုးလာလို့ပေါ့၊ မနိုးများမနိုးရင် အကုန်
ကုန်မှာပဲ"
တယောက်က ပြော၏။ ခမြှင့်၏မျက်နှာတွင် ဒေါ်ရာဒဏ်ချက်အချို့ကို
တွေ့ရသည်။ လက်သီးလေးငါးလုံးစာတော့ မိမိဖြင့်သည်။ သည်အထဲ
ကွင် နောက်ထပ် ထိုးမည့်ကြိတ်မည့်သူက တကဲကဲ လုပ်နေကြသေးသည်။
ကလေးပေါ်ကျမှ ခုစခန်းပို့မည်၊ သူမှန်လက်ကိုအပ်မည်ဟု ပြောသူက ပြော
သည်။
"ကျွန်တော့်တူပါဗျာ၊ ဒီကောင်အခင်သားသမီးပါ၊ စာမေးပွဲကျလို့
အိမ်က ထွက်ပြေးလို့ ကျွန်တော် လိုက်ရှာနေတာလဲ နှပြီ၊ မော်လမြိုင်၊
ထားဝယ်၊ တွေ့မယ်တွေ့တော့၊ မင်းတို့တောင်တော် ဖုဂ္ဂမလေ့တဲ့အကောင်
တွေကွာ၊ ဘယ်မလဲတယောက်"

ကိုနန္ဒာသည် သနားလည်း သနားသည်၊ စိတ်လည်း ဆိုးသည်။ တချို့က ကိုနန္ဒာပြောသည်ကို မယုံကြ။ ကိုနန္ဒာက အကျိုးအကြောင်း အစုံ ရှင်းပြရသည်။ ကျောင်းထိုင် မှူးဆရာတော်ကြီး ဆင်းလာ သည်။ ဆရာတော်ကို သက်သေသုက္ခ တောင်းခံရသည်။ မိဘများ၏အမည် လည်းပြောသည်။ သူ ဘာဝန်ခံမည်ဖြစ်ကြောင်း၊ မွေ့ညီး ပါသွားလျှင် လည်း မိမိလျော်မည်ဖြစ်ကြောင်း၊ မွေ့ညီးမပါလျှင်လည်း ရှာတုန်းဖိုက်တုန်း အရွယ်ဖြစ်၍ တကြိမ်တခါ ခွင့်လွှတ် စေလိုကြောင်း ပရိသတ် တောင်းပန်ရသည်။ ဆရာတော်ကလည်း ကိုနန္ဒာ... ဖြတ်ချ ပေးသည်။

"ကဲ ဘယ်မယ် ကိုကောင်"

ကိုရွှိမ်ရွှေ ရှင်းပြီးသော် တင်ထွန်းအောင်ကို မေးရသည်။

"နတ်ထိမ်ကောင် မိုင်းခနဲမှာ"

"ဘာလုပ်နေသလဲ"

"နေမကောင်းလို့ဦးလေး၊ ဦးလေးဘူ သေပြတ်နေတယ်"

ကိုနန္ဒာ အိတ်ထဲတွင် ကိုရမည်ရ ဆောင်လာသော ကလိုရိုကွင်း ဆားလိမ်၊ အေဗီဗီ ဝသည့် ဆေးများပါသည်။ တော့ ငုတ်ရှာ သွားတွေ့လိုက်သည်။

"ဆရာဝန်မရှိဘူးလား"

"မရှိဘူးခင်ဗျ"

"မဟာဆရာတော"

"မဟာဆရာတော့ရှိပါတယ်၊ ဦးလေးဘာဖြစ်လို့လဲ၊ နေမကောင်း လို့လား"

ခမ္မိုင်က သူ့ကို ပြန်မေးလိုက်သေးသည်။

"ဪ တင်ထွန်းအောင် နေမကောင်းဘူးဆို"



"ဟာ ဦးလေးကလဲ ကုံးလိုက်တာ၊ သေပြတ်တယ်ဆိုတာ နံဟတ် နဲ့ ပြတ်နေတာကို ပြောတာ ဦးလေးရ၊ စီးကရက်ပဲ ထဲ့ရှာ၊ ကနေ့ကို အလိပ်နှစ်ဆယ်လောက်ကုန်တယ်၊ ရှ ဆေးတိုးမရှိလို့"

ကိုနန္ဒာသည် သက်ပြင်းချလိုက်၏။ သည့်နေရာတော့ သူလဲမတတ် နိုင်၊ တင်ထွန်းအောင်၏ အမြဲအနေသည့် 'မလွယ်ဘူး'ဆိုသည့် အဓား ကို ပျောက်စေပြီ။

ကိုနန္ဒာက သူတို့နှစ်ယောက် ပျောက်သွားသည့်အတွက် မိဘများ စိတ်ပူနေကြသည်၊ ရန်ကုန်တွင် အခုနှာပြီးပြီ၊ မော်လမြိုင်တွင် သတင်း မှ မော်လမြိုင်သို့ပို့လိုက်လေသည်၊ မော်လမြိုင်မှသမတ္တေ၌ ထားဝယ်သို့ ရောက်ရသည်၊ ထားဝယ်သို့ ရောက်သော် နတ်ထိမ်ကောင်အကြောင်း ရန်ကုန်ကကျောင်းသားလေးတွေရှိသည်ဟု ကြားသဖြင့် ဟုတ်လို ဟုတ် ငြား လိုက်လာရခြင်း ဖြစ်သည်ဟု သူ၏ရှာပုံတော်ကို ဇာတိခုံခင်းပြ သည်။

"မင်းတို့ တော်တော်နိုက်တဲ့ ကောင်တွေဘဲ၊ အိမ်မှာလူကြီးတွေ ဖြိုး စိတ်ပူလို့၊ တင်ထွန်းအောင် 'အမေဆိုရင် ကြာရင် သားစိတ်နဲ့ ရူး တောင် ရူးမလားမသိဘူး၊ ဝိုညှ နတ်ထိမ်ကောင်ကို သွားချင်တယ် နမလား"

ခမ္မိုင်က ခေါင်း တွေနေသည်။

"ရှည့်တော့ မရဘူးထင်တယ်၊ လမ်းက သိပ်မကောင်းဘူး၊ တော လမ်း၊ နတ်ထိမ်ကောင်သွားဦးတော့"

ခမ္မိုင်က တောင်းကိုပြတ်၍ သူ့ကို ရှုစမ်းသော အကြည့်ဖြင့် ကြည့် သည်။ ကိုနန္ဒာ၏ အဓိပ္ပာယ်ကို သိချင်ဟန်တူသည်။

"မင်းတို့နှစ်ယောက်ဝဲ့ကို ပြန်ခေါ်ရမယ်လို့ အိမ်ကမှာလိုက်တယ်၊ အခါ မင်းတို့အတွက် ငါလာရတာ၊ စီးခနေပြီး ထားဝယ် ပြန်မယ်၊ ထားဝယ်ကမှ ရန်ကုန်ကို ပြန်မယ်၊ လေယာဉ်ပုံ့ အပတ်သင်ရှင်လဲ လေယာဉ်ပျံနဲ့ပေါ့၊ သင်္ဘောပတ်ကြိုရှင်လဲ သင်္ဘောနဲ့ပေါ့"

ကိုနွှာက သူ့အစီအစဉ်ကို ပြောပြသည်။ ခရိုင်းသည် ဘာမှမပြော ဘဲ ကိုနွှာကို စိုက်ကြည့်နေသည်။ သူ့အကြည့်က ကိုနွှာသည် ခေါင်း မိတ်ဆွေလော၊ ရန်သူလော ဆိုသည့် အကြည့်မျိုး။ မယုံသင်္ကာ အကြည့်မျိုး။

"ဘာလဲ၊ မင်းတို့ မလိုက်ချင်ဘူးလား"

ခရိုင်းက မဖြေ။

"ဘယ့်နှယ်လဲ လိုက်မယ်မဟုတ်လား"

"မဖြစ်နိုင်ဘူးထင်တယ် ဦးလေး"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်တို့က တန်တားကိုချီးခဲ့ပြီးပြီ။ အိမ်ကထွက်ပြေးလာတယ် ဆိုတာ ခေါင်းရင်းမြို့လိုက်ဖို့ ထွက်ပြေးတာမှ မဟုတ်ဘဲ၊ လွတ်လွတ် လပ်လပ်နေချင်လို့ ထွက်ပြေးတာပဲ"

အခတော်လာသည့်ကောင်လေးဟု ကိုနွှာ မှတ်ချက်ချမိသည်။

"ဟာ ဘယ်ဖြစ်မလဲကွ။ မင်းတို့ပညာက စေကာစကား မသိမိ၊ မလိမ် မာနဲ့ မိတဆွေ ရင်းကျိုးမှာပေါ့။ အိမ်ကိုမလိုက်ချင် လိုက်တဲ့နည်းနဲ့ ခေါ် ရလိမ့်မယ်"

"ကျွန်တော်တို့ အရွယ်ရောက်ပြီ၊ ဆယ့်ရှစ်နှစ်ကျော်ပြီ"

အလယ်တေးလားတဲ့အကောင်ပါလားဟု ကိုနွှာ ဒုတိယအကြိမ် မှတ်ချက်ချသည်။ သည်ကောင်နှင့် ဆက်ဆွေးနွေး၍ မဖြစ်သေး၊ မြီးထား ဦးမည်။

"ငါ ခုညချင်းချင်း နတ်အိမ်တောင်ကို လိုက်ချင်တယ်ကွာ"

"ခုညတော့မဖြစ်ဘူး ဦးလေး၊ မနက်မှသွားပါ။ ဦးလေးတူ ကျွန်တော် ပြန်မလာမချင်း ဘယ်မှမသွားပါဘူး။ စိတ်ချပါ"

"ဒီ မင်းက ဘာလာလုပ်တာတုံး"

ခရိုင်းက မျက်နှာပေါ်စကျလာသော ဆံပင်ကို ခေါင်းရမ်း၍ ဖယ် လိုက်သည်။



"မောင်မြတ်လို့ ဝက်လာရှာတာ"

မဖြေက ပြတ်သည်။ 'ဝက်' ဆိုသည်ကိုတော့ ကိုနွှာသိပြီး ဖြစ် သည်။ ပြင်သစ် ရွှေဘုရားမရှိ၍ ကြမ်းကြီးရာ ကြီးကြပ်ဖြစ်ပုံရသည်။

ကိုနွှာသည် မှုးယစ်ဆေးဝါးများကို မှိတ်ဘူးခြင်းမရှိ၊ သို့သော် ကြားဘူး မြင်ဘူး တော့ရှုသည်။

မှုးယစ်ဆေးဝါးများထဲတွင် သူ ပထမကြားဘူးသည်က ဘိန်း။

ရှေးခေတ်များကို တော်စဉ်က အင်္ဂလိပ်နယ်ချဲ့သမားများသည် တရုတ် ပြည်ကို ဘိန်းကျွေး၍ လုပ်အားကို ဈေးပေါပေါနှင့် ဝယ်ယူခဲ့ကြသည်ဟု ဖတ်ရှုသည်။ ၅ှိသို့ဖြင့် တရုတ်တို့သည် ဘိန်းစားကျေးကျွန်ဖြစ်ကာ လိုက်ရသည်ကို မှတ်မိရသည်။

ဘိန်းစားကိုလည်း ကိုနွှာ မြင်ဘူးသည်။ ထိုဘိန်းစားသည် ဘိန်း မတတ်နိုင်သောအခါ ဘိန်းမြောင်းထဲမှ ဘိန်းချေးကို ခြစ်၍ အရည် ကျိုသောက်သည်။ ဘိန်းချေးများမရှိသည့်အခါ ဘိန်းမြောင်း လက် သုတ်ပဝါကို ဖြတ်၍ အရည်ကို သောက်သည်။

ဒုတိယကြားဘူးသည်မှာ ဆေးခြောက်။

ဆေးခြောက်ကိုတော့ သူ တခါ စားဘူးသည်။ ကျောင်းတုန်းက ငယ်ချင်းတွေရှုံ့ ကြက်သားနှင့် ဆေးခြောက် ချက်စားသည်။ မူးလိုက် သည့်ဖြစ်ခြင်း၊ ကြောက်လိုက်သည့်ဖြစ်ခြင်း၊ ရယ်ချင်လိုက်သည့်ဖြစ်ခြင်း။

ထိုကတည်းက ကိုနွှာသည် ဆေးခြောက်ကို ရှောင်တော့သည်။

နောက်တော့ ကိုကင်းတို့၊ မာစီယားတို့ကို ကြားဘူးသည်။ မာစီ ယား နေ့စဉ်တိုးသော အထက်တန်းအရာရှိ ပုဂ္ဂိုလ်ကြီးတဦး အကြောင်း ကိုလည်း သူကြားဘူးသည်။

နောက်ဆုံးပေါ်ကတော့ ဟီးရိုးအင်းဖြစ်သည်။ ဟီးရိုးအင်းအကြောင်း ကို ပထမဆုံးတွင် ဖတ်ဘူးသည်။ တရုတ်နှင့် ဗီရုန်းမှ ဥရောပ ကို ဖြတ်၍ အမေရိကသို့ သယ်သော ဟီး ရိုး အင်း ကုန် သည် များ အကြောင်းကိုလည်း ဖတ်ဘူးသည်။ ယိုးဒယား၊ လာအို သေည်တို့မှ

ခံတောင်တောင်ကိုဖြတ်၍ အမေရိကန်သို့ တင်ပို့သော ပီးနီးအင်း နံပတ်သရီး၊ နောက်ဆုံးပေါက နံပတ်ဝိုး။

နံပတ်ဝိုးသည် အမြင့်ဆုံး ဖြစ်သည်။ ဘိန်းဆီ ရှစ်ဆယ်ရာနှုန်း ပါသည်ဟုဆိုသည်။ နံပတ်ဝိုးမွှေသူသည် တနှစ်မှ တနှစ်ခွဲအတွင်း အသက်အန္တရာယ်ကို ဖြစ်စေနိုင်သည်ဟု ဝတ်ဖူးသည်။ မည်သို့မည်မျှ မှန်သည်ကို ကိုနန္ဒာမသိ။

ယခု သူ့ကုတော်မောင် တင်ထွန်းအောင်နှင့် ခဲ့မြင့်တို့သည် ဘိန်းအင်း၏ ကျေးကျွန်များ ဖြစ်နေကြလေပြီ။ အဝေးဆယ်၌ ရှာ ရပ်ပြီးမည် လော။

"မင်းတို့ပါသွားတဲ့ ပစ္စည်းအလေးတွေတော့၊ တင်ထွန်းအောင် ဘယ်ယက်ရှယ် ရွှေဘီးရှယ် ပါသွားတယ်မဟုတ်လား"

"ဟုတ်တယ်၊ ကျွန်တော့်မှာလဲ အတ်ကြိုးတော့ရှယ်၊ မိန့်ကြယ် တစ်ရှယ် ပါတယ်၊ အဲဒါလေးတွေလဲ ကျုံ့ပြီ ဦးလေးရဲ့"

"ကုန်တော့"

ခဲ့မြင့်က ဟတ်တနဲ့ တချက် ရယ်သည်။

"ကုန်တော့ မျောင်ဒိုက်နဲ့ အထမ်းလိုက်တာပေါ့၊ အဲဒီ ထမ်းသ ဆေးရှူတာပေါ့၊ ဆေးရှူတာက အဝင်ပန်းခံနိုင်တယ် ဦးလေး တော်တော် တန်တန်တော့ မမောဘူး"

"ဒါက ခဏပါကွာ၊ ရှေ့ဆက်ရတော့ ဘယ်ခံနိုင်ပါ့မလဲ၊ ဟို အင်္ဂလိပ်ခေတ်တုန်းက ဝိုဒီးမှာ ဘုံတောတာမသာတို့၊ စတီးသို့၊ ရှဘော တို့၊ မှုရီကာတို့ဆိုတဲ့ အင်္ဂလိပ်သစ်ကုမ္ပဏီတွေရှိတယ်၊ အဲဒီသစ်ကုမ္ပဏီ တွေက သစ်ဆွဲတဲ့ဆင်တွေကို ဘိန်းကျွေးတယ်၊ ဆင်ကိုဘိန်းကျွေးတော့ ဆင်ကဘိန်းရှူပြီး မိုင်းလို့ကောင်းတာပေါ့ကွ၊ ဆင်တွင်မဟုတ်ဘူး၊ သ ပိုးစီးတို့ ဘာတို့ဆိုတဲ့ သစ်တောအလုပ်သမားတွေကိုလဲ ဘိန်းကျွေးပြီး မိုင်းတာဘဲ၊ ဘိန်းရှူသွားတော့ အဲဒီအလုပ်သမားတွေဟာ အပင်ပန်းခံ ခံနိုင်တယ်၊ မိုင်းလို့လဲကောင်းတယ်၊ ဈေးလဲပေါတယ်၊ တခြားဘယ်



လုပ်ကိုမှ သွားပြီး အလုပ်မလုပ်တော့ဘူး၊ အဲဒီ သစ်ကုမ္ပဏီတွေဆီ မှာဘဲ တသက်လုံး ကျွန်ခံကြတော့တာဘဲ၊ ဒါပေမယ့် ကြာကြာတော့ ကျွန်မခံလိုက်ရဘူးပေါ့ကွာ"

"ဘာဖြစ်လို့လဲ"

"ဘိန်းစားတဲ့အတွက် ခဏတော့ ပင်ပင်ပန်းပန်း လုပ်နိုင်ပေမယ့် တစ်အသက်ရှည်မလဲကွ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ဂူဗြူနိုတ်ကြီး သေကုန် တာပေါ့၊ ဒီတော့ အင်္ဂလိပ်ကုမ္ပဏီတွေကလဲ နောက်ထပ် လူသစ်တွေ မှ၊ ဘိန်းကျွေးပြီး ထပ်ခိုင်းကြပြန်တာပေါ့၊ မင်းတို့တော့ ဒီလို လူဖြန့် တိုးသွားမှာ မကြောက်ဖူးလား၊ နံပတ်ဝိုးရဲ့အန္တရာယ် ဘယ် လောက်ကြီးသလဲဆိုတာ မင်းတို့လဲကြားဘူး ဝတ်ဖူးသသဲ၊ ဧရာဝတီ ဂူ သတင်းစာတွေထဲမှာ ပြောကြ ရေးကြတာ"

"ဒါက အသေးစတွေပါ ဦးလေးရာ"

ကိုနန္ဒာက ခေါင်းငိုက်စိုက်ချကာ သက်ပြင်းကို ချသည်၊ သည် ကောင်လေးတွေကို သည်အရွယ်မှာ ဘုရားက ရွတ်တောင် ကွတ်ပါပြည် တော့ဟု သံသယရှိချင်သည်။ အတင်းအဓမ္မ ဆေးရုံတင်၊ အတင်းအဓမ္မ ဖြတ်မှရမည်၊ အလိုအလျောက်ဖြတ်ဖို့ ခိုသည်ကား အချိန်စောင့်မှသာ ရနိုင်မည်၊ အချိန်တသော သူတို့ကို ကုစားလိုမှမည်။

"မင်းတို့တော်တော်မိုက်တယ်၊ ကြည့်ရစမ်းနေနေကလဲ ကံကောင်းလို့၊ တယောက်တချက် ဗိုင်းဖိုက်ရင် မသက်သာဘူး"

ခဲ့မြင့်သည် ခေတ္တ ငြိမ်နေ၏။

"သူတို့က အများနဲ့ရီလို့ပေါ့ ဦးလေးရာ၊ တယောက်ချင်းသာဆိုရင် ဘယ်ရမလဲ၊ ဒီအထမ်းသမားတွေက နက်ကြတဲ့ကြက ကျွန်တော်တို့ကို မနာလိုနေကြတာ"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်တို့က ဈေးလျှော့ယူတာကိုး။ နယ်စပ်နဲ့ မြို့ပေါ်ဘက်ဆိုရင် တယောက်ကို သုံးလေးဆ ရတယ်။ ကျွန်တော်တို့က ပေးသလောက် ယူတယ်။ ဒေသတိုးရှင် တော်ပြီမဟုတ်လား ဦးလေးရ"

ကိုနန္ဒာသည် ခမြိုင်တို့ခြံပိုက်ကြည့်၍ ရင်ထုမနာ ဖြစ်ရသည်။ အထက်တန်းအရာရှိကြီးများ၏ သားသမီးတယောက်၊ အညွန့်တလူလူတက်သော အရွယ်၌ ယခု နယ်ပတ်ရိုးကြောင့် ကလေကချေဖြစ်ကာ အထမ်းငှားလိုက်သည်။ အထမ်းငှားမလိုက်နိုင်သည့်အခါကျတော့ အလစ်ဝင်ဆွဲသည်။ အမေအဖေများသိလျှင် မည်မျှ ရင်ထုမနာဖြစ်ကြမည်နည်း။

[ ၃ ]

မြို့ကိုပေါ်သား အလင်းရောင်ထဲတွင် ကိုနန္ဒာက ခမြိုင်၏ ခန္ဓာကိုယ်ကို သိမ်းကျုံးကြည့်သည်။ သူ့ ခန္ဓာကိုယ်လေးက သေးသေးသွယ်သွယ် မျှော့မျှော့ပျော့ပျော့။ မိန်းကလေးတယောက်၏ ခန္ဓာကိုယ်မျိုး။ ယခုခရီးတွင် အထမ်းငှားလိုက်သူတွေက တုတ်တုတ်ခိုင်ခိုင် သန်သန်မာမာ လူကြမ်းကြီးတွေ ဖြစ်သည်။

"ဒီလူကြမ်းကြီးတွေကြားထဲ မင်းတို့ မသေမပျောက် တွေ့ရတာဘဲ တော်သေးတာပေါ့ကွာ"

ကိုနန္ဒာက သူ့ စိတ်ရှိမှန် သူပြောသည်။

"ဒါမျိုးတွေက ရိုးနေပါပြီ ဦးလေးရာ၊ မကြောက်ပါဘူး။ သူတို့ကို မကြောက်လို့ ရန်ကုန်က ထွက်လာတာပေါ့"

"မကြောက်ရင် မင်းတို့ ခံသွားရမှာပေါ့။ မင်းတို့ကလေးကလေးမှုတွေက သေးသေးကလေးတွေ၊ ဟိုက နံ့တဲ့ဗလကြီးတွေ မဟုတ်ဘူး"

"ကျွန်တော်တို့မှာ ဓါးပါပါတယ် ဦးလေးရ"

ခမြိုင်က ဟက်ကနဲတချက်ရယ်ပြီး ဘောင်းဘီအိတ်ထဲမှ တစုံတရာကို ဆွဲထုတ်ပြသည်။ ချောက်တနဲ့ မြည်သံနှင့်အတူ ဗိုလ်တာဝါဓါးမြှောင်တွင်

အရောတခု ဝင်းလက်ပြိုးပြက်သွားသည်။ သေသေချာချာ ကြည့်လိုက်တော့ အသွားမြောက်လက်မခန့်ရှိ ပိုးသေသားလှပ် မောင်းပြန် မောင်း ချွေး တချောင်း။

"ဒါနဲ့ ဖြိုပစ်မယ်။ ဦးတော့ ဒါလဲရှိသေးတယ်"

လက်တွင် ဝတ်ထားသော သံမဏိလက်စွပ်ကို ကိုစန္ဒာမြင်အောင် လက်သီးဆုပ်၍ ပြသည်။ အရာအတော်တွေ ထနေသော သံမဏိလက်စွပ်ကို ကိုစန္ဒာမြင်ရသည်။

ကိုစန္ဒာသည် မီးရောင်မှုန်မှုန်တွင် ရဲမြင့်၏မျက်နှာကို စိုက်ကြည့်၏။ ရဲမြင့်၏ နုနယ်ပြုံးဖြီးသော မျက်နှာသည် တင်းမာသယောင်ရှိ၏။ မျက် မဲ့ စိတ်ဓာတ်၊ သတ္တိ၊ အားမာန်၊ ဇွဲ စသည်တို့သည် သူ့မျက်နှာတွင် အထင်းသား ပေါ်နေကြသည်။ ကိုစန္ဒာသည် ရှေ့ထိုက်လွှဲနေသော ရဲမြင့်ကိုကြည့်၍ စိတ်မကောင်းဖြစ်သည်။ ထိုမျှလောက်ခိုင်မာသော စိတ်ဓာတ်၊ သတ္တိ အားမာန်၊ ဇွဲတို့ကို မှန်ကန်စွာ အသုံးချရာ၌ မည်မျှ အကျိုး ရှိမည်နည်း။

"အရေးကြီးတာက လက်နက် ဦးလေးရဲ့ လက်နက်။ လက်နက်ရှိရင် ဘယ်သူ့ကိုမှ ကြောက်စရာမလိုဘူး။ ခုနက လူတုပ်နဲ့မိုလို ကျွန်တော်ခံရတာ။ တယောက်ချင်းသာဆိုရင် ရဲမြင့်တို့က ဘယ်ရှုံးလဲ။ ဒီနယ်မှာက အထင်းသမားတွေဆိုရင် ဓားတချောင်းတော့ ကိုင်ကြတာဘဲ။ ကျွန်တော်တို့ကလည်း မလျှော့လား။ ဒီတော့ သူက ဓားကိုမချ ကိုင်ကလဲ ဓားချလို့ ဘယ်ဖြစ်မလဲ။ မျှောင်မိုလှင်ဆန်း လုပ်တယ်ဆိုတာ ဥပုသ်စောင့်တာ၊ ရည်းစားနဲ့ချိန်းတွေ့တာမှ မဟုတ်ဘဲ။ တယောက်ကို တယောက် အနိုင်ကျင့်ရတာ၊ ဓားကိုင်ရတာ။ သူတို့က ဓားကိုင်ရင် ကျွန်တော်လဲ ဓားကိုင်မယ်။ သူတို့က ဓားကို လက်ကမချသွားဆိုရင် ကျွန်တော်လဲ ကျွန်တော့်ဓားကို လက်က မချဘူး"

ရဲမြင့်သည် သူ့မောင်းပြန် မောင်းချွေးကို စောင့်ကာနဲ့ ခေါက်ကာ ဘောင်းဘီအိတ်ထဲသို့ ပြန်ထည့်သည်။

"မေးလိုက်သောက်ချင်လိုက်တာ ဦးလေးရာ၊ ဦးလေးမှာ မပါဘူး လား"

ကိုစန္ဒာက အိတ်ထဲက လာဆိုမီးကရက်ဗူးကို ထုတ်ပေးသည်။ မီးကရက်တချောင်းက အမဲ။

"ဆေးမပါဘူးနော်"

"ဘယ်ပါမလဲကွာ၊ မိုးမိုးမီးကရက်ပေါ့"

ရဲမြင့်က တက်တချက်ခေါက်ကာ မီးကရက်ကို အားပါးတရ ရှူသည်။

"ကျွန်တော်က သိပ်မရှုံးသေးတော့ ရပါတယ်။ ဒါပေမယ့် ဦးလေး တို့တော့ ဘယ်လိုနေမလဲ မသိဘူး။ ဆေးမရှုရင် ခွေနေတာဘဲ။ ထမင်းကောင်းကောင်း မစားတော့ဘူး။ ဦးလေးတွေက စိတ်ဓာတ်ကလဲ ကျတယ်"

ရဲမြင့်ပြောသည်မှာ မှန်သည်။ ကိုစန္ဒာသည် သူ့တွေ တစ်ထွန်းအောင် ကြောင်းကို ကောင်းကောင်း သိသည်။ ယောကျ်ားလေးသော ဆိုသော် ရဲမြင့်လို ထက်ထက်မြက်မြက်မဟုတ်။ စိတ်ဓာတ်မမာ။ စိတ် က အလွန်နုသည်။ လူကြောက်တတ်သည်။ အိမ်တွင် လူမိန်း လျှင် နည်းခန်းသို့ မထွက်ဘဲ၊ လူပုံကလည်း ပြိန်ပြိန်ကလေး ဖြစ်သည်။

"နတ်အိမ်အောင်ကိုမျှော်ခဲ့တော့ မေမေနဲ့ ညီမတွေ ညီလေးတွေကို လွမ်းလို့ဆိုပြီး ငိုလိုက်တာလေ၊ မနဲချော့ရတယ်။ တော်တော် ကျရတဲ့ကောင်"

"မင်းကော အိမ်မလွမ်းဘူးလား"

ကိုစန္ဒာက ရဲမြင့်ကို ထောက်ခမ်း၍ မေးသည်။

"ဘာဖြစ်လို့ လွမ်းရမှာလဲ ဦးလေးရဲ့၊ ကိုယ်ကိုယ်တိုင်က မနေ ချင်လို့ ထွက်ပြေးလာပြီး ဆိုမှဘဲ၊ လွမ်းတယ်ဆိုရင် ထွက်မပြေးနဲ့ပေါ့။ အိမ်မှာဘဲ နေပေါ့။ ဦးလေးတွေက အိမ်လွမ်းလို့ ငိုကြွေ မဟုတ်ဘူး။ ဆေးပြတ်ရင်လဲ ငိုတာဘဲ။ အလုပ် ပင်ပန်းပန်း လုပ်ရရင်လဲ ငိုတာဘဲ။

ရည်းစားလွမ်းရှင်လဲ ငိုတာဘဲ။ ရန်ဖြစ်ရှင်လဲ ငိုတာဘဲ။ တကယ် ဖော[illegible] ရတယ်"

မြိုင်က လေသံဖြိုးဖြိုး ခွ၍ဝင်ရယ်ဒီးကရက်ကို အားပါးတရရှူ[illegible] ပြောသည်။

"ဘယ်သူနဲ့ ရန်ဖြစ်တာလဲ၊ မင်းနဲ့လား"

"ဦးလေးကလဲ ကျွန်တော်နဲ့ မဖြစ်ပါဘူး။ အတူတူထွက်ပြေးလာတဲ့ ကောင်ချင်း ဘယ်ဖြစ်ပါ့မလဲ။ ဖြစ်တာက အထမ်းသမားတွေနဲ့ပါ"

"ဘာဖြစ်လို့ ရန်ဖြစ်ကြတာလဲကွ"

ကိုနန္ဒာက မေးသည်။ ကိုနန္ဒာ၏တာဝန်မှာ မြိုင်နှင့်တင်ထွန်းအောင် ကို အိမ်ပြန်ပို့ရန် ဖြစ်သည်။ သည်ကောင်နှစ်ယောက်ကို အိမ်အပေါ် ခေါ်ရာတွင် သူတို့အခြေအနေ၊ သူတို့စိတ်နေစိတ်ထားကို သိရမည်၊ ချော့တန် ချော့ရမည်။ ခြောက်တန် ခြောက်ရမည်။ ဖျားယောင်းခေါ်တ[illegible] ခေါ်ရမည်။ သူတို့ အားကောင်းချက်၊ သူတို့ အားနည်းချက်ကို သိထား ရမည်။ သူတို့၏ စိတ္တဇဓာတ်ကို နားလည်ရမည်။

"ပထမအခေါက် အထမ်းလိုက်တုန်းက ဦးလေးရေ၊ ကျွန်တော်တို့ ပါတဲ့ပစ္စည်းကလေးတွေက ထားဝယ်ရောက်တော့ ကုန်ပြီ။ ဒါနဲ့ နှ[illegible] အိမ်ထောင်ဘက်ကို အထမ်းလိုက်မယ်ဆိုပြီး လိုက်သွားကြတာ။ အိမ်လဲ မပြန်ရတော့ဘူးလေ။ ပြန်စရာ စရိတ်လဲ မရှိတော့ဘူး။ အထမ်းလိုက် တာက နယ်စပ်အထိ လိုက်ရတယ်။ အသွားတုန်းက ကျွန်တော်တို့မှာ ဆေးနဲ့ပါပါ၊ ပါတယ်။ ဒီပြင် အထမ်းသမားတွေကတော့ ဆေးမပါ ကြဘူးပေါ့။ သူတို့က ဆေးမှမရှိကြတဲ့ကိုး။ ဒါပေမယ့် အဲဒီထဲက တယောက် ကတော့ ဆေးရှိတယ်။ သူ[illegible]မပါလို့ တင်ထွန်းအောင်က သနားပြီး ဆေးနဲ့ ချေးတယ်။ နယ်စပ်ကအပြန် ပိုက်ဆံရလို့ ဆေးဝယ်ရင် သူ့ကို ပြန်ပေးရမယ်ပေါ့၊ ဦးလေး၊ စီးကရက်တလိပ်လောက်ပေးပါဦး"



မြိုင်က စကားဖြတ်၍ စီးကရက်တောင်းသည်။ ကိုနန္ဒာက သိပ် မပေးချင်။ သူက တလိပ်မကုန်သေး၊ မြိုင်က တလိပ်ကုန်နေပြီ။ နံ့တင် [illegible]ထောက် မဆိုးသည့်တိုင် စီးကရက်ကို သည်လောက်သောက်လျှင် [illegible]ကျန်းမာရေး ထိခိုက်သည်။ သို့သော် ကိုနန္ဒာ မငြင်းရက်၊ တလိပ်ထုတ် [illegible]သည်။ မြိုင်က စီးကရက်ကို အားရပါးရ ရှူသည်။

"အဖြိုက်ရတော့ ဒီကောင်ထမ်းရလို့ ဆေးဝယ်လာပေမယ့် တင်ထွန်း [illegible]အောင်ကို အချေးပြန်မဆပ်ဘူး။ မပေးဘူးပေါ့လေ။ မလာတာလဲ [illegible]ကောင်းကောင်းဆိုတော့ အနိုင်ကျင့်တာပေါ့။ ဒီတော့ စကားများပြီး [illegible]ကောင်က တင်ထွန်းအောင်ကို ထိုးတယ်။ တင်ထွန်းအောင် က [illegible]ကလေးဆိုတော့ ခံရတာပေါ့ ဦးလေးရေ။ ဒီတွင် ကျွန်တော်နဲ့ [illegible]တာဘဲ။ ကိုယ့်သူငယ်ချင်းကို မတရားလုပ်တော့ ဘယ်ခံချင်မလဲ [illegible]လေ။ ကိုယ့်သူငယ်ချင်းတွင် မဟုတ်ပါဘူးလေ၊ ဘယ်သူ့ကိုဖြစ်ဖြစ် ကိုယ့်ရှေ့မှာ မတရားလုပ်ရင် ဘယ်ခံချင်ပါ့မလဲ။ ဒီတွင် ကျွန်တော်က [illegible]တာဘဲ"

"ဟိုကောင်က မင်းနဲ့ ရွယ်တူလား"

မြိုင်က ရယ်သည်။ မြိုင်သည် စကားပြောတော့မည်ဆိုလျှင်၊ အထူး [illegible] စိတ်မကောင်းမရှားကား ပြောတော့မည်ဆိုလျှင် ဟက်ကနဲ [illegible]ရယ်၍မှ စကားပြောလေ့ရှိသည်။ သည်အချက်ကို ကိုနန္ဒာ သတိပြု [illegible]သည်။

"ကျွန်တော့်ထက် အသက်လဲ ကြီးတယ်၊ အလုံးအထည်လဲ ကြီး [illegible]တယ် ဦးလေးရေ၊ နဲတဲ့ကောင်ကြီးမဟုတ်ဘူး။ ပြီးတော့ ဒီကောင်က အထမ်း [illegible]သမားတွေကြားထဲမှာ သိပ်ရှုံ့ကျတဲ့ကောင်။ မိုက်လဲကျတယ်။ တချို့လဲ ကြောက်တော့ ဖွဲ့ခံကြရတာပေါ့။ ကျွန်တော်က ခုတော့ ဒီလိုရှားစိတ်က [illegible]ကို ခုရပါမို့လား၊ မဆိုင်းဘဲနဲ့ ဝင်ရှုပ်ရပါမို့လားဆိုပြီး နောက်ကျနေ [illegible]ထိုက်တာ ဦးလေးရေ၊ ပွဲထသွားတော့တာဘဲ"

"မင်းခိုင်လိုက်ရတာပေါ့"

ခမြင့်က တချက်ရယ်ပြန်သည်။

"ဘယ်ရမလဲ ဦးလေးရဲ့၊ ကျွန်တော့်မှာ ဝါရှိတာပေါ့။ အိတ်ထဲ[...] ဓားကိုထုတ်ပြီး ဖြစ်ရ[...]တာ ဗီကောင် ဟုံကောင်းလို့ နိုက်မထိ[...] ပေါ့"

"ဘယ်ထိသွားသလဲ"

"လက် မောင်းကို ရှပ်ထိသွားတယ်။ တောက်၊ နာလိုက်တာ [...] ဦးလေးရာ။ ဗီကောင်ကို ကျွန်တော်လှလှကြီး မဆုံးမ လိုက်ရဘူး"

ကိုနန္ဒာသည် ခမြင့်ကိုကြည့်၏။ ခမြင့်၏ အသက်သည် ဆယ့်[...] ဆယ့်ကိုးနှစ်သာ ရှိဦးမည်ဟု ကိုနန္ဒာ ထင်သည်။ ကြွားပြောနေ[...] ဟုတ်ဟန်မတူ။

"နောက်တော့ ဘယ်လိုဖြစ်သွားသလဲ"

"နောက်တော့ သူလွန့်မှန်း အားလုံးကလဲသိ၊ သူ့ရဲ့ ကျူတာကိုလဲ[...] ခံခဲ့ကြရတာဆိုတော့ အားလုံးက ကျွန်တော့်ဘက်က ပါ[...] ဗီကောင်လဲ နောက်ဆိုရင် ကျွန်တော့်ကို ရှိန်သွားတာဘဲ။ ဒ[...] မကျော့ခဲ့တော့ဘူး။ အဲဒီတုန်းက ကျွန်တော် ဓားကို ကောင်းကောင်း[...] ကိုင်တတ်လာတာ ဦးလေးရ။ ရန်ကုန်တုန်းက မောင်ဖြူဓားကိုင်တာ[...] ဆိုတာလိုလို၊ ကိုင်တာ မဟုတ်ဘူး။ အလှကိုင်တာ။ သူများ ကိုင်[...] ဖက်ရှင်လုပ်ပြီး လိုက်ကိုင်တာ။ ဒီကျတော့ လိုလို့ ကိုင်တာ။ လက်သ[...] လာတဲ့ရန်သူကို ဓားနဲ့တုံ့ပြန်ရမယ်။ ဓားတလက်နဲ့ ရန်သူကို ဓား[...] ယက်နဲ့ တုံ့ပြန်ရမယ်။ တလက်က ဒီမှာလေ"

ခမြင့်က တောင်းဘီအောက် ချိတ်ထားသော သားရေအိမ်မြှင့် [...] လာသော မောင်ဖြူလေးချောင်းကို ထုတ်ပြသည်။

"မင်းက ဘယ်ဆိုးလို့တုံးကွ"

ကိုနန္ဒာက ပြောသည်။



"ဆိုရင် ဖမ်းသွားမှာပေါ့ ဦးလေးရဲ့။ ကျွန်တော်နဲ့တိုက်တောင် ဖြစ်[...] တော့ ဦးလေးတို့က ဘာလုပ်တယ် ထင်သလဲ"

ခမြင့်က မေးသည်။

"ဘာလုပ်သလဲကွ"

"ငိုတယ်ဦးလေးရေ့၊ ဦးလေးတို့က ငိုတယ်၊ သိရဲ့လား။ တော်တော် [...]ကာရတယ်။ သူ့အတွက် ဖြစ်ရလို့ စိတ်မကောင်းဘူးဆိုပြီး ငိုသတဲ့။ [...]ဂိုတာ ဟိုကောင်မှားသွားရင် ဘယ်သနားမလဲ။ ထပ်ပြီးတောင် [...]ကျင့်ထိန်းထားမယ်။ ကျွန်တော် ဓားနဲ့ ဆုံးမလိုက်လို့ ဓားနဲ့ဝေဝန် [...] လုပ်လိုက်လို့ ဟိုကောင် သူ့ကိုယ်သူ ပြင်သွားတာ။ လူတယောက် [...]ကို မျက်ရည်နဲ့ ပြုပြင်ပြောင်းလဲလို့ မရဘူး ဦးလေးရေ၊ ဓားနဲ့ ပြုပြင် ပြောင်းလဲမှ ရတယ်။ ဒီလိုကြည့်ပြန်တော့ တမျှကြီးကိုလဲ မျက်ရည်နဲ့ ပြုပြင်ပြောင်းလဲလို့ မရဘူး။ ဓားနဲ့ပြုပြင်ပြောင်းလဲမှ ရတယ်။ မဟုတ်ဘူး လား ဦးလေးရေ၊ ဟားဟား"

ခမြင့်က သူ့စကားကို သူ သဘောကျ၍ ရယ်သည်။

ခမြင့်သည် လူသားတယ်ဆယ့် [...] စကားအဆန်းတွေတော့ ပြောတတ်သည်။ သူ့စကားသည် သူ့အသက်အရွယ်၊ သူ့ဘဝကို ကျော်လွန်သည်ဟု ကိုနန္ဒာ ယူဆသည်။ ခမြင့်၏စကားကို ကိုနန္ဒာ ကြိုက်ချင်ကြိုက်၊ မကြိုက် [...] နေနိုင်သည်။ ကျွန်ုပ်တို့မှာ သူ၏သဘောထားရှိသည်။ သူ၏ အသက်မှာ [...]သည်။ ခမြင့်သည် သူ့စကားအတိုင်း လုပ်မည်ဆိုလျှင် ဖြတ်သန်းခဲ့ ရသည်။ သည့်ကိုမှုံးကြည်း ရသည်။

"နေဦးပေါ့ကွ၊ ခုတလော မင်းတို့ အထမ်းမလိုက်ဘူးလား"

"မလိုက်ရဘူး ဦးလေးရေ၊ မှောင်ခိုတွေကို စစ်တပ်က အတင်းလိုက် [...]တော့ လမ်းတွေ ပိတ်နေတယ်။ တခြားတောလမ်းက သွားနေတယ်။ [...]က သိပ်ကြမ်းတော့ ဦးလေးတို့က သိပ်မလိုက်ချင်ဘူး။ ကျွန်တော် [...]တော့ ရပါတယ်။ ဘယ်လမ်းက သွားရ သွားရ အရေးမကြီးဘူး။ သူ ငွေရတာနဲ့၊ ကျွန်တော် လိုက်သွားမယ်၊ သူနေရစ်ခဲ့ ဆိုတော့လဲ

မနေရစ်ခဲ့ချင်ဘူး။ သူ့လဲ မလိုက်နိုင်ဘူး။ ဒီအိုးသာ မသေကြပ်တော့ ဦးလေးတို့မနေနိုင်ဘူး။ အိမ်ပြန်ချင်တယ်ဆိုပြီး ငိုလိုက်ရယ်လိုက် လုပ်နေ သေးတယ်။ ဒါနဲ့ ကျွန်တော် သူ့အတွက် သေသေးဘာလေးရအောင် ဝက်လာချရတာပေါ့"

ကိုနန္ဒာတို့ပါနီမစေးတွင် စီးသည့်တွေ့ အိမ်ကျန်ကြပြီး ဟောက်သံ ထဲသွားကြိုက်သံ၊ ယောင်ယမ်းသံတို့ကို ကြားရသည်။ ကိုနန္ဒာသည် ခါးကိုဆန့်ကာ မျက်လုံးကို မှိတ်လိုက်သည်။ အိပ်ချင်လှပြီ။

"ဦးလေး"

ကိုနန္ဒာအိပ်ပျော်တော့မည်အပြု ခွမြင့်၏အသံကို ကြားရသည်။

"ဗျာ"

"ဒီးကရက်ရှိသေးသလား။ တလိပ်လောက် ပေးပါဦး"

သည့်တခါတော့ ခွမြင့်လွန်လွန်းပြီဟု ကိုနန္ဒာ ထင်သည်။ သူနှင့် ခွမြင့်တို့ စကားပြောနေကြစဉ် သူက ဒီးကရက်တလိပ်မျှသာ ကျန်သေး သည်။ ခွမြင့်က လေးငါးလိပ်လောက် ကုန်နေပြီ။

ကိုနန္ဒာ အိတ်ထဲတွင် ဒီးကရက် ဖုးသစ်တဖုးရှိသေးသည်၊ သို့ရာတွင် ကိုနန္ဒာ ခွမြင့်ကို နောက်ထပ်မပေးချင်။ အဆောက်များသည်ဟု ယူဆ သည်။ ခွမြင့်စိတ်ကိုလည်း၊ စမ်းလိုသည်။ ထို့ကြောင့် ကိုနန္ဒာ မုသား ပြောသည်။

"ကုန်ပြီဗျ၊ မရှိတော့ဘူး"

"အဲဒါမှ ဒုက္ခဘဲ၊ အိပ်လို့မပျော်ဘူး"

"ဆေးလိပ်ရှားတဲ့ကျ။ ဒီးလောက်မှ ကိုယ့်စိတ်ကိုယ် မနိုင်ဘူးလား။ ရှိရင် သောက်၊ မရှိလဲ မသောက်ဘဲနေလိုက်တာပေါ့။ စကားပြောရင်း အိပ်ပျော်သွားမှာပေါ့"



ခွမြင့် ဘာမှမပြော။ သက်ပြင်းတချက်ကိုရှိုက်ကာ မှောက်၍ အိပ် သည်၊ ခဏကြာတော့ ခွမြင့်ထံမှ ဟောက်သံ ထွက်လာသည်။

ကိုနန္ဒာသည် ခွမြင့်၏ဟောက်သံကို နားထောင်ရင်း ပြုံးလိုက်သည်။ ထို့နောက် ကိုယ်ကို စနေသာကျအောင်ပြင်ကာ အိပ်ရန် ကြိုးစားသည်။ သို့ရာတွင် အိပ်၍မရ။

စင်စစ် ထိုညက အိပ်မပျော်သူမှာ ခွမြင့်မဟုတ်၊ ကိုနန္ဒာသာ ဖြစ်သည်။

[ ၈ ]

ထွက်လာပြီးမှ သည့်ခရီးကိုလာခဲ့သည်မှာ မှာကြီး၇ ကိုးနှာ နေ့ခင်းအ ရသည်။

နောက်တနေ့နံနက် နတ်အိမ်တောင်သို့လိုက်၍ တင်ထွန်းအောင်ကို ခေါ်ပြီး ထားခဲ့သို့ပြန်လာသည့်အခါတော့ ပြည်သူ့ မပေါ်သေး။

နံနက် နတ်အိမ်တောင်သို့ရောက်၍ တင်ထွန်းအောင်ကို မိုး လေ့ သမားများနေသည့် တဲကလေးတလုံးထဲတွင် တွေ့ရသည်။ ကိုနှာကို မြင်တော့ တင်ထွန်းအောင် ဝမ်းမြောက်သည်။ တင်ထွန်းအောင် စိတ်ဓာတ် ကျနေပြီ။ တော့ဖိုသည်၊ မနိုင်တော့။ ပါသွားသည့် ငွေညီကလေးတွေ ကလည်း ကုန်ပြီ။ စားရေးသောက်ရေးအတွက် ပင်ပင်ပန်းပန်း အလုပ် လုပ်ရသည်။ အထမ်းအဇွာ၊ လိုက်ရသည်။ အထမ်းအဇွာ၊ လိုက်ရသည် ဆိုသည့်ကိစ္စမှာ လွယ်သည့်ကိစ္စမဟုတ်။ တောင် လေးငါး ဆယ်လုံး ကျော်၍ တဖက်နယ်ထဲကို လိုက်ရခြင်း ဖြစ်သည်။

ထိုအခါတွင် မိဘလုပ်စာကို အေးအေးသား ထိုင်စားရသည်၊ ဝီဘာစားစ တိ သည်။ နှမ်းရှင် ကြည့်သည်။ သည့်လို မိမိကျကျ နေခဲ့ရသော တင်ထွန်းအောင်သည် ထမင်းတလုပ်စားရပ မည့်အရေး သည်လောက်



...ပင်ပန်းသည်း လုပ်ရသည့်အခါတွင် မခံနိုင်တော့။ သည့်အထဲ တွင် ...မင်းကို နှစ်မှန်အောင် စားရသည်မဟုတ်။ သို့ရာတွင် ထမင်းဖြတ်သည် ...ကိုက် ဆေးဖြတ်သည်က ပိုဆိုးသည်။ ထမင်းကို သုံးလေးရက်တော့ ...တော်ခံနိုင်သည်။ သို့ရာတွင် ဆေးဖြတ်သည်ကိုမူ တရက်မခံနိုင်။

သည်တွင် တင်ထွန်းအောင် ငိုသည်။ သူ့ အမေကို လွမ်းသည်။ ...ကီတော ညီမလေးတွေကိုလည်း လွမ်းသည်။ ရည်းစားကိုလည်း လွမ်း ...သည်။ သူ့ရည်းစားက သူ့လိုပင် အရာရှိတဦး၏သမီး ဖြစ်သည်။ ...သည်နှင့် ဆယ်တန်းအောင်သည်။ သူ့ကို စိတ်မပျက်ရန် အားပေးသည်။ ...သို့ရာတွင် တင်ထွန်းအောင် ပျက်သည်။ သူ့ရည်းစားက အောင်ပြီး ...ကမ္ဘာအောင်တော့ သူ့ချစ်သူကို သံသယဝင်လာသည်။ တဖွဲ့သိုလ် ...ကောလိပ်တွေရောက်လျှင် သူ့ချစ်သူက သူ့ကို မေ့မည်။ ကျောင်း ...ကောက်ကြီးသားတွေနှင့် တွဲမည်ဟု မိုက်ရိုင်းလာသည်။

သည်အထဲ မေမေက သူ့ကိုကောင်းမပြော။ ပထုတ် ထားသည်။ ...အေက ဝိတာတိတ်ရှိကျသည်၊ ဆံပင်ရှည်ထားရှိကျသည်၊ တိုင်းကျတ် ...ကြ်လိုက်ကျသည်ဟု ဆိုသည်။ ထိုအခါတွင် မျက်နှာမကောင်း ရှည်ရှည်းမှ ...မေမေသည် သူ့သား နိုင်ငံရေးလုပ်နေသည်ဟု သိဟန်မတူ။ နိုင်ငံ ...ကိုသိလျှင် ပိုပြီးလောင်လိုက်မည်ဖြစ်ခြင်းကြောင့် မျက်နှာမကောင်း ...သောအခါတွင် မနေရှင်၊ လွတ်ရာကျွတ်ရာသို့ ရှောင်ချင်သည်။

သည်တွင် ရဲမြင့်နှင့် ညီကြသည်၊ ရဲမြင့်ကလည်း စားမနေ့ရာသု ...သည်။ ထိုမှ ထွက်ပြေးချင်သည်။ ရဲမြင့်၏ အမေသည်လည်း ...ရိုကြီးတဦးပင် ဖြစ်သည်။ သူ့တွင် အမေမရှိတော့၊ ငယ်ငယ် ...က အမေဆုံးပြီး ကြောင့် သူ့အဖေ နောက်မိန်းမယူသည်။ ...မိန်းမက ခပ်ငယ်ငယ်၊ နောက်မိန်းမ၏ ဆွေတော်မျိုးတော် တလှေ ...သူတို့အိမ်ပေါ် ရောက်လာသည်။ မိထွေးက သူ့ကို မကြည်ဖြူ။ ...တော့ ရဲမြင့် အနေကြီးလာသည်။ သိမ်ငယ်လာသည်။ သူ့အဖေ ...လည်း မယားအာက်က ပါသည်။ မိထွေးက သူ့အပေါ် မကြည်ဖြူသည်ကို [illegible]

အစေသည် မသိချင်ယောင် ဆောင်နေသည်။ သည်ကတည်း ခမြှင့်သည် မိတ္တေကိုသာမက အစေကိုလည်း စိတ်နာသည်။ မိတ္တေ မွေးသည့် သားများကလည်း သူ့အပေါ် မိုက်ကျူးသည်။ သူ့ဘက် တယောက်မှမရှိ။ သည်အစေတယောက်ကို တွယ်တာနေသော်လ သည်အစေက သူ့နောက်မှီးမှနှင့် လေးတွေဘက်က ရပ်သော ခမြှင့်သည် သူ့ပတ်ဝန်းကျင်ကို နာကျည်းလာသည်။ ပထမတွင် အ ငယ်သည်။ သူ့အပေါ် ကြင်နာမည့်သူကို တောင့်တသည်။ သို့ရာ ရှာမတွေ့။ မည်သူကမျှ သူ့ကို တွယ်တာခြင်းမရှိ။ သည်တွင် ကလည်း မည်သူ့ကိုမျှ မတွယ်တာချင်တော့။ ကိုယ်က အစေသ အစစ်နာခံရသည်ဟူသော မာနသည် သူ့ရင်ထဲတွင် တဖြည်းဖြ ကြီးထွားဖြစ်လာသည်။ သည်အိမ်က ထွက်ပြေးချင်ပြီ။ ကိုယ့်လ ကိုယ်သွားချင်ပြီ။ အသက် ဆယ့်ရှစ်နှစ်ကျော်ပြီ မဟုတ်လော။

သည်တွင် အိမ်ကထွက်ပြေးချင်နေသော တင်ထွန်းအောင်နှင့် ခမြ တို့ အစီအစဉ် ဆုံကြသည်။ စင်စစ် တင်ထွန်းအောင်သည် ဘာမှသ မဟုတ်။ မည်သည့်ရေရာသို့မျှ မရောက်ဖူး။ ငယ်ငယ်က မန္တလေ တခေါက်ရောက်ဖူးသော ရှိသည်။ သူ့တွင် စိတ်ညစ်သဖြင့် အိမ် ထွက်ပြေးချင်စိတ် တခုသာရှိသည်။ အခြားဘာမှ မစဉ်းစားတတ်။ သူ့ရော မှာ ကြားဖူးသည့်မန္တလေးသို့ ပြေးချင်သည်။

ခမြှင့်က သူ့လိုမဟုတ်။ စိတ်ကူးရှိသည်။ စေ့စပ်သည်။ မန္တလေး ရန်ကုန်ဆိုသည်မှာ အိမ်နီးနှင့်ခြင်းခြင်း ဖြစ်သည်။ အဆက် အသွ များသည်။ မန္တလေးသို့ ပြေးလျှင် အိမ်သို့ ချက်ချင်း သတင်းရောက်မည် မန္တလေးဘက်သို့ အရောင်းဖြင့် မော်လမြိုင်ဘက်သို့ ဆင်းမည်။ မော်လမြိုင် တွင် အခြေအနေစုံစမ်း၍ ဗမာပြည်၊ ထားဝယ်ဘက်သို့ ထွက်မည် သည်ဘက်တွင် သူတို့အတွက် 'ဒေသ' လည်း ပေါပေါ် ရှိသည် မှောင်ခိုကုန်မျိုးစုံပေါသဖြင့် ငွေလည်း ရှာရလွယ်သည်ဟု တွက်ပြသည်



တင်ထွန်းအောင်မှာ ကိုယ့်ရဲ့ဦးနှောက်ဖြင့် ဘာမှ မစဉ်းစားတတ်၊ ထို့ကြောင့် ခမြှင့်၏အစီအစဉ်ကို လက်ခံလိုက်သည်။

ပါလာသည့် မုန့်ဖိုးကလေးတွေ မကုန်ခင်တော့ တင်ထွန်းအောင် ပျော်သည်။ အသစ်အဆန်းတွေကို တွေ့ရသည်။ ပတ်ဝန်းကျင်သစ် ရှုခင်းတွေကို ကြည့်ရသည်။ 'ဒါကြောင့် လွတ်လပ်မှုကို လူတွေ တောင့်တ ကြတာကိုး' ဟု တင်ထွန်းအောင် တွေးမိသည်။ တခါတရံ ညအိပ်ရာ ဝင်၍ အိမ်ကိုလွမ်းသည်မှအပ တင်ထွန်းအောင် ပျော်သည်။ သို့ရာတွင် ပါလာသည့်မုန့်ဖိုးကလေးတွေကုန်၍ ပင်ပင်ပန်းပန်း လုပ်လာရသော အခါ တင်ထွန်းအောင် အားငယ်လာသည်။ သူ့ဘဝကို သူ တွေး၍ မျက်ရည်ကျသည်။ သူ့အမေ သူ့ကိုဘယ်လောက်များလွမ်းနေမလဲ ဟု တွေး၍လည်း မျက်ရည်ကျသည်။ ညီတွေ၊ ညီမတွေကို လွမ်း၍လည်း မျက်ရည်ကျသည်။ ချစ်သူကို လွမ်း၍လည်း မျက်ရည်ကျသည်။

ခမြှင့်ကတော့ သူ့နှင့်မတူပြီး အိမ်နှင့်ဝေး၍ ပိုပျော်သည်။

"ငါ့ဖြင့် ငိုစရာမျက်ရည် မရှိတော့ဘူးကွ။ မေမေဆုံးတုန်းက ငိုလို့ မျက်ရည်တွေ မကုန်တော့ဘူး။ ငါ့မျက်ရည်တွေကို မေမေ့ အလောင်းနဲ့ အတူ မြှုပ်ပစ်လိုက်ပြီ။ မျက်ရည်မရှိတော့ဘူး"

မည်မျှမှန် မှန်းတော့မသိ။ ခမြှင့်သည် သည်လို စကားကြီး စကား လှပ်တွေကိုလည်း ပြောတတ်သည်။ ဟုတ်သလောက် တော့လည်း ဟုတ်မည်ဟု တင်ထွန်းအောင် ထင်သည်။ ယခုအထိ သူ အကြိမ်ကြိမ် မျက်ရည် ကျဖူးသော်လည်း ခမြှင့် မျက်ရည်ကျသည်ကို သူတခါမှ မမြင်ဘူးသေး။ ထို့ကြောင့် တင်ထွန်းအောင်သည် ခမြှင့်ကို အထင် ကြီးသည်။ ခမြှင့်သည် သူ့ 'ဟီးရိုး' ဖြစ်နေသည်။

တင်ထွန်းအောင်သည် ခမြှင့်လို မျက်ရည် မကျအောင် စိတ်မာတ ကြံ့ခိုင်အောင် ကြိုးစားကြည့်သည်။ အတုခိုးကြည့်သည်။ သို့ရာတွင် တကယ် ငိုချင်လာသည့်အခါကျတော့ မည်မျှ စိတ်တင်းသည်ဖြစ်စေ မျက်ရည်တွေ အလိုလို ကျလာတတ်သည်။ ခမြှင့်ထက် ပို၍ သူ့တွင်

မျက်ရည်ထွက်သောအကြိတ်တွေ ဖိများလေသလောက်တွင် တင်ထွန်း
အောင် ကြိုကြိုစန့်ဖန့် တွေ့ရသေးသည်။

ချိုမြထွက်သွားတော့ နတ်အိမ်တောင်စခန်းတွင် တင်ထွန်းအောင်
အလောက်တည်းကျန်ရစ်ခဲ့သည်။ သူတလောက်တည်း ကျန်သည့်အခါ၌
တင်ထွန်းအောင် ပို၍အားငယ်သည်။ သူ ချိုမြနှင့်အတူ လိုက်ချင်သည်။
သို့ရာတွင် ချိုမြကခွင့်မပြု။ ချိုမြကသာ မဟုတ်၊ သူ့ခွန်အားကိုယ်တိုင်လည်း
ခွင့်မပြု။ ဆေးပြုတ်ချို့သည်ကောင်း၊ အစာချို့တဲ့သည်ကောင်း အား
နေရသည့်အထဲတွင် လမ်းက ကြမ်းသည်။ တောင်တွေကို ကျော်ရသည်။

ချိုမြကမူ သည်ခရီးလောက်ကို မမှု။ တောင်းဆီ အိတ် ထဲက
မောင်ပြန့်မောင်းချေးကလေးကို ထုတ်ကာ ဓားပေါက်တမ်း တလား
ရင်း သွားနေကျဖြစ်သည်။ ချိုမြသည် ဓားပေါက် ကျွင်လည်သည်။
ကျွင်လည်အောင်လည်း အားလျှင် ဓားပေါက်နေတတ်သည်။ သွားလေရာ
တောလမ်းဘေးက သစ်ပင်များတွင် ဓားပေါက်ရာများ၊ ဓားခြစ်ရာများ
ကို တွေ့ရတတ်သည်။

ယခု ကိုနန္ဒနှင့် နတ်အိမ်တောင်သို့ လာတော့လည်း ချိုမြသည်
ဓားအပြောင်လိုက်၊ သစ်ပင်ကိုဓားနှင့် လှမ်းပေါက်၊ သစ်ခေါက်ကိုဓားနှင့်
ထင်းဆိုက်ဖြို လိုက်လာသည်။ ဆယ်ချက်ပေါက်လျှင် သုံးချက်လောက်
သာ လွဲသည်။ ကျန် ဓားချက်များမှာ ပစ်မှတ်ကို ထိကြသည်။

ကိုနန္ဒသည် ချိုမြ၏ သွက်လက် ဖျတ်လတ်မှု၊ သတ္တိကောင်းမှု၊
ခွန်အားကိုကြည့်၍ အံ့ဩရသည်။ အပင်ပန်းလည်း ခံနိုင်သည်။ လမ်းတွင်
ကိုနန္ဒကိုပင် သူက စောင့်ခေါ်ရသေးသည်။

နတ်အိမ်တောင်သို့ ရောက်၍ ကိုနန္ဒကိုမြင်လိုက်သည်တွင် တင်ထွန်း
အောင် အံ့အားသင့်နေသည်။ ကြောက်လည်း ကြောက်နေသည်။ ထို့
နောက် မျက်ရည်တွေစီးကျလာသော ကြိုကြိုပါအောင် ငိုသည်။ ကိုနန္ဒက



ချိုမြကို ပြောခဲ့သည့်အတိုင်း ရှာပုံတော်စာတမ်းကို ပြန်ခင်း၍
သည်။ တင်ထွန်းအောင်က မှိန်ကြောက်မျက်နှာဖြင့် ချိုမြက တင်ထွန်းအောင်
ကို ကြည့်နေသည်။

"မှားတာ မှားပလေစေပေါ့ကွာ၊ ဒါကို သင်ခန်းစာယူပြီး နောင်
မမှားအောင် ဖြင့်ပေါ့။ အခုက ဒီဘက်တွေက သိပ် စိတ်ပူနေကြပြီ"

ကိုနန္ဒက ချော့ရသည်။

"အိမ်ကရော မေမေက စိတ်ပူ ဦးလေးရ၊ မေမေကော သိသွား
မလား"

"မသိသေးပါဘူး၊ မင်းမေမေကို စီအကြောင်း ထဲ့မရေးဘို့
ဦးလေးပြောထားတယ်။ စိတ်လဲ မပူပါဘူး၊ ငါတာဝန်ခံပါတယ်"

"ဟော့ ချိုမြ၊ တယ်နှယ်လဲ"

တင်ထွန်းအောင်က ချိုမြကို လှမ်းမေးသည်။ ချိုမြက မည်သို့မျှ
မဖြေ။ မောင်းချို့ မောင်းချေးကို ဘွင်းချည် စိတ်ချည် ပြုနေသည်။

"ချိုမြလဲ လိုက်ရှာပေါ့ကွာ၊ ခု ဦးလေးလိုက်လာတာ မင်းတို့
နှစ်ယောက်လုံးအတွက် လိုက်လာတာပဲ။ ချိုမြ မေမေကလဲ ဦးလေး
ကို အားလုံး တာဝန် ပေးလိုက်တာပဲ"

"ကျွန်တော်တော့ အိမ်မလိုက်ချင်ဘူး ဦးလေး"

ချိုမြက ခပ်တိုတို ဖြေသည်။

"ဒီ ဘာဖြစ်လို့ မလိုက်ချင်ရမှာလဲကွ။ မင်းတို့ စီးရိမ်တော့
ကောင်းလာ ဖွေနေလို့ ဖြစ်မလား။ ရှေ့ကြည့်ရတော့ မင်းကို ဘယ်ဖြစ်
မလဲ။ ဘာမှ ကြောက်ကျန်မှာပေါ့"

ချိုမြသည် ခပ်တွေတွေ လုပ်နေသည်။ ပြောသင့် မပြောသင့် ချိ
ချနေဟန်တူသည်။ ကိုနန္ဒသည် ဖိနိုင်အပေါ်၌ တကယ်စိတ်ကောင်း
အားသူလေသာ၊ ကိုယ့်လူ သူ့ဘက်သားလေလောဟု စဉ်းစားနေရသည်။

ကိုနန္ဒသည် အပြင်ပန်းကြည့်လျှင်တော့ သူတို့ကိုထောက်ထား တရား
သူ တဦးဖြစ်ဟန် ရှိသည်။ လူငယ်တွေနှင့် လိုက်လျောညီထွေ

ဖြစ်အောင် နေတတ်သူလည်းဖြစ်သည်။ သို့ရာတွင် ကိုနန္ဒာရှင်သည်
တကယ်မှည့် သဘောထားမျိုးရှိသည်ကိုမူ ခံမြင့်မသိ။

"ကျွန်တော့်ကို ကိုယ့်ထမင်းတလုတ်မှ ကိုယ်ရှာမစားတတ်တဲ့ကောင်လို့ အမြဲကပြောတယ် ဦးလေး။ ဒီတော့ ကိုယ့်ထမင်း ကိုယ်ရှာ စားတတ်တယ်ဆိုတာ အကြောင်းသိသွားအောင် ပြရတာပေါ့။ ကုလီထမ်းထမ်းတော့၊ ထမင်းတလုတ်တော့ စားရပါတယ်ဦးလေးရာ။ ကုလီမထမ်းနိုင်ရင်လဲ မိုးသာအုံး၊ ထမင်းတော့ စားရတာပဲ"

ခံမြင့်ကို လွယ်လွယ်နှင့် ပြော၍ ရမည် မဟုတ်ကြောင်း ကိုနန္ဒာ သဘောပေါက်ပြီ။ သည်တော့ပင်က ထက်သည်။ အကင်းပါးသည်။ စကားသည်း တတ်သည်၊ တင်ထွန်းအောင်လို မှုလွယ် မပျောက်လွယ် မဟုတ်။ အမျက်သည်းခြေ ကြီးသည်။ လူငယ်တို့ဘာဝ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ရှိသည်။ လူကြီးကို အထင်သေးသည်။ ကိုယ်လုပ်သမျှကို အမှန်ဟု ထင်တတ်သည်။

သည်တော့ ခံမြင့်ကို သူ့ဘက်သို့သိမ်းသွင်းလိုလျှင် သေနင်္ဂဗျူဟာကို တမျိုးပြင်ရမည်။ တင်ထွန်းအောင်ကို သုံးသည့် သေနင်္ဂဗျူဟာမျိုးဖြစ် မရ။ တင်ထွန်းအောင်က လွယ်သည်။ သူ့အမေအကြောင်းကို တင်ထွန်းအောင် စိတ်ထိခိုက်လောက်အောင် ပြောရမည်။ ထိုမှတွင် မိခင်ဖြစ်သူ နေရမည့်ဘဝကို တင်ထွန်းအောင် အားကျ၍ သွားရမည်ဟုလာလောက်အောင် ပြောရမည်။ သူတို့နှင့်မိုးရေ ကြုံတွေ့ရမည့် အခက်အခဲများကို မိမြင်ရှိ မြင်ကက်လာအောင် ပြောရမည်။ ထိုမှ ထွက်ပြေးကြသည့် လူငယ်တွေမည်သို့မည်ပုံ ဒုက္ခရောက်တတ်ကြကြောင်းကို ဥပမာ ဥပမေယျတွေနှင့် ပြောရမည်။

သည်လောက်ပြောလျှင် တင်ထွန်းအောင်ကို အနိုင်ရမည်။ ကိုနန္ဒာ ထင်သည့်အတိုင်း တင်ထွန်းအောင်ကို နာရီဝက်ကြာအောင်ပင် မပြောရ။ ကိုနန္ဒာ၏စကားများကို တင်ထွန်းအောင်သည် မျက်နှာငယ်ကလေးဖြင့် နားထောင်သည်။ သူ့မျက်လုံးတွင် မျက်ရည်တွေလည်း ဝဲနေသည်။

တင်ထွန်းအောင် စိတ်ပေါက်ပြီးဆင်းနေသည့်မှာတော့ သေချာသည်။ အိမ်ပြန်လိုက်ချင်နေပြီ။ သို့ရာတွင် ဘာမှတော့ မပြောသေး။

တင်ထွန်းအောင်သည် ခံမြင့်ကို အထင်ကြီးသည်။ ခံမြင့်ကလည်း တင်ထွန်းအောင် အထင်ကြီးမည်ဆိုလျှင် ကြီးလောက်သည်။ တင်ထွန်းအောင်ကို သူများကအနိုင်ကျင့်လျှင် ခံမြင့်က ရှေ့ကထွက် ကာကွယ်သည်။ အနိုင်နာခံသည်။ နံဝတ်နိုးမြင်ကိတ်ကြီးဆိုလျှင်ပင် ခံမြင့်က ခိုက်၍ ပေးသည်။ ခံမြင့်မပါလျှင် တင်ထွန်းအောင်လိုက်ချင်မှ လိုက်မည်။ ထို့ကြောင့် ခံမြင့်ကိုသိုသို အလေးကြီးသည်။

ခံမြင့်က တင်ထွန်းအောင်လို လွယ်လွယ်နှင့်ပြော၍ရမည့်အကောင်မျိုးက မဟုတ်။ သူ့သဘောထားကို ကိုယ်က မြင်ပုံရအောင် သိဖို့လိုသည်။ ကိုယ်က စကားပြော လေသံကြီးကို လိုသည်။ ကိုယ်လွှမ်းအောင်၊ ပြင်ရပြောဟု အကြောင်းကိုင်၍ မရနိုင်။ ထွက်အားပေးအကြောင်းကိုင်လျှင် လန့်ထွက်သွားမည်။ ထို့ကြောင့် ကိုနန္ဒာသည် ခံမြင့်ကိုမူ သေနင်္ဂဗျူဟာတမျိုး သုံးရသည်။

ကိုနန္ဒာသည် မျက်နှာချင်းဆိုင်းစေပြီး ခံမြင့်အတွက်သူ့သေနင်္ဂဗျူဟာကို ချက်ချင်း ချွတ်လိုက်သည်။

ခံမြင့်နှင့် ထိပ်တိုက် အငြင်းအခုန်မဖြစ်အောင် ရှောင်ရမည်။ ခံမြင့်၏ ထင်မြင်ချက်ကို လေးလေးနက်နက် မှတ်ရမည်။ ကိုယ်က စကားနည်းနည်း၊ သူက စကားများများပြောအောင် လုပ်ရမည်။ သူ့အမှားကို [illegible] လောက်မြွက်ဖြင့် မသိမသာ ထောက်ပြရမည်။ သူ့အမှား အကြောင်းကို မပြောဘဲ ကိုယ့်အမှားကို ကိုယ်က ပထမ များများ ပြောရမည်။ ထိုမှသာ အမှားသည် ပြင်နိုင်ရသောအမှားဟု [illegible] သူ့ကိုယ်သူ ခိုင်လာအောင် ချွန်းပိုက်၍ အားပေးရတော့မည်။ သူ့ကို [illegible]ချင်စိတ်ပေါ်သည့်အဖြစ်မျိုး မရောက်စေဘဲ ထွက်ပေါက် ပေးထားရမည်။ သူ့သိက္ခာကို သူ့ဘာသာသူ ပြန်ဆည်နိုင်အောင် အခွင့်အလမ်း ပေးထားရမည်။ ထွက်ပေါက်မပေးလျှင် မထူးဘူးဆိုပြီး မှားမှန်းသိလျက်

ရွက်တိုးတက်သည်။ သူ့တော်ကွက်ကလေးများကို မသိမသာ ဆော... ပြုရမည်။ သူ့ကို ကိုယ်ချင်းစာနာကြောင်း ပြရမည်။ ၎င်းတွင် အခ... နှိပ်စက်ကို ရှောင်ကြဉ်ရသည်။ ကိုယ်လိုချင်သည့် အရာကို အတင်... မပြောဘဲ၊ အထင်းသွန်းပြောလျှင် သူတို့ကို အကြောင်းကိုင်ရာ အတ... သေးရာ ရောက်မည်။ ၎င်းတို့၌ ကိုယ်ရည်သွေးချက် မတောင်မြင်... မှာ လှုပ်ယမ်း တက်ကြွစိတ်၊ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်တို့ကို ချိုး... ဖျက်သလိုရာ ရောက်မည်။ အပြုအမူရှိသောက်မှာ သူတို့လုပ် သမျှ အားလုံး မှန်သည်၊ ကောင်းသည်ဟု ကိုယ်က အလျှော့ပေးလျှင်... ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းသွားပြီး မိုက်မြင် လေမြင် ဖြစ်မည် မိရသည်။

ယခုပင် ခင်မြင့်သည် ထမင်းတလုပ်ကို သူ့ဝသသသူတော့ နှာစော... သည်ဟု သူ့ကိုယ်သူ ထင်နေပြီးသူ့ အထောင် မှန်သည် မှားသည် အမေထာ... သူ့မှာ့ကို ထိခိုက်စေမည့်စကားမျိုးဖြင့် ကိုယ်က ထိပ်တိုက်ဝင်၍ မပြော...

"ထမင်းထက်သောဘဲသောရယ်လို့တော့ မရှိဘူးပေါ့ကွာ၊ ဒါပေမယ့် ထမင်း ရှာစားပုံစားနည်းက ရှိသေးတယ် မဟုတ်လား။ မှန်မှန်ကန်ကန် ရှာစားတဲ့နည်းနဲ့ မမှန်မကန်ရှာစားတဲ့ နည်းရယ်လို့ ကွဲသေးတာပေါ့"

ကိုစန္ဒာက သွယ်ဝိုက်၍ဝင်သည်။

"ကိုယ့်ဗေဒသာကိုယ် ထွက်ပြေးလာပြီးမှ ဗီကောင်တွေထမင်းဝေတိ... မြင်လာတယ်လို့ အထင်ခံရတာမျိုးတော့ ဆရာ့ကိုဆုံးတဲ့ဦးလေးနဲ့မတော့ မထူးဘူး"

ကိုစန္ဒာက ၎င်းသို့ထင်မည်မဟုတ်ကြောင်း၊ ၎င်းသို့မထင်စေဘောင် ဒိမ်... လည်း ရှင်းပြမည်ဖြစ်ကြောင်း၊ တာဝန်ယူရသည်။

"မဖြစ်ပါဘူး ဦးလေးရာ၊ ကျွန်တော့်အိမ်က သူ့မှာ့နဲ့တူတာမဟုတ်ဘူး ဖေဖေက သူ့မိန်းမနဲ့ သူ့သားသမီးတွေအက်ကာရည်း ပါတာ၊ ကျွန်တော် က တကောင်ကြွက်။ ကျွန်တော့်မှာ ထွယ်တာစရာဆိုလို့ ဘာမှမရှိဘူး။ အိမ်မှာနေရတာ တရက်မှ စိတ်မချမ်းသာဘူး။ စာမေးပွဲကျတော့ ပြီ...



တောင် ဆိုးသေးတာယ်။ ဖေဖေကရော မိထွေးကရော ဆူတာင်းနင့် ဘဲ့ရာ ထားရတာ ဆန့်ကျင့်စရာလေးတဲ့။ တကယ်က ကျွန်တော်တလ ထမင်း စားတာ သူ့ သရှင်လုပ်နည်း တထည့်ကိုးတောင် မရှိပါဘူးဗျာ။ ကျွန်တော် အသဲနာလှပါတယ်"

ခင်မြင့်က သူ့ မိစားမျက်ကိုရှင်ပွင့်သည်။ သည့်နေရာတွင်တော့ ကိုစန္ဒာ ကလည်း ကိုယ်ချင်းစာသည်။ ခင်မြင့်ကိုမိတွေးသည့် သူ့အမေထတ် တင်တင်မြှင့်ကို အစားထဲကဖြစ်မည်ဟု ကိုစန္ဒာ တွက်သည်။ သူ့အမ အရည်းခေါက်ခေါက် တင်တင်မြှင့်ကိုပင်လျှင် သူစိတ်နာခဲ့သေးလျှင် ခင်မြင့် က သူ့မိထွေးကိုစိတ်နာသည်ဟု ဆိုခြင်းမှာ ပြောဘွယ်မရှိ။

"ကျွန်တော်အစေတုန်းက ဒီဘာမတီးဘူး၊ ဆေးမရှူဘူး။ ဆေးလိပ် တောင် မသောက်ဘူး။ ဆံပင်ရှည်တော့ ထားတယ်။ ဆံပင်ရှည်ထားပေမ ယ့် ကျွန်တော်ထမ်းသည်လို မနေပါဘူး။ ကောင်းကောင်းမွန်မွန် နေတာ ပါ။ စာလဲကြိုးစားတာဘဲ။ တန်းတတန်းအောင်တာဘဲ။ ဒါလဲ အဖြစ် အကြောင်းခံရတာဘဲ။ အထွေမထွက်ဘူး၊ ဆံပင်ရှည်ထားလဲထားပြီးပြီ၊ စာတတ် လဲဘဲ စာတွေ တက်ပြီးပြီးသူ့ကိုသူ ဘီတလ ကျနေတာဘဲ၊ တွေ့ကာ ဆယ်တန်း မအောင်ဘူး၊ ဝေဲတော့ ကြိုကြိုကျယ်ကျယ်ဖြစ်တယ်၊ အိမ်မှာ ဘာမှ အသုံးမကျဘူးဆိုပြီး ဆူတယ်။ ဝတ္တုစာအုပ်ဖတ်ရင် မဖတ်ရဘူးဆိုပြီး စာအုပ်ကို လွှင့်ပစ်တယ်။ သူငယ်ချင်းတွေနဲ့တွေ့လို့ တခါတလေများ အိမ်ပြန်နောက်ကျရင် ဂျပိုးတိုးနေတာဘဲ ဘာဘဲဆိုပြီး ဆူတယ်။ တနှစ် လုံးမှ ဝရိုရွှက်ကလေး တထည်နှစ်ထည်ဝယ်ပေးတာယ်။ ဆယ်တန်းသား ပျောက်ရော မှုံးဘိုး တနေ့ မြားဝေါ်ဆယ်ဘဲရတယ်။ ဦးလေး စဉ်းစားကြည့် ပါ။ ဒီခေတ်ကြီးထဲမှာ ပြားငါးဆယ်က ဘာသွားစားမှာလဲ။ လက်ဖက် ရည် တခွက်ကို ပြားလေးဆယ်။ ဟဲဒါ ကျွန်တော်က မလောက်ဘူးလို့ ထပ်တောင်းတော့ သားတွေ သမီးတွေအားလုံး ညီတူမျှတူပေးတာဘဲတဲ့၊ နင်က ဘာဖြစ်လို့ ပိုလိုချင်ရသလဲတဲ့။ သူ့သားသမီးတွေက ဆယ်ဘဲတန်း ဆယ့်နှစ်နှစ်အရွယ်တွေ။ မြောက်တန်း-ခုနစ်တန်းမှာ။ ဗီအရွယ်တွေနဲ့

ကျွန်တော့်ကို မုံ့ဖိုးအတွက်ပေးတော့ ဦးအေးမြင့်ကျွမ်းသလို ကျွန်တော်က ဒီပြဿနာတွေနဲ့ ကြုံရတော့မှာလား။ သည်းခံရင်း အမေပြော အသင်းကို ကိုယ်က ထပါတောလေပြန်ကျွေးတို့ မွေးဖို့ မပြောနဲ့ ကိုယ့်ဟာသာကိုယ်တောင် မစားလောက်ဘူး"

ကိုနန္ဒာက သက်ပြင်းချသည်။ ခင်မြင့်ပြောသည့်စကားမှန်လှပေ တကယ်တော့ မသုံးလောက်။

"မင်းအမေကို မပြောဘူးလား"

ခင်မြင့်က နှာခေါင်းကိုရှုံ့သည်။

"မေမေ့ရှေ့ရှုမှာတော့ မိထွေးက ကျွန်တော့်ကို ဖူးဖူးမှုတ်မထားတော်သဖူး ပြောလိုက်တာနဲ့ ရွှံ့ရှုန်းကြေးလျော်၊ ခေါ်တာတောင် မေမေခေါ်သလို 'ကိုရဲ'လို့ ခေါ်တာ။ မေမေ့ကွယ်ရာမှာတော့ 'ငရဲ'တဲ့။ တစ်ဟင်း။ ဒီတော့ ကျွန်တော် မေမေ့ ပြောတော့လဲ မေမေက ဘယ်ယုံမလဲဗျာ။ တော မပြောချင်ပါဘူးဦးလေးရာ။

ခင်မြင့်သည် သူ့အမေကို သူ စိတ်နာနာနှင့် ပြောတော့မည်ဖြစ်၍ ချိုးထိန်းထားလိုက်ရ ရသည်။

"ဒါနဲ့ မင်း ပေတော ပစ်လိုက်တယ် ဆိုပါတော့"

ကိုနန္ဒာက ခင်မြင့် မျက်နှာကို တစ်ချက်တချက်ကြည့်၍ မေးသည်။ ခင်မြင့်က ပင် ရှုံ့တွန့်ပြောနေသလောဟု သူ့အကဲခတ်လိုက်သည်။ ခင်မြင့်မျက်နှာသည် ဝကတ် မို့သားသား မျက်နှာဖြစ်သည်။ လိမ်ညာပြောနေခြင်းမဟုတ်ဟု ကိုနန္ဒာ ချက်ချင်း ဆုံးဖြတ်လိုက်သည်။

"ဟုတ်ကဲ့။ ကျွန်တော် ကိုတ်မိုက် သိနဲ့ပါတယ်။ အနှံ့ဆုံး ဆယ်တန်းအောင်ရင် အလုပ်ဖြစ်ဖြစ် ထွက်လုပ်မယ်ပေါ့။ ဒါပေမယ့် ဘကြောင့်မရပါဘူး ဦးလေးရာ။ နေ့စဉ်နဲ့ အမျှ ဖြစ်နေတော့ ဘယ်စာကျက်လို့ရပါ့မလဲ။ တနေ့တော့ ဆရာ က ဆံပင်ရှည်မထားနဲ့လို့ ပြောတယ်။ မိထွေးကလဲ တပြားရှာရှာမရှိရင် ဒီဆံပင်ရှည်ထားတာကိုရည်း ရမယ်ရှာတယ်။ ဒီတော့ကျွန်တော်က ကျွန်တော်ဆံပင်ရှည်ကို သဘောကျပါ



ဘူး အနေအထိုင် ဘာမှ ပေါ့ပေါ့ရှုပ်ရှုပ် မနေပါဘူး။ ဗိုဆေးလိပ်လဲ မသောက်၊ တောင်းတီးခံကြွက်လဲ မဝတ်ပါဘူး။ ဒါလေးတော့ ထားပါဦးလို့ ပြောတယ်။ ဆံပင်ရှည်ဆိုတာလဲ ဟဲဗီတုန်းက ဒီလောက်တောင် ရှည်သေးတာ မဟုတ်ပါဘူး။ အဲဒါ မရဘူး ဦးလေးရေ။ မေမေက ကျွန်တော့်ကို နှုတ်အတင်း ဆံပင်အတိုအညှပ်ခိုင်းတယ်။ အဲဒီနေ့ကစလ ကျွန်တော် သိပ်စိတ်ထိခိုက်တာဘဲ ဦးလေးရာ။ ကျွန်တော့်ခေါင်းကို ကျွန်တော်မှန်ထဲကြည့်ပြီး အားရပါးရငိုမိတယ်။ ဒေါသထွက်ထွက်နဲ့ နံရံတွေ ကာလတွေကလဲ လက်သီးနဲ့ ပိတ်ထိုးပစ်တာ လက်တွေကို ရှုပွဲအောင်နေတာဘဲ။ စိတ်ဆိုးပြီး နှစ်ရက်လောက် ထမင်းကိုမစားဘူး"

သည်တွင် ခင်မြင့်၏လမ်းသလဲ့စာတ်လမ်း ထပ်ပြီသည်။ ကိုနန္ဒာသည် လူငယ်တွေ အလွန်အကျွံဆံပင်ရှည်ထားသည်ကို မကြိုက်။ သို့ရာတွင် အမေ့နည်းသုံး၍ ဆံပင်ဖြတ်သည်ကမူ မှားသည်ဟု ကိုနန္ဒာ ထင်သည်။ လူ့သည့်မှာ မလုပ်နှင့်ဆိုသည့်အရာကို လုပ်ချင်တတ်သည်။ နှိပ်ကွပ်လေ့ရှည်သည် လူငယ်တို့အနက်ကို ပို၍ ပြင်းပြအောင်သန်လာစေသည်။ မှု ပေးသလို ဖြစ်သည်။ ထို့ကြောင့် အမေ့ ဆံပင်ဖြတ်ခိုင်းသည့်နည်းကို ကိုနန္ဒာ လက်မခံ။ အချိန်ယူရမည်၊ စိတ်ရှည်ရမည်၊ သဘော ပေါက်အောင် ရှင်းပြရမည်၊ ပညာပေးရမည်ဟု ကိုနန္ဒာ ထင်သည်။ နှိပ်ကွပ်ခြင်းကြောင့် ထွက်အခြေအနေ ပို၍ ဆိုးသွားနိုင်သည်။

ယခုမှာ ခင်မြင့်ကိုမူ သူ့အမေက ဆံပင်ကို အတင်းဖြတ်ခိုင်းသည့်အခါ၌ ခင်မြင့် ခံပြင်းသည်၊ နာကျည်းသည်။ မတရားသဖြင့် ဖိနှိပ်သည်ဟု မြင်သည်။ မိဘအုပ်ထိန်းမှုအောက်တွင် ဆံပင်ရှည်ကလေးမျှ ထားခွင့်မရဟု ယူကျုံးမရဖြစ်သည်။ လွတ်လပ်မှုကို တောင့်တလာသည်။ သူ့လွတ်လပ်လိုသောဆန္ဒသည် အထားအဆီးမရှိ ကြီးထွားလာသည်။ စည်းကမ်းမဲ့ဖို့ ဟူသမျှသည် အလကားဟု ထင်လာသည်။ အကြီးအကျယ် ရှုပ်ရှုပ်ထွေးထွေးသည်၊ ခေတ်နောက်ကျသည်ဟု လူကြီးတွေကို အထင်သေးလာသည်။

နောက်တနေ့က ပတ်ဝန်းကျင်ဖြစ်သည်။ သည့်လို ဖိနှိပ်ခံနေရသည့် လွတ်လပ်မှုကို အတိုင်းအဆမရှိ တောင့်တနေသည့် မကောင်းသော ပတ်ဝန်းကျင်နှင့်တွေ့သည်။ ဆေးရုံတက်ပါသည်။ စိတ်ညစ်စရာတွေ၊ နာကျည်းစရာတွေ၊ မျိုးစရာတွေ၊ အဆင်မပြေမှုတွေကို ဆေးခြောက်က ခေတ္တ မေ့ပျောက်သွားစေသည်။ သည့်လိုဖြင့် ခိုမြင့်ဆေးစွဲလာခဲ့ခြင်း ဖြစ်သည်။ စောနက ဆေးခြောက်ဖြစ်သော်လည်း နောက်တွင် နံပတ်[illegible] အထိ ရောက်လာသည်။

ခိုမြင့် ကျောင်းကောင်းကောင်း မတက်၊ စာကောင်းကောင်း မကျက်တော့။ စာမေးပွဲ တခါက နှစ်ခါကျလာသည်။ အိမ်က ငြိုငြင်လာသည်။ ဆူပူလာသည်။ ပိုမို တင်းကြပ်လာသည်။ တင်းကြပ်လာသည့် အတိုင်း တင်းကြပ်လာသော အိမ်စည်းကမ်းနှင့် အတားအဆီးမရှိ ကြီးထွားသည့်အတိုင်း ကြီးထွားလာသော၊ ခိုမြင့်၏ လွတ်လပ်လိုသောဆန္ဒတို့ လာတိုက်မိကြသည်။ သည့်နှင့်ခုနက်တိုက်မိမှုကြောင့် ပေါက်ကွဲသည့် ရလဒ်ကား ခိုမြင့်ဆိုသည့် မြန်မာကလေးတယောက် လွင့်စင်သွားခြင်းပင် ဖြစ်သည်။

"ဆေးရုံတာဟာ ဘယ်ရှုထောင့်ကကြည့်ကြည့် မကောင်းဘူးဆိုတာ ကျွန်တော်သိပါတယ် ဦးလေးရ။ အတော့်ကတော့ အိမ်ကဆူလွန်းလို့ စိတ်ညစ်ပြီး စမ်းကြည့်ရင်းနဲ့ စွဲသွားတာပါ။ ဒါပေမယ့် ဆံပင်ရှည်ထားတာတော့ ဘယ်သူ့ကိုမှ အနှောင့်အယှက်ပေးတာလဲ မဟုတ်ပါဘူး။ ကိုယ့်ဘာသာကိုယ် လှတယ်ထင်လို့ ထားတာပါ။ ကျွန်တော်ဆိုရင် အတော်နဲ့က ဆံပင်ရှည်ထားပေမယ့် ကောင်းသေးတော့ မထင်ဖူး။ အခုပေါ အကျိုး လုံ့ပြည်ကိုလာတာ၊ ဒါပေမယ့် ဆံပင်ရှည်ကို အတင်းဖြတ်ဆံပင်နည်း ထားရုံနဲ့ အိမ်က 'လမ်းသရဲ၊ လမ်းသရဲ' လို့ ပြောလာတော့ ကျွန်တော် ရှက်တယ်။ မခံချင်ဘူး။ လမ်းသရဲလို့မခေါ်ဘဲ ပြောတော့လဲ မကျေဘူး။ ဆံပင်ရှည်ထားရင် လမ်းသရဲတဲ့။ ဒီတော့ လမ်းသရဲလို့ အခေါ်ခံရမယ့်



[illegible]တော့ မထူးတော့ပြီ ကျွန်တော် လုပ်ချင်ရာတွေ လျှောက်လုပ်[illegible]တာ၊ ဒီပြဿနာတွေကြောင့် အရေးမကြီးဘူး။ ဆံပင်ရှည်ထားတာကို [illegible]ရှင် ကျွန်တော် သိချင်တာပါ"

"ဒါတော့ကွာ၊ မင်းတို့က အမေရိကန်က ဟစ်ပီတွေလို ဆံပင် [illegible]ရှည်ကြီးတွေထားတော့ လူကြီးတွေက ကိုယ့်ကျေးကိုယ့်အသ နိုင်ငံခြား [illegible]ယဉ်ကျေးမှုကို အတုမယူဘဲ အမျိုးသားယဉ်ကျေးမှုကို မြတ်နိုးတာ [illegible] ဖြစ်မှာပေါ့"

ကိုရှုဘက ခိုမြင့်၏အဘော်တဲ့ကို သေချာဆို စမ်းကြည့်သည်။ ခိုမြင့် [illegible] ဆတ်တရ ကိုရှုဘကို ပေါ်ကြည့်သည်။ သူ့အမူအရာက [illegible] ဆိုက်ဆိုက်သည်နှင့် တောင်ထလာသော ခြေထောက်၏ သတ္တုာနိမ့်း။

"ဒါ အမျိုးသားယဉ်ကျေးမှုလဲ ဦးလေးရ၊ ကျွန်တော် ဆံပင်နည်း[illegible]တော့ကိုတော့ အမျိုးသား ယဉ်ကျေးမှုမဟုတ်ဘူးလို့ ပြောတယ်။ ကျွန်တော့်မိတွေ တရုတ်ဟာဝတ်ပြီး ဒိုက်သားပတ်ဝင်း ခေါ်တား[illegible]ဟာကတော့ အမျိုးသားယဉ်ကျေးမှုတဲ့လား။ အဆက်ရှိရာတော့ [illegible]၊ အတွက် ကျန်းမာရေးနဲ့ညီညွတ်သတဲ့။ အပူအပိုက် သက်သာသတဲ့၊ [illegible]ပေါ်သတဲ့။ လူကြီးတွေဟာ သူတို့လုပ်ချင်တာကျတော့ အကြောင်း မျိုးမျိုး ပြလုပ်ကြပြီး သူတို့မလုပ်ချင်တာကျတော့ တာ ဖြစ်သလေး [illegible]ကလေးနဲ့ တခုမှ အကောင်းမမြင်ဘူး။ ကျွန်တော် ခေါ် အမှန်း [illegible]တဲ့၊ ဦးလေးလဲ သူတို့နဲ့ အတူတူ နေမှာပါပဲ"

ခိုမြင့်သည် သည့်ပြင်အရာတွေကို ပြောချင်ရှင် ရှိသည်၊ သူ့ဆံပင် [illegible]ကိုတော့ အတ်ဆတ်ထိ မခံ။ ယခုပင် ခိုမြင့်၏ထိုးစစ်သည် ကိုရှုဘ [illegible]ဘက်သို့ လှည့်လာပြီ။ သည်တော့ ကိုရှုဘက မိမိဖြင့် မြန်တိုက်ရမည် [illegible]နှင့် ထိမ်းကိုက်မဝင်မိဘို့၊ သူ့ကို ချောင်မိစေမဲ့ သောနည်းလမ်းကို [illegible]ကိုင်ရသည်။

"ဦးလေးက ဆံပင်ရှည်မထားသင့်ဘူးလို့လဲ မပြောရသေးဘူး၊ ထား [illegible]သင့်တယ်လို့လဲ မပြောရသေးပါဘူးကွ။ သူတို့က [illegible]

ပြောတာပါ။ တကယ်က ဆံပင်ရှည်တာတဲ့ကိစ္စဟာ ပြဿနာရဲ့ အနှစ်သာရ မဟုတ်ပါဘူး။ ပြဿနာရဲ့အနှစ်သာရက လူကြီးနဲ့လူငယ်ရဲ့ …တွေပါ။ လူကြီးနဲ့လူငယ်ရဲ့ ပဋိပက္ခဟာ ခေတ်တိုင်းမှာ ရှိခဲ့ပြီ။ လူကြီး… လူငယ်ရဲ့ ပဋိပက္ခဟာ ပုံသဏ္ဌာန်တမျိုးမဟုတ် တမျိုးနဲ့ ပေါ်တာဘဲ။ ဆံပင်ရှည်ကိစ္စဟာ ဒီပဋိပက္ခကို ပုံသဏ္ဌာန်တမျိုးနဲ့ပေါ်ပြတာဘဲဖြစ်တယ်။ ဒီပုံသဏ္ဌာန်နဲ့မပေါ်ရင် တခြားကိစ္စတခုရဲ့ ပုံသဏ္ဌာန် ပေါ်လိမ့်မှာဘဲ"

ခင်မြင့်က ကိုဇော်နွဲ့စကားကို စူးစိုက်၍နားထောင်သည်။ တင်ထွ… ကြောင်း ထိုစကားများကို စိတ်ဝင်စားဟန်မရှိ၊ တဲဝ၌ ဝါး… ကွပ်ပျစ်ပေါ်တွင် ခွေနေသည်။

"လူကြီးက လူငယ်ကို အရေးထားကြ မရှိဘူး၊ စဉ်းစားဆင်ခြင်တတ်တဲ့ ဉာဏ်မရှိသေးဘူး၊ အလိုမကျဘူး၊ ဆောင့်ကြွားကြွားလို့ ထင်တယ်၊ ငိုသာသိတယ်၊ ရီသာတတ်တယ်လို့ ထင်တယ်။ ဘဝင်မြင့်တယ်။ လူငယ်ကလဲ လူကြီးဆိုတာ ရှေးကျတယ်၊ ရှေးဆန်တယ်၊ ခေတ်နောက်ကျသွားတယ်၊ ချုပ်ချယ်တယ်၊ နိုင်ထက်စီးနင်းလုပ်တယ်လို့ ထင်တယ်။ … အယူအဆနှစ်ခုဟာ ခေတ်တိုင်းမှာ ပဋိပက္ခ ဖြစ်ခဲ့ပြီ။ တခုက လူကြီးရဲ့ အယူအဆ၊ တခုက လူငယ်ရဲ့ အတွေးအခေါ်"

ခင်မြင့်က ကိုဇော်နွဲ့ထံက စီကရက် တောင်းသောက်သည်။ သည်တော… တင်ထွန်းအောင်လည်း ခေါင်းထောင်၍ ထလာကာ စီကရက်တလိပ်… ယူသည်။

"လူကြီးဟာ နိုင်သူ၊ လူငယ်ဟာ အနိုင်ခံရသူ။ လူကြီးက လူငယ်… တွေ ဘာမှနားမလည်ဘူးဆိုပြီး နေရာမပေးချင်ဘူး။ လေးလေးစားစား… မဆက်ဆံချင်ဘူး။ ကိုယ်ကကျွေးထားရတယ်ဆိုတဲ့မာနနဲ့-အာဏာသုံးပြီး ချုပ်ချယ်တယ်။ လူငယ်ကလဲ လူကြီးတွေဟာ ခေတ်သစ်တောကို ဘာမှ နားမလည်ဘူး။ သူတို့ နေဝင်ချိန်ရောက်ပြီ၊ ငါတို့ခေတ်ရောက်ပြီ ဆိုပြီး မာနထောင်ကြတယ်။ လူကြီးရဲ့ ချုပ်ချယ်ခံရမှုများတော့ ပေါက်ကွဲဖို့ ဂ… လာတာဘဲ။ မှန်မှန်ကန်ကန် ပေါက်ကွဲတာလဲ ရှိတယ်။ မမှန်မကန်



ပေါက်ကွဲတာလဲ ရှိတယ်။ ဒါပေမယ့် ဘာဘဲဖြစ်ဖြစ် လူကြီးက စိတ်ရှည်ဖို့ လိုတယ်။ လူငယ်တွေ မမှန်မကန် မပေါက်ကွဲ လေလွင့် ဖျက်ဆီး…ရတဲ့ အဓိကတာဝန်ဟာ လူကြီးတွေရဲ့ တာဝန်ဘဲ"

ကိုဇော်နွဲ့က ခင်မြင့်ကို တချက်ကြည့်သည်။

"ဒီလိုဆိုတော့ ဦးလေးက ဘယ်ဆိုးလို့တုံး"

ခင်မြင့်သည် ကိုဇော်နွဲ့စကားကို သဘောကျဟန်တူသည်။ သူ့ သမီးချုပ်ဟာက တက်သားမိအမှုကို သူ့ဘိုက် တောက်ပြီးမည်၊ …ကိစ္စများကို အရင်းခံ၍ ပြောရမည်ဆိုသည် မဟုတ်လော။ သို့မှသာ … သင်ခန်းစာ ယူနိုင်မည်။

"ဦးလေးတို့ငယ်ငယ်တုန်းကလဲ ဒီလိုပါဘဲ။ အဲဒီကလူကြီးနဲ့ မတူဘူး။ …ကြီးက သိပ် ချုပ်ချယ်တယ်။ ဆေးလိပ် သောက်ရင်လဲ မသောက်ရ၊ …ကုတ်ကြည့်ချင်ရင်လဲ မကြည့်ရဆိုတော့ ဘိုင်စကုတ်ကြည့်ချင်တဲ့စိတ်၊ ဆေးလိပ်သောက်ချင်တဲ့စိတ်ကို မြှုပ်ထားသလို ဖြစ်နေတယ်။ ဒီတော့ လူကြီး …ကွယ်ရာမှာ ဆေးလိပ်ခိုးသောက်တာဘဲ၊ ခိုးပြီး ဘိုင်စကုတ် ကြည့်တာဘဲ၊ နောက်တော့ ချုပ်ချယ်တော့ သိပ် ကျူးကျော်လာတယ်။ ကျူးကျော်လာတော့ လွတ်လွတ်လပ်လပ် နေရရင်ပြီးရော နည်းလမ်းမှန်မှန် မမှန်မှန် ကျင့်ချင်ရာတွေ လုပ်လာကြတာဘဲ"

"ဦးလေးတော့ အဲဒီက ထွက်မပြေးဘူးလား"

ခင်မြင့်က စိတ်အားထက်သန်စွာ မေးသည်။

"အဲဒီကတော့ ထွက်မပြေးဘူးဘူး။ ဒါပေမယ့် အဲဒီက ဆင်းရဲသား…တယ်။ သူငယ်ချင်းတွေနဲ့ သွားနေတယ်။ နဝ ဦးလေး ဖာသာ …ငယ်ချင်းတွေနဲ့ နေနေသတဲ့။ မိဘလဲမရှိ၊ ဆွေမျိုးတွေကလဲ ကိုယ့် …ဘာသာကိုယ် ဖြစ်ကုန်ကြပြီ။ ဦးလေးလဲ အမှားအမှန်ကို အထိုက် …လျောက် ခွဲခြားဝေဖန်တတ်တဲ့အရွယ် ရောက်ပြီ။ ဒီတော့ ကိုယ့်လမ်း ကိုယ်လျှောက်ရမယ်"

"အဲဒါ မလွယ်ဘူးဦးလေးရဲ့"

ခင်မြင့်က ပြောသည်။ သည်မှာ ခင်မြင့်ကို တချက်ကြည့်ပြီး၊

"ဘာမလွယ်ရမှာလဲကွ။ မင်းတို့ ခုနက ထမင်းတလုပ်တော့ ဘယ်[...] ရှာစားစား ရပါတယ်လို့ ပြောတယ် မဟုတ်လား။ အဲဒါ ကိုယ့်[...] ကိုယ်လျှောက်တာပေါ့။ ဒါပေမယ့် 'ဘယ်လို ရှာစားစား' ဆိုတာကိုတော့ ဦးလေး အိပ် သဘောမတူဘူး"

"ဘာဖြစ်လို့လဲ"

"သူခိုး၊ မျက်လှည့်ကျွမ်း ထမင်းတလုပ်စားရတာမျိုးကတော့ ဘ[...] ကောင်းမလဲကွ။ ဒါက ကိုယ့်လမ်း ကိုယ်လျှောက်တာမှ မဟုတ်[...] သူများ မျက်နှာမှာ ကြိုးလျှောက်တာ"

"ဟုတ်တယ် ဦးလေး၊ ဒေါကမှာ မိုလိုလူမျိုးတွေ တခုကြီး[...] ကျွန်တော် ထိပ်မှန်းတာပဲ"

ခင်မြင့်သည် သည်လိုဆိုတော့လည်း မတော်တော့ကို မှန်းကျွမ်း သိ[...]

"ဒီတော့ ကိုယ်က ဒီလိုလူ အဖြစ်မခံနိုင်ပါဘူး။ ကိုယ့်[...] ကိုယ်ကိုးရမယ်။ ကိုယ့်လမ်းကိုယ်လျှောက်နိုင်အောင် ကြိုးစားရ[...] ခဲ့ရလျှောက်နိုင်အောင် သတ္တိမွေးရမယ်။ လမ်းပေါ်က လွင့်စင်ကျ[...] အောင် ကိုယ့်ကိုယ်ကိုယ် ထိန်းရမယ်"

"ဒါဖြင့် ကျွန်တော်တို့တော့ လမ်းပေါ်က လွင့်စင်ကျသွားပလား[...]"

သည်မေးခွန်းကိုတော့ ကိုရွှေ စဉ်းစား၍ ဖြေရမည်။ လွ[...] ကျသွားပြီဟု ဆိုလျှင် စိတ်ပျက် အားငယ်သွားမည်။ မလွင့်စင်[...] ပြောလျှင် သူတို့ လုပ်သမျှတွေကို အဟုတ်ထင်နေမည်။

"လွင့်စင်ကျသွားပြီလို့တော့ မဆိုနိုင်သေးပါဘူး။ ဒါပေမယ့် မ[...] ဟာ အင်မတန်နက်တဲ့ ချောက်ကမ်းပါးကြီး နှုတ်ခမ်းပေါ်မှာ [...] လျှောက်သွား ဖြစ်နေပြီ။ ဒါကြောင့် ဦးလေး ခုလို ခက်ခက်ခဲခဲ လိုက်[...] တာပေါ့။ ဦးလေး မင်းတို့ကို နားလည်တယ်။ ကိုယ်ချင်းစာတ[...] လူကြီးက ချုပ်ချယ်ပိုင်စိုးလို့ လူငယ်တွေက အဆိ[...]



လွတ်မြောက် အဓိပ္ပါယ်မဲ့လွတ်လပ်ခြင်းဟာ လွတ်မြောက်ချင်တာ မွေ့တာ တာ။ ဒါပေမယ့် မင်းတို့ကိုယ် မင်းတို့ လွတ်မြောက်အောင် လုပ်တဲ့ နည်းဟာ မှားနေတယ်လို့ ဦးလေးထင်တယ်။ ဒီတော့ မင်းတို့ စိတ်ကျေး မလှပါနဲ့။ ဦးလေးနဲ့ ပြန်လိုက်ခဲ့ကြ"

တင်ထွန်းအောင်ကတော့ လိုက်ချင်လှပြီ။ သည်လောက် အခက်အခဲ တွေ့ရလျှင် စိတ်ပျက်နေပြီ။ ခင်မြင့်က စဉ်းစားနေသည်။

"အိမ်ပြန်ရင် ရိုက်ပြီး ချုပ်နှောင်မှာပေါ့ ဦးလေးရ။ ပြီးတော့ ကိုယ့်ဘာ သာကိုယ် ရှာစားနိုင်လို့ အိမ်ပြန်လာတယ် အပြောခံရမှာ ရှက်တယ်"

"အိမ်က လူကြီးတွေလဲ စိတ်မကောင်း ဖြစ်နေကြတယ်။ ဦးလေးလဲ ကူ ပြောပေးမှာပေါ့။ ကိုယ့်အမှားကို အမှားလို့မြင်ပြီး ပြင်ရတာဟာ ရှက်စရာမဟုတ်ပါဘူး။ အမှားကို အမှားမှန်းသိလျက်နဲ့ ဆက်ပြီး ကျူး လွန်နေတာကသာ ရှက်စရာ ကောင်းတာပေါ့"

"တခုတော့ရှိတယ် ဦးလေးရ"

"ဘာလဲကွ"

"ကျွန်တော်တို့ ဆေးရှူတာ အိမ်က မသိသေးဘူး။ ဆေးရှူတာ သိရင် အိမ်က ကျွန်တော်တို့ကို ရိုက်မှာ။ ပြီးတော့ အိမ်ပြန်ရောက်ရင် ဆေးရှူရတော့မှာ မဟုတ်ဘူး"

သည်ပြဿနာက အခက်ဆုံး။ ခင်မြင့်က ဆေးရှူခြင်းကို တရားဝင် ရအောင် တောင်းဆိုလာခြင်းဖြစ်သည်ဟု ကိုရွှေ ထင်သည်။ အိမ်က ချုပ်ချယ်လာလျှင် ခင်မြင့်တို့အဖို့ သူ ကာကွယ် ပေးနိုင်သည်။ သို့ရာတွင် ဆေးရှူသည့်ကိစ္စကိုမူ သူဝင်၍ ရှေ့နေလိုက်ပေး၍ မဖြစ်။

စင်စစ် သူတို့သည် သူတို့ဆေးရှူသည့် ကိစ္စကို အိမ်ကမသိဘူး ထင်နေခြင်းဖြစ်သည်။ တကယ်တွင် အိမ်က အကုန်သိနေပြီ။ အိမ်က ယခုအချိန်မှာ သူတို့ကို အိမ်သို့ ပြန်ခေါ်မည်။ ပြန်ရောက်လျှင် ဆေးနှုတ် ကုမည်။ သည်အကြောင်း သူတို့ကိုတော့ ရှင်းမပြောနိုင်။ အိမ်က အတန်တန် မှာလိုက်သည်။ သူတို့ကို ဆေးကုမည်ဆိုလျှင် ပြန်လိုက်

ချင်မှ လိုက်မည်။ အခရေးအကြီးဆုံးမှာ သူ့ဘိုး အိမ်ပြန်ရောက်ဖို့ ကိ
ဖြစ်သည်။

"ဒါကတော့ ဟိုရောက်မှ ကြည့်ပြီး စီစဉ်တာပေါ့ကွာ။ ဒေါ
တလတ ကျန်းမာရေးကို ဘယ်လောက် ထိခိုက်သလဲဆိုတာ မင်းတို့လဲ
အသိသားပဲ"

ကိုနန္ဒာက မပျော်မရွှင် ဖြေသည်။

ထို့ပြင် နောက်ဆုံးတွင် တင်ထွန်းဝေသောင်နှင့်ရဲမြင့် ကိုနန္ဒာနောက်သို့ ပါလာကြသည်။ ကိုနန္ဒာသည် နတ်ဖမ်းသောင်စခန်းတွင် ရဲမြင့်တို့နှင့် တညအိပ်ပြီး နောက်တနေ့ ထားဝယ်သို့ ထွက်လာသည်။

သည်အထိတော့ ကိုနန္ဒာ၏ခရီးသည် ချောမွေ့သည်ဟု ဆိုရမည်။

[ ၉ ]

မည်သည့်အတွက်ကြောင့် မသိ၊ ထားဝယ် အနောက်ဘက်က ကျွန်း ကလေး တကျွန်းတွင် ကိုနန္ဒာတို့စက်လှေ ဆိုက်သည်။ ပထမတော့ မိုးကြိုကြသဖြင့် ကိုနန္ဒာ စိတ်တိုသည်။ အချိန်အခါမဟုတ်၊ နေရာ မဟုတ်သည့် နေရာတွင် စက်လှေသားဆိုက်သဖြင့် စိတ်အနှောင့်အယှက် ဖြစ်ရသည်။

အစက ထားဝယ်မှ လေယာဉ်ပျံနှင့် ပြန်ရန်ဖြစ်သည်။ ထိုရာတွင် မိုးဥတုမကောင်း၍ ထားဝယ်သို့ လေယာဉ်ပျံ မဆင်းသည်မှာ ကြာပြီဟု ဆိုသည်။ သင်္ဘောကို စုံစမ်းတော့ သင်္ဘော ပျက်သည်။ မကြီး၊ ထို့ကြောင့် မုဒ္ဒလိက စက်လှေတစင်းဖြင့် ကိုနန္ဒာတို့ သုံးယောက် ထားဝယ်မှ ထွက်ခဲ့ကြသည်။ အိမ်သို့လည်း ထားဝယ်မှ ထွက်မည့်ရက်ကို ကြေးနန်း ရိုက်လိုက်သည်။

ပင်လယ်ခရီးကို ကိုနန္ဒာ မသွားဘူးသေး၊ သည့်ကောင် နှစ်ကောင် ရှိသည်။ အပြောင်းအလဲရှေးတော့ ရှိသည်။ ပင်လယ်ခရီးကို သွားဘူး သော ရည်ရွယ်သဖြင့် စက်လှေနှင့် လိုက်ခဲ့ခြင်း ဖြစ်သည်။ နောက် အကြောင်းမှာ ပင်လယ်ခရီးဖြင့် သည့်နှစ်ကောင်ကို ပြန်ခေါ်ရသည်မှာ

လိုရှိသည်ဟု ကိုနုမှာ ထင်သည်။ ကုန်းလမ်းဖြင့်သွားလျှင် ထွက် မည်ကို စိုးရိမ်ရသေးသည်။ ထိုသယ်တွင်ဆိုလျှင် သည်တောင်နှစ်ထော ဘယ်ကိုမှ မပြေးနိုင်။ ထောင် ရန်ကုန်တိုက်ရိုက်ဖြစ်၍ ပို၍ စိ ရသည်။

ထောင်ထဲကထွက်တော့မှ ရာဇဝတ် အပြေအစ သိပ်မကောင် အရှက်တောင် လေပြီး ကျနေသည်။ မိုးကလည်း ရွာနေသ လှိုင်းကလည်း တော်တော်ကြီးသည်။ ထိုလမ်းကြောင်းက သူတို့ စက် သည် နံနက်ထွက်မည်ဟု ဆိုသည်။ ထို့ကြောင့် ကိုနုမှာတို့ အသ ဖြင့်ကြရသည်။ ထိုနေရာတွင် ရာဇဝတ် မကောင်းသဖြင့် နေ့လည် နာရီလောက်မှ ထွက်မည်ဟု ဆိုသည်။ နေ့လည် ၁၂ နာရီကျတော့ လည်း မထွက်ဖြစ်သေး။

ကိုနုမှာတို့စက်လှေသည် သိပ်မကြီးလှ။ သင်္ဘောမဟုတ် တရာကျော်လော သာ ရှိမည် ထင်ရသည်။ စက်လှေ ဦးပိုင်းကို သင်္ဘောဆေးဖြူဖြင့် သု ထားသည်။ သင်္ဘောဆေးဖြူပေါ်တွင် 'မွှေနံ့' ဟူသော အမည် သင်္ဘောဆေးနက်ဖြင့် ရေးထားသည်။ စက်လှေပေါ်တွင် ခရီးသ များ အတွက် မှန်ပြတင်းပေါက် ထိုင်ခုံများပါသည်။ ထိုင်ခုံများ လည်း သင်္ဘောဆေးဖြူ သုတ်ထားသည်။ စက်လှေများ ကြား 'မွှေနံ့'သည် တကယ်မွှေးနံ့ထကောင်းလှ ကော့၍နေသည်။ ဖြ လှနေသည်။

အလုပ်သမားများသည် ထိုင်ခုံများကို စက်လှေ ဝမ်းထဲသို့ သယ် ထမ်း၍ နေကြသည်။ ညွှတ်ကျနေသော ကုန်းတောင်တလျှောက် အပြေးတက်လာသော အလုပ်သမားများကို ကြည့်ရသည်မှာ အသ ယားစရာ ကောင်းသည်။ အချွေးအချွေးထွက်နေသော ပခုံး၊ လေ မောင်း၊ ခြေသလုံးကြွက်သားများသည် မိုးရေနှင့် ချွေးများကြောင့် ပြောင်လက် နေကြသည်။



တင်ထွန်းအောင်က နံပတ်ရှိပါသော ဗီးကရက်တထိုင်ကို မိုရှန် အနီးထဲတွင် ချနေသည်။ လမ်းတွင် သူတို့အတွက် နံပတ်ရှိပေးသော ဗီးကရက်ထယ်ပေးရမည်၊ မပေးလျှင် မလိုက်ဟု တင်းခံသဖြင့် ကိုနုမှာ လက်လျှော့ခဲ့ရသည်။ သူတို့အချက်ကို လိုက်လျော ခဲ့ရသည်။ ထိုနေရာတွင် ကိုနုမှာက စွမ်းရက်တောင်းသည်။ သူတို့တောင်းသည့်အတိုင်း နံပတ်ရှိ ပါသည့် ဗီးကရက် ပေးမည်၊ ထိုနေရာတွင် တနေ့ တယောက် တဘူးက များလွန်းသည်၊ တနေ့သုံးထိုင်သာ ပေးမည်။ နံနက်စာစားပြီး တထိုင်၊ လက်ဖက်ရည်သောက်ပြီးတထိုင်၊ ညစာစားပြီးတထိုင်၊ ပေါင်းသုံးထိုင်။ ရှိရှိဗီးကရက်ကိုတော့ ပုံမှန်သောက်နိုင်သည်ဟု ကိုနုမှာက တင်ပြ သည်။

သူတို့က တနေ့သုံးထိုင် နည်းလွန်းသည်။ ထိုင်နှစ်ဆယ်ဝင်တဘူး မပေးနိုင်လျှင် ဆယ်ထိုင်ဝင်တဘူးပေးရန် တောင်းသည်။ ထို့ကြောင့် နှစ်ဘက် ညှိကြရာ တနေ့ တယောက် ငါးထိုင်ပေးရန် သဘောတူ ကြသည်။ သူတို့ကို ငါးထိုင်လုံး ပေးမည်။ အချိန်ကျတိုင်း တထိုင်စီ ထုတ်ပေးမည်။ နံနက် ကော်ဖီသောက်ပြီး တထိုင်၊ နံနက်စာစားပြီး တထိုင်၊ နေ့လည် လက်ဖက်ရည် သောက်ပြီး တထိုင်၊ ညစာစားပြီး တထိုင်၊ ညအိပ်ရာဝင်တထိုင်။ ကျန်သည့် အချိန် များတွင်မူ ရှိရှိ ဗီးကရက် သောက်လိုက သောက်နိုင်သည်။

ကိုနုမှာ သဘောက သူတို့ကို တထိုင်မှ မပေးချင်။ ထိုနေရာတွင် မပေးချင်၍မရ။ လမ်းတွင် အဆောင်ရှိလျှင် လိုက်မည်ပုံ မပေါ်။ သူတို့ ကလည်း သည်ပြင် အချက်တွေကိုသာ လျှော့ပေးချင် ပေးမည်။ သည် တောင်းဆိုချက်ကိုတော့ လျှော့ပေးမည့်ပုံ မပေါ်။ အဓိကအရေး ဆုံးကိုင် ကြမည့်သာ ဖြစ်သည်။

ထို့ကြောင့် ကိုနုမှာ စိတ်မပါ့ပါဘဲနှင့် လိုက်လျောရခြင်း ဖြစ် သည်။ နောက်တချက်က သူတို့ကို ဆေးရွက်မပေးဘဲ ပြီးစရာကြီးလှတ်၍ ဖြစ် မဖြစ်ကိုလည်း ကိုနုမှာသည်။ ချက်ချင်း တီကာ ဖြတ်လိုက်လျှင်

ဆေးပညာသင်တော့ သူ့ရဲ့ အကျိုးသက်ရောက်မှု မည်သို့ရှိမည်ကို ကိုဝ္နာ မသိ။ သည်ကိစ္စမှာ ဆေးပညာရှင် တို့သာ တတ်စွမ်းနိုင်မည်ဟု သူ ထင်သည်။ တစ်ကြော ဖြတ်ပြီး တစ်ကြော ဆေးကုရမည့် ကိစ္စမျိုး ဖြစ် သည်။ ယခု သူက တစ်ဆေး မကုတတ်ဘဲ တိကနဲ ဖြတ်လိုက်လျှင် ဒီမီအပေါ် တာဝန်ကျမည်။ သူ့တာဝန်မှာ သည်ကောင်နှစ်ကောင် အိမ်ပြန်ရောက်ရန်သာ အဓိက ဖြစ်သည်။ သူတို့ မိဘတွေလက်ထဲ ပြန် ရောက်လျှင် သူ့ဘက်က တာဝန်ကျေပြီး ဆေးကုတဲ့ ကိစ္စကိုတော့ အိမ်က ဆက်လုပ်လိမ့်မည်။ ထို့ပြင် တာဝယ် ရန်ကုန် ခရီးသည် အလွန်ဆုံး နှစ်ရက် သုံးရက်သာ ကြာမည်။ သည် နှစ်ရက် သုံးရက် အတွင်း သူတို့ကို ဂ.နီသတ်ချက်ဖြင့် ဆေးထိုးပေးသဖြင့် အခြေအနေ ထူးပြီး ဆိုးမလာတန်ရာဟုလည်း ကိုဝ္နာ ယူဆသည်။ သည်အကြံမှာသည် သူတို့နှစ်ယောက်အဖို့ နောက်ဆုံးအကြံ ပေးရမည့်ရှိခြင်းသည်၊ ဖြစ်ချင် ဖြစ်မည်။

နေသည်လက်ဖက်ရည်သောက်ပြီးနောက် ကိုဝ္နာ အခန်းအပြင်ဘက် သို့ ထွက်ထိုင်ပြီး အလုပ်သမားများ၊ ကုန်ရေနေသည်ကို ကြည့်သည်။ စက်လှေဝမ်းထဲတွင် ဆိတ်များကို မြင်ရသည်။ မည်သည့်ကုန်တွေမှန်းမသိ။ သေတ္တာကြီးတွေ ပြောက်စက်များ၊ ဖြစ်ဟန်တူသည်။ စက်လှေဝမ်းထဲတွင် တဝက်တောင် မပြည့်သေး။ ကြာလိမ့်ဦးမည်ဟု ကိုဝ္နာ ထင်သည်။

နံနက်ကိုကြည့်မှတော့ ညနေ သုံးနာရီ ထိုးပြီ။

လက်ဖက်ရည်သောက်ပြီးမှ တင်ထွန်းအောင်နှင့်ချမြင့်တို့ကို နံပတ်ဆိုး တပိုင်း ပေးရသည်။ တင်ထွန်းအောင်က အခန်းထဲတွင် သူ့ပေးရခြင်း မှိန်းနေသည်။ ချမြင့်က သူ့ပေးရက်ကို ပါးစပ်တွင်ခဲထား ကိုဝ္နာနှင့် လာ ထိုင်သည်။





ကိုဝ္နာ သတိထားမိသော အချက်တချက် ရှိသည်။ ယင်းမှာ သည်ကောင်နှစ်ကောင်စလုံး နံပတ်ဆိုးစွဲကြသော်လည်း တုံ့ပြန်ပုံ မတူ ကြောင်း ဖြစ်သည်။ နံပတ်ဆိုးစွဲပြီး တင်ထွန်းအောင် ပြုမူပုံက တမျိုး၊ ချမြင့် တုံ့ပြန်ပုံက တမျိုး။ တယောက်နှင့်တယောက် ခြားနားကြသည်။

တင်ထွန်းအောင်က နံပတ်ဆိုးစွဲပြီးလျှင် ငေးမှိုင်နေသည်။ သူ့စိတ်ထဲ မှာ ရှိမည်ကိုတော့ မသိ။ အပြင်ပန်း ကြည့်ရသည်မှာ လောက ကိုမေ့ပြီး သွားသည်၊ စိတ်ဓာတ်လျော့ကျသွားသည်ဟု ထင်ရသည်။ သူ့ ကြည့်ရသည်မှာ တိမ်းစား၊ တိမ်းမှိန်းသည့် ဟန်မျိုး ပေါ်နေသည်။ မျက်လုံးများက မှိုဝေနေကြသည်။

ချမြင့်ကတော့ တင်ထွန်းအောင်နှင့် ပြောင်းပြန် ဖြစ်သည်။ နံပတ်ဆိုး စွဲလျှင် ချမြင့်သည် လန်းဆန်းလာသည်၊ မျက်လုံးက အရောင် တလက် လက် တောက်လာသည်၊ အာဝန္နမ်း ရှင်လာသည်၊ စိတ်ဓာတ် တက်သန်လာသည်ဟု မှတ်ထင်ရသည်။ လှုပ်လှုပ်ရွရွ၊ တက်တက် ကြွကြွ ဖြစ်လာသည်။ တင်ထွန်းအောင်က သမ်းတုံးကြီးလို ငေးသွား သလောက် ချမြင့်က ငှက်ငယ်လေးနှယ် ပေါ့ပါးဖျတ်လတ် လာသည်။

လူတို့နှစ်ဦး မည်သည့်အတွက် တုံ့ပြန်ပုံခြင်း ခြားနားကြသနည်း။ မိမ္ဘွေဖောက်ခဲ့စည်းပုံ မတူ၍လော၊ ခန္ဓာဖောက်ခဲ့စည်းပုံခြင်း မတူ၍လော။ ခန္ဓာဖောက်ခဲ့စည်းပုံခြင်းက အဘိမကျွာလော၊ နှစ်ယောက်စလုံး အိမ်နီးချင်း အရပ်ချင်းတူသော ဖြစ်ကြသည်။ မိမ္ဘွေဖောက်ခဲ့စည်းပုံ ကွာခြားခြင်းကြောင့် ဖြစ်လိမ့်မည်ဟု ကိုဝ္နာ ထင်သည်။

အရက်သောက်ကြသည့်အခါ၌ လူတဦးနှင့်တဦး တုံ့ပြန်ပုံခြင်း မတူ သကဲ့သို့ ဖြစ်လိမ့်မည်ဟု ကိုဝ္နာ တွေးမိသည်။ တချို့က အရက် သောက်လျှင် စကား နဲလာသည်၊ ငြိမ်ကျသွားသည်၊ ငေးငိုင်သွား သည်။ တချို့က မြူးကြွလာသည်၊ ပေါ့ပါးဖျတ်လတ် လာသည်၊ ပျော် လာသည်။ တချို့က သွေးဆိုးလာသည်၊ ရန်ဖြစ်ချင်လာသည်၊ မြင်မြင် သမျှကို ရန်လုပ်သည်၊ ကိုယ့်အမိုက်ကိုယ်ပင်ရှန်းသူ ထင်လာသည်။ ခန္ဓာ

စေချွေစည်းပုံ ကွာခြားနေတော၊ စီးပွားစေချွေစည်းပုံ ကွာခြားနေသော မည်သည့်အကြောင်းဆိုသည်ကိုမူ ကိုနန္ဒာ မသိ။ တို့မြန်မာပြည်မြို့ ပြာ... သည်ကား အမှန်ဖြစ်သည်။

ထို့ရာတွင် ဆေးရှားရှားဖြစ်စေ၊ အရက်သောက်ရှားဖြစ်စေ၊ တို့မြန် မြို့၊ မည်သို့ခြားနားသည် ဆိုစေ၊ မည်သည့်တို့မြန်မာမျိုးမှ မကောင်း မြို့ကြောင်း၊ ပေါ်ပေါ်ချောင်ချောင်ဖြစ်သည် မြို့ကြီးများရှိ၍၊ ချက်ချင်းရှာ... မဟုတ်။ ဆေးကြောင့် အရက်ကြောင့် မြို့ကြီး ချတ်လတ်နေရှင်းသော ဖြစ်သည် မဟုတ်လော။ ဆေးရှားပြီ၊ အရက်သောက်စရာ မြို့ကြီးကောင် ... မြို့ကြမည်။ ပေါ်ပေါ်ကောင်း ပေါ်ပေါ်မည်။ ဆေးရှားသည့်အချိန်၊ မသောက် ... သည့်အချိန်တွင် လေးကာန် တိုင်းမြို့နေမည်။ ထိုအခါ ဆေးရှားမည်၊ အရက်သောက်မည်။ ဆေးကြော၊ အာရုံကြောများသည် ဆေး၊ အရက်ကို ပုံမှန်ဖြစ်စေတော့မည်။ ဆေးကြော အာရုံကြောတို့သည် ဆေး၊ အရက်ကို တောင့်တကြတော့မည်။ ထိုအခါ ဆေးနှင့် အရက်သည် သတ္တဝါတို့ရဲ့ လိုအပ်ချက်တရပ် ဖြစ်လာမည်။ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းရင်းဖြင့် နစ်မွန်းရတော့မည်၊ အသက် ဆုံးရှုံးရတော့မည်။

ကိုနန္ဒာသည် ထိုနောက်တွင် နံပတ်ဒိုးတလိပ်ကို အားရပါးရ ရှူရှိုက်သော ... ချိန်နှင့် ဆားအိတ်၊ ပေါ်ချောက်အိတ်များကို ထမ်းခဲ့ကြ သော အလုပ်သမားများကို ပေါ်ကြည့်ရင်း ပြုံးမိ၏။

"ဦးလေး၊ ဟိုမှာကြည့်စမ်း၊ ဟိုမှာ"

ချိန်က ကုန်းတောင်ပေါ်သို့ လက်ညှိုးထိုးပြသဖြင့် ကိုနန္ဒာ ကြည့် လိုက်သည်။

"တော်တော်သန်တဲ့ လူတွေဗျ ဦးလေး၊ ဆားအိတ်နှစ်လုံးကို ထမ်း လာတာ ပေါ့ပေါ့လေးရယ်"

ညာဘက်ပခုံးပေါ်တွင် ဆားအိတ်နှစ်လုံးကို ဆင့်၍ ထမ်းလာသူ ... ကို ချိန်က ပြ၏။

... မြင်ရသည့် ဆားအိတ်တထမ်းထမ်းသော အလုပ်သမားမှာ အသက်နှစ်ဆယ်ကျော် ... သော ရှိမည်။ အလွန်ဆိုလျှင် အစိတ်ကျော် မရှိသေး။ အရပ်က ... ၊ ငါးပေခွဲလောက်လောက် ရှိမည် ထင်ရသည်။ ကိုယ်လုံးက ... ကျိုးသန်မာသည်။ ခါးတွင် အရောင်လွင့်၍ တရာတိုက်ပြည့်ကျော် ... သော စစ်ဘောင်းဘီတောင်၊ ခေါ်ကြမ်းကြမ်း တထည်ကို ဝတ်ထား ... ။ စစ်ဘောင်းဘီဟောင်းသည် ဗိုလ်ကြီးဘောင်းဘီမျိုး၊ မဟုတ်။ ... စစ်ဘောင်းဘီသာ ဖြစ်၏။ သို့ရာတွင် ကြိုးမိုးသော သူ့ခန္ဓာ ... ၌ကား စစ်ဘောင်းဘီသည် ခေါ်ကြမ်းကြမ်း ဖြစ်နေ၏။ သန်မာ ... တောင့်တင်းသော တင်ပါးကြွက်သားများ၊ ပေါင်သားများသည် စစ် ဘောင်းဘီထဲမှ နှိပ်ကြွတက်နေသလောက် ထင်ရသည်။ ဖွေးဆွဲစောက် ... လိပ်တင်ထားသော ဘောင်းဘီအောက်မှ ခြေသလုံးကြွက်သား ... လည်း၊ သစ်မြစ်ကြီးများကဲ့သို့ ဖုထစ်နေကြသည်။

အလုပ်သမား၏အထက်ပိုင်းတွင် အဝတ်အစားမရှိ။ အရောင်အသွေး ... တော့သော လုံချည်ဟောင်းတထည်ကို ကြိုက်နှံ့နှံ့၍ စလွယ်သိုင်း ... ထားသည်။ ပခုံးကြွက်သားများ၊ လက်မောင်းသားများသည် ... လိုက် ထနေကြသည်။ ရင်အုပ်ကြီးများကလည်း မို့မောက် ... နေကြသည်။ သူ့ဝမ်းဗိုက်က ချပ်ချပ်ရပ်ရပ် ရှိသည်။ သူ့ ... ကိုယ်လုံးကိုယ်ထည်သည် ကြံ့ခိုင်တောင့်တင်းသည့်နှင့်ပေါ်လည်း အရပ် ... တောင်းနှင့် လိုက်ဖက်သည်။ သူ့ဟန်ပန် သူ့လှုပ်ရှားမှုသည် ကျားသစ် ... ကောင်၏ လှုပ်ရှားမှုကဲ့သို့ ဖျတ်လတ် လျှင်မြန်သည်။

ယမုန် ကြည့်၏။ ဆားအိတ်နှစ်လုံးဆင့်သည့် အလေးတော်လေးသည်။ ... ရာတွင် သူ့ထမ်းပုံမှာ သက်တောင့်သက်သာ ရှိသည်။ ကြည့်ရ၍ ... ကောင်းသည်။ ကုန်းတောင်က မြင့်နှစ်ချက်ကို တွဲထိုးထားသည့် ကုန်း ... တောင်ဖြစ်သဖြင့် ညွှတ်ကျ ချင်သည်။ ကိုယ် အချိန် အဆ မမှန် လျှင်၊ ... လှမ်းမမှန်လျှင် ချော်သို့ ကျသွားနိုင်သည်။ သည့်ကုန်းတောင်ကို ... ဆားအိတ်ကလေးတွေ တလုံးပြီးလုံး ထက်လာသနဲ့ကဲ ကိုနန္ဒာကို

သုံးပေယောက် ခက်ခက်ခဲခဲ တက်ခဲ့ရသည်။ ညွှတ်နေသော ကုန်းတော ပေါ်တွင် ကိုယ်ခန္ဓာကို ဘေးတိမ်းမသွားအောင် ထိန်းရသည်။ ခြေအချင်း နောက်ခြေအကြားကို ခုံမှန် ချိန်းဆရသည်။ ကုန်းတော တစေသေပေါ်ကနေ၍ ခက်လေလှေပေါ်သို့ တက်ရသည့်အလုပ်သည် သူ့ အဖို့ စွန့်စားခန်းကြီးတစ်ရပ်ပင် ဖြစ်သည်။

ထိုရာတွင် သူက ကုန်းတောင် အောက်ဆုံးအညွှတ်တွင် ရှေ့ခြေ ရသည်။ ညွှတ်ချိုးနိုင်တတ်အလောတွင် နောက်ခြေကို ဖြန့်ထားသည်။ ကုန်းတောင်အညွှတ်တွင် ရှေ့ခြေဖြန့်လိုက်၊ ကုန်းတောင်ဖြန့်အတက် နောက်ခြေဖြုတ်လိုက်ပြီး နှမ့်နှမ့် တက်လာသည်။ တက်လာသည် ကာလည်း မြန်မြန်မဟုတ်။ ဆားအိတ်ကြီး နှစ်လုံးဆောင်ကို ထမ်း အခြေအတက်လာခြင်း ဖြစ်သည်။ ဆားအိတ်ကို ပခုံးပေါ်က ချလိုက်သည် ညင်သာသည်။ ခက်လှေဝမ်းထိပ်တွင်ရပ်ပြီး ကိုယ်ခန္ဓာကို သုံးဆယ့် ဒီဂရီလောက် စောင်း၍ ပထမအိတ်ကို ချလိုက်သည်။ နောက်တစ်အိတ် ကိုလည်း အလွယ်တကူပင် ချသည်။ ဆားအိတ်နှစ်အိတ်သည် ခက်လှေ ဝမ်းထဲက အိတ်များပေါ်တွင် အလိုလိုထပ်တင်ပြီးသား ဖြစ်သွားကြသည်။

ကိုစွမ့်နှင့် ခိုင်မြင့်သည် ထိုအလုပ်သမားလူငယ်၏ လှုပ်ရှားမှု လိုက်ကြည့်ကြသည်။ သူ့နှင့်ယှဉ်လိုက်တော့ ခိုင်မြင့်သည် မိန်းမလေး သလိုသာ ပေါက်နေသည်။ ဆံပင်ကရှည်ရှည် ရုတ်ခဲ၊ ထားဝယ် ဝယ်လာသည့် တက်ထရွက်တောင်ဘီ၊ စတေရှော်ဘာယ်စီဖုံး တော ထမ္ဗီလာကိုရှည်ပြီး မျက်နှာကလေးက သွယ်သွယ် နုနု၊ ရုတ်တရက် ကြည့်လျှင် မိန်းမ ယောက်ျားပင် ခွဲမရချင်။

ခိုင်မြင့်သည် အလုပ်သမားလူငယ်၏ သန်မာသော လက်မောင်းကြွက် ကြီးများ၊ ရင်အုပ်ကြီးများကို ငေးကြည့်နေသည်။ ထို့နောက် သေး သော သူ့လက်မောင်းနှင့် ပြားချပ်နေသော သူ့ရင်အုပ်ကို ငုံ့ကြည့် သည်။ အလုပ်သမားလူငယ်၏ ချွေးအားပေါ့ကို အစေးကျနေတာ မှိုသည်။ တွင် ချက်ချင်းပင် သူ့ စိတ်ကို တင်းလိုက်ဟန်ဖြင့် မျက်နှာကို လှည့်လိုက်ကာ ပင်သေယ်ပြင်ကြီးကို ငေးကြည့်နေသည်။ ခိုင်မြင့်၏ အခြေ နေကို ကိုစွမ့်မှာ သတိပြုလိုက်မိသည်။

"တော်တော်တောင့်တယ်ကွ။ ဒါပေမယ့် အလေးမသမားတွေလို သေးကြီးမဟုတ်ဘူး။ ခပ်မှိုင်ခပ်မှိုင် ခပ်သွက်သွက်ရှိန်"

အလုပ်သမားလူငယ်သည် ဆားအိတ်ကို ချပြီးနောက် ခါးပုံစလေး ဦးထိပ်တစ်ထိပ်ကို ဆုတ်၍ ကိုက်ချီးလိုက်ပြီးဆေးဝင့်သည်။ ယင်းနောက် ဦးထိပ်တိုကို ခါးပုံသေ့ ပြန်သွင်းလိုက်ပြီး သူတို့အနက်သို့ လာသည်။ အနီးကပ်ကြည့်သည့်အခါ သူတို့ထင်သလောက်ပင် ကြီးသေး။ မျက်နှာက နုနုကလေးရှိသေးသည်။ မျက်နှာတွင် ပေါက်မသောက်သောက် ရှိသည့်တိုင် ကျောက် ပေါက် မ သ ည ကို မဖုံးနိုင်။ ဆံပင်က လှိုင်းတွန့်ကဲ့သို့ ကောက်ကွေ့သည်။

"ဦးလေးပြောသလို ဘိန်းစားတွေ ဒီလောက် အလုပ်ကြမ်း လုပ်နိုင် မထင်ဘူး"ခိုင်မြင့်က နံပတ်ဦး စီးကရက်ကို ဆေးခံ့မှသော ကုန် အထိ ရှူရှိုက်ပြီးနောက် ရေထဲသို့ လွှင့်ပစ်လိုက်သည်။

"မဟုတ်ပါဘူးကွာ၊ ဘိန်းစားရင် ဒီလိုခန္ဓာကိုယ်မျိုး ဘယ်ရှိမလဲ။ လောက်လဲ ဘယ်မှာ လုပ်နိုင်ပါ့မလဲ"

သူတို့နှစ်ယောက် စကားပြောနေကြစဉ် အလုပ်သမားလူငယ်က သူတို့ သို့ ဖြတ်လျှောက်လာသည်။

"ဟေ့ ညီလေး၊ ခက်လှေ ဘယ်တော့ထွက်မလဲကွ"

ကိုစွမ့်က နာရီကိုငုံ့ကြည့်ပြီး မေးသည်။ အလုပ်သမားလူငယ်က ဟန်မတူ။ ဆက်လျှောက်သွားသည်။ စင်စစ် ကိုစွမ့်မေးသံသည် ကြားနိုင်လောက်သည့်အသံ ဖြစ်သည်။ သက်သက် မထီမဲ့မြင် ပြုခြင်း သည်ဟု ခိုင်မြင့်က ထင်သည်။

"မို့လှ၊ မို့လှ"

ခင်မြိုင်က ခါးကျယ်ကျယ် လှမ်းဆောက်သည့်အခါကျမှ လူရွယ်က ရှေ့ မှောက်မြို့လှည့်ကြည့်သည်။ သူ့မျက်နှာထားက မှုန်သိုးသိုးရှိနေပုံ မြင်နေရှောင်ပုံအားဖြင့် လက်နှစ်ဖက်ကို ကားကားကားကား သတ်ပုတ် အသင့်အနေအထားမျိုး ဖြစ်သည်။ ခေါင်းကိုဒိုက်ထားရင်းက မျက် ကိုပင့်၍ စူးစူးကြည့်သည်။ ဆင်ကြမ်းကြည့်ကြည့်မျိုးပေး ခေါ်ရမည်ထင်သည်။

"စက်လှေ ဘယ်တော့ထွက်မလဲကွ"

ကိုနန္ဒာက ထပ်မေးသည်။

"မသိဘူးဗျ"

သူ့အသံက ပြေပြေပြစ်ပြစ် မဟုတ်။ ဆောင့်အင့်အင့် ဖြစ်သည်။ လူရွယ်သည် သည်တခွန်းသာပြောကာ များကနဲ လှည့်ထွက်သွားသည်။

"သိပ်လှပါလားဝဲ့ကောင်၊ မေးတော့လဲ မကြားသလို ဘာလိုလိုနဲ့ ပြောတော့လဲ ဆောင့်အင့်အင့်။ လူကိုဘဲ ထိုးတော့မလိုလို။ တော်တော် ရိုင်းတဲ့ကောင်တွေ။ အခါ ကျွန်တော်တို့ကို မုန်းတာ ဦးလေးရဲ့ မုန်းတာ"

ခင်မြိုင်က တဟင်းတချက် ခေါက်လိုက်သည်။ ခင်မြိုင်ပြောသလို လူရွယ်၏ အမူအရာက ရိုင်းသည်။

"သွားတော့၊ လာတော့နေ့ ပေါ့ကြီးလေးလေးရော။ ဒို့ ဒို့ရုံ စီတောင်းအရေး ဘယ်လောက်ထူသလဲဆိုတာ သိရအောင် နိုက်ကို မြင်ကြည့်လိုက်ချင် တယ်"

ခင်မြိုင်က အိတ်ထဲက ဖိုးအသားလောင်းမြန်း မောင်းချာသောကို စမ်းသည်။ ထက်တန်နှိုလျှင် ရန်ဖြစ်ချင်သော ခင်မြိုင်သည် လက်က ပါချင်လာပြီ။

လူရွယ်သည် စက်လှေမာလိန်မှူး၏ အခန်းလေးဘက်ရှိ နံရံတွင် ပျောက် ကွယ်သွားသည်။

ကိုနန္ဒာကမူ ဘာမှမပြော။ စက်လှေ မြန်မြန် ထွက်စေချင်လှပြီသည့် ကောင် နှစ်ကောင် ထိန်းရသည်မှာ တာဝန်ကြီးလှပြီ။



ခဏကြာလျှင် ခင်မြိုင်သည် အခန်းထဲသို့ဝင်၍ နေသည်။ နံပတ်နှိပ် ကြောင့် ခေါ်ရာ ဖြစ်ရသည့်အထဲတွင် လိုင်းပုတ်သဖြင့် မိုးမှုလာသည်။ ကျန်သည့်အခါတွင် ကိုနန္ဒာတယောက်တည်း ကျန်ရစ်ခဲ့သည်။

ကိုနန္ဒာသည် စက်လှေဦးပိုင်းသို့ လျှောက်လာကာ အလုပ်သမား တယောက်ထံ စက်လှေထွက်မည့်အချိန်ကို စုံစမ်းသည်။ ဦးခန်းထဲတွင် ရှိလှိုင်ရှိသည်ဆိုသဖြင့် ဦးခန်းသို့ လျှောက်လာခဲ့သည်။

စက်လှေဦးခန်းထဲမှ အသံတသံကြောင့် ကိုနန္ဒာ ခြေလှမ်း တုံ့သွား သည်။

"ဒီမှာသံချောင်း၊ ငါ့အကြောင်းကို မင်းကြားသွားတယ် မဟုတ်လား။ ငါက ရှင်းရှင်းဘဲပြောတတ်တယ်။ မင်းတို့ကို ခေါ်လာကတဲက အား ပေးဘက်မှာ ကုန်တင်ကုန်ချပေါ် လုပ်ရမယ်လို့ ပြောခဲ့တယ်။ ဒါအတွက် လုပ်ခကို ငြင်းစက်လှေတွေထက် ပိုပေးခဲ့တယ် မဟုတ်လား။ ရှိကုန် ချောက်ချင်တော့ မင်းတို့လုပ်ဖို့ မလိုပါဘူး။ ဟိုမှာ အလုပ်သမား သိသိ ရှိတယ်။ ဒါပေမယ့် ဒီဘက်မှာတော့ အလုပ်သမားကို ငါက မစွတ် ရှာချင်ဘူး။ ဒါကြောင့် မင်းတို့ကို ပိုက်ဆံပိုပေးပြီး ခေါ်ထားပေါ့။ မတွန်းကတော့ ကောင်းပြီ ကောင်းပဲ လုပ်ပြီး ရှမ့် တောင်ပြော ပြောက်ပြောလုပ်ကြနဲ့။ အချိန်နဲ့အလုပ်လုပ်ရတာ။ အချိန် သိပ်မရှိဘူး မြန်မြန် လေ"

အသံက ဆောင့်မြင့်သည်။ လေယူလေသိမ်းက ခပ်ပြတ်ပြတ်၊ ခပ် မာမာ။ တယောက်က ခပ်တိုးတိုး ပြန်ပြောသည်။ ထိုအသံကိုမူ ကိုနန္ဒာ ကောင်းကောင်း မသဲကွဲ။

"ဘာလဲ မင်းက ကုန်တင်ကုန်ချပေါ်လုပ်ရတို့ မလိုက်ချင်ဘူးလား။ မလိုက်ချင်ရင် မင်းတို့အတွက်ထုတ်ပေးထားတဲ့ ငွေပါးရာ မြန်မြန် ပေးကွ။ လွယ်လွယ်ကလေးဘဲ။ ငါ နောက်တယောက် ထပ်ငှားလိုက်ရုံ ပေါ့။ ပိုက်ဆံပေးငှားရင် အလုပ်သမား လိုချင်သလောက်ရတယ်။ မိုက် ကလေးလို့တောင် မကုန်ဘူး။ ကဲ မင်းပြောချင်တာ ဒါဘဲမဟုတ်လား။

သွားတော့။ ငွေဝါရာ ဖြန့်ဝေချင်မယ်ဆိုရင် စက်လှေမထွက်ခင် သွားယူခဲ့ရည်။ ငါလဲ နောက်ထပ် မင်းအစား အလုပ်သမား ရှာရဦးမှာ။ အချိန်သိပ်မရှိဘူး"

အသံက တင်းမာဖြတ်သားသည်။ အထက်စီးနင်းကျသည်။ ကိုနွှာသည် အပေါ်စီးနိုင်လှသော ထိုအသံကြောင့် ကြားထဲက ခံပြင်းနေသည်။ ငွေနိုင် ကြေးနိုင်ကြောင့် မောက်မာသော အသံမျိုးဖြစ်သည်။ သူ့အမည်သိ တင်တင်မြတ်သို့ အစားထဲက ဖြစ်လိမ့်မည်ဟုပင် မဆီမဆိုင် တွေးလိုက်မိသေးသည်။

ဦးခန့်သည်မှ နောက်ထပ် ဘာသံမှမကြားရ။ စောကြာလျှင် တံခါးပွင့်လာပြီး လူတယောက်ထွက်လာသည်။ ကြည့်လိုက်တော့ စောစောက ဖိတ်များကိုထမ်းရနေသည့် အလုပ်သမားလူရွယ် ဖြစ်နေသည်။ သူ့မျက်နှာထားသည် တင်းမာနေသည်။ အံသွားကို ကြိတ်ထားသည်။ သူ့မေးရိုးကြီးများသည် ထင်းကနဲ ပေါ်လျက်ရှိ၏။ လူရွယ်သည် ခေါင်းငုံ့ထွက်လာရာမှ ကိုနွှာကို တချက်မျှ လှမ်းကြည့်လိုက်ပြီး ဆက်လျှောက်သွားသည်။

"မောင့် သံချောင်း"

အခန်းထဲမှ လူတယောက်ထွက်လာပြီး လူရွယ်ကို လှမ်းခေါ်လိုက်သည်။ လူရွယ်တချက်မျှ လှည့်လိုက်သည်။

"ဆလင်ကို ငှားလိုက်။ ထွက်မယ်။ အချိန်သိပ်မရှိဘူး"

သံချောင်းက မည်သို့မျှမပြော။ ရှာကနဲ လှည့်ထွက်သွားသည်။

စက်လှေပိုင်ရှင်ဆိုသူ ဖြစ်လိမ့်မည်ဟု ကိုနွှာတွေးမိသည်။ စောစောက သံချောင်းကို အထက်စီးနင်းပြောနေသည့်အသံမှာ ထိုသူ၏ အသံဖြစ်သည်။

စက်လှေပိုင်ရှင်မှာ အသက် ငါးဆယ်ခန့်ရှိပြီ။ ဆံပင်တို့ ကျက်တီးကျက်ကျား ဖြူဖွေးနေပြီ။ နှုတ်ခမ်းက တောင့်တင်း ကြံ့ခိုင်သည်။ လူ့ဘဝ၏ ရည်းစိမ်းခါးသည့် အဘယ်မျှယက်မှုကိုခဲ့ကြောင်းကို သူ၏



မှုလှုပ်လှုပ်ရှိသော ဝမ်းနိုက်က သက်သေခံနေသည်။ ဆိုရာတွင် မှုလှုပ်လှုပ်ရှိသော သူ့ဝမ်းနိုက်ကို တောင့်တင်းဖြန့်ကားသော သူ့မျက်နှာ ထိန်းကွပ်ထားသောအခါ ကြည့်ရတာမြင်းမရှိ၊ သူ့ဘဝတွင် သက်တောင့်သက်သာ နေခဲ့ရသော လူတယောက်၏ ခန့်ညားတင့်တယ်ခြင်းကိုပင် ဆောင်နေသေးသည်။

ကျက်တီးကျက်ကျား ဖြူဖွေးနေပြီဖြစ်သည့် သူ့ဆံပင်အောက်က နဖူးသည် မောက်သည်၊ ကျဉ်းသည်။ မျက်ခုံးမွေးက ထူထဲကျဲတဲ ပေါ်ပါ၏။ ပေါ်နေသည်။ မျက်လုံးများက သေးသွယ်ကျဉ်းမြောင်းပြီး စူးစူးရှရှ တောက်ပြောင် နေကြသည်။ အကောင်းပါမည်၊ စွမ်းမည်၊ စေ့စပ်မည်၊ တင်းမာတိကျမည်၊ တောက်ကျမည်၊ ရက်စက်မည် ဖြစ်သွားမည်ဟု ကိုနွှာ တောက်ချက်ချလိုက်သည်။

ကိုနွှာသည် စက်လှေထွက်မည့်အချိန်ကို မေးရန်လာခဲ့ခြင်းဖြစ်သော်လည်း မမေးတော့ပြီ။ စက်လှေထွက်ရန် ဆလင်ကိုအခေါ်ခိုင်းလိုက်ပြီ မဟုတ်လော။ ထို့ပြင် သံချောင်းအပေါ်တွင် အထက်စီးနင်း ပြောသံ ကြားကတည်းက ထိုလူကို မနှစ်မြို့သည့်စိတ်ကလည်း ပေါ်နေသည်။ မေးရာသည်။ မလိုတော့ပြီ။ မေးချင်စိတ်လည်း မရှိတော့ပြီ။

ထိုလူသည် စက်လှေဦးခန်း မလှမ်းမကမ်းတွင် ရပ်နေသော ကိုနွှာကို တချက်မျှ သိမ်းကျုံးကြည့်လိုက်ပြီး တံခါးကို ဂျိမ်းကနဲ ပြန်ပိတ်လိုက်သည်။

ကိုနွှာသည် ကုန်းပတ်ဘက်သို့ လှည့်ထွက်ခဲ့သည်။ ကုန်းပတ်ပေါ်တွင် ခရီးသည် များများစားစားမရှိ။ ကျိုးတိုးကျဲတဲမျှသာ ပါသည်။ ကုန်တင်စက်လှေဖြစ်၍ ခရီးသည်နည်းသည်။ ကုန်းပတ်တွင် ထိုင်ရင်းသူ၊ စကားပြောသူ၊ ဖျာခင်းအိပ်ပြီး အမောပြေအနားယူသူများနှင့် လှုပ်လှုပ်ရှရှ ဖြစ်နေသည်။ ကိုနွှာသည် လှုပ်လှုပ်ရှားရှားဖြစ်နေသော ကုန်းပတ်ကို ဖြတ်၍ သူ့ထိုင်ခုံဘက်သို့ ပြန်လာခဲ့သည်။

ရဲကုန်းကိုဖြတ်ပြီး ရောက်ချင်သည့်စိတ်က ကိုနွှာကို လွှမ်းမိုးနေသည်။

## [ ၁၀ ]

ညနေ လေးနာရီကျော်မှ စက်လှေထွက်ပြန်သည်။

ရာသီဥတုက အကောင်းကြီးမဟုတ်၊ မိုးသက်လေ တချို့ ကျလာသည်။ လေနည်းနည်း ထန်သည်။ တင်ထွန်းအောင်ကမူ ဆေးမူးသည့်ရော လှိုင်းမူးသည့်ရော အမူးနှစ်မျိုး နှံသဖြင့် တရှောက်လုံး အခန်းထဲတွင် ခွေနေသည်။ ကိုနန္ဒာလည်း လှိုင်းမူးချင်သလိုလို ရှိသည်။ သို့ရာတွင် မခံသာအောင် မူးသည်မဟုတ်။ သုံ့ပြဲရော တောင်းသည်တကော့ ရှိပြန်သည်။ သူက ဘာလျှော့ရော ဆေးသည်း မူးဟန်မတူ၊ လှိုင်းမူး ဟန်လည်း မရှိ။ ခါတိုင်းကဲ့သို့ပင် ရှိသည်။

ည ရှစ်နာရီလောက်ကျတော့ ထားဝယ်အနောက်ဘက် ပင်လယ်ပြင် ထဲက ကျွန်းကလေးတကျွန်းမှာ စက်လှေ ဆိုက်သည်။ သည်ကျွန်း ကလေးမှာ ထားဝယ်အနောက်ဘက်တည့်တည့်ကျွန်းစုများထဲတွင် အပြင်ဘက် အကျဆုံး၊ အစွန်ဆုံးကျွန်း ဖြစ်သည်ဟု ဆိုသည်။ အစက မည်သည့် အတွက် စက်လှေရပ်မှန်း မသိ။ စုံစမ်းကြည့်တော့ ကုန်တင်စရာရှိ၍ဟု ဆိုသည်။

ကိုနန္ဒာ စိတ်အနှောင့် အယှက် ဖြစ်ရသည်။ စိတ်အေး လက်အေး သွားချင်၍ စက်လှေကို စီးကာမှ စက်လှေအထွက်နှောက်ကျ၍ စိတ်ကို



…ရသည့်အထဲတွင် စက်လှေက ရပ်ပြန်ပြီ။ သည်ကျွန်းတွင် ဘယ် …လောက်ကြာကြာ ရပ်ဦးမည်မသိ။ ညအိပ်ပြီးမှသည်ဆိုလျှင် လမ်းမှာ …ရက်တွေ အလကား ကုန်ရဦးမည်။

ကျွန်းငုတ်တိုက်တွင် ကျောက်ဆောင်များသဖြင့် စက်လှေကပ်ရမည့် …ကို မှန်းရှာယူရသည်။ စက်လှေသည် သည်ကျွန်းတွင် ဆိုက်ခဲ့ …ဖူးပုံ ဟုတ်ဟန်မတူ။ အနောက်ဘက်ကမ်းတွင် ကျောက်ဆောင် …ရှိသော်လည်း အရှေ့ဘက်ကမ်းတွင် မကပ်။ အနောက်ဘက် …ကမ်းက သဲသောင်ကြီးထိပ် တည့်တည့်ရောက်နေသဖြင့် လေကွယ်ရာ …အရှေ့ဘက်ကမ်းသို့ ကျော ပတ်မောင်းသည်။ အရှေ့ဘက်ကမ်းက ကျွန်း၏ …သဖြင့် လေကွယ်သည်။ သို့ရာတွင် ကျောက်ဆောင်တွေများသည် …ကျွန်းနှင့် အတော်လှမ်းလှမ်းမှာ စက်လှေကို ဆိုက်သည်။ ခဏ …ကြာလျှင် ဝုန်းတာနှ အသံကြီးကို ကြားရသည်။ ထို့နောက် တဝေါဝေါ …ကိုက်ရိုက်နေသံကို ကြားရသည်။

တင်ထွန်းအောင်သည် ဆေးမူးနေရာမှ ကျောက်ချသံကြောင့် အိပ်ရာမှ …ဖြုန်းကနဲ ထနိုးသည်။ သူ့မျက်လုံးများသည် ပြူးထွက်နေကြသည်။ ကိုနန္ဒာလည်း နည်းနည်း လန့်သည်။

"ကျောက်ဆောင်နဲ့ တိုက်တာ ထင်တယ်"

တင်ထွန်းအောင်က အထိတ်တလန့် ပြောသည်။ သူ့မျက်နှာက ဖြူလျော်ဖျော့ဖတ် ဖြစ်နေသည်။ မည်သည့်အသံမှန်း ကိုနန္ဒာလည်း မသိ။ …ကြောင့် တင်ထွန်းအောင်ကို မည်သို့မှ မပြော။ …ကာ အခန်းအပြင်သို့ ထွက်သွားသည်။ အတော်ကြာမှ ပြန် …ဝင်လာသည်။ တဝေါဝေါ အသံလည်း ရပ်သွားပြီ။

"ကျောက်ကြိုးချတာတဲ့။ စက်လှေက လှတာချိလဲ ကမ်းပေါ်ထက် …ကြမယ်။ ဝဲနှိုက်မယ်တော်ကလေးနဲ့ သောက်ရောက်နေကြပြီ"

ထည်တော့မှ ထင်ထွန်းအောင် အမြောက်ပြေသွားသည်။ မျက်နှာတွင် သွေးရောင် မြင်လွှမ်းကာပြီး အိပ်ရာပေါ်တွင် ပြန် သည်။ ကိုနုနှာနှင့် ခံမြင့်သည် အခန်းအပြင်သို့ ထွက်လာခဲ့ကြ၏။

ကြယ်ရောင်ဖိုးဝေါ်တွင် ကမ်းနိုင်ကို ရေးရေးမြင်ရသည်။ ကျွန်း ထိပ်ကြီး၊ ပင်လယ်သမုဒ္ဒရာကြီးထဲတွင် ကျွန်းကလေးသည် သေးသေး ကျန်းတန်းမြောင်ကလေး ဖြစ်နေသည်။ တက်လှေပေါ်မှ လျှင် ကျွန်းထိပ်ရှား နှစ်တက်လေးလုံးကို လှမ်းမြင်နေရသည်။ ကျွန်းပေါ် မီးရောင်ကလေးများသည် ပိုးနန်းကြိုးများလို ပြောက်တိပြောက်ကျား လက်နေကြသည်။ ကျွန်းတောင်ထိပ်တွင် အနီရဲရဲ ဝင်းကာ လက် သော မီးရောင်တခုကို မြင်ရ၏။ ထိုမီးရောင်သည် ပတ်ချာလှည့် လက်လျက် ရှိသည်။ တခါတခါတွင် ကျွန်းဘက်သို့ လှည့်၍ လက်သည်၊ တခါတခါတွင် ကျွန်းအပြင်ဘက်သို့ လည်းကောင်း၊ ယာဘက်သို့ လည်း ကောင်း လှည့်၍ လက်သည်။ ခဲမှောင်သော ပင်လယ်ပြင်တွင် ပင်လယ် စောင့် နတ်သမီးကို ကောင်းမျှော်ရှာနေကြသည်လားမသိ။

"ဦးလေး၊ ဟိုဟာ မီးပြတိုက်ထင်တယ်"

ခံမြင့်က ကိုနုနှာကို လှမ်းပြောသည်။ ခံမြင့်သည် ထင်ထွန်းအောင် မဟုတ်။ ရှေ့သို့ မြသန်းကို ဦးဆောင်သည်။

"ဟေး၊ ဟုတ်တယ်ထင်တယ်။ ကျောက်ဆောင်တွေ များတဲ့ နေရာ မှာ မီးပြတွေထားတတ်တယ်လို့ ကြားဖူးတာပဲ"

တက်လှေတော့မှ မော်တော် ပွဲမြိုတ်စက်သံ ပေါ်လာသဖြင့် နှစ်ဦးသည် တက်လှေ့ပိုင်း ရေပြင်ဆီသို့ လှမ်းကြည့်လိုက်သည်။ ပွဲမြို မော်တော်သည် တဘုတ်ဘုတ် စက်သံပေးကာ ကမ်းဆီသို့ ဦးတည် ထွက်သွားသည်။ ပွဲမြိုတ်ပေါ်က လက်ဆွဲမီးအိမ်မှ မီးရောင်နှင့် လက် ဓာတ်မီးများမှ အရောင်များသည် ရေပြင်ပေါ်သို့ ဖြာကျလာကြသည်။

"ဒီကောင်တွေ မီးလိုသာ ထမ်းမှာ ရပ်ရပြီး ကျွန်တော်နေရင်တော့ ရန်ကုန်ကို တော်တော်နဲ့ ရောက်မှာမဟုတ်တော့ဘူး"



ကိုနုနှာက ညည်းသည်။

"ကောင်းတာပေါ့ ဦးလေးရေ၊ မရောက်ဖူးတဲ့နေရာတွေ ရောက်ရတာပေါ့၊ ကျွန်တော်တော့ သဘောကျတယ်။ အသစ် အဆန်းတွေ တွေ့ရတာ ပျော်စရာကြီး၊ မမြင်ဖူး တာတွေ မြင်ရမယ်၊ မတွေ့ဖူးတာ တွေ့မြင်ရမယ်။ ဘယ်လောက် ပျော်စရာကောင်းသလဲ၊ ပင်လယ်မြိုင်ကြီးက ပြီးတော့ ပင်လယ်လှိုင်း တွေက ဆော်လိုက်တဲ့ မီးပြတိုက်က မီးရောင်ကလဲ မျက်စပစ်သလို မှိတ်တုတ် မှိတ်တုတ်နဲ့၊ ဘယ်လောက် ကြည့်လို့ လှသလဲ"

ကိုနုနှာက စိတ်ညစ်ရသလောက် ခံမြင့်က ပျော်ရွှင်သည်။ ခံမြင့်တွင် အပူအပင်ဆိုလို့ ဘာမှ ရှိဟန်မတူ။

"ဟော ဦးလေးရေ၊ ပွဲမြိုတ်မော်တော် ကမ်းကို ရောက်သွားပြီ ထင်တယ်။ စက်သံရပ်သွားပြီ"

ခံမြင့်သည် မီးရောင်လက်ထက် ကလေးသော မြင်ရသည့် ပွဲမြိုတ် မော်တော်ဆီသို့ လှမ်းကြည့်နေသည်။ တက်လှေနှင့် ကမ်းသည် တမိုင် သာသာလောက်တော့ ဝေးလိမ့်မည် ထင်ရသည်။

ပျောင်သဲမှာဖြစ်၍ လှသုကို မမြင်ရ။ လက်နှိပ်ဓာတ်မီး ရောင်များ တဝင်းဝင်း လှုပ်ရှားနေသည်ကိုသာ မြင်ရသည်။ ကျွန်းပေါ်မှ လူများ ကို တင်နေခြင်း ဖြစ်လိမ့်မည်ဟု ထင်ရသည်။ ပွဲမြိုတ်မော်တော်သည် တော်တော်နှင့် ပြန်မလာ။

ပင်လယ်လေက အတောအဆီး မရှိ တိုက်နေသည်။ ကိုနုနှာကို နှစ်ယောက်သည် ချမ်းသဖြင့် အခန်းထဲသို့ ဝင်လာကြသည်။ အိပ်ရာ ဝင်ချိန်ရောက်သဖြင့် ကိုနုနှာက သူတို့ နှစ်ယောက်ကို စောင့်တစ်ပိုင်စီ ထုတ်ပေးသည်။

တနာရီခန့်ကြာလျှင် ပွဲမြိုတ်မော်တော်သံကို ကြားရသည်။ မော် တော်သံသည် လှိုင်းသံများကြားမှ တဖြည်းဖြည်း တက်လှေနှင့် နီးလာ သည်။ ကျွန်တော်ကြိုး၍ ကမ်းမှ ပြန်လာခြင်းဖြစ်သည်။

ကိုရန္တာသည် အခန်းပြင်သို့ ထွက်၍ ပုံနှိပ်မော်တော်ကို ငုံ့ကြည့်သည်။ ကောကြာသော် ရဲမြင့်ရော တင်ထွန်းအောင်ပါ ထွက်လိုက်လာကြသည်။ ပုံနှိပ် မော်တော်သည် စက်လှေနားသို့ တော်တော်နှင့် မကပ်နိုင်။ လှိုင်းကြီးနေသဖြင့် သတိထား၍ ကပ်နေရသည်။ အကယ်၍ မတော်က စက်လှေနှင့်ရိုက်မိပြီး မော်တော် ကွဲထွက် သွားနိုင်သည်။

နောက်ဆုံးသော် ပုံနှိပ်မော်တော်သည် စက်လှေနှင့် ယှဉ်ကပ်မိပြီး စက်လှေနံရံတွင် တွဲလဲချိတ်ထားသော ကြိုးလှေကားချမြင်းတွင် ဆိုက်လိုက်သည်။ စက်လှေနှင့် ယှဉ်မိသည် ဆိုသော်လည်း စက်လှေနံရံနှင့် မော်တော်နံကြားတွင် လှိုင်း ဝင်ထုတ်နေသဖြင့် မော်တော်သည် လှုပ်နေသည်။ စက်လှေနံရံကို လှိုင်း ဝင်ထုတ်သည့်အခါတွင် မော်တော်သည် လှိုင်းနှင့်ပါလာကာ စက်လှေနံရံနှင့် နီးသွားသည်။ စက်လှေနံရံကိုထိပြီး ပြန်အကျတွင် လှိုင်းနှင့်ပြန်ပါသွားကာ စက်လှေနှင့် အဝေးကြီးသို့ ရောက်သွားပြန်သည်။

စက်လှေကပ်မိခဲ့စဉ်ကြောင့် မော်တော်ပေါ်တွင် လူဆယ်ယောက် ပါလာသည်ကို မြင်ရသည်။ ပစ္စည်းတွေလည်း မော်တော်နှင့်အပြည့် ပါလာသည်။ ဂုံနီအိတ်နှင့်ထုပ်ထားသဖြင့် ပစ္စည်းအမျိုးအမည်ကိုတော့ မသိရ။

ကောကြာလျှင် လူတစ်ယောက် ကြိုးလှေကားပေါ်သို့ ဂုံနီအိတ်တစ်အိတ် ထမ်း၍ တက်လာသည်။ စက်လှေပေါ်က အလုပ်သမားများက ထို ဂုံနီအိတ်ကို လှမ်းယူကြသည်။ ဂုံနီအိတ်ထမ်းတက်လာသည့်လူသည် ကြိုးလှေကားအတိုင်း ပြန်ဆင်းသွားပြီး လှေကားရင်းအရောက်တွင် မော်တော်ပေါ်က ပစ္စည်းထုပ်တထုပ်ကိုလှမ်းယူပြီး ထမ်းတက်လာပြန်သည်။ စက်လှေပေါ်က အလုပ်သမားများကလည်း ဂုံနီအိတ်ကို ဆီးယူကြသည်။

ကိုရန္တာတို့တသိုက်သည် ကြည့်ကောင်းကောင်းဖြင့် ဂုံနီအိတ်ထုပ်များ ထမ်းတင်သည်ကို ကြည့်နေကြသည်။ ဝင်ဝင် လှိုင်းထဲတွင် မော်တော်



ပေါ်မှပစ္စည်းကို စက်လှေပေါ်ရောက်အောင် တင်ရသည့်အလုပ်မှာ လွယ်လှတော့။ သက်စွန့်ဆံဖျားလုပ်ရသည့် အလုပ်မျိုးဖြစ်သည်။ ခြေချော်လက်ချော်နှင့် ရိုက်နေသော လှိုင်းလုံးအကြားကို ကောင်းကောင်း သိရသည်။ လှိုင်းပုတ်တင်၍ မော်တော်နှင့်ကြိုးလှေကား ကပ်အသွားတွင် ဂုံနီအိတ်ကို ဆွဲတင်ရခြင်း ဖြစ်သည်။ ကြိုးလှေကားနှင့်မော်တော် ကပ်သွားနိုင်သည့် မိနစ်ဝက် အလွန်ဆုံး၊ တမိနစ်မျှသာ ရှိမည်။ ပြီးလျှင် လှိုင်းပြန်ဆုတ်သွားသဖြင့် မော်တော်နှင့်ကြိုးလှေကားသည် ဝါးတစ်ရိုက် ပါး ဝေးသွားသည်။ ဂုံနီအိတ်ကို ကြိုးလှေကားပေါ်သို့ ဆွဲတင်ရသည့် အချိန်မှာ လှိုင်းဆုတ်မသွားခင် မိနစ်ဝက် တမိနစ်လောက် အချိန်အတွင်း ဆွဲတင်ရခြင်း ဖြစ်သည်။ ထိုအချိန်အတွင်း အမိ မဆွဲနိုင်က လူရော ပစ္စည်းရော ပင်လယ်ထဲကျသွားနိုင်သည်။ မော်တော်နှင့် ဂုံနီအိတ်အဆွဲ မှိုက်ကိုက်မိကြ လိုသည်။ လှုပ်ရှားမှုမြန်ဖို့ လိုသည်။ ခွန်အားကောင်းဖို့ လိုသည်။

ကြိုးလှေကားပေါ်က ဆွဲနေသူမှာ သံချောင်းဖြစ်သည်။ တကယ်က သံချောင်းတို့ သက်လုံကောင်းသူမျိုးမှသာ သည်အလုပ်မျိုးကို လုပ်နိုင်သည်။ တော်တော်ရွှံ့အားဖြင့် ကိုထောင်းလှသည့် အချိန်ကလေး အတွင်း ပစ္စည်းထုပ်ကို ဆွဲတင်နိုင်ဘွယ်မရှိ။

သည့်လိုနှင့် မော်တော်ပေါ်က ဂုံနီအိတ်တွေကို တင်နေကြသည်မှာ ကုန်လုနီးလေပြီ။ မော်တော်ပေါ်တွင် လေးငါးအိတ်သာ ကျန်တော့သည်။

တချိန်တွင်မူ ဂုံနီအိတ်ကို သံချောင်းက ကြိုးလှေကားပေါ်မှ ဆွဲတင် လိုက်သည်။ သည်တချိန်တွင်တော့ သံချောင်း လက်ချော်သည်။ လက် လည်း ညောင်းလာပြီ။ လှုပ်လည်း လှုပ်လာသည်။ ဝင်ယှဉ်လာပြီ။ မော်တော်က လှိုင်း ပြီး ကြိုးလှေကားနှင့်အကပ် သံချောင်းက အောက်က ပင့်ပေး လိုက်သော ဂုံနီအိတ်ကို ဆွဲတင်လိုက်သည်။ သည့်အိတ်က တခြားအိတ် တွေထက် ပိုလေး ပိုကြီးသည်။ သံချောင်းက ဆွဲအတင်လိုက်တွင် ဂုံနီ

အိတ်ကို မိမိရဲ့ မကိုင်နိုင်ဘဲ ဖြစ်သွားတော့ ရေထဲသို့ ကျသွားသည်။ သံချောင်းသည်း ဂုန်နီအိတ်အရှိန်ဖြင့်ကိုင်ထားသောလက် လွတ်သွားသည်။

"ဟာ ကျသွားပြီဗျို့၊ ကျသွားပြီ"

အားလုံးက အလန့်တကြား အော်လိုက်ကြသည်။ သည်နေရာတွင် ရေအနက်သည် အနည်းဆုံး ပေနှစ်ရာ သုံးရာလောက်တော့ ရှိမည် ထင်သည်။ မည်းမှောင် ရောက်သွားသည့်အိတ်မှာ ရေပေါ်သို့ ပြန်ပေါ်လာဘွယ် မရှိ။ သည်လောက် လှိုင်းကြီးသဲသွင် လှိုင်းပုတ်သည့်နှင့်ပင် ရေထဲ မြုပ်သွားမည်သာ ဖြစ်သည်။

သံချောင်းသည် အိတ်ကိုဆွဲလိုက်သော်လည်း အရှုံးကလေး ကိုယ်မိသည်။ အိတ်သည် သူ့လက်ထဲမှ လွတ်ကျသွားသည်။ အိတ်၏အရှိန်ကြောင့် သူ့ကိုယ်လည်း ပါသွားသည်။ အောက်ကလှိုင်းကြီးသည် သူ့မျက်နှာသို့ ရောက်လာသည်ကို သတိထားလိုက်မိသည်။ သည်တခါတော့ ကိုးဆုံးပြီဟုသည်။ သူ့ကိုယ်သူ ထင်လိုက်သည်။ သို့ရာတွင် သံချောင်း အောက်သို့ ကျမသွား။ ခြေနှစ်ဖက်ဖြင့် ကြိုးလှေကားကို ညှပ်မိသည့်အတွက် သူ့ကိုယ်သည် ကြိုးလှေကားတွင် တွဲလောင်း ဖြစ်နေသည်။

သည်တော့မှ သံချောင်းသည် အားယူ၍ ကိုယ်ကိုပြန်မတ်လိုက်ပြီး ကြိုးလှေကားက လှေကားဆစ်တခုကို ခပ်ဆွဲလိုက်သည်။ ပုံမှိုင်မော်တော်မှာ ထိုအချိန်၌ စက်လှေနှင့် ဝါးတရိုက်လောက် အဝေးသို့ ရောက်နေပြီ။

ကျန်အိတ်များအားလုံး စက်လှေပေါ်သို့ ချောချောမောမော ရောက်သည်။ သို့ရာတွင် အိတ်တလုံး ပင်လယ်ထဲသို့ ကျကျန်ရစ်ခဲ့သည်။

ကိုနုမှာ သူတို့အနီးသို့ ရောက်သွားချိန်တွင် စက်လှေပိုင်ရှင်နှင့် သံချောင်းတို့ အိတ်တလုံးကျသွားသည့်ကိစ္စနှင့်ပတ်သက်၍ စကားများနေကြပြီ။ နားထောင်ကြည့်တော့ ထိုအိတ်များမှာ မော်တော်ကား အင်ဂျင် ဖြစ်သည်ဟု သိရသည်။

"မင်းရေထဲကျသွားတာက အရေးမကြီးဘူးကွ၊ အင်ဂျင်တလုံးကျသွားတာက အရေးကြီးတယ်၊ သိရဲ့လား။ အင်ဂျင်တလုံးဟာ မင်းအသက်ထက် အဖိုးတန်တယ်"

စက်လှေပိုင်ရှင်က သံချောင်းအား မြည်တွန်သည်။

"ကျွန်တော်လဲ လှမ်းဆွဲတာပဲဗျ။ လှိုင်းသိပ်ကြီးနေတော့ မတတ်နိုင်ဘူး။ လက်အားလဲ သေနေပြီ"

သံချောင်းက ခပ်ဆတ်ဆတ် ပြန်ပြောသည်။

"တော်၊ မတတ်နိုင်ဘူးတော့ ဘာတွေ လုပ်မနေနဲ့၊ မင်းတာဝန်ပဲ။ လခထဲက ဖြတ်ရလိမ့်မယ်၊ ဒါပဲ"

စက်လှေပိုင်ရှင်က ဒေါသတကြီးအော်၍ ဦးခန်းထဲသို့ ဝင်သွားသည်။ ကိုနုမှာလည်း ထိုအနီးမှ ခွာခဲ့သည်။ သူ့အခန်းသို့ ပြန်ရောက်တော့ ကိုဘရွှန်းအောင် အိပ်နေပြီ။ ခမြင့်က မအိပ်သေး။ အိပ်ရာပေါ်တွင် ထိုင်ကာ စီးကရက်တလိပ်ကို ဖွာနေသည်။

"ဘာဖြစ်တာလဲ ဦးလေး"

ခမြင့်က လှမ်းမေးသည်။

"စက်လှေပိုင်ရှင်နဲ့ အလုပ်သမား စကားများကြတာကွ"

ကိုနုမှာက ဖြေသည်။

"ပစ္စည်း ရေထဲကျသွားလို့လား"

"ဟုတ်တယ်"

"လူတော့ မကျဘူးမဟုတ်လား"

"လူကတော့ မကျပါဘူး။ ပစ္စည်းအကျမှာ ခပ်ဆွဲလိုက်တုန်း လက်လွတ်သွားတော့ ခြေထောက်က ကြိုးလှေကားကို ညှပ်ထားလိုက်မိလို့ပဲ။ ကံကောင်းလို့ပေါ့"

ကိုနုမှာက သံချောင်း ကြိုးလှေကားဆစ်တွင် ခြေထောက်ချိတ်လိုက်မိသည်ကို အသေးစိတ် ပြောပြသည်။

"ပစ္စည်းက ဘာပစ္စည်းတဲ့လဲ"

"မော်တော်ကား အင်ဂျင်တဲ့"

"မော်တော်ကားအင်ဂျင်၊ ဟုတ်လား"

ရဲမြင့်က တအံ့တဩ မေးလိုက်သည်။

"ဟေး"

ရဲမြင့်သည် ဘာမျှမပြောဘဲ အတန်ကြာတိတ်ဆိတ်နေသည်။ ကိုရွှေ့ကလည်း မီးခရက်တလိပ်ကို ဖောက်ရှာကာ အိပ်ရာပေါ်တွင် ဖော ဆန့်သည်။ ကျောလည်း တောင့်လှပြီ၊ အိပ်လည်း အိပ်ချင်လှပြီ။

"ဦးလေး အိပ်ပလား"

အတန်ကြာတိတ်ဆိတ်နေရာမှ ရဲမြင့်က လှမ်းခေါ်လိုက်သည်။

"ဟင်၊ မအိပ်သေးပါဘူး"

"ဒီကောင်တွေ မှောင်ခိုပစ္စည်းတွေ တင်တယ်ဆင်တယ် ဦးလေး"

"ဟုတ်လား၊ ဘာဖြစ်လို့လဲ"

ရဲမြင့်က သူ့ဘက်သို့ စောင်းလိုက်သည်။

"ဦးလေးစဉ်းစားကြည့်လေ၊ ရေထဲ ကျသွားတဲ့ပစ္စည်းဟာ မော်တော်ကား အင်ဂျင်ဆိုတော့ ဒီအင်ဂျင်တွေဟာ ဒီချောင်ကြီး ချောင်ကြားက ကျွန်းကလေးတကျွန်းပေါ်မှာ ဘယ်ကရောက်လာမလဲ"

သည်တော့မှ ကိုရွှေ့မှာ သတိရသည်။ ရဲမြင့်၏စကားသည် စဉ်းစားစရာဖြစ်လာသည်။ စောစောက ကိုရွှေ့မှာ မည်သို့မျှ အတွေးမရောက်ခဲ့။ သို့ရာတွင် သည်ကျွန်းပေါ်သို့ မည်သို့မည်ပုံ ရောက်လာသနည်း ဆိုသည့် ကိစ္စကိုမူ ဆက်၍ တွေးတောမရ။

"မှောင်ခိုပစ္စည်းက နတ်အိမ်ထောင်ဘက်က ဝင်တာမဟုတ်လားကွ။ ဒီထိအောင် ရောက်ပါမလား"

"နတ်အိမ်ထောင်ဘက်က ဝင်တာလဲရှိတယ်။ ဒါပေမယ့် နတ်အိမ်ထောင်ဘက်က ကုန်းလမ်းဆိုတော့ ပစ္စည်းအကြီးတွေ သိပ်မသွင်းဘူး ဦးလေးရေ၊ အထမ်းနဲ့သယ်ရတာမဟုတ်လား။ နာရီတို့၊ အထည်တို့၊ ဘာ



တို့ ဝန်ပေါ့တွေများတာပေါ့၊ ထုထယ်ကြီးတဲ့ ပစ္စည်းတွေကျတော့ ကုန်းလမ်းကမသွင်းဘူး။ စက်လှေတွေနဲ့ သွင်းတယ်"

ရဲမြင့်သည် သည်ဘက်တွင် သူ့ထက်ကျွမ်းကျင်သည်။ နတ်အိမ်ထောင်သို့ သူကိုယ်တိုင် အငှားလိုက်ခဲ့ဖူးသည်မဟုတ်လား။ ရဲမြင့်ပြောသည်မှာ ဖြစ်နိုင်လောက်သည်။ သို့ရာတွင် မည်သည့်အတွက် ချောင်ကြီးချောင်ကြားက ကျွန်းကလေးပေါ်တွင် လာထားရသနည်း။ သည်အချက်ကို ကိုရွှေ့မှာ နားမလည်နိုင်သေး။

"ဟိုဘက်နိုင်ငံက ငါးဖမ်းတဲ့စက်လှေတွေရှိတယ် မဟုတ်လားဦးလေး။ အဲဒီ ငါးဖမ်းစက်လှေတွေဟာ ကျွန်တော်တို့ဘက်ကို ကူးလာတတ်တယ်။ အဲဒီစက်လှေတွေနဲ့ သွင်းလာတာပေါ့"

ရဲမြင့်က ထထိုင်ကာ မီးခရက်တလိပ်ကို ဖောက်ရှာသည်။ တခါ ထွန်းတောင်ကမှ အိပ်ရော့နေပြီ။

"မဟုတ်ဘူးလားကွ"

ရဲမြင့်က တချက်ရယ်လိုက်သည်။

"ဦးလေးကလဲ သိပ်အုံးတာဘဲ။ ဝမ်းမီးအောင်သွင်းပေါ့ မလားဦးလေး။ တိတ်တိတ်ပုန်းသွင်းတာပေါ့။ အနီးရောက်ရင်လှည့်ဆင်းဘောတွေနဲ့တွေ့ရင် ကျွန်တော်တို့ချောင်းထဲက ထွက်ပြေးတာပေါ့။ နိုင်ငံတကာ ရေပြင် ရောက်ရင် ဖမ်းလို့မရတော့ဘူးတဲ့"

ရဲမြင့်သည် တီးမိခေါက်မိတော့ရှိသည်။ နိုင်ငံတကာရေပြင် ဆိုသည်ကို ကိုယ် သိနေသည်။

"ထားဝယ်တို့၊ ဘိတ်တို့ကို ဒီပစ္စည်းတွေ တိုက်ရိုက်လာချလို့ မရဘူး မဟုတ်လား ဦးလေးရ။ ကမ်းမှာလဲ တိုက်ရေယာဉ်တွေက အမြဲကင်း လှည့်နေတယ်။ ဒီလိုကျွန်းကြိုကျွန်းကြားတွေကျတော့ တော်တော့်တိုက် ရေယာဉ်လဲ ဝင်ပြီး ကင်းမလှည့်နိုင်ဘူး။ ဒီတော့ ဒီလို ပစ္စည်းတွေကို ဒီလိုကျွန်းတွေပေါ်မှာလာချထားပြီး ဒီကမှ တဆင့်သယ်တာပေါ့"

သူတို့ကားပြောနေစဉ် စက်လှေသည် ကျွန်းမှ ခွာလာခဲ့သည်။ ည ဆယ်နာရီထိုးနေပြီ။

ခင်မြင့်သည် စီးကရက်တလိပ် ကုန်အောင်သောက်ပြီး အိပ်ရာပေါ်တွင် မှီလှဲကာ အိပ်ပျော်သွားသည်။ အိပ်မပျော်သူက ကိုနုရွှေ။

လက်စသတ်တော့ သူတို့အတွေ့သည် မှောင်ခိုစက်လှေကိုမှ မျှော်စီးမိလျက်သားဖြစ်နေသည်။ ကိုနုရွှေသည် မှောင်ခိုလှေများ အကြောင်းကို ကြားဘူးသည်။ သည်စက်လှေများသည် သေနတ်ကျည်များကိုလည်း တင်သည်။ ဆေးသည်လည်း၊ အနည်းအပါး တင်သည်။ သို့ရာတွင် ကြံသည်မှာ အစပေါ်ယံဟန်ပြသာဖြစ်သည်။ တကယ် သူတို့တင်သည်က မှောင်ခိုပစ္စည်းများသာဖြစ်သည်။

ဆိပ်ကမ်းမှ အထွက်တုန်းကတော့ ထိုစက်လှေများသည် ဥပဒေ ဘောင်တွင်းက စက်လှေများသာဖြစ်သည်။ ရွာစွန်ရောက်၍ ဘာတွေ ထက်ရှာသည့်အခါ၌ ထိုစက်လှေများတွင် ဥပဒေနှင့် ငြိနိုင်သောပစ္စည်း ဟူ၍ ဘာမှမရှိ။ သံသယဖြစ်စရာဆို၍ ဘာမှမရှိ။ သို့ရာတွင် ဆိပ်ကမ်းမှ ထွက်လာပြီး ပင်လယ်ထဲသို့ ရောက်လာသည့်အခါ၌ကား ထိုစက်လှေ များသည် 'လောဘဖြစ်ပင်လယ်၏ သားကောင်များ' ဖြစ်လာကြတော့ သည်။ ပင်လယ်ထဲတွင် စက်လှေချင်း အချိန်းအချက်ပြု၍ ပစ္စည်းများကို လဲလှယ်ကြသည်။ သို့မဟုတ် ချောင်းကြိုချောင်းကြားမှ ကျွန်းတကျွန်း ပေါ်တွင် အချိန်းအချက်ပြု၍ ပစ္စည်းများကိုလဲလှယ်ကြသည်။

ယခု ကိုနုရွှေတို့ မှောင်ခိုစက်လှေပေါ်တွင် ရောက်နေလေပြီ။ စင်စစ် သည်ကိစ္စသည် သူနှင့်ဘာမျှမဆိုင်။ သူသည် သာမန် ခရီးသည်တဦး မျှသာဖြစ်သည်။ သူတို့ကိစ္စကို သိလည်းသိသူမဟုတ်။ သို့ရာတွင် မည်သည့် အတွက်ကြောင့်မသိ၊ သည်စက်လှေကို စီးလာခဲ့မိသည့်အတွက်တော့ စိုးရိမ်စရာဖြစ်သည်။ ရှုပ်ရှုပ်ရှက်ရှက်တွေ ဖြစ်လာလျှင် ဝင်၍ သင်ကျော ခံရမည့်အဖြစ်မျိုးကို သူမကြိုက်ချေ။



ကိုနုရွှေသည် တွေးရင်း အိပ်ငိုက်စပြုလာသည်။ စက်လှေသည် ပင်လယ် ကျယ်ကြီးကို ဖြတ်ကျော်၍ ခုတ်မောင်းလျက်ရှိသည်။ အင်ဂျင်စက်တုန်ခါမှုသည် ကြာ လာသောအခါ၌ သူ့အာရုံကြောများကို လေးလံထိုင်းမှိုင်းလာစေသည်။ မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။ သူအိပ်ရာမှ နိုးသော အခါ ခင်မြင့်တို့၊ တင်ထွန်းအောင်တို့ နိုးနေကြပြီ။ နာရီကို ကြည့်လိုက် တော့ နံနက် ကိုးနာရီထိုးနေပြီ။

အိပ်ပျော်သွားပြီးဖြစ်သော်လည်း ကိုနုရွှေ လန်းလန်းဆန်းဆန်း မရှိ။ မူးမှုသာဖြင့် ခေါင်းတခုလုံး နောက်ကျိနေလျက်ရှိသည်။ ခင်မြင့်နှင့် တင်ထွန်းအောင်တို့ကမူ သူတို့ဝေဖြင့် မှိန်နေကြသည်။ သူတို့အဖို့ ကား လှိုင်းမူးသည့်အရသာကို သဘောကျနေမည်လား မပြောတတ်။ ကိုနုရွှေအဖို့မူ အခံရခက်သည်။ ရင်ထဲက မွန်း၍ မွန်း၍ တက်လာသည်။ …လည်းမစားချင်၊ ရေမပင်မသောက်ချင်။

သည်အထဲမှာ ရာသီဥတုက ဆိုးသည်။ ကောင်းကင်တခုလုံး မဲ့မှိုင်း ကာ မိုးသက်ကျနေသည်။ လေပြင်း တိုက်နေသဖြင့် လှိုင်းကြီးသည်။ သူတို့စက်လှေသည် ကမ်းမမြင်လမ်းမမြင် ပင်လယ်သမုဒ္ဒရာကြီးထဲတွင် … နှယ် လူးနေသည်။

ထိုနေ့ နံနက်စာကို ကိုနုရွှေမစား။ တင်ထွန်းအောင်လည်း မစား။ ခင်မြင့်တယောက်သာ စားသည်။ စက်လှေ ယိမ်းထိုးနေသဖြင့် ခင်မြင့်ပင် … ယိမ်းယိုင် လှုပ်ရှားသွားရသည်။ တခါတခါ စက်လှေကြီးက … သွားသည်။ တခါတခါတွင် လှိုင်းလုံးတွေပေါ်သို့ မြောက်တက် သွားသည်။ တခါတခါတွင် အောက်သို့ နိမ့်ကျသွားသည်။ လှိုင်းလုံး ကြီးများသည် တခါ တခါတွင် ကုန်းပတ်ပေါ်သို့ တက်လာသည်။ လေပြင်းတိုက်သံ၊ စက်သံ၊ လှိုင်းသံတို့သည် ဆူညံလျက်ရှိသည်။

ခင်မြင့်သည် ကုန်းပတ်ပေါ်မှ အခန်းထဲသို့ ပြေးဝင်လာသည်။ မျက်စိ မျက်နှာ ကလည်း မကောင်း။ သူ့မျက်လုံးများသည် ပြူးကျယ်လျက် ရှိကြသည်။

"ဦးလေး၊ ဦးလေး"

ချမ်းမြင့်က ထပ်ဟစ်ကာ ခေါ်သည်။ ကိုနီမွှာသည် လှိုင်းပုတ်သံကြောင့် မှိန်းနေရာမှ ခေါင်းထောင် ထလိုက်သည်။ စက်လှေသည် ညာဘက်သို့ စောင်းသွားသဖြင့် ကိုနီမွှာသည် အိပ်စင်ပေါ်မှ အောက်သို့ လွင့်ကျ သွားသည်။

"စက်လှေ မှန်တိုင်းမိနေတယ်။ ထမင်းစားလို့တောင်မရဘူး"

ချမ်းမြင့်က လှိုင်းသံ၊ လေသံ၊ စက်သံများကြောင့် အော်၍ ပြောသည်။ တင်ထွန်းအောင်မှာ ဝဲဘက်အိပ်စင်ပေါ်တွင် ရှိနေသဖြင့် အိပ်စင်ပေါ်မှ လွင့်ကျမကျ၊ နံရံတွင် ကပ်နေသည်။ ချမ်းမြင့်၏ စကားကို ကြားသည့် အခါ၌ တင်ထွန်းအောင် မျက်နှာသည် သွေးမရှိတော့သကဲ့သို့ ဖြူဖပ် ဖျော့လိုက်သည်။ သူ့မျက်နှာသည် အတွန့်အမင်း ကြောက်လန့် တုန်လှုပ် လှုပ်ရှားသဖြင့် ကြည့်ရက်စရာ မရှိအောင် မှိုင်းမှုန်ဆင်းမှုန် ဖြစ်နေ သည်။

"ကိစ္စမရှိပါဘူး၊ ပေါ့ ချမ်းမြင့်၊ အိပ်စင်ကိုကိုင်ထား၊ လိမ့်ကျသွား လိမ့်မယ်"

ကိုနီမွှာက အားပေးသည်။ အားပေး၍ သော်လည်း သူကိုယ်တိုင် အားမရှိလှ။ မှန်တိုင်းမိ၍ စက်လှေမြှုပ်မှုတွင် ဆိုသော အတွေးသည် ခေါင်းထဲတွင် လက်ကာ၍ ဝင်လာကာ အားလျော့သွားသည်။ ပင်လယ် သမုဒ္ဒရာကြီးအလယ်တွင် စက်လှေမြှုပ်လျှင် သေသမ်းမှတပါး အခြား လမ်းမရှိ။

"ဆိုက်ကာလုံးကို ပြောတယ်၊ ရန်ကုန်ဘက်ကို သွားရင် လမ်းမှာ ကပ်စရာကျွန်းမရှိလို့ အနောက် တည့်တည့်ကို မောင်းနေတယ် တဲ့၊ အနောက်ဘက်မှာ ကျွန်းတကျွန်း ရှိတယ်တဲ့၊ အဲဒီ ကျွန်းကို ဝင်ကပ် မလို့တဲ့၊ ဦးလေး၊ လာလေ၊ ပေါ့ တင်ထွန်းအောင်၊ ထ၊ ဘာဒိုင်နေ တာလဲ"



ချမ်းမြင့်က သူကြားခဲ့ရသည့် သတင်းကို ပေါက်ခိုသည်နှင့် သူတို့ နှစ်ယောက်ကို ခေါ်၍ အခန်းပြင်ဘက်သို့ ပေါ်အယိုင် ထွက်လိုက်သွား သည်။ ကိုနီမွှာနှင့် တင်ထွန်းအောင်သည် ချမ်းမြင့်နောက်သို့ လိုက်လာ ကြသည်။

စင်စစ် လိုက်၍သာ လိုက်လာခဲ့ရသည်။ ကိုနီမွှာ ဘာလုပ်ရမှန်းမသိ၊ ပင်လယ်ခရီးကို တခေါက်မျှ မသွားဖူး။ ပင်လယ် အကြောင်းကို ကောင်းကောင်း မသိ၊ ကြားဘူးနားဝသာ ရှိသည်။ ထို့ထက် ပင်လယ် ထဲ မှန်တိုင်းမိသည့် အဖြစ်မျိုးကိုကား ကြုံတွေ့ဘူးသို့ မဆိုထားနှင့် ကြားပင် မကြားဖူး။

ကုန်းပတ်ပေါ်တွင် ခရီးသည်နှင့် စက်လှေ အလုပ်သမားများ ဥဒဟို သွားလာ နေကြသည်။ ပြေးလွှားလျက်ရှိသည် ဆိုသော်လည်း ခြေလှမ်း မှန်မှန်တည်တည် မဟုတ် သွားနေကြခြင်းမဟုတ်၊ စက်လှေ က စောင်းသွားလျှင် နောက်က ထွန့်လွှတ်လိုက်သလို နိမ့်ရာဘက်သို့ ယိုင် ရောက်သွားကြသည်။ တချို့က ကုန်းပတ်ပေါ်တွင် ပစ်လဲ ကျကြသည်။

မှန်တိုင်းက တော်တော်ပြင်းသည်။ ကောင်းကင်က ညိုမည်းလျက် ရှိသဖြင့် ပင်လယ် ရေပြင်သည်လည်း ခဲသားရောင် ထနေသည်။ လှိုင်း လုံးကြီးများက ကုန်းပတ်ပေါ်သို့ ဖြန်းကနဲ ဖြန်းကနဲ တက်၍ ရိုက်သည်။ ဆာလောင်နေသည့် ဝကြီး တကောင်က လျှာကြီးဖြင့် လှမ်း၍ လှမ်း၍ ယက်နေ သလော ထင်ရသည်။

ပင်လယ်ထဲကို လှမ်းကြည့်လိုက်တော့ တမ်းတီးမြင်ရ မိုးသက်တွေ ကျနေသဖြင့် ရှုခင်းသည် မှုန်ဝါးလျက်ရှိသည်။

ကုန်းပတ်ပေါ်သို့ ထွက်လာရသော်လည်း ကိုနီမွှာ ဘာလုပ်ရမည် မသိ၊ စက်သည်က စက်လှေတွင် အသက်ကယ်ပစ္စည်း များများ စားစား မရှိ၊ ကုန်းပတ်နံရံတွင် ချိတ်ဆွဲထားသော ဘောကွင်းများ

ဖေါ်ဆောင်ကား တာယာအဟောင်းများ ရှိသည့်တိုင် များများစားစား မဟုတ်။ အသက်ကယ်အိတ်ဆိုသည်ကား မြင်ပင် မမြင်ရ။

"အိပ်မပျော်ကြပါနဲ့၊ ကျွန်းကိုကပ်မယ်။ ကျွန်းကို မြင်နေရပြီ"

ယူဂိုစလားက အင်္ဂလိပ်တုံးလုံးနှင့် အလုပ်သမား တယောက်က ပြေးရင်း အော်သွားသည်။ ထိုအလုပ်သမားမှာ သံချောင်း ဖြစ်သည်။

"အရှေ့ရှိရင် အသင့်ဖြစ်အောင် ဘောတွေကိုဖြုတ်ထားပါ။ ဘောတွေကို တယောက်ထဲမစီးပါနဲ့၊ မှီးပါ။ ဘောမရှိတဲ့သူက ဒီပါပုံး အလွတ်တွေရှိတယ်။ ဒီပါပုံးအလွတ်တွေကို အသင့်ယူထားပါ။ ကျွန်းကို ရောက်တော့မယ်"

သံချောင်းက ပြေးရင်း အော်သည်။ ကျွန်းကို ရောက်တော့မည် ဆိုသည့်တိုင် ကိုနုနှာတို့အဖို့ ကျွန်းကို မမြင်ရသေး။

သည် အတောအတွင်း လေက ငြိမ်းလာသည်။ စက်လှေကြီးသည် ဝဲယာစောင်းကာ လှုပ်ရှိန်လျော့ရှိသည်။

"ဟုတ်တယ် ဦးလေး၊ ကျွန်းရောက်တော့မယ်။ ဟိုမှာ ဟိုမှာ"

ခင်မြင့်က လှမ်းအော်သဖြင့် ကိုနုနှာ လှမ်းကြည့်လိုက်သည်။ မိုးမှုန်များကြား၌ ရည်ရည်မွဲမွဲ ကျွန်းကလေး တကျွန်းကို လှမ်းမြင်ရသည်။ သို့ရာတွင် ပီပီသသမဟုတ်၊ ခပ်ရေးရေးမျှသာ ဖြစ်သည်။ ကျယ်ပြောလှသော ရေပြင်ကြီးအလယ်တွင် ကြီးတနုကလေးတကျွန်းကို ရေးရေးမျှသာ မြင်ရသည်။ အနည်းဆုံး ဆယ်မိုင်လောက်တော့ ဝေးဦးမည် ထင်သည်။

ထိုစဉ် ဝုန်းကနဲ အသံကြီးတသံကို ကြားလိုက်ရပြီးနောက် စက်လှေကြီးသည် စောင်းသွားသည်။ တချို့ လဲကျသွားကြသည်။ တချို့ လွင့်စင်ကျသွားကြသည်။ လှိုင်းသံတွေကြားထဲက အော်သံဟစ်သံတွေ ပေါ်လွင့်လာသည်။



"ကျောက်ဆောင်နဲ့ တိုက်တယ်၊ ရှောင်နေပြီ။ အားလုံး ဘောတွေကို ကိုင်ထားကြပါ။ ဘောတခုကို လူနှစ်ယောက်ပဲ တွယ်ပါ။ ဒီပါပုံးတွေ၊ မှုန့်ဗူးတွေကို တွယ်ပါ။ ဒီမှုန့်ဗူးကြီးကို တချို့ လာတွယ်ပါ"

သံချောင်းက မှုန့်ဗူးသုံးလုံးချည် ပြုထားသည့် ကုန်ဘောင် တခုကို ကောင်း၍ အသံကုန် ဟစ်သည်။

လူသုံးလေးယောက် ဘောကွင်းတကွင်းကို လုနေကြသည်။ သည်ထဲတွင် တင်ထွန်းအောင်လည်း ပါသည်။

ကိုနုနှာနှင့် ခင်မြင့်က ဒီပါတလုံးကို ကိုင်ထားကြသည်။ ဒီပါက လုံလုံခြုံခြုံရှိ၍ အကိုင်ရ အတွယ်ရ ခက်သည်။ ထို့ကြောင့် သူတို့ယောက်သည့် ဒီပါတို့ရှိနေကာ သံချောင်းကိုင်ထားသည့် မှုန့်ဗူးကြီးကို ပြေးလာကြပြီး မှုန့်ဗူးအစွန်းကို ကိုင်ထားကြသည်။

"ဟေ့ တင်ထွန်းအောင်၊ ဒီကိုလာ၊ ဒီကို"

ခင်မြင့်နှင့် ကိုနုနှာက လှမ်းခေါ်သည်။ တင်ထွန်းအောင် ကြားဟန်မတူ၊ ဘောကွင်းကို သဲသဲမဲမဲလုနေသည်။ ခင်မြင့်က တင်ထွန်းအောင်ဆီသို့ ပြေးကာ လက်ဆွဲခေါ်လာသည်။

စက်လှေက နစ်စပြုနေပြီ။ ကျောက်ဆောင်ဝင်ဆောင့်သဖြင့် ဦးပိုင်းက ရေတွေ ဒလဟော ဝင်လာသည်။ လှိုင်းလုံးတွေကလည်း ကုန်းပတ်ပေါ် တက်လာကြသည်။ တချို့ ရေထဲရောက်ကုန် ကြပြီ။ ခရီးသည်လူတွေက ပြေးနေသည်။ မုန့်တို့မှုန့်စတွေ၊ ပစ္စည်းတွေကလည်း မျောနေသည်။ သို့ရာတွင် တဂုန်းဂုန်း ထလျက်ရှိသော လှိုင်းများကြားတွင် မည်သည်က လူ၊ မည်သည်က ပစ္စည်းဟု ခွဲခြား၍မရ၊ ဝဲဝဲမြင်ရုံမျှသာဖြစ်သည်။

တင်ထွန်းအောင်က ဘုရားတသည်။ ဘုရားတရားကို မယုံကြည်သည့် ကိုနုနှာလည်း ဘုရား တ သည်။ ဘုရားတမိ ရှေ့သူကတော့ ခင်မြင့်နှင့် သံချောင်းတို့ဖြစ်သည်။ ခင်မြင့်နှင့်သံချောင်းသည် မှုန့်ဗူးကြီးကို ကော်လှေပုံသို့ ဆွဲပြေးသည်။ ပါဒယ်ကလည်း ဘာတွေ အော်ဟုန်းမည်

တောက်နေကြသည်။ ကိုနန္ဒာနှင့် တင်ထွန်းအောင်သည် မှည့်မြားကြီး ကိုင်ရင်း သူတို့နောက်က လိုက်သွားသည်။

"ကဲ မှည့်မြားကို မလွှတ်တမ်း ထွယ်ထားကြပေတော့။ လိုင်းမှ ရင် လက်လွှတ် သွားတတ်တယ်။ မှည့်မြားကို လွှတ်သွား ရင်တော့ မသက်သာဘူး၊ ငမန်းတော"

သံချောင်းက လှမ်းအော်သည်။

ကိုနန္ဒာတို့တသိုက်သည် ဘယ်လို ရောက်သွားကြမှန်း မသိ၊ ခဏ ကြာတော့ လှိုင်းထဲတွင် ရောက်နေသည်။

'ရွှေဥန်း'သည် ပင်လယ်ပြင်တွင် ရပ်စရွေ့နေပြီ၊ ကုန်းပတ်ပေါ်ရှိ လှိုင်းလုံးများအောက်တွင် ရောက်ရပ်နေပြီ၊ ရွက်တိုင်များသာ မြင် ရသေး၊ လှိုင်းလုံးကြားတွင် ယိမ်းထိုးနေသဲ ဖြစ်သည်။ လှိုင်းကြီးသည် ပင်လယ်ရေတွေ ပါးစပ်ထဲ နှာခေါင်းထဲ ဝင်သည်။ ပင်လယ်ရေ ငါးသက်သက် ငန်မှုမှုနှင့် အန်ချင်လာသည်၊ ချေးထုတ် မသင်္ချ ဖိုက်ထဲသို့ ရေသည်မှ ဝင်ပြီးပြီ၊ ကြာတော့ ရေထဲမှာ အေးလာသည်၊ ခြေထောက်တွေကလည်း ကြွက်တက်ချင်လာသည်။ ရေလည်းသက်သည်၊ မှည့်မြားကို လွှတ်မသွားအောင် မနည်း သတိထားနေရသည်၊ သည်အထဲ တွင် တင်ထွန်းအောင်က မှည့်မြားကိုကြာကြာ မကိုင်နိုင်၊ လက်အံသေသ ပြီဟု ဆိုသည်။ သံချောင်းက မှည့်မြားပေါ်သို့ လှနစ်ယောက်တက် ဖက်တွယ်လိုက်နိုင်သည်၊ လက်ပန်းကျသူ၊ မောသူနှစ်ယောက် တက် ပြောသည်။ သို့ရာတွင် ကိုနန္ဒာရော ခမြိုင်ရော တင်ထွန်းအောင် သုံးယောက်လုံး မောနေပြီ၊ လက်လံမသေနေပြီး အဆိုးဆုံးမှာ တင်ထွန်း အောင် ဖြစ်သည်။ ထို့ကြောင့် တင်ထွန်းအောင်ကို အတက်ခိုင်းရသည်။

"ဦးလေး ဦးလေးတက်၊ သိပ် မောနေလိမ့်မယ်"

ခမြိုင်က ကိုနန္ဒာကို မှည့်မြားပေါ်သို့ အတက်ခိုင်းသည်။

"နေပါစေ၊ မင်းတက်"

ကိုနန္ဒာက အော်ပြောသည်။



"ကျွန်တော် ရသေးတယ်၊ မှည့်မြားက နှစ်ယောက်ထဲခံနိုင်မှာ မဟုတ်ဘူး၊ ကျွန်တော်တို့မောတော့ တလှည့်စီတက်မယ်၊ တော့ တင် ထွန်းအောင်၊ မြဲမြဲကိုင်ထား၊ လှိုင်းပုတ်လို့ လွှင့်သွားမယ်"

ကိုနန္ဒာသည် မှည့်မြားပေါ်တွင် ဝမ်းလျားမှောက်ကာ မှည့်ချွန်ကို ဖက်တွယ်ထားသည်၊ ပါးစပ်နှင့် နှာခေါင်းကို ရေမဝင်အောင်သည်း မနည်း သတိထားရသည်။ ခပ်လှမ်းလှမ်းတွင် သူတို့လို ရှည့်ချွန်များ၊ သားများကို စီး၍ မျောနေသူများကိုလည်း တချက်တချက်တွင် မြင်ရ သည်။ သို့ရာတွင် သဲကွဲစွာ မြင်ရသည် မဟုတ်၊ လှိုင်းပင့်တင်လိုက်၍ အပေါ်ရောက်သည့်အခါတွင် လှစ်ကနဲ မြင်လိုက်ရခြင်းသာ ဖြစ်သည်၊ လှိုင်းအောက် ကျသွားလျှင် ဘာကိုမျှ မမြင်ရ။ သူတို့အောက်တွင် ရေလှိုင်း နှိုက်ကြီးများသာ ကာဆီးနေကြသည်။

တော့ဖြမ်းသွားပြီဖြစ်သော်လည်း လှိုင်းကြီးနေဆဲပင် ဖြစ်သည်၊ သူတို့ သည် ဓာတ်ကေ လေဆွေလှိုင်းအတွက်တွင် ရောက်နေခဲ့ခြင်းဖြစ်သည်၊ နှာခေါင်းများစွာ လေဆွေလှိုင်းထဲတွင် မိနေရာ ယခု လေဆွေလှိုင်းသည် အရှေ့ဘက်သို့ ရွေ့လျားသွားဟန် တူသည်။ သို့ရာတွင် လေဆွေလှိုင်း များက မလွတ်သေး။

အတော်ကြာတော့ လှိုင်းတချက် ပုတ်လိုက်သည်၊ တင်ထွန်းအောင် သည် မှည့်ချွန်ကို ဖက်တွယ်ထားရာက လွှင့်စင်ကျသွားသည်၊ ကိုနန္ဒာသည် ရုတ်တရက် ဘာမှန်းမသိလိုက်၊ သူပါ လှိုင်းအပုတ် ခံလိုက်ရသဖြင့် ပါးစပ်ထဲ နှာခေါင်းထဲ ရေတွေဝင်ကုန်သည်။ လှိုင်းကြီးက သူ့ကိုယ် ပေါ်ကို ကျော်ဖြတ်သွားသည်၊ လှိုင်းကျော်သွားပြီ၊ နောက်တခဏတွင် သူ့ခေါင်းရင်းကို လှမ်းကြည့်လိုက်သည့်အခါတွင်မှ တင်ထွန်းအောင် မရှိတော့။

"တင်ထွန်းအောင် လှိုင်းထဲပါသွားပြီ၊ ဟေ့ တင်ထွန်းအောင်၊ တင်ထွန်းအောင်"

ကိုနန္ဒာက ပုဉ်ပြီးထိပ် တစက်တချက်ကို ကွယ်ဖက်ထားသည့် သံချောင်းနှင့် ရဲမြင့်တို့ကို ခေါ်ပြောသည်။

"ဝါသွားပြီ မရတော့ဘူး"

သံချောင်းက ခေါ်ပြောကာ လက်ခါပြသည်။

တင်ထွန်းအောင်သည် လှိုင်းပေါ်သို့ ခြေတက်တက်သွားပြီးနောက် ရေထဲသို့ ပြန်ကျလာသည်။ ထိုအခါ၌ တင်ထွန်းအောင်မှာ ပုဉ်ချဉ်နှင့် ကိုက်လေးငါးဆယ်အကွာတွင် ရောက်နေပြီ။ တင်ထွန်းအောင်သည် ရေကူးတတ်သူမဟုတ်။ ရေကူးတတ်သူဖြစ်သည်ထား။ သည်လို လှိုင်းထဲတွင် ကိုက်ငါးဆယ်လောက်ရောက်အောင် ကူးဘို့မလွယ်။ သည်အခါ တွင် တင်ထွန်းအောင်က တုန်လှုပ်လှုပ်သည်။ အားယိုတက်သည့် ရေထဲတွင် သတိကောင်းဘို့အရေးကြီးသည်။ စိတ်တည်ငြိမ်ဘို့ အရေး ကြီးသည်။ ခေါင်းအေးအေးထားတတ်ဘို့ လိုသည်။

တင်ထွန်းအောင် လှိုင်းကြား လှုပ်ပါသွားသည်ကို သံချောင်း မြင်လိုက် သည်။ မြင်ကွင်းအကျတွင် တမိနစ်လောက် လှုပ်ရှားတူးခတ်နေသည်ကိုလည်း သံချောင်း မြင်လိုက်သည်။ ထိုရာတွင် သူ လိုက်မဆယ်နိုင်။ လိုက်ဆယ်၍ ရမည်မဟုတ်။ တင်ထွန်းအောင်ဆီရောက်ဖို့ လှိုင်းသဘွင် ရေကူးရမည်။ ရောက်လျှင် သူ့ကိုယ်ပဲ ပုဉ်ချဉ်ဆီ ပြန်လာရဦးမည်။ သံချောင်းသည် ရေ ကြောကို မှန်းကြည့်သည်။ သည်နေရာတွင် ရေကြောနှစ်ခု ဆုံသော လှိုင်းထပြီးသည်။ တခုက အတွင်းဘက်သို့ ပြန်စီးသောရေကြောဖြစ်၍ တခုက အပြင်သို့စီးထွက်သော ရေကြောဖြစ်သည်။ တင်ထွန်းအောင်သည် အတွင်းဘက် စီးသော ရေကြောထဲသို့ ရောက်နေပြီး သူတို့ပုဉ်ချဉ်က အပြင် ဘက်သို့ ထွက်သော ရေကြောထဲသို့ ရောက်နေသည်မှုကာ ကိုက်ငါးဆယ် ခန့်သာ ဝေးသေးသည်။ သူတို့ပုဉ်ချဉ်သည် တင်ထွန်းအောင်နှင့် ဝေး ရာဘက်သို့ မျှောပါသွားနေသည်။

တင်ထွန်းအောင်ကို လိုက်ဆယ်ရန် သံချောင်း စိတ်ကူးသေးသည်။ ထိုရာတွင် လှိုင်းအခြေအနေ၊ ရေကြောအခြေအနေကို အကဲခတ်ပြီးသည့် နောက်တွင်မူ လိုက်ဆယ်ရန် မကြိုးစားတော့ဟု သံချောင်း ဆုံးဖြတ် လိုက်သည်။



သံချောင်းသည် ပုဉ်ချဉ်ကို မြဲမြဲကိုင်ရန် ကျန်လူနှစ်ယောက်ကို ခေါ်ပြောသည်။ လှိုင်းပေါ်အရောက်တွင် ဘေးပတ်ဝန်းကျင်ကို လှမ်းကြည့် လိုက်သည်။ သူတို့ပုဉ်ချဉ်သည် ဂက်လေ့ပေါ်တုန်းက သူတို့မြင်ခဲ့ရသော ကျွန်းဘက်သို့ စီးနေသည့်ရေကြောပေါ်တွင် ရောက်နေသည်။ ထိုရာတွင် ကျွန်းနှင့်နီးသော အနည်းဆုံး မြောက်မိုင်လောက်တော့ ဝေးဦးမည်။

ကိုနန္ဒာသည် သံချောင်းလိုဝင် ကျွန်းမိုင်ကို ခန့်မှန်းခြေ လှမ်းမြင်ရ သည်။ သူ့စိတ်ထဲတွင်မူ ကျွန်းသည် အနီးကလေးဟု ထင်သည်။ တမိုင် နှစ်မိုင်လောက်သာ ရှိမည်ဟု ထင်သည်။ ရဲမြင့်ကိုလှမ်းကြည့်တော့ ရဲမြင့် သည် ပုဉ်ချဉ်ကို အတင်း ဖက်တွယ်ထားသည့်ကိုသာ မြင်ရသည်။ ရဲမြင့် ကတို့ လှုပ်ရှားခြင်း မရှိတော့။ မေ့မြောသွားပြီလော။ မေ့မြော သွားလျှင် ပုဉ်ချဉ်မှပြုတ်ထွက်ကာ တင်ထွန်းအောင်လိုပဲ ပင်လယ်ထဲတွင် ကျန်ရစ်တော့ မည်လော။ မိမိသည်လည်း တင်ထွန်းအောင်လို ပင်လယ် ထဲတွင် နေရစ်ခဲ့ရတော့မည်လော။

မေးခွန်းပေါင်းများစွာသည် သူ့ခေါင်းထဲသို့ ရုပ်ရှင် ဝင်ရောက်လာကြ သည်။ သူကိုယ်တိုင် ထိတ်ထိတ်တုန်တုန် လှုပ်ထားသည်။

ဘုရားတရားမရှိဟု ဆိုသော ကိုနန္ဒာသည် ကြောက်ကြောက်ဖြင့် ဘုရားတသည်။

သူ့စိတ် သူ့သဘောသည် ပျံ့လွင့်လျက်ရှိသည်။ ငယ်စဉ်ဘဝကို အမှတ် ရသည်။ သူ့မိဘနှစ်ပါးကို အမှတ်ရသည်။ သူ့အမေလတ် တင်မေမြ့ကို မြင်ယောင်သည်။ သူ့အကို တင်တင်လှ၊ သူ့ညီ ကိုထွန်းမြင့်တို့ကို မြင်ယောင်သည်။ သူ့ စာရေးဖတ်ရေးအဖော်များကို သတိရသည်။ သူဖတ်ခဲ့သော စာအုပ်များကို အမှတ်ရသည်။ သူ့ချစ်ရ သူ့မိန်းမကို သတိ ရသည်။

မသေမပျောက် အိမ်ပြန်ရောက်လျှင် သူ့တူ တင်ထွန်းအောင် အကြောင်းကို မည်သို့ ပြောရမည်နည်း။

ဤနေရာတွင် သူကော တကယ်မသေမပျောက် ပြန်ရောက်ပါမည်လော၊ သူ့တူ တင်ထွန်းအောင်လို ပင်လယ်ထဲတွင် နေရစ်ခဲ့ရတော့မည်လော၊ ယခုပင် လက်အံသေလာပြီ။ ခြေထောက်တွေ ကြွက်တက်လာနေပြီ၊ မျက်လုံးတွေ မှုန်ဝါးလာနေပြီ။ အသက်ရှူကြပ်လာနေပြီ။

သူသည် လောကကြီးတွင် အသက်ရှင် ကျန်ရစ်ပါဦးမည်လော၊ အပြောကျယ်လှစွာသော စကြဝဠာကြီးထဲတွင် ကြယ်ပွင့်ကလေးတပွင့် သည် အစအနမျှ မကျန်တော့အောင် ကြွေကျ ပျောက်ကွယ်သွားသည့် နည်းတူ ကိုနန္ဒာဆိုသော ဗိညာဉ်တခုသည်လည်း အပြောကျယ်စွာသော မဟာသမုဒ္ဒရာကြီးထဲတွင် အစအနမျှ မကျန်ရစ်တော့အောင် ပျောက် ကွယ်သွားရတော့မည်လော၊

ပျောက်ကွယ်သွားရတော့မည်လော။

## [ ၁၁ ]

ကိုနန္ဒာ မေ့မြောလဲကျနေသည်မှာ မည်မျှကြာပြီ မသိ။

သတိရ၍ ကြည့်လိုက်တော့ လှိုင်းပုတ်သံများကို ပထမကြားရသည်။ ထို့နောက် မိုးသီးမိုးပေါက်တို့ကျသည့်နှယ် တဖျောက်ဖျောက်မြည်သော ထောင်ပေါင်းများစွာသော ဝင်တစွပ်တို့၏ အသံများကို ကြားရသည်။

သူသည် စက်လှေပျက်၍ ပျဉ်ပြားတချပ်ကို ဆွဲဖက်ထားခဲ့သည် ကို ပြန်မှတ်မိသည်။ သူ့တူ တင်ထွန်းအောင်တယောက် ပင်လယ်ပြင် ကျယ်ကြီးထဲတွင် ကျန်ရစ်ခဲ့သည်ကိုလည်း မှတ်မိသည်၊ ထို့နောက် ရှိုက်နှင့် သံချောင်း။

ယခု ရှိုက်နှင့် သံချောင်း ဘယ်ရောက်နေပြီနည်း။ မိမိတယောက် တည်းသာ ကျန်ရစ်ခဲ့သလော။ မည်သို့မည်ပုံ ကမ်းစပ်တွင် လာ၍ တင် နေသနည်း။

ကိုနန္ဒာသည် ထိုအဖြစ် အလုံးစုံကိုမှ မသိတော့၊ နောက်ဆုံး ခြေသလုံးတွေ ကြွက်တက်ပြီး လက်အံသေသွားသည့် အဖြစ်ကိုသာ မှတ်မိတော့သည်။

သူသည် ဤနေရာတွင် လဲကျသော အခေါက် ရေသောက်ခဲ့ လေသလောက်တည်း သေရတော့မည်လော၊ သို့တည်းမဟုတ် ဒီရေတက် လာကာ ပင်လယ်ထဲသို့ မျော၍သေရတော့မည်လော။

ဆောကြာတော့ လှိုင်းပုတ်သံများသည် နီးလာသည်။ ဒီရေတက်လာပြီ။ မကြာမီ လှိုင်းလုံးများသည် သူ့ခြေထောက်နားသို့ ရောက်လာတော့မည်။

သည်နေရာသည် စက်လှေပေါ်တုန်းက မြင်ရသော ရှည်မျော်မျော် ကျွန်းကလေးပင် ဖြစ်လိမ့်မည်ဟု ကိုနန္ဒာထင်သည်။ သည်ကျွန်းပေါ်တွင် လူနေအိမ်ခြေရှိသလော မရှိသလော ဆိုသည်ကို ကိုနန္ဒာ စုံစမ်းရမည်။ ဝမ်းမိုက်လာသည်၊ ဆာလောင်လှပြီ။

အဆိုးဆုံးက ရေငတ်မြင်းခြင်းဖြစ်သည်။ သူ့ခန္ဓာကိုယ်တွင် ကာဘွဲ့ ဟိုက်ဒရိုက်ဓာတ် ကျန်မှ ကျန်သေးသည်လောမသိ၊ အသားတွေ ခြောက်နေသည်။ ပုဆိုးက မှလောင်သည်၊ ရေငတ်ခြေမြစ်၍ တံတွေးကို မျိုချသော်လည်း တံတွေးပင် ကောင်းကောင်း မထွက်ချင်တော့၊ လည်ချောင်းကလည်း ကောင်းကောင်းမျိုချ၍ မရတော့။

ပထမအရေးအကြီးဆုံးက ရေရှာရမည်၊ ဟယင်းအသက် ခုနစ်ရက် ရေသက် တမနက်ဟု ငယ်ငယ်က ကြားဖူးသည်။ စောစောလောဆယ် စားစရာမရသေးလျှင် ကိစ္စမရှိ၊ သောက်စရာရဖို့ အရေးကြီးသည်။

ရေမြင်သည့်မှာ တမနက်မကတော့ပြီ၊ သူတို့စက်လှေပျက်ခဲ့သည်မှာ မနေ့ကလော၊ မနေ့ကဆိုလျှင် သူ ရေမြောင်ခဲ့သည်မှာ တရက် တင်းတင်းရှိပြီ၊ တမြန်နေ့ကဆိုလျှင် နှစ်ရက်ရှိပြီ၊ သို့မဟုတ်လျှင်လည်း သူသည် ဤကမ်းစပ်တွင် ရောက်နေခဲ့သည်မှာ ရက်ပေါင်း များစွာ ကြာခဲ့ပြီလော။

မည်သည့်ရက်၊ မည်သည့်နေ့နည်း။

အချိန်၏ လမ်းကြောင်းကိုလည်း ကိုနန္ဒာ မမှန်းဆတတ်တော့။



ကိုနန္ဒာသည် ကောင်းကင်ကို မော်ကြည့်သည်။ ကောင်းကင်တွင် တိမ်ဖြူဖြူကို လွှင့်နေကြသည်။ နေ့ကိုမမြင်ရ၊ မည်သည့်အချိန်ဟု မှန်း၍မရ၊ အရပ်မျက်နှာကိုလည်း ခန့်မှန်း၍မရ၊ မည်သည်က မြောက်ဖြစ်၍ မည်သည်က အရှေ့နည်း။ မည်သည်က တောင်အရပ်ဖြစ်၍ မည်သည်က မြောက်အရပ်နည်း။

အရပ်ဒေသကိုလည်း ကိုနန္ဒာမသိ။

ကိုနန္ဒာသည် တတောင်ဆစ်ကို ထောက်၍ ကိုယ်ကိုထူကြည့်သည်။ တတောင်ဆစ်အောက်က ကျောက်စွန်းချွန်ချွန် အားပေးထားမိ၍ သည် နာ၍ သူ့အောက်က ကျောက်ဆောင် ကျောက်ချွန်များသည် သံမြွား ကောင်းလို ထက်နေသည်ကို သူသတိပြုမိသည်။ ထို့ကြောင့် ကိုနန္ဒာသည် ကျောက်ဆောင်းမရှိသည့် ကျောက်ပြားထက်ကို အသာ လိမ့်ချပြီး လက်နှစ်ဖက်ကို ထောက်၍ တဖြည်းဖြည်း ထသည်။

သူ့တဖက်တွင် ပင်လယ်ပြင်ကြီးရှိသည်၊ တခြားတဖက်တွင် ခရောင်း ပြိုင် ကျယ်ဖြန့်သည့် အထပ်လိုက် အထပ်လိုက် ဖြစ်နေသော ကျောက် ဆောင်ပြင်ကြီးကို မြင်ရသည်၊ ကျောက်ဆောင်ပြင်သည် မိုင်ဝက်ခန့် ရှိမည်ဟု ထင်ရသည်၊ ကျောက်ဆောင်ပြင်ဆုံးလျှင် ဖြူလွှသော သဲသောင် ပြင်ကို မြင်ရသည်၊ သဲသောင်စပ်ဆုံးလျှင် အုန်းပင်တို့ အစီအရီပေါက်နေ သော ကုန်းမိုင်းကို မြင်ရသည်။

ဒီရေက တဖွဲဖွဲ ဆောင်တက်လာသည်။ ဒီလှိုင်းတလုံးသည် ဝုန်းကနဲ ကြွကာ ကိုနန္ဒာကို ဆောင့်တိုက်သည်။

ကိုနန္ဒာသည် လန့်ဖျပ်ကာ အားယူ၍ ထသည်။ ထိုနောက် ကမ်းမှာ တခေါက်ကြီး မြင်ရသည့် ကျောက်ဆောင်ပြင်ကြီးကို ဖြတ်၍ လျှောက်သည်။ မေ့ပျော်ကြွမ်းနုမ်းနယ်ကာ ကိုယ်ထက်တို့ နာကျင်ကိုက်ခဲ နေသည့်တိုင် ကျောက်ဆောင်ပြင်ကို ဖြတ်ကျော် လျှောက်ရသည်။ ကိစ္စ မရှိ၊ မလျှောက်၍ မရ၊ ဒီရေက တဖွဲဖွဲ ဆောင်၍ တက်လာပြီ၊ လှိုင်းက ကျောက်ဆောင်ပြင်ကို ဒေါသတကြီးဖြင့် ရိုက်ပုတ်နေပြီ၊ လှိုင်း

ခေါင်းမြီးခြုံ များက သူ့နောက်က လိုက်လာကြပြီး မကြာမီတွင် ဤကျောက်ဆောင်ပြင်ကြီးသည် ရေအောက်သို့ ရောက်သွားတော့မည်။

ကိုရန်နွာသည် ဒီရေမတက်မီ အချိန်မီ သတိရလာသည်ကို ကျေးဇူးတင်ရပေသေးသည်။ အကယ်၍ အချိန်မီ သတိမရခဲ့ပါက သူသည် ဒီရေအောက်တွင် ပျောက်သွားရတော့မည်။

ယခု ကိုရန်နွာနှင့် ဒီရေသည် ကမ်းသို့အရောက် အပြေးပြိုင်နေကြခြင်းဖြစ်သည်။ ဒီရေက အရင်ရောက်မည်လော၊ သူက အရင်ရောက်မည်လော။

သာမန်လူတဦးအဖို့ ဆိုလျှင် ဒီရေကို လွယ်လွယ်ကလေးနှင့် အနိုင်ရနိုင်သည်။ သို့ရာတွင် ကိုရန်နွာ အခြေအနေ မလွယ်။ ဒဏ်ရာဒဏ်ချက်တွေကြောင့် ကိုယ်ခန္ဓာက နာကျင်ကိုက်ခဲ နေသည်။ အားအင်တွေ မရှိ၍ မောပန်းနွမ်းနယ် နေသည်။ ရေငတ်သဖြင့် သူ့ရင်က ပူလောင်နေသည်။ ထို့ကြောင့် ထင်သလောက် မမြန်ပေ။ သည့်အထဲတွင် ကျောက်ဆောင်ပြင်တွေက ရေညှိတွေဖုံးကာ ချောနေသဖြင့် မကြာခဏ လဲကျသည်။ ကျောက်ဆောင်တွေကို ထက်နိုင်းမိသဖြင့် သူ့ခြေထောက်နှစ်ဖက်တွင် ဓားနှင့်ခုတ်သလို ဟက်တက်ကွဲကာ သွေးချင်းချင်း နီနေသည်။ သို့ရာတွင် ကိုရန်နွာသည် ခြေထောက်တွင် ဓားဖြင့်ဟက်သကဲ့သို့ ဟက်တက် ကွဲသည်ကို လည်းကောင်း၊ သွေးချင်းချင်း နီသည်ကို လည်းကောင်း၊ ဆားလောင်မြှတ်သိပ်ခြင်းကို လည်းကောင်း၊ ရေငတ်ခြင်းကိုလည်းကောင်း ဂရုမစိုက်နိုင်။ ယခုအချိန်တွင် အရေးကြီးဆုံးမှာ နောက်က တရိပ်ရိပ် ဆောင်လိုက်လာသော ဒီရေကို လွတ်အောင် ပြေးရန်သာ ဖြစ်သည်။

သူသည် လူသူကို တွေ့ရလို တွေ့ငြား လှမ်းမျှော် ကြည့်သည်။ သို့ရာတွင် လူရိပ်လူယောင်ဆို၍ လုံးဝမတွေ့။ အဆုံးမရှိသော ပင်လယ်တာန်တလျှားကြီး၌ရှိသော ကျောက်ဆောင်ပြင်ကြီးနှင့် မြင်မှာလွှသော



ကျောက်ဆောင်ကြီး၊ သဲသောင်စပ်၊ ထန်းပင်တန်းနှင့် ကုန်းအတွင်းပိုင်းက တောတန်းများကိုသာ မြင်ရသည်။

သူသည် အားငယ်စ ပြုလာသည်။ တုန်လှုပ်စ ပြုလာသည်။ ပင်လယ်ကမ်းခြေကြီးနှင့် စာသော် ဤကျောက်ဆောင်ပြင်သည် ဒီဒီသေးသေးလေး ဖြစ်သည်။ ဤကျောက်ဆောင်ပြင်ကြီးနှင့် စာသော် သူသည် ဒီဒီ သေးသေး ကလေး ဖြစ်နေသည်။ သဘာဝကြီး၏ တရုတ်တွင် [illegible]ယောက်ထဲ ရောက်နေသူတဦးမှာ ပျောက်များစ ပြုလာသည်။ အပေါ်မှ ပင်လယ်လေသံနှင့် လှိုင်းလုံးများက ကျောက်ဆောင်များကို ရိုက်ခတ်နေသည့် တဝုန်းဝုန်းအသံတို့ကိုသာ ကြားရသည်။ ငှက်သံ၏ [illegible]သံကိုပင် မကြားရ။ သည့်အထဲတွင် ပင်လယ်လေအသံက မိုးချုန်က [illegible] ကောင်းသည်။ လေမင်း၏ဖြေ[illegible]သံနှင့် တူသည်။

ကိုရန်နွာသည် သူ့ဘဝတွင် ဤမျှလောက် တခါမှ အားမငယ်ဖူး။ စက်လှေပျက်တုန်းက အကြောက်ကြီး ကြောက်ခဲ့သည်။ သေရတော့မည်ဟု ထိတ်လန့်ခြင်း ဖြစ်ခဲ့ရသည်။ ယခု ထိုအကြောက်၊ ထိုထိတ်လန့်ခြင်းနှင့် မတူ။ ချွန်ကြောက်သော အကြောက်မျိုး ဖြစ်သည်။

သို့ရာတွင် ကုန်းပေါ် ရောက်လှင်တော့ လူနေအိမ်ခြေ ရှိလိမ့်မည်ဟု ကိုရန်နွာ အားတင်းသည်။ အရေးကြီးသည်က ဒီရေကို လွတ်အောင် ပြေးကိုသာ ဖြစ်သည်။

ထို့ကြောင့် ကိုရန်နွာသည် ရှိသမျှခွန်အားကို ဖြစ်ညှစ်ကာ ကျောက်ဆောင်ပြင်ကို ဖြတ်လာရသည်။ ကျောက်ဆောင်ပြင်သည် မိုင်ဝက်ခန့်မျှသာဝေးသော်လည်း သူ့အဖို့ မိုင်ပေါင်းများစွာ ဝေးသည်ဟု ထင်ရသည်။ ကျောက်ဆောင်ပြင်တလျှောက်တွင် အမျိုးအမည် မခွဲခြားတတ်သော ပင်လယ်ကမ်းစပ်က သတ္တဝါများကို တွေ့ရသည်။

ခေါင်းတလုံးစာမျှ ရှိသော ခရုကြီးများ၊ ဆေးပုံသဏ္ဌာန် အရင်းပိုင်းတုတ်၍ အဖျားချွန်ချွန်သွားသော ခရုများ၊ နတ်ခမ်းမွေး၊ တတောင်လောက်ရှိသည့် ပင်လယ်ပုစွန်မိန်းမိန်းကြီးများ၊ ထမင်းစားပန်းကန်ပြား

လောက်ရှိသော ပင်လယ်ဂဏန်းကြီးများ၊ လက်သီးဆုပ် သာသာခန့်ရှိသည့် ခြေသုပ်ကြီးများကို ကျောက်ဆောင်ပြင်တလျှောက်တွင် တွေ့ရသည်။

ထိုနောက် ခြင်းကာနှင့် မြည်သံကြား၍ ကိုနန္ဒာ လှည့်ကြည့်လိုက်သည်။ ဗီလေ့ဝတ်ကျန်ရစ်ခဲ့သော ကျောက်မှုတ်ထဲသို့ဆင်းသွားသည့် ထိပ်ကျောက်ကြီးတကောင်ကို မြင်ရသည်။

ထိုသတ္တဝါများ အားလုံးသည် ကိုနန္ဒာကို ကြောက်သင့်ဟန် မရှိ။ လူသူနှင့် ထိတွေ့ရသော သတ္တဝါသည် လူကိုကြောက်၏။ ထိုအခါတွင် ထိုတိရစ္ဆာန်ကို ယဉ်ပါသည်ဟု ခေါ်ကြသည်။ လူသူနှင့် ထိတွေ့ခြင်း မရှိရသည့် တိရစ္ဆာန်များသည်လည်း၊ လူကိုကြောက်ရမှန်း မသိကြ။ ဤသည်ကိုမှု ယဉ်ပါသည်ဟု ခေါ်မည်လော၊ ရိုင်းသည်ဟု ခေါ်မည်လော။ ကိုနန္ဒာ မပြောတတ်။

ကိုနန္ဒာသည် ကျောက်ဆောင်ပြင်ကြီးကို ကျော်ဖြတ်လာခဲ့ပြီးနောက် သဲသောင်စပ်သို့ ရောက်လာသည်။ သဲပွင့်များက ဖွေးနေသည်။ ကျောက်စွန်းရှည်ဖြင့် ဟတ်ဟတ် ဖြစ်နေသော ကိုနန္ဒာ ခြေဖဝါး ဒဏ်ရာထဲသို့ ဝင်ကပ်ကြသည်။ သဲမှုန့်များနှင့် ပင်လယ်ရေကြောင့် သူ့ခြေထောက်က ဒဏ်ရာများသည် စပ်ဖျဉ်းဖျဉ်း ဖြစ်နေကြသည်။

သောင်စပ်ရောက်တော့ ကိုနန္ဒာနောက်သို့ လှည့်ကြည့်သည်။ လှိုင်းလုံးများက သူ့နောက်တွင် ဝါးတနိုက်နီးပါး ကျန်ရစ်ခဲ့သည်။ သည်တော့မှ ကိုနန္ဒာ သက်ပြင်း ချနိုင်သည်။ အသက် ရှူနိုင်သည်။ အမော ဖြေ နိုင်သည်။

ဗိုလ်နိုင်းတို့ဘေးက လွတ်တော့ ရေဆာလာသည်။ စောစောက ဗိုလ်နိုင်းရန်ကြောင့် ရေဆာမှန်း မသိ၊ ရင်ပူမှန်း မသိ။ ခုမှ ပေါ်နေသည်။ ယခု ရေ ငတ်ဆာလာပြီ။ ရင် ပြင်းပူလာပြီ။

ကုန်းပိုင်းတွင် ရေတွင်း ရှိတန်ကောင်းသည်၊ စမ်းချောင်း ရှိတန်ကောင်းသည်ဟု ကိုနန္ဒာ ယူဆသည်။ ကုန်းပိုင်းတွင် တောအုပ်ရှိသည်ကို ထောက်သော် စိမ့်ရှိရမည်ဟု ကိုနန္ဒာ တွက်သည်။



သို့ရာတွင် တောအုပ်က ဝေးသေးသည်။ စမ်းချောင်းကလည်း မည်သည့်နေရာတွင် ရှိမည်မသိ။

ကိုနန္ဒာသည် သောင်စပ်မှ ကုန်းပေါ်သို့ တ ယိမ်း တ ယိုင် တက်လာပြီး ပတ်ဝန်းကျင်ကို ကြည့်သည်။ တောင်မြောက်လေးပါးကို မျှော်ကြည့်သည်။

ပင်လယ်က ပြာသည်။ သဲသောင်က ဖွေးသည်။ ကျောက်ဆောင်တွေက မဟုရာရောင် ပြေးနေသည်။ ဆိုလှမ်းလှမ်းတွင် ခါးတဝက်လောက်ရှိသော ဗီးဆပ်တောများကို မြင်ရသည်။ တောစပ်တွင် ဆတ်သွားပန်းများသည် ဖွေးဖွေးလှုပ်အောင် ပွင့်နေကြသည်။ ကျွဲကောက်ပေါက်နေကြသော အုန်းပင်များသည် ကမ်းစပ်တွင် တန်းစီနေကြသည်။

သည်မှာ ပင်လယ်ပြာ၊ သည်မှာ ငွေလွှာသဲသောင်၊ သည်မှာ ကျောက်ဆောင် မဟုရာ။

သည်မှာ ဗီးဆပ်တော၊ သည်မှာ ဆတ်သွားတော၊ သည်မှာ အုန်းပင်တန်း။

ရှမ်းက ပူသည်။ ပင်လယ်လေက တသုန်သုန် တိုက်နေသည်။ လေများအရာတွေ ဖွဲ့ကြသည့် အလှမျိုး၊ ရှုခင်းများ၊ စာအုပ်များထဲတွင် တွေ့ဘူး တော့ရှာသော တောင်စန်ဒီတ်ပင်လယ်ထဲက ကျွန်းများ၏ အလှမျိုး။

သို့ရာတွင် သည်အလှတွေကို ကိုနန္ဒာ စိတ်မဝင်စားနိုင်။ ရေက အရေးကြီး၊ စမ်းချောင်း၏ အစိမ်းအရောင်ကို မတွေ့ရသေး။

သူ့ခေါင်းပေါ်က အုန်းပင်များတွင် အုန်းသီးတွေ အပြွတ်လိုက် အပြိုက်လိုက် သီးနေသည်ကို ကိုနန္ဒာ မြင်ရသည်။ အုန်းပင်များမှာ သိပ် မမြင့်လှ။ အတွန့်ဆုံး ဆယ့်ငါးပေ၊ ပေနှစ်ဆယ်ခန့်သာ ရှိကြမည်။ အုန်းရေကိုသောက်လိုက်ရလျှင် ရေငတ်ပြေမည်။ အားရှိမည်။

သို့ရာတွင် ခက်သည်က ကိုနန္ဒာ အုန်းပင် မတက်တတ်။ တက်တတ်ပြန်လည်း တက်ချင်တက်နိုင်လောက်အောင် အားမရှိ။

ကိုနန္ဒာသည် ကုန်းစပ်တွင် ဝင်လဲလိုက်သည်။ မောလည်း မော လှပြီ။

ကုန်းစပ်တွင် အမျိုးအမည် မဖော်တတ်သော မြေဝပ်နွယ်ပင်များ ပေါက်နေကြသည်။ အရွက်ထူထူ၊ ခပ်ကြီးကြီး၊ ကုန်းကစွန်းရွက်နှင့် ဆင် သည်။ ထိုမြေဝပ်နွယ်ပင်များကြားတွင် ဝဲကစွပ်များ တရွေ့ရွေ့ သွား နေကြသည်။

ကံအားလျော်စွာ ကိုနန္ဒာ၏ မျက်လုံးများသည် မြေဝပ်နွယ်ပင်များ ကြားတွင် ကြွေကျနေသော အုန်းသီးခြောက်နှစ်လုံးကို သွားတွေ့သည်။ သူသည် လေးဘက်ထောက်ကာ အုန်းသီးနှစ်လုံးဆီသို့ သွားသည်။ ကြွေ ကျနေသော အုန်းသီးများ၊ ဖြစ်ပေနိုတုသည်။ လက်ဖြင့် လှုပ်ကြည့်တော့ တလုံးက မှတ်နေပြီ။ တလုံးက မပုပ်သေး။ အသံခပ်ထွက်ထွက် မြည်သည်။ အရည်ရှိသေးသည်။ ထို့ကြောင့် ကိုနန္ဒာသည် အားတက်သွားသည်။ အုန်းပင်မတက်တတ်သည့်တိုင် အုန်းသီးခြောက်များကို လိုက်ကောက်၍ အုန်းရည် သောက်နိုင်သေးသည်။

သို့ရာတွင် မကြာ။ ကိုနန္ဒာ စိတ်ပျက် သွားပြန်သည်။

အုန်းသီးက ကျစ်သည်။ သည်အထဲတွင် ခြောက်နေသေးသည်။ သည် အုန်းသီးခြောက်ကို ဘာနှင့် ခွဲမည်နည်း။ အုန်းခွံကို ဘာနှင့် ခွာမည် နည်း။ အုန်းမှုတ်ကို ဘာနှင့် ခွဲမည်နည်း။ သူ့လက်ထဲတွင် လက်နက် ကရိယာဆို၍ ဘာမှမရှိ။

သူ့ကိုယ်တွင် ဝတ်ထားသည့် ရှပ်အင်္ကျီတထည်၊ ရှပ်ကျယ်တထည်၊ ဘောင်းဘီတိုတထည်နှင့် ခါးတွင် လုံးရှ၍ စည်းထားသည့် လုံချည်တထည် သာ ရှိသည်။

သည်တော့မှ လက်ကို ကြည့်မိသည်။ လက်တွင် ပတ်ထားသည့် လက်ပတ်နာရီပင် မရှိတော့။ ပင်လယ်ထဲတွင် ပြုတ်ကျန်ရစ်ခဲ့ပြီ။

စင်စစ် ဓားရှိသည့်တိုင် အုန်းသီးကို မည်သို့ခွဲမည်ကို ကိုနန္ဒာ သိသည် မဟုတ်။ သူ့တသက်တွင် အုန်းသီးကို တခါမျှ ကိုယ်တိုင်ခွဲ



ဖူးသည် မဟုတ်။ သို့တိုင်အောင် လက်နက်ကရိယာ မရှိသည့်အချိန်၌ ဓားတလက်ရှိလျှင်ကောင်းလေစွဟု ကိုနန္ဒာ တောင့်တမိသည်။ ယခုတော့ မျက်ရှုန်းသီးရ ဆိုသည့်ကိန်းမျိုး၊ ကိုနန္ဒာ ကြုံနေပြီ။

ကိုနန္ဒာသည် စိတ်ပျက်လက်ပျက်ဖြင့် အုန်းသီးခြောက်ကို လွှတ်ချ လိုက်ပြီး သဲပြင်ပေါ်တွင် ပက်လက်လှန် လှဲချလိုက်သည်။ မောလည်း မောလှပြီ။ ရေငတ်လည်း ငတ်လှပြီ။ ရင်လည်း ပူလှပြီ။

မတတ်သာသည့်အဆုံး ကစွန်းကြီးရွက်နှင့်တူသည့် မြေဝပ်နွယ်ပင်မှ အရွက်များကို ကိုနန္ဒာခူး၍ စားသည်။ ကစွန်းကြီး ရွက်နှင့် တူ သဖြင့် ပင်လယ်ကစွန်းဟု သူ့ဘာသာသူ အမည်ပေးလိုက်သည်။ ပင်လယ် ကစွန်းရွက်က ထူသည်။ အရည်ရွှမ်းရွှမ်း ရှိသည်။ ချိုသည် ခါးသည် ကိုမူ ကိုနန္ဒာ မသိ။ အရည်ရွှမ်းရွှမ်းရှိ၍ အာခေါင်အခြောက်သက်သာ သည်ကတော့ အမှန်ဖြစ်သည်။

ကိုနန္ဒာသည် ပင်လယ်ကစွန်းရွက်တဆုပ်ကို ခူးကာ အားရ ပါးရ ဝါးစားလိုက်သည်။ အရွက်များကိုပင် ဖြုန်မဝါးတော့ဘဲ မျိုချပစ်လိုက် သည်။ နည်းနည်းပါးပါးလောက်ကတော့ အဆိပ် မဖြစ်တန်ရာ။

သို့သော အာခေါင်အခြောက်သက်သာရုံ၊ ရေဆာသက်သာရုံ တဆုပ် ကလေး ခူးစားခြင်းဖြစ်သော်လည်း ကိုနန္ဒာသည် အားသာ မပြေနိုင်ဘဲ ပင်လယ်ကစွန်းရွက်တို့ကို တဆုပ်ပြီးတဆုပ် ခူး၍စားကာ အရွက်များကို လည်း မျိုချနေမိသည်။ ဖြုန် မဝါးမိတော့၊ မည်သို့သိုစေ ရင်ပူသက် သာသည်။ ရေငတ်သက်သာသည်။

ပင်လယ်ကစွန်းပင်တို့ပေါက်နေသော သဲပြင်တွင် ပက်လက်လှန်ရင်း ကိုနန္ဒာ မော်ကြည့်မိသည်။

အပြောကျယ်သော ကောင်းကင်ကြီး၊ အဆုံးအစမရှိသော ကောင်း ကင်ကြီးကို မြင်ရသည်။

ကြာဝန္တာကြီးသည် အပြောကျယ်သည်။ ထိုကြာဝန္တာကြီးထဲတွင် ယမ်းပေါင်းများစွာသော ကြယ်တာရာတို့ ရှိကြသည်။ ကမ္ဘာမြေကြီး

သည် သန်းပေါင်းများစွာသော ကြယ်တာရာတို့အနက်မှ တခုသာ ဖြစ်သည်ဟု သူဖတ်၍ ကြားဘူးသည်။ စကြဝဠာကြီးနှင့်စာသော် ကမ္ဘာမြေကြီးသည် ဖီဖီ့ သေးသေးကလေးမျှသာ ဖြစ်သည်။ အမှုန်ကလေး တမှုန်မျှသာ ဖြစ်သည်။

ကိုနန္ဒာသည် အကျယ်ကျယ်လှသော ပင်လယ်ကြီးကိုလည်း လှမ်းကြည့်မြင်သည်။ ကမ်းခြေကို မမြင်ရ။ မိုးကုတ်စက်ဝိုင်းနှင့် ထိစပ်နေသည်။ ကမ္ဘာမြေကြီး၏ သုံးပုံနှစ်ပုံသည် ပင်လယ်ရေတို့ဖြင့် ပြီးသည်ဟု သူ ဖတ်ဖူး ကြားဘူးသည်။ အကျယ်ကျယ်သော သမုဒ္ဒရာကြီးနှင့် စာသော် သူရောက်နေသည့် ကျွန်းမြောင်မြောင်ကလေးသည် ဖီဖီ့ သေးသေးကလေးမျှသာ ဖြစ်သည်။

တခါ သည်ကျွန်းမြေနှင့်စာသော် လူသည် ဖီဖီ့ သေးသေးကလေးမျှသာ ဖြစ်သည်။ စကြဝဠာကြီးထဲတွင် လူဆိုသည့် သတ္တဝါသည် ဘာမျှ အရေးမကြီးသော၊ သေးနုပ်သော အမှုန်ကလေး တမှုန်မျှသာ တကားဟုကိုနန္ဒာ တွေးမိကာ အားငယ်လာသည်။

ယခု ကျွန်းကလေးတကျွန်းပေါ်တွင် မိမိရောက်နေပြီ။ သည်ကျွန်းသည် လူနေအိမ်ခြေ ရှိသလော၊ မရှိသလော ကိုနန္ဒာမသိ။ သည်ကျွန်းပေါ်တွင် တဦးတည်းနေထိုင်သူသည် မိမိတယောက်တည်းလော၊ အခြားသူများရှိသေးသလော ဆိုသည်ကိုလည်း ကိုနန္ဒာ မသိ။

အကယ်၍ မိမိတယောက်တည်းဆိုပါက မိမိသည် စကြဝဠာကြီးထဲက မှုန်ကလေး တမှုန်သာဖြစ်သည့် ကမ္ဘာမြေကြီး၊ ကမ္ဘာမြေကြီးပေါ်က ဖီဖီ့ သေးသေးကလေးဖြစ်သည့် ကျွန်းကလေး၊ ကျွန်းကလေးပေါ်က ဖီဖီ့ သေးသေးကလေးမျှသာဖြစ်သည့် လူတယောက်။

ဘာမျှ အရာမရောက်သော သေးနုပ်သော၊ အမှုန်ကလေးတမှုန်သာ ဖြစ်နေပါမည်။

မိမိသည် အသက်ရှည်နိုင်ပါ့မည်လော၊ သည်အတိုင်း အမှတ်မထင် ပျောက်ကွယ်သွားရတော့မည်လော၊ သည်လောက်ကျယ်သော စကြဝဠာ



ထဲတွင် အကျုံးဝင်သည့် ဖီဖီ့ သေးသေး ကျွန်းကလေးပေါ်က ကိုနန္ဒာသည် မှုန်ကလေးတမှုန် ပျောက်ကွယ်သွားသည်ကို မည်သူ သိမည်နည်း။ သို့ဆိုလျှင် လူဆိုသော သတ္တဝါ၏ ကြီးကျယ်ခြင်း၊ ကျော်စော ထောင်နိုင်ခြင်း ဆိုသည့် အရာများသည် ဘယ်မှာနည်း။

သည်ကျွန်းကလေးပေါ်မှာ မိမိတယောက်တည်းရှိခဲ့လျှင် မိမိသေသွားလျှင် မည်သူသိမည်နည်း။ သူ့ဆွေမျိုးများနှင့် သူ့မိတ်ဆွေ အပေါင်းအသင်းတို့ပင် သိရှိကြတော့မည်မဟုတ်။ သူ့ချစ်သူ သွယ်သင် သိလိုက်တော့မည်မဟုတ်။ ကိုနန္ဒာတယောက် လူ့လောကမှ မထင်မရှား ပျောက်ကွယ်သွားသည်ဟုသာ သိလိုက်ကြမည်။ သတင်းကြားစ တချက်နှစ်ချက်တွင် သူ့အကြောင်းကို ပြောကြမည်။ တလနှစ်လကြာတော့ သူ့အကြောင်းကို တခါတရံမျှသာ ပြောကြတော့မည်။ တနှစ်နှစ်နှစ်ကြာလျှင်မူ မေ့သွားကြတော့မည်။ သည်လိုဖြင့် သူသည် မေ့ပျောက်ခြင်း ကမ္ဘာကြီးထဲတွင် ပျောက်ကွယ်နစ်မြုပ်သွားရတော့မည်။

ကိုနန္ဒာသည် တမလွန်ကို ယုံကြည်သူမဟုတ်။ လူသည် သေတို့မှုလာရခြင်းသာ ဖြစ်သည်။ မရဏသည် ဘဝနောက်က အမြဲလိုက်လာသည်။ မရဏသည် ဘဝ၏ အဆုံးဖြစ်သည်။ ထိုရာတွင် အဆုံးသည် ဘဝကို တဝဲ ပြန်၍ လှမ်းနိုးနေသည်။ ကြိုးနေသည်။ သည်လိုကြည့်လျှင် လူ့ဘဝ၏ သက်တမ်းသည် တခဏသာ ဖြစ်သည်။ လူသည် နက်ရှိုင်းလှသော ချောက်ကမ်းပါးကြီးထဲမှ တက်လာပြီးနောက် ကမ်းပါးထိပ်တွင်ရပ်၍ သူလာခဲ့ရာလမ်းကို ပြန်၍ ကြည့်သည်။ သူလာရာ ချောက်ကမ်းပါးကြီး အကြောင်းကို ပြန်၍ ရှာဖွေသည်၊ စဉ်းစားသည်။ ယင်းသို့ ငုံ့ကြည့်နေစဉ်မှာပင် သူလာရာ ချောက်ကမ်းပါးကြီးထဲသို့ ပြန်ကျကာ အစ တိုး ပျောက်ကွယ်သွားသည်။ သူတက်လာရာ ချောက်ကမ်းပါးကြီးအကြောင်းကို ဘာမျှ သိသွားခဲ့သည် မဟုတ်။

လူသည် ချောက်ကမ်းပါးကြီးထဲမှ တက်လာကာ ချောက်ကမ်းပါးကြီးကို ငုံ့ကြည့်မိရာ၌ ချောက်ကမ်းပါးကြီးထဲသို့ ပြုတ်ကျသွားကာ အစအန ပျောက်ကွယ်သွားသည့် သတ္တဝါများသာ ဖြစ်သည်။

အခြားသတ္တဝါများထက် ထူးခြားသည်ဆိုလျှင် လူက သူလာခဲ့ ချောက်ကမ်းပါးအကြောင်းကို ငုံ့ကြည့်ရကောင်းမှန်းသိခြင်း၊ ရှုစမ်းရကောင်းမှန်း သိခြင်းသာဖြစ်သည်။ အခြားသတ္တဝါက ရှုစမ်းရကောင်းမှန်းလည်း မသိ၊ ရှုစမ်းခြင်းသည်းမရှိ။ လူက အခြားသတ္တဝါများထက် သာသည့်အချက်မှာ သည်တချက်သာ ရှိသည်။

ကိုနုမျှသည် ဗုဒ္ဓ၏ အဘိဓမ္မာကို လေ့လာဘူးသည်။ ရှိုပင်ဟွာ၏ ကိုဖတ်ရှုသည်။ ဥပနိသျှကိုဖတ်ရှုသည်။ ဓော်လတေ့ဂိုကိုလည်း ဖတ်ရှုသည်။ ကန့်၊ ယန်း၊ ပေါလီ၊ ဆားတ်၊ မတ်စလူတို့၏ အဘိဓမ္မာများကိုလည်း ဖတ်ရှုသည်။

ဗုဒ္ဓက မကြေမပျောက်နိုင်သော အသင်္ခတ နိဗ္ဗာန်ကို ဟောသည်။ ဤချောက်ကမ်းပါးကြီးထဲမှ လွတ်မြောက်ရာလမ်းသည် နိဗ္ဗာန်ဟု ဆိုသည်။ သို့ရာတွင် ဗုဒ္ဓ၏နိဗ္ဗာန်သည် ဘယ်မှာနည်း။ ကိုနုမျှ ဥာဏ်မမီ။ သည်အထဲတွင် ဗုဒ္ဓ၏နိဗ္ဗာန်ကို အနက်ဖွင့်ဆိုကြသော ဦးကားဆရာတို့ကလည်း တယောက်တမျိုး ဖွင့်ကြသဖြင့် ဗုဒ္ဓ၏နိဗ္ဗာန်သည် ကိုနုမျှအဖို့ မှုန်ဝါးရသည်။ သူ့ဥာဏ်မျက်စိဖြင့် မြင်နိုင် ထင်နိုင် စွမ်း မရှိသော အရာတခု ဖြစ်ရသည်။

ရှိုပင်ဟွာက ဘဝနှင့် ဇီဝသည် မတူ။ ဇီဝသည် မရဏကြောင့် ချုပ်ပျောက်သွားရသည်။ ဘဝကမူ မရဏကြောင့် ချုပ်ပျောက်သွားခြင်း မရှိ။ ပုံသဏ္ဌာန် တမျိုးမျိုးဖြင့် ဆက်လက်ဖြစ်ပေါ်နေသည် ဆိုသည်။ မရဏသည် ဇီဝကို အဆုံးသတ်စေနိုင်သော်လည်း ဘဝကိုမူ အဆုံးသတ်စေခြင်းငှာ မတတ်နိုင်ဟု ဆိုသည်။

ကိုနုမျှသည် ရှိုပင်ဟွာ၏အတွေးများကို သဘောပေါက်သလိုလိုတော့ ရှိသည်။ လူတယောက်၏ ခန္ဓာကိုယ်ထဲမှ အနုမြူမှုန်ကလေးတမှုန်ကို



ပျက်သွားသည်ဖြစ်စေ ပင်လယ်ထဲသို့မှုတ်ထုတ်လျှင် ထိုအနုမြူမှုန်ကလေးကို ကမ္ဘာ၏တနေရာတွင် သွားတွေ့နိုင်သည်။ ပြေ နှစ် ထောင် ပေါင်း များစွာက ပင်လယ်ထဲတွင်ရှိခဲ့သော ပင်လယ်ငါးတကောင်၏ ကိုယ်ခန္ဓာမှ အနုမြူမှုန်ကလေးသည် ယနေ့ခေတ် လူတယောက်၏ ခန္ဓာကိုယ်ထဲတွင် လည်း ရောက်လာနိုင်သည်။ ဤသည်ကို စွမ်းအင် ထိန်းသိမ်းမှု နိယာမဟု သိပ္ပံပညာရှင်တို့က ခေါ်ကြသည်။ မှတ်ပုံတခု၏ ရှုခင်းသည် အပူ၊ လျှပ်စစ်ဓာတ်၊ သံလိုက်အား စသဖြင့် အသွင်ပြောင်း၍ ပြောင်းမည်။ သို့ရာတွင် စွမ်းအင်သည် ချုပ်ပျောက်၍မသွားဟု ကိုနုမျှ ဖတ်ရဖူးသည်။ သူနားလည်သည့်အတိုင်းမှန်လျှင် ရှိုပင်ဟွာ၏ အတွေးများသည် ယနေ့ခေတ် သိပ္ပံပညာနှင့် နီးသည်ဟု ဆိုနိုင်သည်။ လူက ဇီဝ ချုပ်သွားပြီ။ သို့ရာတွင် ဘဝကား ကျန်ရစ်ခဲ့သည်။ ခန္ဓာ၏ဖွဲ့စည်းတွင် အကျုံးဝင်သော မြူမှုန်များသည် ဘဝ ပြောင်းသွားကြမည်။ မြက်ပင်၊ ရေငွေ့၊ အနုမြူမှုန်၊ ဓာတ်ငွေ့ စသည့် ဖွဲ့စည်းတခုခုကို ပြောင်းသွားကောင်း သွားမည်။ သို့ရာတွင် ထိုအရာ၌ သိစိတ် ရှိတော့မည်မဟုတ်။ မနောဝိညာဉ် ရှိတော့မည်မဟုတ်။ သို့ဖြစ်လျှင် မနောဝိညာဉ် မရှိတော့သော ဘဝတခုသည် အဘယ်မှာ ရှိသေးသနည်း။

ကိုနုမျှသည် ရှိုပင်ဟွာ၏ ဖြစ်ဝါဒကို သဘောကျသလိုလို ရှိသော်လည်း အဆုံးတွင်၌ ထိုအတွေးများသည် သူသိချင်သောဘဝနှင့် မရဏ၏ အဓိပ္ပာယ်ကို ရှင်းလင်းအောင် ဖွင့်ဆိုခြင်းမရှိချေ။

ဟိန္ဒူတို့ကမူ လူသေသွားသော်လည်း လူ၏ခန္ဓာကိုယ်ထဲ၌ မကြေမပျောက်နိုင်သော အတ္တရှိသည်ဟု ဆိုကြပြီးသည်။ ထိုအတ္တသည် မသေမပျောက်။ နောက်ဆုံးတွင် ဗြဟ္မာနှင့် ပေါင်းစည်းသွားသည်ဟု ဆိုကြသည်။ သို့ရာတွင် ထိုအတ္တသည် မည်သည့်အရာနည်း။ မည်သည့် ပုံသဏ္ဌာန်ဖြင့် ကိုယ်ထင်ပြသနည်း။ ဗြဟ္မာနှင့် မည်သို့ပေါင်းစည်းသနည်း။ ဤသည်တို့ကို ကိုနုမျှ မြင်နိုင်စွမ်းမရှိ။ မြင်နိုင်လောက်သည့် အဓိပ္ပါယ်မရှိ။

တော်လ်စတွိုင်း၏ အဘိဓမ္မာကိုလည်း ကိုနွှာဖတ်ရှုသည်။ တော်လ်စတွိုင်းကအဖြစ်အပျက်တိုင်း၌ အကြောင်းတရားများရှိကြသည်။ လူသည် အဖြစ်အပျက်၏နောက်မှ အကြောင်းတရားအဆက် သုံးလေးဆက်သော ကိုသာ မြင်နိုင်၍ ရှည်ဝေးသော အကြောင်းတရားဆက်များကို မမြင်နိုင်။ ထိုအကြောင်းတရားဆက်များ၏ အစတွင် မူလအကျဆုံးသော အကြောင်းတရားကြီး ရှိသည်ဟု ဆိုသည်။ လူဖြစ်လာခြင်းနှင့်လည်း ထို့အတူပင်ဖြစ်သည်။ သတ္တဝါ တခု ဖြစ်လာရန် အကြောင်းတရား များစွာရှိသည်။ ထို အကြောင်း တရား များ ၏ အစ၌ မူလအကျဆုံး အကြောင်းတရားကြီး တခုရှိသည်။ လူသည် သေသွားခဲ့လျှင် ကိုယ်မရှိ ထို့နောက်တွင် အကျိုးတရားများစွာ ရှိဦးမည်။ ထိုအကျိုးတရားများ သည် အဆုံးမရှိ၊ ဆက်၍ ဆက်၍ ဖြစ်နေကြသည်။ လူသည် မူလ အကြောင်းတရားကြီးကိုလည်း ရှာဖွေနိုင်စွမ်းမရှိ၊ များစွာသော အကျိုး တရားဆက်များကိုလည်း နောက်ဆုံးရောက်အထိ မြင်နိုင်စွမ်းမရှိဟု ဆိုသည်။

ခရစ်ယာန်တို့ကမူ လူဖြစ်လာရသည့် မူလတကာ မူလအကြောင်း တရားသည် ထာဝရဘုရားသခင်ပင် ဖြစ်သည်။ သေသည့်အခါ၌လည်း ထာဝရဘုရား၌ အဆုံးသတ်သည်ဟုဆိုသည်။ ၎င်းတို့အဖို့ ထာဝရ ဘုရားက အစပြု၍ ထာဝရဘုရားတွင် အဆုံးသတ်သည်။ သို့ရာတွင် ကိုနွှာသည် ခရစ်ယာန် ဘာသာဝင်တယောက် မဟုတ်။

ကိုနွှာသည် ကန့်၏ အဘိဓမ္မာကိုလည်း ဖတ်ခဲ့သည်။ အရာဝတ္ထု တိုင်း၌ မပျောက်ပျက်နိုင်သော အရာဝတ္ထုတခု ရှိသည်။ လူ၏မျက်စိ သည် ပျက်စီးကြပြီး ပျောက်ကွယ်သွားသော်လည်း မျက်စိဖြင့် ကြည့်ရသည့် အရာဝတ္ထုသည် ပျောက်ပျက်မသွားဘဲ ကျန်ရစ်သည်ဟု ဆိုသည်။ သို့ရာတွင် ကန့်၏အဘိဓမ္မာကိုလည်း ကိုနွှာ သဘောမပေါက် ဉာဏ်မမီ။ 'အတ္တ'၊ 'ဝိညာဉ်' ဆိုသည့် အရာမျိုးသည် ဖြစ်လိမ့်မည်ဟု ကိုနွှာ ထင်သည်။



ကိုနွှာသည် မိတ်ဆွေတယောက် ပေးသဖြင့် ကားလ်မတ်၏ အဘိဓမ္မာကို ဖတ်ကြည့်သည်။ ထိုအဘိဓမ္မာထဲတွင် ဘဝနှင့်မရဏအကြောင်းကို ရှာကြည့်သည်။ ဘဝဆိုသည် အဘယ်နည်း။ ဘဝ၏ အစ သည် အဘယ်နည်း။ မရဏသည် ဘဝ၏အဆုံးလော။ သည်မေးခွန်းများ၏ အဖြေကို ကိုနွှာ ကြိုးစားရှာကြည့်သည်။ သို့ရာတွင် မတ်၏အဘိဓမ္မာ သည် ဘဝ၏အစကိုလည်းမပြ၊ အဆုံးကိုလည်း မပြ။ အတိတ်၏ ဘဝ အကြောင်းကိုလည်း မပြော။ တမလွန်ဘဝ အကြောင်းကိုလည်း မပြော။

ကားလ်မတ်က အရေးတကြီးထားသည်မှာ ပုခက်တွင်းမှ သင်္ချိုင်းဝ အထိသာ ရှိသော မျက်မှောက်ဘဝသာ ဖြစ်သည်။ လူသည် ပေါင်းသင်း ဆက်ဆံရေးသတ္တဝါလည်း မဟုတ်၊ နိုင်ငံရေးသတ္တဝါလည်း မဟုတ်၊ စီးပွားရေးသတ္တဝါသာ ဖြစ်သည်။ လူသည် မွေးလာကတည်းက ဘဝ တည်မြဲရေးအတွက် ရုန်းကန် တိုက်ခိုက်ရသည်။ ကမ္ဘာဦးလူသားသည် အသက်ရှင်နေနိုင်ရေး အတွက် သဘာဝကို ဆန့်ကျင်တိုက်ခိုက်ရသည်။ သဘာဝ၏အင်အားစုများသည် ကြမ်းကြုတ် ရက်စက် သည်။ သည် ကြမ်းကြုတ်ရက်စက်သော သဘာဝအင်အားစုများ၏ ကမ္ဘာဦးလူသား သည် ခေါင်းငုံ့ခံခဲ့ရသည်။ နောင်တွင် လူသည် သဘာဝအင်အားစုများကို တဖြည်းဖြည်း အောင်နိုင်လာခဲ့သည်။ မိမိ အကျိုး အတွက် အသုံးချ လာခဲ့သည်။ သည်နည်း ဖြင့် လူသည် သဘာဝနှင့် တိုက်ပွဲဆင်နွှဲ ရသည်။

သို့ရာတွင် လူသည် သဘာဝအင်အားစုများကို မိမိအကျိုးအတွက် အသုံးချလာနိုင်သော အခါ၌ လူအားလုံး အသုံးမချနိုင်။ အချို့က သဘာဝအင်အားစုများကို အသုံးချနိုင်စွမ်းရှိသည့် အတတ်ပညာများ၊ ကိရိယာများကို လက်ဝါးကြီးအုပ်လာကြသည်။ အချို့က သဘာဝ အင်အားစုများကို အသုံးချ၍ မိမိတို့အကျိုးအတွက် အသုံးချနေချိန်၌ အချို့က အကာအကွယ်မဲ့ကာ ခေါင်းစဉ်ခံနေကြရသည်။ သည်အခါတွင် သဘာဝ အင်အားစုများကို စက်ကြီးတပ်နိုင်သည့် ကိရိယာများကို

ပိုင်ဆိုင်သူနှင့် မပိုင်ဆိုင်သူတို့ ပဋိပက္ခဖြစ်လာကြသည်။ လူ့လောကကြီး အတိုင်းသည် လူနှင့် သဘာဝအင်အားစုတို့၏ တိုက်ပွဲ၊ ပိုင်ဆိုင်သူနှင့် မပိုင်ဆိုင်သူတို့ တိုက်ကြသည့် တိုက်ပွဲအပြင်းသာ ဖြစ်သည်ဟု မတ်က ပြောခဲ့သည်။

ကိုနန္ဒာသည် ကားလ်မတ်၏ တရားကိုတော့ နားလည်သည်။ ကားလ်မတ်၏ တရားသည် အတိတ်ကာလနှင့်လည်းမဆိုင်၊ တမလွန်ကာလနှင့်လည်း မဆိုင်၊ ပစ္စုပ္ပန်နှင့်သာ သက်ဆိုင်သည်။ ပုခက်တွင်းမှ သင်းချိုင်းအထိသော ကြားသော လူ့ဘဝနှင့်သာ သက်ဆိုင်သည်။ လက်တွေ့ကျသည်။ မြေကြီးနှင့် နီးစပ်သည်။ သူနားလည်ရသည်။

သည်တကည်းက ကိုနန္ဒာသည် အတိတ်ကိုလည်း မတွေး၊ တမလွန်ကိုလည်း မတွေးတော့။ မျက်မှောက်ကာလအတွက်သာ တွေးသည်။

ယခု ကိုနန္ဒာသည် အမြောက်ပယ်သော ပင်လယ်ပြင်ကြီးထဲက ကျွန်းကလေး တကျွန်းပေါ်တွင် ရောက်နေပြီ။ လူသို့ရှိသလော၊ မရှိသလော သူမသိ။

သူသိသည်မှာ သူရေဆာသည်။ အစားအစာကို တောင့်တသည်။ ချမ်းသည်။ ရေသောက်ချင်သည်။ အစာစားလိုသည်။ နွေးထွေး သက်သာစွာ နေလိုသည်။ သူသိသည်မှာ သည်မျှသာဖြစ်သည်။

ကိုနန္ဒာသည် သူစဉ်းစားတွေးခေါ်နိုင်စွမ်းမရှိသော အကြောင်းအရာများကို မတွေးချင်။ တွေးလည်း မတွေးနိုင်။ သည်အတိုင်းသာ နေရပါက မကြာမီအတွင်း အစာငတ်ရေငတ်ဖြစ်ကာ သေဆုံးသာ ရှိတော့သည်။ ထိုရာတွင် သူမသေချင်သေး။ သူ့အသက်သည် ယခုမှ သုံးဆယ်ကျော်သာ ရှိသေးသည်။ သူ့တွင် လုပ်စရာတွေ ရှိသေးသည်။ သူ့မှာ မိဘမရှိတော့သော်လည်း ဆွေမျိုးသားချင်းရှိသေးသည်။ ချစ်သူ ရှိသေးသည်။ သူ့ချစ်သူသည် ယခုတိုင် သူ့အပေါ်မှာ သစ္စာရှိသေးသည်။ ထို့ပြင် နေရောင်၊ ပန်းပွင့်၊ တေးဂီတ၊ တောတောင်၊ ကောင်းကင်၊



ပင်လယ်ပြာ စသည့် ပြက္ခာသလောကကြီး ရှိသေးသည်။ သည်အရာတွေကို သူမစွန့်နိုင်၊ မစွန့်ချင်။

သည်တော့ ကိုနန္ဒာ ဘာလုပ်ရမည်နည်း။

အသက်ရှင်အောင် ကြိုးစားရမည်။ သူ့တွင် ဘာမျှ အားကိုးစရာ မရှိ။ သူ့လက်သူ့ခြေများသာ ရှိသည်။ လောကကြီးသည် တော်သူ ရှင်၍ မတော်သူ သေရသော လောက ဖြစ်သည်။ အားနည်းသူသည် ကျဆုံး၍ အားကြီးသူသာ ရှင်ကျန်ရစ်သော လောကကြီး ဖြစ်သည်။

တက်လှေရွက်စဉ် အားနည်းသူ၊ ပျော့ညံ့သူ တင်ထွန်းအောင်သည် ပင်လယ်ထဲတွင် ကျဆုံးပျောက်ကွယ်ခဲ့ရပြီ မဟုတ်လော။

ကိုနန္ဒာသည် သူ့တူ တင်ထွန်းအောင်အတွက် စိတ်မကောင်းဖြစ်ရသည်။ ယူကျုံးမရ ဖြစ်ရသည်။ သို့ရာတွင် သေပြီးသူက သေပြီးပြီ၊ မသေသေးသူ မိမိသည် အသက် ဆက်လက်ရှင်အောင် ကြိုးစားရဦးမည်။ ရုန်းကန်ရဦးမည်။ သည်အတိုင်း လည်စင်းခံ၍ သေမင်းအား ရုန်းကန်သေရခြင်းက တော်ဦးမည်။

လူသည် ကုန်ထုတ်လုပ်ရေးတိုက်ပွဲ၊ သိပ္ပံပညာစမ်းသပ်မှုတိုက်ပွဲနှင့် လူတန်းစားတိုက်ပွဲ ဟူသော တိုက်ပွဲကြီးသုံးခုတွင် ပါဝင်ဖြတ်သန်းရသည့် သတ္တဝါဖြစ်သည်ဟု တနေရာတွင် ကိုနန္ဒာ ဖတ်ဖူးသည်။

မိမိဘဝ အသက်ရှင်ရေးအတွက် စားစရာ၊ ဝတ်စရာ၊ နေစရာကို ထုတ်လုပ်ဖန်တီးရသည်။ သဘာဝဘေးရန်များကိုတွန်းလှန်ရေးနှင့် ရှင်သန်ရေးအတွက် သိပ္ပံပညာစမ်းသပ်မှုများကို ပြုလုပ်ရသည်။ မိမိ လုပ်အားဖြင့် ထုတ်လုပ်အားသော ပစ္စည်းများအား လက်ဝါးကြီးအုပ်သူ ချုပ်ချယ်သူတို့ကိုလည်း ဆန့်ကျင်ရသည်။ ဤသို့ဖြင့် 'လူသား'သည် ကြီးကျယ်ခြင်း၊ ကျော်စောခြင်း၊ အောင်နိုင်ခြင်းတို့ကို ရရှိခဲ့သည်။

သို့ဖြစ်လျှင် မိမိသည်လည်း ဤကျွန်းတွင် မိမိအသက်ရှင်ရေးအတွက် လုပ်ဆောင်ရတော့မည်သာ ဖြစ်သည်။ စိတ်ပျက်နေ၍မဖြစ်။ အားငယ်နေ၍ မဖြစ်။

ကိုနန္ဒာသည် သူ့ဇာသာသူ တိုးတိုး အားတင်းသည်။

နေရောင်သည် အနောက်က ပင်လယ်လှိုင်းများပေါ်သို့ ဖြာကျနေသည်။ လှိုင်းခေါင်းဖြူများသည် နေရောင်ထဲတွင် ကစားမြူးတူးနေသကဲ့သို့ ထင်ရသည်။ တင်လွန်းအောင်ကို သူနှစ်သတ်ခဲ့တုန်းက ပင်လယ်သည် မှုန်ကိုင်းထန်သော ပင်လယ်ဖြစ်သည်။ လှိုင်းလုံးကြီးတွေက တော လောက်မြင့်ကာ ဒေါသဖုန်ထနေကြသည်။ သားရဲတိရစ္ဆာန်တကောင်လို ရက်စက်ကြမ်းကြုတ်သည့် အသွင်ကို ဆောင်နေသည်။

ယခုကြည့်လိုက်တော့ ပင်လယ်သည် နူးညံ့သိမ်မွေ့ဟန်ကို ဆော နေသည်။ အပြစ်ကင်းနဲ့ဟန် ပေါက်နေသည်။ ယဉ်ပါးနေသည့် ကြော ကလေး တကောင် ကစားမြူးတူးနေသည်နှင့် အန္တရာယ်ကင်းနေသည် လူတယောက်ကို သတ်ပစ်ခဲ့သည့် လူသတ်သမားဟုပင် မထင်ရ။

ကိုနန္ဒာအနီးတွင် သစ်ပင်ရိပ်ကွယ်နေသဖြင့် နေရောင်ကို မမြင်ရ နေရိပ်ကြောင့် အေးနေသည်။ နေရောင်ခြည်ခြွေနေသည်ကို ထောက်လျှ သည်အချိန်သည် ညနေ၏ ဖြစ်ရမည်။ နေက သူ့နောက်ဘက် သစ်ပင်တောတန်းများနောက်သို့ ရောက်နေသည်ကို ထောက်လျှင် သူ ရောက်နေသော နေရာသည် ကျွန်း၏ အရှေ့ဘက်ကမ်း ဖြစ်ရမည်ဟု ကိုနန္ဒာ တွက်သည်။

တံစဉ်ကွေးလသည် ကောင်းကင်အလယ်လောက်တွင် ရောက် သည်။ သည်အချိန်တွင် လတစ်ခြမ်းပဲ့ ကောင်းကင်အလယ်လောက် ရောက် နေသည်ကို ထောက်သော် လဆန်းဆယ်ရက်၊ ဆယ့်တရက်လောက် ဖြစ်နိုင်သည်။

ကိုနန္ဒာသည် ရေငတ်သဖြင့် ပင်လယ်ကစွန်းရွက်များကို ဝါးစာ ရင်းက အုန်းပင်များပေါ်မှ မှည့်စိမ်းသော အုန်းသီးစိမ်းများဆီသို့ မျက်စိ ရောက်သွားပြန်သည်။ အုန်းရည်ကိုသောက်ရလျှင် အနည်းဆုံး ရေငတ် တော့ ပြေမည်၊ အားရှိမည်။



ဒုတိယကမ္ဘာစစ်ကြီးအတွင်းက တောင်ပစိဖိတ်သမုဒ္ဒရာကျွန်းကလေး ကျွန်းပေါ်တွင် သောင်တင်ကာ လေယာဉ်ကြီးနှင့် အဆက်ပြတ်သွား သော ဂျပန်တပ်စုကလေးတစုအကြောင်းကို သူဖတ်ဖူးသည်။ ၎င်းကျွန်းတွင် စားစရာမရှိ။ လူနာများအတွက် ဆေးဝါးမရှိ။ ဂျပန်များသည် အုန်းရည်ကိုသောက်၍ အုန်းဆံကိုစားကြသည်။ အုန်းရည်က ဂလူးကို့စ် ဓာတ် ပါသည်။ အုန်းသီးတလုံးထဲက အုန်းဆံသည် အမဲသား ပေါင် ပဲ့ကိတ်နှင့်ညီမျှသော ပရိုတိန်းဓာတ်ကို ပေးနိုင်သည်။ ဂလူးကို့စ် အစား အုန်းရည်ကို လူနာ၏အကြောသဲ့သို့ ဆေးထိုးအပ်ဖြင့် သွင်းပေး ရသည်ဟု သူဖတ်ဖူးသည်။

သည်လိုဆိုလျှင် သူလည်း လောလောဆယ် အုန်းရည်ကိုသောက်၍ အုန်းသီးဆံကို စားပြီး အသက်ရှင်နိုင်သေးသည်။

သို့ရာတွင် ကိုနန္ဒာ အုန်းပင်မတက်တတ်။ သောင်ပြင်ပေါ်တွင် ကြွေကျ နေသော အုန်းသီးခြောက်ကိုလည်း သူမခွဲတတ်။ ခွဲစရာ လက်နက် ကိရိယာသည်၊ မရှိ။ သူ့တသက်တွင် ကျောင်းသား၊ စာဖတ်၊ စာရေး စာအုပ်ရောင်းသည်ကလွဲလျှင် အခြားတာမှ မလုပ်ဖူးသေး။ ထမင်းဟင်းတလုံးကိုပင် ကောင်းကောင်း မချက်တတ်သေး။

မ်လှမ်းကလှမ်း ကျောက်ဆောင်ပြင်တွင် ကျောက်ခဲများရှိသည်။ အရွယ် အစား အမျိုးမျိုးသော ကျောက်တုံးများရှိသည်။ အချို့က ရှည်ရှည်၊ အချို့က ဝိုင်းဝိုင်း၊ အချို့က ချွန်ချွန်။ သို့ရာတွင် သူ့အနားတွင်ရှိသော ကျနေသည့် အုန်းသီးခြောက် သုံးလေးလုံးကို သည်လက်နက် ကိရိယာများဖြင့် ခွဲ၍ ရနိုင်ဘွယ် မရှိ။

ဒီရေက ကမ်းစပ်သို့ ရောက်လာပြီး ကိုနန္ဒာနှင့်တော့ ဝေးသေးသည်။ သူ့နေရာအထိ ဒီရေတက်နိုင်ဘွယ်မရှိ။ ကိုနန္ဒာသည် မျက်ခွံတွေ လေး လာသည်။ လေတိုက်သဖြင့် ချမ်းစိမ့်စိမ့်ဖြစ်လာသည်။ သူ့ခန္ဓာကိုယ် လည်း နည်းနည်းပူသည်ဟု ကိုနန္ဒာ ထင်သည်။ ဖျားချင်၍ အဖျား တက်ဟန် တူသည်။ သောင်စပ်မှ ကမ်းရိုးပေါ်သို့တက်လျှင် လေကွယ်

နိုင်သည်။ သို့ရာတွင် ကမ်းနှီးပေါ်သို့ တက်နိုင်လောက်အောင် အား
မရှိတော့။ သည်နေရာမှာပင် ခဏအချိတ် နားချဦးမည်။

ကိုနန္ဒာသည် ကိုယ်ကိုကွေးကာ မျက်လုံးများကို မှိတ်လိုက်သည်။ အိပ်မက်ထဲတွင် သူ့မေမေနှင့်တွေ့သည်။ သူကြိုက်တတ်သော ဝက်သားနှပ် သရက်သီးချဉ်ကြော်ဟင်းလေးဟင်းကို မေမေက ချက်ကျွေးသည်။ ကိုနန္ဒာသည် အားရပါးရ စားပစ်လိုက်သည်။ ထို့နောက် ရေကို ခွက်ပေါင်းများစွာ သောက်သည်။ တခွက်ပြီးတခွက်။ နောက်တခွက်။ နောက်ထပ်တခွက်။

[ ၁၂ ]

(တ)စက်ပြီးတစက်။ နောက်တစက်။ နောက်ထပ်တစက်။

ကိုနန္ဒာသည် တစက်စက်ကျနေသော ရေများကို လျှာဖြင့်လျက်သည်။ ထို့နောက် တစက်ပြီးတစက် မျိုချသည်။ ပထမတော့ လည်ချောင်းခြောက်ကာ အမျိုခက်သည်။ နောက်တွင် မျို၍ကောင်းလာသည်။ ကျွန်းလျက်ကြည့်စေက ရေစက်ဟု ထင်သည်။ သို့ရာတွင် အနံ့က ပြီးသည်။ အရသာက ချိုသည်။ တချို့က သူ့ပါးပြင်၊ သူ့လည်ပင်းပေါ်သို့ စီးကျသည်။

ထိုခြင်း မည်မျှကြာအောင် ကိုနန္ဒာသည် ရေစက်များကို မျိုချနေသည်မသိ။ ငွေပူသက်သာ၍ ဗိုက်တင်းသွားတော့မှ မျက်လုံးများကို ဖြည်းဖြည်းဖွင့်၍ ကြည့်လိုက်သည်။ အလင်းရောင်မှုသဖြင့် မှောင်ရာက ထွက်ဖို့ သဲကွဲစွာ မမြင်ရ။ ခဏကြာတော့မှ အရာဝတ္ထုများသည် ပုံပြင်ကွင်းသွင် သဲကွဲလာကြသည်။

သူ့ကို စိုးရိမ်စွာဖြင့် စူးစိုက်ကြည့်နေသော ကြင်နာတတ်သည့် မျက်လုံးတစုံကို ပထမ သတိပြုလိုက်မိသည်။

"သတိရပလား။ ဟင်း သောက်အုံးမလား"

အသံဘာသံကိုလည်း ကြားရသည်။ ကိုနန္ဒာသည် မျက်တောင်ခတ်၍ ထိုသတ္တဝါနှင့်ကို သေချာစွာ ကြည့်လိုက်သည်။

လိုင်းကွန့်နေသော ဆံပင်၊ ညိုမှောင်သော အသားနှင့် ကျောက် ပေါက်မာ သက်သက်ရှိသော မျက်နှာကို မြင်ရသည်။

"သံချောင်း"

ကိုနန္ဒာ ပါးစပ်မှ အလိုလို ထွက်သွားသည်။

"ဟုတ်တယ်၊ ကျွန်တော် သံချောင်းပါ။ ဘယ့်နှယ်နေသေးသလဲ၊ အုန်းရည်သောက်အုံးမလား"

ကိုနန္ဒာသည် ဘာမျှမပြောနိုင်ဘဲ သံချောင်းကို ငေးကြည့် နေသည်။ သံချောင်း၊ သံချောင်း။ စက်လှေပေါ်တွင် သူတွေ့ခဲ့သည့် စက်လှေ အလုပ်သမား သံချောင်းပင် ဖြစ်သည်။ စက်လှေပေါ်တုန်းကကဲ့သို့ပင် သူ့ကိုယ် အထက်ပိုင်းတွင် ပလာဖြစ်နေသည်။ ခါးက ဘောင်းဘီရှည် မှာလည်း စက်လှေပေါ်တုန်းကဝတ်သည့် စစ်ဘောင်းဘီရှည် ပေတာ ပင် ဖြစ်သည်။

သံချောင်း၏ မျက်နှာထားကလည်း ခပ်မှန်မှန်ပင် ဖြစ်သည်။ သို့ရာ တွင် သူ့မျက်လုံးများကား ကြင်နာသနားတတ်သည့် သဘောကို ဖော်ပြ လျက် ရှိသည်။

"အုန်းရည် သောက်အုံးမလား"

သံချောင်းလက်ထဲတွင် အုန်းသီးတလုံးကို ကိုင်ထားသည်။ အုန်းသီး မှာ အုန်းသီး ခြောက်မဟုတ်၊ လတ်လတ်ဆတ်ဆတ် ရွှန်းစိုနေသော အုန်းသီးစိမ်းဖြစ်သည်။ အုန်းခွံသည် ခြေမွှတ်ထားနေသည်။ ကွဲအက် နေသည့် အခွံကြားထဲမှ အုန်းရည်များ တစက် တစက် ယိုစီးနေသည်။ သံချောင်းသည် အုန်းသီးကို ကျောက်ခဲဖြင့် ထုခွဲထားဟန်တူသည်။

"ခု ဘယ်ရောက်နေသလဲဟင်"

"ကျွန်းတကျွန်း ပေါ်မှာလေ။ ကျွန်တော်တို့ စက်လှေပျက်လို့"

ဤလောက်ကိုတော့ ကိုနန္ဒာ သိပြီးဖြစ်သည်။



"ဘာကျွန်းလဲ"

သံချောင်းက ခေါင်းရမ်းပြသည်။

"မြို့တို့ကော၊ ရွာလူတွေကော"

"မသိဘူး"

ထပ်တကြိမ်တွင်လည်း သံချောင်းက ခေါင်းရမ်း ပြပြန်သည်။

"အုန်းရည်သောက်အုံးမလား"

ကိုနန္ဒာက ခေါင်းညိတ်ပြသည်။ သံချောင်းလက်ထဲက အုန်းသီးမှာ အရည်မရှိတော့။ သူတို့စကားပြောနေစဉ် ယိုကျသဖြင့် ကုန်သွားပြီ။ သံချောင်းသည် ခပ်လှမ်းလှမ်းသို့ ထသွားသည်။ အုန်းသီးဆယ်လုံးခန့် ရှိထားသည်။ သံချောင်းရှာတွေ့လာခဲ့သော အုန်းသီးများ ဖြစ်သည်။

"တောက်၊ ဓားတချောင်းလောက်ရှိရင် ဘယ်လောက်ကောင်းမလဲ ဗျ"

သံချောင်းက အုန်းသီးပုံနားတွင် ထိုင်လိုက်ရင်း ပြောသည်။ ဓားမရှိ သဖြင့် အုန်းသီးခွဲရသည်မှာ မလွယ်။ ခွတ်သည်ကလည်း လက်ဝင် သည်။ အုန်းပင်ပေါ်တက်ပြီး အညွှာကို ဖြတ်သွားသောင် ထိမ်ကာ ဆွဲချ၍ ရွေးရသည်။ အချို့အုန်းသီးများမှာ သောင်ကျ၍ ကွဲကျ သည်။ အလုံးနှစ်ဆယ်လောက် ရွေးရ၍ ထင်းလောက်သာ ရ သည်။

သံချောင်းသည် အုန်းသီး ကို ကျောက်ဆောင်တွင် ဘင်ကာ ကျောက်ခဲကြီးကြီးတလုံးဖြင့် ငါးချက် ခြောက်ချက်ခန့် ထုခွဲရသည်။ ထိုတော့မှ အုန်းသီး ကွဲအက်သွားကာ အရည် စီးထွက်လာသည်။ သံချောင်းသည် အုန်းသီးကိုကိုင်၍ ကိုနန္ဒာ့ဆီသို့ ပြေးလာကာ ပါးစပ် နား တေ့ပေးသည်။

ကိုနန္ဒာက အုန်းသီးကွဲကြားမှ ယိုစီးလာသောအုန်းရည်ကို မြိုချသည်။ ကုန်သွားသောအခါ သံချောင်းက နောက်တလုံး ခွဲပေးပြန်သည်။ ဤသို့ဖြင့် ကိုနန္ဒာသည် အုန်းသီးငါးလုံးလောက် သောက်ပစ်လိုက်သည်။

ထန်းရည်သောက်ပြီးလျှင် သံချောင်းသည် ထန်းသီးများကို ခိုက်၍
ခရုံ့တခု့နှင့် ထန်းဆံခွဲပေးသည်။

"ရော့၊ ဒီထန်းဆံတွေစားလိုက်ဦး။ နွားခြိုက်ကစားသေး။ ကျွ
ပေါ့မှာ ဘာမှ စားစရာရှိမှာ မဟုတ်ဘူး။ ထန်းဆံသဲစားမှာ"

သံချောင်းက ထန်းဆံနုနုကလေးများကို ခြစ်၍ပေးသည်။ ကိုနုမှာ
သည် ထထိုင်ကာ သံချောင်းကမ်းပေးသော ယောက်သွားခွံ့မှ ထန်း
ဆံတ်များကို ယူ၍စားရာ၊ ထန်းဆံဓတ်သည် အရည်လည်း ရွှန်းသည်၊
ချိုလည်း ချိုသည်။ သည်တခါ ထန်းသီးစားရခြင်းလောက် တခါ
အရသာ မရှိဘူးနဲ့။

"ခေါင်ကြီးနာမည်က ဘယ်လိုခေါ်သလဲ"

"စိုးညွှန့်"

ကိုနုမှာက သူ့နာမည်ရင်းကို ပြောလိုက်သည်။

"အဝတွေတွေဘာဗျာ၊ ဘာမှအားမငယ်ပါနဲ့။ လိုတာရှိရင်သာ ပြော
ပေါ့။ ကျွန်တော်တတ်နိုင်တာရှိရင် ကူညီမှာပေါ့"

သံချောင်းက ထန်းဆံတော် နုနုများကို အငမ်းမရ စားနေသည့်
ကိုနုမှာကိုကြည့်ရင်း ပြောသည်။

သံချောင်း၏ မျက်နှာတွင် ကျောက်ပေါက်မာသက်သက် ရှိသည်။
သည်အထဲ မျက်နှာပေါက်ကလည်း ဆိုးသည်။ စကားကိုလည်း
ပြတ်ပြတ်ပြောတတ်သည်။ စက်လှေပေါ်တုန်းက စက်လှေထွက်ခွင့်
ပေးသည့်အခါတွင် သံချောင်း၏ပြောပုံကြောင့် ကိုနုမှာ မိတ်တိုသွား
သည်။ ချိုင်းက လူပါးဝသည်ဟု ဆိုခဲ့သည်။ သံချောင်းသည် ပြေပြေ
ပြစ်ပြစ် မပြောတတ်။ တစကားကို ပြင်နာတတ်ပုံရသည်။ သဘော
အုပ်ရှိသည်။ ပွင့်လင်းသည်။ ထိုရာတွင် သံချောင်းသည် သူ့ပြင်နာ
မှုကို တစကား နားလည်အောင် ဖော်ပြတတ်သူမျိုး ဟုတ်ဟုန်မတွေ့။
သူ့ကို ပညာအမြော်ဖမ်းလည်း ဘာမှမရှိ၊ ဘာကိုမှ စဉ်းစားတတ်ပုံမတွေ့၊



ရောက်မရှိသော အလုပ်ကြမ်းသမားတယောက် သက်သက်မျှသာဟု
နည်းတော့ အထင်သေးသည်။

သံချောင်းက နောက်ထပ် ထန်းဆံတော်များကို ခြစ်ပေးသည်။ သို့ရာ
ကိုနုမှာ မစားနိုင်တော့။ ဗိုက်ပြည့်သွားပြီ။

"မင်းတော့ မစားဘူးလား"

"ဟင့်အင်း၊ ကျွန်တော်စားပြီးပြီ။ ဆယ့်ငါးလုံးလောက်ကုန်ပြီ"

"မင်းသဘောမင်း၊ တက်ထွက်တာလား"

"ဒါပေါ့၊ ဘယ်သူက လာဆွတ်ပေးမလဲ၊ ကိုယ့်ဘာသာကိုယ် တက်
တာပေါ့။ ဒါပေမယ့် မတက်တာကြာတော့ သိပ်မခဲ့ဘူး။ ဒီအထဲမှာ
မှမရှိတော့ ထန်းသီးဆွတ်ရတာ သိပ်လက်ဝင်တယ်။ အညှာကို
ပြီး တလုံးချင်း ဆွတ်ရတယ်။ ဓားရှိရင်တော့ အလွယ်ကလေးပဲ။
ခိုင်လိုက် ခုတ်ချလိုက်မှာဘဲ။ တောက်၊ ဓားတချောင်းလောက် ရရင်
င်းလောက်တောင်းမလဲဗျာ"

သံချောင်းသည် တက်ခေါက်၍ ညည်းလိုက်ပြန်သည်။ သံချောင်း
ဓားတချောင်းကို ညည်းညူတောင်းတနေသည်မှာ နှစ်ခါရှိပြီ။ ဟုတ်
တော့လည်းဟုတ်သည်။ ဓားမရှိသည့်အတွက် ထန်းသီးခွဲရသည်ကအစ
ခက်သည်။ ကျောက်ဆောင်ပေါ်တင်၍ ကျောက်ခဲနှင့်ခွဲရသည်။ သူတို့
နှစ် ယောက်ခေတ်သို့ ရောက်မှန်းမသိ ရောက်နေကြပြီ။

"ဒီချွေးသားကြီးကြောင့် ဒုက္ခရောက်တာ။ အစကတည်းက ရာသီဥတု
ကောင်းလို့ ဒီကျွန်းကို မဝင်ပါနဲ့လို့ ပြောလိုက်သားနဲ့။ ခုတော့ ဒုက္ခ
ရောက်ကုန်ပြီ။ ကောင်းတယ် ချွေးသားကြီး"

သံချောင်းက ဖျစ်ဖျစ်နှစ်နှစ် ကျိန်ဆဲနေသည်။

"ဘယ်သူလဲကွ"

"ဦးဘာရှန်လေ၊ စက်လှေပိုင်ရှင်၊ သက်သက်မဲ့ လောဘကြီးပြီး
ဒီကျွန်းဝင်ကပ်တာ"

"ဘယ်ကျွန်းလဲ"

သံချောင်းသည် ဝင်ကစ္စပ်တကောင်ကိုကောက်ယူ၍ ကစားနေသည်။ ဝင်ကစ္စပ်က လက်မကိုထုတ်၍ သံချောင်းကိုညှပ်သည်။ သံချောင်းက ဆွဲထုတ်သည့်အခါ အခွံထဲသို့ ပြန်ဝင်သွားကာ လက်မဖြင့် အပေါက်ကို ပိတ်ထားသည်။ သူတို့ကျွန်းသို့ရောက်လာသော ဧည့်သည်များကို အကဲခတ်နေဟန်ရှိသည်။

"ဟိုတနေ့ညကို ဝင်ကပ်တဲ့ကျွန်းပေါ့။ မှောင်မိုက်ညတွေ တိုက်တာနဲ့ ဝင်ကပ်တာ။ ခုတော့ ဘာမှ မရှိတော့ဘူး။ ကောင်းတာပေါ့ ကျေနပ်တယ်"

ကိုနန္ဒာသည် ကျွန်းတွင် စက်လှေကပ်စဉ်ကတည်းက သင်္ကာ မကင်းဖြစ်ခဲ့သည်။ ယခု သံချောင်းပြောပြတော့ သူထင်သည့်အတိုင်း ဖြစ်နေသည်။

"ခုတော့ အားလုံး ဆုံးကုန်တာပေါ့"

"သူဆုံးတာက အရေးမကြီးဘူး။ ကျွန်တော်တို့ပါ ဒုက္ခရောက်ကုန်တာပေါ့။ ဒီကောင်ကြီး လောဘကြီးလို့ ခရီးသည်တွေပါ အသက် ဆုံးရတယ်။ တောက်"

သံချောင်းသည် စက်လှေပိုင်ရှင် ဦးဘရန်းကို ဒေါသ ထွက်နေဟန်တူသည်။ သူ့မျက်လုံးများသည် တဖျတ်ဖျတ်တောက်လာကာ မေးရိုး ကြီးများလည်း ထောင်ထလာကြသည်။

"ဘယ်သူမှ မကျန်ဘူးပေါ့"

"ဟုတ်တယ်။ ကျွန်တော် ကျွန်းကို တပတ်ပတ်ရှာပြီးပြီ။ တယောက်မှ မတွေ့ဘူး။ အကို တယောက်ထဲ လဲနေတာတွေ့တယ်"

တင်ထွန်းအောင်မျောပါသွားသည်ကိုတော့ ကိုနန္ဒာမမြင်လိုက်သည်။ ရှိရာတွင် ရှိနေသည့်အခြားသူများ ကိုကြည့်ရာတွင် ကိုနန္ဒာ မသိရသေး။ သံချောင်းအဆိုအရမူ သည်ကျွန်းပေါ်တွင် သူတို့နှစ်ယောက်သာ ရှိသည်ဟု ဆိုသည်။



"ဒို့နှစ်ယောက်ထဲ ချစ်ထဲမီးသေတဲ့ကောင်လေးရော"

"ကျွန်းပေါ်မှာရှာလို့မှမတွေ့ဘဲ၊ ပင်လယ်ထဲ ကျန်နေရစ် မှာ ပေါ့။ ကျွန်တော်တို့လေးယောက် ဖျည်ကြီးကိုတွယ်ထားတုန်း လှိုင်းတလုံး မှတ် လိုက်တယ်လေ။ အဲဒီတော့ ဟိုလူငယ်ငယ်တယောက် ပါသွားတယ်လေ"

တင်ထွန်းအောင်ကိုပြောနေကြောင်း ကိုနန္ဒာသိလိုက်သည်။

"နောက် ကျွန်တော်တို့ သုံးယောက်ထဲကျန်နေတုန်း လှိုင်းတလုံး ရိုက်လိုက်တော့ ကျွန်တော်ရယ်၊ အကိုနဲ့ပါလာတဲ့ လူငယ်ငယ်တယောက် ရယ် လွင့်သွားတယ်။ သိပ်ဝေးဝေး မဟုတ်ပါဘူး။ လေးငါးပိုက်လောက်ပဲ ရှိတယ်။ အဲဒါ ဖျည်ကြီးဆီပြန်ကူးတာ တော်တော်နဲ့ မရောက်ဘူး။ ရောက်ဖို့၊ လှိုင်းရိုက်လို့ ဝေးသွားလိုက်နဲ့ တနာရီလောက်ကြာတော့ ပြန်ရောက်လာတယ်။ ဒီတုန်း ကျွန်တော့်အနား ဖျည်ကြီး တချို့ မျောလာတော့မှ အဲဒီဖျည်ကြီးကို တွယ်ထားလိုက်ရတာ။ အကိုတွယ် ထားတဲ့ ဖျည်ကြီးလဲ ဘယ်ရောက်သွားမှန်းမသိဘူး။ ဟိုလူငယ်ငယ်လဲ ဘယ်ရောက်သွားမှန်းမသိဘူး။ လှမ်းကြည့်တော့ မမြင်ရ တော့ဘူး။ ပင်လယ်ထဲကျန်ရစ်ခဲ့သလား၊ ငမန်းစာဖြစ်သွားသလားတော့ မသိဘူး"

ကိုနန္ဒာက တွေးချမိသွားသည်။ သေချင်းအတူတူ ပင်လယ်ထဲ မျော၍သေရသည်က ကောင်းသလော၊ ငမန်းကိုက်၍ သေရခြင်းက ကောင်းသလောဟုပင် စဉ်းစားမိသေးသည်။

"ဒါဖြင့် ဒို့နှစ်ယောက်ထဲပဲကျန်တာပေါ့"

"ဟုတ်တယ်။ ဒီကျွန်းပေါ်မှာ ကျွန်တော်တို့ နှစ်ယောက်ထဲရှိ တယ်။ ကျွန်တော်လာတော့ အကို သောင်ပြင်ပေါ်မှာ လဲနေတာ တွေ့ရတာပဲ။ ပထမတော့ လှိုင်းရိုက်လို့ လာတင်နေတဲ့ အလောင်းလို့ ထင်တယ်။ ညည်းသံကြားတော့မှ မသေသေးဘူး ဆိုတာ သိရတယ်။ အုန်းသီးခွဲရအောင် ဓားလေးဘာလေးများ ပါသလားလို့ စမ်းကြည့် တယ်။ ဓားတော့ မတွေ့ဘူး။ ဘောင်းဘီအိတ်ထဲကတော့"

သံချောင်းက ဆက်မပြောသေးဘဲ ခပ်လှမ်းလှမ်း ကျောက်ဆောင် ပေါ်သို့ လှမ်းကြည့်လိုက်သည်။ ကျောက်တုံးပေါ်တွင် ဖြူဖြူအရာတချို့ ကိုနန္ဒာလှမ်းမြင်ရသည်။

"နှစ်ဆယ်တန် အရွက်အစိတ် တွေ့တယ်။ ရေစွန်းနေလို့ ကျွန်တော် ဖြန့်ပြီးလှမ်းထားတယ်"

သံချောင်းသည် ကျောက်ဆောင်ပေါ်တွင် ဖြန့်ထားသော ငွေစက္ကူများကို ကောက်ကာ သားရေကွင်းဖြင့်ပတ်ပြီး ယူလာ၏။

"သားရေကွင်းနဲ့စည်းရက် အထပ်လိုက်ကလေးဘဲ၊ သိပ်စိုနေတော့ ကျွန်တော် ဖြန့်ပြီးလှန်းထားတာ။ ရော့၊ အကို့ပိုက်ဆံ"

ကိုနန္ဒာက လှမ်းယူလိုက်သည်။ စက္ကူများမှာ ခြောက်နေပြီ။

"တော်သေးတာပေါ့ဗျာ၊ သုံးရတာပေါ့"

သံချောင်းသည် နားမလည်သကဲ့သို့ ကိုနန္ဒာကို ဆက်ကာ လှမ်းကြည့်လိုက်သည်။

"ဘာသုံးမှာလဲ"

"ဟိုဟာလေး ဒီဟာလေး ဝယ်ရတာပေါ့"

"ဒီကျွန်းပေါ်မှာ ဘာမှ ဝယ်စရာမရှိဘူး။ လူလဲ တယောက်မှ မရှိဘူး။ လူမရှိလို့ ကျွန်တော်နဲ့အကို နှစ်ယောက်ထဲရှိတယ်။ အကို့ပိုက်ဆံတွေက အလကားဘဲ၊ မီးတချောင်းလောက်တောင် အသုံးမကျဘူး"

"အင်း"

ကိုနန္ဒာ စိတ်ပျက်သွားသည်။ ထဲငါးလွှာတလေးလောက် ဖြစ်စေ ရှိလိမ့်မည်ဟု သူ့ထင်ထားသည်။

"ထဲငါးလွှာတလေး ဘာလေးတော့ မရှိဘူးလား"

သံချောင်းက ခေါင်းရမ်းသည်။

"ဟိုအက်လိပ်ခေတ်တုန်းကတော့ ဆလုံတွေနေဘူးတယ်ပြောတာဘဲ။ ဂျပန်ခေတ်ရောက်တော့ ဂျပန်တပ်တွေလာနေလို့ ဆလုံတွေလဲ တခြား ထွက်ပြေးသွားကြသတဲ့။ ခုတော့ ဘယ်သူမှ မရှိဘူး။ ကျွန်ုပ်ဘဲ"



သည်အတိုင်းဆိုက မိမိတို့အခြေအနေသည် မြေဩဝင်ချက် မရှိသော အခြေအနေဖြစ်သည်။ ကိုနန္ဒာသည် စောစောက သံချောင်းကိုတွေ့၍ အားရှိသလိုလိုရှိသော်လည်း လူလူမရှိသည့် ကျွန်းတကျွန်းမှန်းသိရသော အခါ အားငယ်သွားသည်။

သံချောင်းကမူ မျက်နှာမပျက်။ သူ့စိတ်ကူးထဲတွင် နှစ်မြှုပ်နေသည်။ သူ့စိတ်ကူးက လေ့လွှင့်ကြီးကူးရန်ဖြစ်သည်။ ထို့ကြောင့် မြည်းကာရိယာ လိုချင်သည်။ တခြား ဘာမှ မရှိသည့်တိုင် ဓားမတောင်းလောက်တော့ လိုချင်သည်။ ဓားမတချောင်းနှင့် လေ့လွှင်း ရသည်မှာ လွယ်သည့်တော့မဟုတ်။ နှစ်ကြာမည်။ ပင်ပန်းမည်။ သို့ရာတွင် မလေမလျော့ကြိုးစွဲခဲ့လျှင် တနေ့တွင် ပြီးရမည်ဟု သူတွက်သည်။

ကိုနန္ဒာတွင် သည်လိုစိတ်ကူးမျိုး လုံးဝမရှိ။ ဘင်္ဂလားပင်လယ်အောက် ထဲက ကျွန်းတကျွန်း ဖြစ်ကြောင်းကိုတော့ သူသိသည်။ သို့ရာတွင် ထိုကျွန်းသည် ဘယ်နှင့် မည်မျှဝေးသည်ကိုတော့ သူမသိ။ သည်မျှကျယ်သည့် ပင်လယ်ပြင်ကြီးကို ဖြတ်ကိုးဆိုသည့်ကိစ္စကို စိတ်ကူးထဲသည့်တိုင် မကြံချင်၊ စိတ်မကူးဝံ့ချင်သေး။ ထည့်၍ မကိုးမည် မဟုတ်။ ထို့ပြင်က သည် ပင်လယ်ကြီးကိုဖြတ်ကူးဖို့ လေ့လွှင်းရန် ဆိုသည်မှာလည်း ယောင်၍မျှ စိတ်မကူး။ လက်နက်ကိရိယာ အစုံအလင်ရှိစေဦးတော့၊ သည့်အလုပ်မျိုးကို သူ လုပ်မည်မဟုတ်။ သံချောင်းကိုမူ မကြုံဖူးအောင်မနိုင်တတ်သည့် ကိုနန္ဒာအဖို့ လေ့လွှင်းဘို့ဆိုသည့်ကိစ္စသည် ကျာလှမ်း လွန်းလှသည်။ စက်လှေတစင်းလောက်ဆိုက်လာလျှင် ကောင်းလေစွဟု တောင့်တ မိသည်။

"ဒါဖြင့် ဒီကျွန်းပေါ်မှာ ငါတို့နှစ်ယောက်ထဲရှိနေမယ်ပေါ့"

သံချောင်းက ခေါင်းညိတ်သည်။

"ဘာမှ စားစရာမရှိဘူးလား"

သံချောင်းက ခေါင်းရမ်းသည်။

"ထုန်းပင်ဘဲရှိတယ်၊ ထုန်းသီးစားပြီး ထုန်းရည်သောက်ပေါ့။ ဗိုက်စားပင်သောက်ပင်ကတော့ သိပ်မရှိဘူး။ ဝါးရှောင်းချဉ်ပင်ရယ်၊ မတော့ပင်ရယ်၊ ဒါဘဲတွေ့တယ်"

"ဘာပင်"

"ဝါးရှောင်းချဉ်ပင်နဲ့ မတော့ပင်"

သံချောင်းက ဖြေသည်။

"အဲဒီအပင်တွေက ဘာလုပ်ရမှာလဲ"

သံချောင်းသည် ကိုနန္ဒာကို စိတ်ပျက်သွားဟန် ဆတ်ကနဲတချက် လှည့်ကြည့်လိုက်သည်။ ဝါးရှောင်းချဉ်ပင်နှင့် မတော့ပင်တို့မှ မသိတော့ပါလားဟု အပြစ်ဆိုလိုဟန်ရှိသည်။ ကိုနန္ဒာအဖို့မူ သည်အပင်များကို ပထမဆုံးအကြိမ် ကြားရဖူးခြင်းဖြစ်သည်။

"စားစရာမပေါ်အကိုရဲ့။ ကျွန်တော်တို့ဆီမှာတော့ ဝါးရှောင်းချဉ်ရွက်ကို ချက်စားတယ်။ မတော့သီးကိုတော့ ပေါင်းစားတယ်"

သံချောင်းစကားကြောင့် ကိုနန္ဒာပင် စားချင်လာသည်။

သူတို့နှစ်ယောက်သည် အတန်ကြာမျှ ကိုယ့်အတွေးနှင့်ကိုယ် ဆိတ်ဆိတ်နေကြသည်။

ကိုနန္ဒာက ကျွန်းပေါ်တွင် လူသူတယောက်မှမရှိဆိုသော သံချောင်းစကားကို လက်မခံချင်။ သူကိုယ်တိုင် ကြည့်ချင်မြင်ချင်သေးသည်။

အကယ်၍ သံချောင်းပြောသည့်အတိုင်းသာမှန်လျှင် သူတို့နှစ်ယောက်သည် ခေတ်သစ် ရော်ဘင်ဆန်ကရူးဆိုးများ ဖြစ်ကြလိမ့်မည်။ ထိုရော်ရော်ဘင်ဆန်ကရူးဆိုးက သူ့အသက်ကို ရှင်သောင် နေနိုင်ခဲ့သည် သင်းဘောပျက်သည့်အခါ သူ့တွင် လှေတစင်းပါလာသည်။ ပေါင်မုန့် ရမ်အရက်၊ ပေါင်မုန့်ခြောက် စသည့် စားစရာအချို့ ပါလာသည်။ လှေ ၊ ဆေးတောက် စသည့် လက်သမားကရိယာ အပြည့်အစုံ ပါလာသည်။ ထို့ပြင် သေနတ်၊ ယမ်းတောင့်၊ ယမ်းမှုန့်၊ မီးခြစ် စသည် တို့လည်း



ပါလာခဲ့သည်။ စင်စစ် ရော်ဘင်ဆန်ကရူးဆိုးနှင့်အတူ လှယဉ်ခေတ်၏ ယဉ်ကျေးမှုတခုလုံး ပါလာသည်ဟုဆိုနိုင်သည်။

သို့ရာတွင် သူတို့နှစ်ယောက်၌ ဘာမှမပါ။ လှယဉ်ခေတ်၏တန်ဆာပလာဆို၍ အဝတ်ချောင်းမှမပါ။ မီးခြစ်ဆံတချောင်းမျှလည်း မရှိ။ သူတို့လက်နှင့် ခြေသာရှိသည်။ စင်စစ် ကျောက်ခေတ်ဦးသို့ ပြန်ရောက်နေသည်ဟုပင် ဆိုနိုင်သည်။ မီးပင်မရှိ။ သားငါးရပြီးတော့၊ မီးဖြင့် ချက်ပြုတ်ဖုတ် ကင်မစားနိုင်။ အစိမ်းလိုက်စားရမည့်ပုံ ပေါ်နေသည်။

လွန်ခဲ့သည့်လေးငါးရက်က သူတို့ ထားဝယ်မှာရှိခဲ့ကြသည်။ထိုစဉ်က လျှပ်စစ်မီးပွင့်၊ ရေခဲသို့၊ ကော်ဖီ၊ တိတ်စိန်ကောင်ဒါ၊ မော်တော်ကား၊ ရော်ဂျူစားရုံ စသည်တို့ကို တွေ့ခဲ့ရသည်။ ယဉ်ကျေးတိုးတက်နေသော လူ့အဖွဲ့အစည်းကို မြင်ခဲ့ရသေးသည်။ယခု မီးပင်မရှိသော လူရိုင်းခေတ်သို့ လူတို့ ပြန်ရောက်နေရလေပြီ။

"ဒီနေ့ ဘယ်နှစ်ရက်လဲကွ"

ကိုနန္ဒာက မေးလိုက်သည်။

"အင်္ဂလိပ်ရက်တော့ မသိဘူး"

ကိုနန္ဒာသည် သံချောင်း အဖြေကြောင့် စိတ်ပျက် သွားသည်။ သံချောင်းကိုလည်း ပြန်၍ အထင်သေးလာသည်။ စင်စစ်သံချောင်းသည် အင်္ဂလိပ်ရက်သောက်ကိုတော့ သိဖို့ကောင်းသည်။

သူနှင့်သံချောင်း တွေ့သည်မှာ မကြာသေး။ စက်လှေပေါ်တုန်းကတော့ သံချောင်းသည် မိုက်းသည်ဟု သူအထင်သေးခဲ့သည်။ ယခုတခါ သံချောင်းနှင့် စကားပြောကြည့်တော့ သံချောင်းသည် ဘာကိုမျှ နားလည်သူမဟုတ်ကြောင်း၊ တွေ့ရသဖြင့်သည်။ ငွေငါးရာကိုပင် မည်သို့ ပြန်ထားတတ်မှန်း သိသူမဟုတ်။ အင်္ဂလိပ်ရက်ကိုပင် မြန်မာ သိတတ်သူမဟုတ်။ သံချောင်း၌ နှလုံးရည်မရှိ၊ လက်ရုံးရည်သာ ရှိသည်ဟု ကိုနန္ဒာ တွက်လိုက်သည်။

ကိုနုရွာသည် ကာယအလုပ်သမားများကို အထင် သေးတတ် မဟုတ်ဟု ကိုယ့်ကိုယ်ကိုယ် ထင်ထားသည်။ ယနေ့ခေတ်တွင် အလုပ် သမား လယ်သမားဟူသော စကားသည် လူကြိုက်နှစ်သက်များတွင် ခေတ် စားနေသည်။ အလုပ်သမား လယ်သမားသည် ကမ္ဘာကို ပြုပြင် နေသည်ဟု ပြောကြ ရေးကြသည်။ သည်သို့ပြောသည့် အထဲတွင် ကိုနုရွာလည်းပါသည်။ သို့ရာတွင် လူသူမရှိသည့် ကျွန်းကလေးတကျွန်း ပေါ်တွင် တာရှည်မနေ့လည်သော သံချောင်းလိုလူတယောက်နှင့် မည်ကိုတော့ စိတ်ပျက်သည်။ သူနှင့်သံချောင်းတို့အတွက် ပြောစရာ စကားရှိမည်မဟုတ်။ သူစိတ်ဝင်စားသောအရာကို သံချောင်းက စိတ် မဝင်စားနိုင်။ သံချောင်းစိတ်ဝင်စားသည့် အရာကိုလည်း သူ စိတ်ဝင် စားနိုင်မည် မဟုတ်။

သူက စာပေ၊ ကဗျာ၊ အတွေးအခေါ်အကြောင်းတို့ကို ပြောချင်သည်။ သံချောင်းက ထိုအရာများကို လုံးဝ နားလည်မည် မဟုတ်။

သူနှင့် သံချောင်းသည် ဤကျွန်းပေါ်တွင် နှစ်ယောက်တည်း နေရ တော့မည်။ မည်မျှ ကြာမည်မသိ။ ထို့ကြောင့် ကိုနုရွာသည် သံချောင်း ကို အကဲခတ်ကြည့်သည်။ မိမိနှင့် နေရမည် နေ့ရှိ ဖြစ်ပါမည်လော။ သံချောင်းသည် မိမိစိတ်တွေလော၊ မိမိကိုရန်သူလော။

သံချောင်း၏ မျက်နှာပေါ်က ဆိုးသည်။ စကားပြော ပြတ်သည်။ ခိုင်းသည်။ စိတ်တိုတတ်ပုံရသည်။ အသိဉာဏ်မရှိ။ ဘာကိုမှ မငြင်း တတ်။ သူ့ဇာတ်ကို သူ အားကိုးတန် ရှိသည်။ သည်အချက် များ ကိုနုရွာ သဘောမကျ။

သို့ရာတွင် သံချောင်းသည် ရိုးသားပုံရသည်။ ပွင့်လင်းသည်။ ဖြူ စင်တတ်ပုံရသည်။ တဖက်သားကို ကူညီတတ်သည်။ သည်အချက်များ ကိုတော့ ကိုနုရွာ သဘောကျသည်။ သို့ရာတွင် သူသဘော ကျသည် ဖြစ်စေ၊ မကျသည်ဖြစ်စေ သည်ကျွန်းပေါ်တွင် သူနှင့် သံချောင်း အတူတကွ နေနိုင်အောင် ကြိုးစားရပေလိမ့်မည်။



"ဖမာရက်ကိုတော့ သိသလား"

သံချောင်းက ရှတ်တရက်မဖြေ။ ကမ်းစပ်မှ ဝီရေကိုတလှည့်၊ ကောင်း ကင်ကိုတလှည့် ကြည့်သည်။ တဲစဉ်ကျွေးလမြစ်က ကောင်းကင်အလယ် တွင် ရောက်နေသည်။

"နယုန်လဆန်း ဆယ်ရက်"

"ဗို့ ထွက်လာတဲ့ ရက်ကော"

"လဆန်း ခြောက်ရက်"

သည်ကျွန်းပေါ်တွင် ရောက်နေသည်မှာ လေးရက်ရှိပြီ။ သူတို့ ထွက် လာခဲ့သည့်ရက်သည် အင်္ဂါနေ့ ဖြစ်သည်။ သို့ဆို လျှင် ယနေ့ နယုန်လဆန်း ဆယ်ရက်ရှိနေပြီ။ တော်ပါသေး၏။ အင်္ဂါနေ့နှင့် မြန်မာရက် သွားတိုက်နေသဖြင့် အမှတ်ရ လွယ်သွားပြီ။

"မင်းတော့ ဒီရက်တွေ အတွင်းမှာ သတိမမေ့နေသလား"

"ဟင့်အင်း၊ မမေ့ပါဘူး"

"ကျွန်းရောက်လာတာ သိတာပေါ့"

"သိတာပေါ့။ ကျွန်တော် ပျံ့ပြားတွယ်ထားတော့ ကျွန်းကို လှမ်း မြင်နေရတာဘဲ။ ဆက်ရေကူးပြီး နောက်တနေ့ ကျွန်းပေါ်တင်သွား တာဘဲ"

"ဒီဘက်ကမ်းလား"

"မဟုတ်ဘူး၊ အနောက်ဖက်ကမ်းမှာ"

"အားပြတ်ပြီး မလဲဘူးလား"

"မလဲပါဘူး။ တညအိပ်ပြီး နောက်တနေ့ ကျတော့ ကျွန်းပေါ် လျှောက်ကြည့်တာဘဲ"

"အိပ်တော့ကော"

"တွေ့တဲ့နေရာ အိပ်တာဘဲ။ ပထမညတုန်းက အနောက်ဖက်ကမ်း က ကျောက်တန်းပေါ်အောက်မှာ အိပ်တယ်။ ဒါပေမယ့် လေ သိပ် တိုက်တယ်။ ဒုတိယညကျတော့ ကျွန်းပေါ်ကတောထဲမှာ။ ဒါပေမယ့် မြင်

ကိုက်တယ်၊ ပြီးတော့ ဂဏန်းတွေလဲ မှားတယ်၊ မနေ့ညကတော့ အရှေ့ဘက်ကမ်းက ကျောက်ဂူထဲမှာ အိပ်တယ်၊ အဲဒီက လော ယိမ်မတိုက်ဘူး၊ မြင်းကိုက်လဲ သက်သာတယ်"

"ဒါဖြင့် ဒီနေ့ညတော့ ဘယ်မှာအိပ်မလဲ"

"မပြောတတ်သေးဘူး၊ ခု အိပ်စရာနေရာကောင်းကောင်း လိုက်ရှာ ရင်း အကိုနဲ့လာတွေ့တာ၊ ကျွန်းပေါ်ရောက်ပြီး နောက်တနေ့ ဒီနေ ရာကို ကျွန်တော်ရောက်တုန်းက အကိုမရှိသေးဘူး၊ ခု နောက်တခေါက် လာမှ တွေ့တာ"

ထိုစဉ်က ကိုနန္ဒာ ကျောက်ဆောင်ပြိုကြားထဲမှာ ရှိသေးသည်။ ထို့ကြောင့် သူ့ကို သိန်းချောင်းမတွေ့နိုင်း ဖြစ်သည်။

"ငါက ဟိုကျောက်ဆောင်ကြားထဲမှာ လဲနေတာကွ"

ကိုနန္ဒာက ပင်လယ်လှိုင်းတို့ တလှုံ့လှုံ့ရိုက်နေသော ကျောက် ဆောင်ကို ညွှန်ပြသည်။ ကျောက်ဆောင်မှာ မြင့်သဖြင့် ဒီရေမရောက် သို့ရာတွင် တေးပတ်သတ်လည်တွင် ရေရိုင်းနေ၏။

"ဒီရေတက်ရင် သက်ရလာလို့ တော်သေးတာပေါ့၊ ဒီရေတက် လာရင် ရေထဲပါသွားမှာ"

"ဒါပေါ့၊ ဒီနေရာမှာလာပြီး နှစ်ရက်လုံးလုံးမေ့နေတာ ကံကောင်း တာပေါ့၊ ဟိုကျောက်ဆောင်ကြားမှာသာ လဲနေရင် ရေထဲမျော သွားပြီ"

"ဒီရက်အတွင်း မင်း ဘာနဲ့သီးတဲ့ စားနေတာလဲ"

"ထန်းသီးရယ်၊ မတော့သီးရယ်၊ ဝါးရောင်းနေ့တဲ့ရယ်"

"ရေကော မသောက်ရဘူးလား"

"ရေကတော့ ရှိပါတယ်၊ တောထဲမှာ စမ်းချောင်းတွေ အများ ကြီးပဲ၊ ဒီအရှေ့ဘက်ကမ်းမှာတွင် စမ်းပေါက် ဆယ်ပေါက်လောက် ရှိတယ်၊ အနောက်ဘက်ကမ်းမှာလဲ စမ်းပေါက်တွေ အများကြီးပဲ"



ကိုနန္ဒာသည် ရေတော့သောက်ချင်သည်။ ဗိုက်ဆာသည်ထက် ရေသာရှိသည် ထင်သည်။ တကယ်က ရေငတ်မပြေ။

"ငါ ရေသောက်ချင်တယ်ကွာ"

သိန်းချောင်းသည် အဝေးသို့ လှမ်းကြည့်လိုက်သည်။

"သွားနိုင်ပါ့မလား၊ ပြီးတော့ ဒီည ဒီနေရာမှာအိပ်လို့ မဖြစ်ဘူး၊ ယိမ်လေတိုက်တယ်"

"တော်တော်ဝေးသေးသလား"

"စမ်းပေါက်ကတော့ တမိုင်လောက် ဝေးသေးတယ်၊ ကျွန်တော် အိပ်ဖို့နေရာကတော့ စမ်းပေါက်ဟိုဘက်မှာ"

ကိုနန္ဒာက တွေနေသည်။ အားကလည်း နည်းနေသည်။ အများ ကြီး ရှိသည်။ သွားမှ သွားနိုင်ပါမည်လောဟု သံသယရှိသည်။

"မသွားနိုင်ရင် ကျွန်တော်သွားခပ်ပေးမယ်လေ၊ ဒါပေမယ့် ခွဲ တော့ ကြာမယ်၊ ရေခပ်ဖို့ ခရုကြီးကြီး လိုက်ရှာရအုံးမယ်"

"ငါလိုက်မယ်လေကွာ၊ လိုက်နိုင်လိမ့်မယ်ထင်ပါတယ်"

ဖြစ်မှဖြစ်ပါ့မည်လော ဟူသော အကြည့်မျိုးဖြင့် ကိုနန္ဒာကို ကြည့် သည်။ သည်တော့ ကိုနန္ဒာသည်။ နည်းနည်းရှက်သည်။

ကိုနန္ဒာသည် လျှောက်တွင် ခြေထောက်နာသော်လည်း ခပ်လှမ်း လှမ်း လျှောက်လာသည့်အခါတွင် အသားကျလာသည်။ တွေ့ရလာ၍ မသိ။

သူတို့နှစ်ယောက်သည် ကမ်းစပ်အတိုင်း လျှောက်ကြသည်။ ကမ်း မှာ သောင်ပြင်မရှိတော့။ သောင်ပြင်သည် ဒီရေအောက်သို့ ရောက် သွားပြီ။ ကျောက်တုံးတွေပေါ်က ဖြတ်လျှောက်ရသည်။ သိန်းချောင်းက ကျောက်တုံးတတုံးမှတတုံးသို့ ခုတ်လက်ရွှာ ခုန်ကူးသွားသည်။ ကိုနန္ဒာက ဖြေးလေးလဲ ကူးရသည်။ ကမ်းစပ်တွင် ပျဉ်တိုပျဉ်စများ၊ ဝါးလုံး များကို တွေ့ရသည်။ သိန်းချောင်းသည် ပျဉ်တိုပျဉ်စ သုံးလေးခုကို ကောက်ရှိထမ်းသည်။ ဝါးလုံး နှစ်လုံးသုံးလုံးကိုလည်း လက်က ဆွဲလာ

သည်။ အဆင်ပိတ်ထားသည့် ဝါးပိုးဆစ်တဆစ်ကိုလည်း ကောက်ထား ခဲ့သည်။

နောက်ကြာတော့ စမ်းပေါက်တခုကို တွေ့ကြသည်။ စမ်းပေါက်မှ ရေသည် ကျောက်တုံးများကြားမှာ ကြည်လင်နေသည်။

ကိုနန္ဒာသည် စမ်းပေါက်ဝတွင်ထိုင်ကာ ရေကို တဝသောက်သည်။ သည်လောက် အေးမြသည့်ရေ၊ သည်လောက် အရသာရှိသည့်ရေကို သည်တခါသာ သောက်ဖူးသေးသည်ဟု ထင်သည်။ စမ်းပေါက်မှ ထိုင်၍ အမောဖြေလိုက်ရသဖြင့်လည်း တော်တော် အမောပြေသွားသည်။

သံချောင်းက ဝါးပိုးဆစ်၊ ဝါးလုံး၊ ပုဆိုး စသည်တို့ကို ကောက် ထမ်းလိုက်သည်။

"ကဲ၊ အမောပြေပြီလား။ သွားမယ်"

"မင်းဝါးလုံးတွေက ဘာလုပ်ဖို့လဲ"

"တနေ့မှာ အသုံးကျလာလို့ ယူလာတာပါ။ ဒီဝါးပိုးဝါးဆစ်ထဲ တော့ ရေထည့်လာရမယ်။ အပိတ်ကိုဖောက်ဖို့ ဓားမရှိဘူး။ ဓားရှိရင် ထိုးဖောက်မှာပဲ"

ကိုနန္ဒာတို့နှစ်ယောက် ဆက်၍ထွက်လာကြသည်။ ကျောက်တုံးကြီး တွေက ပိုကြီးလာသည်။ ထို့ကြောင့် ခရီးမပေါက်။ တချို့နေရာတွင် ကမ်းက ကွေ့သွားသဖြင့် တကွေ့ကြီးသွားရသည်။ တချို့နေရာတွင် ကျောက်ဆောင်အမြင့်ကြီးတွေ ထိုးထွက်နေသဖြင့် ကျောက်ဆောင်ကြီး တွေကိုလည်း ကျော်သွားရသည်။

"ဟေ့ သံချောင်း၊ အဲဒါဘာလဲ"

ကိုနန္ဒာက ရပ်၍ နားစွင့်လိုက်သည်။ ခပ်မှန်မှန်မြည်သံတခုကို ကြားရသည်။ သံချောင်းက ရပ်၍ သူ့ကိုလှည့်ကြည့်သည်။

"ဘုတ်မြည်တာပါ။ ဒီရေတက်တော့ ဘုတ်အော်တဲ့အသံ"

ကိုနန္ဒာသည် ဘုတ်အသံကို တခါမှမကြားဘူး။ ကဗျာတွေ ဘာတွေ ထဲမှာတော့ တွေ့ဘူးသည်။



"ဒီမှာ ဘုတ်လဲရှိတယ်။ ကျောက်ဆောင်တွေပေါ်မှာလဲ ငှက်ငယ် ငှက်တွေရှိတယ်။ မနေ့က ကျောက်ဆောင်တခုပေါ်တက်ပြီး ငှက်ဥ ရှာတာ နှစ်လုံးရခဲ့တယ်"

"ငှက်ဥတွေ ဘာလုပ်သလဲ"

"ဖောက်ပြီးသောက်ပစ်တာပေါ့"

သံချောင်းက ရှေ့သို့ဆက်သွားရင်း ပြောသည်။ သည်တွင် လည်း ကိုနန္ဒာသည် သံချောင်းထံမှ အသိတခု ရလိုက်ပြန်သည်။

သံချောင်း၏နေရိပ်မြုံသည် ကမ်းပါးစောင်းတခုပေါ်တွင်ရှိသည်။ ကမ်းပါး စောင်းတွင် ကျောက်ဆောင်ကြီးတွေ ထိုးထွက် နေ သည်။ ကျောက် ဆောင်ကြီး နှစ်ခု၏ အစွန်းသည် တခုနှင့်တခုဆက်ကာ အမိုးဖြစ်နေ သည်။ အမိုးအောက်တွင် ကျောက်ဖျာကြီးကလည်း ပြန့်ဖြူးသည်။ ကမ်းပါး စောင်းပေါ်မှကြည့်လျှင် စိမ်းပြာနေသော ပင်လယ်ပြင်ကြီးကို တဝန်း တလျား မြင်ရသည်။

ကိုနန္ဒာသည် ကမ်းပါးစောင်းကို သုံးလေးခါ နား၍ တက်ခဲ့ရသော ကြောင့် ကမ်းပါးပေါ်သို့ရောက်၍ ခေတ္တထိုင်မိလျှင် အမောပြေသွားသည်။ တလှိုင်လှိုင်တိုက်နေသော ပင်လယ်လေက အမောပြေစေသည်။

"ဒါ ကျွန်တော့်နေရာပဲ။ ဒီကျွန်းပေါ်မှာတော့ ဒီထက် ကောင်းတဲ့ နေရာ မရှိဘူး။ စမ်းပေါက်နဲ့လဲ နီးတယ်။ လေတိုက်လဲ သက်သာတယ်။ မိုးလဲ မရောက်တော့ဘူး"

ကိုနန္ဒာသည် ကျောက်ကမ်းပါးဝတွင်ထိုင်ကာ အမိုးအောက်သို့ လှမ်း ကြည့်သည်။ အမိုးအောက်က ထိပ်အမှောင်ကြီးမဟုတ်။ လင်းလင်း ချင်းရှိသည်။ မိုးလည်းလုံသည်။ ကျောက်ဖျာပေါ်တွင် ဖြိုးတဝေထွေးကို တွေ့ရသည်။

"ဒါက ဘာကြီးတွေလဲ"

"နိုင်လွန်ပိုက်ကြီးတွေလေ။ တနေ့က ကျွန်းကိုလျှောက်ပတ်ကြည့်ရင်း ကမ်းနားမှာ တင်နေတာတွေ့လို့ ကောက်လာတာ။ များများရရင် ကြိုးကျစ်ရမယ်။ ကြိုးကျစ်ပြီး ပျော့ကြိုးလုပ်ရမယ်"

သံချောင်းက သူ့စီမံကိန်းကို ပြောပြသည်။ သည်လိုဆိုတော့လည်း သံချောင်းတွင် စိတ်ကူးရှိသည်။ ကိုနန္ဒာသည် ယခုအထိ ဘာမျှ စိတ်မကူးမိသေး။ သူ့ခွေးရေကို သူမတွေ့မိသေး။ သံချောင်းကမူ ကျွန်း[illegible]ပေါ် ရောက်ရောက်ချင်း အလုပ်လုပ်နေလေပြီ။

သံချောင်းသည် ကမ်းပါးအောက်သို့ ဆင်းသွားသည်။ တော်တော်နှင့် ပြန်မလာ။ အတန်ကြာတော့မှ အုန်းသီးလေးငါးလုံးကို ပိုက်၍ တက်လာသည်။ ပြီးလျှင် နောက်တခေါက်ဆင်းသွားကာ အုန်းသီး[illegible] လေးငါးလုံးပိုက်၍ တက်လာပြန်သည်။ သူ့တကိုယ်လုံး ချွေးတွေ[illegible] သည်။

ကိုနန္ဒာသည် အုန်းသီးတွေကိုပိုက်၍ တက်လာသော သံချောင်း[illegible] ကြည့်၍ မောနေသည်။ သံချောင်းကို ကူ၍ သယ်ပေးချင်သော်လည်း သူ့ခန္ဓာကိုယ်က ခွင့်မပြု။

နောက်ဆုံးအခေါက် သယ်ပြီးသည့်အခါ၌ အုန်းသီးသုံးလေးဆယ်[illegible] ဖြစ်သွားသည်။ သည်တော့မှ သံချောင်းက ကျောက်ခဲဖြင့် [illegible] အုန်းသီးခွဲပြီး ကိုနန္ဒာကို တိုက်သည်။ သူလည်း သောက်သည်။ သံချောင်း[illegible] က ဆယ်လုံးလောက် သောက်သော်လည်း ကိုနန္ဒာ မသောက်နိုင်[illegible] ငါးလုံးလောက်သောက်ပြီး ရင်ပြည့်နေသည်။ အန်ချင်လာသည်။

"သောက်ဦးလေ"

"တင်းအင်း၊ ငါမသောက်နိုင်တော့ဘူး။ အိပ်ချင်ပြီ။ ကိုယ်လက်တွေ[illegible] လဲ နာနေပြီ"

ကိုနန္ဒာက အမိုးအောက် ကျောက်ဖျာပေါ်သို့ ဝင်လှဲလိုက်သည်။

"ဒီမှာတော့ အုန်းသီးပဲ စားစရာရှိတာပဲ။ အုန်းသီးမှ မစား[illegible] ဘယ်ကြာကြာခံနိုင်မလဲ။ သေသွားမှာပေါ့"



ကိုနန္ဒာကမူ အားလျော့ပြီ။ သည်ကျွန်းပေါ်တွင် လူသူမရှိ။ [illegible]ရာမရှိ။ ကြာကြာနေလျှင် အစာငတ်၍ သေရုံသာရှိတော့သည်။ [illegible]ကြီးကိုဖြတ်ကူးရန်ဆိုသည့် ကိစ္စကလည်း မည်သည့် နည်းနှင့်မျှ [illegible]နိုင်။ သင်္ဘောတစင်းဆိုက်လျှင်တော့ အသက်ချမ်းသာဖွယ်ရှိသည်။ [illegible]ဆိုက်ခဲ့လျှင် သူနှင့် သံချောင်းသည် သည်ကျွန်းပေါ်မှာ သေရတော့[illegible]မည်။ သေချင်းသေလျှင် သူက အရင်သေမည်။ သူ့မှာ ခံနိုင်အားမရှိ။

သူတို့အခြေအနေသည် မျှော်လင့်ချက် မရှိသော အခြေအနေ ဖြစ်[illegible]သည်။

အစာရေစာပြတ်၍ တဖြည်းဖြည်းငတ်သေမည်လော၊ ရောဂါဖိစီး[illegible]၍ သေမည်လော။ သည်နှစ်လမ်း တလမ်းလမ်း ရွေးကြိုသာ [illegible]တော့သည်။

ယနေ့ည ကောင်းကင်တွင် မိုးသားတိမ်တိုက်တို့ ကင်းသည်။ ကောင်းကင်တွင် လမင်းက မှိန်မှိန် လင်းနေသည်။ တိတ်ဆိတ်သော ညတွင် [illegible]လယ်၏ ဟောင်သံက ပို၍ ရှည်သည်ဟု ထင်ရသည်။

အိပ်ချင်သော်လည်း ကိုနန္ဒာ အိပ်မပျော်။

သံချောင်းကို ကြည့်လိုက်တော့ ကျောက်ဖျာပေါ်တွင် ဥတောက်[illegible]ောင်ကာ အိပ်ပျော်နေပြီ။ ကမ်းပါးအောက်က ပင်လယ် လှိုင်းသံတွေ[illegible]ထဲမှာပင် သူ့ဟောက်သံကို ကိုနန္ဒာ ကြားနေရသည်။

ထိုညက ကိုနန္ဒာ အိပ်မပျော်။ ထိုနောက်လည်း ညပေါင်းများစွာ အိပ်မပျော်။

[ ၁၄ ]

ထိတ်လန့်တုန်လှုပ်ဖွယ် အဖြစ် အပျက် တခုကို ကြုံတွေ့ရသည့်အခါ ပထမဆုံး စိတ်ထဲတွင် ပေါ်လာသော ခံစားချက်ဖြင့် ထိုအဖြစ်အပျက်ကို တုံ့ပြန်တတ်သည်။ အမှားအမှန် စဉ်းစားနိုင်မှု၊ အတိမ်အနက်ကို ပြန်လှန်စဉ်းစားနိုင်မှု၊ အချိန်ကြာမြင့်၍ ဆွေးဆွေးသွားသည့်အခါ ကျမှသာ ထိုအဖြစ်အပျက်၏ အတိမ်အနက်ကို စဉ်းစားနိုင်ရသည်။

ကိုနွှာသည် ဖက်လှေမှောက်စဉ်ကလည်း သူ့အခြေအနေကို မစဉ်းစားမိ။ ထိုစဉ်က သူ့စိတ်တွင် ပထမဆုံးပေါ်လာသည့် စိတ်မှာ ကြောက်စိတ် ဖြစ်သည်။ အသက်ရှင်ရေးဖြစ်သည်။ ကမ်းပေါ်သို့ ရောက်ရေးဖြစ်သည်။ ကမ်းစပ်တွင် သတိမေ့ရာမှ သတိရလာသည့်အချိန်ကလည်း ရှေ့ရေးကို မစဉ်းစားမိ။ ထိုစဉ်က သူ့အတောင့်တဆုံးအရာမှာ ရေနှင့် အစားအစာ ဖြစ်သည်။

ယခု ကျွန်းပေါ်တွင် အတန်ကြာနေလာခဲ့သည့်အခါတွင်မှ ကိုနွှာ သည် သူ့ရှေ့ရေးကို သူစဉ်းစားမိသည်။

ကျွန်းပေါ်တွင် ရောက်ကြလာသည့်အခါ၌ အစာရေစာသည် ထပ်မံ မြဲလာပြီး၊ ဆေးဆေးပိုင်ရက်များအတွင်းက သူတို့နှင့်ယောက်ျား ထန်းရည်ကိုသောက်ကြသည်။ ထန်းသီးဆံကို စားကြသည်။ ဝါးရော



မျှက်ကို စားကြသည်။ ထို့ရာတွင် ရက်ကြာလာသည့်အခါ၌ မတင်းတိမ် ကြ၍ အစားအစာကို တောင့်တလာသည်။ ထိုအခါ၌ ထိမ်ပက်ထဲ တွင်ပင် စားဖွယ် သောက်ဖွယ်များကို မြင်မက်တတ်သည်။ အဖျော် များကလည်း အစားအစာကို တောင့်တလာသည်။ သူတို့၏ အာရုံ ကြောများသည် ထက်မြက်လာကြသည်။ ထန်းရည်သည် ပို၍ ချိုသည် ဟု ထင်လာရသည်။ စမ်းရေသည်လည်း ပို၍ ချိုနေသည်ဟု ထင်ရသည်။ ငါးရောင်းချ၍ရှက်သည့် ပို၍ ချိုသည်ဟု ထင်လာကြသည်။ ထမင်းဟင်း ကို တောင့်တသည်။

ရေသော့ရဟန်းများသည် သစ်သီး သစ်ဥ ကိုသာ စားနေကြသည်ဟု ကိုနွှာ ကြားဖူးသည်။ ထို့ရာတွင် ဝက်သည်က သူတို့ကျွန်းပေါ်တွင် အပင်သီးပင် များများစားစား ရှာမတွေ့။ အချဉ်စားလိုလျှင် ဝါးရောင်း ချဉ်နှင့် မတော့သီးကို စားသည်။ အချိုစားလိုလျှင် ထန်းရည်နှင့် သစ်နီသီးကို စားသည်။ သစ်နီသီးကို သူတို့တခါမှ မစားဖူး။ စား ကောင်းသည်ဟုလည်း မထင်။ တနေ့တွင် ကြက်တူရွေးအုပ်တအုပ် သစ်နီပင်ပေါ်ကျလာသည်ကို သံချောင်းတွေ့လာသည်။ သည်တွင် သံချောင်းက သစ်နီသီးကို စားကြည့်သည်။ အရသာက ခပ်ချွဲချွဲ ချိုလည်း ဘာမျှပါ မဖြစ်။ သည်တော့ သံချောင်းက သစ်နီသီး ကောက်ချိုးစားသည်။ ကိုနွှာကမစားသဲ၊ သုံးလေးရက်လောက် ရှိသော မှ ကောက်စားသည်။ သည်လိုဖြင့် သစ်နီသီးသည် သူတို့အစာ ဖြစ်လာသည်။

သူတို့တွင် အချိုအချဉ် စားစရာရှိသော်လည်း ဆားမရှိ။ ရွှေတွက် သည့်အခါများ၌ မျှောက်ပြီးထဲက ဆားခါတ်တွေကလည်း ရွှေနှင့် ပါသွားသည်။ သည်တွင် ဆားခါတ် တခြိုက်ရှိ၍ ခန်းလာသည်။ ရက်တရက် ထပိုက်လျှင် မျက်လုံးတွေပြာကာ မူးနေတတ်သည်။ မနွှာ ကိုယ်ကလည်း ဆားခါတ်ကို တောင့်တလာသည်။ ပင်လယ်ရေကို သောက်ကြည့်သည်။ ထို့ရာတွင် ခါးလွန်းသဖြင့် များများမသောက်နိုင်၊

မြင်ရှိုးခဲ့သည်။ ထို့ကြောင့် အာသာဓမြို့ တပ်နှင့် သောက်ရသည်။ သို့တိုင်အောင် ဆားဓာတ်က မလုံလောက်။

သည်တော့ သံချောင်းက နည်းလမ်းရှာသည်။ ဗီရေကျူးသွားသော အခါ၌ ပင်လယ်ကမ်းစပ်ကျောက်ဆောင်များပေါ်တွင် ဆားပွင့်ကလေးများ အညီတင်၍ ကျန်ရစ်ခဲ့သည်။ သံချောင်းက ကျောက်ဆောင်ကြားသို့ လျှောက်ကာ ဂုံနှီကလေးဖြင့် ဆားညီတွေကို လိုက်ခြစ်သည်။ ဆားအစစ်ကားမဟုတ်။ သို့ရာတွင် အနည်းဆုံး ဆားအဖြစ်ကော အသုံးဝင်သည်။

ကိုရန့်မှာကမူ ဆားစုတ်သည့်တိုင် ဆားညီများကိုမူ မစားသို့။ ဆားညီက ခါးကျင်ကျင်။ အမှိုက်သရိုက်တွေပါသည်။ ခါးသက်သော အရသာလည်းရှိသည်။ ထို့ကြောင့် တတ်နိုင်သမျှ ရှောင်သည်။ သံချောင်းက ကိုရန့်မှာဗီဇာကြောင်ပုံကို မကျေနပ်။

သံချောင်းသည် နဂိုက စိတ်တိုသူဖြစ်သည်။ အစာအာဟာရ ပြတ်ကြသည့်အခါတွင် သဘာဝကျစွာ ပို၍ စိတ်တိုလာသည်။ ကိုရန့်မှာ အစားအသောက် ဗီဇာကြောင်ခြင်းသည် ပို၍ စိတ်တိုစရာ ဖြစ်လာသည်။ ကိုရန့်မှာသည် အာမှုလုပ်တတ်သူမဟုတ်။ ကျွန်းရောက်သည်မှာ အ… ကြာပြီ။ သို့ရာတွင် ယခုတိုင် အုန်းသီးခွဲတတ်သေး။ သံချောင်းက ကျောက်ခဲနှင့်ခွဲပေးမှ သောက်တတ်သူ ဖြစ်သည်။ ထို့ကြောင့် သံချောင်းက အစစအရာရာ ရှာဖွေပေးရသည်။ သို့ရာတွင် သူရှာဖွေပေးတိုင်း မစားဘဲ ဗီဇာကြောင်သောအခါ သံချောင်း စိတ်မရှည်။ သူ့အတွက် မိမိတွင် တာဝန်ရှိရသည်ဟု သံချောင်းမြင်လာသည်။

သူတို့နှစ်ယောက်မှာ တဖြည်းဖြည်း ခွန်အားနည်းလာသည်။ အ… သဖြင့် ကိုရန့်မှာက ပိုမိုအားနည်းသည်။ နဂိုကလည်း သံချောင်းလောက် ကိုယ်ခံမကောင်း။ သည်အထဲတွင် အစားအသောက်ကလည်း ရှောင်နေသည်။ သံချောင်းကမူ နဂိုကတည်းက ကိုယ်ခံကောင်းသည်။ မိုးသ… မှန်တိုင်းတွေကိုက်လျှင်လည်း အချမ်းခံနိုင်သည်။ တနေ့တနေ့ ကမ်းစပ်…



…ည်းကောင်း။ တောထဲသို့လည်းကောင်း လျှောက်၍လှည့်လာသည်။ …ပေါင်းများစွာ လျှောက်သည်။ ကျွန်းရောက်ကတည်းက ရှာသည့် …သည်ဟု မရှိစေ။ သူ့တသက်တွင် နားမကျွန်းမှ ဖြစ်ရပေါ်သေးပေ… …တက်ရမှုရသည်။ အုန်းပင်တပင်ပြီးတပင်လည်း တက်တိုက်တက်နိုင် …သည်။ သက်လုံကောင်း၍ ကျွမ်းလည်း ကျွမ်းကျင်သည်။ သူ အုန်းပင် …ကိုပုံက ကြည့်ကောင်းသည်။ သူက အုန်းပင်ကို ကားယားခွ၍မတက်။ …ည်ကို ခြေထောက်ဖြင့်ကန်ကာ မတ်မတ်တက်သွားပုံမျိုး ဖြစ်သည်။ …စည်ကို လက်ဖြင့် လှမ်းဖက်ပြီး ခြေဖဝါးဖြင့်ကန်ကာ တလှမ်းချင်း …တက်သွားသည်။ သူ အုန်းပင်တက်ပုံမှာ သက်တောင့်သက်သာ …သည်။ မြန်လည်း မြန်သည်။

ကိုရန့်မှာသည် သူတိုယ်တိုင် အုန်းပင် တက်ဖို့ ကြိုးစားသေးသည်။ …ရာတွင် မအောင်မြင်။ သံချောင်းလို မတ်တတ်လည်း မတက်တတ်။ …တတ်တက်ရသည်က ပင်စည်ကိုလက်ဖြင့် ကိုင်မှုတလော။ ကိုင်ထား…ဖြင့် မရ။ အကိုင်အတွယ်မတတ်က ပြုတ်ကျသွားနိုင်သည်။ ထို့ကြောင့် …ရန့်မှာက ပင်စည်ကို ကားယားခွ၍တက်သည်။ လက်နှစ်ဖက်ဖြင့် ပင်…ကို တင်းကြပ်စွာ ဖက်သည်။ သည်လိုတက်ပုံမျိုးက ပြုတ်မကျနိုင်။ …ရာတွင် ဒူးတွေ၊ ပေါင်တွေ၊ လက်မောင်းတွေ ရှကုန်သည်။ ပင်ပန်း…သည်။ တလှမ်းတလှမ်းတက်ရပါမည့်အစား မနည်း၊ အားယူရသဖြင့် …ပန်းလှယ်သည်။

ပထမ အုန်းပင်နိမ့်နိမ့်ကို ကိုရန့်မှာတက်ကြည့်သည်။ သိပ်မြင့်လှသည် …ဟုတ်။ ဆယ်ပေလောက်သာ ရှိမည်။ အုန်းပင်ထိပ်ရှာသို့ ခက်ခက် … ရောက်သွားသည်။ သို့ရာတွင် အုန်းသက်ကြားထဲသို့ရောက်အောင် …ရန့်မှာမဝင်တတ်။ အောက်ဆုံးအုန်းသက်ကို ဖမ်းဆွဲသည်တွင် အုန်း…ကျိုးပြတ်ကျကာ လှန့်ရောစရာတွေပြီး အောက်သို့ကျလာသည်။ အမင်က …ရ [illegible] အာမှုမဖြစ်။ သို့ရာတွင် ခါးနာသွားသဖြင့် သုံးရက်လောက် …ရာမှ မထနိုင်။

သံချောင်းက သူ့ကို အပြစ်တင်သည်။ အုန်းပင်တက်၍ အုန်းသီး… ကြွေးဝင်လျှင် ပထမ အုန်းလက်ကိုမဆွဲရ။ အောက်ဆုံးအုန်းလက်… တွေ့၍ ခြောက်နေတတ်သည်။ ပြုတ်ကျမည့်ဆဲဆဲ အုန်းလက်ဖြစ်သည်… အပေါ်က အုန်းလက်ကိုလှမ်းဆွဲပြီးမှ ဝင်ရသည်ဟု ပြောသည်။ သ… နောက် သံချောင်းပြောသည့်အတိုင်း ကိုနန္ဒာတက်သည်။ ဒီရာ… တပင်နောက်တက်ပြီးလျှင် ကိုနန္ဒာ နောက်ထပ် မတက်နိုင်တော့… မောလှပြီ။ သံချောင်းကမူ အပင်နှစ်ဆယ်အစိတ်လောက်ကို ဆက်တိုက်… တက်နိုင်သည်။

ကိုနန္ဒာနှင့် သံချောင်းသည် အုန်းသီး၊ သရက်သီးနှင့် ငါးခြောက်… ချိုချက်ကို စားရသည်မှာ ကြာပြီ။ သည်တော့ အသားစားချင်… သည်။ သံချောင်းက ဒီရေကျသွားသည့်အခါတွင် ကျောက်ချက်က… များထဲတွင် ကျန်ရစ်ခဲ့သည့် ငါးလေးများကို ဖမ်းလာတတ်သည်… မည်သည့်ငါးမျိုး ဖြစ်သည်ကိုမူ ကိုနန္ဒာမသိ။ အစိမ်း၊ အနီ… အရောင်မျိုးစုံနှင့် ငါးတွေလည်း ပါသည်။ သံချောင်းက ငါးမျိုး… သိသည်။ တခါတလေတွင် ခရုများလည်း ကောက်လာတတ်သည်။ … ကလည်း ပုံစံအမျိုးမျိုး။ တချို့ခရုကြီးတွေက ခလေးဦးခေါင်းအ… ရှိသည်။ ချွန်ချွန်ရှည်ရှည်တွေလည်းပါသည်။ လုံးလုံးရှည်ရှည်တွေလည်းပါသ… သံချောင်းက ခရုအမျိုးမျိုးကိုလည်း သိသည်။ ချွန်ချွန်ရှည်ကြီးတွေ… စောင်းခရုဟု ခေါ်သည်။ အဝါကွက်ပါသည့် ခရုကြီးတွေက မျက်… ပိတ် ခရုဟု ခေါ်သည် စသည်ဖြင့် ရှင်းပြတတ်သည်။ ကျောက်ဆော… တွေ ကြားထဲတွင် သက်ရှိလိုလို၊ သက်မဲ့လိုလို သတ္တဝါတွေလည်း … ရသည်။ မျက်တရက်ကြည့်တော့ ကျောက်ဆောင် ကျောက်တုံး ထင်… ရသည်။ ဒီရာတွင် သေသေချာချာကြည့်လျှင် ကျောက်ဆောင်မဟုတ်… ကျောက်ခဲမဟုတ်။ သက်ရှိသတ္တဝါများ ဖြစ်သည်။ တချို့သတ္တဝါ… ကျောက်ညွှန်ဟု ခေါ်သည်။ ကျောက်တုံးဟန် ဆောင်နေတတ်… အနားသို့ သတ္တဝါတကောင်ကောင် ရောက်လာသည်နှင့် ပါးစပ်…



…ကာ ညှပ်ထားတတ်သည်။ တချို့ကိုမူ ကျောက်ပိုးဟု ခေါ်သည်။ မျက်တရက်ကြည့်လျှင် ကျောက်ဆောင်ပေါ်က အဖုအထစ်တွေဟု ထင်ရသည်။ တကယ်တွင် အဖုအထစ်မဟုတ်။ ကျောက်ပိုးများ ဖြစ်သည်။ အပေါ်ခွံက ကျောက်ခဲကြီးလိုဖြစ်၍ အထဲတွင် အသားရှိသည်။

ကိုနန္ဒာသည် ပင်လယ်ကမ်းစပ်က သတ္တဝါများ၏ သဘာဝကို သံချောင်းပြောပြသဖြင့် သိရခြင်း ဖြစ်သည်။

သံချောင်းသည် စောင်းခရု၊ မျက်နှာပိတ်ခရု၊ ကျောက်ညွှန်၊ ကျောက်ပိုးသည့် ပင်လယ်ကမ်းစပ်က အကောင်တွေကို ဖမ်း၍ အကျွန် စားသည်။ ကိုနန္ဒာလည်း သူ့လို အစားရေစား တော်သူဖြစ်၍ သည်သတ္တဝါတွေကို စားချင်သည်။ ဒီရာတွင် ကိုနန္ဒာစားမရ။ သူတို့ ကျွန်းတွင် မီးမရှိ။ ချက်ပြုတ် … ၍ မစားနိုင်။ အစိမ်းလိုက်စားရမည်ဖြစ်သည်။ ကိုနန္ဒာသည် အသားစားချင်လွန်းသည့်အတွက် မျက်နှာပိတ်ခရု အစိမ်း … ကြည့်သည်။ ဒီရာတွင် စားမရ။ ညှီလွန်းသဖြင့် မျိုရမကျ။ အော်… ဆန်လာသည်။

တနေ့တွင် သူနှင့် သံချောင်း အုန်းပင်တက်ပြီးနောက် သောင်စပ်အတိုင်း ပြန်လာကြသည်။ သောင်စပ်တွင် ဂဏန်းငယ်ငယ်များကို တွေ့ရသည်။ ထိုဂဏန်းများမှာ အပြေးမြန်သည်။ လှစ်ကနဲမြင်ပြီးနောက် … သို့ ပျောက်သွားသည်။ သည်ဂဏန်းများမှာ သဲဂဏန်းဟု ခေါ်ကြောင်း၊ တချို့ကလည်း မြင်းကောင်းစိုင်းသလို မြန်သဖြင့် မြင်းစိုင်းဂဏန်းဟု ခေါ်ကြောင်းဖြင့် သံချောင်းက ပြောပြသည်။

သံချောင်းသည် မြင်းစိုင်းဂဏန်း ဆယ်ကောင်လောက် လိုက်ဖမ်းသည်။ မြင်းစိုင်းဂဏန်း ဆယ်ကောင်လောက် ဖမ်းရသည့်အလုပ်သည် လွယ်။ တနိုင်ခန့်ရပြီးရသလောက် ပေသည်။ သံချောင်းက မြင်းစိုင်းဂဏန်း တကောင်ကို ဝါးစားရင်း ကိုနန္ဒာကိုလည်း ပေးသည်။

"သိပ်စားလို့ကောင်းတယ်။ ချိုပြီးကောင်းတွေ အစိမ်းစားတာ ညှီလှပင် ပါလားကြည့်ပါလား။ ဝါးလိုက်ရင် ပွစိပွစိမြည်တာ အရသာထွက်လာတယ်။

အသားကောလဲ နုနုကလေးရယ်။ ခရုစားလို့မရရင် အဲဒီ ငါးစားပေါ့။ ကျွန်တော်က ဘာဖြစ်ဖြစ် စားလို့ရပါတယ်”

သံချောင်းက သူမောကြီးပန်းကြီး ဖမ်းလာသော မြင်းခိုင်းငါးကောင်များကို ကိုနန္ဒာစားဖို့ပေးသည်။

“ဟင့်အင်း၊ ငါတော့အစိမ်းမစားဘူး။ နံတယ်”

ကိုနန္ဒာက မျက်နှာကိုရှုံ့ပြီး ခေါင်းရမ်းပြလိုက်သည်။

သည်တွင် သံချောင်း စိတ်ထိခိုက်သွားသည်။ ကိုယ်က စေတနာနှင့် သူစားဖို့ ဖမ်းပေးသည်ကို ငြင်းပယ်သည်။ ထားတော့၊ သူမစားချင် ငြင်းနိုင်သည်။ သို့ရာတွင် မျက်နှာ ရှုံ့မဲ့ ကြည့်ပုံနှင့် စကားလုံးများက သံချောင်းကို အထင်သေးသည့်ဟန် ပေါ်နေသည်။ ရှက်မထည့်နိုင်လောက်အောင် ငတ်ရသလောဟု ကိုနန္ဒာ ထင်ပုံရသည်။ သူ့အစိမ်းစားပိုင်၊ ကိုနန္ဒာက အထင်သေးဟန်ဖြင့် မျက်နှာရှုံ့ပြတာ မြင်းကို သံချောင်း သတိရသည်။

“သဘောဘဲလေ၊ မစားချင်ရင်လဲ နေပေါ့။ ကျွန်တော်တို့ကတော့ ငတ်ရင် အစိမ်းလဲ စားရတာဘဲ။ ဘာမှမရှောင်ဘူး။ မတတ်သာ လူသားတောင် စားကြ စားရမှာဘဲ”

ကိုနန္ဒာက သံချောင်းကို တချက်လှမ်းကြည့်လိုက်သည်။ သံချောင်းကလည်း သူ့ကိုတချက်လှမ်းကြည့်လိုက်သည်။ နောက်ထပ် ဘာမှမပြော။ သံချောင်းသည် ငါးစိမ်းတွေကိုကိုက်ကာ ရွှေက ခိုက်ခိုက်ခိုက်ခိုက်နှင့် ထွက်သွားသည်။

ကိုနန္ဒာသည် ရုတ်တရက် တောင်းကန်း ဖြစ်သွားသည်။ မျက်နှာတော့ ပူလာသည်။ သံချောင်းစကားသည် မည်သည့်အဓိပ္ပာယ်နည်း။ သည်ကျွန်းပေါ်တွင် လူသားကျန်၍ သူနှင့် သံချောင်း နှစ်ယောက်သာရှိသည် မဟုတ်လော။ လူသား စားတန်စားရမည်ဆိုသော စကားသည် သူ့အသားကို စားမည်ဆိုသည့် အဓိပ္ပာယ်ကလွဲလျှင် တခြားဘာမှ မဖြစ်နိုင်။



သာမန်အချိန်ဆိုလျှင် နှစ်ယောက်သတ်ကြရုံသာ ရှိသည်။ သို့ရာတွင် ကိုနန္ဒာသည် သူ့စိတ်ကို သူ ဆုံးမသည်။ သည်ကျွန်းကလေး၊ တကျွန်း ပေါ်တွင် လူရှိ၍ သူနှင့် သံချောင်း နှစ်ယောက်သာရှိသည် မဟုတ်လော။ သူတို့နှစ်ယောက်ပေါင်းသဖြင့် သည်ကျွန်းပေါ်တွင် လူ့အဖွဲ့အစည်းကလေးတခု ဖြစ်နေသည် မဟုတ်လော။ သူတို့နှစ်ယောက် ရန်ဖြစ်ကြမည်ဆိုလျှင် သည်လူ့အဖွဲ့အစည်းကလေးသည် ပြိုပွဲသွားရတော့မည်။

သူတို့မိန်းမြို့သို့ ပြန်ရောက်သည့်အခါတွင် သံချောင်း၏မျက်နှာသည် သုန်မှုန်လျက်ရှိဆဲပင် ဖြစ်သည်။ သံချောင်းသည် အုန်းသီး သယ်လုံးလောက်ကို ကျောက်ခဲဖြင့်ခွဲ၍ သူတယောက်တည်းသောက်သည်။ ဒါတိုင်းဆိုလျှင် သူပင် အုန်းသီးကိုခွဲ၍ ကိုနန္ဒာကို တိုက်သည်။ ယခုတွင်မူ သံချောင်းသည် သူ့ဘာသာသူသောက်သည်။ ဒါတိုင်း အုန်းသီး မခွဲတတ် ခွဲတတ်ဖြင့် ကိုနန္ဒာဝင်ခွဲလျှင် သူက အတင်းဝင်ခွဲပေးသည်။ ယခု သံချောင်းသည် အုန်းရည်သောက်၍ အုန်းဆံကို သူ့ဘာသာ ကိုက်စားသည်။ ကိုနန္ဒာ မခွဲတတ် ခွဲတတ် ခွဲနေသည်ကို မမြင်ယောင် ပြုနေသည်။

ကိုနန္ဒာကလည်း သူ့မာနနှင့်သူ၊ သံချောင်းခွဲပေးမှ စားရတော့မည့် အမျိုးသို့ သူ မရောက်သေးနိုင်။ ထို့ကြောင့် သံချောင်းကို အကူအညီ မတောင်း။ ပထမ အုန်းသီးတလုံးကို ခွဲကြည့်သည့်အခါတွင် အုန်းသီးက ကွဲတော့ကွဲသည်။ သို့ရာတွင် ခိုက်ချက်မမှန်သဖြင့် အကာကြောင်းတွေ ပေါက်ထွင်လာကာ အုန်းရည်တွေယိုစီးကုန်သည်။ သည်တလုံးကို ကိုနန္ဒာ မသောက်လိုက်ရတော့ဘဲ လွှင့်ပစ်လိုက်ရသည်။

ဒုတိယတလုံးကို ကိုနန္ဒာခွဲပြန်သည်။ ပါးစပ်က အကူအညီမတောင်းသော်လည်း၊ သံချောင်းသည် မနေနိုင်၍ ဝင်လုပ်ပေးလိမ့်မည်ဟု ကိုနန္ဒာ ထင်သည်။ သို့ရာတွင် သံချောင်းက ဘာမှ လုပ်မပေး။ သူစားပြီးသည့် အုန်းသီးခွံတွေကို လွှင့်ပစ်ကာ ကမ်းပါးအောက်သို့ ဆင်းသွားသည်။

သံချောင်း မကြာခင် ပြန်ထွက်လာလိမ့်မည်ဟု ကိုနန္ဒာ ပထမထင်သည်။ သို့ရာတွင် အချိန်တန်၍ ပြန်မလာသည့်အခါတွင် ကိုနန္ဒာသည် ကျောက်ကမ်းပါးထိပ်မှ လှမ်းကြည့်လိုက်သောအခါ ပင်လယ်ကမ်းစပ်က ကျောက်ဆောင်မဲများကြားတွင် တရွေ့ရွေ့သွားနေသော သံချောင်းကို လှမ်းမြင်ရသည်။

ညနေ မိုးရိပ်ရိပ်ချုပ်သည်အထိ သံချောင်းပြန်မလာ။

ထိုညက မိုးသက်မုန်တိုင်း တိုက်သည်။ ဒီရေသည်။ အထက်ကြွ သည်။ လှိုင်းလုံးများသည် ကိုနန္ဒာတို့ ရှိပ်မြုံအောက်က ကမ်းပါးကို ရည်မှာ လာ၍ ရိုက်ခတ်ကြသည်။ လှိုင်းစီးတိုက်သည်။ တဝင်းဝင်း လက်သည်။ လေသည် ကျောက်ဆောင်ကြီးများကြားတွင် တရှီရှီ အော်၍ တိုက်ခတ်လျက်ရှိသည်။ ကျောက်ဆောင်ကြားတွင် လေတိုက် မြည်သံသည် သေမင်း၏ လေချွန်သံနှင့်တူသည်ဟု ကိုနန္ဒာ အောက်မေ့ မိသည်။

ကိုနန္ဒာသည် ညနေစောင်းသောအခါ သံချောင်း ပြန်လာလိမ့် မည်ဟု ထင်၏။ အချိန်တန်၍ ပြန်ရောက်မလာသော အခါ၌ကား စိုးရိမ်စပြုလာသည်။ သံချောင်းသည် လှိုင်းပုတ်သဖြင့် ပင်လယ်ထဲသို့ ကျသွားပြီလောဟု တွေးမိသည်။

ထိုသို့ တွေးမိသည်နှင့် သည်ကျွန်းပေါ်တွင် သူတယောက်တည်း ကျန်ရစ်ခဲ့တော့မည်ဟူသော အတွေးသည် သူ့ကို လွှမ်းမိုးလာသည်။ နဂိုက စိုးရိမ်ခြင်းမှာ သံချောင်းအတွက် စိုးရိမ်ခြင်းဖြစ်သည်။ သို့ရာတွင် သံချောင်းအတွက် စိုးရိမ်စိတ်သည် ပျောက်မှန်းမသိ ပျောက်သွားကာ သူ့ကိုယ်သူအတွက် စိုးရိမ်စိတ်က ကြီးစိုးလာသည်။

သံချောင်းရှိလျှင် အားရှိသေးသည်။ သဘောဝတ်ကို အတူရင်ဆိုင် မည်သူရှိသဖြင့် အဖော်ရသည်။ တယောက်မကျန်းမာလျှင် တယောက်က ပြုစုနိုင်သေးသည်။ ရှာဖွေ စားသောက်နိုင်သေးသည်။ သံချောင်းမရှိတော့လျှင် သဘာဝဘေးဒဏ်ကို သူမည်သို့ရင်ဆိုင်သွားရမည်နည်း။ ထော်မှတ်



ခြင်းဘက်ကို မည်သို့ ရင်ဆိုင်မည်နည်း။ သူသည် သဘာဝ ဓါတ်မတော်များ၏ ဒီဇိမ့်နှင့် ပေါ်မှတ်ခြင်းဘေးကြောင့် ကမ္ဘာလောကကြီးမှ ပြိုကွဲ ဘလေးတမျှကို ကွယ်ပျောက်သွားရတော့မည်လော။

လူသည် အန္တရာယ်ကို ကြုံတွေ့လာသည့်အခါတွင် သက်သာရာကို ရှာကြံ တွေးတတ်သည်။ နှစ်သိမ့်မှုကို ရှာကြံတတ်သည်။ ဤသည်မှာ မှူတာဖြစ်သည်။ ရိုးမြဲသို့ သံချောင်းပြန်လာတွင် ကမ်းစပ်မှပြန်ရမည်။ ကျောက်ထဲမှ ပြန်မှုမဖြစ်။ တောထဲတွင် လမ်းမရှိ။ သည့်အချိန်သည် ကမ်းလှဖြည့် ဒီရေတက်ချိန်ဖြစ်သည်။ ကျောက်ဆောင် အမြင့်ကြီးတွေ့ထိသို့ ရောက်တတ်သည်။ သည်လိုဆိုလျှင် သံချောင်း ပြန်လာ၍မဖြစ်။ ဒီရေ အကျကိုစောင့်ရမည်။ ဒီရေကျချိန်တွင် သံချောင်း ပြန်ရောက်လာမည် အမှန်ဟု ကိုနန္ဒာယူဆသည်။ သူ အလွန်ဆုံးနေလျှင် ယနေ့တည ညတနေ ရာတွင်အိပ်ပြီး နောက်တနေ့ မနက် ဒီရေစဉ်ချိန်တွင် ပြန်ရောက်လာ လိမ့်မည်ဟု ကိုနန္ဒာထင်သည်။

သို့ရာတွင် နောက်တနေ့နံနက်လင်း၍ ရေစဉ်ချိန်ရောက်သော်လည်း သံချောင်းပြန်မလာ။ သည်တော့ ကိုနန္ဒာ ကမ်းပါးအောက်သောင်စပ်သို့ ဆင်းသည်။ မနေ့ကကျန်သော အုန်းသီးကို ကျောက်တုံးဖြင့် ခွဲ၍ အကာ ထုတ်ပြီး သောက်သည်။ သို့ရာတွင် အုန်းရည်ကောင်းကောင်း မျှ လောင်းပြီးသည်မှာ သူ့ဝမ်းထဲသို့ တလုံးစာလောက်ရောက်သည်။ အုန်းရည်တို့က ထောသို့ ခိုက်ဝင်ကျန်သည်။

ကိုနန္ဒာသည် သောင်စပ်သို့ လျှောက်၍ ခြေရာတွေ့လိုတွေ့ငြားကြည့် သည်။ ပင်လယ်ထဲသို့ မကျလျှင် အရွေ့ဘက်သောင်စပ်တလျှောက်တွင် ခြေရာတွေ့တန်ကောင်းသည်။

သောင်စပ်တွင် ဝင်ကျွှင်ခြေရာများ၊ မြင်းခိုင်းဂဏန်းခြေရာများ ပျံ့ပွနေသည်။ ဒီရေအကျတွင် ခရုခွံလှလှကလေးများ တင်ကျန်ရစ် သည်။ ကိုနန္ဒာသည် ခရုခွံလှလှကလေးများကို လိုက်ကောက်သည်။ ထော်တော်များများ ကောက်ပြီးသည့်အခါတွင် သည့်ထက် လှသော

ခရုခွံကလေးများ၊ ကြွေခုံကလေးများကို တွေ့မြင်ရသည်။ သည်တော့ ကိုနန္ဒာသည် ပထမခရုခွံတွေကို လှန်ပစ်ပြီး နောက်ထပ် ခရုခွံ လှလှကလေးတွေကို ကောက်ခဲ့သည်။ ထို့ထက်လှသော ခရုခွံကလေးများကို ထပ်တွေ့ရပြန်သည်။ သည်တော့ ကိုနန္ဒာလက်မြှောက်ပြီးကောက်လာခဲ့သမျှ ခရုခွံတွေကို အကုန်လုံး လွှင့်ပစ်လိုက်သည်။

ခရုခွံအဆန်းအကျယ်ကလေးတွေကို ကောက်ရခြင်းသည် ကုန်နိုင်ဘွယ်မရှိ။ ပင်လယ်ကမ်းစပ်တွင် ခရုခွံ လှလှ ကောက်ရခြင်းသည် လောကအလယ်တွင် အသိပညာ ရှာရသည်နှင့်တူသည်ဟု ကိုနန္ဒာတွေးနေမိသေးသည်။ အသိပညာတခုကို ရပြီးသည့်အခါ နောက်ထပ် အသိပညာတခုလိုချင်သည်၊ နောက်တခုရသည့်အခါ နောက်ထပ်တခု အကြောင်းကို သိလိုပြန်သည်။ မည်သည့်အခါမျှ ကုန်ဆုံးနိုင်ဘွယ်မရှိ။

ဝင်စပ် ကိုနန္ဒာ ပင်လယ်ကမ်းစပ်ဆင်း၍ ခရုခွံကောက်နေသည့်မှာ ရည်ရွယ်ချက် ကြီးကြီးကျယ်ကျယ်မရှိ။ အားလပ်ချိန်၊ အလိုကျချိန်တို့ ပယ်ဖျောက်လိုသဖြင့် စိတ်ပြေလက်ပျောက် လုပ်နေ ခြင်း မျိုး သာ ဖြစ်သည်။ ကမ်းစပ်ကိုဆင်းစဉ်က သံချောင်းမြေပုံကို ရှာလိုပြီးသည်။ သံချောင်းမြေပုံကို ရှာမတွေ့သည့်အခါတွင် သူ့အာရုံကို သူပြောင်းရပြီးစားခြင်းမျှသာ ဖြစ်သည်။ တခြားရည်ရွယ်ချက် တွေတွေထူးထူးမရှိ။

ထိုနေ့က ကိုနန္ဒာသည် အုန်းပင်ရိပ်နှင့် တပင်ကိုတက်၍ အုန်းသီးလေးငါးလုံးကို ခူးသည်။ ထို့ထက်ပို၍ သူမတက်နိုင်။ ဆာလွန်းမက ဆာသည့်အခါကျတော့ သောင်ပြင်က မြင်းစိုင်းဂဏန်းကို ခဲ၍ စားသည်။ သိပ်ကြီးကြီးမဟုတ်။ အလွန်ဆုံးရှိမှ ငါးမူးစေ့ ဝိုင်းလောက်သာ ရှိမည်။ အသားကနူးညံ့သည်။ အရသာကချိုသည်။ ထို့နောက် ငါးပေါက်ကလေးကို တဝသောက်သည်။

သည်တော့မှ သံချောင်းတောကို သွားရှာ၍ အမှတ်ရသည်။ ဆာလွန်းမက ဆာတော့ သူမနေနိုင်။ အစိမ်းစားပြီး၊ အစိမ်းစားသည့်ကြ



ရှုမြင်ရသည့်နိုင်ရတောင်းလောဘတော့ သံချောင်းကို သူအထင်သေးခဲ့သည်။ ယခု သူဝင့်ကလည်းပြီးမဟုတ်လော။

သည်နေ့လည်း မှန်တိုင်းကဆက်၍တိုက်သည်။ သည်မှန်တိုင်းသည် တော်တော်နှင့် စဲမည်မထင်။ လေးငါးရက်လောက် ဆက်တိုက် တိုက်မှ မှန်တိုင်းစဲပြီးဖြစ်သည်။ ကျွန်းပေါ်တွင် သည်လို ရာသီမျိုးဆိုလျှင် မှန်တိုင်းသည် ဆက်တိုက် တိုက်တတ်သည်။

ထို့ကြောင့် သောင်စပ်တွင် တမိုင် နှစ်မိုင် လောက် လျှောက်၍ သံချောင်းကို ရှာပြီး မတွေ့သည့်အဆုံး၌ ကိုနန္ဒာသည် သူ့ရိပ်မြုံသို့ ပြန်လာခဲ့သည်။

ဒီနေ့လည်း ဖြန့်တက်စပြီ။

[ ၁၄ ]

မုန်တိုင်းတိုက်နေသည်မှာ ငါးရက်ရှိသွားပြီ။ တချို့တချို့တွင် မိုးက သဲသဲ မဲမဲ ရွာသည်။ ကိုနန္ဒာသည် မိုးပေါ်သည့်အချိန်ကလေးတွင် စမ်းပေါက်ကို ဆင်း၍ ရေခပ်သည်၊ စမ်းပေါက်နားက ဝါးတောင်းချည်ကွက်များ [illegible] သည်။ မုန်တိုင်းတိုက်သဖြင့် ကျောက်ဆောင်တွေပေါ် လမ်းလျှောက် ရသည်မှာ အိမ်မလွယ်။ လေဆောင်တိုးလိုက်သည့်အချိန်တွင် [illegible] သွားတတ်သည်။ ကျောက်ဆောင်ကြီးများကလည်း ရေညှိနှင့် [illegible] ကြောင့် ချော်နေသည်။

ညတွင် လေသည် ကျောက်ဆောင်တွေကြားမှာ တရှူးရှူး အော်[illegible] သည်။ လှိုင်းလုံးများကလည်း ဝေါသတတ်ကြီးဖြင့် ကျောက်ဆောင်များ[illegible] ဝင်ဆောင့်ကြသည်။ ပင်လယ်ထဲတွင် ဖိန့်ဖိတ်အောင် မှောင်နေသ[illegible] တခါတရံတွင် ပင်လယ်ထဲက အစောင်ရှိရှိ ပြိုက်ပြိုက်တို့ကိုမြင်ရသ[illegible] သည့်အရောင်များမှာ ပင်လယ်ရေပြင်က မီးစုန်းခေါ် တောက်[illegible] ဖြစ်သည်။ မီးစုန်းများသည် ပင်လယ်ပြင်တွင် ပေါ်သွားလိုက်၊ ပျော[illegible] သွားလိုက်ဖြင့် ကွက်တိကွက်ကျား တောက်နေကြသည်။

ကိုနန္ဒာသည် မိုဃ်းမြုံထဲရှိ လှေကွယ်ရာ ကျောက်ဆောင်ကြားတွ[illegible] တိုးဝင်ကာ ခွေလှဲလိုက်သည်။ သူ့ကိုယ်သည် တရှိန်ရှိန် ပူနေသည်။



မုန်တိုင်းကတိုက်၊ မိုးကသည်းသဖြင့် အအေးမိသာခဲ့သည်ကို နေ့လည် ကတည်းက သူသတိထားမိသည်။ သို့ရာတွင် သူ့တွင် အအေးဒဏ်ကို ကာကွယ်ရန် အဝတ်အစား မရှိမရှိ။ သူ့တွင် ဝတ်ထားသည့် တောင်း ရှည်နှင့် ရှပ်အင်္ကျီသာရှိသည်။ ဆေးဝါးသည်းမရှိ။ သည့်အရှားဒဏ်ကို ကြံ့ကြံ့ခံနိုင်မှသာ သူ့ အသက်ရှင်မည်။

ကိုနန္ဒာသည် သူ့ခေါင်းရင်းက ကျောက်ဆောင်ကြားတွင် ညှပ်ထား သော နှစ်ဆယ်တန် အရွက် အစိတ်ကို သတိရသည်။ သို့ရာတွင် သဲချောင်းမြောင်းသကဲ့သို့ သူ့ငွေငါးရာသည် အသုံးမကျသေးသနည်း။ စားစရာလည်း ဝယ်၍မရ၊ အဝတ်အထည်လည်း ဝယ်၍မရ၊ ဆေးဝါး လည်း ဝယ်၍မရ၊ ယင်းလုံးငွေးတန်ဖိုး မရှိတော့။ ထိုငွေစက္ကူသည် အသုံးမကျသေးသနည်း။

ကိုနန္ဒာသည် ပထမရက်များတွင် သူရှာလာသည့် အုန်းသီးများမှ အုန်းရည်ကို သောက်၏၊ စမ်းပေါက်မှရေကို ခရွှေ့ဖြင့် ခပ်ယူခဲ့၏။ သို့ရာတွင် နောက်ရက်များ၌မူ သူ့တွင် အုန်းသီးလက်ကျန် မရှိတော့။ မုန်တိုင်းအောင်လည်း အုန်းသီး ခွဲနိုင်သည့် အင်အား မရှိတော့ပြီ။ ထို့ကြောင့် စမ်းပေါက်ကရေကိုသာ ချွေတာသောက်ရသည်။

ယနေ့တွင်မူ ကိုနန္ဒာစမ်းပေါက်သို့ မရောက်နိုင်တော့၊ မုန်တိုင်းက ယနေ့တိုင် ပြင်းထန်စွာတိုက်နေဆဲဖြစ်သည်။ အဖျားကလည်း မပျောက်၊ ထို့ကြောင့် ကိုနန္ဒာ မိုဃ်းမြုံမှာသာ မှိန်းနေသည်။ ပထမရက်များက ဆာလောင်မှုကိုခံခဲ့ခြင်းဖြစ်သည်ထိုင် နောက်ရက်များတွင် ဆာလောင် ခြင်း မရှိလှတော့။

သဲချောင်းကလည်း ပြန်မလာ၊ သည့်အတိုင်းဆိုလျှင်တော့ ကိုနန္ဒာ သည် အဖျားကြောင့် လည်းကောင်း၊ အစာငတ်၍ လည်းကောင်း ကြည်ဖြည်း လုံးပါး ပါးရတော့မည်။

ကိုနန္ဒာသည် အဆိုးဆုံး အခြေအနေကို ကြုံတွေ့လာရသည့်အခါမှ စိတ်ညစ်စရာတွေကို မတွေးတော့။ ကြည်နူးစရာ၊ နှစ်သိမ့်စရာတွေကိုသာ ရွေး၍ တွေးသည်။

ကြည်နူးစရာများကို တွေးရသည့်အခါ သူ့ချစ်သူ သွယ်နှင့်အကြောင်းကို တွေးရသည်က အကြည်နူးဆုံးဖြစ်သည်။

သွယ်နှင့် ကိုနန္ဒာတွေ့ပုံက နည်းနည်းထူးဆန်းသည်။

သည်တုန်းက သူက စာမေးပွဲကျသဖြင့် အကြမ်းမှတက်ကာ လှိုင်သား တက္ကသိုလ်တွင် ကျောင်းတက်နေဆဲဖြစ်သည်။ နေ့လည် စာချိန်ရောက်ပြီဆိုလျှင် ညစာကို ထမင်းဆိုင်တွင်စားကာ 'လှိုင်သား'သို့ သွားတတ်သည်။ ကိုနန္ဒာတို့ ကျောင်းဆောင်သည့်အခါကျမှ အင်းစိန်လော်ကယ်စီးကာ သူငယ်ချင်းသုံးယောက်စုနေကြသည့် သမိုင်းက အခန်းကလေး ပြန်ရသည်။

တညတွင် ကိုနန္ဒာသည် အင်းစိန်လော်ကယ်ကိုစီး၍ ရန်ကုန် ဘူတာကြီးမှ သမိုင်းသို့ ရထားဖြင့်ပြန်သည်။ ဘူတာကြီးမှာ သူ့လိုရထားဖြင့် ပြန်မည့် ကျောင်းသူကျောင်းသားများကို တွေ့ရသည်။ သည်အထဲတွင် သွယ်တို့ ကျောင်းသူတသိုက်လည်း ပါသည်။ သွယ်တို့တသိုက်နှင့် မကြာခဏ ဘူတာကြီးထဲတွင် ဆုံတတ်၍ မျက်မှန်းတန်းမိနေပြီ။ 'လှိုင်သား'တွင် မကြာမှန်း အချင်းချင်းသိနေကြပြီ။ သို့ရာတွင် စကားမပြောဖူးသေး။ သူ့နာမည် ကိုယ့်နာမည်လည်း မသိကြသေး။

သွယ်တို့သုံးယောက်က တွဲဘက်ဖြစ်သည်။ ကျောင်းတက်တော့လည်း အတူတူ၊ ကျောင်းပြန်တော့လည်း အတူတူ။ ရထားကအဆင်းတော့လည်း သမိုင်းဘူတာမှ ဆင်းကြသူချည်းဖြစ်သဖြင့် တရပ်တည်းနေသည်ဟု ကိုနန္ဒာ တွက်သည်။

သွယ်တို့သုံးယောက်ထဲမှာ တယောက်က မစန်းမြင့်။ သူက အသားဖြူဖြူ၊ ပိန်ပိန်။ မျက်လုံး ကျဉ်းကျဉ်း။ မျက်ရစ်မပါ။ ကြည့်လိုက်တာက တချက်ကပြားမှန်း သိသာသည်။ မျက်နှာချင်းနေပုံတော့



လောက် အစိတ်တော့ အနည်းဆုံး ရှိမည်။ သူတို့သုံးယောက်ထဲမှာ အလှဆုံး။ ခေတ်အဆန်ဆုံး။ အဝတ်အစား အသစ်အဆန်း မပေါ်ခင်နှင့်၊ သူ့ခါးမှာသို့ အရင်ရောက်တတ်သည်။ သူ့အဖေသည် ယခင်က ဝက်သတ်လိုင်စင် ရှုးသည်ဟု ဆိုသည်။ ယခုခေတ်တွင်မှ လိုင်စင်မရှတော့။ သို့ရာတွင် တက္ကသိုလ်ကျောင်းဆောင်များသို့ ဝက်သားသွင်းရန် တရားဝင် လိုင်စင်ရသူက သူ့ကို တဆင့် ပြန်ရောင်းသဖြင့် သားသတ်လုပ်ငန်းကိုတော့ လုပ်နေရဆဲ ဖြစ်သည်။ သူက တရားဝင်လိုင်စင်ရသူကို ရာနှုန်းဖြင့်ပေးရသည်။ တရားဝင်လိုင်စင်ရသူက သားသတ်လုပ်ငန်းနှင့် ဘာမှ မဆိုင်။ မစန်းမြင့် အဖေက ပေးသောငွေကို ထိုင်ယူရုံသာ ရှိသည်။ တကယ် သားသတ်လုပ်ငန်းကို လုပ်ရသူက မစန်းမြင့်၏ အဖေ။ သည်တော့ ယခင်ကလောက် ဝင်ငွေကောင်းသည့်တိုင် သူ့ခေတ်နှင့်သူ ဝင်ငွေမနည်းလှ။ ထို့ကြောင့် မစန်းမြင့်က ဝတ်နိုင် စားနိုင်သည်။

နောက်တယောက်က ထားထားရီ။ သူက ဝိုးဝိုးဖတ်ဖတ်။ သူတို့ထဲမှာ အရပ်ဆုံး၊ အသွက်ဆုံး။ သူ့မိဘများကမူ ယခင်က ရက်ကန်းစက်ကလေး ဘာကလေးရှိသည်ဟုဆိုသည်။ ယခုတော့ ရက်ကန်းယက်သည့်အလုပ်က ကုန်ကြမ်းမရှိ၍ ဝင်ငွေမကောင်းတော့။ သားသမီးတွေကလည်းများ၍ အကြီးမထားထားရီက အလုပ်ဝင်လုပ်ကာ 'လှိုင်သား'တွင် တက်ရသည်။ ထားထားရီ အကြောင်းကိုတော့ ကိုနန္ဒာ သည် နောက်မှသာသိသည်။ သူတို့နှစ်ယောက်အကြောင်းကို သွယ်ပြောပြ၍ နောက်ကျမှ သိရခြင်းဖြစ်သည်။

သူတို့အထဲတွင် သွယ်က အချောဆုံးဟု ကိုနန္ဒာထင်သည်။ သွယ်၏ အသားက မဖြူမည်း။ သို့ရာတွင် အသားအရည် ရွှန်းစိုနေသည်။ သူ့မျက်နှာသည် အစဉ်ဝင်းပနေသည်ဟု ကိုနန္ဒာထင်သည်။ မျက်လုံးများကလည်း အရည် လဲ့နေကြသည်။ အရပ်က ခပ်မြင့်မြင့်။ ကိုယ်လုံးသွယ်သွယ်။ အထူးချီးဆုံးက ဝတ်စားဆင်ယင်မှု ဖြစ်သည်။ အဝတ်

အစားအသောက်တွေ တနေ့တမျိုး ပေါ်နေသည့်ခေတ်ထဲတွင် သွယ်...
ဝတ်စား ဆင်ယင်မှုက ဘာမျှမလှုပ်ရှား၊ ဝတ်စားဆင်ယင်မှု တ...
တည်သော ဖြစ်သည်။ တခါတလေလျှင်လည်း တက်ထရွန်ချောင်း အ...
ထုတ်နှင့် တက်ထရွန်ချောင်း ထပ်ကိုဆောင်တတ်သည်။ အဝတ်အ...
အထည်များသည် ဆန်းဆန်းများသောအခါ၌ မိုးသွားက ထိုကြ...
တွင် အမျိုးသည် အဆန်းဖြစ်နေသည်။ သူများက ကာဝက၊ ...
ဂျောဇက်၊ လိုင်းကြီး စသည်တို့ တနေ့တမျိုး လိုင်လွှင် ဝတ်ကြ...
သွယ်ကမူ တက်ထရွန် အင်္ကျီနှင့် တက်ထရွန် လုံချည်ကိုသာ ဝတ်သ...
မနှင်းမြိုင်က ဆံပင်ပုံကို တလတမျိုးပြောင်း၍ နတ်ခမ်း ဆိုးသော ...
လိမ်းတတ်သည်။ ထားထားနိုက နှုတ်ခမ်းကွက် ဆိုသည်လော ...
ပါးတွင် သစ်ရွက်ပုံ အစင်းအစင်း ပါးကွက်ချယ်တတ်သည်။ သွယ်...
ဆံပင်ကိုလည်း အထူးပြင်ဆင်ခြင်း မရှိ၊ ပါးကွက်လည်း မချယ်၊ ...
ကပ်လည်း မရှိ၊ နှုတ်ခမ်းနီပါးပါးကလေး ဆိုးသည်မှ လွဲလျှင် အ...
တလည်း မွမ်းမံပြင်ဆင်မှုရှိ၍ ဘာမျှ မရှိ။

အဆန်းတွေကို မြင်ရဖန်များသော် ထိုအဆန်းများသည် မိုးသွား...
သည်။ ထိုအထဲတွင် သွယ်၏ အမျိုးသည် ဆန်းနေသည်။ ထို့ကြော...
ကိုနွံမှာ သွယ့်ကို အထူးတလည် သတိပြုမိခဲ့ခြင်း ဖြစ်သည်။

ထိုညက ပေါ်ကယ်တွက်တော့ သွယ်တို့ သုံးယောက်က နှစ်ယော...
ထိုင် ခုံကလေးတခုမှာ ကျစ်ကျစ်တည်းတည်း ထိုင်လိုက်ကြ...
သည်။ ကိုနွံက နှစ်ယောက်ထိုင်ခုံတော လှသွား ကြော်မှာ မတ်...
လိုက်လာသည်။ အနီးက ခုံရှန်းတွင် ထိုင်နေသူမှာ မည်သူမှန်း မ...
သို့ရာတွင် သူတို့ချင်း စကားပြောသည့်ကြားထဲက သူ့ဘေးမှ အ...
သမီးသည် သွယ်ဖြစ်ကြောင်း ကိုနွံသိရသည်။ ရုပ်ရှင်က လှ...
သည်။ သည်အထဲတွင် မီးမရှုသဖြင့် တတွဲလုံးမှောင်မဲနေသည်။ ...
ဘေးမှ တမိုင်မိုင်ကျနေခဲ့သော မီးတိုင်များမှ အလင်းရောင်များ...



...ရှိလျှင် ဘာကိုမျှပင် မြင်ရမည်မဟုတ်။ ယခုမူ ထိုအလင်းရောင်များ
...ကြောင့် လှုလုံးကွဲရုံတော့ မြင်ရသည်။

ရုပ်ရှင်က ဟံသာဝတီ ဂိုးအောက် ရောက်တော့ အမှိန်နဲ့ ဝေ့ပြ...
...သည်။ ဟံသာဝတီဘူတာကိုဝင်ရန် ပြင်ဆင်ခြင်းဖြစ်သည်။ သည်တွင်
...မှာ တစ်တခု လှုပ်လှုပ်ရှားရှား ဖြစ်သည်။ သူ့ဘေးမှ
...ယောက် ရုတ်တရက်ပေါ်မှ ခုန်ချရန် သူ့ကို တိုးဝှေ့ထွက်သွားသည်ကို
...သိလိုက်သည်။ မရှောမနှောင်း အမျိုးသမီးတယောက်၏ ရောင်သံ
...လည်း ကြားလိုက်ရသည်။ သည်တွင် ဘာရယ်တိုမသိ၊ ကိုနွံ
...များက ထိုသူ့ထံ အလိုလိုရောက်သွားကာ ဖမ်းချုပ်မိလျက်သား
...နေသည်။ ရည်ရွယ်တွေးတော၍ လုပ်ခြင်းမဟုတ်။ မျက်စိနားတွင်
...မြင်လိုက်၍ အလိုလို မျက်တောင် ခတ်မိပြီးသားဖြစ်သလို လက်က
...လို ရောက်သွားခြင်းဖြစ်သည်။ ထိုလူက ရုန်းသည်။ သို့ရာတွင်
...ကြ၍ ထိုလူမလွှတ်တော့။

အကြောင်းကို စုံစမ်းတော့ ထိုလူသည် သွယ့်လက်က လက်ပတ်နာရီ
...ဖြုတ်ကာ ရုတ်တရက်လှစ်ခနဲ ခုန်ဆင်းရန်ဖြစ်သည်။ သူ
...လက်ပတ်နာရီကို ဖြုတ်ယူကလည်း သင်းသည်။ လက်ပတ်နာရီကို မိမိရရ
...ကိုင်ပြီး ဆောင့်ဆွဲဖြုတ်သည်။ သည်တွင် ခိုင်လှန်ကြိုး သေးသေး
...သည် ပြတ်သွားကာ နာရီလည်း သူ့လက်ထဲပါသွားသည်။
...ဖြုတ်၍ ယူရသည်က ခက်ချင်ခက်ဦးမည်၊ ဆောင့်ဆွဲဖြုတ်ရသည်
...လွယ်သည်။ ထိုလူသည် သည်လိုဆွဲဖြုတ်နေသည်မှာ မည်မျှကြာပြီ
...။ အကွက်အကွင်းကို ကောင်းကောင်းမြင်တတ်သည်။ ရထားလည်း
...နှေးသည့် အချိန် ဂိုးတန်ထားအောက်လို ပုန်းကွယ်၍ ကောင်း
...နေရာ စသည်ဖြင့် အချိန်နေရာကိုကို ရွေးချယ်တတ်သူဖြစ်သည်။
...တွင် သည်တချီတွင်မူ အချိန်နှင့် နေရာအရွေးကောင်းသော်လည်း
...ကျော်ချေမကိုက်လိုက်။

ကျွန်မက ကိုနန္ဒာကို ကျေးဇူးတင်စကား ပြောသည်။ ဘုတာသို့ တော့လည်း ကျွန်မတို့သုံးယောက်နှင့် ကိုနန္ဒာ စကားကောင်းသောသည် သည်ကတည်းက ကျောင်းဆင်းလျှင် ဘုတာကြီးတွင် ဆုံကာ သည် ရောက်လျှင်လည်း အတူတူ ဆင်းကြသည်။ ကျွန်မတို့အိမ်က ဘုတာ အဝေးဆုံးဖြစ်၍လည်း ကျွန်မ့်ကို ညနေ့လိုလို အိမ်တိုင်ရာရောက်လိုက် ဖြစ်သည်။ သည်တော့ တအိမ်လုံးနှင့်လည်း ခင်မင်ရင်းနှီးသွားသည်။

ပထမတုန်းကတော့ ကျွန်မက သူတို့အိမ်ကို မခေါ်ချင်။ လူ့အိမ် ကျွန်မခေါ်ချင်သည့်အကြောင်းကို ဖေဖေ ကိုနန္ဒာနားမလည်။ နောက် တော့မှ အကြောင်းကို ရေရေရာရာလည်း သိလာသည်။ ကျွန်မတို့ ရှိသည်။ ကျွန်မ့်ဖေဖေသည် အရှင်ခေတ်တုန်းက လှုပ်စစ်ဓာတ် အလုပ်လုပ်သည်။ အသက်သိပ်မကြီးသေးသော်လည်း ကိုယ်ကာယ သေနေသဖြင့် ပင်စင်ယူလိုက်ရသည်။ ဖေဖေအလုပ်လုပ်စဉ်က ကျွန်မ ကလည်း ငယ်သေးသည်။ ငင်ငွေကလည်း အသင့်အတင့်ရှိသည် သို့ရာတွင် ဖေဖေ ပင်စင်ယူရသည့်အချိန်နှင့် ကျွန်မတို့ လူလားမြောက် သည့်အချိန် သွား၍ တိုက်ဆိုင်သည်။ သည်တွင် ခလေးတွေကြီးလာ ကျွန်မတို့ မိသားစု ဒုက္ခရောက်ရသည်။ မေမေက အိမ်တွင် အိမ် ကလေးဖွင့်သည်။ ဆေးလိပ်၊ မီးခြစ်၊ စီးကြက်၊ စသည့် တိုလီမိုလီကလေး တွေ ရောင်းသည်။ ကျွန်မ့်အကြီး ခင်မြသီက ဆယ်တန်းမအောင် သောအခါ စွပ်ကျယ်စက်တွင် အလုပ်ဝင်လုပ်သည်။ သူတို့မွေးချင်း တွင် ကျွန်မက ပညာတော်သည်။ ဆ တန်း တိုင်းကို နှစ်ချင်းပေါက် အောင်သည်။ ကျွန်မဆယ်တန်းအောင်တော့ မုံရွာမှာ အောက်တန်း စာရေးရသည်။ အလုပ်တစ်ကြိမ် 'လုပ်သား' သိုတက်သည့်မေမေက မနက်စောစောကြီး ကဖျာကရာထမင်းဟင်းကလေးချက်ပြီး မုံရွာ ညကိုးနာရီကျမှ အိမ်သို့ပြန်ရောက်သော ကျွန်မ့်ကို ကြည့်၍မျက်ရည်ကျ ကျောင်းမတက်ရန်တားသည်။ သို့ရာတွင် ကျွန်မ့်ကို တား၍ မရ။ အောက်တွင် ခလေးခြောက်ယောက် ရှိသေးသည်။ သည်ခလေးခြောက်

---



ယောက်ကို လူလားမြောက်အောင် ပညာသင်ပေးဖို့ကိစ္စသည် သူ့ ခေါင်းပေါ် ပူဆာသည်။ အမကြီး ခင်မြသီသည် စွပ်ကျယ်စက် ထဲသာမှ ထွက်နိုင်မည် မဟုတ်။ သူက ပညာကလေးတောလည်း။ တော်သည် ပါ'လုပ်သား'သို့တက်လျှင် ဗိုဇ္ဇာဘွဲ့ကလေးယောက်တော့ ရနိုင်သည်။ ဗိုဇ္ဇာဘွဲ့ကလေးရလျှင် သည်ထက် လခကောင်းသော နေရာကလေး မှာသို့ တနေ့နေ့တော့ရောက်နိုင်သည်။ ထို့ကြောင့် ဗိုဇ္ဇာဘွဲ့ကလေး ယောက်တော့ ရအောင်ကြိုးစားသည်ဟု ကျွန်မဗိုင်းဖြတ်ထားသည်။

တညု ကိုနန္ဒာ ကျွန်မ့်ကို လိုက်ပို့သည့်တွင် ကျွန်မတို့မေမေ ဆိုင် ထိုင်နေသေး။ သည်တွင် မေမေမခေါ်သဖြင့် ကိုနန္ဒာ ကျွန်မတို့အိမ်သို့ ပထမဆုံး ရောက်ဖူးသည်။

ကျွန်မတို့အိမ်က ကျွန်မ်ိမ်ိ၊ ထရံကာ။ ကိုယ်ပိုင်အိမ် ဖြစ်သော်လည်း အိမ်ကကျဉ်းပြီး လူများနေသည်။ ကျွန်မတို့ မောင်နှမတတွေကချည်း ယောက်။ သည်အထဲ မေမေ့အမတစ်ယောက်လည်း ရှိသည်။ အိမ် ကျဉ်းကလေးထဲတွင် လူဆယ့်တစ်ယောက် နေရသည်။

ဖေဖေ၊ မေမေနှင့် ခလေးတွေက အိမ်ရှေ့ခန်းမှာ အိပ်ရသည်။ အိမ် ခန်း ဆိုသည်မှာ ရှုံကျန်အိမ်ကို ထုံးစံအတိုင်း၊ နေ့တွင်စည့်ခန်းဖြစ်၍ အိပ်ခါနီးမှ ပြင်ဆောင် ထောင်ရသည့် အခန်းမျိုး ဖြစ်သည်။ ကြီးနှင့် ကျွန်မတို့အကြီးမတသိုက်က အိပ်ခန်းထဲတွင် အိပ်သည်။ တွေ အပျိုဖြစ်လာတော့ လွတ်လွတ်လပ်လပ် နေနိုင်ရန် အတွင်း ကို နေရာပေးပြီး ဖေဖေတို့က အပြင်ခန်းသို့ ထွက်ရသည်။

ထိုညက ကိုနန္ဒာရောက်သွားသည့်အခါ အိမ်ရှေ့ခန်းတွင် မြင်ထောင် ထောင်နေပြီ။ တချို့ ခလေး တွေက ကြမ်းပေါ် တွင် ခေါင်းလျှော ကျ၍ စာကျက်နေကြသည်။ စည့်သည်လာသည်ဆိုတော့ မြင်ထောင် သိမ်းသယ်၊ အိပ်ရာသိမ်းသယ် ဖြစ်ကုန်ကြသည်။

ကျွန်မက ကိုနန္ဒာကို အားတုံ့အားနာဖြင့် ကြည့်သည်။ သူ့အပြေ ကို မြင်ရသဖြင့် ရှက်နေပုံလည်း ရသည်။ သည်တော့ ကိုနန္ဒာက

သည့်အမြဲအနေအထားလုံးကို သတိမထားမိဟန် ပြုရသည်။ မမေ အားနာစကား ဆိုသည်ကိုပင် မကြားဟန်ပြုကာ တခြားစကားတွေ လျှောက်ပြောသည်။

သည့်နောက်တော့ အဝင်အထွက် ရှိသွားသည်။ လက်ဖက်ရည် အမြဲတမ်းရတုန်းက ကျည်းသည့်အတွက်ကြောင့်တကြောင်း၊ ညစဉ်အိမ် ယာရောက် လိုက်ခဲ့သည့်အတွက်ကြောင့်တကြောင်း မေမေတို့ မမေ ကလည်း ကိုနန္ဒာကို လေးစားတင်ကြသည်။

မန်းမြို့နှင့် ထားသားနီးတို့ကတော့ သွယ်ကို ကိုနန္ဒာနှင့် သော ဆိုရာတွင် မဆောင်မြင်သော ကျောဆရာဟူ၍ သူတို့မသိကြ၊ ဦး အမည်ရှိသော ဆိုကြသည်။ သွယ်တယောက်သာ ကိုနန္ဒာဟု သိသ ကိုနန္ဒာမျက်ကွယ်တွင် သူတို့က သွယ့်အား 'မင်းအမျိုးသား'ဟု ညွှန်း ပြောကြသည်။

ထိုအခါတော့ သွယ်ရှက်သည်။ သူတို့က 'မင်းအမျိုးသား'ဟု တိုင်း သွယ်က သူတို့ကို လက်သီးလေးဖြင့် ထုသည်။ သို့ရာတွင် တော့ မှီသွားသည်။ သူကိုယ်တိုင်ကလည်း ကျောင်းဆင်းချိန် ဘ ကြီးသို့ ကိုနန္ဒာ မရောက်လျှင် "ကိုယ့်အမျိုးသား မလာသေးဘူး" ရောက်တတ်သည်။ သို့ရာတွင် တကယ်က ဘာမျှ ဖြစ်ကြသည်မဟုတ် ကိုနန္ဒာကလည်း ဝေ့ဝိုက်လုပ်ပြသည်မှအပ ဘာမှမပြောသေး။

သည့်တုန်း၊ ပြဿနာတခု တက်လာသည်။ ပြဿနာက သွ မောင်ညို မျိုးဆွေ့ပြဿနာ၊ မျိုးဆွေက သွယ့်အောက် နှစ်ယောက် ဖြစ်သည်။ အသက်က ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ်လောက်သာ မည်။ နှစ်ဘန်းရောက်နေပြီ၊ ကာလအမျိုးလျှောက် ဆံပင်ရှည်က ထားချင်သည်။ ဂီတာကလေး တီးချင်သည်။ ပုဆိုးဝတ်လျှင်လည်း အသည်းသားစရာ ကျွက်ကျွတ်တော့မတတ်။ ချက်ပြုတ်ဝတ်တတ်သည် သို့ရာတွင် နံပတ်ရိုးတို့၊ ဘာတို့လောက်အထိ ဝါမရှင်သေး။ တနေ့တွ



ပြီးကာ ကောင်လေးတယောက်ကို ဆေးနှင့်ထိုးသဖြင့် ရုံးခန်းသို့ ရောက်ရသည်။ သည်တော့ တရားရုံးသို့ ရောက်သည်။ သည်တော့ နှင့်တကွ သွယ့်မေမေတို့ မေမေတိုကပါ ကိုနန္ဒာကို အကူအညီ တောင်းကြသည်။ အာမခံကိစ္စ၊ ရှေ့နေရှေ့ရပ်ကိစ္စတို့ကို သွယ့်မေမေ ကိုမလုပ်နိုင်။ သွယ်တို့လည်း မလုပ်နိုင်။ ကြီးကြီးမားမား ယောကျ်ား ၍ သွယ်တို့အိမ်တွင် တယောက်မှမရှိ။ တော်ပါသေး၏၊ ဓားရာက ပြင်း။ တရားလိုက အမှုကိုဖြိုခွင့်၍ တရားရုံးကလည်း ဆုံးမ လွှတ် လိုက်သည်။ ရုံးကွက်သည့်ကြီးနှံရှာနှင့် ကြေငြာသွားကြသည်။

သည်အမှုဖြစ်ကိုဖြင့်တော့ အိမ်တအိမ်တွင် ဆိုးမိတကောင်တော့ ရှိစမြဲ ကိုနန္ဒာထင်သည်။ သူတို့မှာချင်းထဲတွင် သူ့အမ တင်တင်မြ၊ သူ့အမ တင်တင်လှ၏ သားသမီးထဲတွင် တင်ထွန်းအောင်။ သွယ်တို့ မောင်နှမချင်းထဲတွင် မျိုးဆွေ။

တင်ထွန်းအောင်လို အရာရှိကြီးသားသမီးလည်း ပြဿနာရှိသည်။ မျိုးဆွေလို မိခင်မယ်အလက်တန်း ဆောက်လှာ သားသမီးလည်း ပြဿနာ ရှိသည်။ သည်ပြဿနာသည် ယနေ့လူငယ်ပြဿနာ၊ ခေတ်ရေစီး ကြောင်းဘဲဟု သဘောထားရုံ မဖြစ်။ သည်လူငယ်တွေသည် တက် ကြသည်။ အားမာန်ရှိသည်။ သည်တက်ကြွမှုနှင့် အားမာန်ကို အကောင်း ဘက်တွင် အသုံးချနိုင်က ကောင်းမည်ဟု ကိုနန္ဒာ ထင်သည်။ သို့ရာတွင် လက်ထဲတွင် မချွတ်မဲ ဖြစ်နိုင်သော် သူ ဘာမျှမတတ်နိုင်။ သူလည်း မဖြေ ရှင်းတတ်။

ကိုနန္ဒာနှင့် သွယ့်တို့ကို ပြန်ကောက်ရလျှင် မျိုးဆွေကိစ္စ ပြီးသည့် နောက် သူတို့အမြဲအနေ တိုးတက်လာသည်ဟု ဆိုရမည်။ ကိုနန္ဒာက ချိန်လက်မြဲ ရှင်းပြောလိုက်သည်။ ရှင်မပြောခင်ကတည်းက သွယ်က လည်း သူ့တိုးချစ်နေသည်။ ကိုနန္ဒာ ပါးစပ်က စကားထွက်လာလျှင် ခေါင်းညိတ်ဖို့ အဆင်သင့်ဖြစ်သည်။ ယခု ကိုနန္ဒာပါးစပ်က ထွက်လာ တော့ သွယ်က ရှက်ရွံ့ဖြင့် ခေါင်းညိတ်သည်။

ထို့ကြောင့် သူတို့အချစ်ရေးသည် သိမ်းကျက်ကျက်သဲသဲမရှိလှ၊ ချစ်သူ ဘဝဖျော်ကြသည်၊ သွယ်ရုံးဆင်းလျှင် သွားကြိုရသည်၊ ညကျော အဆောင်းတွင် အိမ်ပြန်ပို့ရသည်၊ ချစ်စကားတွေပြောကြသည်၊

ထိုရာတွင် တအိုးတအိမ်ထူထောင်ဖို့ ပြောသည့် အခါ ကျတော့ သွယ်သည် လွယ်လွယ်နှင့်အဖြေမပေး၊ စည်းကမ်းချက်က များသည်၊ ကိုနုရွှာ စာပေဆွဲအောင်၍ အလုပ်အကိုင်အတည်တကျဖြစ်ရမည်၊ ယခု ကျောင်းသား လျှောက်လုပ်နေသည်ကို သွယ်က မကြိုက်၊ ကိုနုရွှာ အလုပ် အကိုင် အတည်တကျ ဖြစ်သည့်တိုင် သူ့စာပေဆွဲအောင်မအောင် စော ရမည်၊ သူက ယခု တတိယနှစ်ရှိသေးသည်၊ ထို့ပြင် သူ့မှာ မော တွေ ညီမတွေတလှေကြီးရှိသေးသည်၊ ထို့ကြောင့် သူတို့အထဲက အနည်း ဆုံးနှစ်ယောက်လောက်လူလားမြောက်အောင်တော့ စောင့်ရေးသည် ဆိုမှသာ လူမှာ အစနှင့် အဆုံးတို့အတွက် စိတ်အေးနိုင်မည်၊ သူ နှစ်ယောက်လူလားမမြောက်ခင်အထိ သွယ်က တာဝန်ယူထားရသည်ဟု ဆိုသည်၊

သည်စည်းကမ်းချက်တွေကို ကြားသည့်အခါ ကိုနုရွှာ အကြီးအကျယ် စိတ်ဓာတ်ကျသွားသည်၊ သွယ်သည် အချစ်ကို လက်ခံလွယ်သလောက် အိမ်ထောင်ရေးကိစ္စကျတော့ ခေါင်းမာသည်၊ နည်းနည်းမျှ အလျှော့ မပေး၊

သည်တော့ ကိုနုရွှာ အလုပ်ရှာရသည်၊ မန္တလေးနှင့် သိပ်ညှုပ် နောက် မှတ်ပုံတင်ရုံးတွင် တန်းစီသည်၊ မှတ်ပုံတင်သည်၊ သို့ရာတွင် ဂိုလော၊ ခေတ်လောမပြောတတ်၊ အလုပ်သမားမှတ်ပုံတင်ရုံးမှ ဘာမှ ပြန်မလာ၊ သည်အခါတွင် စင်ရွှေလေး ဘာလေးရအောင် ဆော ပေါင်းကလေးတွေ ရေးရသည်၊ တခါ နှစ်ဆယ်ရသည့်အခါလည်း ရှိသည်၊ နှစ်ကျပ် သုံးကျပ်ရသည့်အခါလည်း ရှိသည်၊ ကြိုတ်နှိပ်ကြ လျှင် တနေ့ကို ငါးကျပ်မြောက်ကျပ်လောက်တော့ ကိုက်သည်၊ သို့ရာတွင် လက်ထဲတွင် မနေ၊ ထမင်းဘိုး၊ လက်ဖက်ရည်ဘိုး၊ ဆေးလိပ်ဘိုး၊ အဆ



အသင်း ကျွေးမွေးဖို့တို့ နှုတ်လိုက်လျှင် တနေ့ စင်ရွှေကလေးသည် ဘာမှမကျန်တော့၊

သည်ကြားမှာ ထင်ထွန်းအောင်တို့ ကိစ္စပေါ်၍ သူထွက်ခဲ့ ရသည်၊

သွယ်က မသွားစေချင်၊ ဘယ်အဘယ်စခန်းထိအောင် လိုက်ရမည် မသိ၊ အခန့်မသင့်က ပြဿနာပေါ်နိုင်သည်၊ သို့ရာတွင် မသွားနှင့်ဟု မတား၊ သည်လောက်တော့ သွယ် သူ့ဘက်ကိုယ့်ဘက် စဉ်းစားတတ် သည်၊ ကိုယ့်ဘက်က ကိုယ့်ဆွေမျိုးသားချင်းတို့စုကို ကြည့်ပြီး သူ့ဆွေ မျိုးတို့စုကိုမကြည့်ရဆိုလျှင် တရားရာကျမည်မဟုတ်၊ လက်ဆင့်ရှိ တင်ပြ ထားသော ကိုနုရွှာအဆိုကို ကိုယ့်ဘက်က ဆွေမျိုးသားချင်းတို့စုကြောင့် အဟိုင်းနိုင်းထားခဲ့ပြီးမှ သူ့ဘက်ကဆွေမျိုးတို့စု ဆောင်ရွက် သည်ကို သွားတားလျှင် သူ့လွှဲ့ရာရောက်မည်၊ မတရားရာရောက်မည်၊ စင်စစ် ဆိုလျှင် ကိုနုရွှာသည် အကြွင်းလင်းမယားလည်း မဟုတ်ကြသေး၊ ကိုယ့် ဆွေ ကိုယ့်ဆွေမျိုးတို့စုနှင့် ပတ်သက်၍ လွတ်လပ်စွာ လုပ်ခွင့်ရှိသလို သူ့တွင်လည်း လွတ်လပ်ခွင့်ရှိသည်သာ ဖြစ်သည်၊

ကိစ္စပြီးလျှင် မြန်မြန်ပြန်ခဲ့ဘို့၊ ကျွန်းသာဘေးရှောင်ရှိုက်ပါ၊ ပြဿနာပေါ်မည့် ကိစ္စများကို သတိထားဘို့ စသည်တို့ကိုတော့ သွယ်တဖွဖွ မှာလိုက်သည်၊ ပြဿနာပေါ်မည့် ကိစ္စဆိုသည်မှာ တခြားမဟုတ်၊ ထောင်လေးတွေ ကကိုင်နိုင်လောက်သို့ ရောက်ချင်ရောက်နိုင်သည်ဟု သူ့ကို ကိုနုရွှာက ပြောခဲ့ ဖူးသည်၊ လိုက်ခေါ်လျှင် ကိုယ်က ဘယ်လို အကြောင်းပြသည်ဖြစ်စေ ပြဿနာ ကြီးလာနိုင်သည်၊ သည်အချက် သတိထားဘို့ကို သွယ်က အလေးအနက် မှာလိုက်သည်၊

ကံအားလျော်စွာ ထောင်လေးနှစ်ယောက်ကိုတွေ့သည်၊ သွယ်စိုးရိမ် သည့် ပြဿနာကမပေါ်၊ သွယ်မစိုးရိမ်သည့်၊ သွယ်စဉ်းလုံး မစဉ်းစား ခဲ့သည့် ပြဿနာက ပေါ်လာသည်၊ ပေါ်မည့်ပေါ်တော့ ပြဿနာက အသေးအသားတွေ့ကျွေးမဟုတ်၊ သေရေးရှင်ရေးပြဿနာ၊ သွယ်နှင့် တွေ့မှ တွေ့ကြရပါတော့မည်လော ဆိုသည့် ပြဿနာ၊

ကိုဝန္တာသည် ဆက်၍ မစဉ်းစားချင်တော့။

မုတ္တအန္တရာယ်တွေကြားထဲတွင် ကြည်နူးစရာကို ရှာကြံတွေ့၍ စိတ်သက်သာရာရသည်တော့ မှန်သည်။ သို့ရာတွင် ခဏမျှသာ ဖြစ်သည်။ နောက်ဆုံးကျတော့ တွေ့ကြုံနေရသည့် ရုပ်ဘဝကို မလွန်ဆန်နိုင်။ ကြည်နူးစရာကို မည်မျှတွေးတွေး အဆုံးပိတ်ကျလျှင် လက်ရှိအခြေအနေကြီးကို ရှောင်လွှဲ၍ မရ။

အပြင်ဘက်တွင် မုန်တိုင်းကတိုက်ဆဲ။ ပင်လယ် လှိုင်းတံပိုးတို့က ဝေါသတကြီးဖြင့် တလှုန်းလှုန်းအော်မြည်နေဆဲသာ ဖြစ်သည်။

သူ့တကိုယ်လုံးတရှိန်ရှိန်ပူနေသည်။ ခေါင်းသည်းကိုက်သည်။ ရေငတ်သဖြင့် မျက်နှာပိတ် ခေါင်းကြီးထဲက ရေကို တဝသောက်သည်။

ယခင်က သည်ကျွန်းပေါ်တွင် သူနှင့် သံချောင်းဆိုသော သူသာ နှစ်ယောက်ရှိသည်။ ယခု သူတယောက်ထဲတည်း။ သံချောင်းသည် သည်ကျွန်းပေါ်တနေရာတွင် ရှိသေးသလော။ ပင်လယ်ထဲသို့ ကျသွားပြီလော။

ကိုဝန္တာသည် မှောင်ထဲတွင် လက်ကို ဆန့်လိုက်သည်။ သံချောင်းကောက်လာသည့်နိုင်လွန်ကြိုးများနှင့် အဆစ်ပိတ် ဝါးလုံးဝါးဆစ်တို့ကို တွေ့ရသည်။ ကြိုးများများရလျှင် ကြိုးကျစ်မည်။ ဝါးရလျှင်ဝါး စိတ်ကိုဖောက်၍ ရေဗူးလုပ်ရမည်ဟု သံချောင်းက ပြောခဲ့ဘူးသည်။

ယခုကြိုး လည်းများများမရသေး။ ဝါးဆစ်ကိုဖောက်ရန် ဓားသည် မရသေး။ သံချောင်းလည်းပြန်မလာသေး။ ပြန်မှ ရောက်ပါဦးမည်လော ဆိုသည်ကိုလည်း ကိုဝန္တာမတွေးတတ်။

ဝဲဘက်ဘေးကို စမ်းလိုက်တော့ ကျောက်တုံးပုံကို စမ်းမိသည်။ ကျောက်တုံးများမှာ တခုနှင့်တခု ပုံတူဖြစ်သည်။ တတုံးကို အလျား တပေ၊ အနံ ခြောက်လက်မ၊ အမြင့် ခြောက်လက်မခန့်စီ ရှိသည်။ ကျောက်ဆောင်တွေကြားထဲက ရေတိုက်စားသဖြင့် ညီညာချောနေသော ကျောက်တုံးများဖြစ်သည်။ သံချောင်းသည် ထိုကျောက်တုံးမျိုးကို တနေ့



ကောက်လိုက်ရှာကာ တနေ့တတုံး သယ်လာသည်။ သူတို့ နေရာ ကျောက်ကမ်းပါးရိပ်မှ ဝဲသို့ ရောက်သောအခါ ကျောက်တုံးများကို အုတ် စီသလို တတုံးပေါ်တတုံး ဆင့်ပြီးစီသည်။ ပင်လယ်ဘက်က လေပြင်းကို ကာဆီးကွယ်ရစေသည်။

ကိုဝန္တာက သံချောင်းလုပ်ပုံကို နားမလည်။

လေကွယ်အောင် ကျောက်ကမ်းပါးစပ်တွင် အကာအကွယ် လုပ်လို သည်ဆိုလျှင် ဘာကြောင့် မြန်မြန်ပြီးအောင် မလုပ်သနည်း။ အဘယ် ကြောင့် တနေ့မှကျောက်တုံးတတုံးသာသယ်နေရသနည်း။ မြန်မာ့သမိုင်းတွင် ရှိခဲ့ ဒေါ်ဒိုင်တယောက် အပ်ပေါက်နှင့် ထွင်းထားသော တူးမြောင်းကဲ့သို့ တနေ့ကုန် ရေစီးသလို အချိန်ကုန်အောင်လုပ်သည်လောမသိ။ ကိုဝန္တာ နားမလည်။

ဘာမျှ လုပ်စရာမရှိသော ကျွန်းပေါ်တွင် သည်အလုပ်သည် အချိန် ကုန်သင့်သလောက်တော့ ကုန်သည်မှာ အမှန်ဖြစ်သည်။ တခါတစ် ချောမွေ့ညီသည့်ကျောက်ချောချောတတုံးကို လိုက်ရှာရသည်မှာ တမနက် ကုန်သည်။ မြို့ကြီးပြကြီးရာ၌ အချိန်က ကုန်လွယ်သည်။ အချိန်ကိုလုနေ ကြရသည်။ သည်ကျွန်းပေါ်မှာတော့ အချိန်ကကုန်ခဲသည်။ အချိန်ကုန် အောင် တခုခုကို ရှာကြံလုပ်ရသည်။ ထိုမှသာ ငြီးငွေ့စိတ်၊ အထီးကျန် စိတ်၊ အားငယ်စိတ်တို့ကို ဖျောက်နိုင်မည်။

သံချောင်းသည် မုန်တိုင်းတွင် ကျောက်တုံးထွက်ရှာသည်။ ညစာ ပြီးတွင် အုန်းပင်တက်ခြင်း၊ ဝါးတောင်းချင်းရှက်ခြင်း၊ ခရုကောက် ခြင်းဖြင့် အချိန်ကုန်သည်။ ကိုဝန္တာ့အဖို့အလုပ် လုပ်စရာ ရှားသလောက် သူ့အတွက် လုပ်စရာတွေ တပုံကြီးရှိနေသည်။

ကိုဝန္တာသည် သံချောင်း၏ အလုပ်များပုံကိုကြည့်၍ အား ကျ သည်။ အလုပ်ဆုံးအချိန်ကုန်မှန်းမသိ ကုန်သည်။ ထို့ကြောင့် သူလည်း အချိန် ကုန်အောင် အာရုံဝင်စားမည့် အလုပ်တခုကို ရှာကြံသည်။ သို့ရာတွင် ဘာမျှရှာမတွေ့။ အုန်းပင်လည်း မတက်တတ်။ သည်တော့ ကိုဝန္တာ

ကမ်းစပ်သို့ဆင်းသည်။ ဒီရေအကျတွင် ကျောက်ဆောင်နက်တွေကြား
မှာ ငါးခေါက်စုကလေးတွေကျန်ရစ်ခဲ့သည်။ ကျောင်းကုန်းက မန္တလေး
နှင့် သူ သိပ္ပံဘွဲ့ရခဲ့သည်မဟုတ်လော။ ထို့ကြောင့် ငါးအမျိုးအမည်
ငါးတို့သဘာဝကိုလေ့လာမည်ဟု ရည်ရွယ်ရင်းရှိသည်။ ကျောက်ဆောင်
များကြားတွင် ငါးကလေးတွေတွေ့၏။ သို့ရာတွင် သူအမျိုးအမည်
မခွဲတတ်။ ၎င်းတို့၏သဘာဝကို သူမသိ။ ကျောင်းစာထဲတွင် တွေ့ရ
သော ငါးမျိုးသည်း သိပ်မရှိ။ ရှိသည့်တိုင်အောင် သူမမှတ်မိတော့။
ကျောင်းစာထဲကငါးများသည် မေ့လျော့ခြင်းဟုသော ရေအောက်သို့
ရောက်ကုန်ကြပြီ။ ပြီးတော့ မန္တလေးဘာသာတွဲကို သူဝါသနာပါ၍
စိတ်ဝင်စား၍ သည်ဘာသာတွဲကို ယူခဲ့ခြင်းလည်းမဟုတ်။ ရောကြုံရာကို
ယူခဲ့ရခြင်းသာ ဖြစ်သည်။ ထို့ကြောင့် အချိန်ဖြုန်းရန် ကြံစားသော
ကိုနန္ဒာ၏ ကြိုးပမ်းချက်သည် မအောင်မြင်။

သည့်နောက် သံချောင်းနှင့်လိုက်၍ ကျောက်တုံးမှာထမ်းကို စိတ်
ကူးသည်။

“ငါလဲ ကျောက်တုံး လိုက်ထမ်းမယ်ကွာ”

သံချောင်းက ပြုံးသည်။ ကျောက်တုံးကိုအလှည့် ကိုနန္ဒာ၏ မျက်နှာကို
တလှည့် ကြည့်သည်။ သူ့အကြည့်နှင့် သူ့အပြုံးက ကိုနန္ဒာကို အထင်
သေးသည့် အပြုံး။

“အကို ဖြစ်ပါ့မလား”

“ဖြစ်ပါတယ်။ မင်းတယောက်ထဲ ထမ်းတော့ ဒို့တန်ဝိုင်း ဆောက်
ရတာ ကြာတာပေါ့။ နှစ်ယောက်လုပ်အားဆိုတော့ မြန်မြန်ပြီးတာပေါ့”

“ဖြေးဖြေးပေါ့။ တနေ့တတုံးသယ်ရင် ရပါတယ်”

“ဘာဖြစ်လို့လဲ။ အချိန်ကုန်မှန်းမသိ ကုန်အောင်လို့လား”

သံချောင်းက ကိုနန္ဒာကို တအံ့တဩ မော့ကြည့်သည်။ သူ့ကျောက်
ကိုင်းကို ကိုနန္ဒာသိ၍ အံ့ဩနေပုံရသည်။



“အချိန်လဲ ကုန်အောင်၊ ပြီးတော့ ငွေလဲ သက်သာအောင်ပေါ့။
တနေ့တတုံးထဲ သယ်တော့ သက်သာတာပေါ့။ အများကြီးသယ်ရင်
ပင်ပန်းမှာပေါ့။ ကျွန်တော်တို့ ထမင်းမှ မစားရတာ၊ သိပ်လုပ်လို့
ဘယ်ဖြစ်မလဲ”

“ဒါဖြင့် ငါလဲ တနေ့ကို တခေါက်တော့ လိုက်သယ်မယ်ကွာ”

“နေပါစေ အကို၊ တနေ့တတုံးဆိုရင် ဆောင်ပြီး မှတ်ရတာ လွယ်
တယ်”

ကိုနန္ဒာက နားမလည်နိုင်ဟန်ဖြင့်

“ဘာကို အမှတ်ရ လွယ်တာလဲ”

“ကျွန်တော်တို့ ဒီကျွန်းပေါ်ရောက်တဲ့ ရက်တွေလေ။ တနေ့ကို
ကျောက်တုံးတတုံးဆိုတော့ ကျောက်တုံး သုံးဆယ်ဆိုရင် ရက်ပေါင်း
သုံးဆယ်ပေါ့ အကိုရ။ ဒီနေ့ ကျွန်တော်တို့ ကျွန်းပေါ်ရောက်တာ
ရက်ပေါင်း သုံးဆယ်ပြည့်သွားပြီ။ ဟိုတော့ ဟိုအတက်နားမှာ ကျွန်တော်
သစ်ကိုင်းလေးတွေချိုးပြီး စိုက်ထားတယ်”

သည့်တော့မှ ကိုနန္ဒာသည် တနေ့ ကျောက်တုံးတတုံးသာသယ်သော
သံချောင်း၏ ရည်ရွယ်ချက်ကို သဘောပေါက်သည်။

“မင်း မှတ်တာက ဗမာရက်လား၊ အင်္ဂလိပ်ရက်လား”

“ဗမာရက်”

“အင်္ဂလိပ်ရက် လုပ်ပါလားကွ”

သံချောင်းက စဉ်းစားနေသည်။

“ကျွန်တော်က အင်္ဂလိပ်ရက် မသိဘူး အကိုရ။ ပြီးတော့ ပင်လယ်
ထဲမှာနေတော့ ဗမာရက်က ပိုမှတ်ရတာ လွယ်တယ်”

“ဘာဖြစ်လို့လဲကွ”

“ဒီရေတက်ရေကျနဲ့ လဆုတ်လဆန်းကို ကြည့်ရတာ လွယ်တယ်လေ”

သည့်အချက် သံချောင်းက သာသွားပြန်ပြီ။ အစက သံချောင်း
သည် ဘာမှ သိသူမဟုတ်ဟု ကိုနန္ဒာ အထင်သေးခဲ့သည်။ တမောတ်

ပေမတင်၊ အလွန်ဆုံးဖြစ်မှ မြန်မာလို လေးငါးတန်းလောက်သာ သ မှုရုံ ရသည်။ သို့ရာတွင် သံချောင်းသည် ဂျူဘာဝအကြောင်းကို မိ သည်။ သူ့တွင်မရှိသော ဗဟုသုတတွေ သံချောင်းတွင် ရှိသည်။

သံချောင်းက ဒီရေ အတက်အကျကိုကြည့်၍ လဆုတ် လဆန်း တွက်ပုံ၊ နာရီတွက်ပုံကို ပြောပြသည်။ ဒီရေအတက်သည် ခြောက်နာရီ ကြာ၍ ဒီရေအဆင်းသည် ခြောက်နာရီကြာသည်။ ဥပမာ သန်းခေါင် ချိန်တက်လျှင် နံနက် ခြောက်နာရီကျမှ ကမ်းလုံးပြည့်သည်။ နံနက် ခြောက်နာရီက ပြန်ကျလျှင် မွန်းတည့် ဆယ့်နှစ်နာရီကျမှ လုံးဝ စေသည်။ ဒီရေတက်ချိန်သည် တနေ့ကို နာရီတမတ် နောက်ကျသည်။ လဆန်းတရက်နေ့ ဒီရေသည် ဆယ်နာရီ ဆယ့်ငါးမိနစ်တွင် တက်၍ နှစ်ရက်နေ့၌ ဆယ်နာရီခွဲတွင် တက်သည်။ သည်နည်းဖြင့် တွက်လျှင် ဒီရေသည် လပြည့်နေ့တွင် ၄နာရီ ဆယ့်ငါးမတ် နောက်ကျ၍ တက် သဖြင့် နံနက် သုံးနာရီ လေးဆယ့်ငါးမိနစ်နှင့် ညနေ သုံးနာရီ လေးဆယ့် ငါးမိနစ်တွင် ပြန်တက်သည်။ သည်နည်းဖြင့် တွက်လျှင် ဒီရေကိုကြည့်၍ နာရီကို မှန်းနိုင်သည်။ ဒီရေ တက်ချိန် ဆင်းချိန်ကိုကြည့်၍ ရက်ကို မှန်းနိုင်သည်။

သံချောင်းက ဒီရေအတက်အကျဖြင့် ရက်၊ နာရီတို့တွက်ပုံကို ပြော ပြသည်။ သည်တော့မှ သံချောင်းနှင့်သူ တွေ့ရပြီက ရက်ကို မေး လမြန်းနှင့် ဒီရေကို သံချောင်းလှမ်းကြည့်သည့်အဖြစ်ကို ကိုနန္ဒာ သ အမှတ်ရသည်။

ထိုနေ့က ကိုနန္ဒာသည် သံချောင်းနှင့်အတူ ကျောက်တုံးအသယ် လိုက်သည်။ သံချောင်းတားသည့်ကြားထဲက အမြန်ပြန်လို၍ လိုက်ခြင်း ဖြစ်သည်။ သို့ရာတွင် ကိုနန္ဒာ ကြာကြာမထမ်းနိုင်။ တခေါက်လုံးသော် ထမ်းပြီးသည့်အခါ ပခုံးကလည်း နာသည်။ ခါးကလည်း နာသည်။ ကျောက်ဆောင်တခုပေါ်တွင် ပစ်လဲသေးသည်။ ဇာကောင်း၍ ဘက် အနာတရ မဖြစ်။



ကုန်းပေါ်တနိုင်ငံနှံကိုမှ သံချောင်းထမ်းခဲ့ရသည်။ သည်ကတည်းက သံချောင်းသည် ကိုနန္ဒာကို ကျောက်သယ်ခွင့် မပြုတော့။

ကိုနန္ဒာသည် သံချောင်းစီထားခဲ့သည့် ကျောက်သားတုံး တန်တိုင်းကို မော်ကြည့်သည်။ နေ့လယ်ကပင် သည်ကျောက်တုံးများကို သူရေတွက်ခဲ့ သေးသည်။

ကျောက်တုံးသုံးဆယ်ရှိပြီ။ ကျောက်တုံးသုံးဆယ်ဆိုတော့ ရက်ပေါင်း သုံးဆယ်ရှိပြီ။

သံချောင်းထွက်သွားသည်မှာ ငါးရက်ရှိပြီ။ သည်ငါးရက်စာအတွက် တော့ ကျောက်တုံးမရှိသေး။

## [ ၁၅ ]

ယနေ့နံနက် ကိုနန္ဒာ အိပ်ရာကနိုးတော့ ဇင်ယော်ငှက်တို့၏ အော်သံများကို ကြားရသည်။ တခါတခါတွင် ကြက်တူရွေးအုပ်များ ပျံ၍ မြည် မြတ်သန်းသွားသံကိုလည်း ကြားရသည်။

ဇင်ယော်ငှက်တို့၏ မြည်သံသည် မုန်တိုင်းစဲသွားပြီ ဆိုသည့် အမှတ်အသားပင် ဖြစ်သည်။

ကိုနန္ဒာသည် မျက်လုံးကိုဖွင့်ကာ အပြင်ဘက်သို့ လှမ်းကြည့်သည်။ ပင်လယ်ပြင်တွင် မုန်တိုင်းစဲသွားပြီး အရှေ့မိုးကုတ်စက်ဝိုင်းမှ နေမင်းသည် ပင်လယ်ရေပြင်ထဲမှ တဖြည်းဖြည်း ထိုးထွက်လာသည်။

ကိုနန္ဒာ ဆံပင်များ၊ မုတ်ဆိတ်များ၊ နှုတ်ခမ်းမွေးများက ရှည်နေပြီ။

ကိုနန္ဒာသည် အိပ်ရာက မထသေးဘဲ မုတ်ဆိတ်မွေးများကို လက်ဖြင့် ပွတ်သပ်နေသည်။

ယနေ့ဆိုလျှင် သူအမင်းမစားခဲ့ရသည်မှာ သုံးဆယ့်ငါးရက် တင်းတင်းပြည့်ခဲ့ပြီ။

လူသည် မည်မျှကြာကြာ အမင်းမစားဘဲ အသက်ရှင်နေနိုင်သနည်း။



လူ့တသက်တွင် တခါမျှ ဤမျှကြာကြာ အမင်းမစားဘဲ မနေဘူးခဲ့။ ယခုလောက်ကြာအောင် အမင်းမစားဘဲ နေနိုင်ခြင်းအတွက် သူ့ကိုယ်သူတော့ အံ့ဩမိပြီး ဖြစ်ရသည်။

လူသည် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ လျှပ်စစ်ခေတ်၊ အဏုမြူခေတ် စသည့် ခေတ်အမျိုးမျိုးကို ဖြတ်သန်းခဲ့ရသည်။ အကြမ်းခေတ်၊ အရိုင်းခေတ်၊ အယဉ်ခေတ် စသည့် အဆင့် အမျိုးမျိုးကို ဖြတ်သန်းခဲ့ရသည်။ အရိုင်းခေတ် လူသားသည် ကျောက်လက်နက် များကို အသုံးပြုခဲ့ရသည်။ ကျောက်လက်နက်ဖြင့် အမဲလိုက်ခြင်း၊ အစားအစာ ရှာဖွေခြင်းတို့ကို ပြုလုပ်ခဲ့ရသည်။ သည်တုန်းက လူသားသည် မီးကို အသုံးမပြုတတ်သေး။ မီးကို ရှာဖွေ မတွေ့ရှိသေး။ သားငါး တို့ကို အစိမ်းလိုက် စားခဲ့ရသည်။ သည်လိုဖြင့် ရှေးခေတ် လူသားသည် အသက်ရှင်ကာ လူမျိုးဆက်ကို ပြန့်ပွားတည်တံ့စေနိုင်ခဲ့သည်။

ယခု သူတို့ အခြေသည်လည်း ကျောက်ခေတ် လူသား၏ အခြေအနေနှင့် ဘာခြားနားသေးသနည်း။

သည်ကျွန်းပေါ်တွင် စားလို့ စသည့် သစ်ဖြင့် ပြုလုပ်သောလက်နက် ရှိသာသည်။ မရှိ။ မီးလည်းမရှိ။ သစ်သီး သစ်ဥကို စားကာ သားစိမ်း ငါးစိမ်းကို စားရတော့မည်။ ထိုနည်းမှလွဲလျှင် အသက်ရှင်နိုင်ဘွယ် မရှိ။

သည်လိုတွေးကြည့်တော့ ခရုများ၊ ဂဏန်းများ၊ ငါးများကို အစိမ်း စားသော သံချောင်းကို ဘာမျှ အထင်သေးဘွယ် မရှိ။ သံချောင်းသည် သူ့အသက်ရှင်ရေးအတွက် လုပ်သင့်လုပ်ထိုက်သော အလုပ်ကို လုပ်ခြင်းသာ ဖြစ်သည်။

ကမ္ဘာလောကကြီးတွင် သိပ္ပံပညာဆိုင်ရာ တွေ့ရှိချက်များစွာရှိသည့် အနက် မည်သည့် တွေ့ရှိချက်ကိုမျှ မီးကိုတွေ့ရှိခြင်းလောက် အရေးကြီးကျယ်ခြင်းမရှိဟု လူ့သိပ္ပံပညာရှင်များက ဆိုခဲ့ကြသည်။ သည်တုန်းက ကိုနန္ဒာ လေးလေးနက်နက် သဘော မပေါက်။

လျှပ်စစ်ဓာတ်အားကို တွေ့ရှိခြင်း၊ အနုမြူကို တွေ့ရှိခြင်း၊ လေ... တို့သည် လူ့လောကကြီးအတွက် အရေးကြီးသည်မှာ မှန်သည်။ သို့ရာ တွင် မီးကိုတွေ့ရှိခြင်းလောက် အရေးပါအရာရောက်ခြင်း မရှိသည်ကို ကိုနှမ္မာ ယခု သဘောပေါက်ပြီ။

မီးကိုတွေ့ရှိခြင်းသည် အရိုင်းခေတ်ကို အဆုံးသတ်လိုက်ခြင်း ဖြစ်သည်။ အယဉ်ခေတ်သို့ ကူးပြောင်းလိုက်ခြင်းဖြစ်သည်။ သားစိမ်းငါးစိမ်း စားရသည့် ဘဝကို တော်လှန်ပြောင်းလဲပစ်လိုက်ခြင်းဖြစ်သည်။ လျှပ်စစ် ဓာတ်အားနှင့် အနုမြူကိုတွေ့ရှိခြင်းကား အယဉ်ခေတ်ထဲက ပြောင်းလဲမှု မျှသာ ဖြစ်သဖြင့် ထူးခြားမှုမသိသာ။ မီးကိုတွေ့ရှိခြင်းသည် အရည်အသွေး ပြောင်းလဲမှုဖြစ်၍ လျှပ်စစ်ဓာတ်အားနှင့် အနုမြူကို တွေ့ရှိခြင်းကား အရေအတွက် ပြောင်းလဲမှုဟု ခေါ်ရမည်ထင်သည်။

ကိုနှမ္မာသည် ကျွန်းကလေးတကျွန်း ပေါ်တွင် ရောက်သွားသော ရော်ဘင်ဆန်ကရူးဆိုး၏ အကြောင်းကို ဖတ်ဖူးသည်။ ကျွန်းကလေး တကျွန်းပေါ်တွင် လူ့အဖွဲ့အစည်း တခုကို တည်ထောင်ခဲ့ကြသော ဆွစ်လူမျိုး ရော်ဘင်ဆန်မိသားစု အကြောင်းကိုလည်း ဖတ်ဖူးသည်။ ဒုတိယ ကမ္ဘာစစ်ကြီးပြီးမှန်းမသိလိုက်ဘဲ ပစိဖိတ်သမုဒ္ဒရာ ထဲက ကျွန်း ကလေးများပေါ်တွင် ဆယ်စုနှစ်တစ်စုနီးပါးမျှ သောင်တင်နေခဲ့ကြသော ဂျပန်စစ်သားများ အကြောင်းတို့လည်း ဖတ်ဖူးကြားဖူးသည်။

သစ်သီး သစ်ဥကို စား၍ တရားကျင့်လျက် ရှိသော အရှင်ရ တောရိုးရသေ့ ရဟန်းများ အကြောင်းကိုလည်း ဖတ်ဖူး ကြားဖူးသည်။ ဟိန္ဒူ ဆာဒူကြီးများ အကြောင်းကိုလည်း ကြားဖူးဖတ်ဖူးသည်။

သို့ဆိုလျှင် မီးသည်လည်း သစ်သီး သစ်ဥကို စား၍ အသက်ရှင်နိုင် သေးသည်ဟု ကိုနှမ္မာထင်သည်။

သို့ရာတွင် ကျွန်းပေါ်တွင် မည်မျှကြာကြာ နေရဦးမည်နည်း။

မိမိတို့စီးသော ပင်လယ်ကြီးကိုကျော်ဖြတ်ဖို့ ဆိုသည်မှာလည်း မျှော် လင့်ချက်မရှိ။ ပင်လယ်ပြင်ကိုဖြတ်ကူးရေးမရှိ။ ရေလှုပ်ရန်လည်း လက်



ရက် ကရိယာမရှိ။ သို့မဟုတ် ဆိုင်ရာက လိုက်လံ ကယ်ဆယ်ရန်လည်း ယူတို့နှစ်ယောက် သည်ကျွန်းပေါ်တွင် ရှိနေသည်ကို မည်သူ သိမည် နည်း။ လူအားလုံးက 'ငွေဝန်း' စက်လှေသည် ပင်လယ်အောက်တွင် နစ်မြုပ်ပျောက်ကွယ်သွားပြီဟု ယူဆထားကြတော့မည်သာ ဖြစ်သည်။ ၁၉၄၇-ခုနှစ် လောက်က ဟာဗား အစခ်ဆင်ဆိုသော 'ကမ်းမိုတာ' သင်္ဘောကြီးတစင်း ထားဝယ် အနောက်ဘက်ရေပြင်၌ အစ အနမှ မကျန်တော့အောင် နစ်မြုပ်ပျောက်ကွယ် သွားခဲ့ဖူးသည်ဟု ကြားခဲ့ဖူးသည်။ ယခု 'ငွေဝန်း' စက်လှေ၏ ကံကြမ္မာကိုလည်း သည် အတိုင်း လူအားလုံးက သဘောထားကြမည်ဟု မည်သူ ပြောနိုင်သနည်း။

သည်ကျွန်းသို့ သင်္ဘောတစင်း၊ သို့မဟုတ် စက်လှေတစင်း လာ ကပ်ချင်တော့ သူတို့အတွက် မျှော်လင့်ချက်ရှိသည်။ သို့မဟုတ်လျှင်ကား သူတို့အတွက် မျှော်လင့်ချက်မရှိ။ သည်ကျွန်းမှာပင် သူတို့နှစ်ယောက် ခေါင်းချရလိမ့်မည် ထင်သည်။

သည်နေ့ အရှေ့နည်းနည်း ကူးသွားပြီ။ သို့ရာတွင် အားမရှိ၊ ဆယ်ငါးရက်လုံးလုံး အုန်းရည်နှင့်သစ်သီးသစ်ရွက်ကိုသာ စားနေရ သဖြင့် အားနည်းနေသည့်အထဲတွင် အရှေ့ကြောင့် ပို၍အားနည်းသွား သည်။ သုံးရက်လုံးလုံးအုန်းရည်မသောက်ရ၊ ရေကိုသာသောက်ရသည်။ ယနေ့ဆိုလျှင် သူ့ရိုင်ဖယ်ပြွတ်တွင် ရေမရှိတော့။ မျက်နှာပိတ် ရေကြီး နှင့်လုံးဖြင့် ခံထားသည့်ရေလည်း ကုန်သွားပြီ။

ထို့ကြောင့် ယနေ့စမ်းပေါက်သို့ ရေခပ်ဆင်းရသည်။ စမ်းပေါက်က ကျိုင်းကျော်လောက်ဝေးသည်။ သည်ခရီးက ခပ်ခပ်မြန်မြန် မဟုတ်။ ကျောက်ဆောင်ကျောက်တုံးများကို ကျော်ဖြတ်ရမည်။ အပြန်ဆိုလျှင် သည် ကျောက်ကမ်းပါးကြီးကို ပြန်တက်ရဦးမည်။

ကိုနှမ္မာသည် တွေး၍ မောသွား၏။

မြို့လက် တို့က လေးလံသည်၊ အနည်းငယ် တောနေသည်ဟု ထင်သည်။ မျက်ခွံကလည်း လေးမှိန့်နေသည်။

ကိုနန္ဒာသည် စောသွက်သွက် ဖြစ်ပျက်နေသော သူ့လက် သူ့ခြေ များကို ငုံ့ကြည့်နေမိသည်။

ထိုစဉ် ကျောက်ဂူဝတွင် အရိပ်တခုပေါ်လာသည်။ ကိုနန္ဒာသည် မော့ကြည့်လိုက်သည်။

"သံချောင်း"

သံချောင်းက ဘာမှမပြော၊ ဂူထဲသို့ ဝင်လာသည်။ အုန်းသီး ဆယ်လုံးလောက်ကို နိုင်လွန်ပိုက်ကြိုးဖြင့်ထွေးကာ ဝါးလုံးဖြင့် လျှိုထမ်း လာသည်။ ပုလင်းတလုံးကို နိုင်လွန်ပိုက်ကြိုးဖြင့် ပခုံးတွင် ချိတ်လာ သည်။

သံချောင်းသည် အုန်းသီးတွေကို ဝါးလုံးကဖြုတ်ပြီး ကျောက်ချ ပေါ်တွင် ချထားလိုက်သည်။

"မုန်တိုင်းကျတုန်းက မှုလိုက်ရတာကွာ"

ကိုနန္ဒ၏ ပါးစပ်က အလိုလိုထွက်သွားသည်။

"အကို ဒီအတောအတွင်း ဘယ်သွားနေသလဲ"

သံချောင်းက သူသိချင်သည့်အရာကို ကောက်မေးသည်။

"ဟုတ်အစ်။ ဘယ်မှ မသွားပါဘူး။ စမ်းပေါက်ကို ရေခပ်ဖို့ ရောက်တယ်"

သံချောင်းက သူ့အဖြေကို ကျေနပ်ပုံမရ။ ကိုနန္ဒာ၏မျက်နှာကို သေချာ ချာချာ စိုက်ကြည့်နေသည်။ သူ့မျက်နှာတွင် မျက်ရည်တွေ ဝဲနေသည်။

"အကို အုန်းပင်ကော မတက်ရဘူးလား"

"ငါ ဘာမှမစားတာ သုံးရက်ရှိပြီ။ မထမန်းရက်တုန်းကတော့ ပါ ထားပစ်ခဲ့တဲ့ အုန်းသီးကို ခွဲစားတယ်။ ငါ့မှာနေတယ် သံချောင်း အုန်းပင်လဲမတက်နိုင်ဘူး။ ရေချည်းဘဲ သောက်နေတာ သုံးရက် ရှိသွားပြီ"



သံချောင်းက ဘောင်းဘီအိတ်ထဲမှ တစုံတရာကို ထုတ်လိုက်သည်။ ကိုကိုင် ဘောလုံးလောက်ရှိသော ဥဖြူဖြူတွေ ဘောင်းဘီအိတ်နှစ်ဖက်မှ ကျလာသည်။

"ရော့ ရော့၊ ဒါစားလိုက်"

သံချောင်းက ဥများကို ကျောက်ချပေါ် ပုံလိုက်သည်။

"ဘာဥတွေလဲ"

"လိပ်ဥတွေ။ အနောက်ဘက်ကမ်းမှာ လိပ်သောင်ရှိတယ်။ မုန်တိုင်း ကျတုန်းက မထက်ရဘူး။ မနက်က အစောကြီး ထက်ထွက်သွားတာ ဟင်တယ်။ ဒီနေ့မနက် ကျွန်တော်ရောက်တော့ လိပ်တက်ရာတွေ တွေ့ တာနဲ့ လိပ်ဥလိုက်တူးတာ"

သံချောင်းက လိပ်ဥများကို လှမ်းပေးသည်။

"မင်းရော"

"ဟုတ်အစ်၊ ကျွန်တော် အလုံးအစိတ်လောက် သောက်သောက်ခဲ့ ပြီး လိပ်ဥတရာလောက်ရတယ်။ ကျွန်တော့် ဘောင်းဘီအိတ်မဆံ့ လို့ တချို့ ထားပစ်ခဲ့ရတယ်"

"ကြိုးတွေကော ရခဲ့သလား"

"ဟုတ်တယ်။ ပြီးတော့ ပုလင်းတလုံးလဲ ရခဲ့တယ်။ ကျွန်တော် စမ်းပေါက်က ရေခပ်လာတယ်"

သံချောင်းက ပုလင်းကို ပခုံးတွင် ကြိုးဖြင့်သိုင်းထားရာက ဖြုတ် သည်။ ပုလင်းက ဇော်နီဝါကား ဝီစကီပုလင်း၊ သင်းဘောတစင်း ပေါ်မှ ပစ်ချခဲ့ဟန် တူသည်။

"မုန်တိုင်းကျပြီးရင် ပစ္စည်းတွေ ကမ်းကို လာ တင် တတ် တယ်။ ကျွန်တော် လိုက်ရှာချည်ပ်ရမယ်။ ဒါထက် အကို အနောက်ဘက်ကမ်းကို မရောက်တာ သေချာတယ်နော်"

"သေချာပါတယ်။ ဘာဖြစ်လို့လဲ"

"လွန်ခဲ့တဲ့ နှစ်ရက်လောက်က အနောက်ဖက်တမ်းက သောင်ပြင်မှာ ခြေရာတွေ တွေ့တယ်။ အဲဒါ အကိုရောက်သလားလို့"

"ဟင့်အင်း၊ ငါမရောက်ပါဘူး။ ခြေရာက တော်တော်များသလား"

"ကြည့်ရတာကတော့ လူတယောက်ထဲရဲ့ ခြေရာဘဲ။ ဒါနဲ့ အဲဒီမှာ တရိုက်ကို ကျွန်တော် စောင့်ကနေပြီး နှစ်ရက်လုံးလုံး စောင့်ကြည့်နေတာ။ ဒီနှစ်ရက်အတွင်းတော့ တယောက်မှ မတွေ့ရဘူး။ ကျွန်တော် အဲဒီသောင်စပ်အတိုင်း ပြန်လာတာ။ ခြေရာမရှိတော့ဘူး။ ဒီရေရောက်တော့ ပျက်သွားပြီ"

သံချောင်းစကားသည် စဉ်းစားစရာ ဖြစ်လာသည်။

သည်ကျွန်းပေါ်တွင် သူနှင့် သံချောင်း နှစ်ယောက်သာ ရှိသည်။ သံချောင်းက သူ့ခြေရာမဟုတ်ဟု ဆိုသည်။ မိမိခြေရာမဟုတ်ကြောင်း လည်း ကိုနွှာ သိသည်။ သည်အတောအတွင်း ကျောက်ရုပ် အနီးဆုံး၊ စမ်းပေါက်မှအပ တခြား ဘယ်ကိုမျှ ကိုနွှာမရောက်။ စမ်း ပေါက်ကသည်း အရှေ့ဘက်ကမ်းက စမ်းပေါက်။

"မှို့စက်လှေပေါ်ကများလားမှ မသိဘာ"

သံချောင်းက မျက်မှောင်ကုတ်၍ စဉ်းစားသည်။

"ကျွန်တော် ကျွန်းကိုပတ်တာ သုံးလေးခေါက်ရှိပြီ။ အရင်တုန်းကလဲ ဒီခြေရာတွေ မတွေ့ဘူး။ နောက်လဲ မတွေ့ဘူး။ ဒီတခါဘဲ တွေ့ သေးတယ်။ စကနဲ့ ဒီကျွန်းပေါ်မှာ ကျွန်တော်တို့အပြင် တခြားတယောက် တော့ ရှိနေပြီ ထင်တယ်။ အကို့ကို စိတ်မချတာနဲ့ ပြန်လာတာ"

ကိုနွှာကလည်း သည်အတိုင်း ယူဆသည်။

သို့ရာတွင် ထိုလူသည် မိမိတို့၏ ရန်သူလော၊ မိတ်ဆွေလော၊ မိမိ တို့ကို ရန်ပြုမည့်သူလော၊ ကူညီမည့်သူလော။

"ဟဲ အကို ရေရောက်ချိန်ရင် မျက်နှာမိတ် ခရုထဲမှာရှိတာပြီး ကျွန်တော်သဲ ပစ်ခဲ့မယ်။ ပုလင်းကိုတော့ ကျွန်တော် ယူသွားမယ်"

"ဘယ်သွားအုံးမလဲ"



ကိုနွှာက လိပ်ဥတို့ ကောက်သောက်ရင်း မေးသည်။

"ကမ်းစပ်ကိုဆင်းပြီး ပစ္စည်းလေးတာလေး ရှာအုံးမယ်။ ရှာပြီးရင် ကျွန်တော် ပြန်လာခဲ့မယ်။ အုန်းရည်ကိုတော့ အပြန်မှ သောက်မယ်"

"နားနားနေနေပေါ့ကွာ"

"ဟင့်အင်း၊ နားလို့မဖြစ်ဘူး။ ဒီကျွန်းပေါ်မှာ ကျွန်တော်တို့အပြင် လူတယောက်ရှိနေတယ်။ ကမ်းမှာ ပစ္စည်းလာတင်ရင် သူရသွားလိမ့် မယ်။ ကိုယ်က ဦးမှ ဖြစ်မယ်၊ ပြီးတော့ လိပ်ဥတွေလဲ သွားဆယ်ရ အုံးမယ်"

သံချောင်းသည် မှတ် တရက် ထကာ ကျောက်တမ်းပေါ်အောက်သို့ ဆင်းသွားသည်။ ကိုနွှာက လိပ်ဥဆယ်လုံးလောက်သောက်ပြီး အုန်းသီး မှိလုံးခွဲစားပြီးနောက် အိပ်ပျော်သွားသည်။

အိပ်ရာက နိုးတော့ သံချောင်း ပြန်မရောက်လာသေး။

ညနေကျမှ သံချောင်းပြန်ရောက်လာသည်။ ကမ်းစပ်က နောက်ထပ် ရလွှဲ ပိုက် ကြိုး ပြတ် တစ တွေ ရလာခဲ့သည်။ ဘုံကောင်းချင်တော့ လွှပ်ပိုက်ကြိုးထဲတွင် ငွေအနိုက် ကြိုးကြိုးတချောင်း ပါလာသည်။ နောက်ထပ် ပုလင်းတွတ်တလုံးနှင့် ဗူးခွံနိုဝ်တစက်လည်း ပါလာသည်။

သံချောင်းသည် ကျောက်တန်တိုင်းဆောက်ရန်အတွက် ကျောက်တုံး ကျောက်ခဲကိုလည်း ထမ်းလာသေးသည်။

"လူတွေ့သေးသလား"

"ဟင့်အင်း၊ ခြေရာလဲမတွေ့ဘူး။ လိပ်ဥတွေတော့ မရှိတော့ဘူး။ ဟုတ်ဝင်စားသွားပြီထင်တယ်။ ခွတ်ခြေရာတွေတွေ့တယ်"

ထိုညက ကိုနွှာနှင့် သံချောင်း၊ စကားကောင်းနေကြသည်။ တော် တော်နှင့် မအိပ်ဖြစ်ကြ၊ ရေနေရေးထိုင်ရေးနှင့် အိမ်သို့ပြန်ရေးအတွက် စိတ်ကူးထုတ်ကြသည်။ သို့ရာတွင် ရေရေရာရာမဟုတ်၊ အချိန်လည်းကုန်၊ အဖျင်းလည်းမြေဖိုသည့်သဘောဖြင့် ဗိုလ်တည်ရာ မြေသချင်းမျိုးဖြစ်သည်။

ရာသီဥတုသာယာသဖြင့် ကောင်းကင်တွင် ကြယ်တို့ ဝင်းလက်နေကြသည်။ လဆုတ်ရက်ဖြစ်၍ လမထွက်သေး။ ပင်လယ်လှိုင်းများသည် အမှောင်တွင် တဖွဲ့ဖွဲ့ ဟော်မြည်နေကြသည်။ ပင်လယ်မှ မီးစုန်းကောင်များသည် ဟိုတကွက် သည်တကွက် ထိန်၍ တောက်နေကြသည်။

သံချောင်းက ကောင်းကင်ကို မော့ကြည့်ပြီး ကြယ်များအကြောင်းကို ပြောပြသည်။ သံချောင်းသည် ကြယ်တာရာများအကြောင်းကိုသိသည်။ သူ့ဆရာ ရှမ်းတော်ကြီးက ညညတွင် နက္ခတ်များ၊ ကြယ်များ ကြည့်လေ့ရှိသဖြင့် သူလည်း နည်းနည်းပါးပါး ကြည့်တတ်သည်။ မှတ်ကြယ်၊ မောင်ရင်းဆိုင်းထမ်း၊ နှစ်စင်ကြယ်၊ တံငါကြွန်းတိုင်။

သူတို့နှစ်ယောက် တံငါကြွန်းတိုင် ကြယ်ကိုရှာနေစဉ် ကောင်းကင်တွင် တရွေ့ရွေ့သွားနေသော အရာတခုကို မြင်ရသည်။

"ဂြိုဟ်တု၊ ဂြိုဟ်တု"

သံချောင်းက ဂြိုဟ်တုကိုပြသည်။ ကမ္ဘာကြီးတွင် သိပ္ပံပညာ တိုးတက်ခြင်းကြောင့် ဂြိုဟ်တုကို လွှတ်တင်ထားချိန် သူတို့သည် ကျောက်ခေတ်သို့ ပြန်ရောက်နေကြသည်။

သည်တော့ ကိုရန္တာက လူ့ယဉ်ကျေးမှု တိုးတက်လာပုံကို သံချောင်း နားလည်အောင် ပြောပြရသည်။ မီးကို စတင်တွေ့သည့်ခေတ်၊ လှေ ခေတ်၊ ဓာတ်အားခေတ်၊ အနုမြူခေတ်၊ ဂြိုဟ်တုခေတ်။

"ဒီလိုဆို ကျွန်တော်တို့ ခေတ်အများကြီး နောက်ပြန်ရောက်နေပြီ ပေါ့။ လူတွေက ဂြိုဟ်တုခေတ်ရောက်နေပြီ။ ဒါပေမယ့် ကျွန်တော်တို့ မှာ မီးမရှိသေးဘူး"

ပင်လယ် သမုဒ္ဒရာပြင်ကို ရွက်သင်္ဘောဖြင့် ဖြတ်ကူးခဲ့သော ကိုလံ ဘတ်စ်အကြောင်း၊ တောင်အမေရိကတိုက်မှ ရှေးမိုက်တီနီးရွန်း လူမျိုး ခေတ်က ဘာလဆာသစ်သားဖောင်ဖြင့် ပစိဖိတ် သမုဒ္ဒရာကြီး တွင် မိုင်ခြောက်ထောင်ကို ဖြတ်လာခဲ့သော 'ကွန်တီကီ' ခရီးသည် အကြောင်း၊ အာဖရိကတိုက်မှ ရှေးအီဂျစ်လူမျိုးတို့နည်းအတိုင်း ကျူ



ပြင် အသွားလာနှိတ် သမုဒ္ဒရာကိုဖြတ်၍ အမေရိကတိုက်သို့ သွားခဲ့ သော 'ရား—၁' နှင့် 'ရား—၂' ခရီးစဉ်အကြောင်းတို့ကို ကိုရန္တာက ပြောပြသည်။

သံချောင်းသည် ပင်လယ်သမုဒ္ဒရာဖြတ်သည့် ခရီးစဉ်များကို စိတ်ပါ လက်ပါ နားထောင်သည်။

"တောက်၊ ဓားတချောင်းလောက်ရှိရင် ဒီလောက် ပင်လယ်ကို ကူးလို့ ဖြစ်ပါတယ်ဗျာ။ ဗိုဖြင်ဟာ မရှိချင်နေပါစေ၊ ဓားတချောင်း ရရင် တော်ပါပြီ"

"ဓားရှိတော့ ဘယ်လိုကူးမှာလဲ"

"လှေထွင်းတို့ ရတာပေါ့ အကိုရ၊ တနေတနေ နံနံခုတ်သွားရင် သစ်ထွင်းလှေတစင်းကို တနှစ်မခုတ်ရပါဘူး"

သံချောင်းစိတ်ကူးယဉ်ပုံကို တွေးရင်း ကိုရန္တာ ပြုံးမိသည်။

## [ ၁၆ ]

ကျောက်ဂူတွင် သံချောင်းတည့်ဆောက်ခဲ့သော ကျောက်တန်တိုင်းသည် တဖြည်းဖြည်း မြင့်တက်လာပြီး ယခုဆိုလျှင် ကျောက်တုံးအများ ရှိသွားပြီ။ ကျောက်တုံးအရာဆိုတော့ ရက်ပေါင်းတရား။

သံချောင်းပြန်ရောက်လာသည့် အချိန်မှစ၍ သူတို့နှစ်ဦးသည် ယခင်ကထက် ပို၍ ရင်းနှီးလာခဲ့ကြသည်။ သူတို့နှစ်ယောက်သည် ယခင်က ကတောက်ကဆ ဖြစ်ခဲ့ကြဖူးသည်ကို ပြန်၍ မပြောကြ။ အတွေ့နည်းခဲ့သော ကိစ္စကလေးတခုကြောင့် စိတ် အနေမသင့် ဖြစ်ခဲ့ကြရခြင်းကို ရှက်နေကြပုံရသည်။ တယောက်နှင့်တယောက် သင့်မြတ်အောင် နေတတ်လာခဲ့ကြသည်။ ကျွန်းကလေး တကျွန်းပေါ်တွင် လူနှစ်ယောက်တည်း ရှိသည့်အနက် တယောက်နှင့်တယောက် မသင့်မမြတ် ဖြစ်နေကြခြင်းသည် နှစ်ယောက်စလုံးအတွက် မကောင်း။ နှစ်ယောက် စလုံး စိတ်မချမ်းသာဖြစ်ရခြင်းသာ အဖတ်တင်သည်။

သူတို့နှစ်ယောက်စလုံး သူတို့ဘဝသည် အထီးကျန်ဘဝ ဖြစ်နေကြခြင်းကို ခံစားမိကြသည်။ စကားပြောဘက် ရချင်ကြသည်။ စကားပြောသံကို နားထောင်ချင်ကြသည်။ လူ့အဖွဲ့အစည်းတွင် နေချင်ကြသည်။ လူ့အဖွဲ့အစည်းနှင့် ကင်း၍ နေရခြင်းလောက် စိတ်ပင်ပန်းဆင်းရဲသည့် အရာ



မရှိဟု ခံစားမိကြသည်။ ထို့ကြောင့် လူ့အဖွဲ့အစည်းကလေး တခုကို ထူထောင်ရန် ကြိုးပမ်းကြသည်။ စဉ်းစားကြည့်လျှင် တွေးခေါ်၍ လုပ်ခြင်းမဟုတ်။ အလိုအလျောက် လုပ်မိခြင်းသာ ဖြစ်သည်။ လူ့အဖွဲ့အစည်း ကလေးတခုကို ထူထောင်သင့်သည်ဟု သဘောပေါက်၍ မဟုတ်။ တယောက်တည်းနေ၍ မရ၊ နေ၍ မဖြစ်သောကြောင့် ဖြစ်သည်။

ဥပမာ ကိုနန္ဒာအဖို့ဆိုလျှင် သံချောင်းသည် ထိပ်ဥ ထုနိုင်သည်။ ရွှန်းပင်တက်နိုင်သည်။ သစ်သီးသစ်ရွက် ခူးနိုင်သည်။ ရေခပ်နိုင်သည်။ ငါးဖမ်းနိုင်သည်။ ရေထဲက ကျောက်ညှပ်များ၊ ခရုများကို ရှာနိုင်သည်။ အလုပ်ကြမ်းကို မမောမပန်းလုပ်နိုင်သည်။ သည့်ထက် အစာရေစာ ကော်ပြတ်သည့်ကြားထဲက သည့်လောက် အကြမ်းပတမ်း ခံနိုင်သော သံချောင်းကို ကြည့်၍ ကိုနန္ဒာ အံ့ဩရသေးသည်။ ယခု အချိန် ထိ သံချောင်းတယောက် နာမကျန်းဖြစ်သည်ကို ကိုနန္ဒာ မတွေ့ရသေး။

သံချောင်းသည် ပင်လယ်အကြောင်း၊ ရေအကြောင်း၊ လေအကြောင်း၊ ပင်လယ်သတ္တဝါများအကြောင်း၊ ရာသီဥတုအကြောင်းကို နှံ့စပ်စွာ သိသည်။ မည်သည့်ရက်တွင် လှိုင်းခေါင်းဖြူ၍ မည်သည့်နေရာတွင် ရေစီးကြောင်းရှိကြောင်းကို သိသည်။ မည်သည့်ရက်တွင် ဒီရေအတက်ဆုံး ဖြစ်၍ မည်သည့်ရက်တွင် အကျဆုံး ဖြစ်ကြောင်း၊ ကောင်း ကောင်း သိသည်။ မည်သည့်ရက်တွင် အနောက်တောင်လေ စတိုက်၍ မည်သည့် ရက်တွင် အရှေ့လေ ပြန်တတ်ကြောင်းကိုလည်း တွက်ချက်တတ်သည်။ မည်သည့်ရက်တွင် ငါးမြှီ ၍ မည်သည့်ရက်တွင် ဂဏန်းများ ရေသို့ ဆင်းတတ်ကြောင်းကိုလည်း သိသည်။

သံချောင်း၌ သူ့တွင် မရှိသော အရည်အချင်းတွေ အများကြီးရှိသည်။ ထို့ကြောင့် သံချောင်းလိုလူမျိုး ရှိဖို့လိုသည်ဟု ကိုနန္ဒာ ယူဆသည်။

သံချောင်းဘက်က ကြည့်လျှင်လည်း ကိုနန္ဒာလို လူမျိုးသည် သူ့အတွက် လိုအပ်သည်ဟု ထင်သည်။ အထူးသဖြင့် ကျွန်းကလေးတကျွန်း

ပေါ်တွင် နှစ်ယောက်တည်းနေရချိန်မျိုး၌ ပိုမိုလိုအပ်သည်။ ကိုနန္ဒာ ထံမှ သူမသိသော အသစ်အဆန်းများကို ကြားရသည်။

ဥပမာ ကျောက်ခေတ်မှ ဗြိတိသျှခေတ်အထိ လူ့ယဉ်ကျေးမှု တိုးတက်ပြီးလာပုံ၊ လူတို့ မီးကို စတင်တွေ့ရှိပုံ၊ လူ့လောကကြီး ရှေးဟောင်းခေတ်သမယခေတ်မှ ဆိုရှယ်လစ်ခေတ်အထိ ပြောင်းလဲ တိုးတက်လာပုံ၊ အလောင်းဘုရား ဦးအောင်ဇေယျ တတိယ မြန်မာနိုင်ငံတော်ကြီး ထူထောင်ပုံမှအစ 'ကွန်တီကီ' ရွက်လှေနှင့် 'ရာ-၁' နှင့် 'ရာ-၂' တို့ ပင်လယ်ဖြတ်ကူးပုံ၊ ရော်ဘင်ဆန်ကရူးဆိုး၊ ဆိုသူတစ်ယောက်တည်း တောရက်၌ ကျွန်းတကျွန်းပေါ်တွင် နေခဲ့ရပုံ၊ ကမ္ဘာ့မြေကြီးလုံးပုံ၊ လလူသားရောက်ပုံ စသည်တို့ကို ပြောပြတတ်သည်။ သဲချောင်း အထူးစိတ်ဝင်စားဆုံး အချက်မှာ 'ကွန်တီကီ'ရွက်လှေ၊ 'ရာ-၁' နှင့် 'ရာ-၂'တို့၏ ရွက်လှေများနှင့် ရော်ဘင်ဆန်ကရူးဆိုး၏ ရွက်လှေများဖြစ်သည်။ သည်အကြောင်းများကို သဲချောင်း စိတ်ပါ လက်ပါ နားထောင်သည်။ မရှင်းလင်းလျှင် ရှင်းလင်းအောင် သေသေချာချာ မေးတတ်သည်။ သို့ဖြင့် ကိုနန္ဒာသည်လည်း သဲချောင်းအဖို့ လိုအပ်ချက်တခု ဖြစ်နေသည်။

သူတို့၏ ဘဝသည် နှစ်ယောက်ပေါင်းမှ တဘဝ ဖြစ်သည်။ သဲချောင်းတွင် မရှိသည့်အရာကို ကိုနန္ဒာက ဖြည့်တင်းပေး၍ ကိုနန္ဒာတွင် မရှိသည့်အရာများကို သဲချောင်းက ဖြည့်တင်းပေးသည်။ ကိုနန္ဒာတွင် မရှိသည့် ကာယစွမ်းအား၊ သဲချောင်းတွင်ရှိ၍ သဲချောင်းတွင် မရှိသည့် ဉာဏ်ပညာ အသိအမြင်မျိုး၊ ကိုနန္ဒာတွင် ရှိနေသည်။ သည်အရည်အချင်းနှစ်ခုပေါင်းလိုက်သောအခါ သူတို့နှစ်ယောက်သည် ပြည့်စုံသော လူ့အဖွဲ့အစည်းကလေးတခုကို တည်ဆောက်မိကြသည်။

သို့ပိုင်သော်လည်း သူတို့နှစ်ယောက်၌ မတူသည့် အချက်များ မရှိမဟုတ်၊ သဘော ကွဲလွဲချက်မရှိမဟုတ်။ မတူသည့် အချက်၊ သဘောကွဲလွဲချက်များ ရှိကြသေးသည်။ သို့ရာတွင် တယောက်မကြိုက်သည်ကို



တယောက်က မလုပ်မိရန် သတိထားကြသည်။ တယောက်စိတ်ထိခိုက်မည့် စကားကို တယောက်က မပြောမိရန် ရှောင်ကွင်းကြသည်။

ကိုနန္ဒာသည် သဲချောင်းအား သားစိမ်းငါးစိမ်း စားသည့်အတွက် အထင်သေးခဲ့ဘူးသည်။ ရှုချ၍ မကြည့်နိုင်လောက် ဖြစ်ခဲ့ရသလောက် စိတ်ထဲက တုံ့ဆုတ်ခဲ့ဘူးသည်။ သဲချောင်းကလည်း ကိုနန္ဒာအား မြို့သားပီသ၍ ပေါက်ကွဲနှုန်းသည်ဟု အထင်သေးခဲ့သည်။ ကိုယ်စားဖို့သောက်ဖို့ကို ရှာကြံနိုင်စွမ်းမရှိတတ်သူဟု အထင်သေးခဲ့ဘူးသည်။

သို့ရာတွင် နောက်၌ သူတို့နှစ်ယောက်သည် တယောက်ကိုတယောက် နားလည်လာခဲ့ကြသည်။ ကိုနန္ဒာ သားစိမ်း ငါးစိမ်း မစားခြင်းသည် အကျင့်မရှိသေး၍ ဖြစ်ကြောင်း၊ သဲချောင်း သဘောပေါက်လာသည်။ သဲချောင်း သားစိမ်း ငါးစိမ်း စားခြင်းသည်လည်း လိုအပ်၍ဖြစ်ကြောင်း ကိုနန္ဒာသိလာသည်။ ကျွန်းမသာနံ့ရှင်း၌ အလုပ်ကြမ်းလုပ်လျက်ရှိသော လူငယ်တဦးဖြစ်သော သဲချောင်းအတွက် သည်အချိန်မျိုးတွင် သည်အစာမျိုးသည် လိုအပ်သည်ဟု ကိုနန္ဒာ နားလည်လာခဲ့သည်။

သဲချောင်းသည် ကိုနန္ဒာကို သားစိမ်းငါးစိမ်း စားရန်လည်း မတိုက်တွန်းတော့။ မစားသည့်အတွက်လည်း အပြစ်မဆိုတော့။

ဝင်စစ် ကိုနန္ဒာသည်လည်း ကြာလျှင် ရှောင်ထိန်း၍ နေနိုင်သည် မဟုတ်။ ရက်ပေါင်းများစွာ ထုန်းရည်၊ ထုန်းခဲ၊ သစ်သီး၊ မဆော့သီး စသည်တို့ကို စားလာရသောအခါ အသွေးအသားထဲက တမျိုးအစာကို တောင့်တလာသည်။ ခန္ဓာကိုယ်က တောင်းဆိုလာသည်။ သည်အခါတွင် ကိုနန္ဒာ မရှောင်ထိန်းနိုင်တော့။

ပထမ ပြုတ်ပြီး ဂဏန်းကို စားကြည့်သည်။ သဲချောင်း ပြောသကဲ့သို့ပင် ပုစွန်ကြောက်ကို စားရသည်နှင့် အာရုံမတူလှပြီ။ ၎င်းက ပုစွန်ကြောက်ထက်ပင် နူးညံ့သေးသည်။ ထို့နောက် လိပ်ဥကို စားလာသည်။ ထို့နောက် ကျောက်ဆောင်ထဲတွင် တင်ကျန်ရစ်သော ငါးသေး ငါးနုလေးများကို စားသည်။ သို့ဖြင့် မျက်နှာဖြတ် မျှ ခေတ်ရှေ့ကိုကို

သာမက ကျောက်ဥသွင် ကျောက်ပိုးတို့ကိုလည်း စားလာခဲ့သည်။ နောက်ဆုံး၌ ကိုနွာ ရှောင်သည့်အစာဆို၍ မရှိတော့။ စား၍ရသည့် အရာမှန်သမျှကို စားတတ်လာခဲ့သည်။

စားခါစတွင် မူးခြင်း၊ အော်ဂလီဆန်ခြင်း၊ အစာမကြေခြင်းတို့ ဖြစ်ခဲ့သေးသည်။ သို့ရာတွင် အကျင့်ရလာသောအခါ၌ ပျောက်ကွယ် သွားသည်။

မိမိတို့တွင် မီးမွှေးမရှိသေးသည့်အတွက် သားငါးစိမ်းစိမ်းကို စားနေကြရခြင်းဖြစ်သည်။ သို့အတွက် မိုးနိုးသည့်မဆိုနိုင်။ သို့ဆိုလျှင် ကိုလံဘီယာ ခေါ် ရေနံစိမ်း အသားစိမ်းများကို ညစာစားပွဲကြီးများတွင် တခဲနက်ကတည်း စားသောက်နေကြသည့် ယဉ်ကျေးပြီ သည်ဆိုသော အနောက်တိုင်းသားတို့ကို မည်သို့ခေါ်မည်နည်း။

အစဉ်း သားစိမ်းငါးစိမ်းတို့ကို စားရသည့်အတွက် ဘက်တီးရီးယား ပိုးများတို့အကြောင်းကိုတွေး၍ စိုးရိမ်မိသေးသည်။ သို့ရာတွင် ဝတ်မှုန် ခြင်းမှန်စွာသော ဘက်တီးရီးယားပိုးများသည် အဘယ်အခါ မကောင်း ဆိုးရွားမှုသာမဟုတ်လော။ ချက်ပြုတ်သည့်စားသည့်အခါ၌ ဘက်တီးရီး ယားပိုးများကို တမင် မွေးရသေးသည်မဟုတ်လော။

ကိုနွာ သည်လိုအကြောင်းမျိုးတွေးကြည့်ကာ စိတ်ဖြေတတ်နေလေပြီ။ သို့ရာတွင် တခါတရံ စားကောင်းသောက်ဖွယ်များကိုတော့ အိပ်မက်ထဲ တွင် မြင်မက်တတ်သေးသည်။

မိန်းမပါသော ကျောက်ဆောင်များ၊ ကျောက်ခဲလုံးများပေါ်တွင် လမ်းလျှောက်ကာ ကိုနွာ၏ ခြေထောက်များသည် သင်ဓုန်းဝါး ခွဲသားသကဲ့သို့ ဟက်တက်ကွဲရာတို့ဖြင့် ပြည့်လျက်ရှိ၏။ သဲမှုန်များ ရေနံ့ဝင်လျှင် စပ်လှန်းသဖြင့် ပင်လယ်ရေနှင့် သဲမှုန်များ၊ မဝင်စေရန် သစ်ရွက်များဖြင့် ပတ်ထားရသည်။ ဆေးဝါးအဖြစ် သစ်မြစ်ရွက်များကို အနည်ညှစ်၍ထည့်ရသည်။ သို့ရာတွင် ကြာသောအခါ တိုအနာများ သည် အလိုလို ပျောက်သွားကြသည်။ ယခု သူ့ခြေဖဝါးများသည်



သားသာတက်တာ ကြမ်းရှလျက်ရှိလေပြီ။ ကျောက်ထက်ကျောက်ချွန် ကို ခုနှင့်ဆာနေသော ကျောက်ဆောင်ပြင်ပေါ်တွင် ကတ္တရာစေး ကြီးပေါ် ဖွန့်ဖိုင်း ပြေးတက်နေသလို ပြေးတတ်နေပြီ။ သဲချောင်း ပင်လယ်ကမ်းစပ်မှ ကောက်ရခဲ့သည့် ဂျပန်ဖိနပ် ဖယ်ဘက် နှစ် ဘက်ကို ကိုနွာ စီးရန်ပေးသော်လည်း ကိုနွာ မစီးတော့ပြီ။ ဖိနပ်စီး ခြင်းသည် သူ့ခြေထောက်များကို တုံ့ဆိုင်းနှေးကွေးစေသည်ဟု ထင် ပြီ။ အချွန်အတက်တို့ ပွေ့ကဲ့လျက်ရှိသော ကျောက်ဆောင်ပြင်ကို ပြီးနောက် သဲပွင့်နှင့် မှုန့်မှုန့် ကလေးများပေါ်တွင် လျှောက်ရ သည့် မည်မျှကောင်းကြောင်း၊ စိတ်ချမ်းသာမှုကို ဖြစ်စေကြောင်း ကိုလည်း ကိုနွာ ခံစားတတ်နေပြီ။

ယခင်က သူတို့နှစ်ယောက်တွင် အလုပ်တာဝန် ခွဲဝေမှုဟူ၍မရှိ။ သဲချောင်းကသည်း လုပ်ပေးရသည်။ ယခု ကိုနွာတွင် အလုပ် တာဝန်ခွဲဝေမှုရှိလာပြီ။ သူက သည်အလုပ်ကိုလုပ်၊ ကိုယ်ကသည်အလုပ် ကိုလုပ်မည်ဟု ပါးစပ်က ထုတ်ဖော်ပြောဆို၍ တာဝန်ခွဲဝေခြင်းမျိုးကား မဟုတ်။ ကိုယ်တတ်နိုင်သည့် အလုပ်ကို နားလည်မှုဖြင့် ကောက်လုပ် သွားခြင်းမျိုးဖြစ်သည်။ ပင်ပန်း ခက်ခဲသည့်အလုပ်မျိုးကို သဲချောင်းက ကောက်လုပ်သွားသည့်အခါ၌ ကိုနွာက ပေါ့ပါးလွယ်ကူသောအလုပ် မျိုးကို လုပ်မိလျက်သား ဖြစ်နေတတ်သည်။ တနိုင်း စီရန်အတွက် ကျောက်တုံးသယ်ခြင်း၊ အုန်းသင်တက်ခြင်း၊ ရေငုပ်ခြင်း၊ သစ်ပင်တက်ခြင်း၊ မြင်းလှန်ဂိုက်ကြီး အမြှတ်များကိုဆောက်၍ ကြိုးကျစ်ခြင်းစသည့် အလုပ်များ ကို သဲချောင်းကလုပ်၍ ထုန်းသီးခွဲခြင်း၊ မြင်းစိုင်း ငါးကင်း ပစ်ခြင်း၊ ငါးကောင်းချဉ်ရွက်ခူးခြင်း၊ သစ်နီသီးကောက်ခြင်း စသည့် အလုပ်မျိုးကို ကိုနွာက လုပ်သည်။

သဲချောင်းကား အလုပ်ကြမ်းကို မမောတမ်းလုပ်နိုင်မှုမှာ ရေထဲ တွင်လည်း နာရီပေါင်းများစွာနေနိုင်သည်။ ဂိုက်ပေါင်းများစွာ ရေကူး နိုင်သည်။ ရေသာက်သို့ ဆယ်ငါးပေ၊ ခေါ်နှစ်ဆယ် ရောက်အောင်

လည်း ရှုနိုင်သည်။ ရေအောက် ဆယ့်ငါးပေခန့်နက်သော ကျောက်ဆောင်ကြားထဲတွင် တွယ်ကပ်နေသည့် မှော်နွယ်ပင်ရွက်ကြီးများကိုလည်း မြင်တွေ့ရနိုင်သည်။ ဆယ့်ငါးပေအနက်ထဲက ကျောက်ဆောင်ကြားထဲတွင် ရေငုပ်ရသည့်အလုပ်သည် များစွာ အန္တရာယ် ကြီးသော အလုပ်ဖြစ်ကြောင်းကို အတွေ့အကြုံအရ ကိုနန္ဒာ သိပြီးဖြစ်သည်။ လှိုင်းလုံး သဖြင့် ရေအောက်ကျောက်ဆောင်ကြားတွင် ညပ်ပြီး နစ်သွားနိုင်သည်။ ကျောက်ဆောင်စွန်းကို ခေါင်းနှင့်တိုက်မိသဖြင့် မူးဝေပြီး ရေထဲတွင် မြုပ်သွားနိုင်သည်။ လှိုင်းပုတ်သည့်အကြောင်း ကျောက်ဆောင်ပေါ်မှ ထိုးကျသွားပြီး မြုပ်ဆုံးရ ဖြစ်နိုင်သည်။ ငမန်းနှင့်တွေ့နိုင်သည်။

ကိုနန္ဒာသည် တခါက ရေအောက် ကျောက်ဆောင်ကြားသို့အငုပ်ဆင်း ရေငုပ်ဖူးသည်။ ငါးစိမ်း သုတ်သည့်နေရာသည် သည်ထက် ကျောက်ဆောင်ထူထပ်သည် မဟုတ်။ ရှိသည့်ကျောက်ဆောင်တွေသည်လည်း အမှတ်သိပ်မရှိ။ ပေါ်ရေပြဖြစ်သည်။ ထိုတွင် ရေအောက်၌ တလောက် တည်းဆင်းရသောအခါ ထိုလိုလို လိပ်ကြီးတကောင်သည်။ ထိုစဉ် သူ့ ဝါး နှစ်ချိုက်လောက်အကွာတွင် သူ့ထက်ကြီးလောက်ရှိသည့် ငမန်းကြီး နစ်ကောင် မြူးနေသည်ကို မြင်ရသည်။

ပင်လယ်ရေက စိမ်းပြာကြည်လင်နေသည်။ ငမန်းကြီး နစ်ကောင်သည် ခြောက်စင်းသွယ်တန်းကာ ငွေရောင်တောက်နေသည်။ အကွမ်းကျင်းစွာ ပြတ်သုတ်သည်။ ရေဆွဲလာသည့် နောက်ဆုံးပေါ် ရက်လေယာဉ်ကြီး နှစ်စင်း ကောင်းကင်ပြင်တွင် ပျံသန်းလာကြသည်ထက်ပင် ကြည့်၍ကောင်း သေးသည်။ ကိုနန္ဒာသည် ရေအောက်က 'ရက်လေယာဉ်'ကြီး နှစ်စင်းကို ငေးမှိုင် ကြည့်နေမိသည်။

သည်တုန်းက သူ့ခြေအောက်တွင် ကျောက်ဆောင်ရှိသည် ဖက်စရာ ရှိသည်။ ငမန်းများသည် သွေးနံ့ရလျှင် အန္တရာယ်ပေးပြီး သွေးနံ့မရလျှင် အနံ့ခံနောက်သို့ လိုက်လာတက်သည်ဟု သူကြားဖူးသည်။ ထိုစဉ် 'ရေအောက် ရက်လေယာဉ်'ကြီး တစင်းသည် သူ့ဘက်သို့ခေါင်းလှည့်



လာသည်။ သည်တော့မှ ကိုနန္ဒာသည် ကျောက်ဆောင်ကိုဆောင့်ကန် ကာ ရုန်းကန် ရေပေါ်သို့တက်ပြီး ရေပေါ်သို့ထိုးထွက်နေသည့် ကျောက် ဆောင်စွန်းပေါ်တွင် တက်ရပ်လိုက်သည်။ 'ရေအောက်လေယာဉ်'ကြီး လည်း သူနှင့် ဝါးတရိုက်ခန့်အကွာတွင် အမြီးဘက် ရေနက်ထဲသို့ အလို လောလျောက် မြုပ်ထွက်သွားသည်။ ငမန်းတို့မှ မြူးတူးနေကြခြင်းဖြစ်သည်။

သည်ကတည်းက ကိုနန္ဒာ ရေမငုပ်တော့။ သံချောင်းကသည်။ သူ့ကို ကြုံမှ ငုပ်ရောရှိလျှင် သူကိုယ်တိုင် ငုပ်သည်။ ကိုနန္ဒာကို စိတ်မချ၍ ကိုယ်တိုင်သာ သံချောင်းစိတ်ချသည်။

ထိုရာတွင် ကိုနန္ဒာ အအားမနေတတ်။ အအားမနေချင်။ သံချောင်း က အလုပ်နှင့်လက် မပြတ်အောင်လုပ်နေသည်ကြားထဲက သူက အလုပ် လုပ်ခဲ့ရသည်ဆိုလျှင် နည်းလိမ့်မည်။ သည်လိုနေရသည်ကို သူရက် သည်။ သည်တွင်မက သူ့တွင် အချိန်တွေပိုနေသည်။ တနေ့ မလုပ်လျှင် စိတ်က တွေးချင်ရာတွေးသည်။ ဂဏှာမငြိမ်ဖြစ်သည်။ သည်တော့ အချိန် ကုန်စေရန်၊ စိတ်တည်ငြိမ်စေရန်၊ အာရုံပြု လွှင့်ပြီးမနေစေရန် အလုပ် လုပ်ချင်သည်။ ကိုနန္ဒာ အလုပ် လုပ်ရသည့် အကြောင်းများ၌ သည် အကြောင်းသည် အဓိက ဖြစ်သည်။

အလုပ် လုပ်ခြင်းသည် စိတ်ကိုတည်ငြိမ်စေသည်။ သည်အချက်ကို သံချောင်းက သူ့ကို သင်ပြခဲ့သည်။ ပါးစပ်မှ သင်ပြပေးခြင်းမဟုတ်။ သံချောင်းကိုကြည့်၍ သူ့တသော သင်ခန်းစာ ထုတ်ယူခဲ့ခြင်း ဖြစ်သည်။ အလုပ် စိတ်ဂယောက်ဂယက်ဖြစ်သည်။ အားငယ်သည်။ မဆေးလိပ်။ အစာနှင့်စာအုပ်တို့ကို တောင့်တသည်။ ထိုရာတွင် သံချောင်း ကိုကြည့်လိုက်တော့ သည်အရာတွေကို စိတ်ကူးထည့်မိပုံမရ။ ကျောက်ရှု မြူးမောက်လျှင် နိုင်လွှမ်း၍ အမြွတ်များကိုဖက်၍ ကြိုးကျစ်သည်။ သံချောင်းသည် ကြိုးကျစ်ရာတွင်တော်သည်။ ကျင်လည်သူဖြစ်သည်။ ရွာ နှင့်တစ်ချောင်းကို ပိုင်ဆိုင်နေကြပြီဖြစ်သော်လည်း ကြိုးက မလုံလောက် ။ ရှိသမျှနိုင်လွှမ်းကြိုးပြတ်များကို ဆက်သည့်တိုင် ကြိုးက တိုနေသေး

သည်။ ငါးကြီးများလျှင် ရေနက်ရာတွင် မှားရသည်။ ကျောက်ဆော[illegible]
ပေါ်မှ ရေနက်သို့ ပျားနိုက် ပစ်လိုလျှင် ကြိုးရှည်ရှည်ရှိမှ ဖြစ်မ[illegible]
သည်တော့ သံချောင်းက အုန်းခွံအပြောက်တွေကို လက်ဖြင့်ဆွဲ[illegible]
အုန်းဆံထုသည်။ အုန်းဆံကြိုးကျစ်သည်။ သို့ရာတွင် အုန်းဆံကြိုး[illegible]
ငါးများရှိမနေတော့။ မိုးလည်းမရွာ။ ကျောက်ဆောင်ကြားတွင် မျ[illegible]
ခကာငြိ၍ ပြတ်တတ်သည်။ ထို့ကြောင့် ကောင်းကောင်း ငါးမျှ[illegible]
ဖြစ်ကြသေး။

သံချောင်းသည် တခြားဘာမှလုပ်စရာမရှိလျှင် မြောက်သ[illegible]
နေမသေသတ်နှိုးဝါးဆစ်နှစ်ချောင်းကို ရှာလာကာ မီးမွှတ်နေတတ်သည်[illegible]
မီးကို လူတို့တွေ့ရှိခဲ့ခြင်းသည် လူ့ယဉ်ကျေးမှု ဖြစ်ပေါ်လာတော်[illegible]
သမိုင်း၌ အရေးကြီးဆုံးသောတွေ့ရှိချက်ကြီးတရပ်ဖြစ်သည်ဟု တခါ[illegible]
ကိုနွှာက အမှတ်မထင် ပြောခဲ့ဘူးသည်။ ထိုမှစ၍ သံချောင်းသ[illegible]
အားအားရှိတိုင်း သစ်ရွက်ခြောက်များကိုရုံးကာ ဝါးဆစ်နှိုး နှစ်ခု[illegible]
မီးမွှတ်တတ်သည်။ သို့ရာတွင် ယခုအထိတော့ သံချောင်းသည် မအော[illegible]
မြင်သေး။ မီးကို ရှာ၍မတွေ့သေး။ သို့မဟုတ်လျှင်လည်း သံချောင်းသ[illegible]
ကျောက်ဆောင်များပေါ်တွင် ထင်ကျန်နေရစ်ခဲ့သည့် ဆားရေညှိများ[illegible]
ယောက်သွားနှင့်ခြစ် လိုက်ခြစ်နေတတ်သည်။ ဆားအဖြစ် [illegible]
ဖြစ်သည်။ ကိုနွှာသည် စောစောက ဝါကြစ်လျက်ရှိသည့် ဆား[illegible]
များကို မစားတတ်သော်လည်း ယခု စားတတ်နေပြီ။ တခါတ[illegible]
သံချောင်းသည် လှိုင်းခေါ်ကြွမြုပ်များကို သဲ့ယူကာ အမြုပ်တော်[illegible]
များများကို ရေမြင့်ကြီးများထဲတွင် ထည့်ပြီး နေလှန်းတတ်သည်။ [illegible]
လေရက်ကြာသောအခါ၌ ရေခန်းကာ ဆားညိုတော်တော် များမျ[illegible]
ကျန်ရစ်ခဲ့သည်။ သံချောင်းသည် အလွန်ဆားစားသူဖြစ်သည်။ သ[illegible]
ကြမ်းလုပ်၍ ချွေးထွက်လွန်းသောကြောင့် ခန္ဓာကိုယ်က ဆားဓာ[illegible]
တောင်းဆိုသည်လေလော မပြောတတ်။



သည်ကျွန်းကလေးပေါ်တွင် သံချောင်းသည် အကျဉ်းအကျပ်များကို
[illegible]ကျော်လွှားနိုင်သူဖြစ်သည်။ အခက်အခဲများကို ဖြေရှင်းတတ်သူဖြစ်သည်။
[illegible]သဘာဝကို ကြုံးတာခံနိုင်၊ စေနိုင်သူဖြစ်သည်။ သဘာဝကို မိမိအကျိုး
[illegible]အတွက် အသုံးချတတ်သူဖြစ်သည်။

တခါက ကိုနွှာ၏ ရှည်အင်္ကျီသည် ကြိမ်ခြောက်နှင့် ငြိ၍ပြဲ စုတ်ပြဲ
[illegible]သွားသည်။ အခုမှာ သည်တက်တစ္စည်းရှည်အင်္ကျီသည် ထားဝယ်မှဝယ်
[illegible]သည့်ရှည်အင်္ကျီဖြစ်သည်။ သို့ရာတွင် ပင်လယ်ရေနှင့် လျှော်ဖွပ်လေ
[illegible]သည့်အတွက် ရိလာသည်။ သည်ကျွန်း ရောက်ကျောတွင် ကြိမ်ခက်
[illegible] ငြိ၍ ပြဲထွက်သွားသည်။ သံချောင်းသည် ငါးရိုးမာမာတချောင်းကို
[illegible]ချွန်အောင်သွေးသည်။ သူတို့ကျောက်ကမ်းပေါ်အထက်တွင် နာနတ်
[illegible]ပင်များရှိသည်။ နာနတ်ရွက်ကြီးတရွက်ကို ဆွတ်ပြီးကာ ကျောက်ခဲ
[illegible] ထုလိုက်သည်တွင် နာနတ်ချည်မျှင်တွေ ဖြစ်လာသည်။ သည်ချည်မျှင်
[illegible]ကိုကျစ်၍ ငါးရိုးတွင်တပ်ကာ အင်္ကျီအပြဲကို ချုပ်ပေးသည်။

သံချောင်းကောင်းမှုကြောင့် သူတို့ အုန်းသီး လည်း စားရသည်။
[illegible]ချောင်းက အုန်းသီးရင့်ရင့်များကို ရွေးသည်။ အုန်းသီးဆံ ရင့်ရင့်
[illegible]ကောက်ထိုး အုန်းသီးအခွံကို ခွာသည်။ အုန်းခွံခြောက်ကို ခွာသည်။
[illegible]တော့ အထဲက အောက်ထိုး အုန်းသီးဆံများကို ကျောက်ဖျာချော
[illegible]ကွင်း ကြိတ်သည်။ ကြိတ်ပြီး အုန်းဆံရှုံ့များကို ရေနှင့် ရောကာ
[illegible]ညှစ်သည်။ နေ့တိုင်း နေ့တိုင်း ဆီများက အပေါ်သို့ ပေါ်တက်
[illegible]သည်။ ပေါ်တက်လာသည့်ဆီများကို နေ့တိုင်း ရသလောက် ခပ်ယူ
[illegible]။ လေးငါးရက်ကြာသော် အုန်းဆီ ငါးခွက်စာခန့်ရပြီ။ ကျန်သည့်
[illegible]ဆံဖတ်များ ပုပ်၍ နောက်ထပ် ဆီထွက်တော့မှ လွှင့်ပစ်လိုက်
[illegible]။ သည်နည်းဖြင့် အုန်းဆီ စားရခြင်းဖြစ်သည်။

တနေ့တွင် သံချောင်းသည် ကြက်တူရွေးတကောင်ကို မိလာသည်။
[illegible]ကြက်တူရွေးအုပ်များသည် သူတို့ ကျောက်ဂူနှင့် မလှမ်းမကမ်း ပင်လယ်
[illegible]ကျွန်းခင်းထဲသို့ဝင်ကာ ပိုးမွှားကလေးများကို လာ၍ စားသောက်လေ

ရှိသည်။ သံချောင်းသည် နာခုတ်ချည်ဖြင့် ကျောကွင်းတခု လွယ်ထား
ထောင်ထားသည်။ သုံးလေးရက်ကြာ၍ သွားကြည့်သည့်အခါ၌ ကြ
တူမွေးတကောင် မိနေသည်ကို တွေ့ရသည်။ ကြက်တူရွေးမှာ အ
ဝတ် ရောင်မြစ်ကာ အားနည်းနေပြီ။ သံချောင်းသည် ကြက်တူရွေး
ကျောက်ဂူသို့ ယူလာကာ အစေတာင်း တချို့ကို နှုတ်ပါးလိုက်သ
အစာကျွေးရာ ဝလင်စွာ ကျွေးမွေးသည်။ စကားသင်ပေးသည်။
အချိန်၌ ကြက်တူရွေးသည် စကားတတ်ပြီ။ အစာတောင်းတတ်
သံချောင်းနှင့် ကိုနန္ဒာ၏အမည်ကို ခေါ်တတ်နေပြီ။

သည်လိုဖြင့် ကြက်တူရွေးသည် သူတို့ အဖော် ဖြစ်နေသည်။

သံချောင်းသည် သောင်စပ်တွင် ခြေရာများကို တွေ့ပြီးကတည်
သည်ကျွန်းပေါ်တွင် သူတို့နှစ်ယောက်အပြင် အခြားသူတယောက်
နေသည်ဟု ထင်သည်။ ခါတလေသွားလျှင် ကိုနန္ဒာတယောက်တည်
ထားခဲ့ရသည်ကို စိတ်မချ။ အတူလိုက်ရန် ခေါ်တတ်သည်။ သို့ရာ
လိပ်သောင်သို့ကား ခေါ်လေ့မရှိ။ လမ်းကြမ်းသည်ဟု ဆိုသည်။ သ
တခေါက်တော့ ကိုနန္ဒာ မှတ်လိုက်လာခဲ့သည်။

သည်နေ့နံနက်စောစော အာရုဏ်တက်လောက်တွင် သံချောင်
ကိုနန္ဒာ လိပ်သောင်သို့ ထွက်ခဲ့ကြသည်။ သူတို့ရောက်ချိန်မှာ လိပ်ဥလည်းတူး
မရေ့ ညသန်းကောင်လောက်တွင် ဥရောက်သည်။ သည်အချိန်ဆိုလျှ
ဥနေစဉ်ပြီး လိပ်ဥကျင်းမှာ၌ ပြီး ရေရာသို့ သွားရသလောက်
လွယ်သည့်အချိန် ဖြစ်သည်။

ကိုနန္ဒာသည် လိပ်သောင်သို့ တခေါက်မှ မရောက်ဖူးသေး
သံချောင်းပြောသည့်အတိုင်း လိပ်သောင်သို့ သွားရသည့်လမ်းက ကြ
သည်။ တချို့နေရာတွင် မဲအဓိက်သုံးဆယ်လောက်မြင့်သော ကျော
ဆောင်တို့ကို ကျော်ရသည်။ ထပ်ခြားလမ်းမရှိ။ ခြေချော်လက်ချော်ဖြ
ကျောက်ဆောင်အောက်က ပင်လယ်ထဲသို့ ကျသွားနိုင်သည်။ တချို
နေရာများတွင် ကျောက်တုံးကြီးတွေ ပေါ်တွင် ခုန်ကူး၊ ကျောက်

သည်။ တချို့နေရာတွင် ကျောက်ကမ်းပါးကို တွယ်တက်ပြီး တချို့
နေရာတွင် ကျောက်ကမ်းပါးထစ်တွေကို နင်းပြီး ဆင်းရသည်။ တချို့
နေရာတွင် ကျောက်ကမ်းပါး နံရံကြီးကိုတွယ်ကာ ဝါးတရိုက်လောက်
ကျောက်ရသည်။ ကျောက်ကမ်းပါးနံရံတွင် လမ်းရှိသည်မဟုတ်။ ရေညှိ
ချော်နေသော ကျောက်ကမ်းပါးစွန်းများကို နင်းကာ လက်ဖြင့်
ပေါ်က ကျောက်စွန်းကို ကိုင်၍ လျှောက်ရခြင်းမျိုး ဖြစ်သည်။
အောက်တွင် ပင်လယ်လှိုင်းတို့က ကျောက်ဆောင်ကို တရှိန်ရှိန်လာ၍
ရိုက်နေကြသည်။ အောက်ကျလျှင် ပင်လယ်အောက် ကမ်းပါးစောက်
ရေနစ်လျှင် နစ်မည်၊ သို့မဟုတ် လှိုင်းနှင့် ပါကာ ကျောက်ကမ်း
နှင့်သောင်လည်း ရိုက်မိမည်။ တခြားလမ်းမရှိ။

သည်ကမ်းပါးကို သံချောင်းက 'ရွှေရှင်ဆို' ကမ်းပါးဟု အမည်ပေး
သည်။ သည်နာမည်ကို ပေးမည်ဆိုက ပေးဆိုက်သည်ဟု ကိုနန္ဒာ ထင်
သည်။ 'ရွှေရှင်ဆို' ကမ်းပါးရောက်တော့ သံချောင်းက ရှေ့က ဆင်း
သည်။ ကိုနန္ဒာက နောက်ကလိုက်ဆင်းသည်။ ကိုနန္ဒာသည် ကမ်းပါး
ကျောက်ကြီးကို ငုံ့ကြည့်ရင်း ခေါင်းမူး၍ ဖြစ်ခဲ့သည်။ ခြေကုတ်မြဲရန်၊ စမ်း၍
ရန်၊ ရေညှိဖြင့် ချော်နေသော ကျောက်စွန်းကို မနင်းရန်၊ လက်မြဲရန်
သံချောင်းက အောက်ကအော်၍ သတိပေးသည်။

ကိုနန္ဒာသည် သည်ကမ်းပါးကို ချောချောမောမောဖြင့် ဆင်းနိုင်ခဲ့
သည်။ သည်ကမ်းပါးကို တက်ရသည်က သည်လောက်မခက်၊ ဆင်းရ
သည်က ခက်ခဲသည်။ ရင်တထိတ်ထိတ် ဖြစ်ရသည်။

ကမ်းပါးအောက်ခြေ ပင်လယ်စပ်ရောက်တော့ ဖျာ နှစ်ချပ်စာခန့်
ကျယ်နေသည့် ကျောက်ဖျာကြီးရှိသည်။ ရေတက်ချိန်ဆိုလျှင် ကျောက်
ဖျာကို ရေဖုံးတက်သည်။ ယခု ရေကျချိန်ကျတော့ ကျောက်ဖျာက ပေါ်
နေသည်။ ကျောက်ဖျာပေါ်တွင် တလက်မခန့်ထူသော ရေညှိ ဝါဝါ
စိမ်းစိမ်းတွေ ဖုံးနေသည်။ ရေညှိများသည် ကော်ဇောမွေးလို နူးညံ့
နေသည်။

သံချောင်းနှင့် ကိုနန္ဒာသည် 'ရွှေရင်ဆို' ကမ်းပါးယောက် ကော်စော ကျောက်ဖျာပေါ်တွင် တမောတမော နားနေချင်သ[...] သို့ရာတွင် မနားနိုင်။ လိပ်ဥကျင်းကို အမြန်စော်ရမည်။ သူတို့မနေ[...] ကျသွားလျှင် သည် လိပ်ဥကျင်းကို ရန်သူက စော်သွားမည်။ သူ[...] ရန်သူများမှာ အခြားမဟုတ်။ ရေစပ်နှင့် လိပ်မကြီးတွေ ပင်လယ်[...] ပြန်ဆင်းချိန်ကို ချောင်း၍ စောင့်နေကြသော ဖွတ်ကြီးများဖြစ်သည်။ ဖွတ်[...] တွေက လိပ်ဥကျင်းကို ယက်၍ စားသောက်သွားတတ်ကြသ[...] ထို့ကြောင့် လိပ်ဥကျင်းကို ဖွတ်သတ္တဝါကြီးတွေထက် စောရောက်[...] လိုသည်။ ကိုယ်က လက်ဦးရမည်။

ရွှေရင်ဆို သည့်ဘက်ဆီးက သိပ်မကြမ်း။ ကျောက်တုံးငယ်များ[...] သောင်ပြင်သာဖြစ်သည်။ သည့်ခရီးလောက်ကိုတော့ လွယ်လွယ်ကူ[...] သွားနိုင်သည်။

လိပ်သောင်စပ်သို့ရောက်လျှင် သံချောင်းက ရှေ့က အရင်ပြေးသ[...] ကိုနန္ဒာက နောက်က ပြေးလိုက်သည်။

ရေက တော်တော်စစ်နေပြီ။ သောင်ပေါ်နှံ့မှုမှာ ပင်လယ်စ[...] ကျောက်ကမ်းပါးပြင်တွေ၊ ကျောက်သောင်ပြင်တွေ ပင် ပေါ်နေ[...] ရေသည် တမ်းနှင့် နှစ်ဘလုံခန့်သို့ ပြန်ဆုတ်သွားပြီ။

သည်လိပ်သောင်မှာ ပြင်သာလိပ်ကြီးတွေရော၊ လိပ်ရွှေကြီးတွေ[...] တက်တတ်သည်။ ဒီရေအတက်တွင် ဒီးလိုက်လာကာ ဒီရေအကျ[...] စောင့်တတ်သည်။ ဒီရေကျ၍ သောင်ပေါ်သည်နှင့် သောင်ပေါ်[...] ကစားမြှုပ်ကာပြီး ကျင်းယက်၍ ဥသည်။ ဥပြီးကျင်းကို ပြန်ဖုံ[...] ကျောက်သောင်ပြင်ကြားကို ဖြတ်၍ ပင်လယ်သို့ ပြန်ဆင်းတတ်[...] သည်။

"သုံးကောင်တက်တယ် အကိုရေ့၊ ဒီနေ့ သုံးကောင်တက်တယ်"

သံချောင်းက လိပ်သုံးကောင်တက်ကြောင်း ရှေ့က အော်ပြေ[...] သည်။



"ဟိုမှာတစ်ကောင် ပြန်ဆင်းနေပြီ။ တွေ့လား၊ တွေ့လား"

သံချောင်းက သောင်ပြင်အဆုံး ကျောက်ဆောင်ပြင်ကြားတနေရာကို [...]သည်။ ကိုနန္ဒာ[...]ဘာကိုမျှမတွေ့ရ။ ကျောက်ဆောင်ပြင်ထဲက ကျောက်တုံး[...]များကိုသာ မြင်ရသည်။

"ဘယ်မှာလဲကွ သံချောင်း"

"ဟိုမှာလေ၊ ဟိုကျောက်တုံးကြီးနားမှာ"

သံချောင်းက ကျောက်ဆောင်ပြင်ကြီးထဲသို့ ဖြတ်ဆင်းသွားသည်။ သံချောင်းပြရာကို ကြည့်လိုက်သည်တွင်မှ ကျောက်ခွက် ရေထဲတွင် လက်ခြေတို့ကို လှုပ်ကာ တဖြည်းဖြည်းကစားနေသည့်လိပ်ကြီးကို ကိုနန္ဒာ မြင်လိုက်ရသည်။ လိပ်ကြီးက တစ်ရှက်ထမင်းဆိုင်မှ ထမင်းစားပွဲဝိုင်းကြီး လောက် ရှိသည်။ အခွံက ကျောက်တုံးများနှင့် ခွဲမရအောင် မဲနက် နေသည်။

လိပ်ကြီးသည် အနံ့ကြောင့်လော၊ အသံကြောင့်လောမသိ။ သူတို့နှစ်ယောက် အနားရောက်သွားသည့်အခါတွင် ကျောက်တုံးကြီးလို မလှုပ်မရှား ငြိမ်နေသည်။ ကိုနန္ဒာသည် သည်လောက်ကြီးသည့်လိပ်မျိုးကို မြင်သည်းမမြင်ဖူး။ ရှိလိမ့်မည်ဟုလည်း မထင်။

သံချောင်းရော သူပါ နှစ်ယောက်စလုံး လိပ်ကျောကုန်းပေါ်သို့ တက်ခွပြကြသည်။ လိပ်ကြီးကမလှုပ်။ သူတို့နှစ်ယောက် တက်ခွနိုင်တော့မှ ခြေတွေလက်တွေကို တဖြည်းဖြည်းရုန်းမိုက်၍ ရုန်းကန်သည်။

သံချောင်းက သည်လိပ်ကြီးကို သတ်ချင်သည်။ လိပ်သားချောက် လုပ်လိုသည်။ သို့ရာတွင် သည်လောက်ကြီးသည့်လိပ်ကို သေအောင် သတ်နိုင်သည့်လက်နက် သူတို့တွင်မရှိ။ လိပ်ချက်ဖို့ လက်နက်ပစ္စည်းမရှိ။ ကိုယ်မှုမှာ သည်လိပ်ကြီးကို ပက်လက်လှန်ရန်ပင် သူတို့မတတ်နိုင်။

သံချောင်းနှင့် ကိုနန္ဒာ နှစ်ယောက် လိပ်ကြီးကို ပက်လက်လှန်ရန် ကြိုးစားသေးသည်။ သို့ရာတွင် လိပ်က အကြောသန်သည်။ ကိုနန္ဒာက ငုံ့၍ လိပ်ကိုအမလိုက် လိပ်က ကိုနန္ဒာ၏ လည်စောင်းကို လက်ဖြင့်

ခြံစီးတန်း ရှိုက်လိုက်သည်။ လည်စောင်းတခြမ်းလုံး ရဲတက်လာသည်။ အရာထောင်းသွားတာဆောက်က လက်ဝါးစောင်းဖြင့် ရိုက်ချလိုက်သည် ထက်ပင် နာလိမ့်မည် ထင်သည်။

နောက်ဆုံးတော့ လိပ်မကြီးကို လွှတ်လိုက်ကြသည်။ သူတို့သည် တာမှ မတက်နိုင်သည့် အတူတူ အဘယ့်ကြောင့် ခမ်းကို ကြိုးစားမည်နည်း။

"သွားပေတော့ အကို၊ ဒီကောင် ဒီနှစ်တလုံးလောက် ခရိုကို နှောက်လောက် သွားမယ့်ရှာ၊ လိပ်များဟာ ရေထဲမှာ မြန်သလောက် ကုန်းပေါ်မှာ သိပ်နှေးတယ်"

သူတို့နှစ်ယောက် သောင်စပ်က လိပ်ဥကျင်းများဆီသို့ ပြန်လာကြသည်။ လိပ်တက်ရာများသည် သံချပ်ကားကား၊ ဘီးရာကြီးများကဲ့သို့ သောင်စပ်တွင် ထင်းထင်းကြီး ပေါ်နေကြသည်။

မနေ့ညက လိပ်သုံးကောင်တက်သည့်အတွက် အသွားလမ်း၊ အပြန်လမ်း ခြောက်ခုတွေ့ရသည်။ လိပ်တက်ရာလမ်းအတိုင်း လိုက်သွားလျှင် လိပ်ဥကျင်းရာကို တွေ့ရသည်။ လိပ်ဥကျင်းရာကို တွေ့သော်လည်း တကယ်အုသည့် လိပ်ဥကျင်းကို ရှာရသည်က မလွယ်။ သည်မှာ ပြဿနာ ပါလာပြီ။ လိပ်မကြီးများသည် ပရိယာယ်များသည်။ ၎င်းတို့ အုမည့် သောင်စပ်သို့ ရောက်သောအခါ ရုတ်တရက် မအုသေး။ ကစားရေး လိုက်သေးသည်။ ဟိုနေရာလေးငါးနေရာမှ သဲတွေယက်နေအောင် ဖွသားသည်။ သည်ဟိုနေရာလေးငါးနေရာတွင် တကယ့်လိပ်ဥကျင်းသည် မည်သည့် နေရာတွင် ရှိမည်ဟု ခန့်မှန်း၍ မလွယ်။ ဟိုနေရာလေးငါးနေရာကို ဆန့်လိုက်ဖော်နေရလျှင်လည်း လုပ်ပန်းသည်။ အချိန်ကုန်သည်။

သံချောင်းက သည်ဟိုနေရာလေးငါးနေရာတွင် မည်သည့်နေရာတွင် ဥကျင်းရှိသည်ကို အတတ်သိသည်။ လိပ်ဥကျင်းအကျင်းတွင် လိပ်တက်ရာနှင့် ဆင်းရာ ရှိသည့် အနက် လိပ်သည် ဆင်းခါနီးတွင် ဥတတ်သည်။ ထို့ကြောင့် လိပ်ဥကျင်းသည် အဆင်းလမ်းထိပ်တွင် ရှိတတ်



သည်။ သည်ကြားနေရာတွေကို လိုက်ဖော်လျှင် အချိန်သာကုန်မည်။ ဥကျင်းကို တွေ့မည် မဟုတ်။

သံချောင်းလက်ထဲတွင် ဝါးတံသေးသေးကလေးတချောင်း ပါလာသည်။ ထယ်ချွန်ပါးလောက်ရှိမည်။ သံချောင်းသည် ဝါးချွန်ဖြင့် လိပ်ဆင်းလမ်းထိပ်ရှိ သဲပြင်မျှကို ထိုးလိုက်သည်။ သဲပြင်အောက် တထောင် ထွာသာသာမျှအရောက် အားစိုက်ထိုးချသည်။ နောက် ဆွဲနှုတ်ပြီး ဝါးချွန် ထိပ်များကို ကြည့်သည်။ ဥကျင်းကို မထိုးမိသေး။

"ဥကျင်းတွေ့ရင် ဥထဲက အရည်ကလေးတွေ ကပ်ပါလာတတ်တယ်။ သဲတွေနဲ့ကပ်ပြီး ပျစ်ချွဲချွဲကလေး တွေ့ရလိမ့်မယ်။ အဲဒီပျစ်ချွဲချွဲ အရည်ကလေးတွေ ပါလာရင် လိပ်ဥကျင်းပဲ"

ကိုနန္ဒာတလည်း လိပ်ဥကျင်းကို ထိုးရှာသည်။ သို့ရာတွင် မတွေ့။ ဘယ်ရာတွင် မကြာ။ နှစ်နေရာ သုံးနေရာလောက် ထိုးပြီးနောက် သံချောင်း လိပ်ဥကျင်းကို တွေ့သည်။

"တွေ့ပြီ အကိုရေ့ လာ၊ လာ"

သံချောင်းက ဝါးချွန်ဖျားတွင် သဲနှင့်ကပ်နေသော ပျစ်ချွဲချွဲ အရည်များကို ခပ်၍ ပြလိုက်ပြီးနောက် သဲများကို ယက်နေသည်။ ကိုနန္ဒာလည်း သဲတွေကို ဝင်ယက်သည်။ တထောင် ကျော်ကျော်လောက် ယက်မိသောအခါ လိပ်ဥများကို တွေ့ရသည်။ အားလုံး ရှစ်ဆယ့်နှစ်လုံး"

ကိုနန္ဒာက လိပ်ဥများကို အကုန်ဖော်သည်။

"အကို အကုန်မယူနဲ့နော်၊ တလုံးချန်ခဲ့"

"ဘာဖြစ်လို့"

"ဒါမှ လိပ်ကလေးတွေ ပေါက်ချိန်ကျရင် လိပ်မကြီး ပြန်လာမှာ၊ အကုန်ယူသွားရင် နောက်တခါ မတက်ဘဲ နေလိမ့်မယ်"

သံချောင်းက သည်လိုဂို ကိုစွမ်းနိုးတွင် ကျွမ်းကျင်သူဖြစ်သည်။ ထို့ကြောင့် သံချောင်း၏ စကားကို ကိုနန္ဒာ နားထောင်ရသည်။

သူတို့နှစ်ယောက် နောက်ထပ် နှစ်ကျင်းကိုလည်း ဖော်ကြသည်။ တကျင်းက တရာကျော်၊ နောက်တကျင်းကလည်း တရာကျော်။ ရေပေါ... လိုက်သောအခါ လိပ်ဥ အလုံးသုံးရာခန့် ရသည်။ ဆယ်ရက် ဆယ်... ရက်စာတော့ ရလုံသွားပြီ။

သူတို့တွင် လိပ်ဥများကို သယ်ရေးမျိုး နှစ်ယောက်သုံး တောင်း... တွေ ပါလာသည်။ တချို့ကို ချက်ချင်း ဖောက်သောက်ပစ်လိုက်သည်။ တချို့ကို တောင်းအိတ်နှစ်ခုတွင် ထဲ့သလောက် ထည့်... သည်။ ကျန် လိပ်ဥများကို ပိန်းဖက်ကြီးတွေနှင့် ထုပ်၍ ထုန်းလက်... ကြိုးဖြင့် စည်းပြီး တုတ်လျှိုထမ်းခဲ့ကြသည်။

အမြန်ကျတော့ 'ရွှေရှင်ဆို့' တမ်းပေါ်သောက်က တော်အော ကျော... ရာပေါ်တွင် နား၍ တရေးတမော အိပ်ကြသည်။

[ ၁၆ ]

"သံချောင်းရေ၊ ဟေ့ သံချောင်း"

"ကိုနွှာ၊ ရှိ အကို ကိုနွှာ"

သံချောင်းသည် စကားများများ မပြောသူမဟုတ်။ တခါတရံ ကြ... ကုန်ရင်း ကြက်တူရွေးကို စကားသင်နေတတ်သည်။

ကိုနွှာအိပ်ရာကနိုးတော့ ကြက်တူရွေး၏ ခေါ်သံကို ကြားရသည်။ သံချောင်းက သင်္ဘောဦးကျွန်းကျောက်ရာပေါ်တွင် ဝမ်းလျားမှောက်ကာ ပင်လယ်ပြင်ကို ငေးကြည့်နေသည်။

နေစင်မိုးလွတ်၍ ပင်လယ်သည် ကမ်းနှင့် အဝေးတစေ့စေ့ ရောက်နေသည်။ အနောက်တောင်ရာသီလေက အားလျော့နေပြီ။ လောင်းကင်းနှင့် ပင်လယ်သည် ပြာလဲ့နေသည်။ လှိုင်းခေါင်း ဖြူဖြူ များ က တနေ့အများသို့ ထွန်းနေကြသည်။

အမြဲတမ်းအလုပ်များနေသော သံချောင်းသည် ယနေ့တော့ ဝမ်းလျားမှောက်ကာ ပင်လယ်ပြင်ကို ငေးကြည့်နေသည်။ ကြီးလည်း မကျန်း၊ ထုန်းဆဲလည်းမထ။

ခါတိုင်းဆိုလျှင် ကိုနွှာက စကားပြော၍ သံချောင်းက အလုပ်လုပ်ရင်း နားထောင်တတ်သည်။ သူမှန်းလင်းသော အချက်များကို

မေ့တတ်သည်။ ယနေ့တော့ သံချောင်းသည် ကြက်တူရွေးနှင့် စကား ပြောကာ ပင်လယ်ပြင်ကို ငေးကြည့်နေသည်။

လွန်ခဲ့သည့်တပတ်ခန့်က သူတို့ကျွန်းအနီးမှ ပင်လယ်ကူးသင်းဘော ကြီးတစင်း ဖြတ်သွားသည်ကို မြင်လိုက်ကြရသည်။ ကျွန်းအနီးမှပင် ဆို သော်လည်း ဝေးသည် မဟုတ်။ အမြော်ကွယ်လှသော မိုးကုတ် စက်ဝိုင်းနှင့် ပင်လယ်အစပ်တွင် သင်းဘောကို မီးခြစ်ဆံကလေးမျှလောက် သာ လှမ်းမြင်ရသည်။ ကြည့်ရင်းကြည့်ရင်း မီးခြစ်ဆံကလေးလောက်သာ မြင်ရသော ပင်လယ်ကူးသင်းဘောကြီးသည် မီးခြစ်ဆံကလေးလောက် သေးသွားသည်။ ထို့နောက် အစက် အပြောက် တ ကလေး တခု ဖြစ်ကာ တဖြည်းဖြည်း ပျောက်သွားသည်။

"အကိုရေ၊ သင်းဘောကြီးဗျို့၊ သင်းဘော"

သည်တုန်းက သံချောင်းက ဝမ်းသာအားရ လှမ်းအော်သည်။ သင်းဘောကြီးသည် မိုးကုတ်စက်ဝိုင်းအောက်တွင် တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။

သံချောင်းသည် ဆက်ပြီးကြီးတချက် ဟင်းကနဲရှုသည်။ ထို့နောက် တော့ သံချောင်းသည် သင်းဘောအကြောင်းကို လုံးဝမပြောတော့။ တနေ့တရက်ကို ငေးစားနေသည့်နှယ် သူ့မျက်နှာသည် လေးနက်သော အသွင်ကို အမြဲတမ်း ဆောင်နေတတ်သည်။

သံချောင်းသည် ပင်လယ်ကြီးကိုဖြတ်ကူး၍ အိမ်သို့ပြန်ရန် စဉ်းစား ပြီး ဖြစ်ကောင်းဖြစ်သည်။ ကိုနုမှာလည်း သင်းဘောကြီးကို မြင်သည့် အခါတွင် ရင်ထဲမှာ ဟာကနဲ ဖြစ်သည်။ သို့ရာတွင် သူတို့နှစ်ယောက် သည် အိမ်ကိုလွမ်းကြောင်း တခွန်းမျှ မပြောကြ။ ပြန်ချင်ကြောင်း တခွန်းမျှ မပြောကြ။ မလွမ်း၍၊ မပြန်လို၍ မဟုတ်။ သို့ ထုတ်ဖော်ပြော ခြင်းသည် သူတို့၏ အားငယ်စိတ်၊ အထီးကျန်စိတ်ကို ပိုမိုကြီးမား လေးနက်အောင် အားပေးသလို ဖြစ်နေမည်စိုးကြသဖြင့် သိုဝှက်ထားကြခြင်း ဖြစ်သည်။



"မသေသေးခင် တနေ့တော့ ပြန်ရောက်မှာပေါ့ဗျာ"

သံချောင်းက သည်းမှုသာ ပြောသည်။ ထို့နောက် ပင်လယ်ကြီးကို ငေးကြည့်သည်။ သူ့မျက်လုံးများသည် နာကျည်းမှု၊ ခံပြင်းမှု၊ ပိုင်းဖြတ်မှု တို့ဖြင့် တောက်ပြောင်နေကြသည်။

ကိုနုမှာက စိတ်ပြေလက်ပျောက် မြို့တော်ရန်ကုန်၏ အကြောင်းကို ပြောပြသည်။ ဆူးလေဘုရားသမိုင်း အကြောင်း၊ ဘိုင်စကုတ်ရုံများ အကြောင်း၊ နှုတ်ခမ်းနီ၊ ဆံပင်ဂုတ်စိနှင့် ရန်ကုန်သူများ အကြောင်း၊ သူနှင့် သွယ်တို့၏ အချစ်ဇာတ်လမ်း အကြောင်း။

သံချောင်းက ရန်ကုန်ကို တခေါက်မျှမရောက်ဖူး။ သည်အကြောင်း များကို စိတ်ဝင်စားစွာ နားထောင်သည်။ မီးမရှိသော ရထားပေါ် တွင် သွယ့်လက်ပတ်နာရီကို ဖြုတ်ရာတွင် ကိုနုမှာ ဝင်ကယ်သည့် အခန်းကို သံချောင်းက သဘောကျသည်။

"မင်းဇာတ်လမ်းလေးတွေကော ပြောပါဦးကွ"

ကိုနုမှာက သံချောင်းကို လှမ်းပြောသည်။ သံချောင်း၏ မျက်လုံး များသည် မှုန်ဝေသွားကြကာ ပင်လယ်ပြင်ဆီသို့ ရောက်သွားသည်။

"ရည်းစားလေး ဘာလေးကော မရှိဘူးလား"

"ရှိတော့ ရှိပါတယ်။ ဒါပေမယ့်"

သံချောင်းက ဆက်မပြော။ သည်တော့ ကိုနုမှာက ဆက်မေးရ သည်။

"ဒါပေမယ့် ဘာဖြစ်သလဲ"

"ကျွန်တော့်ကို သစ္စာဖောက်သွားတယ်။ မိန်းမတွေဟာ သစ္စာ မရှိပါဘူး အကိုရာ"

"ပင်လယ်ပြင်ကြီးလိုပေါ့ကွာ။ ကြည့်စမ်း၊ ခုလိုကြည့်တော့ လှလို့၊ ငြိမ်ရောကောင်းလို့၊ အပြစ်ကင်းလို့။ လူသတ်တဲ့ ပင်လယ်ပြင်ကြီးလို့ ထင်ရဘူး။ မုန်တိုင်းကျမှ ဆိုတာနဲ့တပြိုင်နက် ကြောက်စရာ ကောင်း လာတာပဲ"

ကိုနန္ဒာက အတည် တစက် အပြက် တစက်ဖြင့် ပြောသည်။ အတိမျှောထုတ်ခြင်းတစက်၊ လှောင်ပြောင်ခြင်းတစက်ဖြင့် ပြောသည်။

"ဟုတ်တယ်၊ ဟုတ်တယ်။ အကိုပြောတာ သိပ်မှန်တယ်။ ကျွန်တော်လဲ ဒါကို စဉ်းစားနေတာ။ ဒါပေမယ့် ပါးစပ်ကမပြောတတ်လို့"

သံချောင်းက သူ့အစ သူ့ဇာတ်လမ်းကို ပြောပြသည်။

သံချောင်းသည် ထားဝယ် သရက်ချောင်းအနီး ရွာကလေးတရွာ၌ ဖြစ်သည်။ သူ့အဖေက ရွှေကျင်ဘက်က ဖြစ်၍ အမေက သနပ်ပင်သူ ဖြစ်သည်။ သံချောင်း၏အဖေသည် ဒုတိယ ကမ္ဘာစစ်ကြီး မဖြစ်မီက ရွှေကျင်ဘက်က ကြက်ပေါင်စေးခြံများတွင် ကြက်ပေါင်စေး ခြစ်သည့် အလုပ်သမား ဖြစ်သည်။ စစ်ကြီးဖြစ်ပေါ်နေတော့ ထားဝယ်ဘက်ရောက်လာပြီး ထားဝယ်ဘက်က ကြက်ပေါင်စေးခြံများတွင် အလုပ်လုပ်သည်။ စစ်ဦးအိုက်လုပ်တွင် သံချောင်း၏အဖေသည် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) နှင့်အတူ အထက်ဗမာပြည်သို့ ပါသွားသည်။ ဘီအိုင်အေ တပ် ဖျက်လိုက်သောအခါ သံချောင်း၏အဖေသည် အိမ်သို့ မပြန်တော့။ ဘီအိုင်အေ တပ်ထဲတုန်းက သိခဲ့သူ သူငယ်ချင်း တယောက်နှင့် အတူ သနပ်ပင်သို့လိုက်နေသည်။ သနပ်ပင်ရွာတွင် စစ်အတွင်း သုံးနှစ်လုံးလုံး လယ်လုပ်ခဲ့သည်။ သည်တုန်းက သံချောင်း၏ အဖေသည် အသက် နှစ်ဆယ်ကျော် အစိတ်လောက်သာ ရှိဦးမည်။

သနပ်ပင်ဘက်တွင် လယ်လုပ်ရင်း သံချောင်းတို့အမေနှင့် တွေ့သည်။ သူငယ်ချင်း၏ နှမဖြစ်သည်။ သံချောင်း အဖေနှင့် သူ့အမေတို့ လယ်တွင်း သွားလျှင် သံချောင်းတို့ အမေက ထမင်း လိုက်ပို့သည်။ သံချောင်းတို့အဖေသည် အမေတို့အိမ်တွင် စားရင်းသွားတပိုင်းဖြစ်သည်။ ရွှေမျိုးသားချင်းလည်း တပိုင်းဖြစ်သည်။ သံချောင်းတို့အဖေက လယ်ထောက်ခကို လိုသလောက်သာ ယူသုံး၍ ကျန်သည်ကို အမေတို့ မိဘများထံအပ်သည်။ သံချောင်းအဖေက အသောက် အစား မရှိ၊ အလျော်အပေါ်မရှိတော့ အမေတို့ အဖေများကလည်း သဘောကျ



သည်။ ကြာတော့ လူငယ်ချင်းလည်း ရင်းနှီးလာကြသည်။ လူကြီးတွေကလည်း သဘောတူသဖြင့် သံချောင်း၏အဖေနှင့်အမေသည် အကြောင်းလင်မယားအဖြစ် ရောက်ခဲ့ကြသည်။ သည်အထိ သံချောင်း၏ အဖေနှင့် အမေတို့၏ဘဝသည် ဖြောင့်ဖြူးချက် ရှိသည်။

တညတွင် ဂျပန်တပ်စုတတပ် ရွာထဲလာကာ အဖေနှင့် အမေတို့ လယ်တဲသို့ဝင်သည်။ အဖေနှင့် အမေတို့ကို ထမင်း ချက်ခိုင်းသည်။ အဖေနှင့်အမေက လယ်တဲတွင်ရှိသော ကြက်သားအုပ်မကို ခိုက်ချက်၍ ကျွေးလိုက်ကြသည်။ တတ်နိုင်သမျှ ကောင်းကောင်းမွန်မွန် ဧည့်ခံသည်။ ညတွင် သည်အထဲက ဂျပန်တယောက်က အမေ့ကို စော်ကားရန် ကြိုးစားသည်။ အဖေသည် ထိုနားတွင်ရှိသည့် မှက်ခုတ်ဓားဖြင့် ဂျပန်ကို ခုတ်သတ်ခဲ့သည်။ သည်ညထဲတွင် နေ၍မဖြစ်တော့၊ ရွာထဲသို့မြန်မြန်ပြေးသည်။ ရွာတွင်းသည်။ ဂျပန်တွေ ပူးပန်းခတ်မှု ဖြစ်နေသည်။ ပထမ ရွှေကျင်ဘက်သို့ပြေးဖို့ စိတ်ကူး သေးသည်။ ရွှေကျင်မှာသည်း အခြေအနေ မကောင်း။ သည်တော့ အဖေသည် သူနေခဲ့ဘူးသည့် သရက်ချောင်းဘက်ကို အမှတ်ရသည်။ သို့ဖြင့် အဖေနှင့်အမေသည် ဘီလူးဆင့် ကျွန်းလေးရေလပ်၊ အတောင်းတန်ကို ဖြတ်ကာ သရက်ချောင်းဘက်သို့ ပြေးလာခဲ့ကြသည်။

သရက်ချောင်းဘက်တွင် အလုပ်အကိုင် အဆင်ပြေသည်။ ကြက်ပေါင်စေး ဈေးကောင်းနေသည်။ ကာလ ပျော်ပျော်ရုက်ဖြစ်၍ မြိုင်ရှင်များကလည်း ကောင်းစွာမထုပ်ချုပ်နိုင်။ ကြက်ပေါင်စေးခြံများ ထဲသို့ဝင်၍ ရနိုင်သလောက်အစေးခြစ်ကြသည်။ ကြက်ပေါင်စေး အခိုးများကို ထားဝယ်သို့သွား၍ရောင်းသည်။ တခါတလေတွင်လည်း မြိတ်ရောက်လာကာ ကြက်ပေါင်စေး လာကောက်သော တရုတ်သည့်ဓားများထံသို့ ရောင်းသည်။ သံချောင်း၏မိဘများ၊ ဝင်ငွေကောင်းကြသည်။

သည်ခေတ်တွင် သံချောင်းကို မွေးမြင်းဖြစ်သည်။ သားဦးလေးမို့ ပွဲကျွတ်ထအမတတ် ချစ်ကြသည်။ သံချောင်း အခါလည်သား မရှိ

တနေ့တွင် အင်္ဂလိပ်အစိုးရက မြန်မာနိုင်ငံကိုသိမ်းပိုက်ပြီး ဂျပန်စက္ကူများကို တရားမဝင် ကြေညာလိုက်သည်။

ဂျပန်ခေတ်နှစ်လုံးဖြင့် ထည့်ထားသော အမေနှင့်အဖေ တို့၏ ဂျပန်ငွေစက္ကူများသည် ကြေညာချက်ကလေး တခုကြောင့် စက္ကူစုတ်များ ဖြစ်သွားခဲ့ကြသည်။ စကားကလေးတခွန်းနှစ်ခွန်းကြောင့် သံချောင်း၏ အမေနှင့်အဖေသည် ချောင်ချောင်လည်လည်ဘဝမှ ကုန်းကောက်စရာ မရှိသည့်အဖြစ်သို့ ရောက်သွားသည်။

ကြက်ပေါင်စေးမြို့များကိုသည်၊ မြိုင်ရှင်တို့က နေ့စဉ်တကျ အပ်နှံ နေကြပြီ၊ ယခင်ကလို ကြက်ပေါင်စေးမိုးဖြစ်၍ မရတော့။ သည်တော့ အမေက နတ်အိမ်တောင်ဘက်သို့ ပြောင်းရသည်။ နတ်အိမ်တောင် ဘက်တွင် သစ္စာတွင်းတွေ ရှိသည်။ အမေသည် နတ်အိမ်တောင် ဘက်က သစ္စာတွင်းများ ထဲတွင် သုံးနှစ်သုံးမိုး အလုပ်လုပ်သည်။ ထိုရာတွင် နတ်အိမ်တောင် ရောက်တော့ သံချောင်းက မကျန်းမာ သည့်အချိန်တွင် သံချောင်းလေးနှစ်သားရှိပြီ။သံချောင်းက ချူချာသည်။ ရာသီဥတုက ကြမ်းသည်။ သံချောင်း၏ မိဘများသည် တဦးတည်း သော သားလေး၏ ကျန်းမာရေးကို စိုးရိမ်ကြသည်။ အမေက နတ်အိမ်တောင်တွင် လုံးဝမနေချင်။ သံချောင်းသည် နတ်အိမ်တောင်ဘက် က မြေနှင့် မတည့်ဟုဆိုကာ သရက်ချောင်းသို့ ပြန်ရန် တပူ ပူ သည်။ ပူဆာခန်များတော့ အမေလိုက်လျောရသည်။ သရက်ချောင်းသို့ ပြန်ရသည်။ သရက်ချောင်းအနီးက ကြက်မောက်ချို မင်းကွတ်မြို့များတွင် အမေဝင်၍ အလုပ်လုပ်သည်။ ထိုရာတွင် ကွက်ခြေကိုက်။ မင်းကွတ် ကြက်မောက်ချို ဆိုသည့်မြို့က ကိုယ်ပိုင်လုပ်နိုင်မှ ကိုက်သည်။ သူ့ မြို့တွင် အငှားဝင်လုပ်ရလျှင် လုပ်ခသာလောက် ဝင်ငွေမကောင်း။

ထို့ကြောင့် အမေသည် လှေတစင်းနှင့် ပိုက်တခုဝယ်ကာ ပင်လယ် သို့ ထွက်၍ ငါးဖမ်းသည်။ ကျွန်းရှပ်၊ ငမှတ်၊ ကကတိုးပေါင်း၊ ငမျိုး သေလောက်လောက် သေ၍ ငါးမျိုးစုံရသည်။ ငါးအရ နည်းသည့်



အခါများတွင် ငါးခိုင်သို့ သွင်းပြီး ငါးအရများသည့် အခါများတွင် ပင်မက ငါးခြောက်လုပ်သည်။ ရေလှုပ်များသောက မင်းကွတ်မြို့ စိုက်သည် ဘက် ထွက်ခြေကိုက်သည်။ သည်တွင် အမေသည် နောက်ထပ် လှေ တစင်းနှင့် ပိုက်တထပ်ဝယ်ကာ လုပ်ငန်းဖြင့် လှေနှစ်စင်း ထွက်ကြ သည်။

သည်တုန်းက သံချောင်းသည် ခြောက်နှစ်လောက်ရှိပြီ။

တရက်ကို သံချောင်း ကောင်းကောင်း မှတ်မိသည်။

ရာသီက မိုးဦးလေဦး။ အမေတို့ငါးဖမ်းထွက်ရန် ပြင်သည်မှာ နှစ် ရက်ရှိပြီ။ သို့ရာတွင် ရာသီမကောင်း၍ မထွက်ရ။ သည်နေ့တော့ ရာသီ ဥတု ကြည်လင်သည်။ မုန်တိုင်းကျပြီး ငြိမ်သွားတော့သည်။ ထို့ကြောင့် အမေတို့ လှေနှစ်စင်းနှင့် ရွာက လှေသုံးစင်း၊ စုစုပေါင်း လှေငါးစင်း ထွက်သွားကြသည်။

အမေက ပင်လယ်သို့ ထွက်ခါနီးတွင် သူ့သားကြီး သံချောင်းကို ပွေ့ကာနမ်းရှုပ် နှုတ်ဆက်သည်။ ပင်လယ်ကပြန်လျှင် သံချောင်းကစား ဖို့ လိပ်ကျောက်ခွံတွေ၊ ကျောက်ပုစွန်တွေ ယူခဲ့မည်ဟု ဆိုသည်။ သံချောင်းက ကျောက်ပုစွန်ကို အလွန်သဘောကျသည်။ ကျောက်ပုစွန် က အရည်အသွေးကောင်းပေါ့။ လုံးပတ်က လက်ကောက်ဝတ်သာသာ ရှိသည်။ အခွံက ပိတုန်းရောင်လို စိမ်းစိမ်းပြာပြာ တောက်နေသည်။ ကိုယ်ထည်ကြီး တပင်တပင်က တောက်မှိုလုံးလောက်ရှိသည်။ သည် ကျောက်ပုစွန်ကြီးတွေကို အမေက မျှစ်ပြားပေါ်ကပ်ပြီး အရှင်အတိုင်း ပုံသောင် လုပ်ပေးတတ်သည်။ အရှင်ကျောက်ပုစွန် သံချောင်းကြောင့် ကိုက်သွားပြီး သည်တော့ သံချောင်းက ကျောက်ပုစွန် ခမ်းပေးဖို့ ပြောတတ်သည်။ ထို့ကြောင့် ကျောက်ပုစွန် ခမ်းခဲ့မည်ဟု သွားခါ နီးတွင် အမေက ပြောခြင်းဖြစ်သည်။

ထိုနေ့က ရာသီဥတု ကြည်လင်သည်။ အမေတို့ လှေထိုက်သည့် အခါတရံ လေးငါးရက်နှင့် ကြာတတ်သည်။ ကံကောင်းထောက်မ၍

အမေတို့ လှေထွက်ပြီး နောက်တရက်အထိ မှာသီဥတုကောင်းသည်။ ထိုရာတွင် တတိယမြောက်နေ့၌ ထားဝယ်အနောက်ဘက် ပင်လယ်တွင် မုန်တိုင်းကြီးကျသည်။ အမေသည် မုန်တိုင်းကျသည့်နေ့က မြေငလျင်ကြီးနှင့် စန်းရှင်ကြီးနှင့် သေသည့် မိန်းမ နတ်များကို ပူဇော်ပသသည်။ သေမည် ရန်မှ မြန်မြောက်ပါစေကြောင်း ဆုတောင်းသည်။ နောက်ရက်များတွင်လည်း ပူဇော်ပသသည်။

ထို့ကြောင့် တပတ်ခန့်ကြာသွားသည်။ အမေတို့လှေသိုက် မြန်မြောက်သေး၊ ဆယ်ရက်မြောက်နေ့တွင်မှ ထားဝယ်အနောက်ဘက်က ကျွန်းတကျွန်းတွင် လှေတစင်းလာတင်သည်။ ထိုလှေသည် အမေတို့လှေသိုက်ထဲမှ လှေဖြစ်သည်။ ထိုလှေတစင်းမှအပ အခြားလှေများမှာ ပင်လယ်ထဲသို့ မြှုပ်ပါ၍ နစ်မြုပ်ကုန်ကြပြီဟု သိရသည်။

သည့်အကြိမ်သည် အမေ့ကို သံချောင်း နောက်ဆုံး တွေ့လိုက်ရခြင်း ဖြစ်သည်။ အမေသည် သည့်နောက်၌ အိမ်ကို ပြန်မရောက်တော့၊ သံချောင်းအစားသို့ ကျောက်ပုစွန်လည်း ယူမလာနိုင်တော့။ သူ့အမေသည် ပင်လယ်ကြီး၏ ဝမ်းဗိုက်ထဲသို့ ရောက်သွားခြင်းကို ခံခဲ့ရပြီ။

သည်ကတည်းက သံချောင်းသည် မုဆိုးမသားဘဝသို့ ရောက်ခဲ့သည်။ အဖေသည် သနပ္ပင် ဆိုလည်း မပြန်တော့၊ သနပ္ပင်ဘွဲ့ရှိသည့် ချောင်းသားချင်းများလည်း မရှိတော့ပြီ။

အဖေသည် ကိုယ်တိုင်ထွက်၍ အလုပ်လုပ်သည်။ မင်းရွတ်သီးပေါ်ချိန်တွင် မင်းရွတ်သီး အငှားလိုက်ခူးသည်။ သင်္ကြန်နီးသည့် တောသကြၤန်လိုက်သည့်အခါ လိုက်သည်။ ကုန်စိမ်းရောင်းသည်။ အမှာအားဖြင့်တော့ ကုန်စိမ်းရောင်းသည့်ကများသည်။ ရာသီအလိုက် ပေါ်သော သီးနှံများကို တောင်းတလုံးနှင့် ထည့်ကာ သရက်ချောင်းမြို့ တက်ရောင်းသည်။ သရက်ချောင်းတအမြို့တွင် ဈေးသည်အကိုကလေးများ၊ ဆံညှပ်ကလေးများ စသည့် တမူ့စားနိုင်သော ကုန်စိမ်းများကို ဝယ်၍ ရွာတွင် ရောင်းသည်။



သံချောင်း ကျောက်ကြီးပေါက်တော့ အမေမရောမယှက်နိုင်၊ ဝင်ငွေမျိုး ချောငြားစားရသည်။ မောင်စောကိုလည်း ချောငြားဝယ်ရသည်။ သံချောင်းက ကျောက်ပေါက်ရာမှ နာလှ၍တော့ ပြန်၍ ထပါသည်။ ကျောက်ရောဂါလည်း ပျောက်ပါသည်။ ထိုရာတွင် မပျောက်သည့်အရာ ရှိနေတော့ ကျန်ရစ်ခဲ့သည်။ တနက သံချောင်းမျက်နှာပေါ်က ကျောက်ပေါက်မာ၊ နောက်တနက အကြွေး။

သံချောင်းရောဂါပျောက်သည်နှင့် အမေကုန်စိမ်းပြန်ရောင်းရသည်။ သံချောင်းကိုတော့ စာလည်းတတ်စေ၊ အထိန်းကျောင်းရလည်း၊ သက်ကြီးမိုးသည့် သဘောဖြင့် ဘုန်းကြီးကျောင်းသို့ပို့လိုက်သည်။ ဘုန်းကြီးကျောင်းက အတန်းကျောင်းဖြစ်သည်။ သံချောင်းသည် ဘုန်းကြီးကျောင်းတွင် မြောက်နှစ်လောက် နေခဲ့ပြီး လေးတန်းအထိ သင်ခဲ့သည်။ လေးတန်းတော့ မအောင်၊ အသက်က ဆယ့်သုံးနှစ်လောက်ရှိပြီ။

သည့်ကျောင်းမှာပင် သံချောင်းကို အစိမ်းလှပြီး သင်္ကန်းဆည်းသည်။ သံချောင်း ကိုရင်ဘဝတွင် မပျော်။ ဥပုသ်တပတ်ဝတ်ပြီး ကိုရင်ထွက်သည်။ အမေ့ကိုလည်း သနားသည်။ အမေက ပန်းနာရှိသည်။ ချောင်းဆိုး ရင်ကြပ်သည်။ သည်တော့ သံချောင်းသည် သူ့အတွက် အမေ့တွင် တာဝန် မထားစေချင်။ ချောင်းတဟွတ်ဟွတ်ဖြင့် အမေ ရှာဖွေလုပ်ကိုင်နေသည်ကိုလည်း မကြည့်ချင်။

ထို့ကြောင့် ကိုရင်လူထွက်ပြီး သံချောင်း အလုပ်လုပ်သည်။ ကြီးကြီးမှုမှ ကျယ်ကျယ်မဟုတ်၊ အငှားကျွဲကျောင်းသည့်အလုပ်ဖြစ်သည်။ ကျွဲတကောင်ကို တလလျှင် ရွာထဲက ကျွဲအချို့ကို ကျောင်းပေးသည်။ တလလျှင် ကောက်ပဲသီးနှံ ဆုံးဆယ်မျိုးတော့ရသည်။

သံချောင်းတသက်တွင် မမေ့ရသော အဖြစ်အပျက်တခု ကျွဲကျောင်းစဉ်က ကြုံခဲ့ရသည်။ သံချောင်း ကျွဲကျောင်းသည့် ဧ။ ကျက်နှင့် ကျွဲမကဲတွင် စားကျက်တခုရှိသည်။ သည်စားကျက်တွင် သူတို့ရွာ၏ အောင်မောင်းကလည်း ကျွဲကျောင်းသည်။ ထိုရာတွင် အောင်

မောင်းက ကိုယ့်ကျွဲကိုယ်ကျောင်းသူဖြစ်၍ သံချောင်းက အငှားကျောင်း ရသူဖြစ်သည်။

သည်တော့ အောင်မောင်းက သံချောင်းကို နှိမ်ချင်သည်။ အမေ မပေါ်သည့်သားပေ ပြောသည့်အခါ ပြောတတ်သည်။ သူများကျွဲ အငှားကျောင်းပေးရသည့် သူတောင်းစားပေလည်း ဆိုတတ်သည်။ တခါတရံတွင် ကျောက်ရုပ်မျိုးလည်း ခေါ်တတ်သည်။ သံချောင်း၏ ကျွဲတကောင်တလေ သူ့စားကျက်ဘက်သို့ ရောက်သွားလျှင် သံချောင်းကို မထေ့မငဲ့ ကိုင်ဆဲတတ်သည်။

သံချောင်းသည် ပထမတော့ အောင့်၏။ သည်းခံသည်။ ကြောက်လည်း ကြောက်သည်။ အောင်မောင်းက သူကြီးသားဆိုတော့ အာဏာ ပါဝါ တွေ့ရှိသည်။ အသိုင်းအဝိုင်းကောင်းသည်။ ထို့မှတပါး ခွန်အား သူ့ထက်ကောင်းသည်။ သံချောင်းက အရပ်ရှည်သော်လည်း ခန္ဓာကိုယ် သိမ်မွဲ့။ ပိန်ပိန်ရှည်ရှည်။ အောင်မောင်းက ဝင်ဝိုင်းတိုင်း ကောင်းကောင်း။ သည်တော့ သံချောင်းက အစစ အရှုံးရ ရှုံးနေသည်။ တခါတွင်တော့ အောင်မောင်းက သူ့ခေါင်းကို ထုသဖြင့် ခေါင်းကွဲသွားသည်။ သံချောင်းသည် နောက်နေ့က ဒဏ်ရာကို စမ်းပြီးတိုင်း အောင်မောင်းကို နာကျည်းသည်။ သို့ရာတွင် ဘာမျှ မတတ်နိုင်။ သံချောင်းက ငယ်ကြောက်ဖြစ်သည်။

သို့ရာတွင် အောင်မောင်း အမြဲတမ်းအနိုင်ကျင့်နေသည်ကို သံချောင်း သည်းမခံနိုင်။ တနေ့တွင် သူ့အဘေးသူငယ်ချင်း ရှမ်းစရာလုပ်သော တယောက်က သံချောင်းကို ကျွန်ကိုင်သင်ပေးသည်။ သံချောင်းကြာကြာ မသင်ရ။ နှစ်ပတ်ခေါက် သင်လိုက်လျှင်ပင် ကောင်းကောင်းကျွမ်းကျင် တတ်ပြီ။

သံချောင်းသည် အောင်မောင်းကို လက်စားချေရန် အကွက်ကောင်းကို စောင့်သည်။ ကြာကြာမစောင့်ရ။ တနေ့ ကျွဲကျောင်းရင်း တောင်နားရှိ သရက်ပင်က သရက်သီးမှည့်များကို သံချောင်းခူးလာသည်။



သံချောင်းက သရက်သီးတလုံးစားမည်အလုပ် အောင်မောင်းရောက်လာကာ သူ့လက်ထဲက သရက်သီးကို လုယူလိုက်သည်။

"ဟေ့ ကျောက်ရုပ်။ သရက်သီးသူခိုး"

အောင်မောင်းက သံချောင်းစားမည့်သရက်သီးကို လက်တဖက်ဖြင့် မြှောက်၍ကာစားနေသည်။ လက်တဖက်က ခါးတွင် ထောက်ထားသည်။ ပုံအမူအရာက မနိုးမခန့်။ ပြောင်လှောင်သရော်သည့် အမူအရာမျိုး။

"ဘယ်လိုလဲကွ ကျောက်ရုပ်။ မင်းတို့အမျိုးက ခိုးလဲ ခိုးသလား"

သံချောင်းနှလုံးသည် လည်မျိုသို့ ဆို့တက်လာသည်ဟု ထင်ရသည်။ မျက်နှာတွေ ထူပူလာသည်။ မျက်လုံးတွေ ပြာလာသည်။

သံချောင်းသည် ဘာမျှမပြော။ ကျားသစ်တကောင်ကဲ့သို့ လွှားကနဲ ခုန်ကာ အောင်မောင်း၏ဝမ်းဗိုက်ကို ခေါင်းနှင့်ပင်ဆောင့်လိုက်သည်။ ထို့နောက် ခါးကိုမှ ဖွဲ့၍ ပခုံးပေါ်သို့ ထမ်းတင်ကာ နောက်သို့ ပစ်ချလိုက်သည်။ အင်္ဂလန်မြည်သံနှင့်အတူ အောင်မောင်းသည် မြေကြီးပေါ်တွင် စန့်စန့်ကြီး ပက်လက်လန်နေသည်။ တော်တော်နှင့် မထနိုင်။

သံချောင်းက မြင်းလျှင် ထိုးရန် အဆင်သင့် မိုး၍ စောင့်နေသည်။ အောင်မောင်း ရုတ်တရက် ထမရ။ သည်တော့မှ သံချောင်းသည် ရွှံ့ပျက် ရှိသော အောင်မောင်း၏ မျက်နှာပေါ်သို့ ထွေးကနဲ အာခံထဲက တံတွေးတွေများကာ လွှင့်ထွက်လာခဲ့သည်။

သည့်နောက် အောင်မောင်း အနိုင်မကျင့်ရဲတော့။ သံချောင်းကို တွေ့လျှင် တချက်မျှ လှမ်းကြည့်ပြီးနောက် တင်းမာသော သံချောင်း၏ မျက်နှာကို မြင်လိုက်သည်နှင့် မမြင်ယောင်ပြုကာ ရှောင်သွားတတ်သည်။

သည်ကတည်းက သံချောင်း ရင်ဘိုကောင်းလာသည်။ ငါသာသည်။ ကြောက်မခံသည့်သတ္တိ ရှိလာသည်။ သံချောင်းသည် သင်ခန်းစာတခုကို လည်း ရလိုက်သည်။ လောကမှာ အားကြီးသူတိုင်းကို ကြောက်စရာမလိုတတ်။ အငယ်က အကြီးကို နိုင်အောင် သတ်နိုင်သည်။ အားနည်းသူက အားကြီး

သူ့ကို အနိုင်သတ်နိုင်သည်။ အရေးကြီးသည်က သည်္ဘို့နှင့် ကျွမ်းကျင်မှုသာ ဖြစ်သည်။

အသက်ဆယ့်ခြောက်နှစ်သားတွင် သံချောင်း ပင်လယ်သို့လိုက်သည်။ ပင်လယ်လိုက်သည်ကို အဖေက သဘောမတူ။ ပင်လယ်တွင် အဖေ အသက်ဆုံးခဲ့ရသည့်အတွက် ပင်လယ်ကို အမေ စိတ်နာသည်။ ပင်လယ်နှင့် ပတ်သက်ရမည့်အလုပ်မျိုးကို အမေ ဝေးဝေးက ရှောင်သည်။ သို့တွင် သံချောင်းက အမေနှင့် ပြောင်းပြန်ဖြစ်သည်။ ပင်လယ်ကို စိတ်ဝင်စားသည်။ ပင်လယ်၏သဘာဝကို သူသိချင်သည်။ သူ့အဖေ ဝါးမျိုစားသောက်ပစ်ခဲ့သော ပင်လယ်သည် မည်သည့်အရာနည်း။

သူငယ်ငယ်တုန်းက ပင်လယ်၏ ပုံပြင်များကို အဖေ့ထံမှ ကြားဘူးသည်။ အဖေမရှိသည့်နောက်တွင်လည်း အမေ့ထံမှ တဆင့် ကြားရသည်။

မြက်ခင်းပြင်ကျယ်ကြီးတခုတွင် ထိုးထောင်နေသည့် ကျွန်းမြိုင်ကြီးတ ရွေ့လာသည့် အဖြူရောင်ကျယ်သော ပင်လယ်ပြင်ကြီးပေါ်တွင် ကြောက်ဖွယ်အသံကိုပြုကာ ရွေ့လာတတ်သော လေမုန်တိုင်းကြီးများအကြောင်း၊ ကျွန်းကြီး ဖြတ်ပြေးရာ လမ်းတလျောက်တွင် သစ်ပင် မြက်ပင်တို့ ရေ ဖြစ်ကျန်ရစ်ခဲ့သည့် နည်းတူ လေမုန်တိုင်းကြီး ဖြတ် သန်းသွား တလျောက်တွင် ကသောင်းကနင်း ဖြစ်ကျန်ရစ်ခဲ့သော ပင်လယ် လှိုင်းတံပိုးကြီးများအကြောင်း၊ ကျောက်ဆောင်ကြီးများ မြေခနေ မြေပြင်ထက်တွင် သုံးလေးရက်မျှ တက်ကာ နေရာ လှုပ် လင်းပိုင်ကြီးများအကြောင်း၊ ထိုအခါမျိုး၌ ၎င်းတို့၏ သည် မိုင်ပေါင်းများစွာအထိ ပြန့်နှံ့နေတတ်သည့်အကြောင်း၊ ရေကြီးဘေး တက်လာသလို မိဘ်လိုက်မြို့တွင် ပင်လယ်ပြင်အောက် တရွက် အမြန်လောက်အထိ တန်းတန်းမတ်မတ်ကြီး တက်လာ ကလေးမျှော်လျှောက်ရှိသည့် ငမန်းကြီးများ အကြောင်း။ မီးတောင်



ပေါက်ကွဲထွက်သည့် ရေတို့ကို မှုတ်နဲ့ မှုတ်ထုတ်၍ ပုံထောက်နေသော ငါးမန်းကြီးများအကြောင်း၊ တမိုင်ခန့်ကျယ်၍ မိုင်ပေါင်းများစွာ ရှည်လျားသော ငါးရှဉ့်ကြီးများ ရွေ့ပြောင်းသွားလာကြပုံအကြောင်း၊ ကျွန်းမြို့ဟု ထင်ရသော ပင်လယ်ကုလ်ချက်များအကြောင်း၊ ညတွင် တဝင်းဝင်း တောက်ကြသော ပင်လယ်မီးစုန်းများအကြောင်း၊ ထောင်ပေါင်းများစွာသော ပင်လယ်ငှက်အုပ်ကြီးများ ပင်လယ်သို့ သားရေ ဆင်းကြသည့် အကြောင်း၊ ဘွိုင်လာအိုးကြီး ပွက်ပွက်ဆူသကဲ့သို့ တဝုန်းဝုန်းဆူပြည် လှုပ်လှုပ်ရှိသော ပင်လယ်ဝဲကြီးများအကြောင်း၊ မြွေကြီးများ အရွေ့ လိုက်သကဲ့သို့ တွန့်လိမ် ကွေ့ကောက်ကာ အဆုံးအစ မမြင်ရသည့် ပင်လယ် ရေစီးကြောင်းကြီးများအကြောင်း၊ အလွန် နှင်းအားကြီးသည့် ပင်လယ်အိုင်ကြီးတကောင်က လေး ညို့ မြိုး မြိုင်း ဖြိုး ပစ်လိုက်သည့် လောက်စာလုံးကြီးတလုံးနှယ် ထင်ရအောင် ရေထဲတွင် ဦးကာနဲ့ လှုပ်ကာ လှုပ်မြန်စွာ ဖြတ်သန်းသွားတတ်သည့် ကမ္ဘာလိပ်ကြီးများ အကြောင်း၊ ပင်လယ်အောက်ခြေနေရာတွင် ပင်လယ် ဓာတ်လှုကြီးနှစ်ကောင် ရန်ဖြစ်၍ သတ်ပုတ်ကြသည့်နှယ် ပင်လယ်အောက်ခြေနေရာမှ ပေါ်ထွက်လာတတ်သော တောင်လဲသကဲ့သို့ အသံကြီးများအကြောင်း၊ မုန်တိုင်းတိုက်သည့် အခါများတွင် ထိမ်လုံးလောက်ထိ မြင့်တက်လာကာ ရေလှိုင်၍ သင်္ဘော အလုံးလိုက်ကို ဝါးမျို ရေစု ဖျက်ဆီးပစ်သော ရေတိမ်လှိုင်းကြီးများ အကြောင်း၊ တခါတရံ ရာသီဥတု ကြည်လင်သာယာနေလျက်နှင့် လှိုင်း ပုက်ကြီးတွေ ထကာ ရေမျက်နှာပြင်တောင်းသော ပင်လယ်၏ ဘောင်းကြီးများအကြောင်း။ မျှော်စိတ်ကုန် ယင်ယှက် ကြည့်လိုက်လျှင် ကျောက် ကျောက်တုံးကြီးတတုံးလို အရွှေ့ရာယ် ကင်းသလောင် ထင်ရသော်လည်း ရေသတ္တဝါများကို ဖွက်ယူ ဝါး မျို ပစ်သော ပင်လယ်ငုံ့ရှောကြီးများ အကြောင်း၊ ကျောက်ပန်းမှုန်ကြီးတမှုန်လို ရေပေါ် တွင် ပေါ်နေရာမှ နက်ရှောင်းသော ရေအောက်သို့ ငုပ်လျှိုး ပျောက်ကွယ်သွားတတ်သော ပင်လယ် ရေသဲကြီးများအကြောင်း၊ ရန်သူနောက်သို့လိုက်သော ရေငုပ်

သင်္ဘောတစင်းမှာ ဆွေးနွေးရသည်နှင့် အနံ့အောက်သို့ တန်း၍ လိုက်
လာသော နုတ်မေးမြန်းကြီးများအကြောင်း။

သံချောင်းသည် ပင်လယ်ဆိပ်ကမ်းမြို့များကို ကြားရကတည်းက ပင်လယ်
သို့ ရောက်ရှာချင်သည်။ ကျယ်ဝန်းသော ပင်လယ်ကို သူ
ချင်သည်။ ထုတေ့ကို ပင်လယ်က ဝါးမျိုး စားသောက်ပစ်လိုက်
ဆိုသောအခါ သံချောင်းသည် ပို၍ ပင်လယ်ကို သိချင်လာသည်။
တချို့က ပင်လယ်တွင် ပျော်ကြသည်၊ တချို့က ပင်လယ်ကို ကြောက်
ကြသည်။ ကြောက်စရာ ရှာမြင့် ကြည့်နူးစရာ များကို ပေးနိုင်သော
ပင်လယ်ဆိုသည့် အရာသည် အဘယ်အရာနည်း။

သံချောင်းသည် ဆယ့်ခြောက်နှစ် သားတွင် အမေမသိအောင်
ပင်လယ်သို့ လိုက်သွားသည်။ ဝေးဝေးလံလံမဟုတ်၊ မြစ်ကျွန်းမှ
ဘက်ဆီသို့ ထွက်သော တံငါလှေများနှင့် လိုက်ခြင်းဖြစ်သည်။ ပင်လယ်
သည် သူ ထင်သည်ထက် အံ့သြစရာ ကောင်းနေသည်။ ပျော်စရာ
ကောင်းနေသည်။ လှေပေါ်မှာမျှ၍ လှေပေါ်မှာ သေသွားကြသော
ဆလုံတွေလို သူနေချင်သည်။ ပင်လယ်လှိုင်းသံကို သူ နားထောင်
သည်။ ပင်လယ်လှိုင်းသံကို ပင်လယ်ထဲက နားထောင်ရခြင်းသည် ကမ်း
ပေါ်က နားထောင်ရခြင်းနှင့်မတူ။ ပို၍ မြည်ဟိန်းသည်။ အပေါ်
အမြှောက်ကြီးများ ပစ်ခတ်နေသကဲ့သို့ ထင်ရသည်။ ထိုအသံများသည်
ပင်လယ်[illegible]ကျယ်ဝန်းကျယ်ခြင်း၊ ခန့်ညားကြီးကျယ်ခြင်းကို
ဖော်ပြနေ[illegible]သည်။

ကမ်းခြေရွာ[illegible]ကြီးများတွင် တက်ကြ၍ ငှက်သိုက် နှိုက်ကြသူများကို
ကြည့်၍လည်း သံချောင်းအံ့သြရသည်။ မြင့်မားလှသော ကမ်းပါးမြို့
ကြီးများအလယ်တွင် ငှက်သိုက်များရှိသည်။ ငှက်သိုက်ရှိရာသို့ ခေါ်
ကြိုးချည်ကာ တွဲလောင်း ဆင်းလာကြသည်။ နံရံကြီးတခုတွင် မြိတ်
ထားသော အရှက်ကမ္ဘာလုံးများနှင့်ပင် တူသေးသည်။



ပင်လယ်က ပြန်လာတော့ အမေက ဆူသည့်ရော၊ ငိုသည့်ရော
လုပ်သည်။ သို့ရာတွင် သံချောင်းကိုဘာမျှ မရ။ ပင်လယ်တွင် သံချောင်း
ပျော်သွားပြီ။ သည်ကာစ၍ သံချောင်းသည် တံငါလှေများတွင် လှော်ကား
လိုက်သည်။

သည်အတောအတွင်း ခင်ကြည်နှင့် တွေ့ခြင်းဖြစ်သည်။

ခင်ကြည်က စီးပွားသောင်နှာက ပိုက်သူကြီး၏ သမီး ဖြစ်သည်။ သူ့
အဖေက တံငါလှေ လေးငါးဆယ်စင်းနှင့် နိုင်လွန်ပိုက်များစွာကို ပိုင်
သည်။ သံချောင်းတို့လှေသိုက် ပင်လယ်မှ ပြန်လာချိန်တွင် ပိုက်သူကြီး
ထံက ထမင်းကျွေးတတ်သည်။

ခင်ကြည်က ရေလုပ်သားထဲတွင် အသက်အငယ်ဆုံး၊ သူနှင့် ရွယ်တူ
ဖြစ်သော သံချောင်းကို စိတ်ဝင်စားသည်။ သံချောင်းကမူ ခင်ကြည်ကို
နည်းနည်းကလေးမျှ စိတ်မဝင်စား။ မိန်းမဟိုသည်ကလည်း တမျိုးဖြစ်
သည်။ သူတို့ကို စိတ်မဝင်စားသော ယောက်ျားကလေးကို သူတို့က
ပို၍ စိတ်ဝင်စားတတ်သည်။ ထိုယောက်ျားကလေးက သူတို့အပေါ်
စိတ်မဝင်စားလျှင် ဝင်စားလာအောင် လုပ်တတ်သည်။ ယောက်ျား
ကလေးတယောက်က စိတ်ဝင်စားခြင်းမခံရသော မိန်းကလေးမျိုး၊ ဂရု
စိုက်ခြင်းမခံရသော မိန်းကလေးမျိုး ဘယ်သူမှ မဖြစ်ချင်။

သည်တွင် ခင်ကြည် ပရိယာယ်တမျိုးဆင်သည်။ သူက စိတ်မဝင်စား
ဟန်ပြလျှင် ကိုယ်ကလည်း သူ့ကို စိတ်မဝင်စား[illegible]မည်။ သို့မှ
သူစိတ်ဝင်စားလာအောင်၊ သူ့စိတ်ထဲတွင် တွေး[illegible] ဖုအောင်း
မှုလာအောင် ပြုရမည်။

သံချောင်းတို့လှေသိုက် ပင်လယ်ကပြန်လာလျှင် ခင်ကြည်နှင့် အမေက
ထမင်းကျွေးကြရသည်။ ခင်ကြည်သည် ရေလုပ်သားမှန်သမျှကို ကိုယ်တိုင်
ခူးခပ်ကျွေးသည်။ စော်ရွှေရွှာ ဆက်ဆံသည်။ သံချောင်းကိုမူ အဝေး
ကောင့်သည့်နှယ် ဆက်ဆံပစ်လိုက်သည်။ တခြားသူ ထမင်းစား နောက်ကျ
လျှင် ကိုယ်တိုင် ခူးခပ်ကျွေးသည်။ သံချောင်းထမင်းစား နောက်ကျလျှင်

သံချောင်းရွှေမှာယင် အမေ့ကို အရှုံးခိုင်း၍ ကျွေးစေသည်။ [illegible]
မရှိလျှင်လည်း သူကိုယ်တိုင် ခူးခပ်မကျွေး။ "မီးဖိုချောင်သံမှာ" [illegible]
သံပြက်နှက်ပြောကာ တခြားသို့ ရှောင်ထွက်သွားတတ်သည်။

သည်လိုကြိုရာနှုန်းများသော် သံချောင်းမပြီးလာသည်။ သူ့ကို [illegible]
သည်ဟု ထင်သည်။ အစက်မကန် သဘောထားသည်ဟု ထင်သ[illegible]
တို့ကြောင့် ခင်ကြည် သည်ပုံမျိုးဆက်ဆံလာလျှင် ထမင်းမစားဘဲ နေ[illegible]
လိုက်သည်။ ခင်ကြည်က တခါနှစ်ခါတော့ မည်သို့မျှ မတုံ့ပြန်။ ထို့နော[illegible]
သူ သည်လိုချော့တိုင်း သံချောင်း ထမင်းမစားဘဲ နေခဲ့များသော[illegible]
ခင်ကြည် မနေနိုင်တော့။

တညနေ မိုးချုပ်ချုပ်တွင် သံချောင်းသည် ပင်လယ်ကမ်းစပ် [illegible]
တမှ ရွာသို့ ပြန်လာခဲ့သည်။ သည်တုန်းက သံချောင်းတို့ ပင်လယ်[illegible]
မထွက်ကြသေး။ လှေများလည်း ထွက်မရောက်ကြသေး။ သံချောင်း[illegible]
အရှာအစရလုပ်သား နှစ်ဦးကမူ အိမ်မပြန်သေး။ ခင်ကြည်ကို ရွာမှ[illegible]
ကျန်ရစ်ခဲ့သည်။ ပင်လယ်ထွက်ဖို့ ပိုက်ဖာရမည်။ လှေများကို လွှ[illegible]
ရမည်။ လှေပေါက်များကို ဖာရဦးမည်။

သံချောင်းသည် ပိုက်ဖာပြီးနောက် အိမ်သို့ပြန်လာခဲ့သည်။ အိမ်[illegible]
ဘယ်သူမှမရှိ။ ခင်ကြည် အမေလည်း မရှိ။ ခင်ကြည် အဖေလည်း မ[illegible]
ခင်ကြည့်မောင်ကလေး နှစ်ယောက်ကလည်း ဆောင်မြင်းတွင် ကစား[illegible]
ကြသည်။ သံချောင်းက ထမင်းစားရန် ခပ်သုတ်သုတ် ရေချိုးသ[illegible]
ယနေ့ညနေ ထမင်းမိုး၍ ဆာသည်။

"အမေပါရေ၊ ထမင်းစားရအောင်နော်"

သံချောင်းက အဝတ်အစားလဲပြီး မီးဖိုသို့ သွားရပ်သည်။ မီး[illegible]
ထဲတွင် ဘယ်သူမှ မရှိ။ သူ့အမေများလည်း မရှိ။ ပိုက်ဖာပြီး အဆ[illegible]
ဆိုင် ထွက်သွားကြရာမှ အိမ်သို့ ပြန်မရောက်ကြသေး။

သံချောင်းက မီးဖိုတွင် အဝမှအထဲသို့ လှမ်းကြည့်နေရင်း နောက်[illegible]
နိုင်ကာ၍ မြင်လိုက်၍ လှည့်ကြည့်လိုက်သည်။



လှမ်းမြင်လိုက်ရသူက ခင်ကြည်။

ခင်ကြည်က စထရော်ဘယ်ရီရောင် တက်ထရွန် လော်ငြိုက်၊ အနက်
ပြင်တွင် ရွှေနုပ်ပွင့်ကလေးတွေ ရိုက်ထားသည့် တရွက် ပဲသားတော့
ထဘီကို ဝတ်ထားသည်။ မျက်နှာတွင် ပေါင်ဒါကြားကာ သနပ်ခါး
ပြောင်ခေါင်းဆုံး လိမ်းထားပြီး စပယ်ကုံးတကုံးကို ပန်ထားသည်။
သံချောင်းသည် အတန်ကြာမျှ ခင်ကြည်ကို စူးစိုက်ကြည့်နေမိသည်။
ခင်ကြည်ကို တခါမျှ သည်လောက်လှကြောင်ကြီး မကြည့်ဘူးခဲ့။ သည်လောက်
လှ၍ သည်လောက် ချစ်စရာကောင်းသည်ဟုလည်း တခါမျှ မထင်ခဲ့။
သည်လောက်လည်း တခါမျှ စိတ်မဝင်စားခဲ့။

ခင်ကြည်က သံချောင်းအကြည့်ကို ရင်မဆိုင်ရဲသဖြင့် မျက်လွှာကို
ချထားသည်။

"ထမင်းမစားရသေးဘူးလား"

သံချောင်းက ခင်ကြည့်တကိုယ်လုံးကို သိမ်းကျုံးကြည့်ရင်း မေးသည်။

"ကျွက်ပြီဘ။ စားချင်စားပါလား"

ခင်ကြည်က ခပ်စူစူ ဖြေသည်။

"ခူးမပေးသေးဘဲ၊ ဘယ်နှယ်လုပ်စားမလဲ"

"လက်ရှိသားဘဲ။ ကိုယ့်ဖာသာကိုယ် ခူးစားပေါ့"

ခင်ကြည်က အဲ့တိုက် ပြောသည်လည်း ဖြစ်ချင်ဖြစ်မည်။ တကယ်
ပြောခြင်းလည်း ဖြစ်ချင်ဖြစ်မည်။ သို့ရာတွင် မည်သို့ဖြစ်စေ ခင်ကြည်၏
မျက်နှာအမူအရာနှင့် အသံက သံချောင်းရင်ကို ထိခတ်သွားသည်။ ပို၍
ချစ်စရာကောင်းသည်ဟု ထင်လာသည်။ ခင်ကြည်နှင့်သူ သမီးရည်းစား
ဖြစ်ခါကာတည်းနည်းမျိုးဟုယင် ထင်လိုက်မိသေးသည်။

"ဝင်ပြီ ခူးစားတာ ကြိုက် မကြိုက် မသိလို့ပါဟာ"

"အို၊ အဆန်းလုပ်လို့။ ခါတိုင်းလဲ ခူးစားနေတာဘဲ"

ခင်ကြည်က မျက်လုံးရွဲကြီးများဖြင့် လှမ်းကြည့်၍ ပြောသည်။

"ခါတိုင်းကတော့ အမေရှိတယ် မဟုတ်လား"

"မရှိလဲ ခူးစားပေါ့၊ အားလုံးကုန်နေပြီဘဲ"
"နင်ခူးမပေးဘူးလား"
ခင်ကြည်က မဖြေ။
"ဘယ့်နှယ်လဲ၊ ခူးမပေးဘူးလား"
"ပေးနိုင်ပေါင်၊ ကိုယ့်လက်နဲ့ကိုယ် ခူးစားပေါ့"
"တကယ်ခူးမပေးဘူးလား"
"အို၊ ခူးမပေးနိုင်ပါဘူးဆိုနေ၊ ဘယ်နှစ်ခါပြောရမလဲ"
သံချောင်းသည် ခင်ကြည်ကို ငုံ့ကြည့်သည်။ ကောက်ကြောင်းပေါ် နေသော ခင်ကြည်၏ ကိုယ်လုံး၊ မွှေးပျံ့သောရနံ့တို့က သူ့စိတ်ကို မရိုးမရွ ဖြစ်စေသည်။
"ဟဲ၊ မပေးဆိုတော့၊ ပေးဆို့"

သံချောင်းက မြွက်တူမြှင့် ညွှတ်လိုက်သလို ခင်ကြည်၏ ကိုယ်လုံးကို သန်မာသော လက်မောင်းကြီးများဖြင့် ဖြစ်ညှစ်ကာ ခင်ကြည်ပါးကို ဆယ်ပြန်ညားမြန် နမ်းသည်။ ခင်ကြည်က ကိုယ်ကိုတွန့်ကာ၊ ခေါင်းကို ရှေ့နောက်ယမ်းကာဖြင့် ရုန်းသည်။ ပါးကို နမ်းမိသည်လည်းရှိသည်။ နှာခေါင်း လည်ပင်း၊ ဆံပင်တို့ကိုလည်း၊ နမ်းမိသည်။ ခင်ကြည်က အတင်းရုန်း၍ လက်သီးဖြင့် ထုသည်၊ သို့ရာတွင် မရုန်းနိုင်၊ မထုနိုင်။ သန်မာသော သံချောင်း၏ လက်မောင်းကြီးများအသွင် ညပ်နေသည်။ သံချောင်းသည် အားရပါးရမှုပြီးမှ လွှတ်လိုက်သည်။ ခင်ကြည်သည် လက်ထဲမှ လွတ်သွားသည်နှင့် သံချောင်းပါးကို ဖြန်းကနဲတချက်ရိုက်ကာ အိမ်ပေါ်သို့ ပြေးတက်သွားသည်။

ထိုနေ့၊ နောက်နေ့၊ နောက်တနေ့၊ နေ့ပေါင်းများစွာ ခင်ကြည် သံချောင်းကို မျက်နှာချင်းမဆိုင်။ သံချောင်းကလည်း မျက်နှာချင်းဆိုင်ဝံ့အောင် မကြိုးစား။

သံချောင်းနှင့် ခင်ကြည်သည် တပတ်လုံးလုံး မတွေ့ကြ။



ရှစ်ရက်မြောက်ညနေခွင်းမှ ပထမဆုံးအကြိမ် တွေ့ကြသည်။ ထိုနေ့ ညနေက ပိုက်တဲတွင် သံချောင်းတယောက်တည်း ကျန်ရစ်ခဲ့သည်။ နောက်သုံးလေးရက်ကြာလျှင် ပင်လယ်သို့ ထွက်ကြတော့မည်။ ပိုက်များကို အပြီးဖာရမည်။ ထို့ကြောင့် သူတယောက်တည်း ပိုက်ဖာ ကျန်ရစ်ခဲ့သည်။

အချိန်က ကုန်မှန်းမသိ ကုန်သွားသည်။ နေလုံးနီနီကြီးက အနောက်ဘက် ပင်လယ်ပေါ်သို့ တဖြည်းဖြည်းဆင်းသွားသည်။ ကြာကြာတော့ နေဝန်းနီနီကြီးက ပင်လယ်ရေစပ်နှင့် ထိသွားသည်။ ကောင်းကင်က နီရဲ၍ ရွှေရောင်ကလည်း၊ မဟူရာတခက် ပတ္တမြားတခက် ရောနေသည်။ နေဝန်းသည် ပင်လယ်ကို ခေါင်းစိုက်၍ ထိုးတော့မည်။
"ဒီမှာ၊ ဒီမှာ"
ထုတ်စည်ကိုကိုင်၍ သဲသဲမဲမဲ ပိုက်ဖာနေစဉ် အသံတသံကြောင့် သံချောင်း နောက်သို့ လှည့်ကြည့်မိသည်။ အနီရောင် တက်ထဘီကို၊ အနီရောင် လုံချည်နှင့် အနီရောင်ဆီးဆီးတောက်ပြောင် တွင်ကို ဆင်မြန်းထားသော ခင်ကြည်။
ခင်ကြည့်တကိုယ်လုံးသည် နီနေသည်။ ဝင်လုဆဲ နေရောင်ကြောင့် အသားကလည်း၊ ပန်းနုရောင်သွေးတောက်နေသည်။ သံချောင်းသည် ခင်ကြည်ကို ရွှန်းရွှန်းစားစား စိုက်ကြည့်နေသည်။
"ဒီမှာရှင့်၊ အမေက ထမင်းစားခေါ်ခိုင်းလိုက်လို့၊ မိုးချုပ်လှပြီတဲ့"
သံချောင်းက ထုတ်စည်ကို လက်မှချ၍ တချင်း ပြုံးကြည့်သည်။
"ဘယ်သူ့ ခူးပေးမှာလဲ"
"ဘယ်သိမလဲ၊ အမေ့ခူးပေးမှာပေါ့"
ခင်ကြည်က မျက်စောင်းတချက်ထိုး၍ ကြည့်ရင်း ပြန်လှည့်သည်။
သံချောင်းက နောက်က လိုက်လာသည်။
"ခဏနေပါဦး၊ ခင်ကြည်"
ခင်ကြည်က မရပ်၊ ရှေ့က ခပ်သုတ်သုတ်သွားသည်။

"ခင်ကြည်၊ စောင့်နေပါအုံး"

သည်တော့မှ ခင်ကြည်က ရပ်၍ သပင်လည်ပြန်လှည့်ကြည့်သည်။

"ဘာလုပ်မလို့လဲ"

"ဟိုတနေ့ကကိစ္စကို စိတ်ဆိုးတုန်းဘဲလား"

ခင်ကြည်က မဖြေ။ ဆက်လျှောက်သည်။ သံချောင်းကလည်း တော[illegible] ချင်း ယှဉ်၍ လျှောက်လာသည်။

"ငါအရင်က နင့်ကို စိတ်မဝင်စားဘူး။ ဒါပေမယ့် အဲဒီနေ့ကတော့ စိတ်ထဲက တမျိုးကြီးဘဲ။ ငါ ဘာဖြစ်သွားမှန်း မသိဘူး"

"ဘာဖြစ်ရမလဲ၊ ဟွန်း"

ခင်ကြည်က မျက်စောင်းထိုးသည်။

"ငါ့ကို စိတ်ဆိုးတုန်းဘဲလားဟင် ခင်ကြည်။ ငါနင့်ကို ချစ်နေတာ ကြာပြီ။ ဒါပေမယ့် အစတုန်းကတော့ နင့်ကိုချစ်နေမှန်း ငါကိုယ်ငါ မသိဘူး။ အဲဒီနေ့ကမှ သိတယ်။ ငါ နင့်ကို မမြင်ရတော့ အလုပ် လုပ်ရတာလဲ စိတ်မပါဘူး။ ဒီတခါ ပင်လယ်သွားရင် ပင်လယ်ထဲမှာ ရေနစ်သေသွားရင်လဲ အကောင်းသား"

ခင်ကြည်က သံချောင်းမျက်နှာကို ဆတ်ကနဲ လှည့်ကြည့်လိုက်သည်။ သံချောင်း အပြောင်အပျက် ပြောနေခြင်း မဟုတ်။ သူ့မျက်နှာက လေးနက်သည့် အသွင်ကို ဆောင်နေသည်။

"သေချာလား"

"တကယ်လား၊ ခင်ကြည်"

သံချောင်းက ခင်ကြည့်ရှေ့က ဆီးရပ်၍ မေးသည်။

"တကယ်ပေါ့။ ပင်လယ်ထဲရေနစ်သေသွားလဲ တေးဟာပေါ့"

ခင်ကြည်က ပြောသည်။ စိတ်ထဲကတော့ ပြုံးမိသည်။

"နင် ငါ့ကို စိတ်ဆိုးတုန်းဘဲလားဟင် ခင်ကြည်ရဲ့၊ ဟုတ်ပါတယ်။ နင်ငါ့ကို စိတ်ဆိုးလို့ ဟိုနေ့က ပါးရိုက်သွားတာပေါ့။ ခုတော ရိုက်ဦး မလား။ ရိုက်လေ"



သံချောင်းက ပါးကို ထိုးပေးသည်။

"ဘာလဲ၊ တကယ် အရိုက်ခံချင် သေးလို့လား"

"ရိုက်ပါ။ သံချောင်းက ကိုယ့်ကို ပါးတချက်ရိုက်ရင် နှစ်ချက် ပြန် [illegible] တတ်တဲ့ကောင်မျိုး။ ဒါပေမယ့် နင့်ကိုတော့ ငါ လက်စားမချေ [illegible]ဘူး။ နင်ရိုက်သလောက် ငါခံမယ်။ ရိုက်ပါ။

သံချောင်းက သူ့မျက်နှာကြီးကို ထိုးပေးသည်။

"တော်ပါ။ လူတွေ မြင်ကုန်ပါ့မယ်။ မရိုက်ချင်ပါဘူး။ တကယ် [illegible]ရာကောင်းတယ်"

"တကယ် မုန်းသလား"

"မုန်းတယ်၊ မုန်းတယ်"

မုန်းသည် ဆိုသော်လည်း၊ ခင်ကြည့် မျက်နှာနှင့် မျက်လုံးများက [illegible]နေသည်။ သည်တော့ သံချောင်းနားလည်သည်။ ထို့ကြောင့် သံချောင်းသည် ခင်ကြည်၏ ပါးနှစ်ဖက်ကို ရှက်တရက် နမ်းလိုက် သည်။

"ဟို လူတွေ မြင်ကုန်မယ်။ ဖယ်ပါ"

သံချောင်းက ရွှတ်လိုက်သည်။

"ကဲ၊ ရိုက်အုံးလေ၊ ဒီဘက်ပါးကို"

"တော်ပါ။ လာ၊ သွားမယ်။ နောက်ကျလို့ အမေဆူနေမယ်"

ခင်ကြည်က ရှေ့က ခိုက်ခိုက် ခိုက်ခိုက်နှင့် ထွက်သွား၊ သံချောင်း နောက်က လိုက်လာခဲ့သည်။ အိမ်ရောက်တော့ မှောင်နေပြီ။

သည်တခေါက် ပင်လယ် ထွက်ရသည်ကို သံချောင်း ပျော်သည်။ [illegible]ပေါ့ပါး ရတက်တတ်သည်။ အလုပ်လည်း ပို၍တွင်သည်။ ကြွယ်သီး [illegible] ရွှေလှလှ ကစလေးတွေကို တောက်သည်။ ကျွန်းတကျွန်းရောက် [illegible] ပုလဲလှလှ ကလေးတွေ တွေ့သဖြင့် ခင်ကြည် နားကပ်တွင်းရန် [illegible] စုထားခဲ့သည်။ ပင်လယ်ပြင်ကြီး ထဲတွင် ငါးဖမ်းရင်းလည်း

သူနှင့် ခင်ကြည်တို့၏ အနောဂတ် အိမ်ထောင်ရေးကို တည်ဆောက်ကြသည်။

သည်တစ်ခေါက် ပင်လယ်က အပြန်တွင် ချစ်သူ ခင်ကြည်နှင့် မြို့လည် တွေ့ဆုံရသဖြင့် ဝမ်းသာသော်လည်း သတင်းဆိုးတခု ကြား သည်။ သတင်းက အမေဆုံးပြီ ဆိုသည့် သတင်းဖြစ်သည်။ သံချောင်း သရက်ချောင်းသို့ ပြန်ရသည်။ သူတို့ အလုပ်လုပ်၍ ဘူးသည့် မြို့ ဝဲကလေးမှာ အမေဆုံးခြင်း ဖြစ်သည်။ အမေ့ အသုဘကို သံချောင်း ပင်ချရသည်။ အမေ၏ကြွေး နှစ်ရာကျော်လောက် ဆပ်ရသည်။ အမေ့ အသုဘက နှစ်ရာကျော်လောက် ကုန်သည်။ သည်တုန်းက သံချောင်း လက်တွင် ငွေတရာ မှုံ့သာရှိသည်။ ထို့ကြောင့် အတိုးဖြင့် ချေးရသည်။

သံချောင်း အမေ့ အလောင်းကို မမီလိုက်။ အမေ သေတော့ တာဝန်ခံ၍ အသုဘချမည့်သူ မရှိ။ အခုက မိုင်း၍ သင်္ဂြိုဟ် လိုက် သည်။

သံချောင်းပြန်လာတော့ အချိုက သံချောင်းကို ပြုံးတုံး မြင်၍ ကြည့်ကြသည်။ အချင်းချင်း တီးတိုးစကား ပြောကြသည်။ သံချောင်း အကြောင်းကို မစဉ်းစားမိ။

သူရောက်သည့်နေ့တွင် ဆရာဇုန်းတော်ကြီးကို ဝတ်ပြုတော့မှ ဆရာ ဇုန်းတော်ကြီးက ပြောပြသဖြင့် သိရှိခြင်း ဖြစ်သည်။

"သံချောင်းလား"

ဆရာဇုန်းတော်ကြီးက သံချောင်းကို ကြည့်၍ မေးသည်။ သူ့ အသံ မတုန်အောင် ထမင်းထိန်းထားရဟန် ရှိသည်။

"တင်ပါ ဘုရား"

ဆရာ ဇုန်းတော်ကြီးက အမိ့ အကြောင်းကို မေးသည်။ ထို့နောက် ဥပစ္ဆာကော် အကြောင်းကို ပြောပြသည်။ ရန်ကို ရန်ချင်း မတုံ့နှင်းကို ဟောသည်။



သံချောင်း ဆရာဇုန်းတော်ကြီး၏စကားများကို နားမလည်။ ဥပစ္ဆာကော် သည်မှာ တပါးသူသတ်၍ သေရသည့်ကံကို ဆိုကြောင်း ကိုတော့ သည်။ ရန်ကိုရန်ချင်း မတုံ့နှင်းရဆိုသော စကားကိုလည်း နား ထည်သည်။ သို့ရာတွင် ဆရာတော်သည် မည်သည့် အဓိပ္ပာယ်ဖြင့် ထိုစကားများကို မိန့်ကြားနေသနည်း။ သည်အချက်ကို သံချောင်း နားမလည်။

"စိတ်နိုင်နိုင်ထား"

ဆရာတော်က ထရားရှေ့တိုကို တိုက်တွန်းပြီးမှ သံချောင်း အမေ သေပုံကို ပြောသည်။ သံချောင်းအမေက အသေဆိုးသည်။ လက်နက် လူတစုက အရက်မူး လာကာ သူ့ အမေကို အမျှိုးကျွန့်ရန် ကြိုး သည်။ သံချောင်းအမေသည် အကြောက်ကြောက် အရှုံးဖြင့် ခုခံကြိုး ချောင်းသို့ ပြေးလာသည်။ သည်အဖြစ်အပျက်ကို ဆရာတော်လည်း သည်။ ဆရာတော်က တန့်တားသည်။ သို့ရာတွင် ဆရာတော် ကိုကျသွားသည်။

လက်နက်ကိုင်လူတစုသည် သံချောင်း အမေကိုဆွဲခေါ်သွားကြသည်။ နက်တနေ့ကျတော့ ရွာနှင့်ခပ်လှမ်းလှမ်းတွင် သေနတ် ဒဏ်ရာများ သေဆုံးနေသော သံချောင်းအမေ၏ အလောင်းကို တွေ့ရသည်။ သည်တော့မှ သူတို့ရွာက လူများ သူ့ကို ပြုံးတုံးမြင်၍ ကြည့်ရသည့် အကြောင်းကို သံချောင်း နားလည်သည်။

အမေ မရှိသည့်အခါ သရက်ချောင်းတွင် သံချောင်းအဖို့ တွယ်တာ ရာမရှိတော့။ သူတို့ ဝဲကလေးကိုလည်း ငွေတရာနှင့် ရောင်းပစ်၍ ပြီး သရက်ချောင်းကို သံယောဇဉ် ဖြတ်လိုက်ပြီ။

နောက်ထပ် နှစ်ခေါက်လောက် ပင်လယ် ထွက်ပြီးနောက် မိုးကျ သဖြင့် သံချောင်း အလုပ်မရှိတော့။ ခင်ကြည်တို့အခန်းနှင့်အနေက ကိုးမီးတွင် တမိုးမိ၍ အိမ်ကပိုက်တွေ၊ လှေတော်လှော်နှံများကို ကူလုပ် ပြောသည်။ သို့ရာတွင် သံချောင်းလက်မခံ။ အတိုး ထက်နေသော

ကြွေးကလေးများကို ဆပ်ချင်သေးသည်။ အကြွေးရှင်းလျှင် ငွေမပေါ
တာလေးရပြီး ခင်ကြည်ကို တောင်းရန် ယူချင်သည်။ မီးဖြိုးသောင်
က သူ့အပြို ဝင်ငွေမျိုး ခင်ကြည်တို့အိမ်တွင် လုပ်စားကိုင်စား အခ
နေရမည်ဖြစ်၍ ဝင်ငွေရစရာမမြင်။ ထို့ကြောင့် သံချောင်းထားဝယ်သို့
ထွက်ခဲ့သည်။

ထားဝယ်မှာ အလုပ်ပေါသည်။ ပထမတော့ နှတ်အိမ်တောင်အာ
သို့ သွားသော မှောင်းမိုကုန် အထမ်းလိုက်သည်။ ထို့ရာတွင် သံချောင်း
မပျော်။ သူ့ကစိတ်ဆတ်ဆတ်၊ သည်အလုပ်မျိုးဘာ ရှုပ်ရှပ် ထွေးထွေး
နှင့် ဆိုလျှင် တနေ့မဟုတ် တနေ့ ပြဿနာတက်မည်။ သည်အထဲက
သူ့ကြောင့် မှောင်းမိုပစ္စည်းတခု ပျောက်သဖြင့် အလျော်ပေးခဲ့ရ သော
သည်။ အကြွေးဆပ်ရန် စုထားသော ငွေကလေးကသည်။ ကုန်သွား
ထို့ကြောင့် သံချောင်း ထိုအလုပ်တွင် မပျော်ပိုက်။ ထိုမှ က သံချောင်း
ပင်လယ်ကို လွမ်းသည်။ ကုန်းပေါ်မှာနေရသည်ကို ကျဉ်းကျပ်သည်
ထင်သည်။ အတားအဆီးမရှိသော ပင်လယ်ပြင်ကြီးထဲတွင် သွားရသ
လွတ်လပ်ခြင်းမရှိဟု ခံစားရသည်။

ထို့ကြောင့် သံချောင်း ထားဝယ် မြို့သောကာ စက်လှေလိုက်သည်
ဖွမ်းလိုက်ခြင်းမဟုတ်၊ ခေါက်ရွှေ့နှင့် လိုက်ခြင်း ဖြစ်သည်။ အားလ
မီးဖြိုးသောင်ကက်၊ ခင်ကြည်တို့ဘက်သို့ ဝင်သည်။

သည်တခေါက် မီးဖြိုးသောင် အရောက်တွင် သတင်းဆိုးတခု
ကြားရသည်။ ထိုသတင်းက ခင်ကြည် စစ်မိုလိတ်တယောက်နှင့် လက်ထ
လိုက်ပြီဟုဆိုသည်။ သံချောင်းသည် ခင်ကြည့် အိမ်သို့ မသွားတော့
အခေါ်ကောင်းသည့်နှင့် အရက်ကို မူးအောင်သောက်ကာ တညလုံး
နေပြီး ထားဝယ်သို့ ပြန်လာခဲ့သည်။

ယခုတော့ မီးဖြိုးသောင်နှင့်လည်း သံယောဇဉ်ပြတ်ပြီ။

သည်လိုဖြင့် ထားဝယ်က စက်လှေများတွင် မှီကောက်ဖြင့် လိုက
ရင်း 'ငွေခန်း' စက်လှေပိုင်ရှင် ဦးဘရန်နှင့် တွေ့သည်။ ဦးဘရန်



သံချောင်းကို အကဲခတ်သည်။ သွားတကောင်းကိုမြင်း၍ ကောင်း မကောင်း
အကဲခတ်သကဲ့သို့ သံချောင်းကို လေ့လာသည်။ သံချောင်း၏ ကျန်း
ကျန်းမှု၊ အလုပ်ကြိုးစားမှုနှင့် သံချောင်း၏ ကာယစွမ်းအား တို့ကို ကြည့်၍
သူ့စက်လှေတွင် အမြဲလိုက်ရန် ခေါ်သည်။ သံချောင်းအကြွေး ဆပ်ရန်
အတွက်လည်း ငွေငါးရာ ထုတ်ပေးသည်။

သို့ဖြင့် သံချောင်းသည် 'ငွေခန်း'စက်လှေနှင့် မြိတ်သို့ လေးခေါက်
ရောက်ခဲ့သည်။ သူ့ဆန္ဒစား ခံမှ ဆိုသည့်အတိုင်း၊ အလုပ်ကို ကြိုးကြိုး
စားစား လုပ်ခဲ့သည်။ ထို့ရာတွင် ဦးဘရန်က သံချောင်း၏ ရိုးသားမှု
နှင့် ကြိုးစားမှုကို အမှတ်ကောင်း ယူသည်။ သံချောင်း အခေါ်တွင်
အကြွေးရှိနေသည်ကိုလည်း အမှတ်ကောင်းယူသည်။

တချို့ မှောင်းမိုလုပ်ငန်းများတွင် သံချောင်းကို လူငှားအဖြစ် အသုံးချ
သည်။ မြိတ် အနောက်ဘက်က ကျွန်းစုများတွင် တခြားနိုင်ငံမှ ခိုးခို
အဆိုက် ဝင်ရောက်လာသော မှောင်းမိုစက်လှေများ ဆိုက်ကပ်သည်။
ထိုကျွန်းများသို့ သံချောင်းကို စေလွှတ်၍ ပစ္စည်း အတင် နှိုးတင်
သည်။ စင်စစ် ဦးဘရန်သည် သံချောင်းကို စားစောင်း နိုင်ခြင်း မှုသာ
ဖြစ်သည်။ ရာက ဖမ်းမိလျှင် သံချောင်း အဖမ်းခံ ရမည်။ ဦးဘရန်က
ငွေညီးဆုံးရှုံးမှုကလွဲ၍ ဘာမျှ ထိခိုက်မည်မဟုတ်။ နာမည်လည်းမပျက်။
လူလည်း ဒုက္ခမရောက်။

သည်ဘက်တွင် မိုက်ဆံရှိသူတို့က သည်လို လူငှားများနှင့် မှောင်းမို
လုပ်ကြသည်။ လူငှားများကို စေးစားခံ နိုင်ကြသည်။

သံချောင်းက ပင်လယ်တွင် ပျော်သော်လည်း၊ သည်လို ကိုးရိုး
ကားယားမလုပ်ချင်။ သူ့ဘာသာသူ တင့်တင့်တယ်တယ် လုပ်စားချင်သည်။ အတားအဆီး
မရှိသော ပင်လယ်ပြင်ကြီးထဲတွင် ကိုယ့်ဘာသာကိုယ် လွတ်လွတ်လပ်လပ်
လုပ်ကိုင်စားချင်သည်။ မည်သူ့အနှောင့်အယှက်ကိုမှ မခံချင်။ ထို့ရာတွင်
ဦးဘရန်၏ ကြေးကြွေးကျေမှတော့ သည်တခေါက် စက်လှေမလိုက်တော့။

ထိုင်ပေါ်မှ သေးသေးတစင်းကို မြင်တွေ့ရတော့ ငါးစမ်းထွက်မည်ဟု စိတ်ကူးထားသည်။

ယခုတကြိမ်သည် ဦးဘရှန်းကျော်တွင် နောက်ဆုံး အခေါက်ဖြစ်သည်။ သည်တခေါက်တွင် ယခုအဖြစ်မျိုး ကြုံခြင်းဖြစ်သည်။

ဦးဘရှန်း ကြွေးကြေလျှင် လှေတစင်းဝယ်၍ ငါးစမ်း ထွက်ဦးမည်။ ထိုမှတွင် ခင်ကြည်ကို မီးပြုသောင်ဘက် ကိုမှ မသွားရင်တော့။ ခင်ကြည်ကို သမီးယာအဖြစ်ပြုတ်ဦး။

မိန်းမ ဆိုသည်မှာ အသဲနှလုံး ကင်းမဲ့သော သတ္တဝါ တမျိုး ဖြစ်သည်ဟု သံချောင်းစွဲသွားပြီ။ သကာလို ချိုသော စကားမျိုးကို ပြောသော်လည်း တမာလိုခါးသော စိတ်ထားရှိသည့် အထူး သတ္တဝါ တမျိုးဟု သံချောင်းစွဲသွားပြီ။

“အကိုပြောသလိုဘဲ၊ မိန်းမတွေဟာ ပင်လယ်ကြီးလိုဘဲ၊ နားလည်ရ ခက်တယ်။ မာယာများတယ်။ ခု ငြိမ်နေပေမယ့် တော်ကြာရင် မုန်တိုင်း ထန်လာတာ”

သံချောင်းက ပင်လယ်ကြီးကို ငေးကြည့်ရင်း သူ့ဇာတ်လမ်းကို အဆုံးသတ်သည်။

“ငါ့မယား ပင်လယ်ပြင်ကြီးဟာ ဘယ်လောက်ပဲ မာယာ များ များ ငါဟာ ပင်လယ်ပြင်ကြီးကို ချစ်တယ်၊ ပင်လယ်မှာ မွေးခဲ့တယ် ဆိုတာတော့ သတိထားနော်”

သံချောင်းက ကိုနန္ဒတော်ကို နားမလည်သလို လှမ်းကြည့်သည်။ ကိုနန္ဒက ပြုံးသည်။

“မိန်းမဟာ ပင်လယ်လို မာယာများတယ်၊ အသိရ ခက်တယ်လို့ ယောက်ျားတွေ ဘယ်လိုဘဲ ပြောကြပေမယ့် ကောယ်ကျွန် မီးပင်လယ်ကြီးကိုဘဲ ချစ်ပြီး မီးပင်လယ်ထဲမှာ ကူးခတ် နေချင်ကြတာဘဲကွ၊ မဟုတ်ဘူးလား”

“ဟာဗျာ အကိုကလဲ”



သံချောင်းက မျက်ပြူးပြူးသည်။ ကိုနန္ဒတော်ကို သဘောပေါက် သွားဟန်ဖြင့် မျက်လုံးများကိုမှေးကာ ပင်လယ်ကို ကြည့်နေသည်။

“ကောယ်တော့ မိန်းမတွေက သစ္စာမရှိတာ မဟုတ်ပါဘူးကွာ၊ ခေတ်က သစ္စာမရှိတာပါ။ ငွေရှိသူနဲ့ ငွေမရှိသူ၊ ဂုဏ်ရှိသူနဲ့ ဂုဏ်မရှိသူ မယ်လို့ ကွဲပြားနေသမျှ ဒီလိုဘဲ သစ္စာမဲ့မှုတွေ၊ သစ္စာဖောက်မှုတွေ၊ လှည့်စားမှုတွေ ရှိနေဦးမှာပါ။ ခင်ကြည်က ပိုက်သူကြီးသမီး၊ မွာမှာ လှေနှမ်းသား။ မင်းက ပိုက်သမား။ ဒီတော့ ပိုက်သူကြီး သမီးက ပိုက်သမားကို မချစ်တာဟာ သဘာဝကျပါတယ်။ ဘဝချင်း၊ လူတန်းစား မနှဲ မတူကြဘဲကိုး။ အချစ်ဆိုတာ ဘယ်လောက်ပဲ နွမ်းသားကြီးမား တယ်လို့ ပြောကြပေမယ့် လူတန်းစား ဘဝကိုတော့ မကျော်လွှားနိုင် ပါဘူး။ ခေတ်ချင်းနဲ့ ဆင်းရဲသား၊ ပစ္စည်းရှိနဲ့ ပစ္စည်းမဲ့ရယ်လို့ လူတန်းစား တွေ ရှိနေသမျှကာလပတ်လုံး အချစ်ဟာလဲ ဘဝတူတဲ့လူချင်း၊ လူတန်း စားတူတဲ့ လူချင်း ချစ်တဲ့ လူတန်းစား အချစ်ပဲ ရှိမှာဘဲ”

ကိုနန္ဒက သူကြားဘူးနားဝရှိသည့် အချစ်အကြောင်းကို ပြောပြ သည်။ သံချောင်းနှင့်ခင်ကြည်တို့အချစ်နှင့် သူနှင့်သွယ်တို့၏ အချစ်ကို လည်း နှိုင်းယှဉ် စဉ်းစားမိသည်။

သံချောင်းတို့ ဇာတ်လမ်း၌ သံချောင်းက ပိုက်သမား၊ ခင်ကြည်က ပိုက်သူကြီး သမီး။

သူနှင့် သွယ်တို့ ဇာတ်လမ်းမှာတော့ သူတို့ နှစ်ယောက်စလုံးသည် မြို့နေအလယ်တန်းစား ယောက်ျားထဲက ရှုန်းကန်လှုပ်ရှားနေရသူ များဖြစ်ပြီး

“သံချောင်းရေ၊ ဟော့ သံချောင်း”

“ကိုနန္ဒ၊ ဒို့ အကို ကိုနန္ဒ”

ကြက်တူရွေးက အသံဖြင့် အောတောင်းလှပြီ။

# [၁၃]

ပထမတော့ သွား၍ နေသေးသည်။

ရှိုင်းသလောက်အထိတော့ တိုး၍ ကြည့်သည်။ ကုန်းသွားရသည့်အခါ သွားရသည်။ လေးဘက်တွား၍ သွားရသည့်အခါလည်း ရှိသည်။ ထိုနေရာတွင် သည်နေရာရောက်တော့ ရှေ့ကိုဆက်တိုး၍ မရတော့။ တောက တဖြည်းဖြည်း စောက်ချွဲ ရှစ်လာသည်။ ကြိမ်ချုံပင်တွေ၊ အလိုလေး ချုံပင်တွေကို တိုး၍ မပေါက်။ ကြိမ်ချုံများ၊ အလိုလေးချုံများ၊ (ချုံ ကြီးတွေနှင့်ပြိုက်လျှင် အလိုလေး တရသဖြင့် သံချောင်းက အလိုလေး ချုံဟု အမည်ပေးထားခြင်းဖြစ်သည်။) က သူတို့၏ စလာကျော်ခြင်း ကို လာဖြတ်ကြသည်။ ကျောမှာ ခုန်ဖြစ်ရာတွေ အပြည့်၊ ခြေတွေ အလိမ်းလိမ်းဖြစ်နေပြီ။

သည်တောချုံးကို တိုးလျှင် ဓားကောင်းကောင်းပါမှရမည်။ ပါလာ သည့်ဓားတုတ်ဖြင့် တိုး၍မနိုင်။ ဓားရှည် ကောင်းကောင်းနှင့် တိုးမှ တိုး၍ ပေါက်မည် တောဖြစ်သည်။

"ဓားကောင်းကောင်း တလက်လောက်ပါရင် ဒီမိုဘဲ အကိုရ"

သံချောင်းက ရှေ့က တောတိုးရင်း တက်တချက်ခေါက်၍ ညည်း သည်။ သံချောင်းသည် ဓားကို အလွန် တောင့်တောင့်တတ ရှိတတ်



ညည်းသည်ကြွန်းပေါ်တွင် ဓားတလက်ရရုံဖြင့် ဘာလုပ်၍ ရမည်နည်း။ အလွန်ဆုံး ဖုန်းသီးခွဲတို့ထက် ဘာမှ အသုံးကျမည် မဟုတ်။ သို့တိုင် အောင် သံချောင်းကမူ ဓားတလက်ရလျှင် စိတ်ရှိသလောက်ခရီးရောက် သည့် သိန္ဓိမြောက်လက်နက်တပါးသဖွယ်ဓားကိုတောင့်တတတ်သည်။ ဓားတလက် လိုချင်လှသည်ဟု ညည်းတတ်သည်။

ယခုလည်း သံချောင်း ညည်းပြန်ပြီ။

သည်အချိန်တော့ ဓားတလက်၏ တန်ဘိုးကိုလည်း ကိုနုရွှာ သဘော ပေါက်သလိုလိုရှိသည်။ ရှေ့တွင် ကြိမ်ချုံတွေ၊ အလိုလေးချုံတွေ ပိတ် နေသည်။ သူတို့ ကျောပြင်မှာ ခုန်ဖြစ်ရာတွေ ပြည့်နေသည်။ ခက် သည်က သည်ချုံပင်တွေကို တုတ်ဖြင့်လည်း ရှင်း၍မရ၊ လက်ဖြင့် ကိုင်ဆွဲဆိုသည်မှာ စိတ်ကူးပင်ထည့်၍ မရ။

သည်တော့ ချုံပင်တွေကို ကွင်းရသည်။ ခရီးပင်သည်းကွင်းသည် ဆိုသည့်မှာလည်း သည်နေရာအတွက်သာ ဖြစ်နိုင်သည့် ကိစ္စဖြစ်သည်။ ရှေ့တနေရာကျတော့ သည့်လိုချုံပင်တွေ ပိတ်နေပြန်သည်။ ထို့ကြောင့် နောက်ပြန်ဆုတ်ရ ပြန်သည်။

သူတို့နှစ်ဦးတွင် သံချောင်းက အထိအရှနိမ့်ပြားသည်။ မပြားဘဲ ရှိပါ မည်လော။ သူတို့နှစ်ယောက်တွင် အကြမ်းခံနိုင်သူ၊ ကျွမ်းကျင်သူ၊ ဦးဆောင်ရုန်းကန်လာသူက သံချောင်းသာ ဖြစ်သည်။ သည်တော့ သံချောင်း က ရှေ့ကတက်ရသည်။ ထို့ကြောင့် သူ့မှာ အရှအနာများရသည်။

တနေ့ကုန်လုံးတောတိုးသော်လည်း ခရီးမပေါက်သေး။ သောင်စပ်က ရသည့် ပုလင်းနှစ်လုံးတွင် ရေထည့်လာ တယောက်တလုံး လွယ်ခဲ့ကြ သည်။ ယခု ပါသည့် ရေနှစ်ပုလင်းလည်းကုန်ပြီ။ မြင်းနိုင်းဂဏန်းဆယ် ကောင်ခွဲလည်း ကုန်ပြီ။ လိပ်ဥအလုံးနှစ်ဆယ်ခို ထည့်လာခဲ့သည်လည်း ကုန်ပြီ။

ထို့ကြောင့် စမ်းပေါက်ကို ရှာရသည်။ စမ်းပေါက် တွေ့
ရှာလည်း တွေ့မည်။ စမ်းပေါက်အတိုင်း တက်သွားလျှင် သူတို့
ခရီးသို့လည်း ရောက်မည်။

မနေ့ညနေက သောင်စပ်တွင် မြင်းနိုင်ငံ၊ တောင်းခေါင်း၊ ခရ
ရိုး တောင်ထိပ်တခုကို မြင်ရသည်။ စင်စစ် သည်တောင်ထိပ်
အဆန်းမဟုတ်။ သူတို့တွေ့မြင်နေကျဖြစ်သည်။ သို့ရာတွင် တောင်
ကို တက်ရန် တခါမှ စိတ်ကူးမရခဲ့ကြ။

မနေ့ညနေကတော့ သည်တောင်ထိပ်ကိုတက်ရန် စိတ်ကူးရကြသည်
စိတ်ကူးစီးသည်မှာ ရသူက သံချောင်းဖြစ်သည်။

သူတို့ သည်ကျွန်းပေါ်ရောက်သည့်မှာ ရက်ပေါင်းတရာ့ငါးဆယ်
ရှိပြီ။ နောင်တွင် သည်ကျွန်းတွင် မည်မျှ ကြာကြာ နေရဦးမည်
သူတို့ သည်ကျွန်းက လွတ်မြောက်ရေးလမ်းမှာ နှစ်လမ်းသာရှိသည်
တလမ်းက လှေဖြင့်၊ တောင်ငယ်နှင့်ကာ ပင်လယ်ကို ဖြတ်ကူးသည့်
လမ်းဖြစ်သည်။ ယခုအချိန်အထိ သည်လမ်းက ဖြစ်နိုင်ဘွယ်မ
ကျွန်းပေါ်တွင် သစ်ပင်မရှိမဟုတ်။ အထိုက်အလျောက် ရှိသည်။
တွင်း၌ ကောင်းသော သစ်ကြီးပင်ကြီးကြီး များစွာရှိသည်။ တော
တောင်း၍ လှေပတ်အနေတော်ရှိသည့် ပင်ပို့များလည်း ရှိသည်။
တောများလည်း ရှိသည်။ သို့ရာတွင် သစ်ပင်ကို လှဲဖို့၊ ခုတ်ဖြ
တွင်းကို မည်သည့်လက်နက် ကရိယာမျှ သူတို့တွင် မရှိ။ ထို့ကြော
ပထမ နည်းလမ်းသည် လက်တွေ့ မဖြစ်နိုင်။

နောက် နည်းလမ်းတခုမှာ ကယ်ဆယ်ရေး သင်္ဘောတစီး
သို့မဟုတ် ခရီးကြီးစက်လှေတစင်း ဆိုက်လာမှ ဖြစ်မည်။ သို့
ကယ်ဆယ်ရေး သင်္ဘောကို မျှော်နေ၍ ကိုးမပြီး။ သူတို့ သည်
ပေါ်ရောက်နေသည်ကို မည်သူက သိနိုင်မည်နည်း။ သင်္ဘော
ဆိုသည်ကလည်း လူသူ မရှိသည့် ကျွန်းမိုင်းပေါ်သို့ ကြိုနိုင်ဘွယ်
အကြောင်းမရှိ။



သို့ရာတွင် ဖြစ်နိုင်စရာ အကြောင်းတချက်ရှိသည်။ ကျွန်းပေါ်မှနေ၍
မီးရှို့မှုကာ အချက်ပေးနိုင်လျှင် ပင်လယ်ပြင်က ဖြတ်သွားသော
သင်္ဘောတို့ လှမ်းမြင်ကာ ကမ်းကပ်လာနိုင်သည်။ သို့တိုင်အောင်
သူတို့မှာ မီးမရှိ။ သည်တွင် အခက်ကြုံရပြန်သည်။

နောက်ဆုံး သံချောင်းက စိတ်ကူးတခုရသည်။

ကိုရွှေခွာတွင် ရှုပ်အက်ျီ ရှိသည်။ ရှပ်အက်ျီက အနီရောင်။ ခုတ်ပြီးနေ
ပြီ။ သည်အက်ျီကို ဝါးလုံးတွင် ချည်၍ လွှင့်ထားရလျှင် အဝေးကမြင်နိုင်
သည်။ ကျွန်းတွင် ရှိသည့် အမြင့်ဆုံးတောင်ထိပ်မှ အမြင့်ဆုံးသစ်ပင်တွင်
လွှင့်ကြည့်မည်။ ကံကောင်းလျှင်လည်း သူတို့ကို ကယ်မည့်သူ ပေါ်နိုင်
သည်။ ကံမကောင်းလျှင်လည်း အရှုံးဆုံး မိုးဘက် လေဘက် နေဘက်
ကြောင့် ရှပ်အက်ျီတထည် ဆုံးရှုံးမှုသာရှိမည်။ စမ်းတော့ကြည့်ချင်သည်။

သံချောင်းက သည်စိတ်ကူးကို ကိုရွှေခွာအား ပြောပြသည်။ ကိုရွှေခွာ
ကလည်း သဘောတူသည်။ ထို့ကြောင့် သူတို့နှစ်ယောက် သည်တောင်
ထိပ်ကို တက်ကြခြင်းဖြစ်သည်။

ကြိမ်ချုံ၊ အလိုဗေလချုံများဖြင့် ထောက်ခြေရှုပ်လှသည့်အတွက်
စမ်းပေါက်ကို ရှာရသည်။ စမ်းပေါက်ကို ကြာကြာမရှာရ။ သည်ကျွန်း
ပေါ်တွင် စမ်းပေါက်တွေ အများကြီးရှိသည်။ စမ်းပေါက်များသည်
အတွင်းကုန်းမြင့်ပိုင်းတွင် အရှာခံ၍ ပင်လယ်ထဲသို့ စီးဝင်ကြသည်။
တချို့စမ်းပေါက်တာ အရှေ့ဘက် ပင်လယ်သို့စီးဝင်၍ တချို့ စမ်းပေါက်
က အနောက်ဘက် ပင်လယ်သို့ စီးဝင်သည်။ စမ်းပေါက်အတိုင်း အတွင်း
ပိုင်းသို့ လိုက်သွားလျှင် အတွင်းပိုင်းအမြင့်ဆုံး တနေရာကို တော့
ရောက်ရမည်။ သည်တွက်ကိန်းဖြင့် သူတို့နှစ်ယောက် တောင်ထိပ်နှင့်
အနီးဆုံး စမ်းပေါက်အတိုင်း အတွင်းသို့ ဝင်လိုက်လာခဲ့ကြသည်။

စမ်းပေါက်တလျှောက်တွင် စမ်းရေက ကြည်လင်သည်။ သူတို့ ထင်
သည့်အတိုင်း ကြိမ်ချုံပင်တွေ၊ အလိုဗေလ ချုံပင်တွေကို မတိုးရ။
စမ်းချောင်းအတိုင်း လိုက်သွားရုံသာရှိသည်။ ဘေးတွင် ချုံပင်တွေ

ရှိသည့်တိုင် လမ်းသွားရှုရသည်။ ဆူးပင်တွေ အုပ်နေသည့် အခါမျိုး၌ စမ်းချောင်းတလျှောက်တွင် လေးဘက်ထောက် ၍ သွားနိုင်သည်။ ကျောက်တုံးများပေါ်တွင် ကျော်သွားရသည့် အခါ လည်း ရှိသည်။ တခါတရံ ဂဏန်းတွင်းကြီးများထဲသို့ ချော်ကျတတ်သည်။ တခါတရံတွင် စမ်းချောင်းကို ကန့်လန့်ပိတ်၍ သစ်ပင်ကြီးများ ဖြတ်လဲကျလျက်ရှိသဖြင့် ကျော်၍ သွားရသည်။ ထို့ရာတွင် သည်အခက် အခဲလောက်ကို သူတို့မှာ၊ နေ့လုံးလုံးလောက်လောက်ရှိ၍ တောက်စွဲ ရှုပ်နေသည်ဆိုလျှင်ပင် ခရီးအတော်တွင်သွားသည်။

အတွင်းပိုင်းရောက်တော့ ပင်လယ်လှိုင်းသံများကို မကြားရတော့။ ပင်လယ်လှိုင်းသံများသည် တဖြည်းဖြည်းဝေး၍ ကျန်ရစ်ခဲ့သည်။ သစ်ပင်ကြီးတွေ ထူထပ်သဖြင့် တောက မှောင်၍လာသည်။ ပင်လယ်ကမ်းခြေတွင် တလောက်သလောက် အတွင်းပိုင်း၌ လေငြိမ်သည်။ လမ်းလျှောက်ရသဖြင့်လည်းကောင်း၊ လေငြိမ်သည့်အတွက်လည်းကောင်း၊ ထိုက်ထိုက်လျှောက်ရှိသော်လည်း ချွေးနှင့်ရွှဲ ရွှဲတိုက်သွားလျှင် အေးလာသည်။ အောက်က စိမ့်မြေကြောင့် ဖြစ်မည်ထင်သည်။ တောင်ထိပ်ကို အ[illegible] ကလေးဆင်ရသော်လည်း တွေ့ကောက်သည့် စမ်းရိုးအတိုင်း လိုက်[illegible] သဖြင့် တော်တော်နှင့်မရောက်။ အတော်ကြာတော့ တောင်ထိပ်ကလည်း ရောက်သွားသည်။ တောင်ထိပ်ကိုတက်နေပြီဟု သူတို့သိလိုက်ကြသည်။

တောင်နှုတ်ခမ်းလောက် ရောက်သည့်အခါတွင် စမ်းပေါက် ဆုံးသွားသည်။ သည်စမ်းပေါက်မှာ ကျောက်ကမ်းပါးကြီးထဲက စိမ့်ထွက်နေခြင်း ဖြစ်သည်။ ကျောက်ကမ်းပါး အလယ်တွင် ထိုင်ကြီးတွန်းနေသည်။ မြေ[illegible] သောက်နေသော ဖွတ်ကြီးတကောင် လန့်၍ ချုံထဲသို့ တိုးဝင်ပျောက်ကွယ်သွားသည်။

ကျောက်ကမ်းပါးကို တွေ့ပတ်၍ တက်ခဲ့ကြသည်။ ကမ်းပါးထိပ်ရောက်တော့ အရှေ့ဘက်ပင်လယ်ကို မြင်ရပြီ။ အနောက်ဘက် ပင်လယ်ကို မမြင်ရသေး။ အရှေ့ဘက် ပင်လယ်ရော၊ အနောက်ဘက် ပင်လယ်ပါ



နှစ်ဖက်စလုံးမြင်ရသည့်နေရာသို့ တက်ရမည်။ ထိုမှသာ သူတို့ လွှင့်ထားသော အလံကို နှစ်ဖက်စလုံးမှ မြင်နိုင်မည်။

တနာရီလောက်တက်တော့ တောင်ထိပ်ကို ရောက်ကြသည်။ တောင်ထိပ်မှ လှမ်းကြည့်လျှင် ဒေသပတ်ဝန်းကျင်ကို လှမ်းမြင်ရသည်။ အရှေ့ဘက် ပင်လယ်၊ အနောက်ဘက် ပင်လယ်နှင့်တကွ ပင်လယ်ကြီးကို စီး၍ မြင်ရသည်။

သူတို့နှစ်ယောက်သည် ရေသောက်၍ ခဏ အမောဖြေကြသည်။ ထို့နောက် အမြင့်ဆုံးသစ်ပင်ကြီးတပင်ကို ရွေးကြသည်။ ထိုလူပြိုင်ဖြစ်သော သစ်နီပင်ကြီးတပင်သည် ထိုးထွက်နေသည်။

သံချောင်းက ပါလာသည့် ဝါးလုံးတွင် ကိုနှမ္မာ၏ အင်္ကျီနီနီကို ချည်ပြီး ဖုန်းဆိုးကြီးဖြစ်တုပ်ကာ သစ်ပင်ထက်သို့ တက်သွားသည်။ ဝါးလုံးကို တောင်ထားပြီး အပေါ်မှဆွဲယူသည်။ သံချောင်းသည် မျောက်ကလေး အကောင်လို ပေါ့ပါးစွာ တက်သွားသည်။

"ဟေ့ သံချောင်း၊ သတိထားနော်၊ ကိုင်းကျိုးကျမယ်"

ကိုင်းများသို့ မျောက်လောင် တက်နေသော သံချောင်းကို အောက်က ကိုနှမ္မာက လှမ်း သတိပေးသည်။

သံချောင်းသည် သစ်ပင်ပေါ်တွင် နာရီဝက်ခန့် ကြာပြီးအောင် လုပ်ပြီးမှ အောက်သို့ ဆင်းလာသည်။

သူတို့၏အလံကို အောင်မြင်စွာ လွှင့်ထားခဲ့ကြပြီ။ ထိုအလံကို သင်းဘောများက မြင် မမြင်ဆိုသည်ကိုမူကား ကံတရားက အကွက်ပေးရန်သာ ရှိသည်။

တောင်ထိပ်တွင် ခေတ္တနားပြီး ကမ်းစပ်သို့ ပြန်ဆင်းခဲ့ကြသည်။

အလာလမ်းအတိုင်းမဟုတ်။ အနောက်ဘက် ပင်လယ် လိပ်ချောင် ဘက်သို့ ဆင်းမည်။ လိပ်ချောင်တွင် လိပ်ဥ တူးပြီးမှ သူတို့စခန်းသို့ ပြန်ရန် ဖြစ်သည်။

ရေသောက်လိုက် နားလိုက်ဖြင့် ကမ်းပါးပြင်ကို ကျော်၍ ဆင်းသွား ကြသည်။ တွေ့တတွေ့ အရှေ့ဘက်တွင် ရွေ့ကာသွားနေသော သံချောင်းက ရှေ့၌ လက်ကာပြလိုက်သည်။

"ရှူး ရှူး"

ပါးစပ်ကလည်း တိတ်တိတ်နေရန် အချက်ပေးသည်။ ကိုနန္ဒာ ထိတ်လန့် ဖြစ်သွားသည်။ သံချောင်းအနီးသို့ မရဲတရဲ ကပ်လာသည်။

သံချောင်းသည် ကမ်းပါးစောင်းတွင် ကပ်ပေါက်နေသော သစ်ပင် ကြီးတပင်ကို လှမ်းကြည့်သည်။ ကိုနန္ဒာ ဘာမျှ နားမလည်။

"ဟိုမှာ၊ ဟိုမှာ၊ မြင်ရဲ့လား"

သံချောင်းက လေသံဖြင့် ပြောသည်။ ကိုနန္ဒာ သံချောင်း ပြရာသို့ ကြည့်လိုက်သည်။ ထူးထူးခြားခြား ဘာကိုမျှမတွေ့။

"သစ်ပင်က အခေါင်းကို ဘေးနေရာကနေ တယ်။ တွေ့လား"

သည်တော့မှ ကိုနန္ဒာ ကြည့်မိသည်။ သစ်ပင်အခေါင်းကို ဘေးမှ ထိုးရာ နှစ်ချက်တွေ့ရသည်။ သစ်ခေါင်းသည် ကျွဲကျော ခိုနေသော ပင်စည် အထင်းသား ပေါ်နေသည်။

သံချောင်းက သစ်ပင်အနီးသို့ ကပ်သွားပြီး အခေါင်းကို ကြည့်သည်။ ပင်စည်ကို ကိုင်ကြည့်သည်။ ဖြူဖြူအမွေး တွေ သူ့လက်တွင် ကပ်ပါ လာသည်။

"ဘေးနဲ့ ထိုးသွားတာ လတ် လတ် ဆတ် ဆတ် ကြီး ရှိသေးတယ်၊ အောက်နားမှာလဲ ဘေးခြေရာတွေ တွေ့တယ်"

သူတို့နှစ်ယောက် သစ်ပင်ကို မော့ကြည့်ကြသည်။ ဘာမျှမတွေ့။

"ဟောဟိုမှာ သစ်ကိုင်းတကိုင်း၊ ခုတ်ပြီး ချထားတယ်"

ရွှေဝါးထားမျိုက် မရှိတရှိတွင် သစ်ကိုင်းတကိုင်း ခုတ်ချထားသည်။ မြေနားတွင် သစ်ကိုင်းတကိုင်း ထပ်တွေ့ရပြန်သည်။

"တောထဲမှာ လမ်းမှတ်ဖို့အောင် ခုတ်ချပစ်ခဲ့တယ်ထင်တယ်။ ဒေါ့ လျှိုနေပြီ"



"သောင်စပ်မှာ မင်းတွေ့ခဲ့တဲ့ ခြေရာတွေ သဲဒီသွေ့ခြေရာများလားမှ မသိဘူး"

ကိုနန္ဒာက ပြောသည်။

သူတို့နှစ်ယောက်သည် ရှေ့ကိုသာ လှမ်းကြည့်ရင်း လျှောက်ခဲ့ကြသည်။ ရှေ့တွင် သစ်ကိုင်းခုတ်ရာရှိခဲ့သလောဟု သိချင်စော အားကြီးနေကြ သည်။ မျက်စိများကလည်း ဝဲယာကိုကြည့်လာကြသည်။

သည်တုန်း ဂိုးကနဲမြည်သံနှင့်အတူ ခေါက်ကနဲမြည်သံတခုကို ကြား လိုက်ရသည်။ သံချောင်းက အလိုအလျောက် ကိုနန္ဒာကို ဘေးသို့ တွန်းပစ်လိုက်ပြီး အသံလာရာသို့ လှမ်းကြည့်လိုက်သည်။

သူတို့အနားက သစ်ပင် ပင်စည်တွင် ဘေးတချောင်း တန်းလန်းစိုက် နေသည်။ ဘေးက ဂုပ်နေသေးသည်။ သံချောင်းက ကိုနန္ဒာကို တွန်းပစ် လိုက်၍သာဖြင့်သာ သည်ဘေးသည် ကိုနန္ဒာ၏ ကျောကို မစိုက်မိခြင်း ဖြစ်သည်။ သို့မဟုတ်လျှင် ကိုနန္ဒာကျောတွင် ဘေးတန်းလန်းစိုက်ပြီးသား ဖြစ်နေပေလိမ့်မည်။

သံချောင်းသည် ဘေးကို ဆတ်ကနဲဆွဲနုတ်ပြီး ကိုနန္ဒာကိုဆွဲခေါ်က သစ်ပင်နောက်သို့ ဝင်ကာလိုက်သည်။ သူတို့နောက်ဘက်၌ ရန်သူက ဘေးနှင့် လှမ်းပေါက်လိုက်ခြင်းဖြစ်သည်။ ရန်သူသည် သစ်ပင်နောက်က လား၊ ချုံထဲကလား၊ ကျောက်ကမ်းပါးကြီးတခု နောက်ကလား။

သံချောင်းနှင့် ကိုနန္ဒာသည် ကိုးကန်းခွာငေးမှောက် မျက်လုံးများဖြင့် ရန်သူကို ရှာသည်။ နောက်ထပ်လာမည့် ရန်သူ၏ ထိုးနှက်ချက်ကို စောင့်သည်။

ရန်သူကို မမြင်ရ။ နောက်ထပ်လည်း ရန်သူ့ထံမှ ထိုးနှက်ချက် မလာ။

သို့ရာတွင် သူတို့နှစ်ဦးလေး တုတ်တုတ်မျှမလှုပ်ရဲသဲ သစ်ပင်ကို ကွယ်ကာ ဘေးပတ်ပတ်လည်ကို ရှာကြည့်ကြသည်။ ဘာကိုမျှ မမြင်ရ။

ဘာသံမျှလည်း မကြားရ။ တိတ်ဆိတ်နေသည်။ သံချောင်းက ... ဆကြည့်သည်။ ဝေးက သံမဏိဝေး၊ အချိန်အဆောက်ဆောင်းသည်။

"ဟား၊ ဟား၊ ဟား၊ ဟား"

သို့တိတ်ဆိတ်လျက်ရှိစဉ် ရယ်သံကြီး တခု ကို ကြားလိုက်ရသဖြင့် နှစ်ယောက်လုံး ဆတ်ကနဲ တုန်ကာ လန့်သွားကြသည်။ ရယ်သံကြီးက မြောက်ကာစ် ကျွဲအက်နေသော ကြောက်စွယ့် ရယ်သံကြီး ဖြစ်သည်။ တတောလုံးကို ပွဲထင်ထင်သွားသည်။ ပွဲထင်သံသည် တောင်တောင် မပျောက်။ သူလေးဝါးယောက်လောက် တယောက်ပြီးတယောက် ဆက်၍ ရယ်နေသကဲ့ အသံ ဆက်နေသည်။

သူတို့နှစ်ယောက်သည် ရယ်သံ ဘယ်ကလာသည်ကို မမှန်းတတ်။ ကျောက်ကမ်းပါး နောက်ကလော၊ ချုံထဲကလော၊ သစ်ပင် နောက် ကွယ် ကလော။

"သရဲ၊ သရဲ၊ ဟားဟား၊ ဟားဟား။ သရဲကွ၊ သရဲကွ"

အသံက ထပ်ပေါ်လာသည်။

"ဟိုမှာ၊ ဟိုမှာ"

အသံလာရာသို့ သံချောင်းက ပြသည်။ သည်တော့မှ ကိုနုစွာ ကြည့်သည်။ ကျောက်ကမ်းပါး အကွယ်ကလည်း မဟုတ်။ သစ်ပင် အကွယ်ကလည်း မဟုတ်။ ချုံထဲကလည်း မဟုတ်။

သူတို့နှင့် မျက်နှာချင်းဆိုင် ဝါးတရိုက်လောက်က ရွှေပင်ကြီးပေါ်တွင် သစ္စဝါတခုကို မြင်ရသည်။ ထိုသစ္စဝါသည် ရွှေပင်ခွကြားတွင် ဆောင့်ကြောင့်ကြီး ထိုင်လျက်ရှိသည်။

ကိုနုစွာသည် သူ့မျက်လုံးများကို သူမယုံနိုင်အောင် ဖြစ်မိသည်။

ထိုသစ္စဝါ၏ ဆံပင်များသည် ဂုတ်ပေါ်တွင် ဝဲကျနေသည်။ ခေါင်းတွင် ပွင့်နီနီရဲရဲတွေ၊ မြွှုတွေကို ပန်ပြည့်ပန်ထားသည်။ ထိုပန်းများမှာ ဆီးတောက်ပွင့်များ ဖြစ်သည်။ ပန်းပွင့် မြိုမြိုများမှာ ဆတ်သွားပန်းများ ဖြစ်သည်။ အဝတ်အစားတွေက စုတ်ပြတ်နေသည်။



ထိုသစ္စဝါ၏ မျက်သားမှာ ဖြူစွာပြင်းမရှိ။ ဝါထိန်နေသည်။ ဝါ ထိန်လျက် ရှိသော မျက်သားများထဲမှ မျက်လုံးကြီးများကို ပြူးကာ သူတို့ကို လက်ညှိုးထိုး၍ အော်နေသည်။

"သရဲ၊ သရဲ"

ထိုသစ္စဝါသည် လက်ထဲတွင်ရှိသည့် ပစ္စည်းများဖြင့် သူတို့ကို လှမ်း ပစ်ပြန်သည်။ ရွှေသီး သံပုရာလုံးသည် သူတို့အနားသို့ တခုတ်ခုတ် ကျလာသည်။

သံချောင်းက ထံကိုကြိတ်ကာ ဓားဖြင့် လှမ်းပစ်ရန် ပြင်လိုက်သည်။

"ဟေ့ သံချောင်း၊ သံချောင်း"

ကိုနုစွာက သံချောင်းလက်ကို လှမ်းဆွဲသည်။

"မောင်း ရဲမြင့်၊ ရဲမြင့်။ ငါလေ၊ စိုးထွန်းလေ၊ စိုးထွန်း။ မောင်း ရဲမြင့်"

ကိုနုစွာက တဆက်တည်း အော်သည်။ သည်တော့မှ သံချောင်းက ဓားဖြင့် လှမ်းပစ်ရန် ချိန်ထားသည့် လက်ကို ရုပ်ကာ ထိုသစ္စဝါကို မျက်ခြည်မပြတ် အကဲခတ်နေသည်။

"မောင်း ရဲမြင့်၊ စိုးထွန်းလေ၊ စိုးထွန်း"

ထိုသစ္စဝါသည် ဘာမျှမပြောဘဲ သူတို့နှစ်ယောက်ကို ကြောင် ကြောင်ကြီး ကြည့်နေသည်။ အတန်ကြာမှ ဝေးစကျွေးကြိုတိုင်သော လက်မောင်းကိုး ဆန့်ကာ လက်ညှိုးတန်းတန်းကြီးထိုးပြီး အော်ပြန်သည်။

"သရဲ၊ သရဲ"

ထိုသစ္စဝါက သစ်ပင်ခွကြားမှ အထက်သို့တက်ရန် ပြင်လိုက်သည်။

"ဟေ့ ရဲမြင့်၊ သရဲမဟုတ်ပါဘူးကွ။ ငို့ပါ။ စိုးထွန်းလေ၊ စိုးထွန်း"

ကိုနုစွာက အော်ပြန်သည်။ သည်တော့မှ ရဲမြင့်သည် သစ်ပင်ထိပ်သို့ တက်ရန် ပြင်နေရာမှ သူတို့ကို ငုံကြည့်ပြီး တန့်နေသည်။

"မင်းတယောက်ထဲလား။ ဆင်းခဲ့ပါ။ ငို့ပါ"

ရဲမြင့်ထံတွင် နောက်ထပ် လက်နက်ရှိဟန် မတူတော့။ ရဲမြင့်သည် တောင်းဘီဖိတ်ထဲမှ ရွှေသီးများကို သူတို့ဆီသို့ ပစ်ချပေးသည်။ သို့ရာတွင်

မဆင်းလာသေး။ သူတို့ကို မျက်လုံးကြီးပြူးပြီး ကြည့်နေသည်။ ရဲမြင့်၏ ဆံပင်နှင့် ခေါင်းတွင် ပန်းများမွှတ်သိပ် ပန်ထားပုံမှာ အမေရိကန် ရုပ်ရှင်များတွင် တွေ့ရတတ်သော တကယ့် ဟစ်ပီပုံမျိုး ဖြစ်နေသည်။ ရဲမြင့်ကို မြင်တော့မှ ရဲမြင့်တယောက် သစ်ပင်ကို ခါးနှင့်ပေါက်ကာ ထားသည်ကို ကိုနန္ဒာ အမှတ်ရသည်။

"စိုးထွန်း၊ စိုးထွန်း။ ဘယ်က စိုးထွန်းလဲ"

ရဲမြင့်က သူ့ကို မှတ်မိဟန် မတူ။

"ရန်ကုန်က စိုးထွန်းလေ၊ မင်းနဲ့အတူ လာတာလေ"

သည်တော့မှ ရဲမြင့်သည် သတိရသွားဟန်ဖြင့် 'အော်' ဟု တချက် ရယ်လိုက်သည်။ သံချောင်းကမူ ရဲမြင့်ကိုသာ အကဲခတ်နေသည်။ ရဲမြင့် သတိတွင် လက်နက်ရှိနေသေးလျှင် သူတို့သိရမည်။

"နှင်းဆီ၊ နှင်းဆီ၊ ဒို့မေမာ နှင်းဆီ"

ရဲမြင့်သည် မာဆေးကား၊ အသံလုံးအောင်၍ သီချင်းကို အော် ဆိုလိုက်သည်။

"အကို့ကောင် မူးသွားပြီ ထင်တယ်"

သံချောင်းက ကိုနန္ဒာကို ကြည့်၍ မေးသည်။ ကိုနန္ဒာသည် ခေါင်းကို ငြိမ့်ပြ၍ ကြားနေပြီး ရဲမြင့်ကို ခေါ်သည်။ အတော်ကြာခေါ်တော့မှ ရဲမြင့်ဆင်းလာပြီး သူတို့နှစ်ယောက်ကို ပြူးကြောင်ကြောင် ကြည့်နေသည်။ ထိုနောက် ဘာမပြောညာမပြော သံချောင်းလက်က ခေါ လုလိုက်သည်။ ခေါက ဖျာနှံသားရှည် ဖြစ်သည်။ ရဲမြင့်သည် သည်ဖျာ တေကို ဘယ်က ရလာသည် မသိ။

သံချောင်းက သတိထားသူ ဖြစ်၍ နောက်သို့ ဆုတ်လိုက်သည်။

"ပေး၊ ငါ့ခါးပြန်ပေး။ ငါ့မှာ ဗိုလ်တေးချောင်းဘဲ ရှိတော့တယ်။ ငါ့ခါး ပြန်ပေး"

သံချောင်းထင်သည့်အတိုင်း ရဲမြင့် မူးသည်မှာ သွက်သွက်လည် နေပြီး ဝက်လှေ့ပုံကြီး ပျော်ပြီးနှင်ပြောတုန်း ခေါ်ထည့်သွားခြင်းလည်း



ဖြစ်နိုင်သည်။ သူသူတကင်းခဲ့သော ကျွန်းပေါ်တွင် အခတ်ခတ်အပြော်ပြော်ရှိ တယောက်တည်း နေရသောကြောင့် ချောက်ချားသွားခြင်း ဖြစ်နိုင်သည်။ ပြတ်ရှိနေရာမှ မြူးစားကြီး ပြတ်သွားသောကြောင့်လည်း ဖြစ်နိုင်သည်။ သည်အကြောင်းများအားလုံး ပေါင်းဆုံသွား၍လည်း ဖြစ်နိုင်သည်။ မှုမည့်ဆိုကလည်း မှုလောက်သည်။ တိတ်ဆိတ်သော သည်အချိန်တွင် ပင်လယ်လှိုင်းသံတွေ တဝုန်းဝုန်း ကြားနေရသည်ကပင် ချောက်ချားစရာ ကောင်းနေပြီ။

ထို့ကြောင့် ရဲမြင့် သွက်သွက်လည်အောင် မူးနေသည်ကို ကိုနန္ဒာ ဘာမှ မပြောသူသူပါပြသည်။ ရဲမြင့် ယခုတိုင် မည်သည့်နည်းဖြင့် အသက်ရှင်နေသနည်း ဆိုသည့် အချက်ဖြစ်သည်။ သူတို့က ထုံးရည်သောက်သည်။ ထုံးဆံစားရသည်။ ခရု၊ ဂဏန်း၊ လိပ်ဥကို စားရသေးသည်။ ရဲမြင့်သည် ထိုအစာတွေကိုလည်း စားဟန်မတူ။ သူ့အနားတွင် တော ရွှေသင်းရှိနေမှုမှ အမြဲသာသွားမှ စားပင်သောက်ပင်ကို မတွေ့။ လူ တယောက်၏ အသက်ကလေးတချောင်းသည် တော်တော်ကြာ ခံပြည့် ကောင်းသည်။ စားကောင်းသောက်ဖွယ် အစုံအလင်၊ ဆေးဝါးအစုံ အလင်ကို မိမိရသည့်တိုင် ဘာမှမဟုတ်သည့် အကြောင်းကလေးကြောင့် သေချင် သေသွားတတ်သည်။ လှုပ်လောက်သည့် အစာအဟာရလည်း မရှိ၊ ဆေးဝါးလည်း မှီဝဲရမည့်ဘဲ ရက်ပေါင်းများစွာ ဝေ်ပြတ်နေ သော်လည်း မသေချင်မှ သေတတ်သည်။

ထုံးတော့ ထူးဆန်းသည်။ မသေနိုင်ဘွန်းသော အသက်ကလေး တချောင်းက ခေါင်းမာလွန်းသောကြောင့် သေမင်းအန္တရာယ်ပေးသည်လော၊ သို့မဟုတ် အငြိုးအကြိုး ညည်းထဲလို၍ ချက်ချင်း စီရင်၍ မရှိတော့သော ကမ္မ ညည်းသတ်သည်လော။

သံချောင်းက ရှေ့ဆုံးက၊ ရဲမြင့်က အလယ်က၊ ကိုနန္ဒာက နောက် ဆုံးက အစဉ်အလိုက် ဆင်းကြသည်။ ရဲမြင့်ကို လွတ်ထား၍မဖြစ်။ တချက်တချက်တော့ သတိရဟန်တူသည်။ တင်ထွန်းအောင်ကို မေး

တက်သည်။ တခါတခါတွင် သူ့ရည်းစား မျိုးသန္တာ၏ နာမည်ကို ခေါ်သေးသည်။

မူလ အစီအစဉ်က လိပ်သောင်သို့သင်း၍ လိပ်ဥခေါ်ပြီးမှ မြို့ကို ရန် ဖြစ်သည်။ သို့ရာတွင် ခမြိုင်ပါလာသဖြင့် သည်အစီအစဉ်ကို ဖျက်ရသည်။ ခမြိုင်သည် ဆိုးကြမ်းကို လိုက်နိုင်မည် မဟုတ်။ အားနည်းနေ၏

ကမ်းစပ်ရောက်တော့ သံချောင်းက အုန်းပင်တက်သည်။ ထက်ထွ တွင် ဓားပါလာ၍ အုန်းသီးကို အခိုင်လိုက်ခုတ်ချလိုက်ရုံသာ ရှိသည်။ တလုံးချင်း အညှာချွေးနေစရာ မလိုတော့။ မြေကြီးကန်ချစရာ မလိုတော့။ အများကြီး အချိန်ကုန် သက်သာ သွားသည်။

ခမြိုင်သည် သူ့ရုပ်နေးကို မညီမျှ သတောသည်မသိ။ အုန်း၍ လိုးရာတွင် တချက်တည်းနှင့် ပြတ်သည်။ အသွား ဖြိစနေသည်။

ခမြိုင်သည် တလုံးပြီးတလုံး ဖေါ်၍ သောက်သည်။ အုန်းရည် အလွန် အေးဝ် တထိုင်တည်းနှင့် ကုန်အောင် သောက်ပစ်သည်။ ဗုတ်မှ ဝင်လာသလောက် သံချောင်းက မျက်လုံး ပြူးကြည့်နေသည်။

ခမြိုင်က အုန်းရည် ထပ်တောင်းသည်။ သံချောင်းက အဝကိုင်ခွဲ သည်။ သည်အုန်းတော အုန်းပင်တွေက အမျိုးကောင်းသည်။ ပင်လျှ ဖြစ်သည်။ ထို့ကြောင့် အုန်းရည်သောက် ကောင်းမည့် အုန်းတော ဘက်ကို ကမင်းလှည့်ခေါ်လာခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ကိုနန္ဒာက ထပ်မသောက် စေချင်တော့။ သိပ်များနေပြီ ဟု ထင်သည်။ နည်းနည်း သောက်ရုံကာတာဆင့် တိုးမှီကိုရွှေ သောက် သွားစေချင်သည်။ ယခုတို့ ဗုတ်တချက် အဝအပြ သောက်လိုက်လျှ ဥပါဒ် ဖြစ်တောင်း ဖြစ်နိုင်သည်။

"သောက်လို့ ကောင်းရဲ့လား"

သံချောင်းက မေးသည်။ သံချောင်းသည် ခမြိုင်ကိုကြည့်၍ သနား လည်း သနားသည်။ စိတ်လည်းပျက်သည်။ သနားသည်မှာ အစာငတ် ပြတ်နေသည့် တဝတ္တု ဒုက္ခိတ တဦး ဖြစ်သောကြောင့် ဖြစ်သည်။



စိတ်ပျက်သည်မှာ စိတ်ဂယောက်ဂယက် ဖြစ်နေခြင်းကြောင့် ဖြစ်သည်။ ရှေ့ကသို့ ဝါးတီးနေသော မျက်သားအစွန်းထက မျက်လုံးပြူးကြီးနှင့် ပန်းနီ တွေ ဖန်ထားသော ကြက်ခဲနေသည့် ဆံပင်ရှည်ရှည်ကြီး ကြောင့်လည်း စိတ်ပျက်သည်။

"သောက်လို့ ကောင်းရဲ့လား"

သံချောင်းက ထပ်မေးသည်။ ခမြိုင်က ဘာမျှပြန်မပြော။ အုန်းရည် မရှိတော့သော အုန်းသီးကိုလွှင့်ပစ်လိုက်ပြီး သံချောင်းဘက် လှည့်ကာ

"ပေး ငါ့ဓား"

"နေအုံးလေကွာ၊ အုန်းသီးခွဲမယ်။ အုန်းသီးဆံ မစားဘူးလား"

ကိုနန္ဒာက ပြောသည်။ သံချောင်းက အုန်းသီးကို ခွဲပေးတော့ ကော် ဘာရန် အုန်းခွံ တော်တလေး တချက်ပါ ပေးလိုက်သည်။

ခမြိုင်သည် ခွဲပေးသမျှ အုန်းဆံများကိုလည်း အကုန် စားပစ်လိုက် သည်။ ခမြိုင်ကို ဓားပြန်ပေး၍ မဖြစ်သေး။ သည်ဓားဖြင့် ရန်ရှာနိုင် သည်။ တခြားသူကို ရန်မရှာနိုင်လျှင် သူ့ကိုယ်သူ အန္တရာယ် ပေး နိုင်သည်။ ထို့ကြောင့် ဓားကို သံချောင်း ယူထား လိုက်သည်။ သံချောင်းအဖို့တော့ များများအသုံးဝင်သည်။

ခမြိုင်ကို ရှေ့မှောက ဘူတို ကျောက်ကမ်းပါး ဆီသို့ ခေါ်လာခဲ့ ကြသည်။ ကျောက်ဂူဝရောက်တော့ ကြက်တူရွေးက နှုတ်ဆက်သည်။ ခမြိုင်သည် ကြက်တူရွေးသံကြောင့် ခုတ်တရက် လန့်သွား သေးသည်။ ကြက်တူရွေးကို မြင်တော့ မျက်မှောင်ကြီးကုတ်၍ ငြိုးသူရန်သူက် ဖေ ကြည့်နေသည်။

ကျောက်ဂူရောက်တော့ ကျန်သည့်လိပ်ဥ၊ မြင်းခိုင်းငါးအာန်း စသည် တို့ကို ခမြိုင်အား ကျွေးသည်။ ခမြိုင်သည် လိပ်ဥဆယ်လုံးခန့်ကိုလည်း စားပစ်လိုက်သည်။

ထို့နောက် မောမောနှင့် ကျောက်ဂူ ဝပါတွင် အိပ်ပျော် သွား သည်။

[ ၁၈ ]

ကျောက်ဂူကြီးရောက်ပြီး ဆယ်ရက်လောက် အထိ ခွေးမြင့် အမြဲတမ်း မကောင်း။

တနေ့လုံး ငုတ်ကြီး ထိုင်နေတတ်သည်။ တခါတရံ တယောက်တည်း ပြောသည်။

"သခင်ရေ" ဟု ခေါ်သည့်အခါ ခေါ်တတ်သည်။ "လူမမိကြ တာခေါ်နေပြီ" ဟု ခေါ်သည့်အခါ ခေါ်တတ်သည်။ တခါ ခေါင်းက ပန်းနှင့်နီးတွေကို ဖြုတ်ကာ ပန်းပွင့်တွေနှင့် ဆော့ နေတတ်သည်။ ခွေးမြင့်ဆောင်းကျုံ၍ တကြော်ကြော် ခေါ်လေ့ရှိသော ကြက်တူရွေးပင်လျှင် ချောင်ထဲတွင် ကုတ်နေသည်။

ခွေးမြင့်ကြောင့် ကိုနွားကျွန်ယောက် တခဏ ငိုလာသည်။ သဖြင့် သံချောင်းတွင် တခဏ တက်လာသည်။ ခွေးမြင့်ကို တယောက် တည်း ထားခဲ့၍ မရသဖြင့် အုန်းသီး ရွတ်လျှင်လည်း သူတယောက် တည်း ရွတ်ရသည်၊ မရှုငုံးရာ၊ ငါးအား၊ ဝါးမှာ တွင်လည်း တယောက်တည်း ရွက်ရသည်။ ထိပ်ဖွတူးလျှင်လည်း သူတယောက် တည်း သွားရသည်။



ယခင်က တယောက်တည်းရွက်လျှင် နှစ်ယောက်စာ ရှာရသည်။ ယခုသုံးယောက်စာ ရှာနေရပြီ။ သည်အထဲ ခွေးမြင့်က ပိုရှိပို စားလာ သည်။ အုန်းရည်တခါသောက်လျှင် အုန်းသီး အလုံးသုံးဆယ်လောက် သောက်သည်။ ထိပ်ဖွစားလျှင် အစိတ်လောက် စားသည်။

အစားအစာကြောင့် တကြောင်း၊ အိပ်ရေးပျက်နေရသည့် အတွက် ကြောင့် တကြောင်း ခန္ဓာကိုယ်ကတော့ နည်းနည်း ပိန်ကြုံလာသည်။ မျက်လုံးကလည်း ယခင် နှုန်းဝါသလို ဝါလို့မရ မဟုတ်တော့။ ကိုနွား အုန်းရည်တွင် ကလေးကို ဝါသည့်အတွက် အုန်းရည်ကို များများ အလောက် မိုးသည်။

အစာရှာလျှင် သုံးယောက်စာ ရှာရ သည့်ပိုင် သံချောင်းသည် ပြည့်ဖြိုး။ ခွေးမြင့်စားနိုင်လျှင် ဝမ်းသာသည်။ ခွေးမြင့် ကျန်းမာ လျှင် သူတို့ လူ့အသိုင်းအဝိုင်း ကလေးတွင် လူတယောက် တိုးလာ မည်။ ထို့ပြင် သူ့အလိုရှင်ဆုံးသော မောင်နှမချင်း ပါလာသဖြင့် ချော်ပိုနေမည်ကို စိုးရိမ်စရာ မရှိတော့။ အလုပ်လုပ်စရာ တက် ကလေးတခု ရနေပြီ။ သည်လောက် မောဆိုလျှင် အလုပ် တော် တော် ဖြစ်နေပြီ။

သံချောင်းသည် ထားသည့် အချိန်များတွင် တောထဲသို့ လှည့် ထွက်သည်။ ငါးရှာသည်။ ပြန်သည်၍ သူတို့သုံးယောက်အတွက် ကလေးတွေ ထိုးသည်။ တောတိုးလျှင်၊ ထိပ်ဖော်သွားလျှင်၊ ကလေးအေး ထိပ်ဖွအစ ထည့်နိုင်သည်။ သူတို့ အစား အစာထဲတွင် ငွေ့သီးတမယ်လည်း တိုးသည်။ ထို့ကြောင့် ငွေ့သီး သွားရှာလျှင်လည်း သည့်တပိုင်းကလေးများက အသုံးဝင်သည်။ ယခင် ကလို မရှိဘဲ မပူရတော့။

သူတို့ ကျောက်ဂူ အထက်က တမ်းပါးအတိုင်း၊ တက်သွားလျှင် ဝါးပုံတောကြီးရှိသည်။ သံချောင်းက ဝါးခုတ်ကာ ကြက်တူရွေးထိန်

ကလေး လုပ်သည်။ မှုစ်ရှိုဒ်ကြီးများ ကျွေးလျှင်လည်း ချိုးကာ ရေမိမို့ အစိမ်းစား ကြသည်။

တနေ့တွင် သံချောင်း လိပ်သောင်က ပြန်လာသည်။ လိပ်ဥကျင်း နှစ်ကျင်းက လိပ်ဥ နှစ်ရာကျော်ခန့် ရသည်။ ပလိုင်းနှစ်လုံး အပြည့်အသိပ် သုံးလေးရက်စာတော့ ရလုံ့သွားပြီ။ သူ့ကြက်တူရွေး ကလေးကို ကို အသီး ကလေးများ၊ တောသစ်သီး ကလေးများနှင့် ငါးနုပ် ကလေးများ လည်း ပါလာသည်။ ဇာဝယ်ဥသုံးလုံးလည်း မှိုက်ခဲ့သည်။

သံချောင်းသည် သူ့ကြက်တူရွေးကို ငါးနုပ်ကလေးများနှင့် ဇာဝယ် ဥ ကျွေးကြည့်သည်။ ပထမတော့မစား။ ကြက်တူရွေးကို အစာငတ် ထားပြီးကျွေးတော့ သူ့ကြက်တူရွေး မနေနိုင်တော့။ ငါးသည်း စား သည်။ ဇာဝယ်ဥလည်း စားသည်။ မြင်းခိုင်းဂဏန်းလည်းစားသည်။ နောက်ဆုံး လူတို့သုံးဆောင်စားသည့် အရာမှန်သမျှကို အကုန် စား လာသည်။

ကြက်တူရွေးက တော်တော်လည်း စကားတတ် နေပြီ။ အစာတော့ တတ် နေပြီ။ ဇာဝယ်ဥ၊ ဂဏန်းစသည်ဖြင့် ခေါ်တတ်နေပြီ။ ရှမြင့် နာမည်ကို ကိုနန္ဒာ သင်ပေးသည်။ သို့ရာတွင် အဘယ့်ကြောင့် မသိ ကြက်တူရွေးသည် ရှမြင့် နာမည်ကို သင်ပေးလျှင် ရူးဝါးဝါး ခေါ် တတ်သည်။ စိတ်ဆောက်ပြီး နေသော ရှမြင့်ကို ကြောက်တတ်ချင် သီးသည်လော မပြောတတ်။

သံချောင်းက ဖျည်းများကို ပလိုင်းနှင့် သယ်ကာ ကျောက်ဂူတွေ ရှာလိုက်သည်။ ကိုနန္ဒာလည်း မရှိ၊ ရှမြင့်ကိုလည်းမတွေ့ရ။ ရှမြင့်သည် တခါတရံ စိတ်ကူးရလျှင် ကိုနန္ဒာနှင့် သောင်စပ်သို့ ဆင်းကာ ကောက်လိုက်တတ်သည်။ ဂဏန်းခမ်းထွက်တတ်သည်။ သည်နေ့လည်း ကိုနန္ဒာရော ရှမြင့်ပါ သောင်စပ်သို့ ဆင်းဟန်တူသည်။

သံချောင်းက လေချွန်ကာ ရွှေဝါ၏ အမည်ကိုခေါ်သည်။ ခါတိုင်း "ရွှေဝါကြက်တူရွေး" ခေါ်သံကြားလျှင် သူ့ရွှေဝါက ပြန်၍ထူးမြဲ။



ည့်နေတော့ သုံးလေးခေါ် လေချွန်ခေါ်သည့်တိုင် ရွှေဝါ၏ ထူးသံကို ကြားရ။

သည်တုန်း ကျောက်တန်းတိုင်းကာထားသည့် ကျောက်ဂူ အမှောင် ထွင်းမှာ မှိုက်ကန် အစိမ်းတစိမ့် မြင်လိုက်ရသည်။ နောက် တောင်ပံ တဖျတ်ဖျတ်ရိုက်သံ၊ တကစ်ကစ် အော်သံနှင့် တဖုံးဖုံး ရိုက်သံကို ကြား ရသည်။

သံချောင်းက လွယ်ထားသည့် ပလိုင်းနှစ်လုံးကို ချကာ ဂူကို င်းတောင်း ဆုပ်ရင်း ဝင်သွားသည်။

အလင်းက အမှောင်သို့ ဝင်လာသဖြင့် ဘာကိုမျှ သဲကွဲစွာ မမြင်ရ။ က်လုံးတော့က အမှောင်ကို ကျင့်သားရသွားသည့် အခါတွင်မှ ရှမင်းကို သဲကွဲစွာ မြင်ရသည်။

ရှမြင့်က ကြက်တူရွေးကို လည်ပင်းကိုင်ကာ ကျောက်နံရံဖြင့် တဖုံး ဖုံး ရိုက်နေသည်။

"ဟေ့ ရှမြင့်၊ ဘာလုပ်တာလဲ။ လွှတ်လိုက်။ ဘာဖြစ်လို့ ကြက်တူ ရွေးကို ကိုင်ရိုက်နေတာလဲ၊ လွှတ်လိုက်"

ရှမြင့်က သူ့ကို လှည့်မကြည့်။ ကြက်တူရွေးကို နံရံဖြင့် ကိုင်ရိုက် သတ်နေသည်။ ခဏကြာတော့ ကြက်တူရွေးသည် တချက် နှစ်ချက် တောင်ပံရိုက်ပြီးနောက် ငြိမ်ကျသွားသည်။

"ဟေ့ကောင်၊ ဘာဖြစ်လို့ လုပ်တာလဲကွ၊ ဟင်"

သံချောင်းက လက်တဖက်ဖြင့် ကိုင်လှုပ်ကာ ဆွဲလှည့်လိုက်သည်။

ရှမြင့်သည် အပြစ်မရှိသော ကြက်တူရွေးကို ဘာကြောင့် သတ်ရ သနည်း။ သံချောင်းသည် ဒေါသထွက်လွန်းသဖြင့် ကြက်တူရွေးကို သတ် သလို ရှမြင့်ကိုလည်း ကျောက်နံရံကြီးနှင့် ကိုင်ဆောင့်ပြီး အသေသတ် ပစ်လိုက်ချင်သည်။ သို့မဟုတ်လျှင်လည်း ရှမြင့်၏ ဝမ်းဗိုက်ထဲသို့ ဓား ထိုးသွင်းကာ မိတ်ရှိုတက်ရှိ မွှေပစ်လိုက်ချင်သည်။

ထိုရာတွင် ချမ်ဗြိန်ကိုယ်တို ခွဲလှည်းကို ချမ်ဗြိန်မျက်နှာကို မြင်လိုက်ရသည့် အခါတွင်တော့ သည့်စိတ်တွေ ပျောက်သွားသည်။ ယူကျုံးမရဖြစ်မြင်း ဝမ်းနည်းခြင်း၊ သနားခြင်း စသည့် ခံစားချက်များသာ ပေါ်လာသည်။

ချမ်ဗြိန်သည် သူ့ကိုယ်သူ ဘာလုပ်၍ ဘာကိုင်နေမှန်း သိဟန်မတူ။ သံချောင်းက သူ့ကို လက်သီးဖြင့် ထိုးမည်လော၊ ခြေဖြင့် ထိုးမည်လော၊ နံမြွှိန်ကိုင်ဆောင့်မည်လောဟု တွေးတော မိပုံလည်းမရ။ လူ့ခန္ဓာကိုယ်သည် သေးကျုံ့သွားလိုက်ကာ သံချောင်းတချက် ထိုးတာမျှ ရှိသည်ကိုလည်း သိပုံမရ။ အကာအကွယ်မဲ့စွာ၊ သတိကင်းစွာ ရပ်လျက် ရှိရာက သံချောင်းကို မျက်လုံးကြီး အမြဲသားဖြင့် ကြည့်နေသည်။ မျက်ရည်များသည် ပါးမြင်းပေါ်သို့ စီးကျနေသည်။

သည့်အချိန်တွင် ချမ်ဗြိန်သည် သံချောင်းပြဿနာကို ခံရတော့မည်သာ ဖြစ်သည်။

သံချောင်းသည် အစတောင်ကျိုးကာ လည်ပင်း၊ လိမ်လျက် ရှိသော ကြက်တူရွေး အသေကောင်ကို ဆတ်ကနဲဆွဲယူပြီးနောက် သက်ပြင်း တချက်ချ၍ လှည့်ထွက်သွားခဲ့သည်။

ခေါ်ပိုးဆိုလျှင် အသားစိမ်း ငါးစိမ်းကို ပင်လယ်ချေခြင့် စားသောက် အစိမ်းစားခဲ့ကြသည်။ ယခု သည့်ကြက်တူရွေးကို သံချောင်းမစားရ။ မစားခင်၊ သံချောင်းသည် ကျောက်ကမ်းပါးအထက် ကုန်းပေါ်သို့ တက်လာကာ ကြက်တူရွေးအသေကောင်ကို ဆက်သွားလျှင် မြောက်မျှ မြှုပ်လိုက်သည်။

တိုနေ့မှစ၍ ချမ်ဗြိန်သည် တညီငြိမ်သွားဟန်ရှိသည်။ သည့်နောက် တွင် ဆူပူသောင်းကျန်းခြင်း မရှိတော့။ သူ့ စိတ်ထဲတွင် ရှိသည့် အသိ အမဲများကို ပေါက်ကွဲ၍ ပေးလိုက်ရသဖြင့် ကျေနပ်သွားဟန်တူသည်။ သူ့မျက်လုံးများသည်လည်း ရှိမြဲကြည်လင်စ ပြလာသည်။ တခါတွင် ကိုနွေနှင့်အတူ ရေကူးထက် ပြန်လာသည့်အခါမျိုး၊ မြင်းစိုင်း စောင်းခမ်း၍ ပြန်လာသည့်အခါမျိုး၌ ချမ်ဗြိန်သည် ကြည်လင်ရွှင်မြူး နေ



တတ်သည်။ အထူးသဖြင့် အလုပ်လုပ် နေရသည့် အခါမျိုးတွင် ချမ်ဗြိန် သည် လန်းဆန်းတက်ကြွနေတတ်သည်။ အသင်္ချေခွာ လာသူ တ ယောက်ကဲ့သို့ပင် ထင်ရသေးသည်။

ချမ်ဗြိန်က ငယ်ရွယ်သူဖြစ်၍ တက်ကြွသည်။ ဖျတ်လတ်သည်။ မြင်းစိုင်း ကလေး၊ ခမ်းရာတွင် ကိုနွေသာ်သက်ပင် အကောင်ရေ ရှုလှယ်သည်။ မြင်းစိုင်းစောင်းဆိုသည့် ကောင်က သဲပေါ်တွင် လှစ်ကနဲ ပြေးနိုင်သည့် ကောင်မျိုးဖြစ်သည်။ မျက်စိရှေ့တွင် လှစ်ကနဲ မြင်လိုက်ရပြီး လှစ်ကနဲ ပျောက်သွားကာ သဲတွင်းထဲ ဝင်ပြေးတတ်သည်။ သည့် ကောင်ကို ခမ်းချင်လျှင် လက်ထဲတွင် တုတ် တချောင်းလောက်တော့ ဆောင်ရသည်။ တုတ်မပါလျှင် သူက အမြဲသနပ်၍ လိုက်မမီနိုင်။ တုတ် နှင့်ဆိုလျှင် လှမ်းရိုက်နိုင်သည်။

ချမ်ဗြိန်က မြင်းစိုင်းစောင်းကို တုတ်ဖြင့်မခမ်း။ လက်ချည်းသက်သက် ဖြင့် ခမ်းသည်။ မြင်းစိုင်းစောင်းကို မီအောင်လိုက်သည်။ တခါတရံ ဂို သေား ဘောလုံးခမ်းသလို ခမ်းသွားဆိုးနှုန်ပစ်၍ ခမ်းသည်။ မျက်စိ လျင်မှု၊ လှုပ်ရှားဖျတ်လတ်မှု သည့်ကိုခမ်းနိုင်သည်။ ချမ်ဗြိန်သည် မြင်းစိုင်း စောင်းခမ်းသည့် အတတ်ကို ကိုနွေ့ထက်မှ တတ်လာခြင်းဖြစ်သည်။ တိုင် ကိုနွေ့ထက်ပို၍ အကောင်ရေများများ ခမ်းနိုင်သည်။ မြင်းစိုင်း စောင်းခမ်းခြင်းသည် ချမ်ဗြိန်၏ခန္ဓာကိုယ်တွင်း၌ ကိန်းဝပ်နေသော လူငယ် တို့၏ ဖျတ်လတ်မှု၊ လှုပ်ရှားမှု၊ သတ်လုံကောင်းမှု၊ စိတ်ထက်သန်မှု တို့ကို ပြန်လည်နိုးကြားလာအောင် လှုံ့ဆော်ပေးလိုက်သကဲ့သို့ ရှိသည်။

ချမ်ဗြိန်သည် စိတ်ငြိမ်လာစက နံ့ယတ်ရိုးအကြောင်းကို တခွန်းမှတွန်း မပြောသေးသော်လည်း နောက်မပြောတော့ရေ။ မမှိန် မဖြစ်နိုင်သော အရာကို တောင့်တပြောဆို နေခြင်းသည် ကိုယ့်စိတ် ဆင်းရဲခြင်းကိုသာ ဖြစ်စေသည်ဟု သဘောပေါက် သွားပုံရသည်။ စိတ်တူဖြင့် ကိုယ်ဖြစ် စေချင်သည့် အရာများကို တွေးတောနေမြဲခြင်းထက် ဖြစ်နိုင်သည့် အရာကို

ထက်တွေကောက်လုပ်ခြင်း၊ ထိုလက်တွေ၏ အောင်မြင်မှုကို ပြန်
ကြည့်နေရခြင်းက ပို၍ ပျော်စရာကောင်းကြောင်း သိလာခဲ့သည်။
တခါတရံ မြင်းစိုင်းဂဏန်းကို မိခါနီးမှ လွတ်လွတ်သွားတတ်သည်။
ဂဏန်းသည် သဲတွင်းသို့ လှစ်ကနဲဝင်ရောက် ပျောက်ကွယ်သွားသည်။
ထိုအခါမျိုး၌ သဲတွင်းကို လက်မောင်းရင်းဆုံးအောင် ခေါ်၍ နှိုက်ရ
သည်။ သည်လို ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း လုပ်ပြီးမှ သဲတွင်းထဲတွင်
ရှောင်ပိတ်မိနေသော ဂဏန်းကို ရတတ်သည်။ ပင်ပန်းခက်ခဲစွာ ကြိုး
ပမ်းအားထုတ်ပြီးနောက် အောင်မြင်သောအခါမျိုးတွင် ရရှိသော ပျော်
ရွှင်မှုမျိုးသည်၊ ကြည့်နေရမှုမျိုးသည် မည်သည့်အရသာနှင့်မှ မတူဟု ခံစား
ထင်သည်။
တခါကလည်း သူတို့သုံးယောက် ငှက်လိုက်ကြသည်။ သွားတုန်းက
ငှက်လိုက်ရန် ရည်ရွယ်ချက်မရှိ။ တောလျှောက်သွားရန် သွားကြခြင်းဖြစ်
သည်။ စမ်းပေါက်နားရောက်တော့ ငှက်ကြီးတကောင် ဖျတ်ကနဲ မြည်ကာ
သစ်ပင်ပေါ်တက်ပြေးသည်။ သံချောင်းက သစ်ပင်တက်ကောင်းသူ
သစ်ပင်ပေါ်တက်လိုက်သွားသည်။ ထိုရာတွင် ငှက်က ကိုင်းဖျားသို့
တက်သွားသောအခါ သံချောင်း ဆက်မလိုက်နိုင်တော့။ ကိုင်းဖျားက
ငှက်ကိုယ်ကလေးသာခံသည်။ လူတက်လျှင်ကျိုးကျတော့မည်။ သည်တော့
သူတို့အစီအစဉ်တခု ချကြသည်။ သံချောင်းက ကိုင်းဖျားကိုလှုပ်၍ ခါ
ချသည်။ ကိုနန္ဒာနှင့် ခမြင့်က သစ်ပင်အောက်ကစောင့်ကာ ငှက်ကို ဖမ်း
ရန် ထိုးနှက်ရန်ဖြစ်သည်။ သစ်ပင်အောက်တွင် ကိုနန္ဒာနှင့် ခမြင့်
တာချ၍ စောင့်ကြသည်။
သံချောင်းက ကိုင်းဖျားသို့ အရောက်နိုင်ဆုံး တက်သွားကာ ကိုင်းကို
ခါချသည်။ ခပ်သွက်သွက် ခါချသည့်အခါ၌ ငှက်သည် ကိုနန္ဒာ တို့
ဘက်က ဆောက်ကုလား ချုံကြီးပေါ်သို့ ဖုတ်ကနဲကျလာကာ
အောက်အတိုင်း ဆင်း၍ ဆက်ပြေးသည်။ ကိုနန္ဒာ လိုက်ဖိုက်သော်
လည်း မမီလိုက်တော့။



"ဦးလေး၊ လိုက်ပါ။ ဟိုမှာ ဟိုမှာ၊ စမ်းရိုးအတိုင်း ဖြတ်ပြီး တက်
သွားပြီ"
ခမြင့်က တုတ်ကိုင်၍ ငှက်နောက် လိုက်သွားသည်။ ငှက်က စမ်း
ရိုးကို ဖြတ်ပြီး ကုန်းပေါ်သို့ တက်ပြေးသည်။ စင်စစ် စမ်းရိုးဘေးတွင်
ကြိမ်ချုံတွေ၊ ချုံတွေ ရှုပ်နေသည်။ ကုန်းပေါ်မှာလည်း ချုံတွေ ပိတ်
နေသည်။ ခမြင့်သည် ချုံတွေကြားထဲသို့ အတင်းတိုးဝင်ကာ ပျောက်
ကွယ်သွားသည်။ တောကောင်လျှင် သည်ချုံများကို မည်သည့်နည်းနှင့်မှ
သည်လောက် မြန်မြန် တိုးဝင်နိုင်စရာ အကြောင်းမရှိ။ ကိုနန္ဒာသည်
ခမြင့်တိုးဝင်သွားသည့် ချုံများထဲသို့ ဝင်လိုက်သည်။ ဆူးခက်တွေကြောင့်
ကိုယ်၍ မပေါက်။
"ဦးလေးရေ၊ မိပြီ။ ငှက်ကြီးမှ အကြီးကြီးပဲ။ ဥတွေနဲ့"
ခမြင့်က တောချုံတွေကြားထဲက လှမ်းအော်သည်။ ခမြင့်က ဝါး
ခိုက်ကျော် သုံးရိုက်လောက်အရောက်တွင် ငှက်ကို မိခြင်းဖြစ်သည်။
သည်တော့ ကိုနန္ဒာက ချုံကြားထဲ တိုး၍ တောင်းတုန်း၊ ဝါးတရိုက်
လောက် မရောက်သေး။
သည်တုန်း ချုံတွေကြားထဲ သံချောင်း တိုးပြေးကာ ခမြင့်ဆီသို့
ရောက်နေပြီ။ သံချောင်းသည် အပင်အမြင့်ကြီးပေါ်က ဆင်းပြီး ချုံ
တွေကြားထဲတိုးကာ ခမြင့်ထံသို့ သူ့အရင်ရောက်နေပြီ။
ကိုနန္ဒာ တကြော်ကြော်အော်ရင်း သူတို့နှစ်ယောက်အနီးသို့ ရောက်
တော့ ငှက်က သတ်ပြီး၍ ထမ်းယူရန် ထုပ်ပိုးတုပ်နှောင်ပြီးသား ဖြစ်
နေပြီ။ တို့မှာက အနီးရှိ ထန်းခင်ကို တက်ကာ တယောက်ကို ထန်းသီး
ဆယ်လုံးစီလောက် ယောက်ပြီး နေကြပြီ။
ခမြင့်က သံချောင်းလောက် ကျွမ်းကျင်မှု၊ လျင်မြန်မှု၊ ဖျတ်လတ်မှု၊
ဆက်လုံကောင်းမှု မရှိသည့်တိုင် ကိုနန္ဒာထက်တော့ သာနေပြီ။
ခမြင့်နှင့် သံချောင်းတို့ ကိုယ်တွင် ဆူးခြစ်ရာတွေ မြင်နေသည်။
ထိုရာတွင် သူတို့နှစ်ယောက်သည် ခြစ်ရာတွေကို ဂရုမထားနိုင်။ အထူး

သဖြင့် ရုံမြို့က အရှေ့ဘက်ကြီး ပျော်နေသည်၊ ခက်ခဲပင်ပန်းသော မြို့အတွင်း၏ အသီးအနှံကိုကြည့်၍ လန်းဆန်းတက်ကြွနေသည်။ ရုံမြို့၏ မျက်နှာသည် ရွှင်ပျသွားသော်လည်း ဘောင်မြှင့်ခြင်းတို့ကြောင့် နီရဲလျက် ရှိသည်။

သူတို့သုံးယောက်တွင် ပျားရှိုက်ကြီးတချောင်းနှင့် နိုင်လွန်ပိုက်ကြိုး မြိတ်များရှိသည်။ ခင်စောမောင်တို့က သဲချောင်းကြီးကျော်လာသော်သည် လိုသည့် အတိုင်းအတာကို မရသဖြင့် ဝါးမများ နှင့်၊ ဝါးကြီးများရှိ ဖြင့်၍ ကြိုးက အလယ်လေးဆယ်လောက် ကျစ်ရသည်။ ထို့ကြောင့် ရသည့် တလေးကိုရောက ဝါးလိုက် ကျစ်လိုက် လုပ်ရသည်။ တလောက ဗြိ တချွေးရသဖြင့် ဆက်ကျစ်လိုက်သည်တွင် အလယ်လေးဆယ် ပြည့်သွား သည်။ ပြည့်ရုံမက အလင်္ကါးဆယ်တောင်ရသည်။

သည်တော့ သဲချောင်း ဝါးကြီးများဘို့ဖြစ်သည်။ ဝါးကြီးဆိုသည်က လမ်းဖြစ်သည်၊ အနောက်ဘက်ကမ်းက ကျောက်ဆောင်ကြီးတဆောင် နားတွင် လမ်းမြေတတ်သည်။ သည်နေရာက ရေနက်သည်၊ ရေအောက် တွင် ကျောက်ကမ်းပါးကြီးများရှိသဖြင့် သည့်ပြင်နေရာ ကမ်းစပ်လို ရေ မတိမ်၊ ကမ်းမြေမဘုတ်၊ ကမ်းစောက်ဖြစ်သည်၊ ရေသဲများလဲ ပေါ် သည်။ လမ်းက သည့်ပြင်ဝါးကို မကြိုက်၊ ရေသဲတို့မှ ကြိုက်သည်။ ထို့ကြောင့် ထိုကျောက်ဆောင်သို့သွား၍ လမ်းများ ရန် ပြင်ဆင်ကြ သည်။

တနေ့နံနက်က ထိုကျောက်ဆောင်ကို သွားချင်သည့်အချိန် သွားလို့ မရ၊ ရေတက်ရေကျကို စောင့်ရသည်။ ကျောက်ဆောင်က ကမ်းစပ်မှ တမိုင်နီးပါးလောက်ဝေးသည်။ ရေကျနေချိန်ဆိုလျှင် ကျောက်တုံးတွေ ပေါ်က လျှောက်သွားနိုင်ရသည်။ တချို့နေရာများတွင် လူတရပ်စာလောက် ရှင်ခေါင်းလောက်ရှိသည့် ရေကို ဖြတ်ရသည်။ သို့ဖြင့် တမိုင်နီးပါး ဖြတ်ပြီးမှ ထိုကျောက်ဆောင်ကြီးသို့ရောက်သည်။ သည်ကျောက်ဆောင် ကြီးက အပြင်ဘက်အကျဆုံးဖြစ်သည်။ ပင်လယ် ထဲတွင် ထီးထီးကြီး



ပေါ်နေသည်။ ရေတက်ချိန်ကျမှသာ မြင်သည်။ "ကျောက်ဆောင်က နှစ်ခုဖြစ်၍ မီးထိုးတောင်မတတ် မြင့်သည်။ အဝေးကကြည့်လျှင် ကျောက် ဆောင်ကြီးနှစ်ခု မားမားကြီး ရပ်နေကြသည်။ သဲချောင်းက သည် ကျောက်ဆောင်နှစ်ခုကို 'ကျောက်ညီနောင်' ဟု အမည်ပေးထားသည်။

ကျောက်ဆောင်အောက်တွင် ဂလိုင်ကြီးတခုရှိသည်။ သည် ဂလိုင် ကြီးက ကျောက်ဆောင် တခက်နှင့် တခက် ထုတ်ချင်း ပေါက်သွား သည်။ သို့ရာတွင် တန်းတန်းပေါက်နေသော ဂလိုင်ပေါက်ကြီးမဟုတ်။ ဝက်ဝါလို ကွေ့ကောက်ပြီးမှ တဘက်သို့ ပေါက်သွားခြင်း ဖြစ်သည်။ ဂလိုင်ထဲတွင် ရေဝင်၍ လှိုင်းပုတ်နေသဖြင့် ထိုအနီးတဝိုက်တွင် ဂလိုင် ထဲက လှိုင်းပုတ်သံ အပြင်ဘက်က လှိုင်းပုတ်သံများဖြင့် ဆူညံနေတတ် သည်။ ဂလိုင်ထဲက လှိုင်းပုတ်သံများသည် ပင်လယ်အောက်က သတ္တဝါ ကြီးတကောင် ဝမ်းခေါင်းမြည်၍ ဟောက်နေသလို ကြောက်စရာကောင်း သည်။ သည်ဂလိုင်ထဲတွင် ဘဲခေါ် ရေသဲများရှိသဖြင့် ရုပ်လမ်းတော နှင့်လမ်းတော နှင့်မျိုးစလုံး လာတတ်သည်။ ရုပ်လမ်းက ပါးစပ် ဟ၍ပြီး သွားကြီးနှစ်ချောင်းသာရှိသည်။ သည်ပါးစပ်ကြီးဖြင့် ရုပ် သည်။ နှုတ်လမ်းက လမ်းရှည်ကြီးများဆိုးတိုးတောင်တောင်၊ လွှတ် တိုက်ချလိုက်သလို ထိကနဲပြတ်သွားအောင် ကိုက်နိုင်သည်။

သဲချောင်းသည် ကျောက်ဆောင်ကြီးဘက်သို့သွား၍ လမ်းများချင် နေသည်မှာ ကြာလှပြီ။ သည်ကျောက်ဆောင်ကြီးက သူ့ကို ထက်ရစ်ခေါ် နေသကဲ့သို့ ရှိသည်။ သို့ရာတွင် ကြိုးမရှိသေး၍ မများရ၊ ယခု ကြိုးသည် လိုသည့်အတိုင်းအတာရပြီ။

သည်တော့ လမ်းကြိုက်သည့် ဝါးစာကိုရှာရသည်။

လမ်းကြိုက်သည့်ဝါးစာက ဘဲခေါ်သည့်ရေသဲ ဖြစ်သည်။ ထမင်း စားပန်းကန်ပြားပါးနီးသည့် ရေသဲအငယ်စားများကို ကမ်းစပ်တွင် လိုက် ရှာရသည်။ ကမ်းစပ်က ကျောက်ဆောင်ပြင်ကြီးတွေကြားထဲတွင် သဲနုံ့ တက်နေသော ကွင်းများမှာ ဘဲခေါင်းသည့်ကွင်းများဖြစ်သည်။ ဝါးစွဲ

မြို့ တွင်းထဲထိုးလိုက်လျှင် ဘဲဝဲက ဝါးခွန်းကို ၎င်း၏ လက်တံများဖြင့် ရစ်ပတ်နှောင်ဖွဲ့သည်။ တုတ်ချွန်ကိုတကောင်ကောင်က ရစ်ပတ်နေသည်ဟု လက်ထဲတွင်တွေ့ထိလာလျှင် နာနာထိုးမပေးတော့။ ပထမ ပျော့ပြီး ထိုးမိမည်။ အထဲက ရုန်းကန်အားကို ထိတွေ့မည်။ ထိုနောက် နာနာထိုးလျှင် ငြိမ်ကျသွားမည်။ တုတ်ချွန်ကိုဆွဲထုတ်လိုက်လျှင် ကိုမျှ ဘဲဝဲ တုတ်ချွန်များတွင် တစ်ရှိ့ထိုးထားသလို အသက်မပျောက်၍ ပါလာမည်။

ဘဲဝဲပေါ် ရေသဲခိုထိုးသည့်အတတ်ကို ကိုနန္ဒာတတ်နေပြီ။ ပထမ သံချောင်းက သင်သည်။ ပိုမိုကျွမ်းကျင်အောင် အတွေ့အကြုံက သင်သွားသည်။ ယခု ကိုနန္ဒာသာမက စံမြှင့်လည်း တတ်နေပြီ။ စံမြှင့်က ကိုနန္ဒာထက်တောင် သာသွားပြီ။ ကိုနန္ဒာက ဘဲဝဲထိုးလျှင် တွင်းများချဉ်းသည် တခါတရံ ဂဏန်းတွင်းကို ထိုးမိလျက်သား ဖြစ်နေတတ်သည်။ စံမြှင့်က တွင်းများ။ ဘဲဝဲတွင်းနှင့် ဂဏန်းတွင်းကို ကောင်းကောင်းခွဲခြားတတ်သည်။ ယခုဆိုလျှင် သံချောင်းလောက်မကျွမ်းကျင်သည့်တိုင် ကိုနန္ဒာထက်တော့ ကျွမ်းကျင်နေပြီ။

လူငယ်က လူကြီးထက် ပို၍ထက်သန်သည်။ စူးစမ်းသည်။ စေ့စပ်သည်။ သိလွယ် မြင်လွယ်သည်။ အကင်းပါးသည်။ နည်းလမ်း မမှန်ပဲ အလွဲလွဲအချော်ချော် ဖြစ်တတ်သော်လည်း နည်းလမ်းမှန်သွားသည်နှင့် တစ်ပြိုင်နက်၊ အတွေ့အကြုံရသွားသည်နှင့် တစ်ပြိုင်နက် သူ့ကို လိုက်မမီနိုင်။ ကျွမ်းကျင်မှုနှင့် ခွန်အား ပေါင်းလိုက်သည့်အခါ ချောမောသွားသည်။

ယခုလည်း ကိုနန္ဒာနှင့် စံမြှင့် ဘဲဝဲထွင်းရှာသည်။ စံမြှင့်က သုံးကောင်ရပြီ။ ကိုနန္ဒာက တကောင်သာ သေးရသည်။ သံချောင်းက လှေဦးတွင် မျှားချိတ်နှင့် ကြိုးကို ပြင်ဆင်နေရစ်ခဲ့သည်။ လေးကောင်ဆိုလျှင် လုံလောက်သဖြင့် ပြန်ခဲ့ကြသည်။



သည်နေ့ ငါးမန်းများရာသို့ ကိုနန္ဒာမလိုက်။ သံချောင်းနှင့် စံမြှင့် လိုက်သွားကြသည်။ ရေတပုလင်းစီ၊ လိပ်ဥဆယ်လုံးစီ၊ ငှက်သီးငါးလုံးစီ ထည့်သွားကြသည်။ လမ်းတွင်ဆာလျှင် အုန်းရည်ထပ်သောက်ဦးမည်။

ရေစပ်မြို့ဖြစ်၍ ကျောက်တုံးတွေပေါ်ကျော်ကာ ကျန်သည့် ရေလက်ကြားကို ကူး၍လာခဲ့ကြသည်။ ကျောက်ဆောင်ဂလိုင်ထဲက လှိုင်းများ၏ ဟသည့် မြည်ဟိန်းနေသည်။

စံမြှင့်သည် ငါးမန်းများရသည်ကို အပျော်ဆုံးဖြစ်သည်။ သံချောင်းက ကြိုးပစ်နည်းကိုပြသည်။ ငါးမန်းက ကျောက်ဆောင်စွန်းများသို့ ကပ်လာသည်မဟုတ်။ ကျောက်ဆောင်နှင့် ခပ်လှမ်းလှမ်းအထိသာ လာတတ်သည်။ သည်တော့ သူတို့က လက်ထဲတွင် ကြိုးခွေကို ကိုင်ထားပြီး ငါးစာတပ်သည့် မျှားချိတ်ကို လှမ်းပစ်ရသည်။ ကောင်းဘွိုင်များ ကြိုးကွင်းဖြင့် မြင်းဖမ်းသလို ကြိုးခွေကိုလက်တွင် ရှိန်သားရအောင်၊ အရှိန်ရအောင် ဝှေ့ရမ်းပြီး ဖြေလွှတ်လှမ်းပစ်ရသည်။ ကြိုးပစ် ကျွမ်းကျင်လျှင် ကိုက်ရာအကွာအဝေး၊ လိုရာနေရာသို့ တည့်တည့်ရောက်သည်။

သံချောင်းက ကျောက်ဆောင်ပေါ်တွင် ခြေနှစ်ဖက်ကားရပ်လျက်သားနေကောင်း ရပ်ကာ ကြိုးခွေကိုရမ်း၍ ဆနေသည်။ ထိုနောက် ၄၀ တာခန့် ကြိုးကို ဖြေလွှတ်၍ ပစ်လိုက်သည်။ ကြိုးအရှင်းသာ လက်ထဲတွင် ကျန်နေရစ်ပြီး ငါးစာတပ်သည့်ကြိုးရှားက အလယ်သုံးဆယ်ကျော်ခန့်သောက် ပင်လယ် ရေပြင်တွင် ကျသွားသည်။

စံမြှင့်က သံချောင်းနည်းတူ ကြိုးခွေပစ်ကြည့်သည်။ ပထမ တခါ နှစ်ခါတော့ အချိန်အဆမမှန်။ မလိုရာသို့ သွားကျသည်။ တခါတရံ ညာဘက်သို့ ရမ်းသွားသည်။ တခါတရံ ဘယ်ဘက်သို့ ရမ်းသည်။ တခါတခါ လိုသည့်နေရာအထိမရောက်ဘဲ တဝက်လောက်မှာ သွားကျတတ်သည်။

သူတို့နှစ်ယောက် ကျောက်ဆောင်ထိပ်ရောက်ပြီး မကြာခင် ငါးမန်း တကောင် ပေါ်လာသည်။ ငါးမန်းက လူတရပ်လောက်ရှိသည်။

"ကိုသံချောင်း၊ ဟိုမှာ ဟိုမှာ ပေါ်လာပြီ၊ ပေး၊ ကျွန်မ [illegible] ပစ်မယ်"

ခမြိုင်က မြူးနေသော ငမန်းကိုပြသည်။

"နေပါစေဦးကွ၊ ဝါးသအမ၊ နောက်ထပ် နှစ်ကောင်သုံးကောင် လာလိမ့်ဦးမယ်"

သူတို့နှစ်ယောက် လိမ့်ဥစောင့်ရင်း ငမန်း စောင့်ကြသည်။ ကြာ [illegible] စောင့်ရ၊ ငမန်းအထီးနှစ်ကောင် ပေါ်လာသည်။ ခမြိုင်က ကြိုး [illegible] သူ စမ်းပစ်ကြည့်ချင်သည်။ သို့ရာတွင် သံချောင်းက မပေး၊ တမြ [illegible] ကသွားမှာစိုးရသည်။

ထို့ကြောင့် သံချောင်းက သူကိုယ်တိုင် ပစ်သည်။ ငမန်းတကောင် နှင့် မကွာမကမ်းတွင် သွားကျသည်။ ငမန်းကမသိ၊ အမ နောက် [illegible] လိုက်နေသည်။ သူတို့နှစ်ယောက် ငမန်းသုံးကောင်ကို မျက်ခြည်မ [illegible] စောင့်ကြည့်နေသည်။ မြှားချိတ်နားရောက်လာသော်လည်း မဆွဲ [illegible]

"မဆွဲပါလားဗျ"

"ဆွဲမှာပါကွ၊ ဒီကောင်တွေ ကစားတုံးမှား၊ ကစားပြီး မောတော့ [illegible] အစာကို ဟပ်မှာ"

သံချောင်းပြောသည့်အတိုင်း ငမန်းသုံးကောင်သည် မောပ်ဝတ် [illegible] အစာမဟပ်၊ စေးသွားလိုက် ဒီးသွားလိုက်နှင့် မြူးနေကြသည်။

"မထား–တွေ ငါးနေ့ လိုက် ကြ တာ၊ အစာ ကို တောင် အ [illegible] မရဘူး"

သံချောင်းက ကိုနံ့ပဲသည်။ ငမန်းကြီးသုံးကောင်သည် ထမြိုက် [illegible] ဆောင်တာ ရေထဲသို့ ငုပ်သွားလိုက် ပေါ်လာလိုက်ဖြင့် ကစား [illegible] သည်။ ဝေဟင်ယာဉ်ပြိုင်ပွဲတခုတွင် ဖုက်ကလေးသော ကြီးများ ငွမ်း ထိုး [illegible] သည့်နှယ် ရှိသည်။ ငမန်းသုံးကောင်သည် သူတို့ငါးစာကို မ [illegible] ပင်လယ်အပြင်ဘက်ပိုင်းသို့ ပြန်ထွက်သွားကြသည်။

"မဆွဲတော့ဘူးထင်ပါရဲ့ဗျာ"



ခမြိုင်က စိတ်ပျက်လက်ပျက်ဖြင့် ညည်းသည်။

"တော့၊ ဆွဲပြီထင်တယ်ကွ"

သံချောင်းက မြှားချိတ်ပစ်ထားသည့် ပင်လယ်ပြင်ဆီသို့ ကြိုးတန်း တလျှောက်အတိုင်း လိုက်ကြည့်ရင်း ပြောသည်။ မြှားချိတ် တွင် ဝါးဆစ်ပိုက်ကလေးတခု ဖြတ်၍ တပ်ထားသည်။ သံချောင်းသည် ရေထဲ တွင် လှုပ်နေသော ဝါးဆစ်ပိုက်ကို စူးစိုက်ကြည့်နေသည်။ သူ့မျက်လုံး များသည် တောက်ပြောင် ထက်သန်လာကြသည်။ ဝါးကို မမြင် ရသေး။

"ဝါးလဲ မမြင်ရ [illegible] ဘူးဗျ"

"မြုပ် မြုပ်"

သံချောင်းက ဝါးပေါ်မှုပြည့်ပြီကာ ဝါးဆစ်တောကို စိုက်ကြည့်နေ သည်။ သူ့လက်ထဲတွင် တဆတ်ဆတ် လာတိုးနေသည်။

"ဘေးကအသားကို ဖဲ့စားနေတာ၊ မဟပ်သေးဘူး"

သည်တုန်း သူ့လက်က ကြိုးသည် တင်းသွားသည်။

"ဟော့၊ ဆွဲပြီကွ"

သံချောင်းက ကျောက်ဆောင်ပေါ်က ကျောက်တုံးတတုံးကို ကန် ထားရင်း ပြောလိုက်သည်။ ငမန်းက မြှားချိတ်ကို ဟပ်မိသွားပြီး ဆောင့်ရုန်းသည်။ ထို့ကြောင့် ကြိုးတင်းလာခြင်းဖြစ်သည်။ ကျောက် ဆောင်ရုန်းက ကျောက်တုံးကို ကန်မထားလျှင် အရှိန်နှင့် ပါသွားပြီး ကျောက်ဆောင်ပေါ်က လိမ့်ကျသွားနိုင်သည်။ ရုန်းပုံကို ထောက်လျှင် ငမန်းက တော်တော်ကြီးမည် ထင်ရသည်။

"ပေး၊ ကြိုးကို ကျွန်တော်ကိုင်မယ်"

ခမြိုင်က တောင်းသည်။

"နေဦး၊ နေဦး၊ ဒီကောင်ကို မောအောင် အလျှော့ ပေးလိုက်ဦး မယ်"

သံချောင်းက ကြိုးကြိုးကုန်သွားတော့ ကြိုးကိုစွဲ၍ ဆွဲသည်။ မရ… ဆွဲယူရသည်။ ရှိရာတွင် များများဆွဲမရ၊ နှစ်လံလောက်ဆွဲမိလျှင် ငါး… ရုန်းပြန်သည်။ သည်တော့ သံချောင်းက ကြိုးကို အဆုံးထိ လျှော့ပေးလိုက်သည်။ ကြိုးတင်းသွားသည်အထိ ခြေလှမ်းပေး လိုက်သည်။ ပြီးတော့မှ တဖန် ပြန်ဆွဲသည်။ သည်တခါတော့ ငမန်း လေးငါး… လောက်အထိ ရောလိုက်လာသည်။ ပြီးတော့ ရုန်းသည်။ သည်တ… ရုန်းတော့ သံချောင်းက ကြိုးကို များများစားစား မပေးတော့။ တ… လောက်မျှသာ ခြေလှမ်းကာ ထိန်းထားသည်။

ငမန်းက တော်တော်သန်သည်။ သံချောင်း ကြိုးကို လျှော့လိုက်တင်း… လိုက်လုပ်၍ ကစားပြီး ငမန်းမောပန်းလာလောက်တွင် ရစ်၍ရစ်၍ ဆွဲလိုက် သည်။ ငမန်းပါလာပြီး ကျောက်ဆောင်နှင့်အလံနှစ်ဆယ်လောက်အထိ ရောက်လာပြီ။ သို့ရာတွင် ရုန်းကန်ဆဲဖြစ်သည်။ သံချောင်းက စိတ်ရှည် အောင် ချွေးပြိုးသောကြိုးကို ကျောက်စွန်းတွင် ရစ်၍ ချည်ထားလိုက် သည်။ သည်ထက်တော့ လျှော့မပေးတော့ပြီ။ လျှော့ချည်တင်း… ကစားသည်ဆိုလျှင် အလံနှစ်ဆယ်အတွင်းမှာသာ လျှော့ချည် တင်း… လုပ်တော့မည်။ အလံ နှစ်ဆယ်ထက်တော့ ပို၍ မလျှော့တော့။

သို့ဖြင့် အလံနှစ်ဆယ်အတွင်းတွင် ရုန်းသူမောအောင် လျှော့… တင်းချည်ကစားပြီးနောက် အလံ ဆယ့်ငါးလံလောက်အရောက် … ပြီသည်။ လက်ထဲတွင် ကျန်သောသည့် နောက်ဆုံး ကြိုးကိုလည်း ကျောက်စွန်းမှာထပ်၍ ရစ်ပတ်သည်။ ဆယ့်ငါးလံ အတွင်းသို့ ရော… တော့ ရုန်းသူတော်တော်မောနေပြီ။ ရုန်းအားလျော့သွားပြီ။ တော… ကလို အားနှင့်မာန်နှင့် မရုန်းနိုင်တော့။ ကြာပင် မတောင်းရင်တော့ ရုန်းသူမောသလို သံချောင်းလည်း မောလှပြီ။ ခုလှမှာရော၊ တကိုယ်လုံး မှာရော ချွေးတွေချွဲနေပြီ။ လေတိုက်၍သာ သည်လောက် မမော… ဖြစ်သည်။



ဆယ့်ငါးလံအတွင်း ရောက်နေတော့ သည့်နောက်ကို စိတ်ရှည်ပြီ… သည်လောက်ဆိုလျှင် မောသည်းမောပြီ။ ပါးစပ်တွင် ချွေးစိုက်သည့် …ကျရောက်သည်။ စော်တော်နှာလောက်ပြီ။ သည်တော့မှ သံချောင်းက ကြိုးကို ချမြှင့်အား လှမ်းပေးသည်။

"ရော့၊ လျှော့ချည်တင်းချည် ကစားပေးနော်။ ကြိုးများများ ရစ်မ… …လက်ထဲမှာထော… …မရဘူး။ ရစ်ပြီး ကျောက်စွန်းကို မိုင်မိုင် …ထား"

သူ့လက်ထဲကြိုးရော… ချမြှင့် ပျော်သွားသည်။ သူ့အဖေက သူ့ကို …တုံ မော်တော်ကား မောင်းခွင့်ပေးသလို ဝမ်းသာသွားသည်။ …ငမန်း၍ အန္တရာယ်များသော အလုပ်တခုကို လုပ်ရန် ယုံကြည်စိတ်ချ …အပ်ရသည့်အတွက် ဂုဏ်လည်း ယူမိသွားသည်။ ကိုယ့် ကိုယ် ကို …အထင်ကြီးသွားသည်။ ထို့ကြောင့် ချမြှင့် စိတ်ရောကိုယ်ပါ အားစိုက်၍ …သည်။ သူ့တကိုယ်လုံးသည် ကြိုးတန်းကလေးပေါ်တွင်သာ စူးစိုက် …ရောက်နေသည်။ စိတ်အားလူအား နှစ်ခုစလုံးပုံထားရသဖြင့် ပင်ပန်း …သည်။ အာရုံကြောတွေ တင်းလာသည်ဟုပင် ထင်ရသည်။

သံချောင်းက ချမြှင့် အားစိုက်ပင်ပန်းလုပ်နေရပုံကို ကြည့်၍ ပြုံးသည်။

"အို အားစိုက်စရာမလိုပါဘူးကွ၊ ဒီလောက်အား မစိုက်ပါနဲ့။ ရုန်းအားလျော့လာချင် အလိုလို လက်မှာသိရမှာပေါ့။ ဆိုဒီတုန်း ဆွဲယူ …လိုက်။ သိပ်ရုန်းနေလျှင် တင်းမထား"

သံချောင်းပြောသည့်အတိုင်း ဆွဲကြည့်သည်။ သူပြောသည့်အတိုင်း သည်လောက် အားစိုက်စရာမလို။ ရုန်းအားကိုသိလျှင် ရုန်းသူ၏ …အောက်ကိုလည်း မှန်းရသည်။ သူက အချိန်ကြာကြာနှင့် ရုန်းလျှင် ကိုယ်က …ပေးထားပြီး အရှိန်လျော့သွားသည်နှင့် တပြိုင်နက် ဆွဲယူလိုက်လျှင် …လွယ်လွယ်ပါလာတတ်သည်။ ရုန်းသည့်အားပြင်းလျှင် ပြင်းသည့်အတိုင်း …အထောက်ကိုလိုက်၍ ရုန်းသူအား ကုန်သည်။ ရုန်းသူအား ကုန်သည့် အတိုင်း

အတော အနေရှောက် ဆွဲ၍လှုပ်သည်။ ရှမ်းသည့်အားနေ့ချော့ရှင် ထွ
လည်း သိပ်အားမကုန်သဖြင့် အဆွဲရခက်သည်။

တချို့တွင် ငမန်းက ခပ်မြန်မြန်ရုန်းသည်။ ခေါင်းကြီးပင် ပေါ်
တောင်လာသည်။ သူရုန်းတုန်း ကိုယ်က မျှခံသားပြီး သူ့အရှိန်နှင့်
နှင့် ဆောင့်ဆွဲလိုက်သည်။ ငါးလဲထောက် ပေါ်လာသည်။ သည်တချီ
ဆုံးဖြစ်သည်။ ရဲမြင့် ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။

ငမန်းသည် ဆယ်လံအတွင်းရောက်နေပြီ။ ကျောက်ဆောင်က ငါး
လော့က်မြင်သည်။ ထို့ကြောင့် ကျောက်ဆောင်ခြေရင်းနှင့် ငါးလဲထော
သာလိုတော့သည်။ ငါးကိုမြင်နေရပြီ။ ငါးက ခုတ်ငမန်း ဖြစ်သည်
အပေါ်အာခေါင်ကို မျှားရှူထားသဖြင့် ပါးစပ်ကြီးဟနေသည်။ အ
ကြီးတွေက ရွှန်းထက်နေသည်။ တော်တော်ကြီးသည့် ငမန်းဖြစ်သည်
အရှည်က ခြောက်ပေခန့်၊ အလုံးက လူ့နှစ်ကိုယ်စာခန့်။

အနားရောက်တော့ သံချောင်းကပေါ် ကူပေးသည်။ လက်ထဲတွ
ရသမျှကြိုးကို ကျောက်စွန်းတွင် ကမျှားကရာရစ်၍ နိုင်အောင်ချည်သည်
ငမန်းက စောင်တောင်ယမ်းနေပြီး သေတော့ မသေသေး။ တချက်တချ
တွင် ရုန်းနေသေးသည်။ ရုန်းကန်ဆဲဖြစ်သော သည်ငကောင်ကြီး
ကျောက်ဆောင် ပေါ်ရောက်အောင် သူတို့နှစ်ယောက်တည်း ဆွဲ
မတင်နိုင်။

“မြမြကိုင်ထားဟေ့”

သံချောင်းက ဓားကိုပါးစပ်တွင်ကိုက်ရင်း ကျောက်ဆောင်ပေါ်မှ ရေ
ငမန်းအမြီးရိုင်းလောက်ဆီသို့ရှမ်းပြီး ခုန်ချလိုက်သည်။ ချက်ချင်းငမန်း
မြီးကာ ဓားဖြင့်တချက်ပြီးတချက် ဆင့်၍ ထိုးသည်။ ငမန်းနှင့်သံချော
ရေထဲတွင် လုံးထွေးနေကြသည်။ တချို့တချို့တွင် ရေမှာ ရေစက်တွေ
ဖြာထွက်နေသဖြင့် မည်သူမည်ဝါမသိသာကဲ့။ ရေထဲတွင် ရေသွေးဝါကြီး
နှစ်ကောင် ဓါးသဘောကြီးသတ်ပုတ်ကိုက်ခဲနေသယောင် ထင်ရသည်။



ရဲမြင့်က ငမန်းအထိနာသောကောင် ကြီးကို ဆောင့်၍ဆောင့်၍ တင်း
သည်။ မျှားရှူဝင်နေသည့်ဖက်က တော်တော်ပြင်းနေပြီ။ ငမန်း
စ်သည့် အလုံးမဝင်တော့။ ၎င်း၏ အမွှယ်ကြီး များ၊ သည် လည်း
လုံးမဝင်တော့။ အမြီးဖြင့်သာ သတ်ပုတ် ကိုက်ခိုက် နိုင်တော့သည်။
ရတွင် ၎င်း၏ အမြီးသည် သံချောင်းကိုမထိတော့။ သံချောင်းက
ကိုတွယ်ထက်ကာ အချက်ပေါင်းများစွာ ဓားနှင့်ထိုးပြီးနေပြီ။

ငမန်းသည် နောက်ဆုံးတချက် ရုန်းကာ ရှမ်းလိုက်သည်။ ရဲမြင့်ပင်
ွင် ထံကောင်း၍ ကြိုးဖြင့်ပါသွားကာ ကျောက်ဆောင်ပေါ်မှ ကျမ
ကြီး ဖြစ်သည်။ သံချောင်းလည်း ငမန်းကိုယ်မှ လွင့်စင်ကျသွား
တော်တော်ဝေးဝေးရောက်သွားသည်။ ငမန်းသည် နောက်ဆုံး
ကန်ခြင်း ဖြစ်သည်။ အမြီးတချက်နှစ်ချက် ခိုက်ပြီးနောက် ငြိမ်ကျ
သွားသည်။

ထိုနေရာတဝိုက်တွင် သွေးတွေနီရဲနေသည်။ သည်တော့မှ သံချောင်း
သည် ဓားကို ပါးစပ်တွင်ကိုက်ရင်း ငုပ်မိနေသည့် ရေထဲတွင် ကူးကာ
ကျောက်ဆောင်ကို တွယ်တက်လာသည်။ သူ့ကိုယ်တွင်လည်း သွေးစ
တွေများ ပေကျံနေသည်။ သည်ငမန်းကြီးကို သူတို့ နှစ်ယောက်
ကျောက်ဆောင်ပေါ်သို့ မက်ခက်ခဲခဲ ဆွဲတင်ကာ ထမ်းပြန်ခဲ့ကြသည်။
ကြီးသာလေးငါးဆယ်တော့ ရှိမည်ထင်သည်။

သည်ငါးကြီးကို ချက်ပြုတ် စားသောက်ပြီးမှ၊ တချို့ကို အစိမ်းဓားသစ်
ကိုက်ကြသည်။ ကျန်သမျှကိုမူ ပင်လယ်ဆားဖြင့်နယ်၍ အခြောက်
လှမ်းသည်။

သည်လို ပင်ပင်ပန်းပန်းလုပ်ရ၍ ဆောင်မြင်သည့်အခါတွင် ရဲမြင့်
ပျော်သည်။ အထူးသဖြင့် ငမန်းရသည့်အခါ၊ လိပ်ဥတွေရှာရသည့်အခါ၊
လိုက်၍ရသည့်အခါ၊ မြင်းစိုင်းကကောင်းသမ်း၍ ရသည့်အခါ၊ ခရုလိုက်၍
ရသည့်အခါ မျိုးတွင် ခံစားရသည့် ပျော်ရွှင်မှုမျိုးသည် မည်သည့် ပျော်
ရွှင်မှုမျိုးနှင့်မှ မတူဟု သူထင်သည်။ မျိုးသန့်ဘာနှင့် တွေ့ရစဉ်၊ အခေ

မော်တော်ကားကို ယူဆောင်ရမည်၊ နံပတ်ဒိုးရှစ်ရှင်၍ စီးရသည့် ပျော်ရွှင်မှုမျိုးသက် သာသည်ဟု သူထင်သည်။

နံပတ်ဒိုးရှစ်တွန်းက စီးရသည့် အရသာက သည့်လိုမဟုတ် တွေ စီးရသလိုလို၊ ထိမ်ကျော်ကျော်သလိုလို ပေါ့ပါးရွှင်လန်း သ တော့ ထင်ရသည်။ ထိုရာတွင် အရှေ့ ကျွန်တွေ့ရသည့်အခါ၌ လေးလံတိုင်းမှိုင်း၍ ကျန်ရစ်သည်။ လန်းဆန်းဖျတ်လတ်ခြင်းမရှိ၊ မန်း နွမ်းနည်းနေသည်။

သည်လို စက်ဘီးစီး အလုပ်၊ ကြမ်းကြမ်းတမ်းတမ်းအလုပ်၊ ရာယ်များသည့် အလုပ်မျိုးကို လုပ်၍ အောင်မြင်သည့်အချိန်တွင် ရသည့် အရသာက ပိုချိုရသည်။ မသန်းရွှင်လည်း နံ့ရှည် မန်း သွားပုံမျိုးမဟုတ်။ ကျွန်းမသွားတတ်သောက်၏ ပင်ပန်းပုံမျိုး၊ လိုက်လျှင် သစ်ပင်ကြီးတတ်ပုံကို ထိမ်ကျော်သွားစေသည့် ပင်ပ ဖြစ်သည်။ စိတ်ကျသွတ်တွေ့ယူရသော ပျော်ရွှင်မှုထက် လက်တွေ့ ၍ အောင်မြင်မှုကြောင့်ရသည့် ပျော်ရွှင်မှုမျိုးက ပို၍ လေးနက်သ ပိုချိုရသည်ဟု သူထင်သည်။

မမြို့သည် ယခုအချိန်တွင် နံပတ်ဒိုးကိုလည်း၊ သတိမရတော့၊ နှင့် မိတွေ့ကိုလည်း၊ သတိမရတော့။ မျိုးသန့်ခွာကိုယ် ကောင်းကော သတိမရရှင်တော့။ ရှုံးစားရသည့် သည်းဘဝမှာ ပျော်နေသည်။ ပင်ပန်းပန်း လုပ်ရသည့် သည်းဘဝမှာ ပျော်နေသည်။ ကိုယ် အလု ထိမ်ကျွင်လာသည့် အသီးအပွင့်ကို စီးစားရသည့်ဘဝမှာ ပျော်နေသ ထိုရာတွင် စိတ်ကစရုံးသွင်း၍ ပျော်ပုံမျိုးမဟုတ်၊ အလိုလို ပျေ လာခြင်းသာ ဖြစ်သည်၊ ဘဲတကောင် ရေတွင် ပျော်သကဲ့သို့ ပျော မျိုးဖြစ်သည်။

သူ့ခန္ဓာကိုယ်သည် ပိန်ပြီးနိုင်လျက် မှိုင်းသော်လည်း အသားအရေ နီပြေလာသည်။ မျက်လုံးများက ကြည်လင်တောက်ပလာသည်။ ကောင်းလေးသန့်ကို ရှုပ်ကိုရသည်အတွက် ကျွန်းမာ ဖျတ်လတ်နေသည်



ခန္ဓာကိုယ်က ကျန်းမာဖျတ်လတ်နေသည်တွင် စိတ်ကလည်း တက်ကြွ လန်းဆန်းနေသည်။ မည်သည့်အချိန်တွင် ထိမ်သို့ ငြိမ်းချမ်းမည်နည်း ဟုလည်း တွေးတောပူပန်မှုမရှိ။ စင်စစ်အိမ်မှာနေရသည်ထက် သည် မှာ အများကြီး လွတ်လပ်နေသေးသည်။

မမြို့သည် ယခင်က ကိုဗန္ဓာလို ပညာတတ်သူ၊ အတန်းတွေ အများကြီးအောင်သူ၊ စာပေများကို ဖတ်ရှုသူတို့ကို အထင်ကြီးခဲ့သူ သော်လည်း ယခု သည်လိုလူမျိုးတွေကို အထင်မကြီးတော့။ သမားရှင်းလို လူမျိုးကို အထင်ကြီးလာသည်။ သမားရှင်းကို အတုခိုး လာသည်။ သမားရှင်းလို ကာယစလမ်း ရှိချင်သည်။ သမားရှင်းလို သတ္တိရှိ ကောင်းသူမျိုးဖြစ်ချင်သည်။ သမားရှင်းလို မိုင်ပေါင်းများစွာ ရေကူး နိုင်သူမျိုး၊ မိုင်ပေါင်းများစွာ ရေငုပ်နိုင်သူမျိုး ဖြစ်ချင်သည်၊ သမားရှင်း လို ပေါ်ရှုနှင့် နှပ်ဆုံး၍ ဘေးမြွေဆိုးတို့ကို နှိပ်နိုင်သူမျိုး ဖြစ်ချင်သည်။ သမားရှင်းသည် အတွေးအခေါ်တို့ဖြင့် ခွဲခြားထားသူမဟုတ်၊ ကျောက် ဆောင်ကြီးတဆောင်တွင် ခပ်ကြမ်းကြမ်း ထုထားသည့် ကျောက်ဆစ် ရုပ်ကြီးလို၊ ကျောက်ခိုင်ကျောက်ခဲများဖြင့် ဖွဲ့စည်းထားသော လေးလေးတတ တခါတလေတွေးမိသေးသည်။ ကျောက်ဆောင်ကြီး ပေါ်တွင် သမားရှင်း ရပ်နေပုံသည် လူအစားသာက် ရပ်နေသည်နှင့်မတူ၊ ကျောက်ဆောင်နှင့် တစပ်တည်းဖြစ်နေသော ကျောက်သားရုပ်တရုပ်နှင့် တူသည်။ မိုးဒဏ်၊ လေဒဏ်၊ မုန်တိုင်းဒဏ်၊ ရေဒဏ် တို့ကို ကျောက်ဆောင်နှင့် အတူ ခံတုနေသည့် ကျောက်သားရုပ် တည်းဟု သူထင်သည်။

စင်စင် ကိုဗန္ဓာလို လူမျိုး၏ ပညာတတ် ဗဟုသုတ တို့သည် သည် ကျွန်းတွင် ဘာလုပ်ရမည်နည်း။ ကိုဗန္ဓာသည် မဒ္ဒဝေတောသား တို့ကို သိပ္ပံကျွဲလာသူဖြစ်သည်တိုင် ငါးအမျိုးအမည်ကို သမားရှင်းလောက် မွှော် ခွဲခြားခြင်း မပြုတတ်။ ပင်လယ်၏ သဘာဝကို သမားရှင်းလောက် နားမလည်။ သူ့ပညာ သူ့ကျွမ်းသည် သည်ကျွန်းပေရာမျိုးတွင် ဘာမျှအသုံးမဝင်၊ သူ့စာပေ သူ့ဗဟုသုတ တို့သည် ရှုန်းပင် တက်ရာတွင်လည်း၊ အသုံး

မကျ။ လိပ်ဥကျင်း ကူးချတွင်လည်း သုံး၍မဖြစ်။ မြေနီး မှာများတွင်လည်း အသုံးချ၍မရ။ အချုပ် ဆိုရလျှင် လူ့အဝ အသက် ရှင်ရေး အတွက် ကိုးကွယ်ရာကိုယ်ပိုင်အားဖြင့် လုပ်ရမည့်နေရာမျိုး၊ လူသူ မရှိသည့် နေရာတွင် တဝတည်းဖြစ်ရေးအတွက် တစ်ဦးချင်းရုန်းကန်ရမည့် နေရာမျိုး တွင် ဘာမျှအသုံးမကျ။

သံချောင်း၏ဗဟုသုတကာ လက်တွေ့ အသုံးကျသည်။ ကိုယ်ကျအသက် ရှင်ရေးအတွက် များစွာ အသုံးဝင်သည်။ သံချောင်း တီထွင် ရေတော် သည့် အားလည်းရှိသည်။ မိုင်လှန်ကိရိယာများကို မည်သို့ အသုံးချရမည်၊ မော်တော်ကားစက်များကို မည်သို့အသုံးချရမည်၊ အုန်းသီးကို မည်သို့ခွာ ရမည် သည့်တို့ကို ကြိမ်ဖန် စဉ်းစားသည်။ အကောင်အထည် တွေ့လာလျှင် သံချောင်းသည် ဖြစ်သည့်အခြေအနေတွင် အကောင်းဆုံးဖြစ်အောင် ကြိုးစားသည်။ စဝ်စဝ် သူတို့ ညီမျှကြကြား အသက်ရှင်နေကြခြင်းသည် သံချောင်း၏ လုပ်အားနှင့် သံချောင်း၏ တီထွင် နိုင်စွမ်းအားကြောင့် သာ ဖြစ်သည်။

ထို့ကြောင့် ခရိုင်သည် ကိုရှမ္ဘာ၏ ပညာမျိုး၊ ဗဟုသုတမျိုးကို အထင် မကြီးချင်တော့။ သံချောင်း၏ တီထွင်နိုင်စွမ်းအားမျိုး၊ အမှန်ဝန်ခံနိုင်သည့် စွမ်းမျိုးကို အားကျသည်။ အတုမိုးသည်။ အကယ်၍ ကိုရှမ္ဘာနှင့် စကား ပြောလျှင် အတုမိုးလို၍ ပညာယူလို၍မဟုတ်။ အပျင်းပြေသဘောမျှသာ ဖြစ်သည်။

ခရိုင်သည် ယခင်က ငွေကို မက်မောသည်။ သူ့ ပတ်ဝန်းကျင်သည် အရာရာကို ငွေဖြင့် တိုင်းတွာသည့် ပတ်ဝန်းကျင်။ ဘဝတည်မြဲမှု၊ လူ၏ သိက္ခာစသည်တို့ကို ငွေဖြင့် ဝယ်ယူသည့် ပတ်ဝန်းကျင် ဖြစ်သည်။ ယုတ်စွာအဆုံး နံပတ်ဒိုး၊ ခွေးလှေ့ပင် ငွေဖြင့်မှ ရနိုင်သည့် ပတ်ဝန်းကျင် ဖြစ်သည်။

ယခုရာတွင် ခရိုင်သည် ကျောက်ဂူအတွင်းရှိကြားတွင် ဝေါက်၍ ထိုး ထည့်ထားသည့် ကိုရှမ္ဘာ၏ ငွေစက္ကူ နှစ်ဆယ်တန် နှစ်ဆယ့်ငါးရွက်ကို



မြင်ပြီးသည့်နောက်မှ စ၍ ငွေ၏တန်ဖိုး ကင်းခဲ့ပြီ။ ငွေသည် စင်စစ် ပျော်ရာအတည်ဖြစ် ဘာမျှအဓိပ္ပာယ်မရှိ။ ပစ္စည်းအရှင်းရှင်း လဲလှယ်ရေး တွင် ကြားခံပစ္စည်းမျှသာဖြစ်ရုံ။ ပစ္စည်းချင်းလဲလှယ်၍ ရသည့် အခါ မျိုး၌ ထိုငွေစက္ကူများသည် သာမန် စက္ကူရက် မျှလောက်ပင် အသုံး မဝင်တော့ပုံ တိုက် သဘောပေါက် လာခဲ့သည်။ သည်လို သဘော ပေါက် လာခြင်းမှာ ခရိုင်က စဉ်းစားတတ်၍ မဟုတ်။ အခြေအနေ သဘောပေါက်လာခြင်းသာ ဖြစ်သည်။ အသိဖြင့် သဘောပေါက်ခြင်း မဟုတ်။ လက်တွေ့ဘဝဖြင့် ခံစားရ၍ သဘော ပေါက်ခြင်း ဖြစ် သည်။

စင်စစ် ကိုရှမ္ဘာ၏ ငါးရာတန်သော ငွေစက္ကူများသည် ဘာဝယ်၍ ရသနည်း။ အုန်းသီးဝယ်၍ရသလော၊ လိပ်ဥဝယ်၍ ရသလော၊ ငါး ဝယ်၍ ရသလော၊ ဘာမျှဝယ်မရ။

ခရိုင်သည် သံချောင်းနှင့်အတူ အလုပ်ကြိမ်း လုပ်ရင်း သံချောင်း ကိုလည်း ပိုမိုခင်လာခဲ့သည်။ စကားလျှပေါ်တွင် တွေ့စတုန်းက သံချောင်းကို ရှု မြင်ပြီးကာသည်။ ရိုင်းသည်ဟုထင်သည်။ စကားပြော တိုတောင်းသည်ဟု သူထင်သည်။ ယခုရာတွင် သံချောင်းသာဝကိုနားလည် သာမသာအစဉ်က သံချောင်း စကားပြော တိုတောင်းခြင်းသည် တိုတောင်းသို့၍မဟုတ်။ ရိုင်းခြင်းသည်လည်း ရိုင်းလို၍မဟုတ်။ မှတ်စွာ ထားဆိုခြင်းသည်လည်း ဆိုလို၍ မဟုတ်ကြောင်းသို့ သူနားလည်လာ သည်။ အလုပ်ကို ပင်ပန်းစွာ လုပ်ရသူ တယောက်၊ အစားအစာကို လောင်စွာ မစားရသူ တယောက်၊ အိပ်ရေးပျက်ခံနေရသူ တယောက်သည် မည်သို့ စိတ်ရှည်နိုင်မည်နည်း။ မည်သို့ စကား အလည်အပတ် အပြင်အရေးတို့ကို ပြောဆိုနေနိုင်မည်နည်း။ မည်သို့ မှတ်စွာသာ ချွဲပျစ်နေနိုင် မည်နည်း။

သူ့ အထင်မှန်ကြောင်း ကို သံချောင်း၏ အပြုအမူများက သက်သေ ပြနေသည်။ သံချောင်းသည် သည်ကျွန်းတွင် လွတ်လပ်စွာ နေရသည်။

ကိုယ့်ရုပ်အားနှင့်သည်သာ စားရသည်။ ထမင်းတူ ဆက်ဆံရသည်။ သည်အခါတွင် သံချောင်းသည် ယခင်ကလို ငိုင်ပြီး၊ စိတ်ဓာတ်ကျပြီး၊ မျက်နှာထားတင်းခြင်းတို့ မရှိတော့။

သူ စိတ်ကြည်ကြည်လင်လင် မရှိသေးခင်က သံချောင်း ကြက်တူရွေးကလေးကို သတ်ခဲ့ဖူးသည်။ သည်တုန်းက သံချောင်း ဒေါသထွက်သည်။ ထို့နောက် သံချောင်း ရှောင်ထွက်သွားခဲ့သည်။ ယခုသူနှင့် ရင်းနှီးလာကြသည့်အခါတွင် ခဲမြင့်က စကားစပ်မိ၍ ပြောသည်။

"ခင်များ ကြက်တူရွေးကလေး သတ်ခဲ့ရတာကို တွေ့ပြီး ကျွန်တော် စိတ်မကောင်းလိုက်တာများ။ ကျွန်တော်ဘယ်လို စိတ်ပေါက် သွားမှန်း မသိဘူး"

ခဲမြင့်ကပြောသည်။

"ဒါက စိတ်က ပေါက်မြဲ ပေါက်နေတာကိုးကွ၊ ဘယ်တတ်နိုင်မလဲ။ ဒါနဲ့ပေါက်တုန်းကလဲ ထကို ကိုင်ရွှာ ကဲကောင်းလို့ပေါ့"

"အဲဒီတုန်းက ကျွန်တော် ကိုယ့်ကိုယ်ကိုယ် သိပ်သတ်ချင်တာပဲ။ ကြက်တူရွေးသတ်ပြီးရင် ကိုယ့်ကိုယ်ကိုယ် ရေထဲဆင်းသေမယ်။ ကိုယ့်ဘာသာကိုယ် မသေတတ်ရင်လဲ ခင်များက မြှက်သေဖို့မှာပဲလို့ ထင်နေတာ"

"ဘာဖြစ်လို့ သတ်ရမှာလဲကွာ" သံချောင်းကပြုံးသည်။ "ငါ့ အရင်စိတ်မျိုးနဲ့ ဆိုရင်တော့ လုပ်ချင် လုပ်မိမှာပဲ။ ဒါပေမယ့် ခုတော့ မိုက်မိုက်မျိုးတွေ မမှုးပါနဲ့ကွ။ ဘာဖြစ်လို့ သတ်သေရမှာလဲ။ သတ်သေ ထယ်ဆိုရင် အရှုံးပေါ့တာပဲ"

သံချောင်းက မည်သည့်အဓိပ္ပာယ်ဖြင့် ပြောမှန်း မသိ။ ခဲမြင့်တွင် သူ့ဘာသာသူ အဓိပ္ပာယ်ကောက်သည်။ ယခု ကျွန်းပေါ်တွင် ထမင်းသော်မှ မစားရဘဲ တွေ့ရကိုစားပြီး အသက်ရှင်နေရသေးသည်။ ထမင်း မစားဘဲနှင့် အသက်ရှင်နေနိုင်သေးလျှင် နံပတ်ဖိုးမရှုရ၍ အဘယ်ကြောင့် သတ်သေရမည်နည်း။ နံပတ်ဖိုးသည် ထမင်းလောက် အရေး မကြီး။



ယခုအချိန်၌ ခဲမြင့်သည် နံပတ်ဖိုးကို မှုလည်းမရှုချင်တော့၊ တောင်းလည်း မတောင့်တတော့။ သံချောင်းကို ကိုယ့်စခြွေအောက်ပေါ်မှာ ရပ်ချင်လာသည်။ ကိုယ့်အားကိုယ်ကိုးချင်လာသည်။ ကိုယ်နှမ်း၊ ကိုယ်စမြဲ နှင်လေးဝါလှ၊ အလုပ် လုပ်ချင်သည်။ အလုပ်လုပ်ပြီးသည် သူ့ကို ပျော်ရွှင်မှုပေးသည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုကို ကြီးထွား လာစေသည်။

သည်အဓိပ္ပာယ်ဖြင့်ကြည့်၍ ခဲမြင့်သည် အသစ် မွေးဖွားလာသည့် လူသစ်တယောက်တူ ဆိုနိုင်သည်။

[ ၁၉ ]

ယခုတလော သံချောင်း အပြန်နောက်ကျသည်။ ပိရောကျသည်နှင့် ကြိုး ညတောင်တောင်းချုပ်မှ ပြန်လာတတ်သည်။ အပြန်တွင် ထိပ်ဆုံး၊ ရှုန်းသီး၊ ငှက်သီး၊ မှုန် စသည် တခုခုတော့ ပါလာမြဲဖြစ်သည်။ တခါတရံတွင်လည်း ပန်းကန်ပြားလောက် ရှိသော ရှုန်းဂဏန်းကြီးများ၊ လူ့ခေါင်းနီးပါးရှိသော မုက်ခွာသီတ် ခရုကြီးများ ပါလာတတ်သည်။ တခါတရံ တောက်သီးများလည်း ပါတတ်သည်။ သူတို့တွင် စားစရာ မချို၍ အလုပ်ဖြစ်နေသည်။ သံချောင်းသည် ဝါးမြင်းတံ့ မျှားဖြင့် သူတို့အတွက် ခေတ်တ တယောက်တလုံးစီ လုပ်ပေးသည်။ ကျောက်ထိုင်ဘုရားချွေးတွင် ရောင်းသော ဝါးမြစ်ဆုံအေးတင်းပါး ကောင်းသည်။ သောမ်းအတွက်လည်းမပူရ။ ဇတောထဲတွင် သံချောင်းက အုန်းနံ့ပင်တွေ့ထားသည်။ အုန်းနံ့ကိုစင်း၍ တန်ဘွတ်ရွှက်ခြောက်နှင့် ဆောက်နိုင်သည်။ ထို့ရှာတွင် ခက်သည်က သူတို့တွင် မီးမရှိ။

ယနေ့လည်း သံချောင်း အပြန်နောက်ကျသည်။

သံချောင်းက သည့်ပင်လယ်ကို ဖွင့်စား၍ ဖြတ်ကူးသူများအကြောင်း ကို ကိုနန္ဒာထံက ကြားဖူးသည်။ သည်ဘက်ကမ်းက သံချောင်း ပင်လယ် ကြီးကို ဖြတ်ကူးချင်နေသည်။ နည်းလမ်းရှာသည်။ ကိုနန္ဒာနှင့် ခမြင့် တို့ကို ခွင့်၍ တိုင်ပင်သည့်အခါတွင် မဖြစ်နိုင်ဟု ဆိုကြသည်။ ပင်လယ် ကို ဖြတ်ကူးရသည့် ကိစ္စသည် သေမင်းနှင့် ကစားရသည့်ကိစ္စ ဖြစ်သည်။ ဆယ်ပုံတွင် ကိုးပုံက သေဆုံးရသည်။ ပင်လယ်တွင် မုန်တိုင်းမိ၍ ရေနစ်သေနိုင်သည်။ နေပူဒဏ်ကြောင့် သေနိုင်သည်။ ငမန်းစာဖြစ်၍ သေနိုင်သည်။ အစာငတ်၊ ရေငတ်ဖြစ်၍ သေနိုင်သည်။ မည်သည့် ဘက်က လှည့်တွေးတွေး သေဖို့လမ်းများသည်။ ထို့ပြင် သူတို့တွင် ဘာပစ္စည်းမှမရှိ။ ဓားတလက်သာ ရှိသည်။ မည်သည့် ရိက္ခာမှ မရှိ။ ရေချိုလှောင်စရာ ပုံးမှ မရှိ။ ပင်လယ်တွင် လမ်းပြစရာ အိမ်မြှောင် မရှိ။

သံချောင်းက ဖြစ်နိုင်သည်ဟု ထင်သည်။ ဓားတလက်ရှိလျှင် သစ်ပင်ကို ခုတ်၍ ဖောင်ဖွဲ့မည်။ ဖောင်ဖွဲ့စရာ နွယ်ကြိုးများရှိသည်။ ကြိမ်များရှိသည်။ ရွက်လုပ်စရာ မိုးကာတာလပတ် ရှိသည်။ (ကျွန်းတနေရာ ကျောက်ဂူ ထဲတွင် တာလပတ်တခု တွေ့ခဲ့သည်ဟု ခမြင့်က သံချောင်းကို ပြော ဖူးသည်။ သံချောင်းသည် ထိုကျောက်ဂူကို လိုက်ရှာသည်။ သို့ရာတွင် ယခုတိုင် မတွေ့သေး။) ရွက်ဆိုင်းကြိုးအဖြစ် နိုင်လွန် ကြိုးများကို အသုံးပြုနိုင်သည်။ ပင်လယ်အတွက် ရိက္ခာကိုမူ ရှာဖွေရမည်ဟု ဆိုသည်။ သံချောင်းသည် လိပ်သားဝမှ လိပ်ကြီးများကို ဖမ်း၍ လိပ်သား ခြောက် လှမ်းပြီး ယူနိုင်သည်။ (သံချောင်းသည် လိပ်သားများကို လှီးပြီး အခြောက်လှမ်းပြီး တချို့ကို စား၍ တချို့ကို စုထားသည်။)

သည့်ကိုတွက်ပြီးတော့ ခမြင့်က နည်းနည်း စိတ်ပါလာသည်။ သူလည်း ဖွင့်စား၍ ပင်လယ်ကို ကူးကြည့်ချင်သည်။ သည်ကျွန်းတွင်နေ၍ အသက် အဓိပ္ပာယ်မရှိ။ တနေ့သေရမည်။ ကျွန်းပေါ်မှာ သည်အတိုင်း ငုတ်တုတ် ထိုင်နေ၍ သေမည်လော၊ ပင်လယ်ကို ဖြတ်မည်လောဟု ရွေးလျှင်



ပင်လယ်ကို ဖြတ်သည်က အကျိုးရှိသည်ဟု ထင်သည်။ မသေလျှင် ကမ်းသို့ ရောက်မည်။ သေလျှင်လည်း ပင်လယ်ကိုဖြတ်ရင်း သေရသည်က တော်သေးသည်ဟု သဘောရသည်။ သို့ရာတွင် ခက်သည်က ခမြင့်က ဘာမှမလုပ်တတ်။ ထို့ကြောင့် သံချောင်းလောက် ထက်ထက်ကြွကြွ မရှိ။

ကိုနန္ဒာတို့ကို အခေါ်သွင်း၍မရသေးသောအခါ သံချောင်း အလုပ်ခေသည်။ ကိုယ့်ဘာသာကိုယ် ဖောင်ဖွဲ့သည်။ သူတို့လိုက်လိုလျှင်လိုက်၊ မလိုက်လို လျှင်နေ။ တယောက်တည်းပင် ဖြတ်တော့မည်။ ဖြစ်နိုင်လျှင်တော့ သုံးယောက်လုံး သေအတူ ရှင်မကွာ သွားလိုသည်။ သို့ရာတွင် ကိုနန္ဒာက မလွှဲနိုင်ဟု ဆန့်ကျင်သည်။ ခမြင့်က အားတက်သရောမရှိ။ သည်အထဲ ခမြင့်က သိပ်ကျန်းမာသေးသည် မဟုတ်။ ပင်လယ်ထဲတွင် ဖြတ်ရင်း စိတ်ဓာတ်ပြိုသွားလျှင် အခက်အခဲတွေ့နိုင်သည်။ ပင်လယ်ကို ဖြတ် သူသည် ကျန်းမာရေးကောင်းဖို့ လိုသည်။ မိုးဒဏ်၊ မုန်တိုင်းဒဏ်၊ နေ ဒဏ်ကို ခံနိုင်ရမည်။ စိတ်ဓာတ်ကြံ့ခိုင်ရမည်။ သည်အရည်အချင်းတွေ ရှိဖို့ လိုသည်။

ဖောင်ဖွဲ့ဖို့ကောင်းမည့် သစ်လုံးကောင်းကောင်းကို သံချောင်း လိုက် ရှာသည်။ သစ်လုံးက သိပ်ကြီး၍မဖြစ်။ သစ်ပင်က ဓားနှင့်ခုတ်လှဲရမည် ဖြစ်၍ အလယ်အလတ် ရှိရမည်။ သစ်သုံးသေပြီးလျှင်လည်း ဆိုင်းအတက် ကြောင့် ကျိုးပဲ့ထွက်သွားနိုင်သည်။ ထို့ကြောင့် လူ့ရှေ့ခါကိုယ် တကိုယ် သာသာရှိသည့် သစ်လုံးများကို ရွေးရသည်။ သစ်မျိုးကလည်း ရေမစုပ် သည့် သစ်မျိုး၊ ပေါ့သည့် သစ်မျိုး ဖြစ်ရမည်။ သည်တွင် ကျွန်းပေါ်က ကောင်းကောင်းတခုတွင် ပေါက်နေသော သစ်ကနက်တောကို မျက်စိ ထဲတွင် ကျတ်ကနဲ သွားမြင်သည်။

သစ်ကနက်တောထဲက သူလိုချင်သည့်အရွယ် အခြေအနေဆုံး၊ အကောင်း ဆုံး အလုံးများကို သံချောင်း ရွေး၍ လှဲသည်။ ဓားတလက်တည်းဖြင့် တယောက်တည်း လှဲရသည့်အတွက် အလုပ်မတွင်။ လက်ပန်းကျသည်။

ပထမတော့ သစ်ပင်တပင်ကို နှစ်ရက်လောက်နှင့် လှဲသည်။ အထက်ကိုင်းများတွေ့ရှင်းပြီး တပ်ဖြတ်ရသည်က နှစ်ရက်လောက် သနိုးကုန်သည်။ သစ်တပင်ကို လိုချင်သည့်သစ်လုံးရအောင် လေးရက်လောက်လုပ်ရသည်။ ဆိုရာတွင် နောက်တော့ သည့်လောက် မကြာ။ လက်ယဉ်ကျလာသည်။ လက်မောင်းရင်းတွေ တောင့်လာသည်။ လက်ဖဝါးတွေ ကွဲအက်ပေါက်ပြဲကုန်သည်။ ထို့ကြောင့် နောက်ပိုင်းတွင် မြန်လာသည်။

သစ်လုံးက အလုံး ဆယ်လုံးနှင့် ဆယ့်ငါးလုံးလောက် လိုသည်။ သစ်လုံးဆယ့်ငါးလုံးလောက်ကို ဆောင်ရွက်လိုက်လျှင် အကျယ် ရှစ်ပေ ဆယ်ပေလောက်တော့ ရှိမည်။ အလျားကလည်း ဆယ်ပေ ဆယ့်ငါးပေလောက်တော့ ရှိမည်။

သို့ဖြင့် သံချောင်း သစ်လုံးများကို ခုတ်လှဲခဲ့သည်မှာ ယခု ငါးလုံးရပြီ။ နောက်ထပ် ငါးလုံးတော့ အနည်းဆုံး ခုတ်ရဦးမည်။ ထောင်ကို သစ်လုံးကိုရပြီးလျှင် ရက်တိုင်အတွက် သစ်ရှာရမည်။ ရေတွက်ရန် စည်ပိုင်း ရှာရမည်။ မီးကျွာရရမည်။ ခိုမြှင်ပြေသည့် မြိုးကာဘာလေပတ် ရှာရမည်။ သံချောင်းတွင်း လုပ်စရာတွေ များနေသည်။

ဤရာတွင် သံချောင်းသည် ကိုနန္ဒာကို ခိုမြှင်တို့ထံ အကူအညီ မတောင်း။ သူတို့က ပင်လယ်ကို ဖြတ်ကူးမည်ဟု သူပြောသည်ကို အထင်သေးချင်သည်။ စိတ်ကူးအည့်ရာ လျှောက်တွေးနေသည်ဟု ထင်ရသည်။ ထို့ကြောင့် အကူအညီမတောင်းချင်မှုမှာ သူတို့ကို လုံးဝ အသိမပေး။ တယောက်တည်း ကြိတ်လုပ်သည်။ ပြီးမှ သူတို့ကို ပြမည်။ သူတို့ လိုက်ချင်လည်း လိုက်၊ မလိုက်ချင်လျှင် တယောက်တည်း ဖြတ်မည်။

စင်စစ် သူ့ကိုအထင်သေးသည်ကို မခံချင်၍ တယောက်တည်း လုပ်နေရသော်လည်း ထက်သာသည်မဟုတ်။ ဘေးတချောင်းဖြင့် သစ်လှဲသည်ကိုက ပင်ပန်းလှပြီ။ ခုတ်ပြီးသစ်လုံးများကို တောင်စောင်းမှ တယောက်တည်း လှိမ့်ချရသည်။ တခါတရံတွင် သစ်တုံးကို ဘေးထိ



မှ ကြိုးဖြင့် ချောင်းရိုးအစပ်သို့ ဆွဲချရသည်။ ချောင်းရိုးအစပ်တွင် ကောင်းပြီး ပင်လယ်ဘက်သို့ မျှောပဲ့ရန် ဖြစ်သည်။

တခါတရံတွင်လည်း မောပန်းလွန်းသည့်အတွက်ကြောင့် တကြောင်း၊ လက်များပေါက်ပြဲသည့် အတွက်ကြောင့်တကြောင်း၊ သစ်ခုတ်လှဲခြင်း မပြုနိုင်။ နားရသည်။ နားသည် ဆိုသည်မှာ သည့်ထက်ပေါ့ပါးသော အလုပ်တခုကို ကောက်လုပ်ခြင်း ဖြစ်သည်။ ထိုအခါမျိုး၌ သံချောင်း မီးပွတ်သည်။ သူသစ်ခုတ်သည့်အနီးတွင် လက်ပံပင်ကြီးတပင် ရှိသည်။ သည်လက်ပံပင်က လဲနို့တကို ဝါးလုံး၊ နှစ်ခုသွင်းညှပ်၍ ပွတ်သည်။ ဤရာတွင် ဝေးကစွတ်စိုထိုင်းမှိုင်းနေသည့်အတွက် မီးမရ။

အလွန်ပင်ပန်းလွန်းသည့်အခါ၌ သံချောင်းသည် ကျောက်စောင်းတွင် ထိုင်ကာ အိပ်ပျော်သွားတတ်သည်။ အိပ်မက်ထဲတွင် ပင်လယ်ကို ဖြတ်ကူးသည့် အိပ်မက်တွေ မက်တတ်သည်။ တံငါလှေဝဲ့တာ သူတော်ကူးသည့် ကျွန်းများကို မြင်မက်တတ်သည်။ ဒီညာဉ်ဘ ပင်လယ်ပြင်ကြီးကို ဖြတ်ကူးရန် တိုက်တွန်းတတ်သည်။ သည်လိုအိပ်မက်တွေမက်ပြီး နိုးလာသောအခါ၌ကား သံချောင်းသည် နှုံးအားတွေ ပြည့်လာသည်ဟု ထင်မှတ်ရသည်။ ပင်လယ်ကို ဖြတ်ကူးလိုစိတ်သည် ပို၍ထက်သန်လာသည်။

သည့်နေ့လည်း သံချောင်း တနေ့လုံးမျောက်နေသည်။

ကိုနန္ဒာနှင့် ခိုမြှင်သည် တမ်းစပ်က ဓနုကောက်၍အပြန် ဆောင်စပ်မှာ ထိုင်ကြသည်။ သူတို့လည်း မောသည်။

မှတ်သုန်ရာသီ ပင်လယ်မှဆုတ်ခွာစပြုပြီ။ ရာသီဥတုသာသာယာယာသည်။

သည်နေ့ ကိုနန္ဒာနှင့်ခိုမြှင် ဓနုကောက်အပြန် ဆောင်စပ်တွင် ထိုင်ကြသည်။ တောစပ်တွင် ကြာပင်းပင်များ တွေ့သဖြင့် ကြာပင်ဖူးများလည်း ချခဲ့ကြသည်။

ကိုနန္ဒာကတိုင်ချင်း သဲတဆုပ်ကို အမှတ်မဲ့ကောက်၍ ခြေပြင်ရိုက်သည်။

"ဟော့၊ သစ္စာလေ ပြန်နေပြီကွ"

ကိုနန္ဒာက ရုတ်တရက်ပြောလိုက်သည်။ ခေါင်းတိုင်း သဲကိုဆုပ်ကြလိုက်… ကျွဲ သဲပွင့်များသည် မင်းလယ်ဘက်သို့ လွင့်သွားကြသည်။ ယခု ကျွဲ… ဘက်သို့ လွင့်သွားကြပြီ။ မနေ့ကတွင် အနောက်တောင် လေပြင်း… ခဲ့သေးသည်။ မင်းလယ်လေကြောင်းသည် ရုတ်တရက် ပြောင်းသွားပြီ။

"ဒီနေ့ ဘယ်နှစ်ရက်လဲ မှန်းစမ်း"

ခဲ့မြို့က ခေါင်းခါပြသည်။ သံချောင်း၏ ကျောက်တုံးမြို့ကျွမ်းအား… ဆိုသော် စက်တင်ဘာလထဲ ရောက်နေသည်။

"ဒီနေ့ စက်တင်ဘာ ၂၁ ရက်ကွ။ သံချောင်းကျောက်တုံးတွေကို ငါ… မနက်က ရေခဲ့သေးတယ်"

ခဲ့မြို့က ရယ်သည်။

"ဦးလေးပြောသလိုဆိုရင်၊ ကျွန်တော်တို့ ကျောက်ခေတ်ထဲမှာ ကျွ… ရစ်ခဲ့တာ၊ ကျွန်တော် ဘေးအလက်ရလား တော့ သံခေတ်ထဲကိုကူးသွား… တာပေါ့"

"ဟော့၊ နေပါဦး။ ဒုတိယမိတောင်တန်းက မင်းမှာဘေး နှင့်ပေါ… ပါတယ်မဟုတ်လား။ ဆင်းလာနိုင်ပါတော့။ ဒီဘေးကြီးတော ဘယ်… ရတာလဲ"

"မင်းလယ်ထဲမှာ ကျွန်ရစ်ခဲ့ပြီးလေး ပြောသလိုမှာစည်းထားတဲ့ဘေးချော… ဘောင်းဘီအိတ်ထဲက ဓားရော ဘယ်ကျွန်နေရစ်မှန်း မသိဘူး။ ဒီမှာ… ကတော့"

ခဲ့မြို့က စက်လှေပျက်၍ သူတို့သုံးယောက် ပျံပြားတချပ်ကွယ်ရာ… ကွဲသွားကြပြီးနောက် ကျွန်းပေါ်ရောက်လာပုံ၊ တောထဲတွင်တယောက်… တည်းနေခဲ့ရပုံ၊ နောက်ဆုံး ကိုနန္ဒာတို့နှင့်တွေ့ပုံ ပြောပြသည်။

ခဲ့မြို့သည် လှိုင်းပုတ်၍ လွင့်စင်သွားသည့်အခါတွင် ကျွန်းတောင် ပျံပြားဆီသို့ ပြန်ကူးသည်။ ထိုနေရာတွင် ကျောက်မြ၊ ကျောက ဝေးလ… ဖြစ်နေသည်။ (ထိုမှာ ခဲ့မြို့က အပြင်သို့ထွက်သော ရေစီးကြောင်း…



ထဲတွင် ပါသွား၍ဖြစ်သည်။) လှလည်းမောနေပြီ။ ပါးစပ်ထဲ၊ ဝမ်းဗိုက် ထဲသို့လည်း ရေတွေဝင်နေပြီ။ လက်ပမ်းလည်းကျပြီ။ နစ်တော့မည့်အထဲ၊ ကံကောင်းချင်တော့ သူ့အနားသို့ စည်ပိုင်းတလုံး ရောက်လာသည်။ စည်ပိုင်းက ဗီဇယ်စက်ဆီတွေ ထည့်ထားသည်။ အထဲတွင် လေလုံပြီး ကြိုကြိုပိတ်ထားသည့်အတွက် ရေမနစ်ခဲ့မြို့သည် စည်ပိုင်းကိုတွယ်၍ မျောပါနေသည်။ ဘယ်နှစ်ရက်ကြာ မျောပါနေသည်မသိ။ သတိရ တော့ ကမ်းစပ်တနေရာတွင် ရောက်နေသည်။ စည်ပိုင်းလည်း မရှိ တော့။ သူလဲနေသည့်နေရာမှာ ဝမ်းပေါက်နှင့်နီး၍ ရေသောက်တာ ကမ်းနိမ့်အတိုင်း တောတွင်းသို့ဝင်လာသည်။ နောက်တနေ့ သစ်ခေါင်း ထဲတွင် ရွက်ကြီးတကောင် အုနေသည်ကို တွေ့ရသဖြင့် ဥများကို ဘေးယက်လိုက်သည်။

မည်သည့်နေရာမှန်းမသိသော တနေရာတွင် ကျောက်ဂူကြီးတလုံးကို တွေ့သည်။ ကျောက်ဂူတွင် ချုံနွယ်တွေ ဖုံးနေသည်။ မိုးကလဲ သည်း ထန်စွာ ရွာနေသည်။ ခဲ့မြို့ ချမ်းလှပြီ။ အကာအကွယ်မရှိ။ သည်တော့ ခဲ့မြို့ ဂူထဲသို့ ငုပ်ဝင်သွားသည်။ ဂူထဲတွင် မဲမှောင်နေသည်။ ခဲ့မြို့ ချမ်းချမ်းနှင့် ဂူတွင် အိပ်ပျော်သွားသည်။ အိပ်ရာကနိုး၍ ကြည့်လိုက် တော့ သူ့ဘေးတွင် သံစည်ပိုင်းကြီးတလုံးကို တွေ့ရသည်။ သံစည်ပိုင်း ကြီးက သံချေးတက်နေပြီ။ သံစည်ပိုင်းကြီးကို ကျောက်ခဲဖြင့် ထုခွဲတော့ ပေါက်သွားသည်။ အထဲတွင် တာလပတ်ကို ရေနံသုတ်၍ ထားသော အထုပ်ကြီးတထုပ်ကို တွေ့ရသည်။ ခဲ့မြို့မှာ ဝမ်းသာအားရ ဖြေကြည့် လိုက်တော့ ဂျပန် ဓားရှည်တချောင်းကို တွေ့ရသည်။ ထို့ပြင် ဂျပန် စာနှင့် ရေးထားသော မြေပုံများ၊ စာရွက်စာတန်းများကိုလည်း တွေ့ရ သည်။ ခဲ့မြို့ မိုးကာ တာလပတ်ကိုလည်း သတ်မထား၊ စာရွက်စာတန်း များနှင့် မြေပုံများကိုလည်း ဂရုမစိုက်မိ။ ဓားရှည်ကိုသာ မက်နေသည်။ စာရွက်စာတန်းများကိုတော့ ခဲ့မြို့ ဆုတ်ဖြဲပစ်လိုက်သည်။ သည်တုန်းက

သူ့စိတ်က ဖောက်ပြန်နေသည်။ သည့်စာရွက်တွေ တန်ဘိုး ရှိ မရှိကို သူနားမလည်။

“တောက်၊ သိပ်နာတာဘဲ ဦးလေးရာ။ စာရွက်တွေနဲ့ တာလသာကြီးကို ကျွန်တော် ဘယ်လိုအသုံးချရမှန်းမသိဘူး။ ဓားကိုဘဲ မက်မောတာဘဲ။ ခုဆို ဘယ်နေရာမှန်းလဲ ကောင်းကောင်းမမှတ်မိဘူး”

“စစ်အလှည့်တုန်းက ရှာနဲ့တွေ ခေါ်နိုးရှည်သွားကဲ့နေရာထင်တယ်”

ကိုနန္ဒာက ဆိုသည်။

“ဒီလိုနဲ့ ကျွန်တော် ဓားဘာလက်နဲ့ တောထဲလျှောက်သွားနေတာဘဲ။ တနေရာမှာ အုန်းသီးခြောက်တွေ သွားတွေ့တယ်။ ကျွန်တော်ဖြင့် ဒီလောက်များတဲ့ အုန်းသီး တခါမှ မမြင်ဘူးဘူး။ ထောင်ပုံရာပုံကို ဝါနဲ့ ပါလာတဲ့ ဓားနဲ့ အုန်းသီးတွေ ခွဲစားပစ်လိုက်တာဘဲ။ ကြာတော့ ကျွန်တော့် စိတ်တွေ ချောက်ချား သည်ထက် ချောက်ချား လာတယ်။ ညညဆိုရင် လှိုင်းသံကြီးတွေ ကြားပြီး အိပ်လို့မပျော်ဘူး။ သည့်တုန်း ဦးလေးတို့နဲ့ တွေ့တာဘဲ”

“အဲဒီတုန်းက တောခွေးဟင်ကြီးပေါ်မှာ မင်းက ကာလသားလူကြီး ထိုင်လို့။ ဆံပင်ကြီးကလဲ ဖွာလန်ကျနေပြီး။ ခေါင်းကလဲ ဆီမီးတောက်ပန်းတွေ၊ ဆတ်သွားဖုပန်းတွေ ပန်ထားလိုက်တာ ဝေလို့။ အစကတော့ သရဲလို့ထင်တာ။ နောက်ကျမှတော့မှ ‘ဟစ်ပီ’ ဖြစ်နေတာကိုးကွ၊ ဟား ဟား”

ကိုနန္ဒာက ထိုစဉ်က ရဲမြင့်၏ရုပ်သွင်ကို မြင်ယောင်၍ ရယ်သည်။

“ဟာ ဦးလေးကလဲဗျာ၊ ဘယ်ကလာ ‘ဟစ်ပီ’ ရမှာလဲ”

ရဲမြင့်က ရှက်စနိုးဖြင့် ပြောသည်။ ရဲမြင့်သည် သူ့ကို ‘ဟစ်ပီ’ နှင့် တူသည်ဟု ပြောသည်ကိုတော့ ရှက်တတ်ပုံရသည်။ ရဲမြင့်သည် ရှေးတုန်းက သူတို့ သုံးနှုန်းပြောဆိုလေ့ရှိသော စကားလုံးများကိုလည်း ဖွဲ့လွှတ်လိုက်လေပြီ။ တမင် ဖွဲ့လွှတ်ခြင်းမျိုးတော့ မဟုတ်။ ပြောဖော်



ပြောဘက် မရှိတော့၍ ပြောစရာအကြောင်း မရှိတော့၍ အလိုလို ဖွဲ့လွှတ်ပြီးသား ဖြစ်သွားခြင်းသာဖြစ်သည်။

“တကယ်ကတော့ မင်းသာ ‘ဟစ်ပီ’ နဲ့တူတာ မဟုတ်ပါဘူးကွ။ ငါလဲဘဲ ခုတော့ အသွင်အပြင်က ‘ဟစ်ပီ’ တွေနဲ့ တူနေပါပြီ။ ကြည့်ပါလား။ ဆံပင်တွေကရှည်ပြီး ပခုံးရောက်နေပြီ”

ကိုနန္ဒာက ပုခုံးပေါ်သို့ ဝဲကျနေသော သူ့ဆံပင်များကို ကိုင်ပြသည်။ ရဲမြင့် ဆံပင်တမူ ကျောပေါ်သို့ပင် ဝဲကျနေပြီ။

“ဆံပင်ရှည်ထားရုံနဲ့ ‘ဟစ်ပီ’ ဖြစ်သလားဟင်၊ ဦးလေး”

ရဲမြင့်က မင်းထယ်ပြီးကို မော့ကြည့်၍ မေးသည်။ ရဲမြင့်သည် သူ၏ အတိတ်ကို ပြန်ပြောင်းစဉ်းစားနေပုံရသည်။

“ဆံပင်ရှည်ထားရုံနဲ့တော့ ဟစ်ပီမဖြစ်သေးပါဘူး။ ဒါပေမယ့် ဟစ်ပီ ဖြစ်ဖို့ အစပျိုးလာပြီလို့တော့ ပြောနိုင်တယ်”

ကိုနန္ဒာကပြောသည်။

“ဘာဖြစ်လို့လဲ”

“ဒါကို မဖြေခင် မင်းကို မေးခွန်းတခု အရင်မေးမယ်။ မင်း ဘာ ဖြစ်လို့ ဆံပင်ရှည်ထားသလဲ။ ပြောစမ်း”

ရဲမြင့် သည် ဘာမှမပြောသေးဘဲ စဉ်းစားနေသည်။ စင်စစ် သူ ဆံပင်ရှည်ထားခဲ့သော်လည်း ဘာကြောင့်ထားခဲ့သည်ကို သူကိုယ်တိုင် မစဉ်းစားမိ၊ မတွေးမိသေး။

“ဆိုစမ်းပါအုံး၊ ဘာဖြစ်လို့လဲ”

“ဘာရယ်လို့တော့ မဟုတ်ပါဘူး။ သူများတွေ ထားတာမြင်တော့ ကြည့်လို့ကောင်းတယ်ထင်တာနဲ့။ ပြီးတော့”

ရဲမြင့်က ဆက်မပြောသေးဘဲ ရှက်ကိုးရှက်ကန်း ရယ်သည်။

“ပြီးတော့”

"ဒီတော့ မျိုးသန့်ဘာက အားအားနိုင်းတယ် ဦးလေးရဲ့၊ ဆံပင်ရှည်နဲ့က ကြည့်လို့လှတယ်တဲ့၊ ဆံပင်တိုတိုနဲ့က ကြောင်တယ်တဲ့၊ ကောင်မလေးတွေက ဆံပင်ရှည်ထားတာကို သဘောကျကြတယ်"

ကိုနန္ဒာက မျက်စိမှိတ်လျက် ရယ်သည်။

"ဒီလိုနဲ့ တဖြည်းဖြည်း 'ဟစ်ပီ' ဖြစ်ကြတာပေါ့ကွ။ ပထမတော့ ဆံပင်ရှည်လေးထားတယ်၊ နောက်တော့ ဂီတာလေးတီးပြီး စတိုင်တေးလေးဆိုတယ်၊ နောက်တော့ ဆေးခြောက်လေးသော၊ ဘိန်းဖြူကလေးအစရှူ၊ ဒီလိုနဲ့ 'ဟစ်ပီ' ယဉ်ကျေးမှု ထွန်းကားလာတာပေါ့"

"ခေတ်ရဲ့ ရေစီးကြောင်းလို့တော့ မဆိုနိုင်ဘူးလား"

ခင်မြင့်က မဲ့ဘဲ မေးသည်။ ဝင်ဝင် ခင်မြင့်သည် ကျွန်ုပ်တို့ အလုပ်ကြမ်းလုပ်ရကတည်းက သည့်အကြောင်းကို စဉ်းစားမိသည်မှာ ကြာပြီ။ အဝတ်ညှပ်ဖြေရေးအတွက် ရုန်းကန် လှုပ်ရှားရသည်နှင့် သည်ကိစ္စကို မေ့နေပြီ။

"ခေတ်ရေစီးကြောင်း ဆိုရုံနဲ့ မပြီးသေးဘူးကွ၊ ခေတ်ရေစီးကြောင်းတော့ ခေတ်ရေစီးကြောင်းပဲ၊ ဒါပေမယ့် ခေတ်ရဲ့ရေစီးကြောင်းဟာ ကောင်းမြတ်တဲ့ ရေစီးကြောင်းလား၊ တိုးတက်တဲ့ ရေစီးကြောင်းလား ဆိုတာကိုတော့ ခွဲခြားကြည့်ရမယ်။ ဦးလေးကတော့ ဦးလေးတို့ဆီကို ရောက်လာတဲ့ 'ဟစ်ပီ' ယဉ်ကျေးမှုကို ရေစီးကြောင်းလို့တောင် မခေါ်ချင်ဘူး၊ မြောင်းပုပ်ပဲ၊ ရေစီးကြောင်းဆိုရင် ရေဟာ စီးဆင်းနေရမယ်၊ အမြဲစီးနေတဲ့ အတွက် သန့်ရှင်းနေရမယ်။ ခုတော့ ဒီလို မဟုတ်ဘူး။ 'ဟစ်ပီ' ယဉ်ကျေးမှုဟာ ရေစီးကြောင်း မဟုတ်ဘူး၊ လူ့အဖွဲ့အစည်းရဲ့ အမှိုက်သရိုက်တွေ စုဝေးနေတဲ့ မြောင်းပုပ်သာ ဖြစ်တယ်။ ဒီမြောင်းပုပ်က နံတယ်၊ လူငယ်တွေကို ရောဂါ ရစေတယ်၊ ရောဂါပိုးမွှားတွေကို မွေးပေးတယ်၊ ရောဂါမရစေချင်ရင် မြောင်းကို ဆယ်ပေးရမယ်၊ ဖို့ပစ်ရမယ်၊ လှုပ်ရှား စီးဆင်းနေတဲ့ ရေဟာ မပုပ်ဘူး၊ ဝပ်ပြီး ငြိမ်နေတဲ့ ရေမြောင်းဟာ ပုပ်မှာပဲ"



ကိုနန္ဒာက ပင်လယ်ပြင်ကို ကြည့်သည်။ ပင်လယ်လှိုင်း များသည် တလှိမ့်လှိမ့်ဖြင့် ကမ်းစပ်ကို လာရိုက်နေကြသည်။ တချို့ ရေလှိုင်းများသည် ကမ်းစပ်တွင် အမှိုက်သရိုက်များကို ပစ်တင်နေကြသည်။

"လောကမှာ အရာရာဟာ လှုပ်ရှားနေတယ်၊ ရုန်းကန် နေတယ်၊ ဒို့အဖြစ်ကိုဘဲကြည့်၊ မလှုပ်ရှား၊ မရုန်းကန်လို့ မရတော့ဘူး၊ ကိုယ်နိုင်ရာ ကိုတော့ တာဝန်ယူ လုပ်နေကြရတယ်။ ဒီလိုမှ မလုပ်ရင် ဒို့ သေသွားမှာပေါ့၊ ဒို့ကို ဘယ်သူက ကျွေးထားမလဲ၊ ဒါ့ကြောင့် သံချောင်းနဲ့ပေလို့၊ ဒို့ချည်းဘဲဆိုရင် ဘယ်လိုမှား နေမလဲ မသိဘူး"

"ဟုတ်တယ်နော် ဦးလေး၊ ကိုသံချောင်းဟာ တော်တော် အလုပ်လုပ်နိုင်တယ်"

"သံချောင်းဟာ ရွာသားမြောက် ကတည်းက သူ့ဘာကို သူ ရုန်းကန်လာရတယ်၊ အဝတ်ညှပ်ဖြေရေး အတွက် လှုပ်ရှားနေရတယ်၊ ဒီတော့ သူ့စိတ်ဓာတ်ဟာ အမြဲတမ်း သန့်ရှင်း နေတယ်၊ မင်းတို့လို မျှော်ဖို့ပါဘဲ စိတ်မကျုံးအားဘူး၊ အချိန်မရဘူး"

ကိုနန္ဒာက သူ့ရှေ့ပေါ်သို့ တက်လာသည့် ဝင်ကာစွပ် တကောင်ကို ကောက်ကာ ဝင်ကာစွပ်ကို ခွဲထုတ်လိုက်သည်။

"မင်းတို့ ငါ့ဆီကတော့ ဝင်ကာစွပ်လို ကောင်တွေဘဲ၊ ကိုယ်နေဖို့ ခွံကလေးကိုတောင် မလုပ်တတ်ဘူး၊ သူများ စွန့်ပစ်ထားတဲ့ ခွံထဲမှာ အချောင်ဝင်နေကြတယ်၊ ဝင်ကာစွပ်ဆိုတဲ့ကောင်ဟာ စားလို့လဲ မကောင်းဘူး၊ သူ့အန္တရာယ်ကိုလဲ သူ မကာကွယ်တတ်ဘူး၊ ဒီကောင်ဟာ လူ့လောကကြီး အတွက်ရော သဘာဝ ဆိုင်တဲ့ တိရစ္ဆာန်လောကကြီးအတွက်ရော ဘာအတွက်မှ အသုံးမကျဘူး"

ခင်မြင့်က ပြုံးသည်။

"ဒါဖြင့် 'ဟစ်ပီ' တွေဟာ ဝင်ကာစွပ်တွေလို့ ဦးလေး ဆိုချင်တာပေါ့"

"ဟုတ်တယ်။ 'ဟစ်ပီ'တွေပဲကွာ။ လူ့လောကကြီးထဲမှာ ကိုယ့်ခွန်ကိုယ့်အားကို အားမကိုးဘဲ သူများလုပ်ထားတာပေါ်မှာ မှီခိုစားသောက်ပြီး လူ့လောကကြီးရဲ့ ကောင်းကျိုးကို မပြုတဲ့သူတိုင်းဟာ ဝင်ကျွန်တွေပါ။ ကပ်ပါးတွေပဲ"

"အချို့ကတော့ 'ဟစ်ပီ'ယဉ်ကျေးမှုဟာ ခေတ်ဆန်တာပဲလို့ ယူဆကြတယ် မှတ်လား၊ ဦးလေး"

ခင်မြင့်က မေးသည်။

"ဟေး ဆဲဒါကောက်တာပေါ့။ ကောင်းပြီ။ ဒါဖြင့် 'ဟစ်ပီ' ယဉ်ကျေးမှု ဆိုတာ ဘာကို ခေါ်တာလဲ၊ မင်းသိသလား"

"ဟင့်အင်း၊ မသိဘူး"

ကိုနန္ဒာက သဲပြင်ပေါ်တွင် လက်တစ်ဖက် ထောက်၍ လှဲလိုက်ရင်း ပင်လယ်ဘက်ကျွန်းမွှေကလေးတစ်ခုကို မျှော်လိုက်သည်။

"ဒါဖြင့် ဦးလေး ပြောမယ် နားထောင်။ 'ဟစ်ပီ ယဉ်ကျေးမှု' အကြောင်းမပြောခင် ဟစ်ပီတွေဟာ ဘယ်သူတွေလဲဆိုတာကို ဦးလေး အရင်ပြောချင်တယ်။ ဟစ်ပီ ယဉ်ကျေးမှုဟာ အမေရိကန်ပြည်မှာ ပျံ့တယ်။ အမေရိကန်ဆိုတာ မင်းတို့ပါသိထားတဲ့အတိုင်း အရင်းရှင်နိုင်ငံဖြစ်တယ်။ အရာရာကို ဂုဏ်ပကာသန၊ ငွေ စတဲ့ အရာတွေက ဆုံးဖြတ်တယ်။ တစ်ယောက်နဲ့တစ်ယောက် ပြိုင်ဆိုင်း နှင်ခံနေကြတယ်။ ရာထူးဝတ်ဘွဲ့တွေကို ငွေနဲ့ ရာထောင်မက ကျွေးလှန်နေကြတယ်။ ဒါတွေကို မြင်တော့ ခုခေတ်လူငယ်တွေဟာ အမေရိကန်လူ့အဖွဲ့အစည်းကြီးကို မကျေနပ်ကြဘူး။ အမေရိကန် လူနေမှုစနစ် အတွင်းက ပဋိပက္ခတွေကို မကျေနပ်ကြဘူး။ ငြီးငွေ့နေကြတယ်"

"ဒါတွေကို မကျေနပ်တာ မကောင်းဘူးလား ဦးလေး"

"ဒီအထိတော့ ကောင်းပါတယ်၊ ဦးလေး ဘာမှ မပြောလိုပေါင်ဘူး။ ဒါပေမယ့် မကျေနပ်မှုကို သူတို့ဖော်ထုတ်ပုံက ပြဿနာဖြစ်လာတယ်။ အမေရိကန် လူနေမှုစနစ်ကြီးကို မကျေနပ်တော့ သူတို့ ဘာ



လုပ်သလဲ။ လူနေမှုစနစ်ကို ရှောင်လွှဲကျော်နိုင်ဖို့ ဆေးဝါးတွေ မှီဝဲကြတယ်။ စိတ်ညစ်အောင်ဖြစ် လူ့လောကကြီးက ထွက်ပြေးပြီး စိတ်ငြိမ်းချမ်းမှုကို ရှာကြတယ်။ သူတို့က ငြိမ်ငြိမ်သက်သက်ငြိမ်းချမ်းမှု ရှာတာကို ဆိုက်ကီဒယ်လစ်လို့ စကားလုံး အသစ် ထွင်ပြီး ခေါ်ကြတယ်။ ဒါဟာ သူတို့တရားပဲ၊ ဆိုက်ကီဒယ်လစ်လို့ သူတို့ ခေါ်တဲ့ စိတ်ငြိမ်းချမ်းမှုကို ရအောင် နည်းလမ်းနဲ့ ရှာကြသွားကြတယ်။ သူတို့ ဟာ ဂူရုတရားနဲ့ တွဲသဘောင်၊ ဂျီးဆပ်ခရစ်ရဲ့ တရားနဲ့ တွဲသဘောင်ယောက်၊ ရှေးကာလဘာသာရေးဆရာကြီးတွေရဲ့ တရားတွေ၊ ကျင့်စဉ်တွေနဲ့ တွဲသဘောင် ပြောကြ ဟောကြတယ်။ ညစ်ညမ်းမှုကို ရှင်းပယ်ရမယ်၊ လူ့ရဲ့ လွတ်လပ်ခွင့်ဟူသမျှ အကုန်ရှိရမယ်၊ ရိုးသားမှုရှိရမယ်၊ အကြမ်းဖက်မှု လုပ်ရပ်တွေကို ရှင်းပယ်ရမယ်လို့ ကြွေးကြော်လာကြတယ်။ ကောင်းပြီ။ ဒါဖြင့် သူတို့ကျင့်ဝတ်တွေက ဘာတွေလဲ"

ကိုနန္ဒာ သည်လိုစကားမျိုး တွေကို မပြောရသည်မှာ ကြာပြီ။ ထို့ကြောင့် နှုတ်သွက်သည်။ အာဝဇ္ဇန်းရွှင်သည်။

"လူတိုင်း လူတိုင်းဟာ ကိုယ်ကြိုက်ရာကို လွတ်လွတ်လပ်လပ်ကြီး လုပ်နိုင်တယ်၊ လူ့အဖွဲ့အစည်းကြီးထဲက ရှောင်ထွက်ရမယ်၊ လိင်ကိစ္စကိုလည်း လွတ်လပ်စွာဆောင်ရွက်နိုင်တယ်၊ လူ့ ခုဏှာသမှု တွေက ကမ်းလွတ်အောင် ဆေးဝါးမျိုးစုံကိုလည်း ကြိုက်သလို သုံး နိုင်တယ်၊ လူ့လောကကြီးရဲ့ တာဝန်၊ နိုင်ငံ့တာဝန်ကို ယူစရာမလိုဘူး၊ ရသာ အစား အစာနဲ့ ဘင်းတိုင်းနေ့ရှင်ပြီး လွတ်လပ်စွာနေနိုင်တယ်၊ နိုင်ငံအစိုးရရဲ့ ဥပဒေတွေ အရာတွေလဲမလိုဘူး၊ ကြိုက်သလို နေနိုင်တယ်၊ ဒါတွေဟာ သူတို့ကျင့်ဝတ်တွေပဲ။ ဒါကို သူတို့က 'ဟစ်ပီ ယဉ်ကျေးမှုသစ်' (ဟစ်ပီ သယ်ကားလ်ချား)လို့ ခေါ်ကြတယ်"

" 'ယဉ်ကျေးမှုသစ်' တဲ့၊ ဟုတ်လား"

"ဟုတ်တယ်။ ဒါကို သူတို့က ယဉ်ကျေးမှုလို့ ခေါ်တယ်။ တခါ ဒီ 'ဟစ်ပီ' တွေဟာ ဘယ်လိုလူစားတွေလဲ၊ အနေအထားအဖြင့် လေ့လာကြည့်ဘာ။

နိုင်ငံရှိသေးတာတောင် ဒီလောက်မရှိဘူး။ ပညာတတ်လူငယ်တွေ၊ လူသ[illegible] တန်းစား၊ အထက်တန်းလွှာက လောလူတွေ၊ အများအားဖြင့်" အသ[illegible] ၁၇ နှစ်က အသက် ၂၅ နှစ်အောက်ကြားမှာရှိတဲ့ လူငယ်တွေ၊ အသက်[illegible] ငါးဆယ်အောက်တွေလဲ နည်းပါးပါးတော့ ပါတယ်။ သူတို့မိဘတွေဟာ[illegible] အရာရှိကြီးတွေ၊ ကုန်သည်ချမ်းသာတွေ၊ တာဝန်ခံကြီးတွေ၊ ကြေးရှင်တွေ[illegible] တွေပဲ။ သူတို့ အဝတ်အစားတွေနဲ့ ဝတ်စား ဆင်ယင် ပုံတွေ[illegible] ကတော့"

ကိုနေ့သွားက နှုတ်ပေါ်ကျလာသော မေးခွန်းများကို ဖယ်လိုက်သည်[illegible]

"မူးဝါးနေတယ်၊ ပန်းသန်တယ်၊ ချွဲနေတယ်၊ အဝတ်အစား အကြော[illegible] အကျ၊ အဆန်းတွေ ဝယ်တယ်၊ နားကွဲမတတ် ဆူတဲ့ ဂီတကို သဘော[illegible] ကျတယ်၊ ညစ်ညမ်းတဲ့ စကားတွေကို ပြောကြတယ်၊ လူ့ သဘော[illegible] ဆိုင်ရာ လိုအပ်ချက်တွေကို အတားအဆီးမရှိ လွှတ်ပေးရမယ်တဲ့လေ"

"ဒါတွေကို ဘယ်သူတွေက ပေးလိုက်တာလဲ"

"အမေရိကန် လူနေမှုစနစ်ကြီးပေါ့၊ ဒီစနစ်ကြီးက မွေးဖွားလိုက်တဲ့[illegible] သားကောင်တွေကို မွေးထုတ်ပေးလိုက်တယ်လေ။ တနည်း ပြောရရင်[illegible] အရင်းရှင် လူနေမှုစနစ်ပေါ့လေ၊ ဒုတိယကမ္ဘာစစ် မပြီးမီတုန်း[illegible] အရင်းရှင် လူနေမှုစနစ်က ဘိုးဟီးမီးယန်းလို့ ခေါ်တဲ့ စာရေးဆရာတွေ[illegible] ပန်းချီပညာရှင်တွေကို မွေးထုတ်ပေးလိုက်တယ်၊ ဒီတုန်းက ဒီလော[illegible] ထူထယ်ကျယ်ကြီးသေးဘူး။ စာပေအနုပညာပိုင်းလောက်ပဲ့ပါ။ စစ်ပြီးတဲ့[illegible] ၁၉၅၀ ခု တဝိုက်လောက်ကျတော့ ဘီတဲလ်လို့ ခေါ်တဲ့ ဘဲလွှာနေ[illegible] နွင်းကို မွေးထုတ်ပေးလိုက်တယ်။ ၁၉၆၀ ပြည့်ကျတော့ ဟစ်ပီတွေကို[illegible] မွေးထုတ်ပေးလိုက်တယ်။ တကယ်တော့ 'ဟစ်ပီ'တွေဟာ ဘိုးဟီးမီးယန်း[illegible] အနုပညာသည်တွေရဲ့ မြေးတွေပဲ။ အမှန်ကတော့ 'ဟစ်ပီ'တွေဟာ[illegible] အရင်းရှင်လူနေမှုစနစ်ရဲ့ သားကောင်တွေပဲ။ ဒီသားကောင်တွေထဲမှာ[illegible] ဟစ်ပီအဘိဓမ္မာဆရာ အယ်လင် ဂျင်းစဘတ်၊ ဟစ်ပီကဗျာဆရာ။ တီ[illegible] ကင်အယ် စသူတွေ ပါကြတယ်။ သူတို့ဟာ အရွေ့တိုင်းက လော[illegible]



ပညာရှင်တွေ၊ ဓမ္မဒီပညာရှင်တွေကို ဝိတ်ဝင်စားကြတယ်။ မြက်ခင်း ပေါ်မှာ ထိုင်ကြတယ်၊ လွတ်လပ်စွာ ဇိမ် နိုင်နေကြတယ်၊ တယောက် ကို တယောက် စာနာကြတယ်။ ဘယ်အတက်စီး၊ ဟာဒီယန်စား ဆေးခြောက်၊ ဘိန်းဖြူတို့ကို မှီဝဲကြတယ်"

ရဲမြင့်က ကိုနေ့သွားကို စူးစိုက်ကြည့်နေသည်။

"အိမ်ထောင်ရေး၊ လူမှုရေး အဆင်မပြေတဲ့ မိန်းမတယောက်ကို ဦးလေးတွေ့ဘူးတယ်။ ဒီမိန်းမဟာ အိမ်ထောင်ရေး အဆင်မပြေတော့ ဘက်ကို မခံနိုင်ဘဲ သွေးပျက်သွားရှာတယ်၊ ဦးလေးလဲ 'ဟစ်ပီ'တွေကို ဒီသဘောတိုင်းဘဲ မြင်တယ်"

"ဘာသိ်ပ်လို့လဲ ဦးလေးရ"

"တကယ်က 'ဟစ်ပီ'လူငယ်တွေဟာ အစတုန်းကတော့ လူကောင်း တွေပါဘဲ၊ ဒါပေမယ့် အရင်းရှင် လူနေမှုစနစ်ကြီးရဲ့ ဖိနှိပ်မှုတွေက ဘက်ပြင်းလွန်းတဲ့ အခါကျတော့ မခံနိုင်တော့ဘဲ ဖောက်ပြန်ရာက ဖြစ်ပြီး သွေးပျက်သွားကြသူတွေပဲ။ အိမ်ထောင်တခု အဆင်မပြေရင် သွေးပျက်နေရုံ၊ ရှောက်ရှားနေရုံနဲ့ ဒီအိမ်ထောင်ဟာ အဆင်ပြေမလာ နိုင်ဘူး။ အဆင်မပြေတဲ့ အိမ်ထောင်တခု တည့်အောက်နိုင်အောင် နည်းလမ်းရှာရမယ်၊ အားထုတ်ရမယ်၊ အိမ်ထောင်ကောင်းကောင်းတွေ ပြီးသေး သောက်တာဟာ ထွက်ရပ်လမ်း မဟုတ်ဘူး။ အလားတူဘဲ လူနေမှုစနစ်တခု ပျက်စီးနေတာကို ဘိန်းဖြူနဲ့ ကုလို့မရဘူး။ ဒီနည်းနဲ့ ကုတာဟာ လူငယ်ရဲ့အားမာန်ကို ဖြုန်းတီးနေတယ်၊ နဂိုရင် 'ဟစ်ပီ' ယဉ်ကျေးမှုဆိုတာ ဥရောပတိုက်ကိုလဲ ကူးစက်နေပြီ၊ အာရှကိုလဲ ကူးစက်နေပြီ။ ဦးလေးတို့ဆီမှာလဲ ဝင်နေပြီ။ အားနိုင်တွေ့ရဦးမီ ဆိုတဲ့ ဖြတ်လေ့ သမိုင်းပညာရှင်ကြီး၊ တယောက်က 'ဟစ်ပီ ယဉ်ကျေးမှုဟာ အမေရိကန် လူနေမှုစနစ်ကို သတိပေးနေတဲ့ မီးနီဖြစ်တယ်'လို့ ပြောတယ်။ 'ဟစ်ပီ'ယဉ်ကျေးမှုဟာ နဂိုရင် လူမှုရေးရောဂါတခု ဖြစ်နေပြီ။ အခုနောက် နိုင်ငံက သမိုင်းပညာရှင်တွေ၊ လူမှုရေး သိပ္ပံပညာရှင်တွေ၊ ပညာရေ

မှုရှိလာ်တွေ၊ စိတ်ဓာတ်ပါကျ ဆရာတွေ ခေါင်းကိုင်တဲ့ ပြဿနာတွေ ဖြစ်နေပြီ"

"ကျွန်တော်တော့ ဦးလေးပြောမှတဲ့ 'ဟစ်ဗီ'အကြောင်း သိရတော့တယ်"

ကိုစန္ဒာက ပြောသည်။

"ဦးလေးထင်ပါတယ်။ ဦးလေးတို့ဆီမှာ 'ဟစ်ဗီ' ပေါ်ဖို့ အဲဒီလောက် မကြီးသေးပါဘူး။ ဝင်တော့ ရှိသေးတယ်။ လူငယ်တချို့က ဘုမသိ ဘာမသိနဲ့ နိုင်ငံခြား ရုပ်ရှင်တွေ၊ အပေါ်စား စာပေတွေ၊ နိုင်ငံခြား ဆိုးသည့်တွေ၊ နိုင်ငံခြား သင်းဘောသားတွေကို ကြည့်ပြီး အားကျပြီး ဝတ်ရှုပ်ထွေးရာက ဖြစ်နိုင်လာတယ် ထင်တာဘဲ။ ခေတ်ရဲ့ ရေစီးကြောင်းမဟုတ် ပါဘူး။ ပြောင်းလဲပါ။ စီပြောင်းလုပ်ကို ခေတ်ရေစီးကြောင်း ထင်နေရင် မှားမှားမှာဘဲ။ စီပြောင်းလုပ်ကို ရေစီးနေအောင် လုပ်ရမယ်။ ဒါမှအဟုတ်ရင် ပြင်ရမယ်၊ ဆယ်ရမယ်"

"ဘယ်လို ဆယ်ရမှာလဲ"

"သံချောင်းတို့ လူငယ်တွေ ဖြစ်အောင်လုပ်ရမယ်။ အကောင်းနဲ့ အဆိုးခွဲမှာကို မကြောက်တဲ့ လူငယ်တွေ၊ အားမာန်ရှိတဲ့ လူငယ်တွေ၊ ကိုယ်ကျင့်ရှိတဲ့ လူငယ်တွေ၊ ထက်မြက်တဲ့ လူငယ်တွေ၊ ပြင်ဖြတ်မှုရှိတဲ့ လူငယ်တွေ၊ အခက်အခဲကို ဖယ်ရှားနိုင်တဲ့ လူငယ်တွေ ဖြစ်အောင် လုပ်ရမယ်။ တိုင်းပြည့်ထဲမှာ ဆောက်ထားတဲ့ ဆင်ရွယ်နန်းတော်ပေါ်က ဆွဲချပြီး မြေကြီးပေါ် မြဲစေလက်အောင် လုပ်ရမယ်။ သံချောင်းတို့ကြည့်"

ကိုစန္ဒာက ထပ်၍ ထိုင်လိုက်သည်။

"ကျွန်တော် ရောက်တော့နားက ဦးလေးတို့ ဘာလုပ်ရမှန်းမသိဘူး ပါပေမယ့် သံချောင်း ဘာလုပ်သလဲ။ ရှိတဲ့အမြဲအနေထဲက အကောင်းဆုံး ဖြစ်အောင် လုပ်ယူတယ်။ အသက်မသေအောင် စားလို့ရတဲ့ အစာကို သူရှာတယ်။ ကျောက်ဂူကို အချမ်းလုံအောင် ကျောက်တန်တိုင်းကာတယ်။ ကျောက်ခဲနဲ့ အုန်းသီးခွဲလို့ဖြစ်အောင် လုပ်တယ်။ ငမန်းများလို့ရအောင်



ကြံဖန်လုပ်တယ်။ ဂဲတောင်းလို ဓားလေးသာလက်ရှိလာတော့ ဓားလေးနဲ့ ဦးလေးတို့ ဘဝကို ပိုကောင်းလာအောင် ဖန်တီးတယ်။ သံချောင်းဟာ ပင်လယ်မှာကို မကြောက်ဘူး။ ဆင်းရဲမှာကို မကြောက်ဘူး၊ သေမှာကို မကြောက်ဘူး။ ဦးလေးက ငါတော့ ဝတ်ဖြတ်သေတော့ မှာဘဲလို့ သေမှာကို တွေးကြောက်နေတဲ့ အချိန်မှာ သံချောင်းက သေမှာကိုမတွေးဘဲ မသေအောင် လက်တွေ့လုပ်တယ်။ ကိုယ့်ကိုယ်ကိုယ် အားကိုးတယ်။ သံချောင်းလိုလူမျိုး ဆယ်ယောက်သာရှိရင် မီးကျောက် ကမ်းပါးတွေကို လယ်ကွင်းဖြစ်အောင် လုပ်နိုင်တယ်။ မီးတောင်တွေကို နှင်းနိုင်တယ်။ မီးတောင်တွေကိုလဲ ငြိမ်းနိုင်တယ်။ ပင်လယ်ကိုတောင် ကျောက်လှန်ပစ်နိုင်မှာ အမှန်ဘဲ"

ကိုစန္ဒာက စကားကို အဆုံးသတ်သည်။

အနောက်ဘက် ပင်လယ်တွင် နေဝင်လုနီပြီ။ ဝင်ယောင်ရက်များနှင့် တိမ်တွေလွှားများပင် ဓါးတန်းထက်ကြပြီ၊ အဝေးက ဘုတ်မြည်သံကို ကြားရသည်။ မှောင်စပျိုးသဖြင့် ကျောက်ဂူရှိမြို့ရှိ ထကြသည်။ သည်အချိန်ဆိုလျှင် သံချောင်း ပြန်ရောက်လောက်ပြီ။

ခွမ်းမြင့်က ပင်လိုင်းကို ကောက်ထွေးယ်ကာ သွားတော့မည်ပြီး ခြေလှမ်း တုံ့ကနဲ ရပ်သွားပြီး တောတန်းဘက်ကို ကြည့်နေသည်။ ဝတမတော့ ခွမ်းမြင့်၏ မျက်နှာသည် မယုံကြည်နိုင်ဟန်ပေါ်သည်။ နောက် ဝမ်းသာ သည့်ဟန်သို့ ကူးသွားသည်။

"ဦးလေး၊ ဟိုမှာ၊ ဟိုမှာ"

ခွမ်းမြင့်က ကိုစန္ဒာ့လက်မောင်းကို ကိုင်၍ အတန်တကြား ခေါ်သည်။ ကိုစန္ဒာ ရုတ်တရက် နားမလည်။ ခွမ်းမြင့် ပြရာသို့ လှမ်းကြည့်သည်။

"ဦးလေး၊ ဟိုမှာ မီး မီး"

ခွမ်းမြင့်က ကိုစန္ဒာ့လက်မောင်းကို လှုပ်ကာ ရှေ့မှပြေးသည်။ ကိုစန္ဒာ လည်း နောက်ကပြေးလိုက်ခဲ့သည်။ ပြေးရင်း လှမ်းကြည့်သည့်အခါတွင်

သူတို့ကျောက်ဂူအထက် ကုန်းမြင့်တောတန်းသို့ မီးတောက်ကို မြင်ရသည်။ သည်နေရာမှာ ဝါးရုံတော ဖြစ်သည်။

ရုတ်တရက်ကြည့်လျှင်ကား မီးတောက်သေးသေးတင်ရသည်။ သေသေချာချာ ကြည့်တော့ သည်မီးတောက်က မသေး။ ဝါးရုံတောကို ဝါးမျိုနေပြီ။

သူတို့နှစ်ယောက်သည် ကျောက်ဂူနားသို့ ရောက်ကြပြီ။ ကျောက်ဂူဝေးတွင် သံချောင်းကောက်ထားသည့် လမ်းကလေးရှိသည်။ သည်လမ်းအတိုင်း ကုန်းပေါ်တက်ရန် မြေလှေကားကြမ်း ဖြစ်သည်။ သို့ရာတွင် ကျောက်ဂူနားရောက်တော့ ခြေလှမ်း တုံ့သွားကြသည်။

သူတို့ကျောက်ဂူနားတွင်လည်း မီးတောက်နေသော မီးခိုးတန်းကို မြင်ရသည်။

"အကိုတို့ ပြန်လာပြီလား။ လာကြ၊ ဒီကို၊ ဒီကို"

သံချောင်း၏ အသံဖြစ်သည်။

မီးပုံအနီးသို့ သူတို့ရောက်သွားသောအခါ၌ သံချောင်း အလုပ်များနေသည်။

"ဘာတွေ ရှာကြသလဲ"

"သဲဂဏန်းတွေ ရှာတယ်ကွ။ မင်းကော"

"အကိုတို့ သဲဂဏန်းတွေ လွှင့်ပစ်လိုက်တော့"

"ဘာတွေလဲကွ"

ကိုရွှေဘက မီးပုံနားသို့ ကပ်သွားသည်။

"ဟာ၊ ဝါးကင်းကြီးကွ"

ရဲမြင့်က အော်သည်။ သံချောင်းက သူဖမ်းမိလာသည့် တတောင်ကျော်ကျော်ခန့် ပေနံပေါက် နှစ်ကောင်ကို တဲ့နဲ့ထိုး၍ ကင်ထားသည်။

"ဟာ၊ ဒါတွေကတော့"



ရဲမြင့်က မီးပုံပေါ်တွင် ဝါးသုံးချောင်းထောက်၍ အလည်တွင် ချိတ်ဆွဲထားသည့် တတောင်ခန့် ဝါးပိုးအဆစ်ပိတ် နှစ်လုံးကို ကြည့်၍ မေးသည်။

"တလုံးက ထိပ်ဥတွေကိုထောက်ပြီး ခေါက်ထည့်ထားတယ်လေ။ တလုံးကတော့ ရေနွေးကျိုထားတာ"

"ဟာ၊ မိုက်သကွ"

ရဲမြင့်က ဝမ်းသာအားရ အော်သည်။

"ဒီနေ့ည ဝါးကင်းရယ်၊ ခေါက်ပြီးပြုတ်ထားတဲ့ ထိပ်ဥရယ်၊ ထမင်းရည်ရယ်၊ တောင်ပို့ အထိမ်းအမှတ်လေ"

"မီးတွေ့တဲ့ အထိမ်းအမှတ်"

"တော့ မင်းတွေ့လာတာလား"

"တွေ့တယ်၊ ကျွန်တော် မီးမွှတ်နေတာ တပတ်လောက်ရှိပြီ"

"ဘယ်လိုမွှတ်တာလဲ"

ရဲမြင့်က မေးသည်။

"တနေ့က တောထဲမှာ လက်ပံပင်ကြီးတွေတော့ လမ့်တွေရတယ်။ သင်္လမ့်ကို ဝါးနှစ်ကြားညှပ်ပြီး ပွတ်တာ။ မီးတောက်က သစ်ရွက်ခြောက်တွေခဲ့ပြီးသားတော့ ဟန်ကျတာပေါ့။ မီးကူးပြီး တောက်သွားတာပေါ့"

"ဒါကြောင့် ဝါးရုံတောကို မီးရှို့ပစ်ခဲ့တာပေါ့"

"ဟုတ်တယ်။ မီးသေသေအောင်လေ။ ပြီးတော့ စိတ်ချရအောင်ဆိုပြီး သစ်ပင်ကြီးတပင်ကိုလဲ မီးရှို့ထားခဲ့တယ်။ မီးသေမှာ မစိုးရိမ်ရတော့ဘူးပေါ့"

ရဲမြင့်က ဝမ်းသာလွန်းသဖြင့် ခုန်နေသည်။ ထိပ်ဥခေါက်၍ ပြုတ်ထားသည့် ဝါးဆစ်က ကျက်နေပြီ။ သံချောင်းက သစ်ရွက်ခြောက်ဖြင့် ထုပ်ထားသည့် အထုပ်တထုပ်ကို လှမ်းပေးသည်။

"ဒါက ဘာလဲ"

“ဆားအဖြစ်သုံးတဲ့လေး၊ ငါးနဲ့ပြား၊ လက်ခြောက်ခပ်ချင်ရင် ကို ပေါင်းထဲမှာ လောက်သောက်တွေရှိတယ်”

“ဘာချက်ရမယ်”

“လောက်သောက်၊ ဒီ့ထဲမှာတော့ တောထဲမှာ လက်ခြောက် မရှိရင် လောက်သောက်ကို ခပ်တာပဲ”

သည်သည့် ငါးကင်၊ ထိပ်ဥ၊ ချုန်းရည် တို့ဖြင့် အဝထပြ စား လိုက်ကြသည်။

[ ၂၀ ]

အစကတည်းက ကိုနန္ဒာကလည်း သဘောမတူ၊ သံချောင်းကလည်း မသွားစေချင်၊ ခဲ့မြို့ကို စိတ်မချ၊ ယခုတော့ သူတို့ ထင်သည့် အတိုင်း ဖြစ်ပြီ။

သံချောင်းက တက်တခေါက်ခေါက်ဖြင့် စိတ်ဆိုးသည်။

သံချောင်း၊ မီးမွတ်၍ရသည်ဖြင့် သူတို့သုံးယောက် ထမင်းစား လူမှ ခေတ်ကို ကျော်သွားကြပြီ။ မီးကို ရှာဖွေတွေ့ရှိခြင်းသည် လူ့ယဉ်ကျေးမှု သမိုင်းတွင် အကြီးဆုံး၊ ရှေ့သို့လှမ်းတက်မှုဖြစ်သည် ဆိုသည့် အချက်ကို သူတို့ သဘောပေါက်ကြသည်။ မီးရသဖြင့် ဝမ်းသာကြသည်။

မီးရသဖြင့် ကျောက်ပိုး၊ ခရု၊ ငကန်း၊ ချုန်းပိုး၊ ပုတ်သင်ညို၊ ငှက် သည်တို့ကို ကင်စားနိုင်သည်။ ငါးကို ပြုတ်စားနိုင်သည်။ ထိပ်ဥကို လည်း ပြုတ်စားနိုင်သည်။ မီးရှူးလုပ်၍ မီးပင်သျှင် ထွန်းနိုင်သေးသည်။ တလောက အနောက်ဘက် ကမ်းစပ်တွင် လင်းပိုင် သေကြီးတကောင် လာတင်သည်။ ဆီတွေ အများကြီးရလိုက်သည်။ နံ့ပုပ်၍ အသား ကိုတော့ မယူလိုက်ကြ၊ ဆီများကိုသာ ယူလိုက်သည်။ ချုန်းမှုတ်မှုတ်



ထဲတွင် လဲမိုကိုကျစ်၍ လင်းပိုင်ဆီဖြင့် မီးထွန်းနိုင်သည်။ လင်းပိုင် ဆီ မရှေ့ချင်လည်း ချုန်းဆီဖြင့် ထွန်းနိုင်သည်။

ထို့မှတပါး

သံချောင်းလုပ်ပေးသည့် ငါးမြှားချိတ်ဖြင့် ဆော်နိုင်သေးသည်။ ချုန်းနဲ့ရိုးနှင့် ဘန့်ဘွေးရွက်ကိုရင်းလျှင် သောက်၍ရသည်။

သူတို့ မီးရှိသဖြင့် ပျော်သည်။

သို့ရာတွင် သည်လိုအဆင်ပြေနေစဉ် ပြဿနာတခု ပေါ်လာသည်။ ပြဿနာပေါ်သူက ခဲ့မြို့။

သည်နေ့က ကိုနန္ဒာ ဖျားနေသည်။ တပြားဆေး မရှိ၊ သံမှိုင် ကျောက်မှိုင်ရွက်ကို သံချောင်းက ရေနွေးဖြင့် ကျိုတိုက်သည်။ ထို့နောက် လိပ်သောင်သို့ ထွက်သွားသည်။ ခဲ့မြို့က ကိုနန္ဒာစားဖို့ ငန်း၊ သွား ရှာမည်ဟု ဆိုသည်။ ကိုနန္ဒာက စိတ်မချ၊ မသွားရန်တားသည်။ သို့ရာ တွင် တားမရဘဲ တချောင်းတည်းသောလှေးချိတ်နှင့် ကြိုးခွေကို ပခုံး တွင်လွယ်ကာ ယိုးယား မောင်းပြန် ဓားရှည်၊ ခါးတို့၍ ထွက် သွားသည်။

သံချောင်း လိပ်သောင်ကပြန်ရောက်တော့ နေဝင်ပြီ။ သည်အထိ ခဲ့မြို့ပြန်မလာသေး၊ ပြန်မလာတော့ စိတ်ပူကြသည်။ သံချောင်းက လိုက်ရှာမည်ဟုဆိုကာ လိပ်သောင်သို့ လိုက်ရန် ပြင်သည်။

သို့ပြင်နေစဉ် ခဲ့မြို့ တယောက် ကျောက်ကမ်းပါးယောက်က ဆင်း၍ ပြေးတက်လာသည်။ ဘာတွေအော်မှန်း မသိ။

ကျောက်ဂူရောက်တော့ ခဲ့မြို့တုန်နေသည်။ မျက်လုံး က ပြူးတူး ပြဲတဲဖြစ်နေသည်။ ကြည့်ပုံမှန်။

“သဲ့ သဲ့ ဟိုမှာ သဲ့”

ခဲ့မြို့က ပင်လယ်ကမ်းပြင်ဆီကို လက်ညှိုးထိုးပြသည်။ သူပြရာသို့ ကြည့်သည်။ မှောင်ရီပျိုးစ ပင်လယ်ပြင်က ကျောက်ဆောင်မဲမဲများကို တွေ့ရသည်။ တခြား ဘာမှမတွေ့ရ။

"ဘယ်မှာလဲ မရှိပါဘူး"

သံချောင်းက ပြောသည်။

"ဟိုမှာ၊ ဟိုမှာ၊ ဟို ဟို"

ရဲမြင့် ရှေ့ဆက် စကားပြောဖို့ရေး၊ ထိတ်လန့်နေသည်။

ကိုနန္ဒာနှင့် သံချောင်းသည် တယောက်ကို တယောက် ကြည့်လိုက်ကြသည်။ ရဲမြင့်ကိုကြည့်ရသည်မှာ အားမရ။

"ဟိုလိုဏ်ခေါင်းကြီးနဲ့ ရေလည်ကျောက်ဆောင်မှာ"

"ဟယ်နီများတဲ့ ကျောက်ဆောင်လား"

ရဲမြင့်က ခေါင်းညိတ်သည်။ ရဲမြင့်သည် တယောက်တည်း ထိတ်လန့်လာပြီဟု ထွက်ကြသည်။ သူတို့နှင့်တွေ့ရင်က ရဲမြင့် စိတ်ချောက်ချား နေသည်။ ယခုတခါ ရဲမြင့် စိတ်ချောက်ချားပြီး၊ ငင်စင် ပင်လယ်ထဲ ချောက်ချားစရာတွေ့မြင်သည်။ တော်တော်တန်တန် စိတ်မနိုင်သူမဟုတ် မှနိုင်သည်။

တော်ကြာတော့ ရဲမြင့် မျက်လုံးကြည့်ရုံမှန်လာသည်။ ထိပ်ဦးကို ခေါက်ခေါက်၍ ရေကို တကျိတ်ကျိတ် သောက်နေသည်။

"ရဲမြင့်"

ကိုနန္ဒာက ခေါ်သဖြင့် ရဲမြင့် မော့်ကြည့်သည်။

"နေကောင်းသွားပြီနော်"

သည်တော့မှ ကိုနန္ဒာတို့နှစ်ယောက်က သူ့အပေါ်သဘောထားကို ရဲမြင့်ရိပ်မိသည်။

"ဘာလဲ ဦးလေးတို့က ကျွန်တော် ဘာဖြစ်လာတယ် ထင်လို့လဲ"

ကိုနန္ဒာနှင့် သံချောင်း တယောက်ကို တယောက် ကြည့်ကြသည်။ ရဲမြင့်က သူတွေ့ခဲ့ရသည့် သူ့အကြောင်းကို ပြောပြသည်။ သည်တော့ ရဲမြင့်ထိတ်လန့်လာခြင်း မဟုတ်ကြောင်း၊ စိတ်ပေါက်သွားခြင်းမဟုတ် ဘဲ အကယ်ပြောနေကြောင်း သူတို့သိလာရသည်။



"ကျောက်ညီနေ့ခင်မှာ ကျွန်တော်က ထိုင်ပါနေတာအတော်ကြာနေ လို့၊ မှားသောအတောင် ငါးတကောင်မှ မဆွဲဘူး။ ငါးက ငါးစာကို သောက်ပြီး စားတယ်။ မျှားချိတ်ကို မဟပ်ဘူး။ ကျွန်တော်လဲ မှောင်လာတာနဲ့ မျှားကြိုးကို ပြန်ရုပ်နေတုန်း နောက်က ခြေသံကြား တာနဲ့ လှည့်ကြည့်လိုက်တော့ ဘာမှ မတွေ့ရဘူး"

"မင်းစိတ်ထင်လို့ ဖြစ်ပါလိမ့်မယ်ကွာ"

ကိုနန္ဒာက ပြောသည်။

"နေပါဦးလေး၊ ဦးလေးကလဲ ဆုံးအောင် နားထောင်ပါဦး။ အဲဒီတုန်းကတော့ ကျွန်တော်လဲ စိတ်ထင်တာဘဲ၊ ဒါနဲ့ မျှားကြိုးကို ချပြီး ပစ္စည်းထဲထည့်နေတုန်း၊ ခြေသံကြားတာနဲ့ လှည့်ကြည့်တော့ ကျွန်တော့်နောက်ကနားက ကျောက်ဆောင်စွန်းမှာ လူမဲကြီး တယောက် ရပ်နေတယ်။ ကျွန်တော်က ကိုသံချောင်း၊ ထိပ်သောင်က ပြန်ပြီး ကျွန်တော့်ဆီ လိုက်လာတယ်မှတ်လို့ ကြည့်နေရင်း ချက်ချင်း ခိုက်ကနဲ ကျောက်ဆောင်စွန်းနောက်မှာ ပျောက်သွားတယ်"

"မိုးတိုးမှောင်းတောင်ဆိုတော့ မင်းစိတ်ထဲ ထင်တာ ဖြစ်ပါလိမ့်မယ် ကွာ။ ပင်လယ်မှာ တခါတလေ ဒီလိုဘဲ ကျောက်ဆောင်တွေက မျက်စိ လှည့်စားတတ်ပါတယ်"

"ဒီ ကျွန်တော့်ကိုယ်တိုင် မျက်စိနဲ့ သေသေချာချာမြင်လိုက်ရတာ၊ ခေါင်းထိတ်အောက်ကို ပေတဲ့လူမဲကြီး၊ ကျောက်ဆောင်စွန်းဟိုဘက် ပျောက်သွားရအောင် ဟိုဘက်မှာကလဲ ဆင်းစရာမရှိဘူး။ ကမ်းပါး ချောက်ကြီး၊ သဲရဲ့ ကာလယ့်သာရဲ"

"ဟုတ်ချင်လဲ ဟုတ်မှာပေါ့၊ ကျွန်တော်တို့ အဖေ ပြောဘူးတယ်၊ အဲဒီလို ကျွန်းတွေမှာ ဆလုံသရဲတွေရှိတတ်တယ်တဲ့၊ သူတို့အခါက ကျွန်း တကျွန်းမှာ ဆလုံ သရဲတယောက် တွေ့ဘူးသတဲ့"

သံချောင်းက ခြေးစား၍ ပြောသည်။ ကိုနန္ဒာက လက်မခံလိုသေး။

"ဒါနဲ့ မင်း လစ်လာခဲ့တယ်ဆိုပါတော့"

"ဒါပေါ့၊ သူလဲ ကျောက်ဆောင်စွန်းမှာ မိုက်နဲ့ ပျောက်သွားတော့ ကျွန်တော်လဲ ပလိုင်းကို ကောက်ပြီး တချိုးထဲပြေးလာခဲ့တာ၊ ကျောက်ဆောင်ပေါ်က ဘယ်လိုအောက်ရောက်လာပြီး ကျောက်တုံးတွေပေါ် ဘယ်လိုဖြတ်ပြေးခဲ့မှန်းတောင် မသိဘူး၊ ဓားလဲ ကျောက်ဆောင်တွေကြားထဲ ကျကျန်ရစ်ခဲ့ပြီ"

"ဘာ၊ ဓားကျကျန်ရစ်ခဲ့ပြီ"

သံချောင်းက အလန့်တကြား မေးလိုက်သည်။

"ဟုတ်တယ်၊ ဘယ်နေရာ ကျကျန်ရစ်ခဲ့မှန်း မသိဘူး။ ဒီမှာရောက်လို့ စမ်းကြည့်တော့ ဓားမပါလာတော့ဘူး"

သံချောင်းရော ကိုနန္ဒပါ စိတ်အပျက်ကြီး ပျက်သွားကြသည်။ မြို့ကို သယ်ဆောင်ခဲ့ရသည်က အရေးမကြီး၊ ဓားကျကျန်ရစ်ခဲ့သည်က အရေးကြီးသည်။ သည်ဓားသည် သူတို့ဘဝ ဖြစ်သည်။ သူတို့ယုံ ကျေးမှု ဖြစ်သည်။ သူတို့အသက်ရှင်ရေးအတွက် မရှိမဖြစ်သည့်အရာ ဖြစ်သည်။ မီးရ၍ ဝမ်းသာသည်ဆိုဦး ယခု ဓားပျောက်သွားပြီ။ သည်ဓား ပျောက်သွားခြင်းသည် သူတို့ကို ကျောက်ခေတ်သို့ ပြန်ရောက်စေသည်။

"တောက် ဒီဓားကို ပေါ့ပျက်သွားမယ်လို့ အစက ပြောရက်နဲ့ ကျော လော၊ ခုသွားရှာမယ်၊ ဘယ်နားက ပြန်လာတာလဲ"

သံချောင်းက သူကိုင်ထားသော မီးတုတ်ကို ကောက်ကိုင်သည်။ မီးတုတ်က နှသုတ်လှော်များကို အခြောက်လှမ်း၍ ထုကာ လင်းပိုင်ဆီစိမ်ပြီး ဝါးလုံးတချောင်းတွင် စုစည်းထားသည်။

"ရေမှ မီးငြိမ်းမလား မသိဘူး"

သံချောင်းက ကမ်းစပ်ကို မျှော်ကြည့်ရင်း ပြောသည်။ ရေတက်လျှင် ကျောက်ဆောင်တွေအားလုံး ရေအောက်ရောက်သွားပြီ။ ရှာ၍ မရတော့။ ထို့ပြင် လှိုင်းပုတ်သည့်အတွက် ဓားက ကျောက်ဆောင်ကြားတွေထဲ ညပ်သွားနိုင်သည်။ လှိုင်းပုတ်သဖြင့် ရေအောက်က ကမ်းပါး



အောက်ထဲသို့ ကျသွားနိုင်သည်။ သို့ဆိုလျှင် အစ ရှာရတော့မည် မဟုတ်။ ထို့ကြောင့် ရေမီးကိုလိုသည်။ ရေမတက်ခင် ရှာနိုင်ဖို့လိုသည်။

"ရေတက်နေပြီထင်တယ်"

ကိုနန္ဒက ပြောသည်။ ပင်လယ်မှ ဒီလှိုင်းများ၏ အော်သံကို ကြားရသည်။

သံချောင်း မကျေနပ်။ ထို့ကြောင့် သူတို့သုံးယောက်လုံး ကမ်းစပ်သို့ ဆင်းကြည့်ကြသေးသည်။ ရွှံ့မြိုင် ငါးသွားများသည် ကျောက်ဆောင်က ကမ်းစပ်အတိုင်း တနိုင်နဲ့ လျှောက်ရဦးမည်။ ထို့နောက် ကျောက်ဆောင်ပြင်ကိုဖြတ်ကာ အမြင့်သို့ မိုင်ဝက် လောက် တက်ရဦးမည်။ မဲမှောင်နေသော ကျောက်ဆောင်များကြားတွင် ဓား ရှာ ဘို့မလွယ်။ မှောင်မည်းနေအောင်ရှိသော ကျောက်ဆောင်ပြင်ကြီးထဲတွင် မည်သည့်နေရာက ဖြတ်ပြေးလာခဲ့သည်ကိုလည်း ရွှံ့မြိုင် မှတ်မိမှာမဟုတ်သည့်တိုင်အောင် ရှာမည်မဟုတ်၊ ဒီနေရာ ကမ်းစပ် သရဲချုံ တောစပ်အထိပင် ရောက်နေပြီ၊ လှသွားစရာ လမ်းပင်မရှိတော့။

သူတို့သုံးယောက် ထိုညက တောင်းတောင်း အိပ်မပျော်။

ရွှံ့မြိုင်က သူတွေ့ခဲ့သည့် သရဲကို မြင်နေသည်။ သူတွေ့ခဲ့သည့် သရဲသည် သံချောင်းပြောသည့် ဆလုံသရဲလော။

ကိုနန္ဒက သရဲဟု အတည်မပြုချင်။ ကျက်လေ့မျက်၍ သူတို့လို ဘောင်းတင်နေသည့် လူသားတဦးလော။

သံချောင်းက သရဲအကြောင်းကို မတွေးမိ။ သည်ဓားကို ဘယ်လို ရှာရမည်နည်း။ တွေ့မှ တွေ့ပါဦးမည်လော၊ လှိုင်းပုတ်သဖြင့် ကျောက်ဆောင်ကြားတွေထဲသို့ ကျသွားပြီလော။

နောက်တနေ့ကျတော့ သူတို့သုံးယောက် ကျောက်ဆောင်ပြင် တလျှောက် ဓားလိုက်ရှာသည်။ မတွေ့၊ တနေ့ကုန်ရှာသော်လည်း အချည်းနှီးသာဖြစ်သည်။ နောက်ရက်တွင်မှ ကိုနန္ဒနှင့် ရွှံ့မြိုင် လိုက်ရှာနိုင်

တော့။ နေ့ဝင်ခါနီးတွင် ကျောက်ဆောင်မြင့်ကြီး ပျောက်ရှာရသည်မှာ မလွယ်။ တွေ့မည်ဟုသေချာလျှင် ရှာအားရှိသေးသည်။ သို့ရာတွင် တွေ့မည်ဟုလည်း မည်သူကမျှ အာမခံနိုင်သည်မဟုတ်။ ထို့ကြောင့် သူတို့နှစ်ယောက်က လက်လျှော့သည်။

သည်လိုဖြင့် သံချောင်းသည် ပျောက်ဆုံးသွားသောမားကို မျက် ပေါင်းများစွာရှာသည်။ တခါတရံ ရှောင်မှ ပြန်လာတတ်သည်။ သို့ရာတွင် မားတော့ ရှာမတွေ့။ ညရောက်လျှင် သံချောင်းသည် အလုပ်တခုခုကို လုပ်နေ တတ်သည်။ ယခုတလော၌ သံချောင်းသည် မီးရှို့ထားသော ဝါး တောနေရာ ကုန်းစောင်းတွင် တုတ်ချွန်ဖြင့် စိုက်ပျိုး၍ ပိန်းပင်များ စိုက်နေသည်။

ခါတိုင်းပြန်လာလျှင် သံချောင်းသည် ပင်လယ်အကြောင်း၊ ငါးတို့၏ သဘာဝအကြောင်း၊ မြင်သာထိပ်ကြီးများအကြောင်း၊ ကြယ်တာရာများ အကြောင်း စသည်တို့ကို ပြောတတ်သည်။ ယခုတလော သံချောင်း သိပ်စကားမပြော။ တစုံတရာကို အလေးအနက် တွေးတော နေတတ် သည်။ သူ့စိတ်ထဲတွင် တစုံတရာကို ဝေခွဲမရဖြစ်နေပုံရသည်။ တခါ တရံ ဆင်ခြေကြီးများက ပင်လယ်ကို ငေးကြည့်နေတတ်သည်။ တခါ တရံတွင်လည်း ကျောက်ဆောင်ပေါ်တွင် ပက်လက်လှန်၍ မိုးပေါ် လ ဘင်ကာ ကျောက်ဂူမိုးကို စိုက်ကြည့်ရင်း စဉ်းစား နေတတ် သည်။

သံချောင်း မစဉ်းစားဘဲ အသာယာနေနိုင်မည်နည်း။

ပင်လယ်ကိုဖြတ်ရန် အသုံးဝင်သော သစ်ပင်များကို ခုတ်လှဲ ခဲ့သည်။ သစ်လုံးပေါ်လုံးလောက်ရမှ မားပျောက်သွားသည်။ ဆင်ခြေခင်ကြီး ကျမှ တစ်ချောင်းကို သံချောင်းခုတ်ခဲ့သည်။ ခါးတွေနာအောင်၊ ကျော တောင့်အောင်၊ လက်တွေပေါက်ပြဲအောင် သစ်လုံးများကို ခုတ် ရသည်။ ကြိမ်တွေ၊ နွယ်ကြိုးတွေကို ခုတ်ခဲ့ရသည်။ ယခု လမ်းတ ရောက်ကာမှ မားပျောက်သွားပြီဆိုတော့ သံချောင်း ဘာမျှမတတ်နိုင် လက်ကျိုးသွားသည်နှင့်အတူတူ ဖြစ်နေပြီ။



သည်မားကို ကျောက်ဆောင်ကြီး၊ ကျောက်ဆောင်ကြား လိုက်ရှာခဲ့ သည်မှာလည်းမနည်းပြီ။ မတွေ့။ မားနှင့်တူသည့် လက်လက်အရာဆိုစိုး တခုမျှ မတွေ့။

တခါတရံတော့ သူ့အကြံအစည်ကို ရိပ်မိသွား၍ သူနှင့်လည်းမလိုက် နိုင်မှာအတူတူ သံချောင်းမထွက်ဖြစ်စေရန် ကိုနန္ဒာနှင့်ခိုင်မြင့်က မားကို တမင် ရေထဲချပစ်သည်လော၊ သို့မဟုတ် ဝှက်ထားသည်လောဟုတော့ သံသယဖြစ်မိသည်။

ဝှက်ထားသည် မှန်လျှင်တော့ သံချောင်း သူတို့ နှစ်ယောက်ကို အသေသတ်ပြီး ပင်လယ်ထဲချပစ်မည်ဟု စိတ်ကူးမိသည်။ သူ့ဇာတိ မြေမှာ သူတယောက်ထဲ ပင်လယ်ကိုဖြတ်ကူးရန် မဟုတ်။ သူတို့အားလုံး ဖြတ်ကူးရန်ဖြစ်သည်။ သူတို့အားလုံး လွတ်မြောက်ရန်ဖြစ်သည်။ သူတို့ အတွက် ကိုယ်က စေတနာနှင့် လုပ်ပေးပါလျက် သူတို့မလိုက်နိုင်သည်က တော့ သူတို့ကံဖြစ်သည်။ သည်ကြားထဲက သူတို့ မလိုက် နိုင်သည့် အတူတူ သူလည်းမထွက်ဖြစ်စေရန် မားကို ဝှက်ထား သည်ဆိုလျှင် သည်မားကို မတွေ့ တွေ့အောင်ရှာမည်။ တွေ့လျှင် သည်မားနှင့် သူတို့ ခေါင်းကိုဖြတ်ပြီး သူတို့ကိုယ်ကို မြေဩဇာကျွေးပစ်မည်ဟုပင် သံချောင်း တွေးမိသည်။

ထို့ကြောင့် သံချောင်း၊ လူတို့နှစ်ယောက်၏လှုပ်ရှားမှုကို အကဲခတ် သည်။ သူတို့နှင့် မျက်နှာချင်းမဆိုင်မိရအောင် တနေကုန် တောင်ယာသို့ ထွက်နေသည်။

တညနေ ပိန်းစိုက်ရာတောအစပ်တွင်မှ သံချောင်းက ကိုနန္ဒာကို ကောင်း ဆန်းတနေသည်။ ခိုင်မြင့်က ဓားမနှင့် ထိပ်ပေါ်နေပြီ။

"အကို"

"ဟင်"

ကိုနန္ဒာက ဝါးခြမ်းဆေးတံကြွင်း ထုန်းနဲ့ရှိုးနှင့် တန်းတွေးရွက် ခြေ ထည့်၍ ဖွာနေသည်။

"အကို တခါက ပြောတဲ့ ပင်လယ်ကို ဖြတ်တယ်ဆိုတဲ့ လူတွေဟာ တကယ်ပဲလား"

ကိုနန္ဒာက မေးနေသည်။ သူပြောခဲ့သည့် စကားတွေက များလှပြီ သည်တော့ ကိုနန္ဒာ အားလုံး မမှတ်မိတော့။ ကိုလံဘတ်(စ်) အမေရိကတိုက်ကို တွေ့သည့် အကြောင်းလော၊ ရော်ဘင်ဆန် ကရူးဆိုး၏ အကြောင်းလော၊ ဆွစ်လူမျိုး ရော်ဘင်ဆန်အကြောင်းလော။ မည်သည့် အကြောင်းကို သံယောင်အမေးနေသည်မသိ။

"ဘယ်သူတွေကို ပြောတာလဲ"

"ဟို သစ်လှေနဲ့ဖြတ်တဲ့လူတွေရယ်၊ ကျူရှိုးလှေနဲ့ဖြတ်တဲ့ လူတွေရယ်လေ"

ကိုနန္ဒာ မှတ်မိပြီး ကိုနန္ဒာက 'ကွန်တီကီ' စွန့်စားခန်းနှင့် 'ရား-၁'နှင့် 'ရား-၂' တို့၏ စွန့်စားခန်းအကြောင်းကို ပြောပြခဲ့ဘူးသည်။ သည်တုန်းက ကိုနန္ဒာက အမှတ်မထင်ပြောခဲ့ခြင်းဖြစ်သော်လည်း သံရောင်က စိတ်ဝင်စားလှသဖြင့် နားထောင်ခဲ့သည်။

"အဲဒီအကြောင်းကို ထပ်ပြီး ပြောစမ်းပါဦး အကိုရ"

"ဘာလဲကွ၊ မင်းက သူတို့ကိုအားကျပြီး ပင်လယ်ကြီးကို ဖြတ်မလို့လား"

"စပ်စုတာပေါ့အကိုရာ"

ကိုနန္ဒာက 'ကွန်တီကီ' စွန့်စားခန်း အကြောင်းကို ပြောပြသည်။ 'ကွန်တီကီ' စွန့်စားခန်းမှာ လွန်ခဲ့သည့် ဆယ်နှစ်လောက်က ပစိဖိတ် သမုဒ္ဒရာကို ဖောင်နှင့်ဖြတ်ကူးသည့် စွန့်စားခန်းဖြစ်သည်။ မနုဿဗေဒ ပညာရှင်တဦးသည် တောင်ပစိဖိတ် သမုဒ္ဒရာကျွန်းများ၌ ပိုလီနီးရှန်း လူမျိုးများအကြောင်းကို လေ့လာသည်။ ပိုလီနီးရှန်းများသည် 'ကွန်တီကီ' နတ်ဘုရားရုပ်များကို ကိုးကွယ်ကြသည်။ ပိုလီနီးရှန်းတို့ တောင် ပစိဖိတ်ကျွန်းစုများသို့ ရောက်လာခဲ့သည်မှာ အနှစ် ၂၀၀၀ ခန့် ရှိပြီ။ သည်လို ကွန်တီကီနတ်ဘုရားရုပ်များကို တောင်အမေရိက တောနက်ကြီး



များထဲတွင်လည်း တွေ့ခဲ့ရဘူးသည်။ တောင်အမေရိကမှ ကွန်တီကီနတ် ဘုရားရုပ်များသည် တောင်ပစိဖိတ်ကျွန်းစုက ပိုလီနီးရှန်း လူမျိုးတို့၏ နတ်ဘုရားရုပ်များထက် ရှေးကျသည်ကို တွေ့ရသည်။

"ကမ္ဘာမှာ ရှာကြည့်တော့၊ 'ကွန်တီကီ' နတ်ဘုရားရုပ်ကို ကိုးကွယ်တဲ့ လူမျိုးဆိုလို့ တောင်အမေရိကတိုက်က လူမျိုးစုတာနဲ့ တောင်ပစိဖိတ် ကျွန်းစုက ပိုလီနီးရှန်းလူမျိုးတွေလောက်ပဲရှိတယ်။ သူတို့လူမျိုးနှစ်မျိုးဟာ အယူဝါဒ၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု စသဖြင့် တော်တော်များများ တူကြတယ်။ ကွန်တီကီနတ်ဘုရားကို ကိုးကွယ်ပုံကအစ နတ်ဘုရားရုပ် တွေတာလဲ တော်တော်တူကြတယ်။ ဒါကြောင့် တောင်ပစိဖိတ်က ပိုလီနီးရှန်းလူမျိုးတွေဟာ တောင်အမေရိကတိုက်မှာရှိတဲ့ လူမျိုးစုတွေရဲ့ အဆက် အနွယ်တွေပဲ ဖြစ်ရမယ်လို့ အဲဒီ မနုဿဗေဒ ပညာရှင်က ကောက်ချက်ချတယ်"

ကိုနန္ဒာက ပေါ်မြစ်ဆုံဆေးတံကို ကျောက်ဖျာပေါ်တွင် တဒေါက် ဒေါက် မြည်အောင် ခေါက်၍ ခါချလိုက်သည်။

"ဒါပေမယ့် ခက်တာက တောင်အမေရိကတိုက်နဲ့ တောင်ပစိဖိတ် ကျွန်းစုတွေကြားထဲမှာ မိုင်ခြောက်ထောင်လောက်ရှိတဲ့ ပစိဖိတ်သမုဒ္ဒရာကြီး ခြားနေတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ထောင်လောက် အချိန်က မိုင်ခြောက်ထောင်လောက်ရှိတဲ့ သမုဒ္ဒရာကြီးကို ဘယ်လိုလုပ်ဖြတ်သလဲ ဆိုတာ တွေးစရာပေါ်လာတယ်"

"အဲဒီတုန်းက လှေတွေမပေါ်သေးဘူးနော်"

"ဘယ်ပေါ်ဦးမလဲ။ လူ့ယဉ်ကျေးမှုခေတ်ဦး၊ ခု အကိုတို့ ရောက်နေတဲ့ ကျောက်ခေတ်သာသာပဲရှိသေးတာ"

ကိုနန္ဒာက ရယ်၍ ပြောသည်။

"ဒါဖြင့် ဖောင်နဲ့ဖြတ်မှာပေါ့"

"တုတ်တယ်။ မိုဟီနီရှန်းတွေဟာ တောင်အမေရိကတိုက်က လူမျိုး တခုရဲ့ အဆက်အနွယ်တွေဆိုတာတော့ ထင်ရှားပြီ။ ဒါပေမယ့် မိုဟီနီးရှန်း လူမျိုးတွေရဲ့သက်တမ်းဟာ နှစ် ၂၀၀၀ လောက်ရှိတော့ အဲဒီတုန်းက ရေမပေါ်သေးဘူး။ တောင်နဲ့ဖြတ်ကူးတာဘဲဖြစ်ရမယ်လို့ သူက ကျက် တယ်။ ဒါပေမယ့်"

သံချောင်းက ခေါင်းတဆတ်ဆတ်ညိတ်သည်။ သူ့မျက်လုံးများသည် မီးတောင် တွင် တရှပ်ရှပ် တောက်နေကြသည်။ မျိုး့ကတော့ ပေါက်ချေပြီ။

"ဒါပေမယ့် မိုင်ပြောက်တောင်ဆိုတာ နုတဲ့စေးမဟုတ်ဘူး။ မိုင်ပြောက် တောင်ဆိုရင် ကမ်းကိုတွေ့မယ်လို့လဲ သေချာတာမဟုတ်ဘူး။ ဒီတော့ ရှိနိုင်ရမယ်။ အနီးဆုံး သမုဒ္ဒရာထဲမှာ မနစ်အောင်လုပ်ရမယ်။ လပေါင်း များစွာ မျောသွားရတော့ တောင်နဲ့တဲ့ သစ်တွေက ရေမစိုတဲ့သစ်မျိုး ဖြစ်ရမယ်။ ပင်လယ်ထဲမှာ ကြာလာရင် သစ်တုံးတွေဟာ ရေဝင်ပြီး နစ်သွားနိုင်တယ်။ ဒါကြောင့် မိုဟီနီးရှန်းလူမျိုးတွေ၊ ဒီသမုဒ္ဒရာကြီးကို ဖြတ်ခဲ့ရင် သူတို့ တောင်နဲ့တဲ့ သစ်တွေဟာလဲ ရေမစိုတဲ့ ရေမဝင်တဲ့ သစ်တွေဖြစ်ရမယ်လို့ သုတေသနကတယ်။ ဒါနဲ့ တောင်အမေရိက သစ်တော တွေထဲမှာ အဲဒီသစ်မျိုးကို လိုက်ရှာတော့ ဘာလ်ဆာဆိုတဲ့ သစ်တမျိုးကို သွားတွေ့တယ်"

"ဘာသစ်မျိုးရယ်"

"ဘာလ်ဆာဆိုတဲ့သစ်မျိုး။ အဲဒီသစ်မျိုးကို တောင်အမေရိက တိုက် သစ်တောတွေထဲကခုတ်ပြီးအမြန်ထုတ် ပင်လယ်ရေထဲ အနှစ်ထဲတော့ကြာ စမ်းကြည့်တော့ ရေမဝင်ဘူးဆိုတာ တွေ့ရတယ်။ ဒါနဲ့ အဲဒီမနုဿဗေဒ ပညာရှင်နဲ့ သူ့ရဲ့တော်တွေဟာ"

"ဘယ်နှစ်ယောက် ဖြတ်တာလဲ"

"အားလုံး ခြောက်ယောက်ထင်တယ်။ မနုဿဗေဒ ပညာရှင်တို့ အင်ဂျင်နီယာတို့၊ ဘာတို့ပေါ့လေ။ ရုလဲ ဆိပ်များလို မကောင်းဘူး



မဟုတ်လား။ ပင်လယ်ခရီးဆိုတာ သေရွာသွားရတာမျိုး၊ ဖြစ်တော့ မိတ်ဆွေသဘောတူဖြစ်မှ၊ တယောက်ကို တယောက် ယုံကြည်စိတ်ချမှ ဖြစ်တာ။ ဒါနဲ့ နောက်ဆုံး စစ်ထုတ်လိုက်တော့ အားလုံး ခြောက်ယောက် ဖြစ်တယ်။ ခြောက်ယောက်က စိတ်တူကိုယ်တူ။ ဒီခြောက်ယောက်ဟာ ဘာလ်ဆာသစ်တွေကို တောင်ဖွဲ့ပြီး ပစိဖိတ်သမုဒ္ဒရာကို ဖြတ်ကြတယ်။ အဲဒီတုန်းက မိုဟီနီးရှန်းတွေစားတဲ့ အစာမျိုးကိုစား၊ မိုဟီနီရှန်းလူမျိုး တွေဝတ်တဲ့ အဝတ်ကိုဝတ်လို့"

"ဒါက ဘာဖြစ်လို့ ဒီလိုဝတ်စားသွားတာလဲ"

"ဒီလိုလေ၊ သူတို့ဟာ ရှေးတုန်းက မိုဟီနီရှန်းတွေ ဖြတ်တဲ့အတိုင်း ခရီးဖြတ် ကြည့်ပြီး ဘာကယ်ရောက်နိုင် မရောက်နိုင် အတည်ပြုချင်တာ လို။ ခုခေတ်လို ရာသီဥတုဒဏ်ခံတဲ့ အဝတ်မျိုးတွေ၊ ခေတ်ပေါ် သောဝါး အစားအသောက်တွေ ယူသွားရင် ဘယ်ယုတ္တိရှိမလဲ။ အဲဒီ ခေတ်တုန်းကလိုဝတ်၊ အဲဒီခေတ် တုန်းက အစားအစာကိုစား၊ အဲဒီ ခေတ်တုန်းက တောင်မျိုးနဲ့ သွားလို့ ရောက်မှ သူတို့ ထင်တဲ့ အတိုင်း မိုဟီနီးရှန်းလူမျိုးတွေဟာ တောင်အမေရိကတိုက်က ကွန်တီကီနတ်ဘုရား ကို ကိုးကွယ်တဲ့ လူမျိုးတွေရဲ့ အဆက်ဆိုတာ အတည်ပြုလို့ ရမှာကိုး"

"တော်တော် စိတ်ကူးကောင်းတဲ့ လူတွေဘဲ"

သံချောင်းကပြောသည်။ ကိုနန္ဒာက ပင်လယ်ထဲတွင် တွေ့ကြုံရသည့် အန္တရာယ်များ၊ အခက်အခဲများကို ပြောပြသည်။

"ဒါနဲ့ ရောက်သွားရောလား"

"ဒါပေါ့။ ခြောက်လလောက်ကြာတော့ သူတို့ခြောက်ဦး၊ တောင် ပစိဖိတ်သမုဒ္ဒရာကျွန်းစုကို ရောက်သွား ကြတယ်။ မိုဟီနီရှန်းတွေဟာ အမေရိကတိုက်က ကွန်တီကီနတ်ဘုရားကို ကိုးကွယ်တဲ့ လူမျိုးရဲ့ အဆက် အနွယ်တွေလို့ အတည်ပြုလိုက်ကြတယ်"

"အစားအသောက်ကော"

"အစားအသောက်ကလဲ ရှေးတုန်းက လူမျိုးတွေလိုပဲ စားတာ ပေါ့။ ဆေးဝါးတောင် မပါဘူး။ ခေတ်ဦးလူတွေနေသလို နေသွားကြ တယ်ဆိုပါတော့။ အဲဒီ သူတို့မှာ အရေးကြီးတဲ့ ကမ္ဘာလောကကြီးနဲ့ အဆက်အသွယ်လုပ်ဖို့ ရေဒီယိုလက်ခံစက် တလုံးတော့ ပါသွားတယ်။ ခေတ်မီပစ္စည်းဆိုလို့ ဒီတခုပဲပါတယ်။ အဲဒီတုန်းက တကမ္ဘာလုံးက ဒီသတင်းကိုပဲ စောင့်နားထောင် ကြတာပဲ။ ဘယ်နေ့မှာဖြင့် လေ မုန်တိုင်းတွေ့တယ်၊ ဘယ်နေ့မှာဖြင့် ငါးကြီးတွေ့တယ်၊ ဘယ်နေ့မှာ ဘယ်သူသွားတယ် စသဖြင့် ပေါ့လေ"

ကိုရန်နှာက မေးခွန်းကို နောက်ထပ်ဆင့်ပြန်သည်။

"ကျူမြက်လှေနဲ့ သွားတဲ့ ခရီးကတော့"

"အဲဒါကတော့ မကြာသေးဘူး။ မနေ့ တနေ့က မှပဲ ဆိုပါတော့။ ခုနက 'ကွန်တိကီ' ရွက်လှေနဲ့သွားတဲ့ သူတို့ကလဲ သိပ္ပံပညာရှင်တွေပဲ။ သူတို့ကတော့ အာဖရိကတိုက်ကစပြီး တောင်အမေရိကတိုက်ကို သွား တာ။ သူတို့အယူအဆက တောင်အမေရိကတိုက်ကြီးဟာ ဟိုတုန်းက အာဖရိကတိုက်က ပဲ့ထွက်သွားတဲ့ ကျွန်းမြေကြီး ဘဲတဲ့။ ဒါနဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးထောင်လောက်က အီဂျစ်လူမျိုးတွေဟာ အာဖရိကတိုက်က စပြီး တောင်အမေရိကတိုက်ကို ကျူမြက်လှေနဲ့ သွားခဲ့တာ ဖြစ်တယ်လို့ သူတို့က ယူဆကြတယ်။ တကယ်သွားလို့ ဖြစ် မဖြစ် စမ်းကြည့်မယ်ဆိုပြီး ကျူမြက်နဲ့ယက်ထားတဲ့ လှေနဲ့ တောင်အမေရိကတိုက်ကို သွားကြတယ်။ အတ္တလန္တိတ် သမုဒ္ဒရာကို ဖြတ်မယ်ပေါ့။ သူကလဲ ခရီးသိပ်မနီးဘူး။ မိုင်ခြောက်ထောင်လောက် ဝေးမယ် ထင်တယ်။ အဲဒီလှေကို 'ရာ-၁' လို့ နံမယ်ပေးတယ်။ ဒါပေမယ့် 'ရာ-၁' ဟာ ခရီးတဝက် နီးပါး ရောက်တော့ ပျက်သွားတယ်။ ဒါနဲ့ သူတို့ကို လေယာဉ်ပျံနဲ့ သွား



ကယ်တရတယ်။ နောက်တခါ မကျေနပ်လို့ 'ရာ-၂' ဆိုတဲ့ ကျူမြက်လှေနဲ့ ထွက်တယ်။ ဒီတခေါက်တော့ အောင်သွားတယ်။ ဘာလဲ၊ မင်းက စွန့်စားခန်းတွေ အားကျလို့လား"

"အားကျတယ်လို့တော့ မဟုတ်ပါဘူး။ ဒါပေမယ့် အမှုန်းချမြ ဝဋ်းစားကြည့်ရတာပေါ့။ ကျွန်တော်တို့ အလံလွှင့်တင် ထားတာကလဲ ကြာပြီ။ မီးလဲမှိုထားတာပဲ။ ဒါပေမယ့် ဘယ်သင်္ဘောမှ မီးတွေ့တာ ဖြစ်ပုံမရဘူး"

"မြင်ရစေတော့ လောကယ်မှာပေါ့ကွာ"

သူတို့နှစ်ယောက်သည် အတန်ကြာ တိတ်ဆိတ်နေကြသည်။

"သူတို့ ဖြတ်ကူးရတယ် ဆိုတာက လွယ်ပါတယ်ကွာ။ ကမ္ဘာကို အသိပေးပြီး ဖြတ်တာ။ နိုင်ငံတကာမှာ ရှိတဲ့ အစိုးရတွေက လေယာဉ်ပျံ တွေ၊ သင်္ဘောတွေနဲ့ အရေးရှိရင်ကယ်ဖို့ အသင့် စောင့်နေကြတာ။ ခေတ်မီဆေးဝါး၊ အစားအသောက်တွေ မပါပေမယ့် သူတို့ဓောင်ပေါ် လှေပေါ်မှာ ရေဒီယိုလက်ခံစက်တို့၊ သံလိုက်အိမ်မြှောင်တို့လောက်တော့ ပါသေးတာပဲ။ အရေးရှိရင် ရေဒီယိုလက်ခံစက်နဲ့ အကူအညီ တောင်း လိုက်ရုံပဲ။ နိုင်ငံပေါင်းက သင်္ဘောတွေ၊ လေယာဉ်ပျံတွေ ရောက်လာ ကြမှာပဲ။ ဒို့ ဖြတ်ရမှာက လူမသိ သူမသိ ဖြတ်ရမှာ။ ပင်လယ်ကြီးထဲ ပျောက်သွားလဲ ဘယ်သူကမှ သိတယ်မှာ မဟုတ်ဘူး။ ပြီးတော့ လှေတို့ ဓောင်တို့ လုပ်ဖို့လဲ အလက်နက်ကရိယာမှ ရှိတာမဟုတ်ဘူး။ ရှိတဲ့ ဓားကလေး တချောင်းတောင်"

သူတို့နှစ်ဦးသည် ပျောက်သွားသည့် ဂျပန်ဓားကလေး ဆီသို့ စိတ်ရောက်သွားကြပြန်သည်။ လှေ ဓောင် စသည်လုပ်ရန် ဓား ပျောက် သွားသည့် တန်ဖိုးလော အစိုးအလင်းရှိပါက မည်မျှ ကောင်းမည်နည်း။

သို့ရာတွင် လက်နက်ကရိယာ မပြောနှင့်၊ ယခု ရှိသည့် ဓားကလေး တချောင်းပင် ပျောက်သွားပြီ။

ကိုနွားသည် သူ့ဟိုကို အမှတ်ရလာသည်။ သည်အချိန်တွင် သူ့ သည် မည်သို့ရှိမည်နည်း။ ဤကျွန်းကလေးကကြီးမှ သူပျောက်ကွယ် သွားပြီဟု သူထင်လိုက်ပြီလော။

ခဏကြာတော့ သံချောင်းဆီမှ ဟောက်သံပေါ်လာသည်။ သံချောင်း သည် အိပ်မက်ထဲတွင် သည်ပင်လယ်ကြီးကို ဖြတ်ကူးကောင်း ဖြတ်ကူး နေမည်လော မပြောတတ်။ ထိုညက ကိုနွား တညလုံး အိပ်မပျော်။

[ ၂၀ ]

ပင်လယ်တွင် တနှစ်တွင် နှစ်ကြိမ်လောက်က မုန်တိုင်းထန်သည်။ မိုးဦး ကျတွင် အနောက်တောင်မှလာသော မုန်တိုင်းများ ပေါ်လာတတ်သည်။ မုတ်သုန် ဆုတ်ခွာသွားချိန်တွင် အရှေ့လေ ပြန်လာတတ်သည်။ အရှေ့ လေနှင့်အတူ မုန်တိုင်းများသည်။ ပေါ်လာတတ်သည်။ သို့ရာတွင် အရှေ့ လေနှင့်ပါသည့် မုန်တိုင်းက မုတ်သုန်ဦးမှ မုန်တိုင်းလောက် မပြင်းလှ။

သံချောင်းသည် မိုးတွင်းတုန်းက ချောက်ကမ်းပါး အထက် ကုန်း ခေါင်းတွင် ပိန်းခင်းများစိုက်သည်။ သို့ရာတွင် သူ့ ပိန်းခင်းသည် မုန်တိုင်း ကြောင့် ပျက်သွားသည်။ တချို့အပင်များက အမြစ်မှ ပြုတ်ထွက်သွား ကြသည်။ တချို့အပင်များကတော့ ယိုင်လဲသွားကြသည်။ တချို့အပင် များက မီးလောင်သလို အရွက်တွေမှာ လောင်ကျွမ်း ညှိုးခြောက် သွားကြသည်။ လေတွင် ဆားခါတ်ပါသောကြောင့် လောင်ကျွမ်းသွား သည်ဟု သံချောင်းထင်သည်။

သံချောင်းနေရာအရွေးမှားပြီ၊ သူ့ ပိန်းခင်းက အနောက်တောင်လေ တည့်တည့်တိုးသည့် ကုန်းခေါင်းမှာ သွား၍ စိုက်မိလျက်သား ဖြစ်နေ သည်။ ထို့ကြောင့် သံချောင်း သူ့ ပိန်းခင်းကို ရွှေ့စိုက်ရသည်။

သည်တခါ နေရာကတော့ လုံခြုံသည်။ အနောက်ဖက်တွင် ကျိုးချောင်းတခုရှိ၍ အရှေ့ဘက်တွင်လည်း ကမ်းတခုရှိသည်။ သည်ကျိုးချောင်းနှစ်ခုကြားက မြေနေရာမှာ ဝါးခင်းကိုရသည်။ မိုးတွေးက ဘီးစင်တောကို မီးရှို့လိုက်သည့်အခါတွင် တောလည်း ရှင်းပြီးသား၊ မြေကိုလည်း မြေဩဇာကောင်း ဖြစ်ပြီးသားဖြစ်သွားသည်။

မြေပြုသည့်နှင့် ကျင်းတူး၍လည်း လုပ်သည်။ သည်တခါတော့ ကျင်းတူးစရာ မလို။ ဝါးခုတ်ဖြတ်ရုံ တူရသည်။

ဝါးခင်းနှင့်ကပ်လျက်တွင် ငှက်ပျောရှိသည်။ ထိုနောက် ငှက်ပျောတောသေးတွင် သင်းတောင်ကိုက်သည်။ တခါက တောထဲတွင် သံချောင်း ကြက်တူရွေးထောင်သည်။ ကြက်တူရွေးအုပ်ကျသည့်နေရာကို လိုက်ရှာသည်။ ကြက်တူရွေးအုပ်ကို ခြောက်ရင်း ငှက်ပျောတောကို သွားတွေ့ခြင်းဖြစ်သည်။ သံချောင်းဝမ်းသာလိုက်သည်မှာ ဆိုဖွယ်မရှိ။ သူတို့အတွက် စားစရာတမျိုး ရပြီကော။

ငှက်ပျောပင်များက ကြွပ်ခဲနေသည်။ သံချောင်းသည် ကြွပ်ခဲနေသော ငှက်ပျောတောမှ အတောင်းဆုံး ငှက်ပျောပင်ပေါက်များကို ရွေးနုတ်၍ သူ့ခင်းတွင် စနစ်တကျ စိုက်သည်။ ငှက်ပျောက တခါသီးဖြစ်ပြီး များများရသည်။ တောထဲတွင် သင်းတောပင်ကြီးတပင် တွေ့သဖြင့် အသီးတွေကို ခူးလာကာ အစေ့များကို ပျိုးသည်။ သို့ရာတွင် သင်းတောပျိုးပင်များကို ဝက်တွေ့ရှိ၍ ဂျေကြီးများက ဝင်ကိုက်ကြသည်။ ထို့ကြောင့် ပျိုးပင်များပေါက်လည်းဖြစ် တက်ချောင်းကလေးတွေ နိုက်ကာ ပြီးတာရသည်။ ပျိုးခင်းတဝက်လောက် ပျက်သွားသည်။

ကိုနန္ဒာနှင့်ရဲမြင့်က သံချောင်းနှင့်အတူ ပိုင်းဝန်းလုပ်ကြသော်လည်း သူတို့က မကျွမ်းကျင်၊ သင်းတောပင် ငှက်ပျောပင်လောက်မှ မစိုက်တတ်။ သံချောင်းတယောက်တည်းလုပ်ရသည်က ပို၍ ခရီးရောက်သော



သည်။ သူတို့ဝင်လုပ်ပေးကြသည့် ဆိုသော်လည်း လူများ၍ ပွဲမစည်။ သည်တော့ သံချောင်းက စိတ်မရှည်။ သလုပ်တာဝန် ခွဲကြရသည်။ ကိုနန္ဒာနှင့်ရဲမြင့်က ခရုကောက်ခြင်း၊ ငါးဖမ်းခြင်း၊ ရေခပ်ခြင်း၊ ရေနွေးကျိုခြင်း၊ မီးမီးသည့် ခရုများ၊ ငါးများ၊ ကျောက်မိုးများကို ကင်ခြင်းသည့် ပေါ့ပါး၍ လွယ်ကူသော အလုပ်များကို လုပ်ကြရသည်။ တန်တိုင်းအတွက် ကျောက်တုံးသယ်ခြင်း၊ လိပ်ဥတူးခြင်း၊ အုန်းပင်တက်ခြင်းနှင့် တောင်ယာလုပ်ငန်းကို သံချောင်းတယောက်တည်း လုပ်သည်။

ယခု အနောက်တောင်မုတ်သုန်လေ တဖြတ်ကျော့လာပြီ။ သံချောင်းတို့ ကျောက်ဂူရှေ့က ကျောက်တန်တိုင်းလည်း တဖြည်းဖြည်း မြင့်လာပြီ။ သည်ကျွန်းပေါ်သို့ သူတို့ရောက်သည်မှာ တနှစ်နီးပါးရှိပြီ။

တနေ့ မွန်းတည့်တွင် သံချောင်း တောင်ယာက မောကြီးပန်းကြီး ပြန်လာသည်။ သူ့တကိုယ်လုံး ချွေးတွေ ရွှဲနေသည်။ သူ့မျက်နှာထားက ဒေါသကြောင့် နီရဲနေသည်။ မျက်လုံးများက တချက်ချက် တောက်နေသည်။ သံချောင်း သည်လောက် ဒေါသထွက်သည်ကို ကိုနန္ဒာ တခါမှ မမြင်ရေး။ သံချောင်းသည် တောင်ယာသို့ ထွက်လျှင် ယခုလောက် စောစောလည်း ပြန်မလာရေး။

ကျောက်ဂူရှေ့ရောက်တော့ သံချောင်းက လွယ်ထားသည့် ဓလိုင်းကို ပစ်ချလိုက်သည်။

“ရဲမြင့် ဘယ်မလဲ”

သံချောင်းအမေးကြောင့် ကိုနန္ဒာ အံ့အားသင့်သွားသည်။ သူ့အသံက မာဆတ်ပြတ်တောက်သည်။

“ဒီကောင် သိပ်လွန်ပါတယ်”

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ။ သင်းဘောသီးတွေလေ၊ ငှက်ပျောသီးတွေမှာ သူ့အကုန်စားပစ်တယ်။ ခု သင်းဘောသီးတလုံးမှ မရှိတော့ဘူး။ ငှက်ပျော… ခိုင်လဲ တခိုင်မှ မရှိတော့ဘူး"

ကိုနန္ဒာသည် သူ့နားကို သူမယုံနိုင်အောင် ဖြစ်မိသည်။ … သည်လိုလုပ်မည်မဟုတ်ဟု ကိုနန္ဒာထင်သည်။

"ဟုတ်မယ်မထင်ပါဘူးကွာ။ ဒို့အတူတူ"

ကိုနန္ဒာစကားမဆုံးခင် သံချောင်းက ဟိန်းသွားအောင် အော်လိုက်သည်။

"ဒါဖြင့် ရဲမြင့်မဟုတ်ရင် ခင်များစားသလား"

ကိုနန္ဒာ ဆောင့်ကနဲ ဖြစ်သွားသည်။ မျက်နှာ ရဲတက်လာသည်။ ဤနေရာတွင် သူက လူကြီးဖြစ်သည်။ ထို့ကြောင့် စိတ်ကို ချုပ်ထား ရသည်။

"ဟုတ်အင်း၊ ငါလဲ မစားပါဘူး"

"ဒီကျွန်းပေါ်မှာ ခင်များရယ်၊ ကျုပ်ရယ်၊ ရဲမြင့်ရယ် လူသုံးယောက် ထဲရှိတာ ဘယ်သူစားရမှာလဲ"

သံချောင်း ဒေါသထွက်နေသည်။ ငှက်ပျောခိုင်က ဓားနှင့်ခုတ်ထား… သဖြင့် တိကနဲ ပြတ်နေသည်။ သူထင်သည့်အတိုင်း သည်စားသ… သူတို့နှစ်ယောက်အနက် တယောက်ယောက်ထဲတွင်ရှိသည်မှာ သေချာ… သည်။ တကယ်က အားလုံးစားနိုင်အောင် သူစိုက်ခဲ့သည်။ အတူတူစား… သည်ဆိုရာတွင် ယခုတော့ တယောက်ကစားသွားသည်။ သူ့မေတ္တာ… စော်ကားသည်ဟုထင်သည်။ တကိုယ်ကောင်းဆန်သည်ဟု သူထင်သည်… ထို့ကြောင့် အကြီးအကျယ် ဒေါသထွက်နေခြင်းဖြစ်သည်။ ဒေါသထွက်… လျှင် သံချောင်းသည် ကျားသစ်တကောင်လို မာန်ဖီ၍ နေတတ်သည်။



မားကိုတွက်သည့်ကိစ္စနှင့်ငှက်ပျောခိုင်ခုတ်သည့်ကိစ္စ နှစ်ခုပေါင်းတွင် သူတို့ နှစ်ယောက်ကို သမိန်းဆော်ရှုသည်ကိုပင် မကောင်း။ အခါခါ ကိုက်စားပေး ရိုင်း ကောင်းတော့သည်။

"ကြက်တူရွေးတို့ ဘာတို့များ ဝင်စားသလားကွာ"

"ကြက်တူရွေး မဟုတ်ဘူး။ ကြက်တူရွေး ဆိုရင် ကိုက်ရာရှိရမယ်။ ခုတော့ ငှက်ပျောခိုင်ဆိုရင် အခိုင်လိုက် ခုတ်သွားတယ်။ တိခနဲတဲ"

"ဘာ"

"ခုတ်သွားတယ်"

"ဓားနဲ့ ခုတ်သွားတာလား"

"ဟုတ်တယ်"

"ဒီမှာ သံချောင်း၊ ဒို့ သုံးယောက်မှာ အခု ဘယ်သူ့မှာ ဓားရှိလို့လဲ၊ ဒီတော့လဲ ရဲမြင့် ကျောက်ခဲ့ပြီ မဟုတ်လား"

သံချောင်းတွေသွားသည်။ စောစောက ဒေါသဖြင့် မှုန်ကုတ်နေသော ကြောင့် သည်ကိစ္စကို မတွေးမိ။ ငှက်ပျောခိုင်က ဓားဖြင့် ခုတ်ထား သည်မှာ သေချာသည်။ တိကနဲပြတ်နေသည်။

"တကယ် မပျောက်ဘဲနဲ့ ကျောက်ပျောက်တယ်လို့ ရဲမြင့်က လိမ်ပြော ရင်တော့"

သံချောင်းက သံသယဖြင့်မေးသည်။ စောစောကလောက် ဒေါသ ထွက်ခြင်းတော့ မဖြစ်တော့။ ဤနေရာတွင် သူ့ စိတ်ထဲ၌ သည်စားသည် သူတို့သုံးယောက်အနက် ရဲမြင့်ထဲမှာ ရှိနိုင်သည် ဟု တော့ သံသယ ရှိသည်။

"ရဲမြင့်မှာ လိမ်ပြောစရာ အကြောင်း မရှိပါဘူးကွာ။ ဒီဓားဟာ သူတယောက်ထဲအတွက်မဟုတ်ဘဲ အားလုံးအတွက် အသုံးချတဲ့ဟာပဲ"

သံချောင်းက ဆက်မေး၏။

"မဟုတ်ဘူး။ ဒီဓားဟာ ရဲမြင့်ဖွက်ထားတာ ဖြစ်ရမယ်။ ကျွန် တယောက်ထဲ ဖောင်နဲ့ဖြတ်မယ်ဆိုတာကိုသိလို့ မလုပ်ဖြစ်အောင် ဒီဓား ကို ဖွက်ထားတာ။ ခုဓားကို ဖွက်ထားရုံသွင်မကဘူး။ အားလုံးစော ဖွက်မျှောနိုင်ကို ဓားနဲ့ ခုတ်သွားတယ်။ ခုမရှိတော့ဘူး။ ကျွန် ဖော လုပ်ဖို့ သစ်ပင်တွေလှဲထားတာ ခုတော့ အသုံးမကျဖြစ်ကုန်ပြီ"

"ဘာ၊ မင်းဖောင်လုပ်ဖို့ သစ်ပင်တွေလှဲထားတယ်"

"ဟုတ်တယ်"

သံချောင်းက သိဖြတ်ဖြင့် ပြောသည်။ ကိုနှစ္စသည် သံချောင်းကို အံ့အားသင့်နေသည်။ သံချောင်းသည် ပင်လယ်ကို ရှုံ့စားဖြတ်ကူး သူတို့အကြောင်းကို အားအားရှိရှိ ပြောခြင်းဖြစ်သည်ဟု သူထင်ခဲ့သည်။ သံချောင်းသည် သည်းလောက်ကျယ်သော ပင်လယ်ကြီးကို ဖြတ်ကူးရဲသူ မဟုတ်၊ လူငယ်တို့ဘာဝ စိတ်ကူးယဉ်ခြင်းသာဖြစ်သည်ဟု အထင်သေး ထားခဲ့သည်။ ထို့ကြောင့်လည်း သံချောင်းကဓားသည့်အခါ၌ လှောင် ပြောင် သရော်သံဖြင့် ပြောခဲ့သည်။

ယခုအခါတွင် သံချောင်း၊ တကယ်လုပ်နေပြီ၊ သစ်ပင်တွေကို ခုတ်လှဲ နေပြီဟု ကြားလိုက်ရတော့ အံ့အားသင့်နေသည်။

"ရဲမြင့်ဟာ ဒီလောက် ကောက်ကျစ် စဉ်းလဲမယ်လို့ ငါမထင်ဘူး သံချောင်း။ ရဲမြင့်ဟာငယ်တယ်၊ 'တက်ကြွတယ်။ ရှုံ့စားချင်တယ်။ ဒါပေမယ့် သူ့မှာ ရှုံ့စားနိုင်တဲ့ အားမရှိဘူး။ သူ့စွန့်ကိုင်က ရှုံ့စား နိုင်တဲ့ အခြေအနေမဟုတ်ဘူး။ ကျန်းမာရေးချို့တဲ့နေတယ်။ သူ့ဘဝ သူ့ပတ်ဝန်းကျင်ကြောင့် သူဟာ လူပေ လူပွင့်ကလေး တယောက် ဖြစ်ခဲ့ရတယ်။ လမ်းသရဲကလေးတယောက် ဖြစ်ခဲ့ရတယ်"

"အဲဒါကြောင့် ဒီကောင်ဟာ ဒီလိုကောက်ကျစ်စဉ်းလဲတဲ့အလုပ်ကို လုပ်တာဖြစ်မှာပေါ့"



သံချောင်းက စကားကိုဖြတ်ပြောလိုက်သည်။ ကိုနှစ္စက ခေါင်းကို ဖြည်းညှင်းစွာ ခါသည်။

"လမ်းသရဲ စေတနာမကောင်းတစ်ယောက်ဖြစ်ခဲ့ဘူးတဲ့အတွက် ရဲမြင့်ဟာ ကောက် ကျစ် စဉ်းလဲတယ်လို့ ထင်ရင်တော့ မင်းမှားသွားလိမ့်မယ်။ ဟုတ်တယ်။ ရဲမြင့် ဟာ လမ်းသရဲတယောက်ဖြစ်ခဲ့ဘူးတယ်။ သူ လမ်းသရဲဖြစ်အောင် သူ့ ဘေးက သူ့ပတ်ဝန်းကျင် သူ့ဘဝက ဖန်တီးခဲ့တာ။ သူဟာ ပတ်ဝန်း ကျင်ရဲ့ သားကောင် ဖြစ်ခဲ့ရတယ်။ ဒီလိုဖြစ်တဲ့အတွက် ရဲမြင့်ဟာ အရှုံး ပေးသွားပြီ၊ ကောက်ကျစ်စဉ်းလဲတတ်ပြီလို့ ပြောလို့တော့မရဘူး။ ရဲမြင့် ဟာ လူငယ်တယောက်၊ လူငယ်ပီပီ သူ့အိမ်က ဖိနှိပ်မှု ချုပ်ချယ်မှုတို ကို မခံချင်ဘူး။ လူငယ်ဆိုတာ ဖိနှိပ်ချုပ်ချယ်မှုကို တွန်းလှန်ချင်တယ်။ မဟုတ်မတရားတာကို မခံချင်ဘူး။ ဒါ လူငယ်ရဲ့သဘာဝပဲ။ ဒါတွေကို တွန်းလှန် ရုန်းထွက်ရင်းနဲ့ လမ်းမှားရောက်ပြီး လမ်းသရဲဖြစ်သွားရတာ"

သံချောင်းက မျက်မှောင်ကြီးကုတ်၍ နားထောင်နေသည်။

"ဒါပေမယ့် ဒီကျွန်းပေါ်ရောက်တော့ ရဲမြင့်ဟာ ဘဝပြောင်းသွား ပြီ၊ အသွင်ပြောင်းသွားပြီ။ သူ့မှာ လမ်းသရဲအသွင်၊ လမ်းသရဲအမူ အကျင့်တွေ ပျောက်သင့်သလောက် ပျောက်သွားပြီ။ ကိုယ့်အား ကိုယ် ကိုးမှ အသက်ရှင် နေနိုင်တယ်၊ လူငယ်ရဲ့အားမာန်ဟာ ပင်လယ်ကိုလဲ ပေးတိုနိုင်တယ်၊ သဘာဝဘေးဒဏ်တွေကိုလဲ တွန်းလှန်နိုင်တယ်၊ တော တောင်တွေကိုလဲ နိုင်အောင် ဖော်ထုတ်ပြုပြင်နိုင်တယ်ဆိုတာ သူသိသွားပြီ။ အထူးသဖြင့် မင်းရဲ့ရှုံ့စားသည့်စိတ်တွေကိုကြည့်ပြီး သူ့ကိုယ်ခန္ဓာထဲမှာလဲ မင်းလို ရှုံ့စားသည့်စိတ်တွေရှိမယ်ဆိုတာ သူသိသွားပြီ။ သူ့ကိုယ်သူ ရှာတွေ့သွားပြီ။ ဒီတော့ ရဲမြင့်ဟာ မင်းလိုပဲ ရှုံ့စားချင်လာတယ်။ မင်းဘာလဲမျိုးကို ကိုယ်ချင်းစာတတ်လာတယ်။ မင်း ပေနဲ့ နှယ်နေလုံး ပြီး ပေနဲ့ကို ဓားနဲ့ထိုးသတ်တာမျိုးကို သူအားကျတယ်။ ဒွိမံရှာစွ

ကျွေးနေရသမျှ စားနေရတဲ့ဟာကို သူရှက်တယ်။ ဒါကြောင့် သူတတ်နိုင်သမျှ လုပ်တယ်၊ အုန်းပင်တက်ဆိုလဲ တက်တာဘဲ၊ ငမန်းဆိုလဲ ဖမ်းတာဘဲ၊ လိပ်ဥတူးဆိုရင်လဲ တူးတာဘဲ၊ ဒီတော့ ရှဲမြင့်ဟာ ဝန်းကျင်ကြောင့် တခါက သမ်းသဲ ဖြစ်ခဲ့ပေမယ့် အလုပ်မလုပ်ဘဲ ထိုင်စားတဲ့ဟာမျိုး၊ ရေသာခိုတဲ့ဟာမျိုး၊ သက်သက် သာသာနေ ထိုင်စားတဲ့ဟာမျိုးကို သူရှက်တတ်သွားပြီ၊ တိန်ဖြစ်တာကို မိတ်ဆွေနဲ့ ရွာမှ ဘဝတည်မြဲရေးအတွက် တိုက်ပွဲနဲ့ရွာမှ ကျတ်တယ်ဆိုတာ သူသိသွားပြီ၊ ဒီလိုသိသွားတဲ့ လူငယ်တယောက်၊ နက်က တက်ကြွပြီး ရှိသေး၊ ဖြောင့်မတ်ချင်တဲ့ လူငယ်တယောက်ဟာ ခုလို ဓားကိုင်ကာ မတရားတဲ့အမဲ သံနှင်တဲ့အမျိုး၊ မိုးစားတာမျိုးကိုတော့ လုပ်လိမ့်မယ်လို့ ငါမထင်ဘူး၊ သံချောင်း၊ ခုဆိုရင် ရှဲမြင့် နေမကောင်းဘူး၊ ဖျားနေတယ်၊ ငါ့အတွက် လိပ်ဥတူးမယ် ဆိုပြီး ထမနေ ထွက်သွားတယ်၊ ခုထက်ထိ ပြန်မလာသေးဘူး"

ကိုနန္ဒာက စကားရှည်ရှည် ပြောသည်၊ သည့်လိုဆိုတော့လည်း သံချောင်းတွေသွားပြီ သည်၊ သို့ရာတွင် သည့်ငှက်မျှော်မိုင်ကို မည်သူ ဆော်ဖို့ ရှာသနည်း။

သံချောင်းသည် မည်သို့မျှ မပြောတော့ဘဲ တောင်ယာသို့ ပြန်လာ နှသည်၊ သံသယက တခါတည်း ပျောက်မသွား၊ ရင်ထဲတွင် လိပ်ပြ တင်းလင်းဖြစ်ကျန်နေသည်၊ ကိုနန္ဒာနှင့် ရှဲမြင့်သည် သူမသွားဖြစ်အောင် ချက်လိုချက်သီးလုပ်ကြသလော။

သံချောင်းသည် တောင်ယာရောက်တော့လည်း နေမထိ ထိုင်မသာ ဖြစ်သည်၊ တိကနဲမြင်နေသော ငှက်မျှော်မိုင်များကိုကြည့်၍ ဒေါသ ထွက်သည်၊ ထို့ကြောင့် တောင်ပို့ရှုံ့ သစ်တုံးများ လှိမ့်ချထားသော ချောင်းရိုးသို့ ထွက်လာခဲ့သည်၊ သည်နေရာသို့ သူမရောက်သည်မှာ ကြာပြီ၊ ဓားမြောက်ပြီကတည်းက မရောက်တော့။



ချောင်းရိုးတခိုက်တွင် တိတ်ဆိတ်နေသည်၊ ချောင်းရိုးထဲက တခက် ခက် မြည်နေသော အသံတသံကို ကြားရသည်၊ အသံက သိပ်မကြြီး၊ သစ်မာကို ခုတ်နေသံမဟုတ်၊ သစ်သားပျော့ပျော့ သို့မဟုတ် သစ်ကိုင်း ကို ခုတ်နေသည့် အသံမျိုးဖြစ်သည်။

သံချောင်းက ချောင်းရိုးကိုဆင်းရန် ချုံထဲသို့ဝင်သည်၊ ချုံထဲကနေ၍ ချောင်းရိုးထဲသို့ ကြည့်လိုက်သည်၊ သို့ရာတွင် သစ်ပင် ချုံ နွယ် တို့က ရှုသည်၊ ချောင်းရိုးကို ကောင်းကောင်း မမြင်ရ၊ အသံက သူ့ဆောင်း ရှိရာ ပြင်ဘက်သည့်နေရာတခိုက်ဆီ ထွက်လာခြင်းဖြစ်သည်။

ချောင်းရိုးအစပ်မှာ ညွန့်ရွက်များရှိသည်၊ သံချောင်း ညွန့်ရွက်ထဲသို့ အသာဆင်းလိုက်သည်၊ ညွန့်ရွက်အောက်က နှံ့စေတွေက ဒူးအထက် လောက်အထိ မြုပ်သွားသည်၊ သံချောင်းခြေတစက်ကို အသံမမြည် အောင် ကြိတ်၍ နောက်တာ နောက်ခြေတစက်ကိုချသည်၊ သည့်တခက် လည်း ဒူးဆစ်လောက်ထိ မြုပ်သွားသည်။

သစ်သားကို ဓားနှင့်ခုတ်နေသည့်အသံသည် တဖြည်းဖြည်းနီးလာပြီ၊ သူ့ရှေ့နားတွင် ဝါးတမိုက်သာသာခန့်သာ ကျန်တော့သည်၊ သို့ရာတွင် ချောင်းရိုးက ကွေ့ဆင်းသွားကာ ချုံနွယ်တို့ ပိတ်နေသဖြင့် မမြင်ရ၊ ချောင်းတမ်းပါးက တက်သွားသည်ဟုကလည်း ဘေးတွင် တမ်းမရှိ၊ ကြမ်း ဆူးပင်တွေ၊ အလိုက်ကောဆူးပင်တွေ ပိတ်နေသည်၊ သည့်လိုဖြင့် သံချောင်း သည် နှံ့ဗွက်ထဲမှာ ခြေနှစ်သံမကြားအောင် တဖြည်းဖြည်း ရှောက် လာသည်၊ ရှေ့တွင် ချုံတချို့ ကျန်သည်၊ သည်ချုံကို လွန်လျှင်မြင်ကွင်း ကောင်းကောင်း ရတော့မည်။

သံချောင်းသည် ချောင်းရိုးပေါ်သို့ ကိုင်းကျနေသော သပြေကိုင်းကို ခမ်းခွဲကာ နှံ့ဗွက်ထဲက ခြေထောက်တခက်ကို နုတ်လိုက်သည်၊ သစ်ကိုင်း က သစ်ကိုင်းခြောက်ဖြစ်သည်၊ သံချောင်းက ကိုယ်အလေးချိန် တခုလုံး

နီတာ လှမ်းဆွဲလိုက်သည့်အခါတွင် သစ်ကိုင်းခြောက်သည် ဖွမ်းကနဲ မြည်ကာ ကျိုးကျသွားသည်။ သူလည်း မဟန်နိုင်ဘဲ နွံတွင်းထဲသို့ လိမ့်ကျသွားသည်။

သစ်ကိုင်းခုတ်သံသည် ရပ်သွားကာ လူတယောက် ကုန်းပေါ်မှ ဘီးစပ်ချုံထဲသို့ ပြေးဝင်ပျောက်ကွယ်သွားသည်။ ဘီးစပ်ချုံတွေက ရင်ဆို့လောက် မြင့်သည်။ သူပြေးဝင်သွားရာ တနေရာတွင် ချုံကိုင်း တွေ လှုပ်ကျန်ရစ်ခဲ့သည်။

သံချောင်းသည် နွံထဲမှ တွားလဲသကာ ဖောင်ဖွဲ့ရန် သစ်လုံးများ လဲထားသည့်နေရာသို့ ပြေးလာခဲ့သည်။

သူထင်သည့်အတိုင်း မှန်နေပြီ။ လောလောလတ်လတ် သစ်လုံးများ ကို ခုတ်ထားသည့် အရာများကိုတွေ့ရသည်။ သူခုတ်ထားသည့်သစ်လုံး ငါးလုံးကို ကြိမ်နွယ်များဖြင့် တွဲထားသည်။ အားလုံးမပြီးသေး၊ တဝက် တပျက်မျှသာ ပြီးသေးသည်။ သစ်သား အစအနများ၊ အနားတွင် ပြန့် ကြဲလျက်ရှိသည်။

သည်အကြံအစည်ထဲတွင် ကိုနန္ဒာ ပါ မပါကိုတော့ မပြောတတ် သေးဘူး။ ခမြို့တယောက်တည်း ကြိတ်၍ ကြံစည်နေသည်ကတော့ ထင်ရှားသည်။ သူ့ကို စားမှုပျက်သည်ဟု လိမ်ပြောပြီး သူပင်ပင် ပန်းပန်း ခုတ်ထားသည့် သစ်လုံးများကို အပိုင်စီးသည်။ သူ့တပင် တပန်းစိုက်ထားသည့် ငှက်ပျောခိုင်များ၊ သင်းဘောသီးများကို ယူသည်။ ပြီးလျှင် သူတယောက်ထဲ ဖြတ်ကူးမည်။

ခမြို့ အကြံရက်စက်သည်။ တကိုယ်ကောင်းဆန်သည်။ သည်ကောင် လက်ထဲကဓားကို မရ ရအောင် ပြန်ယူမည်။ သည်ဓားဖြင့် သည်ကောင် ကိုသတ်ပြီးမှ သူ ပင်လယ်ကို ဖြတ်ကူးမည်။ သည်အကြံအစည်ထဲတွင်



ကိုနန္ဒာပါသည်ဆိုလျှင်လည်း သူ့ကိုပါသတ်မည်။ မိမိက တလျှောက် လုံး ရှာဖွေကျွေးမွေးခဲ့ပါလျက်၊ မိမိက သုံးယောက်အတူ ပင်လယ်ကို ဖြတ်ရန် တိုင်ပင်ခဲ့ပါလျက် သူတို့ မိမိအပေါ် သစ္စာဖောက်သည်။ မိမိ တယောက်တည်းကို ချန်ပစ်ခဲ့ကာ ကိုယ်လွတ်ရုန်းသည်။ သံချောင်း ထိုသို့တွေးမိကာ ဒေါသထွက်သည်။

သံချောင်းသည် ကျောက်ခဲကြီးတလုံးကို ကောက်ကိုင်ကာ လူတိုး သည့် ယိုင်လဲနေသော ဘီးစပ်ချုံတွေထဲသို့ ဝင်လိုက်သွားသည်။ ခမြို့ပြေးရာကိုဆိုအတွက် ယိုင်လဲနေသော ဘီးစပ်ချုံများက သူ့ကို လမ်းပြနေသည်။ သို့ရာတွင် ဘီးစပ်ချုံတွေ ဆုံးသွားတော့ သံချောင်း လမ်းပျောက်သွားသည်။ ဘီးစပ်ချုံဆုံးလျှင် ကုန်းမြင့်က ချုံတွေထဲ ရောက်သည်။ ကျောက်ကမ်းပါးကြီးများ၊ ချုံနွယ်များဖြင့် ပိတ်နေ သည်။

သည်နေရာရောက်တော့ သံချောင်း ဘယ်လိုက်ရမည်မသိတော့။ လုံးဝ အစမ်း မရတော့ပြီ။

သံချောင်း အနီးအနားတစိုက်တွင် ရှာသေးသော်လည်း မတွေ့။ ထို့နောက် တောင်ရိုးပေါ် တက်လိုက်လာသည်။ သည်တောင် သည် တောကို ဖြိုပစေ၊ သည်ပင်လယ်ကို မွှေနှောက် မှောက်လှန်ရပစေ၊ သင်းကို မတွေ့တွေ့အောင် ရှာမည်။

ထိုနေ့က တနေ့လုံး သံချောင်းလိုက်ရှာသည်၊ မတွေ့။

နေဝင်တော့မည်။ နေလုံးက အနောက်ဘက် ပင်လယ်သို့ လျှောကျ နေပြီ။ နေလုံးကြီးသည် အသားနီလန်နေသော ဗိုင်းအနာကြီးတခုလို ရှိနေသည်၊ ပင်လယ်တွင် ဖြာကျနေသော နေရောင်ခြည်များက ရွှေ ရောင်တောက်နေသည်။

နိုးစုတ်စုတ် ချုပ်တော့ သံချောင်း တောင်ယာသို့ ပြန်လာသည်။ ကျောက်ဂူကို မပြန်ချင်တော့။ သည့်နှစ်ယောက်နှင့် မျက်နှာချင်းမဆိုင်ချင်။ လမ်းခွဲလိုက်ပြီ။ သည့်နှစ်ယောက်က သူ့လမ်းတွင် အတားအဆီးဖြစ်နေသည်။ အနှောင့်အယှက်ဖြစ်နေသည်။ လေ့တက်ကန့်သင်း ဖြစ်နေသည်။ လမ်းတွင် လေ့တက်ကန့်သင်းတွေ့လျှင် ရှင်းရမည်။ လေ့တက် [illegible]ကို သူမရှင်းလျှင် သည့်လေ့တက်ကန့်သင်းက သူ့ကို အန္တရာယ်ပေး[illegible]မည်။ လက်ရှည်သက်သက်ဆိုက သူတို့ နှစ်ယောက်ကို သံချောင်း ဘာမှ မှုစရာမရှိ။ သို့ရာတွင် သူတို့က လက်ထဲမှာ ခါးရှိသည်။ သူ့မှာက ဘာမှမရှိ။ သူတို့သုံးယောက်အတွက် သည့်ခါးသည် အရာရာကို ဆုံးဖြတ်သည်။ ပင်လယ်ကို ဖြတ်လိုလျှင်လည်း သည့်ခါးရှိမှ ဖြ[illegible]မည်။ သည့်ခါးကို မရလျှင် ဘာမှလုပ်၍မရ။

ထိုညက သံချောင်းမောမောကြီး အိပ်ပျော်သွားသည်။ ငှက်မျ[illegible] တောထဲက ကျောက်ဆောင်ကြီးပေါ်တွင် အိပ်ပျော်သွားခြင်းဖြစ်သည်။ သူ့ခေါင်းပေါ်တွင် ငှက်မျှာရွက်များက မိုးယက်နေကြသည်။ ကိုနွဲ့နှင့် ရွှေမြင့်တို့က သူ့ချောက်ယံ အနံ့ကို ဓားဦးဖြင့် အချက်ပေါင်းများစွာ ထိုးသည်။ သူ့တကိုယ်လုံး နေရာလပ်မရှိတော့။ မျက်နှာ၊ လက်ပြင်၊ ကျောကုန်း၊ ဝမ်းဗိုက်၊ ပေါင်၊ ခြေသလုံး တကိုယ်လုံး သွေးဦးများထွက်ပြီး ပြည့်နက်နေသည်။ သံချောင်းသည် ရုတ်တရက် ထသည်။ သို့ရာတွင် ထ၍ မရ။ အားအင်ချည့်နဲ့၍ ထပြီး ထိုင်လိုက်သည်။

သည့်တော့မှ တကယ်မဟုတ် သူအိပ်မက်မက်နေခြင်း ဖြစ်ကြောင်း သိရသည်။

အရှေ့လေပြန်စပြင်း၍ ထိုညတွင် အရှေ့ဘက်က မုန်တိုင်းတလုံး သူတို့ကျွန်းကို ဝင်မောင့်သည်။ အရှေ့လေဦးဆိုင်တွင် ပါလာသည့် မုန်တိုင်းဖြစ်၍ အင်နှီး ပြင်းသည်။ မုန်တိုင်းနှင့်အတူ မိုးသက်လည်း ပါလာသည်။ မိုးတက်မိုးပေါက်များသည် ခဲသွန်ဦးများ၊ ကျောက်သည့်နှယ် သူ့ကိုယ်ပေါ်သို့ တချက်ချက်၊ ကျနေကြသည်။



သံချောင်းသည် ထိုညက ကောင်းကောင်းမအိပ်ရ။ မိုးသက် သက်သာသည့် ကျောက်ကမ်းပါးတခုအောက်တွင် ဝင်အိပ်ရသည်။

သို့ဖြင့် ထိုရက်များအတွင်း သံချောင်းသည် ကိုနွဲ့နှင့် ရွှေမြင့်တို့နှစ်ယောက်ကို လိုက်ရှာသည်။ ကျောက်ဂူသို့လည်း သူတို့မရှိတော့။ ပျားချိုက်သည်းမရှိ။ သူကျစ်ထားခဲ့သည့် ကြုံသည်းမရှိ။ သူကြိုတင်ထားသည့် ထိပ်သားခြောက်များလည်း မရှိ။ မှုလင်းများလည်းမရှိ။ ပဂိုင်းများလည်းမရှိ။ ဘာမှအသုံးမဝင်သည့် မျက်နှာဖိတ် ကျောက်ဖျားနှင့် ယောက်သွားခွံ အမြိုက်သာ တွေ့ရသည်။

သံချောင်းသည် တကျွန်းလုံး အနှံ့ လျှောက်သွားသည်။ တောထဲသို့လည်း ရောက်သည်။ ကျောက်ကမ်းပါးများကိုလည်း ဖြတ်ကျော်သည်။ ချောင်စပ်အလျှောက်လည်း ကျွန်းကိုပတ်သည်။ သို့ရာတွင် ရွှေမြင့်တို့နှစ်ယောက်ကို ရှာမတွေ့။ ပင်လယ်ကိုတော့ မဖြတ်နိုင်သေး။ လောင်းကလည်း မရှိသေး။ သည့်ရာသီတွင် အရှေ့လေ ပြန်ရပြီဖြစ်သဖြင့် လောင်းထွက်၍ ရမည်မဟုတ်။

သံချောင်းသည် သူတို့နှစ်ယောက်ကိုလိုက်ရှာရင်း တောထဲက တွေ့ရာနေရာမှာပင် အိပ်သည်။ တွေ့ရာရွှန်းပင်က ရွှန်းသီးကို တက်ခူးစားသည်။ ကမ်းစပ်က သဲကဏန်း၊ ခရုတို့ကို ရှာ၍ ရုတ်စားသည်။ တောထဲတွင် သံချောင်းလျှောက်၍ ပို့ထားသည့် သစ်ပင်များက မီးများ မငြိမ်းကြသေး။ တချို့သစ်ပင်ကြီးများက လဲကျကာ လောင်ကျွမ်းပြီး၍ တငွေ့ငွေ့ ကျန်နေသေးသည်။ သည်လို သူတို့ကို လိုက်ရှာရင်းတုန်း ကျောက်ဂူတခုကို သွားတွေ့သည်။ ဂူဝက ချုံနွယ်များကြားတွင် ရှင်နေသော ခြေရာများကို သွားမြင်သည်။ အထဲတွင် တယောက်

ယောက်တော့ ရှိရမည်ဟု သံချောင်း ထင်သည်။ ထို့ကြောင့် သံချောင်း အဝနားသို့ ကပ်သွားပြီး အထဲသို့ ချောင်းကြည့်လိုက်သည်။ ဘာမှ မမြင်ရ။ ရေရွှံ့ရုပ်များကို ကောက်ကြည့်လိုက်တော့ ဂျုန်စာများနှင့် မြေပုံများ ဖြစ်နေသည်။

သူတို့နှင့် မတွေ့ခင်က မြင့်နေခဲ့ဘူးသည့် ကျောက်ဂူဖြစ်လိမ့်မည်ဟု သံချောင်းထင်သည်။ ကျောက်ဂူထဲတွင် သံချောင်းထက်နေသော သံစည်ပိုင်း တလုံးကို တွေ့ရသည်။ သံစည်ပိုင်းက ခါပြတ်နေပြီ။ သံစည်ပိုင်း အောက်တွင် တာလပတ်ကြီးတခုကို သံချောင်း သွားမြင်သည်။ တာလပတ်ကို ဖြန့်ကြည့်တော့ အကောင်းကြီး ရှိသေးသည်။ ရေနံချေးနံ့ မည် မပျောက်တတ်သေး။ ဆယ်ပေပတ်လည်ခန့်ရှိသည့် စစ်သုံးတာလပတ်ကြီး ဖြစ်သည်။

သံချောင်းသည် တာလပတ်ကိုယူကာ တောင်ယာသို့ ပြန်လာသည်။ တာလပတ်ဖြင့် အမိုးအကာတခုတော့ ရနိုင်သည်။ သည်တောင်ယာမှာပင် တဲကလေးတလုံးထိုး၍ နေတော့မည်။ ကိုနန္ဒာတို့ဆီကိုမူ မပြန်တော့။

တောင်ယာရောက်တော့ ထူးဆန်းသည့် အပြင်းအရာတခုကို သူ တွေ့ရသည်။ သူ့ပိန်းပင်များ လဲနေသည်။ မုန်တိုင်းကြောင့် လဲသလောဟု သူတွေးသည်။ သို့ရာတွင် မုန်တိုင်းကြောင့် လဲခြင်း မဟုတ်။ တစုံတယောက်က သူ့ပိန်းဥများကို တူးသွားခြင်း ဖြစ်ကြောင်း တွေ့ရသည်။

သူထင်သည့်အတိုင်း မှန်နေပြီ။ သည်လောက်များသည့် ပိန်းဥများကို တူးယုံထောက်လျှင် ကိုနန္ဒာတို့နှစ်ယောက် မိကျွာနေရကြပြီ။ လိပ်သား ခြောက်၊ ငှက်ပျောနှင့်၊ သင်္ဘောသီး၊ ပိန်းဥ စသည့် မိကျွာတို့ကို သူတို့စားနေကြသည်မှာ သေချာပြီ။ သူ့ကိုတယောက်တည်းထား၍ သူငှ ကြတော့မည်။



သံချောင်း အာလုပ်ရမည်နည်း။

လှုပ်လည်း မလှုပ်။ ထိုရာတွင် သံချောင်းက စိတ်ပြန်သည်။ အလုပ်ကို ချက်ချင်း ထိုင်းမထားချင်။ ထို့ကြောင့် ကိုနန္ဒာတို့ ကျောက်ဂူသို့ လိုက်သည်။ တယောက်မျှမရှိ။ ကျောက်တုံးများကို ကြည့်တော့ သူထွက်လာခဲ့စဉ်က အတိုင်းပင် ရှိသေးသည်။ ကျောက်တုံးနောက်ထပ် သယ်ယာန်မတွေ့။ တောင်ပံ့သည့် ချောင်းရိုးတွင်တော့ ရှိရမည်ဟု သူထင်သည်။ လှေဖြင့် တောင်ပုံမှာ ချောင်းရိုးသို့ လိုက်ရှာသည်။ မတွေ့။ ထိုရာတွင် တောင်အနည်းအနေကာ မြောင်းလဲနေသည်။ အချင်တာခေါက် သူလာကြည့်စဉ်က တောင်အများ တစက်ကိုသာ နှယ်ကြီးဆိုင်းနေသေးသည်။ ယခု တောင် သုံးနေရာတွင် နှယ်ကြီးဖြင့် တွဲထားပြီး ဖြစ်နေသည်။ အလယ်တွင် တချက်၊ ထိပ်တစက်တချက်စီတွင် တချက်စီ။ အားလုံး သုံးချက်တွဲထားသည်။

သံချောင်းသည် ထိုနေရာတဝိုက်တွင် လှည့်လည်ချောင်းကို ရှာသည်။ မတွေ့။ သို့ဖြင့် တောထဲမှာ အနိုင်အထောက်ကြသွားသည်။ အလင်းရောင်က မှုန်ရီနေပြီ။ နေက သစ်ပင်တွေနောက် ကျသွားသဖြင့် မှောင်စပြုလာပြီ။

သူ့အနောက်ဘက်ဆီမှ တလှုပ်လှုပ်မြည်သော လှိုင်းသံများကို ကြားရသည်။ ထို့ကြောင့် သံချောင်းသည် ချုံနွယ်ပိတ်ပေါင်းများကို ခိုးတွေ့ကာ လှိုင်းသံကြားရာသို့ မှန်းလာခဲ့သည်။ တနာရီလောက်သွား၍ ကုန်းတခုကို တက်လိုက်တော့ ပင်လယ်ကမ်းစပ်ကို မြင်ရပြီ။

ဒီရေသည် တပြီးပြီးလောက်ကာ တက်စပြုနေပြီ။

ကျောက်ညီနေရာကို တောစပ်က လှမ်းမြင်နေရသည်။ အပြင်ဘက် အကျဆုံး ပင်လယ်စပ်တွင် ကျောက်ဆောင်ကြီးနှစ်ခုသည် မားမားကြီး ရပ်နေကြသည်။ မှောင်ရိပ်ရိပ်တွင် ပင်လယ်ဘီလူးကြီးနှစ်ကောင် ငုတ်တုတ်

ထိုင်နေသည်နှင့်ပင် တူသည်၊ သည်နေရာတဝိုက်တွင် ခွေးမြီးနှင့် ကိုနန္ဒာတို့ ပေါ်များနေမည်လောဟု သံချောင်း စဉ်းစားမိသည်။

သံချောင်း၏ ခြေထောက်များသည် ကျောက်ညီနောင်ဆီသို့ အလိုလို ဦးလှည့်မိပြီးသား ဖြစ်နေသည်။ ဒီနေရာက ကျောက်ညီနောင်သည့်တိုင်အောင် မရောက်သေး။ ကျောက်ညီနောင်၏အမြင့်ထက်မှာ တတိယပေါ်၊ ဒေါင်ထက်နေသေး ဖြစ်သည်၊ ကမ်းစပ်ရောက်ဖို့ တနာရီလောက်တော့ ကြာဦးမည်။

သံချောင်းသည် ကျောက်ဆောင်မြင့်များ၊ ကျောက်တုံးများကို ကျော်လွှားကာ ကျောက်ညီနောင်နားသို့ ကပ်လာသည်။ ကျောက်ညီနောင် ခြေရင်းက ကျောက်ဂူကြမ်းများ၊ ကျောက်ဆောင်များကြားတွင် ငါးစိမ်းများ၊ ငါးနီများ မြူးတတ်သည်၊ ငါးစိမ်းက ကိုယ်တွင် အစိမ်းကျားနှင့်၊ ငါးနီက ကိုယ်တွင် အနီကျားနှင့် ဖြစ်သည်။

သည်နေရာတဝိုက်မှာ ဓားပါလာလျှင် ငါးခုတ်ရှိရသည်၊ သူကြားသော သည်နေရာသို့ လာခုတ်ဖူးသည်။ ယခုတော့ ငါးခုတ်စရာ ဓား မရှိတော့။

ကျောက်ညီနောင်နားရောက်တော့ ဒီဒီးသံက ပို၍မြည်လာသည်၊ ပင်လယ်က ပို၍ ဟောင်လာသည်။ အဆောင်အယောင်းသော ဝိညာဉ်တို့ ဟောင်မြည်နေသယောင်၊ လှိုင်းခေါင်းများစွာတို့ တီးတိုးစကားပြောသံ များ ရောရှက်နေသယောင် ထင်ရသည်။ ကျောက်ဆောင်အောက် ကလိုက်သံသို့ လှိုင်းဝင်၍ရိုက်သဖြင့် လှိုင်းပုတ်သည့်အသံသည် လိုက်သံ ပေါက်နေသည်၊

သံချောင်းသည် ကျောက်ညီနောင် ကျောက်ဆောင် နှစ်ခုအနက် လက်ဝဲဘက်က ကျောက်ဆောင်ကို တွယ်ကပ်တက်လာသည်။ ကျောက် ဆောင်စွန်းများက မိုးရွာထားသဖြင့် ချောနေသည်၊ သံချောင်း ခြေကုပ်



မြဲမြဲဖြင့် တွယ်တက်လာခဲ့ရာ ကျောက်ဆောင်ထိပ်သို့ ရောက်လာသည်။ ကျောက်ဆောင်ပေါ်တွင် လူတယောက်မှမရှိ။

ပင်လယ်တွင် မှောင်ရီစပြုလာသည်။ ငါးလင်းတောင် အကြွင်းအကျန် များသည် ပင်လယ်အောက်သို့ ငုပ်လျှိုးစပြုနေပြီ။

ကျောက်ဆောင်ထိပ်က သိပ်မကျယ်၊ ဆယ်ပေခန့်မျှသာ ရှိသည်၊ ပင်လယ်ဘက်က ကျောက်ဆောင်စွန်းတွင် ကျောက်တုံးကြီး တတုံး ရှိသည်။ သည်ကျောက်တုံးအကွယ်တွင်ထိုင်၍ သူတို့ ငါးမျှားနေကျ ဖြစ်သည်။ သံချောင်းက ကျောက်ဆောင်စွန်းက ထိုကျောက်တုံးဆီသို့ လျှောက်လာသည်။

ပင်လယ်တွင် မှောင်နေပြီ။

ကျောက်တုံးနောက်ကကျော်၍ ကျောက်ဆောင်စွန်းကို ဆင်းမည်အပြု တွင် တစုံတရာကို မြင်သဖြင့် သံချောင်း ခြေလှမ်း တုံ့သွားသည်။

သတ္တဝါတခု သူ့ကို ကျောပေး၍ ရပ်နေသည်။ သူ့သတ္တဝါ သည် နောက်က ပင်လယ်နှင့် တောင်းတောင် နောက်ခံတွင် မဲ၍ကြီး ပေါ်နေသည်။

တွေ့ပြီ၊ ခွေးမြီးကို တွေ့ပြီ၊

ထိုလူသည် နောက်က ခြေသံကြားလိုက်သဖြင့် ဆတ်ကနဲ လှည့် ကြည့်လိုက်သည်။ တပြားသယ်ကိုမျှ သွားစရာမရှိ၊ ကျောက်ဆောင်စွန်း ကျဉ်းကျဉ်းကလေးပေါ်တွင် ပက်ပင်း တိုးနေကြသည်။

သံချောင်းသည် သူ့မျက်လုံးများကို သူမယုံကြည်နိုင်အောင် ဖြစ်နေ သည်။ ပါးစပ်အဟောင်းသား၊ မျက်လုံးအဟောင်းသားများဖြင့် ကြက် သေ သေနေသည်။ ထိုသတ္တဝါကလည်း သူ့ကိုမျက်လုံးအပြူးသားဖြင့် စိုက်ကြည့်နေသည်။

စင်စစ် သူတို့နှစ်ဦး တဦးကိုတဦးစိုက်ကြည့်နေသည်မှာ တခဏမျှသာ ဖြစ်သည်။ သို့ရာတွင် သူတို့နှစ်ဦး၏ စိတ်၌ ကာလရှည်လောက် ကြာသည်ဟု ထင်ရသည်။

သံချောင်း တွေ့လိုက်ရသူက ရဲမြင့်သည်။ မဟုတ်။ ကိုရွှေသည်။ မဟုတ်။ ရဲမြင့်ကို ချောက်လိုက်သည့် ဆလုံသည်ဆိုသည်လည်းမဟုတ်။

သူတွေ့လိုက်ရသူက ဦးဘရန်။ မှော်ဘီ ကော်လဟိုင်ရှင် ဦးဘရန်။ သေသေချာချာ ကြည့်သည့်အခါကျမှ သူ့လက်ထဲတွင် ဓားအချောင်းကို ကိုင်ထားသည်။ သည်ဓားသည် ရဲမြင့်ကျောမှ ရောက်ခဲ့သည့် ဂျပန်ဓား ဖြစ်သည်။ သည်ဓားကို သံချောင်း ကောင်းကောင်း မှတ်မိသည်။ ဓားနှင့်တွင် သူကိုယ်တိုင် ဖြတ်လှပ်ထားခဲ့သည်။ သည်ဓားကြောင့် ရဲမြင့်ကို အပေါ် အထင်လွဲခဲ့သည်။ ယခု ထင်ရှားပါပြီ။

သံချောင်းသည် ဦးဘရန်ကို မြင်သည့်အခါတွင် ယမ်းလုံ မီးကျသည့် နှယ် ဒေါသ မီးသည် အကျိုး လှုံ့ထွက် လာသည်။ သည်အချိန်က သံချောင်းလက်ထဲတွင် ရှိသည့် ဒေါသကို မီးအမြဲသော ချောင်းလုံရ လျှင် ဦးဘရန်၏ အလောင်းကို မီးရှို့သွပ် ရလိမ့်မည် ထင်သည်။

သူ့ကို အမိန့်အတက် ပြုသည့် ဦးဘရန်။ မိုင်ထောက်စီနှင်း ကျင့်ခဲ့ သည့် ဦးဘရန်။ တလျှောက်လုံး ရေလွှာလှပ် နှယ်လှယ်ခဲ့သည့် ဦးဘရန်။ သည် ဦးဘရန်သည် လူသူမရှိသည့် ကျွန်းတကျွန်းပေါ် ရောက်နေသည့် တိုင် သူ့ကို ချောင်းမြောက်ဆဲ၊ သူ့လုပ်အားကို ဝါးမျို စားသောက်ဆဲ၊ သူနှင့်ရဲမြင့်ကိုကြားတွင် ဝင်ရောက် ရှုပ်ထွေးနေဆဲ ဖြစ်သည်။

သည်တော့ သံချောင်း ဦးဘရန်ကို သတ်ပစ် ချင်သည်။ ဝမ်းကို ထိုးသတ်သလို ထိုးသတ်ပစ်ချင်သည်။

သူတို့နှစ်ယောက်သည် တယောက်အကြောင်းတယောက် သိနေကြ သည်။ လျှင် ဝေးသည် တယောက်အကြောင်းကို တယောက် သိနေ-



ကြသည်။ ဝမ်းကို မသတ်လျှင် ဝမ်းက လူကို ကိုက်မည်။ လူကို ဦးအောင်မကိုက်နိုင်လျှင် လူက ဝမ်းကိုသတ်မည်။ အခု သည်ဦးနှင့် ရန်သူမှန်းသိကြပြီဖြစ်သည်။ မြင်လိုက်ရုံမှတင် ရန်သူမှန်း သိပြီး ဖြစ် သည်။

"ဘာလဲကွ သံချောင်း"

ဦးဘရန်က သံချောင်းကိုမြင်၍ အံ့သြခြင်းမရှိ။ စင်စစ် သူ သည် ကျွန်းပေါ်တွင် သံချောင်းတို့ရှိကြောင်း သူသိပြီး ဖြစ်သည်။ သံချောင်းလုပ်ထားသည့် တောင်၊ သံချောင်းစိုက်ထားသည့် အသီးအနှံ များကို သူတွေ့ခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် သံချောင်းကိုတွေ့ရသည် မှာ ဘာမျှ အံ့သြစရာမဟုတ်။

ဦးဘရန့်မျက်နှာထားက တင်းမာသည်။ သံချောင်း၏ လှုပ်ရှားမှုကို မျက်ခြည်မပြတ် ကြည့်နေသည်။ သူ့ပင်လယ်ကို ဖြတ်ချင် နေသည်မှာ ကြာပြီ။ အမျိုးမျိုးကြံစည်သည်။ မအောင်မြင်။ သို့ရာတွင် ဓားအချောင်း ကောက်ရတော့ သူဝမ်းသာသွားသည်။ သည်အထဲ သံချောင်းလုပ်ထား သည့် သစ်တုံးတွေကို တွေ့သည့်အခါတွင် အဆင်သင့်ဖြစ်သွားသည်။ သစ်တုံးက သူ့တယောက်စာ လောင်းအတွက် လုံလောက်သည်။ ကြိုး နွယ်များဖြင့် ကွပ်ရန်လောက်သာကျန်သည်။ သူ့လက်ထဲတွင် ဓားရှိ ဆိုသောအခါ အလုပ်လုပ်နိုင်လွယ်သွားပြီ။ သို့ရာတွင် သူ့စိတ်ကူးကို တခြားလူများသိ၍ မဖြစ်။ အထူးသဖြင့် သံချောင်း သိ၍ မဖြစ်။ ထို့ ကြောင့် သံချောင်းကို မတွေ့အောင်ရှောင်ကာ ကိစ္စမြန်မြန်ပြတ်အောင်၊ မြန်မြန်ထွက်ဖြစ်အောင် လုပ်လိုသည်။

ယခု သူမတွေ့ချင်ဆုံးသော သံချောင်းနှင့် လာတွေ့နေရပြီ။

"ဘာလဲကွ သံချောင်း။ ဘာကိစ္စလဲ"

"ကျုပ်ဓားပြန်ပေးပါ"

သံချောင်းက တိုတိုနှင့် လိုရင်းကို ပြောသည်။

"ဘာရယ်၊ မင်းဓား၊ ဟုတ်လား"

"ဟုတ်တယ်၊ ကျုပ်ဓား၊ ဒီနားမှာ ကျုပ် ကျ ကျန်ရစ်ခဲ့တာ"

သံချောင်းက ကိုစွမ်းမြို့မြို့ဖြတ်ဆောင် သူ့ကျ ကျန်ရစ်ခဲ့သည်ဟု ပြော လိုက်သည်။ စင်စစ် မြို့ချိုကိုနှမ်းယောက်နှင့် သူသည် ဓားဓားဘ ဆော တက်၊ ပတ်ခေါင်ပတ်ခက်ဖြစ်သည်။ ယခု ဓားတော်ဓားတက်များကို အထင်လွဲခဲ့သည်။ ထို့အတွက် သူစိတ်မကောင်း၊ နောင်တရသည်၊ နောင်တရသလောက် ဦးဘရန်ကို စက်ဆုပ်သည်၊ ဒေါသထွက်သည်။

ဦးဘရန်က မှဲ့လိုက်သည်။ သူ့ဓားမဟုတ်၊ မြို့ ကျန်ရစ်ခဲ့သည့် ဓားမှန်းကို ဦးဘရန် ကောင်းကောင်းသိသည်။ မသိဟန်ပြုမည်လော၊ သည်တုန်းက သူ့ကို သေသည်ထင်ပြီး ရှိမြင်ခေါင်၍ ထွက်ပြေးခဲ့သည် မဟုတ်လော။

"ဟုတ်မှလည်းလွှဲပါကွ၊ သံချောင်းရ၊ မင်းဓားဟုတ်ကဲ့လား၊ သေသေ ချာချာ စဉ်းစားပြီးမှပြောပါ"

"ဟုတ်တယ်၊ ကျုပ်ဓားပဲ၊ ကျုပ် ကျ ကျန်ရစ်ခဲ့တုန်း ခင်ဗျား ကောက်ယူထားတာ၊ ဒါတွင် မကဘူး၊ ကျုပ် ခေါင်းဖွဲ့ထို့ လုံသားတဲ့ သစ်တွေကိုလဲ ခင်ဗျားယူထားတာ၊ ကျုပ်တောင်ယာက ငှက်ပျော နိုင်နဲ့ သင်းတောသီးတွေကိုလဲ ခင်ဗျားပဲ"

သံချောင်းစကားမဆုံးခင် လက်ကာနဲ့ မှုတ်သွားသည်ကို မြင်လိုက်ရသည်။ ချွမ်ကနဲ မြည်သံကို ကြားလိုက်ရသည်၊ ဓားက ကျောက်တုံးကို ထိသွားသည်။ ခုန်ဆင်းလိုက်သဖြင့် သံချောင်းကိုမထိ။

ယမ်းက လှေကို စကိုက်ပြီး သည်တော့ သံချောင်း မခုန်ရှိမှရတော့၊ အနားတွင် တွေ့သည့် ကျောက်ခဲကြီးတလုံးဖြင့် ဦးဘရန်ကို ကောက်



ပေါက်လိုက်သည်။ ဦးဘရန် ခေါင်းမှ သွေးတွေ ဖြာကျလာကာ လဲကျ သွားသည်။ သံချောင်းက ဓားကို ပစ်လှမ်းမည်အလုပ်၊ ဦးဘရန်က ထထ ကာ ဓားဖြင့် အရှက်ပေါင်းများစွာ ဆက်တိုက်ခုတ်သည်။ တချက်က သံချောင်းလက်မောင်းကို ထိသွားသည်။ ဦးဘရန်သည် ပေါ်ဆိုင်ဖြင့် ဓားကို ဝှေ့ရမ်းကာ ဝင်လာသည်။ သံချောင်းလက်ထဲတွင် ကျောက်ခဲ လည်း မရှိတော့။ သည်တော့ သံချောင်း နောက်ဆုတ်လာခဲ့သည်။ တဖြည်းဖြည်းနှင့် ကျောက်ဆောင်စွန်းသို့ ရောက်လာသည်။ နောက် နစ်လှမ်း သုံးလှမ်း ဆုတ်လိုက်သည်နှင့် ပင်လယ်ထဲသို့ ကျသွားနိုင်သည်။

နေက အနောက်ဘက်နေပြီ။ ဒီလှိုင်းကြီးများက ကျောက်ကမ်းပါးကြီး ကို တရှိန်ထိုးရိုက်နေသည်။ မထိတသိနှင့် လှိုင်းများသာ ကျောက်ဆောင် စွန်းထိပ်ကိုတက်၍ မိုက်နေကြသည်။

သည်တကြိမ်တွင် ဦးဘရန် ဓားကို အားကုန်လွှဲ၍ ဝင်လာကာ သံချောင်း လည်ပင်းကို ပိုင်းချလိုက်သည်။ သံချောင်း နောက်သို့ မရှောင်သာတော့။ ခေါင်းငုံ့၍ ကိုယ်ကိုပစ်လှဲကာ ဦးဘရန်၏ ဆီးစပ်ကို ခေါင်းနှင့် ပစ်ဆောင့်လိုက်သည်။ သူ့ခေါင်းသည် မူကနဲဖြစ်သွားသည်။ ချွင်ကနဲ မြည်သံကြားလိုက်ပြီးနောက် အော်သံကြီး တခုကို သူကြား လိုက်ရသည်။ လှည့်ကြည့်လိုက်တော့ ဦးဘရန်သည် သူ့ခေါင်းပေါ်မှ ကျော်ကာ ပင်လယ်ထဲသို့ အလျှံကျသွားသည်ကို တွေ့လိုက်ရသည်။ လှိုင်းလုံးကြီးတလုံးက ကျောက်စွန်းထိပ်ကို ခတ်လိုက်တွင် လှိုင်းနှင့် ပါသွားခြင်းဖြစ်သည်။

ဓားက ကျောက်ဆောင်စွန်းက ကျောက်တုံးကြားတွင် ညပ်ကျန်ရစ် သည်။ ဦးဘရန်သည် လှိုင်းလုံးအပုတ်လိုက်တွင် လှိုင်းနှင့် ပါသွား သည်ကို သိလိုက်သဖြင့် ဓားကိုလွှတ်ကာ ကျောက်ချွန်ကို လက်နှင့်ဖက် ပြီး ခါးတွယ်လိုက်သေးသည်။ သို့ရာတွင် ကျောက်စွန်းတွေက ချောနှင့်

ချောနေသဖြင့် တွယ်၍ မရတော့ဘဲ လှိုင်းပြန်အဆွဲတွင် ပင်လယ်ထဲသို့ ပါသွားခြင်းဖြစ်သည်။

သံချောင်းသည် လဲနေရာမှထကာ ကျောက်ဆောင်ကြားက ဓားကို ဆွဲနုတ်သည်။ ထို့နောက် ကမ်းပါးစွန်းမှ နေ၍ ပင်လယ်ထဲသို့ ငုံ့ကြည့်လိုက်သည်။

ပင်လယ်ထဲတွင် လှိုင်းလုံးကြီးများသည် တဟီးဟီး အော်မြည်ကာ ကျောက်ဆောင်နံရံကို တက်၍ ရိုက်နေကြသည်။ ပတ်ရပ်၍ ခုန်အုပ်လိုက်သော ကျားသစ်ကြီးများလို မာန်ဖီလျက်ရှိသည်။

သံချောင်း ငုံ့ကြည့်လိုက်သည့် အခါတွင် ဦးဘရှိန်ကို မမြင်ရတော့။ ဦးဘရှိန်သည် လှိုင်းလုံးများအောက်တွင် ပျောက်ကွယ်သွားပြီ။

၄

သံချောင်းက ဓားကိုတင်းတင်းဆုပ်ကာ သွားကိုကြိတ်သည်။ ဦးဘရှိန် တယောက် ပြန်ပေါ်လာဦးမည်မဟုတ်ဟု သိသည့်တိုင် ပေါ်များ ပေါ်လာလေဦးမည်လောဟူသော အတွေးဖြင့် စောင့်ကြည့်သည်။ သူ့မျက်လုံးများသည် ကျောက်ကမ်းပါးအောက်က ပင်လယ်လှိုင်းများကို စူးစိုက်ကြည့်မိသည်။

သနားခြင်းမဟုတ်၊ ကိုယ်ချင်းစာနာခြင်းမဟုတ်၊ ကယ်သယ်လိုခြင်းမဟုတ်။ ဦးဘရှိန်၏ သေသွားသည်ကို သူကိုယ်တိုင် မြင်လို၍ ကြည့်လိုက်ခြင်းဖြစ်သည်။ ဦးဘရှိန်ကို သူ့လက်နှင့် မသတ်လိုက်ရသည့်အတွက် သံချောင်းဝမ်းနည်းသည်။ သူကိုယ်တိုင် မသတ်ရသည့်တိုင် ဦးဘရှိန်သေသွားသည်ကို တော့ သူကြည့်လိုသည်။

သူ့ကို ခေါင်းငုံ့ပေါက်၍ အနိုင်ကျင့်ခဲ့သော ဦးဘရှိန်ကို သူမကျေ။ တက်လှမ်းခဲ့သော သူ့ကြောင့် မော်တော်ကားအင်ဂျင်တလုံး ကျွံခဲ့ရက ဦးဘရှိန် ပြောခဲ့သောစကားကို သူမမေ့။ သည်တုန်းက သံချောင်း သူ့မော်တော်ကားအင်ဂျင်ကို အမိအရမောင်းနှင်ခဲ့သေးသည်။ ထိုကြောင့်၍



သူ့ပါ မော်တော်ကားအင်ဂျင်နှင့်အတူ လှိုင်းထဲ ပါသွားခြင်းဖြစ်သည်။ ကြီးလေ့ကားမှ လွှမ်းခြုံအကျတွင် ကြီးလေ့ကားထက်ကို မြေတောက်နှင့် ချိတ်မိ၍ သူမသေခဲ့ခြင်းဖြစ်သည်။ ထိုရာတွင် သည်တုန်းက ဦးဘရှိန်က ပြောခဲ့ဘူးသည်။

“မော်တော်ကား အင်ဂျင် တလုံးက မင်းအသက်ထက် အဖိုးတန်တယ်”

ဦးဘရှိန်စကားများကို သံချောင်း ကြားယောင်နေသည်။ သည်တုန်းက သူ့လုပ်ခထဲမှ ဖြတ်မည်ဟု ကြိမ်းခဲ့သည်။ ဦးဘရှိန်သည် လှိုင်းတွေကို ဝင်မူကာ ယခုထက်ထိ ကြိမ်းမောင်းနေဆဲဟု သံချောင်းထင်သည်။ ယခုတော့ မော်တော်ကားအင်ဂျင်တလုံးကို လူတယောက်၏ အသက်ထက် မြတ်နိုးသော ဦးဘရှိန်သည် သူ့မော်တော်ကား အင်ဂျင်နောက်သို့ လိုက်သွားပြီ။ ပင်လယ်ကြီးက သူ့အတွက် ဦးဘရှိန်ကို လက်စားချေပေးလိုက်ပြီ။

လောကတွင် ဦးဘရှိန်လို ငွေအားကိုဖြင့် အနိုင်ကျင့်သော လူစား၊ အောင်မောင်းလို ဗလအားကိုဖြင့် အနိုင်ကျင့်သောလူစား၊ ခင်ကြည်လို အလှအားကိုဖြင့် အနိုင်ကျင့်သော မိန်းမစားတို့သည် အတူတူပင်ဖြစ်သည်ဟု သံချောင်းထင်သည်။ အနိုင်ကျင့်ပုံခြင်းသာ ကွာသည်။ သဘောက အတူတူပင်ဖြစ်သည်။

သံချောင်းသည် လှိုင်းလုံးကြီးများထဲတွင် ဦးဘရှိန် ပြန်ပေါ်မလာနိုင်တော့ဟု စိတ်ချရတော့မှ ကျောက်ညီနောင်မှ ပြန်ခဲ့သည်။

သူပြန်တော့ ပင်လယ်သည် မင်းကျင်လိုမဲနေပြီ။ ဒီရေသည် ကျောက်ညီနောင်ကို ဝိုင်းနေပြီ။ မြေလျှင် ဖြတ်၍ မရတော့။ ရေက လူတရပ် ကျော်နေပြီ။ သံချောင်းသည် ဓားကို ပါးစပ်ဖြင့် ချီကိုက်ကာ ကိုယ်ကို ရေ၌ ကူးလာခဲ့သည်။

သည်နေ့ည ကျောက်ဂူသို့ပြန်မည်။ ကိုနန္ဒာတို့ ရဲမြင့်တို့အပေါ် သူ အထင်လွဲခဲ့သည်။ သည်အတွက် သူ ယူကြုံးမရ ဖြစ်သည်။ နောင်တ ရသည်။ သူမရှိလျှင် သူတို့အတွေ မည်သို့များ စားသောက်နေကြမည် နည်းဟု တွေး၍ ပူပင်လာသည်။ သူတို့ကို သူ တောင်းပန်မည်။ သူ့ အပေါ်တင်နေသည့် ကြွေးကို သူ ဆပ်မည်။ စင်စစ် သူနှင့် ကိုနန္ဒာတို့ သည်အခြေသို့ရောက်ခဲ့ရသည့်တရားခံသည် ဦးဘရှိန်ဖြစ်သည်။ ကိုနန္ဒာတို့ နှစ်ဦး၌ ဘာမျှအပြစ်မရှိ။

သံချောင်းသည် တေးကိုထမ်းကာ ကျောက်ဂူသို့ ပြန်လာသည်။

ဒီရေက ကမ်းစပ်သောင်ပြင်သို့ရောက်နေပြီ။ မှောင်လည်းမှောင်လှပြီ။ ထို့ကြောင့် ကျောက်ဂူကို ကမ်းစပ်က ပြန်၍မရတော့။ တောစပ် ချုံတွေ ထဲက ဖြတ်ရသည်။ ထိုရာတွင် ဓားပါသဖြင့် ကိစ္စမရှိ။ ပင်လယ်ကိုပင် ဖြတ်ဦးမည်ဆိုလျှင် သည်တောသည် ဘာသနည်း။ ပင်လယ်တွေ့ လျှင် ဖြတ်မည်။ တောင်တွေ့လျှင် ကျော်မည်။ ပင်လယ်ကို ဖြတ်မည်။

သည်လို ပိုင်းဖြတ်မှုရှိသူအတွက် ညမှောင်တွင် တောထဲက ဖြတ်၍ ကျောက်ဂူကို ပြန်ရသည့်ကိစ္စသည် ဘာမျှအခက်မကြီး။ အနည်းဆုံး သူ့ခြေထောက်အောက်မှာ မြေကြီးတော့ ရှိသေးသည်။ သူ့လက်ထဲတွင် ဓားပါသေးသည်။

သံချောင်းသည် ကျောက်ဂူ ကမ်းပါးကိုတက်လာပြီး ကျောက်ဂူဝ၌ ရပ်သည်။

"အကို၊ အကို၊ ကိုနန္ဒာ"

သံချောင်း၏အသံသည် ဂူဝတွင် ဟိန်းသွားသည်။

"ရဲမြင့်၊ ရဲမြင့်"

ထူးသံမကြားရ။ သည်တော့ သံချောင်းကျောက်ကမ်းပါးအောက်က ကျောက်ခေါင်းထဲသို့ဝင်သည်။ အထဲတွင် မဲမှောင်နေသည်။ မီးဖိုတွင် မီးမရှိ။ သည်တုန်း သံချောင်းသည် အရာတခုကို ဝင်တိုက်မိသည်။ ပထမတော့ မည်သည့်ပစ္စည်းမှန်းမသိ။ ကိုင်ကြည့်လိုက်သည့် အခါတွင်



သံစည်ပိုင်းကြီးတလုံး ဖြစ်နေသည်။ သံစည်ပိုင်းက လေးသည်။ တွန်း၍ မရ။ သံချောင်းနှာခေါင်းက အနံ့တခုရသဖြင့် ငုံ့၍ နမ်းကြည့်သည်။ သည်တော့မှ ရေနံချေးတွေ ထည့်ထားသည့် သံစည်ပိုင်းကြီး ဖြစ်နေ ကြောင်း တွေ့ရသည်။

သံချောင်းသည် ကျောက်ကမ်းပါးအထက်က မီးရှို့ထားရာ သစ်ပင် ဆီသို့သွားကာ မီးကူးသည်။ မီးကူးပြီး ကျောက်ဂူထဲတွင် မီးဖိုသည်။ မီးတောက်မှ အလင်းရောင်တွင် ကြည့်လိုက်သည့်အခါ

ကျောက်ဂူထဲတွင် ပစ္စည်းများများစားစားမရှိ။ ပလိုင်းများ၊ ကြိုးများလည်း မရှိ။ သံစည်ပိုင်းကြီးကိုကြည့်တော့ ရေနံချေးအပြည့် ထည့်ထားသည်။ အဖုံးပင် မဖွင့်ရသေး။

"သံချောင်းလာတော့၊ သံချောင်း"

ကမ်းပါးအောက်ဆီမှ ခေါ်သံကြား၍ သံချောင်း ကျောက်ဂူဝသို့ ထွက်လာသည်။

"ဂူထဲကဘယ်သူလဲ၊ ကိုသံချောင်းလား"

သည်အသံက ရဲမြင့်အသံဖြစ်သည်။ မှောင်နေ၍ ဘာမျှမမြင်ရ။ သို့ရာ တွင် အသံနီးလာပုံထောက်သော် ကျောက်ကမ်းပါးသို့ တက်လာပြီဟု ခန့်မှန်းရသည်။

"ဘယ်သူလဲ"

အောက်က ရဲမြင့်အသံက ထပ်မေးသည်။

"ငါပါ။ သံချောင်း၊ သံချောင်း"

ဝမ်းသာအားရအော်ကာ ပြေးတက်လာသံများကိုကြားရသည်။

ကျောက်ဂူဝရောက်တော့ ကိုနန္ဒာနှင့် ရဲမြင့်တို့က အလုအယက် ပြောကြသည်။ အလုအယက် ပြောနေကြသဖြင့် သံချောင်း ကောင်း ကောင်းနားမလည်။ သူတို့နှစ်ယောက်က သံချောင်းကို အပြစ်တင်စကား ဆိုနေကြခြင်းဖြစ်သည်။

"ဟာ ဓားကြီးပါလား"

ခမြိုင်က ပြစ်တင်စကားပြောနေရာက ဓားကြီးကိုမြင်သွားကာ လွှတ်ကနဲအော်ပြီး ဆွဲယူလိုက်သည်။ သံချောင်းက ကမန်းပေးလိုက်သည်။ ခမြိုင်လက်သို့ ဓားကမ်းပေးပြီး၊ ဘာမှစိတ်မချစရာမရှိ။ ခမြိုင်လက်သို့ ဓားရောက်သွားသည့်အတွက် သူ့အဖို့ အန္တရာယ်ဖြစ်စရာ အကြောင်းမမြင်။

"ဒီဓားကြီးကို ဘယ်က ပြန်တွေ့လာတာလဲ ဟင်"

ခမြိုင်က ဓားကိုဆကြည့်၍ ရမ်းရင်း မေးသည်။

"ထိုင်ပါဦး၊ ဖြေးဖြေးပြောတာပေါ့။ ဘာစားရောပါသလဲ"

သူတို့မှာ လိပ်ဥတွေပါလာသည်။ လိပ်ဥများကို ဖောက်သောက်ကြသည်။ သံချောင်းက လိပ်ဥတလုံးကို ဖောက်သောက်လိုက်ရာက

"ခမြိုင်ကို ချောက်လိုက်တဲ့ သူကို ကျွန်တော်တွေ့ခဲ့တယ်"

"ဟင်"

ခမြိုင်က လိပ်ဥတလုံးဖောက်၍ မော့မည်လုပ်ပြီးမှ လက်ကို ပြန်ချလိုက်သည်။

"ဒါပေမဲ့ သခဲက ကျွန်တော်ထင်သလို ဆလုံသခဲမဟုတ်ဘူး။ မော သခဲ"

သံချောင်းက မနောက်တော့။ သည်တော့ ခမြိုင် စိတ်ဝင်စားလာသည်။

"သခဲနဲ့စကားပြောခဲ့ရတယ်"

"တကယ်လား၊ ဟင် ကိုသံချောင်း"

"တကယ်ပေါ့၊ လက်စသတ်တော့ ဒီဓားက သခဲလက်ထဲရောက်နေတာကိုး၊ ဒါနဲ့ သခဲဆီက လုယူခဲ့ရတယ်"

"ဒါဖြင့်၊ အခု သခဲကတော့"

"ခုတော့ မရှိတော့ဘူး။ ပင်လယ်ထဲကျသွားပြီ"

"အကယ်"

"တကယ်ပေါ့၊ သခဲက ဦးဘာရန်စေလ"



"ဘာကွ"

"ကျွန်တော့်ရေကြောမိုင်ကျင် ဦးဘာရန်လေ၊ သူလဲ ကျွန်တော်တို့လို ဒီကျွန်းပေါ်မှာ ရောက်နေတာကိုး။ ကျွန်တော်တို့ကသာ သူရှိတယ် ဆိုတာ မသိပေမယ့် သူက ကျွန်တော်တို့ရှိနေတာ သိနေတယ်"

သံချောင်းက ဓားပျောက်သည့်ကိစ္စ၊ ဖုတ်ပေမျာပိုင်မှု၊ သင်္ဘောသီးများ၊ ငါးများပျောက်သည့်ကိစ္စတွင် ကိုခမြိုင်နှင့်ခမြိုင်တို့ကို အထင်လွဲခဲ့ပုံ၊ ခေါင်းရိုးသစ်ပင်များကို သူ တိတ်တဆိတ် ရှာခဲ့ပုံ၊ ဦးဘာရန်က ဓားကိုရသွားကာ သူလှည်းသည့်သစ်များဖြင့် ခေါင်းရိုး တလောက် တည်းဖြတ်ရန် ကြံစည်ပုံ၊ ဦးဘာရန်ခေါင်းရိုးနှင့် မြင်နေစဉ် သူနှင့်သွားတိုး၍ ထွက်ပြေးပုံ၊ သည်အထိ ဦးဘာရန်ကို ခမြိုင်တို့ထင်ခဲ့ပုံ၊ ပေမွေသ ကျောက် ညီနောင်က ကျောက်ဆောင်ကျွန်းပေါ်တွင် နှစ်ယောက်သား ပက်ပင်း သွားတိုးတော့မှ ဦးဘာရန်မှန်းသိရပုံတို့ကို အသေးစိတ် ပြောပြသည်။

"သူ့လဲ တွေ့လိုက်တော့ ကျွန်တော်လဲ အစတော့ သူမှန်း ဘယ်သိမလဲ။ မှောင်ကလဲ မှောင်နေတာ။ ကျောက်ဆောင်ပေါ် တက်သွားတော့ ကျွန်တော်တို့ ပေမွေသနေကျကျောက်တုံးအကွယ်မှာရပ်လို့၊ ရုတ်တရက် မမျှော်လင့်ဘဲ တွေ့လိုက်ရတော့ သူ့လား၊ ခမြိုင်လားလို့ ထင်လိုက်မိသေးတယ်။ သူကလဲ မြေသံကြားလို့ လှည့်အကြည့်၊ ကျွန်တော်ကလဲ မင်းသက်ပြီး ရပ်အကြည့် သွားဆုံကြတာပါ။ ဒီတော့မှ သူမှန်းသိရတယ်"

"မင်းတွေ့တော့ သူလန့်မသွားဘူးလား"

"သိပ်တော့ မလန့် ပါဘူး။ ရုတ်တရက်တော့ သူလဲ ကြောင်နေတယ်။ ဒါပေမယ့် ဒီလူက အင်မတန် သတိကောင်းတဲ့လူကိုး၊ ကျွန်တော်နဲ့ တွေ့ရင် ဘာလုပ်ရမလဲဆိုတာ ချက်ချင်းသိတယ်"

"ခေါင်းနဲ့အတူ သွားတို့ မခေါ်ဘူးလား"

"ဘယ်ခေါ်မလဲ၊ အစ ကတဲက သူတယောက်ထဲ သွားချင်လို့၊ ဓားကိုလဲ ပြန်မပေး၊ ခေါင်းကိုလဲ အပိုင်စီးပြီး ကြိတ်ကြံနေတဲ့ လူဘဲ။

ကျွန်တော်တို့ကသာ မသိတာ၊ သူက ကျွန်တော်တို့ အကြောင်းကို အားလုံး သိနေတာဘဲ"

"ဒီပင်လယ်ကြီးကို တယောက်ထဲ ဖြတ်ဖို့ သူ့မှာ စိတ်ကူး ရှိတယ် ပေါ့လေ"

ကိုရင်နွဲ့ ၏ စကားကြောင့် သံချောင်းက ပြုံးသည်။

"ဒီအလုပ်မျိုးဆိုတာ လူနဲ့လေ ကောင်းလေလေပေါ့ အကိုရ။ လူများရင် ရေမှုအတွက်၊ ရိက္ခာ အတွက် ပြဿနာ တက်မယ်။ ခေါင်းကျိုးကျိုး ကာလလေးပေါ်မှာ ပြဿနာပေါ်မယ်။ ဒီတော့ လူနဲ့နဲ့သွားရလေ ကောင်း လေပေါ့။ သူလဲ ပင်လယ်မှာ ကျက်စားခဲ့တဲ့သူဘဲ။ ဒီတော့ စိတ်ကူးရှိတာပေါ့"

"လူများလို့ ဖိုးကိုမခေါ်ချင်ဘူးထားပါ။ မင်းကိုတော့ ခေါ်တို့ ကောင်းတာပေါ့။ မင်းပါရင် အသုံးကျတာပေါ့"

"အကိုက ဦးဘရဲ့ အကြောင်းကို မသိသေးဘူးထင်တယ်"

သံချောင်းက လိပ်ညှို့တခုကို ပစ်ချရင်း ပြောလိုက်သည်။ သူ့ရှေ့တွင် လိပ်ညှို့တွေ ပုံနေပြီ။

"မင်း ဝက်လှေပိုင်ရှင်ဘဲ မဟုတ်ဘူးလား"

"ကျွန်တော့် ဝက်လှေပိုင်ရှင်ပါဘဲ။ ဒါပေမယ့် ကျွန်တော်နဲ့ အကြီး အကျယ် ပြဿနာဖြစ်ထားတယ်။ သူက အရင်တုန်းက ကျွန်တော်ကို နယ်မှာ ကာကွယ်စောင့်ရှောက်လို့၊ အဲဒီတုန်းကတော့ နယ်ရှင် ပယ်ရှင် တွေပေါ့။ ဗိုလ်ဘရဲ့ ဆိုရင် လေးလေးတအား သိတယ်။ လူသတ်တယ်၊ ဓါးမြတိုက်တယ်၊ မိန်းကလေးတွေကို ဖျက်ဆီးတယ်၊ ကာကွယ်ရေး တွေကို လက်နက် သိမ်းတော့ ဒီလူက အသိမ်းမခံဘဲ ပင်လယ်ထွက်တာဘဲ"

"ပင်လယ်ထွက်တယ် ဆိုတာက"

"ပင်လယ်ဓါးပြ လုပ်တာပေါ့။ ထားဝယ်နဲ့ ဘိတ်ကျွန်းစု တဝိုက်မှာ သောင်းကျန်းနေတဲ့ ဂိုဏ်းဟာ သူ့ဂိုဏ်းပေါ့။ ရုန်းလှေတွေတန်းဝါ



တွေ အစင်းသုံးဆယ်ဝါလောက်နဲ့ ပင်လယ်မှာ လှည့်နေတာ။ ရေတွေ့သမျှ ဝက်လှေတွေကို ကျွန်းကြီး ကျွန်းကြား ခေါ်သွားပြီး အကုန် လုယက်လိုက်တာဘဲ။ 'ဆောင်းသီး' လိုလဲ သူ့ခွေတာဘဲ။ နှစ်သိန်းနှုန်းပြန်ရွေးရတယ်။ ဒါပြင်လဲ ဒီလို ပြန်ရွေးရတဲ့ ဝက်လှေတွေ အများကြီးဘဲ။ နောက်ဆုံး ဗိုလ်ဘသောင် သမဝါယမက ဝက်လှေကို ခွဲတော့ သိန်းနှစ်ဆယ်လောက် ရသွားတယ်။ ဒီမှာတွင် သူ့တောင်ကျ သွားတယ်။ ဒါပေမယ့် ဒီလိုလူဆောင်ကြာတာ ဘာအစလဲ။ မယား တယောက်တယောက်ကို တသိန်း၊ နှစ်သိန်း ပေးထား နိုင်ခဲ့တဲ့ လူဘဲ။ တောင်ကလွတ်တော့ မိန်းကုလ္လိ၊ ထားဝယ်မြို့ပေါ်မှာ တိုက်နဲ့ တာနဲ့၊ မယားလေးယောက်ကို တယောက်ကို တိုက်တလုံးစီနဲ့။ ဝက်လှေကလဲ လေးငါးစင်းလောက် ရှိတယ်။ ဒီဝက်လှေတွေနဲ့ မှောင်ခိုကုန်ကူးတယ်။ ဒါက သူ့ရဲ့ ရာဇဝင်ဘဲ။ ဒီရာဇဝင်ထဲမှာ ကျွန်တော်နဲ့ ပတ်သက်တဲ့ အခန်းတွေလဲ ရှိတယ်"

"ခင်ဗျားနဲ့ ဘယ်လိုပတ်သက်တာလဲ"

သံချောင်းက ရယ်သည်။ ထိုရယ်ရာတွင် သူ့ရယ်ပုံက အသာဝမကျ၊ တမင်လုပ်၍ ရယ်ပုံမျိုးဖြစ်သည်။

"ကျွန်တော့်ကို ငွေဝယ်ကျွန်လို ဆက်ဆံတယ်။ သူ့အစေကြွေးရှိတယ် ဆိုပြီး ကျွန်တော့်ကို အနိုင်အထက်ကျင့်တယ်။ လမ်းမှာတုန်းက အင် ဂျင်တလုံးကျသွားတော့ ကျွန်တော့်ကို 'အင်ဂျင်က မင်း အသက်ထက် အဖိုးတန်တယ်' လို့ ကြိမ်းခဲ့တယ်။ ဒီနောက်တော့ ကျွန်တော်တို့အား ကျွန်တော်ရှာထားတဲ့သစ် ကျွန်တော်စိုက်ထားတဲ့ အသီးအနှံ၊ ကျွန် တော် ရှာထားတဲ့ မီးတွေကို အသုံးပြုပြီး ကျွန်တော်ကို သတ်ဖို့ကြံစေး တယ်။ ဒါတွေအပြင် ကျွန်တော် မှုင်မထွက်နိုင်တဲ့၊ ကျွန်တော့် တသက် မမေ့တဲ့ အချက်ကြီးတချက်ရှိသေးတယ်"

"ဘာလဲကွ"

သံချောင်း၏ မျက်နှာသည် မှုန်နေသည်။ တစုံတရာကို စဉ်းစားနေသည်။ အတန်ကြာမှ

"ကျွန်တော့်အမေကို မုဒိမ်းကျင့်ပြီး သတ်ခဲ့တာ ဒီလူနဲ့ သူ့ဟာ ကျယ်ရေးဘဝတုန်းက ကျွန်တော့်အမေကို မုဒိမ်းကျင့်ပြီး သတ်ခဲ့တာ။ တော့"

သံချောင်း၏ တက်ခေါက်သံသည် မြည်ဟိန်းသွားသည်။

"ကျွန်တော် ဒီလူကို ကျွန်တော့်လက်နဲ့ မသတ်လိုက်ရတာ သိပ်နာတာဘဲ။ ဒီလူဟာ ကျွန်တော့် အမေလဲ အစေတိုး လုပ်ခဲ့တယ်။ ကျွန်တော့်ကိုလဲ တစေ့ချက်လုံး ညှဉ်းဆဲခဲ့တယ်။ ဒီကျွန်းပေါ်မှာလဲ ဓားအားကိုးနဲ့ ကျွန်တော်တို့ မျှည်းတွေကို လုယူတယ်။ ပြီးတော့ ကျွန်တော့်ကိုလဲ အစေခံသတ်ဖို့ လုပ်တယ်"

သံချောင်းက သူ့လက်မောင်းကို ငုံကြည့်သည်။ သူ့လက်မောင်းက ဓားချက်ကို သည်တော့မှ သူတို့ သတိပြုမိသည်။ ဓားရာက သိပ်တော့ မနက်။ သွေးသည်ခြောက်သွားပြီ။

ထိုအခါ ချမြင့်သည် သက်ပြင်းကြီးများကို ပြိုင်တူချလိုက်ကြသည်။ သံချောင်းတဝကို သူတို့ တနေ့ကြသည်။

"ဓားပြနိုင်တောင်းတော့ ကျွန်တော်နဲ့ စကားများပြီး ကျွန်တော့်ကို ခုတ်တာဘဲ။ သူကတယောက်ထဲ ဖြတ်ချင်တဲ့ လူကိုး။ ဒီဓားကို ဘယ်ပြန်ပေးနိုင်ပါ့မလဲ။ ဒီဓားနဲ့ ကျွန်တော်တို့ကိုရှင်း၊ ကျွန်တော်တို့ ရှိကွာတွေကိုယူပြီး သူတယောက်ထဲဖြတ်"

သံချောင်းက တိုင်ရာမှ ထသည်။

"ဓားလေ၊ ဒါလဲ သဘာဝကျပါတယ်။ ငမိန်းနဲ့လူနဲ့ တွေ့ရင် ကိုယ်က သူ့ကို အရင် ဦးအောင်သတ်၊ မသတ်ရင် ငမိန်းက ကိုယ့်ကိုကိုက်သတ်မှာဘဲ။ ကျွန်တော့်လက် ဓားပေါ်သွားရင် သူ ဘယ်သက်သာမလဲ။ ဒီတော့ သူက ဦးအောင်ချတာပေါ့"



"ဟုတ်တယ်။ ဒီကောင်ကြီးကို ကျွန်တော်တောင် ချင်တယ်။ ကျွန်တော်တို့ဓားကိုယူပြီး ကျွန်တော်တို့ကို မြန်ချမယ့် ကောင်ကြီး။ တကိုယ်ကောင်းသမားကြီး"

ချမြင့်က ထောက်ခံသည်။

"မင်းကော ဒို့ရှာလိုက်ရတာ။ တကျွန်းလုံးကိုနှံ့နေတာဘဲ။ ညမှောင်မှ ချည်းဘဲ ပြန်ပြန်ရောက်တယ်။ မင်းရှာရင်း ရေနံပေါ်ကြီးတလုံးမျှောလာလို့တောင် လှိမ့်လာခဲ့ကြသေးတယ်"

ကိုနုမှာက ရေနံစည်ကြီးကို ပြသည်။

"ကျွန်တော် အကိုတို့ကို အထင်လွဲခဲ့မိတယ်။ ဓားကိုယူပြီး တောင်ဆက်လုပ်တာ၊ တောင်ယာက အသီးတွေပျောက်သွားတာတွေ အားလုံး အသီးသန့်တွေကို ဂုဏ်တာတွေဟာ အကိုတို့နှစ်ယောက်လို့ထင်ခဲ့တယ်။ အထူးသဖြင့် ထု"

သံချောင်းက ချမြင့်ကို လက်ညှိုးထိုးပြသည်။

"တနေ့ ဒီကောင်ကြီး ခောင်းချွန်နေတုန်း ကျွန်တော် ရောက်သွားတယ်။ ကျွန်တော်လာတာမြင်တော့ ထွက်ပြေးတယ်။ အဲဒါကိုလဲ ကျွန်တော် ချမြင့်လို့ထင်ခဲ့တယ်။ နောက်ကျမှ ဒီကောင်ကြီး ဖြစ်နေမှန်းသိတယ်။ အထင်လွဲခဲ့သမျှအတွက် ကျွန်တော် တောင်းပန်ပါတယ်အကို။ ချမြင့်၊ ငါတောင်းပန်ပါတယ်ကွာ။ ငါဟာ ငါတယောက်ထဲ ဓားပြီး ငါတယောက်ထဲ အသက်ရှင်ဖို့၊ ငါတယောက်ထဲ ပင်လယ်ကို ဖြတ်ဖို့ လုပ်တာ မဟုတ်ပါဘူး။ အားလုံးအတွက် လုပ်တာပါ"

သံချောင်းက ငိုသံပါလာသည်။

"မင်းစေတနာကို ငါတို့နားလည်ပါတယ် သံချောင်း၊ ဒါကြောင့် မင်းကို လိုက်ရှာတာပေါ့။ တကယ်က ခုအထိ ဒို့အသက်ရှင်နေတာဟာ မင်းကြောင့်ပါ။ ဒို့ကို မင်းဘဲရှာကျွေးခဲ့တာပါ။ အများကောင်း

ကျွဲလုပ်တဲ့အခါမှာ အမှားဆိုတာ ရှိနိုင်ပါတယ်။ ဒါပေမယ့် ဒီအမှားတာ ရှိသားတဲ့အမှားဖြစ်ရင် ကိုယ့်အမှားကို ကိုယ်မြင်လို့ ပြန်ပြင်နိုင်ရင် ကောင်းတာချည်းပါဘဲ။ စိတ်မကောင်းမဖြစ်ပါနဲ့"

"ခင်များ တောင်ယာထဲက တာလပတ်ကြီးဟာ ဂုဏ်ထဲက ရွှေခဲ့တာလား"

ရဲမြင့်က တောလေလမ်းကြောင်း ပြောင်းလိုက်သည်။

"ဟုတ်တယ်။ မင်းလိုက်ရှာရင်း ဂုဏ်မှာသွားတွေ့တာနဲ့ ယူလာတာ။ ပျောက်လှုံရမယ်ကွ။ နေပါဦး။ အကိုတော့တော့ အစာရေစာလုံလောက်ရဲ့လား။ ကျွန်တော် မရှိတုန်း ဘယ်လိုစားနေကြသလဲ"

ရဲမြင့်က ရယ်သည်။

"ဝတ်တာပေါ့ဗျ။ ထန်းပင်လဲသိပ်မတက်နိုင်ဘူး။ လိပ်ဥနဲ့ ခရုတဲ ကြိုက်နေရတာပေါ့။ တခါတလေလဲ ငါးလေး ငါးတာရတယ်"

သံချောင်းလက်မောင်းက ဒဏ်ရာက ဆောင်လာသည်။ ရဲမြင့်က သူ့တောင်းဘီအရေးကို ဆုတ်ပစ်လိုက်ပြီး စည်းပေးသည်။

"ဒီနေ့မှ သဲပေါ်မှာ မှိုက်ခွပ်ပြီး လျှော်ထားတာပါဗျ"

ရဲမြင့်က သံချောင်းကို ကြင်နာစွာ ပတ်တီးစည်းရင်းပြောသည်။

# [ ၂၂ ]

သည်နေ့ကစ၍ သူတို့သုံးယောက်သည် ယခင်ကထက် ပို၍ ကြင်နာလာကြသည်။ ရဲမြင့်က ဝါးဆစ်ပိတ်တွင် လောက်သေချာ ထည့်၍ ကြီးကာ သံချောင်းအနာကို ဖန်ဆေးပေးသည်။ အနာက တဖြည်းဖြည်း သက်သာလာပေသည်။ သံချောင်း ကောင်းကောင်း အလုပ် မလုပ်နိုင်သေး။

သံချောင်းက မြဲမြဲကျက်ချင်လှပြီ။ သူ့တွင် အလုပ်လုပ်စရာတွေ ရှိသည်။ သည်အလုပ်တွေကို အမြန်ပြီးအောင်လုပ်ရမည်။

သို့ရာတွင် ကိုနုနှင့် ရဲမြင့်တို့က လုပ်ခွင့်မပြု။ သံချောင်းကို အနား ယူစေသည်။ သို့ဖြင့်အောင် သံချောင်းသည် အနားမနေ။ ကမ်းစပ်သို့ ဆင်းကာ နိုင်လွန်ပိုက်ပြတ်များ လိုက်ရှာသည်။ ကြိုးကျစ်သည်။ သစ်သီး ခူးသည်။ လိပ်ဥတူးခြင်း၊ ထန်းပင်တက်ခြင်း၊ ကျောက် တုံး သယ် ခြင်း၊ ပေါင်းမှုတ်ခြင်း စသည့်အလုပ်ကြမ်းများကိုတော့ လုပ်ခွင့်မပြုသေး။

သံချောင်းသည် တောင်းကင်ကို မကြာခဏ မော့ကြည့်တတ်သည်။ မော့ကြည့်ရင်း သက်ပြင်းချတတ်သည်။

"အနာကလဲ မပျောက်နိုင်လိုက်တာဗျာ"

သံချောင်းက ညည်းတတ်သည်။

"မျောက်မှာပေါ့ကွာ။ ဆေးဝါးမရှိတော့ ကြာတာပေါ့"

"အခုလေ မပြန်ခင် မြန်မြန်ပျောက်မှ ဖြစ်မယ် အကိုရ။ နို့မို့ရင် နောက်ကျသွားလိမ့်မယ်"

"ဘာဖြစ်လို့လဲ"

"အခုလေ မပြန်ခင် မြန်မြန်ပျောက်ရင် ကျွန်တော် အလုပ်လုပ်နိုင်မယ်"

"ကျွန်တော်တို့ ရှာကြမှာပေါ့ဗျာ"

"အဲ့ ဒါက အရေးမကြီးဘူးကွာ။ စောင့်လုပ်ရမယ်။ စောင့်ရှိတာ မင်းတို့မရှိတော့ဘူး။ အခုလေမပြန်ခင် မြို့မှ ထွက်နိုင်မယ်"

သည်တော့ ကိုနန္ဒာနှင့် ခမြင့် တုံ့ဆိုင်းရသည်။ သံချောင်းသည် ပင်လယ်ဖြတ်ဖို့ကိစ္စကို နောက်ဆုတ်ဟန် မတူသေး။

"ဘာလဲ ပင်လယ်ဖြတ်မှာလား"

"ဖြတ်မှာပေါ့ အကိုရ။ အကိုတို့ကော မဖြတ်ဘူးလား။ ဒီအတိုင်း ဒီကျွန်းပေါ်မှာပဲ နေရတော့မှာလား။ ကျွန်တော်ကတော့ အကိုတို့ လဲ လိုက်စေချင်တာပဲ။ အကိုတို့ မလိုက်ဘူးဆိုရင်လဲ ကျွန်တော် တယောက်ထဲ သွားမှာပဲ"

"လိုက်မှာပေါ့ကွ"

ခမြင့်က မဆိုင်းမတွ အဖြေပေးသည်။ သူလည်း ရှုံ့စားချင်သည်။ သည့်ပင်လယ်ကို ဖြတ်ကြည့်ချင်သည်။ သံချောင်းပြောသလို သေရမည့် အတူတူ ပင်လယ်တွင်ဖြတ်ရင်း သေရသည်က တော်သေးသည်။

ကိုနန္ဒာကတော့ စဉ်းစားသည်။ သည့်ပင်လယ်ကြီးကို ဖြတ်ဖို့ဆို သည်မှာ စင်စစ် သူတို့ထင်သလောက်မလွယ်။ လွယ်ပီပီ ဖိတ်ကူး ယဉ်ခြင်းမျိုးသာ ဖြစ်လိမ့်မည်။

သံချောင်းက ကိုနန္ဒာကို ကြည့်၍ ပြောသည်။

"အကိုက ကျွန်တော့်ကို အထင်သေးတာကိုး။ ကျွန်တော် သိပါ တယ်။ ပထမနှစ်ယောက်ထဲ အသွားပိုင်း စားတုန်းကရော၊ နောက်



'ကွန်တီကီ'အကြောင်း မေးတုန်းကရော အကို ကျွန်တော့်ကိုအထင် သေးတယ်ဆိုတာ ကျွန်တော်သိပါတယ်"

ပြောသည့်အတိုင်း မှန်နေတော့ ကိုနန္ဒာ ဘာပြန်ပြောရမှန်းမသိ။

"သံချောင်းက ဖြတ်ရပါတယ်အကိုရ။ သံချောင်းမှာ တွယ်တာစရာ မရှိဘူး။ သံယောဇဉ်မရှိဘူး။ ဆုံးရှုံးစရာမရှိဘူး။ ဒီကျွန်းပေါ်မှာနေလဲ သေရမှာပဲ။ ပင်လယ်ကိုဖြတ်လဲ သေချင်သေမှာပဲ။ သေရမယ့်အတူတူ ပင်လယ်ကို ဖြတ်ရင်း ကျွန်တော် သေမှာပေါ့"

"အန္တရာယ်များလွန်းတယ်ထင်တယ် သံချောင်း"

"အန္တရာယ်ဆိုတာ ဘယ်နေရာမှာ ဖြစ်ဖြစ် ရှိတာချည်းပါပဲ။ အန္တရာယ်တွေ အနက်၊ သေမင်းရဲ့ အန္တရာယ်လောက် ကြီးတာ ဘယ် မှာမှ မရှိဘူး။ ဒါပေမယ့် သေမင်းရဲ့ အန္တရာယ်ဆိုတာ ပင်လယ်ဖြတ် မှ တွေ့ရတာမျိုးမဟုတ်ပါဘူး။ အိပ်ရာပေါ် လှဲနေတုန်းမှာလဲ တွေ့ရ တာပဲ။ ရုပ်ကြီးထဲမှာနေလဲ တွေ့ရတာပဲ။ ခွေးရူးနဲ့တွေ့ ပိုင်းလုံးနေတဲ့ သစ်ပင်ပေါ်က ကျရိုးတွေ့တာပဲ။ ကျည်ဆံကြားမှာ ပြေးနေရတဲ့ စစ်မြေပြင်မှာလဲ ရှိတာပဲ။ ထင်သာမြင်သာ ရှိတာနဲ့ မရှိတာပဲ ကွာ တာပါ။ အကိုတဲ့ တခါက ပြောဘူးသေးတယ်မဟုတ်လား"

တခါတုန်းက ကိုနန္ဒာ ပြောခဲ့ဘူးသည့်စကားကို သံချောင်းက ကိုး ကားသည်။ သံချောင်း၏ ယုတ္တိဗေဒက ခိုင်သည်။

"ကဲ ဘယ်လိုသွားမှာလဲ၊ ဆိုစမ်းပါဦး"

သံချောင်းကပြုံးသည်။ ကိုနန္ဒာသည် ယခုထိ သူ့ကို အထင်သေး တုန်းဟု ထင်သည်။

ခမြင့်က မြောက်ဖက်သို့လှော်ရမည်ဟု ဖျတ်ကနဲ ဝင်ပြောသည်။ သံချောင်းက ခေါင်းရမ်းပြသည်။

"မြောက်ဖက်သွားလို့ မရဘူးလေ။ မြောက်ဖက်သွားရင် လေ မသင့်ဘူး။ လေရရင်လဲ အနောက်ဖက် ပင်လယ်ထဲကို ရမ်းထွက်သွား

ပြီး သမုဒ္ဒရာကြီးထဲကို မျောသွားနိုင်တယ်။ စိတ်အားငယ်စရာ့က အရှေ့ဘက်ဆဲ။ ကျွန်တော်တို့ကျွန်းက ထားဝယ်ကမ်းခြေကို မိုင်နှစ်ရာလောက် သုံးရာ ရှိပါလိမ့်မယ်။ အရှေ့ဘက် တည့်တည့်လှော်ရင် ဘယ်နေရာ သွားသွား ကုန်းသိသိ ကမ်းရိုးတန်းကြီးကို ဝင်ဆောင့်မှာဘဲ။ မကြောက်ပါနဲ့။ စိတ်ချ"

သံချောင်းက သူ့အစီအစဉ်ကို ပြောပြသည်။ ယခု လှေပြီးသား သစ်ဝါးလုံး ရှိသည်။ သုံးယောက် စိတ်ချလက်ချ သွားနိုင်အောင် နောက်ထပ် ဝါးလုံးထပ်လိုပြီး လှေကို ဆယ်လုံးတွဲမည်။ တွဲစရာ ကြိုးတွေ နွယ်တွေရှိသည်။ ပိုမိုစိတ်ချရအောင် ခေါင်တောင်ဘက်တချက် တွင် ဝါးပိုးဝါးကြီး ဝေးဝေးလုံးလောက်ကို တွဲ၍ ထပ်စည်းမည်။ သစ်လုံး တွေ၊ ဝါးပိုးဝါးလုံးတွေကို ရေနဲ့သုတ်မည်။ ရေရှိ၍ ရွေ့လျားမကြောက် မှုတော့၊ လှိုင်းလုံးမှာ မကြောက်ရတော့၊ တာလပတ်ကြီးကို ရွက်လွှင့် မည်။ ဆယ်ပေပတ်လည်ဆိုလျှင် အတော်ဖြစ်သည်။ ရွက်တိုင်းကြီးအဖြစ် သူကျစ်ထားသည့် နိုင်လွန်လွှားကြိုးတွေရှိသည်။ ကျစ်ပြီးသား နိုင်လွန် ဗိုက်ကြိုးကို သုံးလွန်တင်ကျစ်လိုက်လျှင် တော်တော်တန်တန် လေပြင်း တိုက်ခံ့မှုဖြင့် မပြတ်နိုင်။

ရေအတွက် ရေပိုင်းအပြည့်တင်မည်။ ထို့နောက် ဝါးပိုးဝါးဆစ် များဖြင့် သယ်နိုင်သလောက် သယ်မည်။ ရိက္ခာအဖြစ် လိပ်သားခြောက်၊ ငါးခြောက်၊ ပိန်းဥခြောက်၊ ငှက်ပျောခြောက်၊ သင်္ဘောသီးခြောက်၊ လိပ်ဥ၊ ရှောက်သီး စသည်တို့ကို သယ်မည်။ မီးရှို့ ဖြစ်၍ ပင်လယ်ရေကို ဆားချက်မည်။ မျောမောလျှင် ငါးရက်မှ ဆယ်ရက်အထိ ကြာမည်။ ကြယ်၊ လ၊ နေတို့ကိုကြည့်၍ ဦးတည်ချက် ရှာမည်။

သံချောင်းက ထွက်ပြီသည်။

"ဒါပေမယ့် ခက်တာက အနေ့ရေလာပြိန်ခင် ထွက်နိုင်ဖို့ အရေး ကြီးတယ်။ အရှေ့လေပြန်လာရင် ကျွန်တော်တို့တောင် အနောက်ဘက်



သမုဒ္ဒရာထဲကို မျောသွားလိမ့်မယ်။ အနောက်တောင် မုတ်သုန်လေ ဦးမှာ ထွက်ရင်သဲ လေမှန်တိုင်း ကျလာတတ်တယ်။ မိုးတွင်းဆိုရင်လဲ လှိုင်းကြီးတယ်။ အကောင်းဆုံးက အနောက်တောင်လေ အားမျော ခါနဲ့ အရှေ့လေမပြန်ခင် ကြားအချိန်က အကောင်းဆုံးဘဲ။ အနောက် တောင်လေနဲ့ ရွက်တိုက်သွားရမှာဘဲ။ မှာသီဥတုလဲကောင်းတယ်။ သီတင်း ကျွတ် လပြည့်ကျော်ရင် အရှေ့လေပြန်ပြီ။ သွားလို့မကောင်းတော့ဘူး"

အချိန်တွက်ကြည့်တော့ နှစ်လခွဲလောက်သာကျန်တော့သည်။ ထို့ကြောင့် အချိန်မဆိုင်းမိ၊ သံချောင်းက မစောင့်နိုင်။ လက်က အနာမပျောက်သေး၊ သစ်ခုတ်နိုင်ပြီ ဝါးဆစ်ဖြင့် ပင်လယ်ရေကို ဆားချက်သည်။ ငှက်ပျော ခြောက်လှမ်းသည်။ သင်္ဘောသီးအချို့ကို အရည်ထားရန် ယင်းက အချို့ကို တုံးထားသည်။ အချို့ကို အခြောက်လှမ်းသည်။

လှိမ့်ရှင်းရွှေးရှင်းနှင့်ပင် သံချောင်း၏ အနာသည် တဖြည်းဖြည်း ပျောက်သွားသည်။ ယခု ဓားကိုင်နိုင်ပြီ။ သည်တော့ လိပ်သားခြောက်ကို အရင်လှန်းထားရမည်။

သူတို့သုံးယောက် လိပ်ခေသောင်သို့ သွားကြသည်။ တချီး ပင်လယ် သို့ ပြန်ဆင်းနေသော မြင်းသားလိပ်ကြီးတကောင်ကို နောက်ဆောင် ကြားတွင် တွေ့ရသည်။

သံချောင်းနှင့် ရဲမြင့် လိပ်တွေ့တော့ ဝမ်းသာအားရ ပြေးဆင်းကာ လိပ်ကြီးကို ပက်လက်လှန်ကြသည်။ သံချောင်းက လိပ်ခေါင်းကို ဓားဖြင့် ခုတ်သည်။ လိပ်ကြီးက ခြေတွေလက်တွေ တဖြန့်ဖြန့်နှင့် ရုန်းသည်။ နောက် ခြေလက်တွေကို ဖြတ်သည်။ လိပ်ကြီးက ဘေးဖိုကြီးလို တချွေး မြည်နေသည်။ ထို့နောက် ဓားက အညီလုံများကိုခွာကာ လိပ်ခွံ ကြီးကို လှန်ကြသည်။ အသဲမှအစ ကျန်ဝမ်းတွင်းသားများကို လှုပ်ပစ် လိုက်ကြသည်။ အသဲက ဥအိမ်များကို အစိမ်းစားပစ်လိုက်သည်။ လိပ်က

အသားချည်း အချိန် ခြောက်ဆယ်ကျော်လောက်ရှိမည်။ သည်လိပ်ကြီးကို ခိုင်းချက်ပြီး ဖြတ်တောက်ရတ်ထစ်ကာ ပလိုင်းများဖြင့်ထည့် မြန်ခဲ့ကြသည်။ ကိုနန္ဒာက လိပ်ကြီးအတွက် စိတ်မကောင်း။ သို့ရာတွင် မတတ်နိုင်။

ကျောက်ရုပ်ပြန်ရောက်တော့ လိပ်သား၊ လိပ်သဲတချို့ကို ဖီးကင်သည်။ တချို့ကို ထင်းရှူးကြီးများထိုး၍ ကျပ်တင်ထားသည်။ ခြောက်လျှင် ဆယ့်ငါး ပိဿာလောက်တော့ အနည်းဆုံး ထွက်မည်။

နောက်နေ့များတွင်တော့ သစ်လုံးများကို ခုတ်လှဲကြသည်။ ချောင်း မြို့သို့ လှိမ့်ချကြသည်။ ယခင်က သံချောင်းတစ်ယောက်တည်း လုပ်ရ၍ အချိန်ကြာသည်။ ယခု သုံးယောက် ဝိုင်းလုပ်တော့ မြန်သည်။ သစ်လုံး အနေတော်ဖြတ်ပြီးသား ငါးလုံးရအောင် လွှသုံးယောက် ဆယ့်ငါးရက် လုပ်ရသည်။ နှယ်ခုတ်ခြင်း၊ ဖောင်ဖွဲ့ခြင်း၊ ငါးပိုများကို ခုတ်၍ ဖောင် တစက်တချက်က စည်းခြင်း၊ ရွက်တိုင်ထူခြင်း၊ ရေနံသုတ်ခြင်း စသည်တို့ ပြီးအောင် လွှသုံးယောက် နှစ်လကျော် လုပ်လိုက်ရသည်။

သည်အထဲတွင် ကိုနန္ဒာက ဈေးလိုက်သေးသဖြင့် နှစ်ယောက်တည်း လုပ်ရသည့်ရက်တွေလည်း ရှိသေးသည်။

ယခုတော့ အားလုံး အဆင်သင့်ဖြစ်ပြီ။ ခတ်တက်၊ ထိုးဝါး စသည် တို့လည်း ပြည့်စုံပြီ။ ရွက်တိုင်တော့ မထူသေး။ ချောင်းမြို့တလျှောက်က သစ်ပင်တွေ အုပ်မိုးနေသဖြင့် ရွက်တိုင်မထူတာ။ ထို့ကြောင့် ချောင်း မြို့ကို စုန်ဆင်းပြီး ပင်လယ်ပေါ်ရောက်မှ ရွက်တိုင်ထူမည်။ ရွက်တိုင်က အဆင်သင့်။ ရွက်ကအဆင်သင့်။ တိုင်ထူ၍ ရွက်တင်လိုက်ရုံသာ ရှိသည်။

သီတင်းကျွတ်လဆန်းတော့မည်။ သူတို့ခေါင်းက သီတင်းကျွတ်လပြည့် မကျော်မီ အရှေ့လေမပြင်းမီ ထွက်ရမည်။ ဆယ့်ငါးရက်လုံးလုံး ကျန် သေးသည်။



သည်အတွင်းမှာ သူတို့နားကြသည်။ ရာသီဥတုကောင်း ခံနိုင်အောင်၊ နေ့ညတိုင်း ရောက်ခံနိုင်အောင် လုပ်ကြသည်။ အစားကောင်းကောင်း စားကြသည်။

သံချောင်းက ဆိုင်းနှုတ်ခွင့်။

သည်အတွင်းမှာ လိုရမယ်ရ ငမန်းကြီးကြီးတကောင်လောက်ဖမ်း၍ အခြောက်လှမ်းချင်သေးသည်။

ထို့ကြောင့် နေ့တိုင်း ကျောက်ညီနောင်သို့သွားကာ ငမန်းထွက်မှာ သည်။ ငမန်းက ယခုတလော သိပ်မပြူး။ မှန်တိုင်းကျပြီး နေသာမှ များတွင်သာ ပြူတတ်သည်။ ယခုတလောတော့ မုန်တိုင်းလည်းမကျ။ လှိုင်းလည်းမရှိ။ ထို့ကြောင့် သံချောင်း ငမန်းတကောင်မှ မရ။

သည်နေ့တော့ ငမန်းရအောင် များမည်ဟု သံချောင်းကဆိုသည်။ ညနေပိုင်းရောက်လျှင် တညလုံးကျောက်ဆောင်ပေါ်မှာ စောင့်များမည်ဟု ဆိုသည်။ ငါးမြှားဆေးတံနှင့် ဘိန်တွေးရွက်စပ်ထားသည့် ထုန်းခဲ့ရှိ များကို ဝက်ရွက်ကြီးကြီးတရွက်နှင့် ထုပ်သည်။ ငါးလုံးထိပ်တွင် နှာနတ် ချည် ကျောက်ခြောက်ထု၍ ရေနံစိမ်ထားသော မီးတုတ်နှစ်ချောင်းနှင့် ရေနံရေ အပြည့်ထည့်သော ခရု့ကို ယူသည်။ ထိပ်ဝခေါက်၍ မြှပ် ထားရန် ငါးဆစ်နှင့် ဆားထုပ်ကို ပလိုင်းထဲထည့်သည်။ ဈေးနိုက်နှင့် တောသည်။

ခင်မြင့်က သူလည်းလိုက်မည်ဟု ဆိုသည်။ သံချောင်းက မလိုက် စေချင်။ အခန့်မသင့်၍ ငါးမရလျှင် ကမ်းစပ်က တောထဲတွင် ညအိပ် ရမည်။ တောစပ်က လေပြင်းသည်။ သွားခါနီးလာခါနီး ကျွန်းသာတို့ လိုသည်ဟု ပြောသေးသည်။ သည်မှာက ဗိုက်ရှောက်လျှင် ကျောက်ညီ နောင်ကို ရောက်မည်။ ဗိုက်ရှောက်အကျကို စောင့်၍ ကျောက်ညီနောင် ကို ကူးနိုင်အောင် စောင့်ရမည်။ ဗိုက်ရောက်လျှင် ကျောက်ညီနောင်မှ

ကမ်းကို ကူးမည်။ ဒီရေကျသွားလျှင် နောက်တကြိမ် ကျောက်ညီနောင်သို့ ပြန်ပြီး တက်ရမည်။ အလွန်ပင်ပန်းသည့်အလုပ် ဖြစ်သည်။ ထို့ကြောင့် ခမြိုင် မလိုက်စေချင်။

သို့ရာတွင် ခမြိုင်က သက်မခံ။ သူပါလိုက်မည်။ သံချောင်းကို စိတ်မချဟု ဆိုသည်။

ထို့ကြောင့် သံချောင်းတို့နှစ်ယောက် ကျောက်ညီနောင်သို့ ထွက်ခဲ့ကြသည်။ ကမ်းစပ်မှ ကျောက်ညီနောင်ကိုကူးတော့ ဒီရေတက်စပြီ။ ဒီရေအတက်တွင် ပါလာသည့် ငါးသေများ၊ ရေသတ္တဝါများကို ငမန်းကြီးများက လိုက်စားတတ်သည်။ ထို့ကြောင့် ဒီရေအတက်တွင် ကျောက်ညီနောင်မှ စောင့်ရှာမည်။ နှစ်နာရီလောက်တော့ မျှောရိုးရသည်။ ကျောက်ညီနောင်ကို ဒီရေမဖုံးခင် ကမ်းသို့ပြန်ကူးမည်။ ဒီရေအကျကိုစောင့်၍ ကျောက်ညီနောင်သို့ နောက်တခေါက်တက်ကြမည်။

သူတို့ ကျောက်ညီနောင်ကိုဖြတ်ကူးတော့ ညနေသုံးနာရီလောက် ရှိပြီ။ ရာသီဥတုကြည်လင်သည်။ နေကကျဲကျဲတောက်အောင် ပူနေဆဲ ဖြစ်သည်။ ဒီရေလည်းတက်နေပြီ။

သည်နေ့ သူတို့ကံကောင်းသည်ဟုဆိုရမည်။ ကြာကြာမစောင့်ရ။ ရေတက်နှင့်အတူ ငမန်းကြီးနှစ်ကောင်ပါလာသည်။ သည်နှစ်ကောင်က တော်တော်ကြီးသည်။

သံချောင်းက ချိတ်တွင် အစာငါးကောင်ကိုချိတ်သည်။ ထို့နောက် ကျောက်ညီနောင် ကျောက်စွန်းမှရပ်၍ ကြိုးခွေကို ဝှေ့ရမ်းကာ ပစ်ချလိုက်သည်။

သံချောင်းကြိုးပစ်ပုံကလှသည်။ ကြိုးများကို ဘယ်လက်တွင်ဆုပ်ထားကာ ကြိုးခွေကို ညာလက်ဖြင့်မြှောက်၍ လေထဲတွင်ရမ်းကာ ပစ်မှတ်ကို



ချိန်သည်။ ချိန်သာကျပြီဆိုသည်နှင့် ညာလက်ထဲက ကြိုးခွေကိုဖြန့်၍ ပစ်လိုက်သည်။ ကြိုးခွေသည် လမ်းတလျှောက်တွင် ဖြန့်ထွက်သွားကာ လိုရာနေရာသို့ သွားကျသည်။

သည်လိုကြိုးခွေပစ်ပုံမျိုးကို ကောင်းဘွိုင်ကားများထဲ၌သာ ခမြိုင် မြင်ဘူးသေးသည်။ သူလည်း သံချောင်းကဲ့သို့ပစ်တတ်ချင်သည်။ သို့ရာတွင် လိုရာသို့မရောက်။

သံချောင်းပစ်လိုက်သည့်ကြိုးခွေက ငမန်းအကောင်ရှေ့နား သွားကျသည်။ သို့ရာတွင် ငမန်းက ချက်ချင်းမဆွဲ။ သို့ရာတွင် ထိပ်မကြာမီ ငမန်းက ဆတ်ကနဲဆွဲလိုက်သည်။ ချက်ချင်းအမြီးကြီးထောင်၍ရုန်းသည်။

ခါတိုင်းလို ငမန်းကို လျှော့ချည်တင်းချည်လုပ်၍ မကစားနိုင်။ အချိန်သိပ်မရှိ။ ဒီရေက တဟုန်ထိုးအောင်တက်လာပြီ။ ကျောက်ညီနောင် ပေါ်သည့်ကိုဖုံးနေပြီ။ မကြာခင် ကျောက်ညီနောင်ကို ဖုံးတော့မည်။ ထို့ကြောင့် ကျောက်ညီနောင်ကို ဒီရေမဖုံးမီ ကမ်းပြန်ကူးလိုသည်။ ကစားနေမရ။

သံချောင်းက ဆောင့်ဆွဲသည်။ ငမန်းကရုန်းသည်။ ခါတိုင်းဆိုလျှင် ကြိုးကိုအဆုံးထိဖြေလျှော့ပေးပြီးမှ ငမန်းကိုရုန်းစေသည်။ မောအောင် လုပ်သည်။ ယခုအချိန် ကြိုးကိုအဆုံးထိဖြေလျှော့လျှင် ပြန်ဆွဲ၍ အချိန်မမီသည့်အတွက် ကြိုးကိုမဖြေ။ လက်ထဲတွင် ရှိသမျှကြိုးကို အသေကိုင်ထားသည်။ တလက်မမျှအလျှော့မခံ။ ကျောက်ဆောင်နှင့်နီးလာအောင်ဆွဲသည်။ ငမန်းက အရုန်းသန်သည်။ အချိန်တိုအတွင်းဆွဲရသဖြင့် ငမန်းက အားကောင်းနေသေးသည်။

ကျောက်ဆောင်နှင့် ဆယ်ပေလောက်အရောက်တွင် သံချောင်း တပတ်ဆွဲရစ်လိုက်သည်။ ရေကနီးလာပြီ။ ကမ်းပေါ်ရိုက်သည့်ရေများက သူ့ခြေထောက်အထိတက်လာပြီ။

"ခိုမြှင့် ငါ့နောက်နား အဆင်သင့်လာနေတော့။ ဒီတချက်ရှင်းပြီးရင် ငါဆင်းမယ်။ ရေးရေး"

သံချောင်းက ခိုမြှင့်ကိုလှမ်းပြောပြီး တချက်ဆောင့်ဆွဲ၍ ရုန်းလိုက်သည်။ မေန်းအမြီးကြီးက ရုတ်ကနဲဆောင့်တက်လာပြီးနောက် မထောင်းတာနဲ့ အသံနှင့်အတူ သံချောင်းနောက်သို့ယိုင်လဲသွားသည်။

"ဟာ ပြတ်ထွက်သွားပြီ"

သံချောင်းက လွှတ်ကနဲအော်လိုက်သည်။ သံချောင်းကဆောင့်အဆွဲ မေန်းကဆောင့်အရှိန်တွင် ကြိုးပြတ်သွားခြင်းဖြစ်သည်။ မေန်းပါးစပ်တွင် ငါးမျှားချိတ်နှင့် ကြိုးရှစ်လံခန့် တန်းလန်းပါသွားပြီ။

မေန်းနှစ်ကောင်က ရေထဲတွင်အမြီးကြီးဆောင့်၍ ကျောက်ဆောင်နှင့် လှမ်းလှမ်း ပင်လယ်ပြင်သို့ ထွက်သွားကြသည်။

"သွားပြီ။ မျှားချိတ်ရော ကြိုးရောပါသွားပြီ" သံချောင်းနှုတ်မြွက်၍ မဆုံး၊ ဝမ်းနည်းမှုမဆုံး။

မြုပ်နေသော မေန်းကြီးနှစ်ကောင်ကိုမျှော်ကြည့်ကာ သံချောင်း တွေတွေကြီးရပ်နေသည်။

"ကိုသံချောင်း လုပ်ဗျ။ ရေတက်လာပြီ။ ကျောက်ဆောင်ကိုဖုံးတော့မယ်"

သည်တော့မှ သံချောင်းသတိရသည်။ ကျောက်ညိုနှောင်ဆောက်လိုက်ခေါင်းသွင်းက လှိုင်းပုတ်သံ၊ ဒီရေဟီးဟီးမြည်သံတို့ကို သူ ယခုမှ သတိထားမိသည်။

သူတို့နှစ်ယောက်သည် ပစ္စည်းတွေကိုထုပ်ပိုးကာ ကိုယ်ကိုဖော့၍ ကူးလာကြသည်။ ကျောက်ညိုနောက်က ကမ်းသို့ရောက်အောင် မိုင်ဝက်နီးပါးကူးရမည်။ သည်လောက်ကိုတော့ သံချောင်းက လွယ်လွယ်နှင့် ကူးနိုင်သည်။



သို့ရာတွင် ခိုမြှင့်က သိပ်မကူးနိုင်။ သည်တော့ ပစ္စည်းတွေအားလုံးကို သံချောင်းကသယ်သည်။ ပလိုင်းနှစ်လုံးကို သူ့ကျောတွင်ပိုးကာ ရင်ဘတ်တွင် ကြိုးဖြင့်ချည်ထားလိုက်သည်။ ပလိုင်းနှစ်လုံးသည် ကျောပိုးအိတ်လို ကျောတွင်ကပ်နေသည်။ ဓားကိုပါးစပ်နှင့်ကိုက်ထားသည်။ ငါးတုတ်နှစ်ချောင်းကိုတော့ လွှင့်ပစ်ခဲ့ပြီ။

"ရနိုင်လားတော့ ခိုမြှင့်"

"ရပါတယ်"

ခိုမြှင့်က ပြန်ဖြေသည်။

"မှန်မှန်သာကူး၊ အိပ်မထားနိုက်နဲ့"

သံချောင်းပြောသည့်အတိုင်း ခိုမြှင့် မှန်မှန်ကူးလာသော်တော့ အမော သက်သာသည်။ သူတို့နှစ်ယောက် ခရီးတဝက်ကျော်လာပြီ။ ကမ်းနှင့် တဖာလုံသာသာလောက်သာလိုတော့သည်။

အချိန်က ငါးနာရီလောက်ရှိပြီ။ နေလုံးကား ပင်လယ်ထဲသို့ နိမ့်ဆင်းစပြုနေပြီ။ အနောက်ဘက်ကောင်းကင်တွင် နီရဲနေသည်။ ပင်လယ်ကလည်း နီရဲနေသည်။ ရွှေပင်လယ်ကြီးနှင့်တူသည်။

"မောသလားတော့ ခိုမြှင့်"

သံချောင်းက ဓားကိုပါးစပ်ထဲမှ လက်ထဲသို့ပြောင်းယူရင်း မေးသည်။

"နည်းနည်းမောတယ်"

"မောရင်ဖြေးဖြေး"

သံချောင်းက စကားဆုံးအောင်မပြောနိုင်။ နောက်သို့ လှည့်ကြည့်ရာ မေန်းတကောင် အမြီးထောင်ကာ သူတို့နောက်သို့ လိုက်လာသည်ကို ရုတ်ကနဲမြင်လိုက်သည်။

"ဟိတ်ခိုမြှင့်၊ မြန်မြန်ကူး၊ မေန်းကြီး ဒီဘက်ကိုလာနေတယ်"

ရွှေမြင့် နောက်သို့လှည့်ကြည့်သည်။ ငမန်းကသူတို့နောက်က တတောလုံး ကောက်မှာ မြင်လိုက်ရသည်။ ငမန်းများသည် တခါတရံ ရေတက်နှင့် လိုက်လာကာ ကျောက်ညီနောင် သည်ဘက်ထိအောင်လာတတ်သည်။

သံချောင်းက ဓားကိုလက်တလက်ဖြင့်ကိုင်၍ လက်တဖက်ကယက်၍ ကူးလာရင်း ငမန်းအမြီးအနေကိုစောင့်ကြည့်သည်။

တော်သေးသည်။ ငမန်းက ကျောက်ညီနောင်ကိုပတ်၍ မြေပြင်ဘက်သို့ ပြန်လှည့်သွားသည်။ သူတို့ဆီသို့လာခြင်းမဟုတ်။

"ရွှေမြင့်ရေ မြန်မြန်ကူးပေတော့၊ ဒီနေ့ ဒီနားမှာ ငမန်းရှိတယ်"

သံချောင်းက ရွှေမြင့်ကိုအော်၍သတိပေးသည်။

ရွှေမြင့်က သူ့ရှေ့တော်တော်ရောက်နေပြီ။ သံချောင်းသည် ရွှေမြင့် နောက်သို့ ခပ်သွက်သွက်ကူးလိုက်ခဲ့သည်။ မကြာခင် ဘေးချင်းယှဉ်မိကြသည်။ ရွှေမြင့် တော်တော်မောနေပြီ။

သူတို့နှစ်ယောက် ဘေးချင်းယှဉ်၍ကူးလာကြစဉ် သံချောင်းက နောက်သို့ကြည့်လိုက်သည်။ ငမန်းတကောင် သည်ဘက်ကျော့လာပြန်ပြီ။ သည်တခါ သိပ်မဝေး။ ကိုက်တရာကျော်လောက်မှာရှိသည်။

"ဟိတ်ရွှေမြင့်၊ ကူးကူး မြန်မြန်ကူး။ ငမန်းလိုက်လာပြီ"

သံချောင်းက အော်ပြောသည်။ သည်တခါတော့ ငမန်းသည် သူတို့ နောက်ကို လိုက်လာခြင်းဖြစ်သည်။ နောက်က ကိုက်တရာ မကျော် ကျော်လောက်တွင် အမြီးတောင်ထောင်ကြီးကို မြင်လိုက်ရသည်။ အမြီးကြီးသည် ရေငုပ်သင်္ဘောခေါင်းတိုင်လိုပေါ်နေသည်။

"ကူး ကူး၊ မြန်မြန်"

သံချောင်းကထပ်အော်သည်။ ရွှေမြင့်အတွက် သံချောင်းစိုးရိမ်သည်။ ငါးစ် ရေတိမ်ပိုင်းနှင့်သိပ်မဝေးတော့။ ကိုက်နှစ်ဆယ်လောက်သာ လိုတော့သည်။ ရေတိမ်ပိုင်းရောက်လျှင် ကြောက်စရာမရှိတော့။ ကိုယ်က အသာစီးပြီ။ ကိုက်နှစ်ဆယ်လောက်ကိုတော့ သူလွတ်အောင် ကူးနိုင်



သည်။ မကူးနိုင်ဘူးထား၊ သူ့လက်ထဲမှာဓားရှိသည်။ သို့ရာတွင် ရွှေမြင့်က သိပ်မကူးနိုင်။ သိပ်မကျွမ်းတတ်။ သူ့လက်ထဲမှာ ဘာမှမရှိ။ အလာသက်သက်။ လက်ပန်းကျနေပြီ။ မောလည်းမောနေပြီ။

သံချောင်း ရွှေမြင့်ကိုရှေ့ကကူးခိုင်းသည်။ သူက နောက်ကကူးလိုက်လာသည်။ ကျောပေါ်ကပလိုင်းနှစ်လုံးကိုလည်း ဖြုတ်ချလိုက်သည်။ လက်ကဓားကို တင်းတင်းဆုပ်ထားသည်။

သိပ်မကြာ။ ငမန်းကဆွဲဟပ်လိုက်သည်။ သံချောင်းက လက်ထဲက ဓားဖြင့်ခုတ်သည်။ သံချောင်းနှင့်ငမန်းသည် လုံးထွေးနေကြသည်။ သူတို့ အနီးတွင် ရေစက်ရေမှုန်တွေ ဖွာကျနေသည်။ ငမန်းသည် သံချောင်း ပေါင်တဖက်ကို ကိုက်ဖြတ်လိုက်သည်။ ရေပြင်တွင် သွေးတွေရဲတက်လာသည်။ ငမန်းက သူ့မျှားထိထားသည့် ငမန်းဖြစ်သည်။ သံချောင်းက ငမန်းကို ဓားဖြင့် နှစ်ချက်ခုတ်သည်။ သို့ရာတွင် ရေထဲမှာဖြစ်၍ ခုတ်အားမကောင်း။ ငမန်းကိုယ်က သွေးတွေကလည်း ဖြာထွက်လာသည်။

ရွှေမြင့်က အတင်းကူးလာသည်။ နောက်လှည့်ကြည့်တော့ ဖွာထွက်လျက်ရှိသော ရေစက်ရေမှုန်များအကြားတွင် လုံးထွေးနေကြသော သံချောင်းနှင့် ငမန်းကိုမြင်ရသည်။ သို့ရာတွင် သူမကူးနိုင်တော့။ လက်ပန်းသိပ်ကျနေပြီ။ ထိတ်လန့်ခြင်း၊ ပင်ပန်းခြင်းတို့ကြောင့် အသက်ကိုပင် မှန်မှန်မရှူနိုင်တော့။

ကမ်းစပ်ရောက်၍ လှမ်းကြည့်လိုက်သည့်အခါတွင်ကား သံချောင်းကိုလည်း မတွေ့ရတော့၊ ငမန်းကိုလည်း မတွေ့ရတော့။

သူတို့နှစ်ဦး သတ်ပုတ်ခဲ့သည့်နေရာတွင် ဘာမှမရှိတော့။ ဝင်လယ် ရေပြင်ကြီးကိုသာမြင်ရသည်။ ထိုနေရာရေပြင်သည် ချင်းချင်းနီရဲလျက် ရှိနေပြီ။

ဝဲလှည့်ဆဲနေရာင်ကြောင့်လော၊ သွေးများကြောင့်လော၊ သို့မဟုတ် ထိုနှစ်ခုစလုံးကြောင့်လော။ ဤသည်ကိုမူ ရွှေမြင့်မသိ။

[ ၂၄ ]

သံချောင်းဆုံးရှုံးခဲ့ရခြင်းသည် သူတို့အတွက် အရာရာကို ဆုံးရှုံးခြင်း ဖြစ်သည်။

သံချောင်းနှင့်အတူ ပျော်ရွှင်မှုလည်းပါသွားပြီ။ ကြံလည်းပါသွား ပြီ၊ ဓားလည်းပါသွားပြီ။ သည်အရာတွေဆုံးရှုံးပြီး သံချောင်း ကျန်ရှိ နေသေးသည်ဆိုလျှင် ကံမှုရှိသေး။ သံချောင်းက ကြံစည်လုပ်တတ်သည်၊ တိုက်ခိုက်နိုင်စွမ်းရှိသည်၊ ဝင်ပန်းဆက်ခံစွာလုပ်နိုင်သည့် စွမ်းအား ရှိသည်။

ယခု သံချောင်းမရှိတော့ပြီ။

သံချောင်းသည် ငမန်း ၏ ချက် ထိ ထား သည့် လူ။ ငမန်းသည် သံချောင်း၏ကျောချက် ထိထားသည့်သတ္တဝါ။ သည်သတ္တဝါနှစ်ကောင် သည် တကောင်ကိုတကောင် အနိုင်သတ်ဖြတ်ရင်းဖြင့် ပင်လယ် အောက်သို့ ရောက်သွားကြပြီ။ ငမန်းကား သံချောင်းလက်ချက်ဖြင့် ပျောက်ပျက်ဆုံးရှုံးသွားပြီ။ သံချောင်းကား ဓားချက်ကိုလူသူကြီးခံထားရပြီ။ သည်တော့ သည်ငမန်းလည်း အသက်ရှင်မည်မဟုတ်၊ သံချောင်း လည်းသူ့ ပင်လယ်တနေရာတွင် သေနေမည်မှချဟုထင်သည်။



စင်စစ် သံချောင်းသေသွားသည်မဟုတ်။ သံချောင်းက ရေထဲတွင် ငမန်း ရောက် မမြှုပ်သည့်တိုင် သည်အကျွေးအစာလောက်ကိုတော့ လှော် ဆောင်ကူနိုင်သည်။ သူတို့ကမ်းစပ်ရေတိမ်နှင့် ကိုက်ပါသည် အကွာ လောက် ရောက်တော့ ငမန်းက ကိုက်ထားသလောက်မှာ ရှိနေသေးသည်။ သည်လောက်ကိုတော့ ရေရှည်၍ထိုးလိုက်လျှင်ပင် တရွက်တည်းနှင့် ရောက်နိုင်သည်။ စင်စစ် နောက်ကျ၍ ငမန်းအစားခံရသည့်သူက ရဲမြင့် ဖြစ်သည်။

သို့ရာတွင် ရဲမြင့်လက်ပန်းကျနေပြီကို သံချောင်းသိသည်။ ထို့ကြောင့် ရဲမြင့်ကို ရှေ့ကကူးစေကာ သူနောက်ချန် နေရစ်ခဲ့ခြင်းဖြစ်သည်။ သံချောင်းသည် ရဲမြင့်အတွက် ငါးစာခံလိုက်ခြင်းသာ ဖြစ်သည်။

သည်အဖြစ်ကိုတွေးမိတိုင်း ရဲမြင့် နှလုံးကြေကာငိုသည်။ အထူး သဖြင့် သံချောင်း၏ ခြေရာလက်ရာများကိုမြင်တိုင်း ရဲမြင့် ငိုမိသည်၊ ကျွန်းတကျွန်းလုံး မည်သည့်နေရာကိုကြည့်ကြည့်၊ သံချောင်း၏ ခြေရာ လက်ရာနှင့် မကင်း။

သူတို့ကျောက်ဂူရှေ့က ကျောက် တန် တိုင်း သည် လည်း သံချောင်း ကြည့်ဆောက်ခဲ့သော ကျောက်တန်တိုင်းဖြစ်သည်။ လေလည်းကွယ်စေ၊ အစေ့အတွက်လည်း၊ ထိုနေရာသည့် သစ်တောဖြင့် သံချောင်း ဆောက်ခဲ့ ခြင်းဖြစ်သည်။ သံချောင်းမရှိသည့် နောက်တွင် သူတို့နှစ်ယောက်သည် ကျောက်တန်တိုင်းကိုလည်း မဆောက်ကြတော့။ ကျောက်ထုံးလည်း မသယ်နိုင်တော့။

သံချောင်းစိုက်ခဲ့သည့် တောင်ယာတွင် သင်းတောသီး အနုအကင်း ကလေးတွေ ပြန်ထွက်နေကြပြီ။ တချို့ ငှက်ပျောပင်တွေက အခိုင်တွေ ထွက်နေပြီ။ ပိန်းဥများအုနေကြပြီ။

သံချောင်းစွဲထားသည့် တောင်ကလေးကိုမြင်တော့ ပို၍ စိတ်ထိခိုက် ရသည်။ တောင်က အလျားဆယ့်ဝါးပေ၊ အနံ ဆယ်ပေလောက်ရှိသည်။

ခွဲသစ်သားများကို ကြိမ်များ၊ နွယ်များဖြင့် ချည်ထားသည်။ လှိုင်းဒဏ်ကို ခံနိုင်အောင် သင်တုံးတွေ ပြုတ်ထွက်မသွားအောင် ချည်ထားသည်။ ရေဒဏ် ခံနိုင်အောင် ရေနံသုတ်ထားသည်။ ဘေးက ဝါးလုံးဝါးများကို ပူးချည်ထားသည်။ ရွက်တိုင်၊ ပဲ့ဝါး၊ ခတ်တက် စသည်တို့ ပြည့်စုံနေပြီး ပင်လယ်သို့ ရေချရန်သာ ကျန်တော့သည်။

သံချောင်းသာရှိလျှင် သည်အချိန် သူတို့ထွက်ခွာနေပြီ၊ ပင်လယ်ထဲသို့ ရောက်နေကြပြီ။

သို့ရာတွင် ယခု သံချောင်းမရှိတော့။ သူတို့နှစ်ယောက်မှာ လမ်းဆုံးဆိပ်ခံမျှော်မှသလို ဖြစ်ကြရသည်။ ငြိမ်မှ လက်မှိုင် ဖြစ်ကြရသည်။

သူတို့နှစ်ဦးသည် သံချောင်းအကြောင်းကို တဖွဖွ ပြောမိကြသည်။ ပင်လယ်ထဲတွင် ငမန်းတကောင်ကို လှမ်းမြင်ရသည့်အခါ၌ သံချောင်းရှိလျှင် ရအောင်မှားမည်ဟု သူတို့ တွေးမိကြသည်။ တခါက ပင်လယ်ကမ်းအစပ်ဘက် အတော်လှမ်းလှမ်းဝေးသော ရေနက်ထဲတွင် စည်ပိုင်းကြီးတလုံး မျောလာသည်ကို သူတို့မြင်ရသည်။ သံချောင်းရှိလျှင် ထွက်ဆယ်မည် မုချဟု သူတို့ပြောမိကြသည်။

သူတို့နှစ်ဦးသည် ရက်ပေါင်းများစွာ အစာရှာမထွက်ကြ။ သံချောင်း လုပ်ခဲ့သော လိပ်သားခြောက် ကျပ်တင်များ၊ သံချောင်းရှာထားခဲ့သည့် လိပ်ဥများ၊ သံချောင်းစိုက်ခဲ့သည့် ပိန်းဥများ၊ ငှက်ပျောသီးများ၊ သင်းဘောသီးများကို စားကြသည်။

ဆောင်းရာသီတွင် တိရစ္ဆာန်များ မြေတွင်းအောင်းသလို သူတို့နှစ်ဦးသည် ကျောက်ဂူထဲတွင်သာ အောင်းနေကြသည်။

“ကိုသံချောင်းသာရှိရင် ဒီအချိန်လောက်ဆို ထွက်ခွာလို့ ပင်လယ်ထဲ ရောက်နေကြပြီနော် ဦးလေး”



ခမြင့်က ပင်လယ်ကြီးကို ငေးကြည့်ရင်းပြောသည်။

“အင်း”

ကိုနန္ဒာက ပက်လက်လှန်၍ ကျောက်ဂူခေါင်မိုးကိုကြည့်ကာ ငေးစား နေရာမှ ပြောသည်။

“ဘာလိုလိုနဲ့ ဒီကျွန်းမှာ လူနှစ်ယောက် သေသွားပြီနော်”

“သေတာချင်းတူပေမယ့် သေပုံချင်းတော့ ကွဲပါတယ် ခမြင့်။ ဦးဘရှိန်က တကိုယ်ကောင်းဆန်ပြီးသေရတာ၊ လောဘကြောင့် သေရတာ။ သံချောင်းက သူတပါးအတွက် အသက်စွန့်ရတာ။ သေပုံချင်း မတူကြပါဘူး”

“အစကတည်းက ကိုသံချောင်းသာမရှိရင် ကျွန်တော်တို့ ခုထိတောင် အသက်ရှင်ချင်မှ ရှင်မှာ”

“သေချာပါတယ်။ သံချောင်းမရှိခဲ့ရင် ဒို့ ဒီလောက် ကြာကြာ အသက်ဘယ်ရှင်နိုင်ပါ့မလဲ။ ဒို့ကိုသံချောင်းဘဲ ကျွေးမွေးခဲ့တာပဲ။ ဒို့က ဘာများလုပ်တတ်လို့လဲ။ ဒို့ဟာ သံချောင်းထက်တော့ ပညာတွေ အများကြီးတတ်ပါရဲ့။ ဒါပေမယ့် ထန်းပင်မတက်နိုင်ဘူး၊ တောင်မတက်နိုင်ဘူး၊ တောမတိုးနိုင်ဘူး၊ လိပ်ဥမတူးတတ်ဘူး၊ ငမန်းမမျှားတတ်ဘူး၊ အိမ်မဆောက်တတ်ဘူး။ တကယ့် အခက်အခဲကျတော့ ကိုယ့်ဘာသာ အသက်ရှင်အောင် ဘယ်လို လုပ်ရမယ်ဆိုတာ ဒို့ဘာမှ မသိဘူး။ သံချောင်းဟာ ရှိတဲ့အခက်အခဲတွေကို ကျော်လွှားတယ်၊ ရှိတဲ့ အခြေအနေထဲက အကောင်းဆုံးဖြစ်အောင် ကြိုးစားတယ်၊ အပင်ပန်းခံတယ်၊ တက်ကြွတယ်၊ အားမာန်သတ္တိ အပြည့်ရှိတယ်။ သံချောင်းသာမရှိရင် ပင်လယ်ကြီးကိုဖြတ်ဖို့ စိတ်ကူး ဘယ်ပေါ်နိုင်ပါ့မလဲ”

“ကိုသံချောင်းသာရှိရင် တကယ်ဖြတ်မှာနော်”

ခမြင့်က မေးသည်။

"မြတ်မွာလေ၊ သံချောင်းလို ပိုင်းဖြတ်မှုရှိတဲ့လူဟာ ဘာကိုမှ မကြောက်ဘူး။ ပိုင်းဖြတ်မှုရှိတဲ့လူဟာ အခက်အခဲကို မကြောက်ဘူး၊ ပင်ပန်းဆင်းရဲမှုကို မကြောက်ဘူး၊ အသက်စွန့်ရမှာကို မကြောက်ဘူး။ ဒါတွေကိုကျော်လွှားပြီးမှ ပန်းတိုင်ကို ရောက်ကြမှာဘဲ။ ရည်မှန်းချက် ပန်းတိုင်တခုကိုရောက်ဖို့ဆိုတာ အခက်အခဲတွေကို ကျော်လွှားရမယ်။ ပန်းတိုင်ကိုသွားရတယ်ဆိုတာ လရောင်အောက်မှာ လမ်းလျှောက်တာ မဟုတ်ဘူး။ ဂီတာတီးတာမဟုတ်ဘူး၊ ကဗျာရွတ်တာမဟုတ်ဘူး၊ ရွှေငါး မွေးတာမဟုတ်ဘူး။ အပင်ပန်းခံရတာ၊ တောတောင်ကို ကျော်ရတာ၊ ပင်လယ်ကိုဖြတ်ရတာ၊ ရန်နဲ့ သက်စွန့်ဆံဖျား သတ်ရတာ။ ပန်းတိုင် လျှောက်ရင်း ကျဆုံးသွားတဲ့ အခါတွေလဲ ရှိကြတာဘဲ။ ဒါပေမယ့် ကျဆုံးရတာချင်းအတူတူ၊ ကျရတာချင်းအတူတူ သံချောင်းရဲ့သေရပုံက လေးနက်ပါတယ်၊ အဓိပ္ပာယ်ရှိပါတယ်"

ကိုနန္ဒာက ထထိုင်ကာ ဝါးဆေးပြင်းတံကို ဆေးရိုးထည့်၍ ဖောက် သွားသည်။

"ဟုတ်တယ်နော် ဦးလေး၊ လူတွေဟာ အသက်ရှင်နေပုံချင်း တူကြပေမယ့် သေပုံချင်းတော့မတူကြဘူး။ ဥပမာ ဦးဘရန်နဲ့ သံချောင်း"

မြိုင်က လေးနက်စွာ တွေးတောနေဟန်ဖြင့် ပြောသည်။ ကိုနန္ဒာက ခေါင်းရမ်းသည်။

"သေပုံချင်းလဲ မတူပါဘူး၊ အသက်ရှင်နေပုံချင်းလဲ မတူပါဘူး။ ဒီ ထမင်းစားပြီး ဒီနေ့ရာသက်ရောက်နေကြတဲ့နောက် အပေါ်ယံအားဖြင့် တူတယ်လို့ ထင်ရတာပါ။ တကယ်က သေပုံမှာလဲကွာတယ်၊ အသက်ရှင်နေပုံ ချင်းလဲကွာတယ်။ ဦးဘရန်က သူတယောက်ထဲအတွက် အသက်ရှင်တယ်၊ သူ့တကိုယ်ကောင်းဘဲ ကြည့်တယ်။ သံချောင်းက ဒို့အားလုံးအတွက် ကြည့်တယ်၊ ဒို့အားလုံးအတွက် အသက်ရှင်တယ်။ အမြင်ကျဉ်း ကြည့်



ရှင်တော့ ဦးဘရန်ဟာ လူ့ကုံထံကြီးဘဲ။ တိုက်နဲ့ ရွှေနဲ့ ငွေနဲ့ ကားတွေ တွေနဲ့။ ဒါပေမယ့် အတွင်းလှန်ကြည့်လိုက်တော့ လူတွေကို ခေါင်းပုံ ဖြတ်၊ မှောင်ခိုကုန်ကူး၊ မတရားသဖြင့် စီးပွားရှာ၊ ဗျိုက်၊ အမျိုး သမီးတွေကိုလိုက်သိမ်း။ ဒီတော့ ဘဝတလျှောက်လုံး ဒီလိုနေလာခဲ့တဲ့ လူဟာ လူတွေကို စာနာစိတ်၊ ကရုဏာစိတ်၊ ရိုင်းပင်းစိတ်ဆိုလို့ နဲနဲမှ မရှိတော့ဘူး။ သူ့မှာ တကိုယ်ကောင်းစိတ်၊ ရှေ့သာနိုင်စိတ်၊ လှည့်ကွက် နဲ့ ဖြတ်လမ်းလိုက်ချင်တဲ့စိတ်ဘဲ ရှိတော့တယ်"

"သံချောင်းကတော့"

"သံချောင်းကတော့ ရှင်းပါတယ်။ သံချောင်းဘဝဟာ မုဆိုးမသား၊ အမေက အမှောက်ကျပြီး အသက်ခံသွားရတယ်။ စားစရာမရှိဘူး၊ နေစရာ မရှိဘူး။ လူမှန်းသိစရွယ်ကတဲက ကျွဲကျောင်း၊ ရှေးရောင်း၊ တင်ငါ လုပ်၊ ကူလီလုပ်၊ ဖက်လျှော့လိုက်နဲ့ ထမင်းတလေးလေလုပ် စားရပါမယ့် အရေး ပင်ပင်ပန်းပန်း လုပ်ခဲ့ရတယ်၊ အနိုင်ခံ ခံခဲ့ရတယ်၊ အစော်ကား ခံခဲ့ရတယ်၊ အနိုင်ကျင့် ခံခဲ့ရတယ်။ ဒို့နဲ့ဘဲ ယှဉ်ကြည့်ပါလေ။ မင်းတို့ ငါတို့အမိနဲ့ အဆင်မပြေတာ၊ စိတ်ညစ်ရတာ၊ စာမေးပွဲ ကျရတာတွေ ဟာ သံချောင်းရဲ့ အခက်အခဲတွေနဲ့စာရင် ကလေးကစားစရာလောက်ဘဲ ရှိတယ်မဟုတ်လား။ မင်းတို့က နံပတ်မိုး ရှုစရာမရှိလို့ စိတ်ဝှက်ရှုနောက် နေရှိန်မှာ သံချောင်းအဖို့ ထမင်းတလုပ်စားဘို့ မနဲလုပ်နေရတယ်။ မင်းက စာမေးပွဲကျလို့ စိတ်ညစ်နေချိန်မှာ သံချောင်းက ကျောင်းနေဖို့ တောင် စိတ်မကူးနိုင်တော့ဘူး။ မင်းက မိတွေးနဲ့နေရလို့ စိတ်ညစ်နေ ချိန်မှာ သံချောင်းမှာ မိတွေးတောင် ခေါ်စရာ မရှိတော့ဘူး။ ဒီတော့ မင်းတို့ ငါတို့ စိတ်ညစ်ရတယ်၊ ဆင်းရဲတယ်ဆိုတာတွေဟာ သံချောင်း ဆင်းရဲရတာ၊ စိတ်ညစ်ရတာတွေနဲ့စာရင် ဘာမှ မပြောပလောက်ဘူး။ ခက်တာက လူတွေဟာ သွားနိုင်သွားရင် ယမ်းတလေးအပေါ်က လှုပ်စုံ

သွားရင် ဘဝဆုံးပြီ၊ လှလှပပလေးဖြစ်ချင်တိုင်း စိတ်ညစ်ကြ၊ ငွေဆွဲကြ၊ ဈေးကကောက်ကြ၊ ဆောက်တည်ရာမရ ဖြစ်ကုန်ကြတယ်။ ကြိတ်ကြိတ်ခံတို့၊ ရုန်းကန်တို့၊ ကျော်လွှားတို့ စိတ်မကူးကြတော့ဘူး”

ကိုရွှေဘက ဆေးတံကို ခေါက်လိုက်သည်။

“ဒီလိုသာ စိတ်ပျက်ကြမှတော့၊ အားလျှော့ကြမှတော့ဆိုရင် သံချောင်း ဘဝက ဘာအသက်ရှင်ဖို့ ကျန်တော့လို့လဲ။ ဒါပေမယ့် သံချောင်းက စိတ်မပျက်ဘူး၊ မှိုမှိုခြောက်ခြောက် ကြီးနေတယ်။ သူ့ဘဝကို သူချစ်တည့် နိုင်အောင် ရုန်းကန်တယ်။ ဘာမှမရှိတဲ့ ဒီကျွန်းကလေးပေါ်မှာတောင် သံချောင်းဟာ အသက်ရှင်လို့ ဖြစ်အောင်လုပ်တယ်၊ သဘာဝ အခက် အခဲတွေကို ကျော်လွှားတယ်၊ ဖို့ကို ရှာကျွေးတယ်။ ငါထင်ပါတယ်။ သူ့ကိုယ်၌က အကိုက်ခံ၊ အစော်ကားခံ၊ အငြင်းပယ်ခံဘဝက လာခဲ့ ရတော့ သံချောင်းဟာ ဖို့ကို ငဲ့ညှာသလို သူ့လို ဘဝတူတွေကိုလဲ ငဲ့ညှာမှာဘဲ၊ စာနာစိတ်ရှိမှာဘဲ”

“ဦးလေးပြောတာ ဟုတ်တယ်” ခင်မြင့်ကပြောသည်။ “ကျွန်တော် တို့တွေ စိတ်ညစ်ရတယ်ဆိုတာ ကိုသံချောင်းရဲ့ ဘဝနဲ့စာရင် ဘာမှ မဟုတ်ဘူး။ တနည်းတော့ ကျွန်တော့် အတွက် ကောင်းပါတယ်။ စက်လှေပျက်ပြီး ဒီကျွန်းပေါ်ကို ရောက်တာဟာ ကျွန်တော့် အဖို့ ဘိန်းရှုပြတ်သွားပြီ။ မပြတ်ချင်လို့ မရတော့ဘူး။ ပြီးတော့ ကိုသံချောင်း ဆီကလဲ သင်ခန်းစာတွေအများကြီးရလိုက်တယ်။ အပင်ပန်းခံလိုတဲ့စိတ်၊ ကိုယ်ချင်းစာနာစိတ်၊ အခက်အခဲကို တွန်းလှန်ချင်တဲ့စိတ်၊ လွယ်လွယ်နဲ့ လက်မလျှော့ချင်တဲ့စိတ်တွေ ရလိုက်တယ်။ ရန်ကုန်မှာသာ ဆိုရင် ကျွန် တော်လဲ ခုလို ဘိန်းပြတ်ချင်မှပြတ်မှာ၊ အခက်အခဲကိုကျော်လွှားခဲ့တဲ့ သတ္တိမျိုး၊ ကိုယ်ချင်းစာနာတတ်တဲ့ စိတ်မျိုး ပေါ်ချင်မှပေါ်မှာ”



သူတို့နှစ်ဦးသည် အားအားရှိတိုင်း သံချောင်း၏ အကြောင်းကို ပြော ကြသည်။ သံချောင်းကို အမှတ်ရကြသည်။ လွမ်းကြသည်။

သို့ရာတွင် သံချောင်းကို အမှတ်ရနေရုံ၊ လွမ်းနေရုံနှင့်မပြီး။

သူတို့သည် သံချောင်းလို လှုပ်ရှားရဦးမည်။ သံချောင်းလို လှုပ်ရှား ရန် သူတို့ဘဝက တောင်းဆိုနေပြီ။ သူတို့တွင် လိပ်ဥမရှိတော့၊ လိပ် သားခြောက်မရှိတော့၊ ငါးခြောက် မရှိတော့။

ခရောင်း ထက်ဘ ကျောက်တောင်း ကျောက်ဆွန်းတို့ဖြင့် ဖွဲ့စည်းထား နေသည့် ကျောက်ဆောင်ပြင်ကြီးကို ဖြတ်ကာ လိပ်သောင်သို့ သွားရ သည်။ ကျက်ကျက်ပူ ပူပြင်းသော နေရောင် အောက်တွင် ခရီးသွား ရသည်။ ကျောက်ဆောင် ကြားက မဲမှောင်သော ချောင်းတွင် ခရ ဖုပ်ရသည်။ ဝေလတွင် အရွက်များသဲ့ကဲ့သို့ ပေါ်ထိုးထွက်ရှိသည့် အုန်းပင် ထိပ်များသို့တက်ကာ အုန်းသီး ခူးရသည်။ ကြိမ်ဆူး၊ ကြခတ်ဆူး၊ အလွယ်တကူ မရပင်များကြားသို့ တိုးဝှေ့ကာ မှိုင်းချိုးခြင်း၊ မြှားချိုးခြင်း၊ ခုတ် လှဲခြင်း စသည့် အလုပ်များကို လုပ်ရသည်။ ကျန်ရစ်ခဲ့သည့် ဝါးခြမ်း ကလေးများဖြင့် သံချောင်း ဓါးတင် ရှိနေသည့် တောင်စောင်းတွင် တောင်ယာခိုက်ရသည်။ သံချောင်း ရှာဖွေ တွေ့ရှိခဲ့သော ဘီး ပြမ်းသွား ခရမ်း တောများကို အသစ်စိုက်ရသည်။

သည်လိုနေတော့ သူတို့နှစ်ယောက် လိပ်သောင်ကျွန်းအလာ ‘ရွှေရင် ဆို့’ ကမ်းပါးထိပ်တွင် နားကြသည်။ လေရူးလေက တိုက်နေသည်။ အချမ်းလေညှီဖြစ်ရ၍ နည်းနည်းတော့ချမ်းသည်။

‘ရွှေရင်ဆို့’ ကမ်းပါးတွင်နားရ၍ တရေးတမော အိပ်လိုက်ရသည် ဆိုလျှင် အမောပြေသွားပြီ။ သူတို့ နှစ်ယောက်သည် ကမ်းပါးထိပ်က ကျောက်ဆောင်ကြီးမှာ အိပ်ပျော်သွားခဲ့ကြခြင်း ဖြစ်သည်။

မည်မျှကြာကြာ အိပ်ပျော်သွားသည်မသိ။

"ဦးလေး၊ ဦးလေး။ ထ ထ။ သင်းခေါ၊ သင်းခေါ"

ရဲမြင့်အလှုပ်နှိုးသဖြင့် ကိုနန္ဒာ နိုးလာသည်။ နံနက် ဝေလီဝေလင်း ထိပ်တက်ချိန်က ထွက်သွားသော သူတို့'ရွှေရှင်ဆို့'ကမ်းပါးပေါ် အိပ်၍ တရေးနိုးတော့ မွန်းတည့်လုပြီ။

ကိုနန္ဒာက ကမန်းကတန်းထကာ မျက်လုံးကို ပွတ်သည်။
"ဦးလေး၊ သင်းခေါကြီး၊ သင်းခေါကြီး"
ရဲမြင့်က ဝမ်းသာအားရ ထခုန်ရင်း ပြောသည်။
"ဟော"

ကိုနန္ဒာသည်တော့မှ အိပ်မက် မက်နေခြင်းမဟုတ်ကြောင်းသိသည်။ ရဲမြင့်ပြရာသို့ ကြည့်လိုက်တော့ ပင်လယ်ကြီးထဲတွင် မှုံသေဖွာလောက် မျှရှိသော သင်းခေါ တစင်းကို မြင်ရသည်။

"ဒီဘက်ကို ချတ်လာနေတာဗျ"

ကိုနန္ဒာ သေသေချာချာ ကြည့်တော့ ရဲမြင့် ပြောသည့် အတိုင်း သင်းခေါက သူတို့ကျွန်းဘက်သို့ ဦးလှည့် ထားသည်။ 'ရွှေရှင်ဆို့' ကမ်းပါးထိပ်က မျက်ကြည့်နေရင်း သင်းခေါသည် တဖြည်းဖြည်းနီးလာသည်။ သင်းခေါ၏ အရောင် အသွေးကို မြင်ရ၍ သင်းခေါက သိပ်မကြီး၊ ခပ်သေးသေး ဖြစ်သည်။ သင်းခေါက ကမ်းနှင့် တမိုင် ကွာလောက်မှာ ကျောက်ချသည်။ ပြာမှောင်သော ရေပြင်ပေါ်တွင် ဘဲတကောင် မျောနေသည်နှင့် တူသည်။

ရဲမြင့်က ဝမ်းသာအားရ အော်ကာ လက်နှစ်ဖက် မြှောက်ပြသည်။ ပါးစပ်ကလည်း အသံကုန်အော်သည်။



သူတို့ ကြည့်နေစဉ် သင်းခေါ ပေါ်မှ အသက်ကယ် လှေတစင်း ကျလာကာ ကမ်းပါးဘက်သို့ လှော်လာသည်ကို မြင်ရသည်။ လှေပေါ်တွင် လူဆယ်ယောက်ခန့် ရှိမည်ထင်သည်။

သေချာပြီ။ သင်းခေါသည် သည်ကျွန်းသို့ လာခြင်း ဖြစ်သည်။ အသက်ကယ်လှေက ခရီးတဝက်လောက်အထိ ရောက်လာပြီ။

သည်တော့ ကိုနန္ဒာနှင့် ရဲမြင့်'ရွှေရှင်ဆို့' ကမ်းပါးပေါ်မှ ခပ်သုတ်သုတ် ဆင်းကြသည်။ ဝမ်းသာခြင်း၊ အံ့ဩခြင်းတို့ကြောင့် လက်ခြေတွေ တုန်နေသည်။ ကမ်းပါးမှအဆင်း ချော်ကျမည်ရှိ၍ ကိုနန္ဒာက ရဲမြင့်ကို မကြာခဏ သတိပေးရသည်။

ကမ်းပါးအောက်ခြေ ရောက်တော့ ကျောက်ဆောင်ပြင်ကို ဖြတ်ရမည်၊ ကျောက်ဆောင်ပြင် ပြီးလျှင် သောင်ပြင်ကို ဖြတ်ရမည်။

ကမ်းပါးအောက် ရောက်သည်နှင့် သူတို့နှစ်ယောက်သည် ကျောက်ဆောင်ပြင်ကြီးကို ဖြတ်ပြေး ကြသည်။ သည်ကျောက်ဆောင် ပြင်က ရေစောင်းတိုက်ထားသဖြင့် တချို့နေရာများတွင် ကျောက်ဆောင်ကြီး များသည် မြောင်းသွယ်ကြီးများကို ဖြစ်နေသည်။ တချို့ ကျောက်တုံးကြီး တွေက ချောနေသည်။ တချို့ကျောက်တုံးကြီးတွေက ကျားလျှာတွေ ဝိုက်ထားသည့်နှယ် ကျောက်ချွန်တွေ ထွက်နေသည်။ သူတို့နှစ်ယောက်သည် ကျောက်ဆောင်၊ ကျောက်ဆူး၊ ကျောက်ချွန်တွေကို သည်လောက် မြန်မြန်ဖြင့် မည်သို့ကျော်ဖြတ် ပြေးလွှားလာခဲ့သည်ကို စဉ်းစား၍မရ။

သောင်စပ်သို့ ရောက်လာ ကြတော့ ပန်းမွေ့ရာပေါ် ပြေးရ သလို အတား အဆီးမရှိ၊ အထစ်အငေါ့မရှိ၊ ခုန်ပြေးဆင်းလာကြသည်။
သည်အချိန်တွင် လှေက ရေစပ်မှာ တိုးဆိုက်သည်။

ဂေလော့ပေါ်က လူတွေက သေနတ်များဖြင့် ချိန်ကာ ထဲ့တာတာ အော်ပြောသည်။ သို့ရာတွင် သူတို့နားမဝင်။ မည်သည်ကို အော်နေမှန်း မသိ။

သူတို့ နှစ်ယောက်၏ အော်သံမှာ သူတို့နားတွင် ဆူညံနေသည်။ လှိုင်းသံ၊ သူတို့နှစ်ယောက် အော်သံ၊ ဂေလော့ပေါ်က လူများ၏ အော်သံ များ ရောထွေးနေသည်။

သောင်စပ်ရောက်၍ သေနတ်ဖြင့် ထိုးချိန်တော့မှ သူတို့နှစ်ယောက် ရပ်ကြသည်။

ဂေလော့ပေါ်က လူများကလည်း သူတို့နှစ်ယောက်ကို အထူးအဆန်း သဖွယ် ကြည့်နေကြသည်။ သူတို့ အဝတ်အစားက စုတ်ပြတ် နေပြီ။ ဆံပင်တွေက ကျောပေါ်ရောက်နေပြီ။ ကိုယ်တွင် အင်္ကျီမပါ။ အသား တွေက နေလောင်လောက်ကြောင့် မဲနေပြီ။ ခြေကိုယ်များက အနာပေါ် အရေတက်နေပြီ။

လူရိုင်းလော၊ လူဆိုးလော၊ လူကောင်းလော ဆိုသည်ကို ဂေလော့ပေါ်က လူများ အကဲခတ်ကြဟန်တူသည်။

သူတို့နှစ်ယောက်ကလည်း ဂေလော့ပေါ်က လူများကို အထူး အဆန်း သဖွယ်ကြည့်နေမိသည်။ စင်စစ် ဂေလော့ပေါ်က လူများက ထူးထူး ဆန်း ဆန်း အဝတ်အစား၊ ထူးထူး ဆန်းဆန်း အသွင်အပြင်များ ရှိနေ၍ မဟုတ်။ သာမန်အဝတ်အစား၊ သာမန် အပြင်အဆင် မျှသာ ရှိသည်။ သူတို့မျက်စိတွင် ထူးဆန်းနေကြခြင်းမှာ အဝတ်အစားနှင့် အသွင်အပြင် များကို ကာလအတန်ကြာ မမြင်ခဲ့ရသောကြောင့် ဖြစ်သည်။

ဂေလော့ပေါ်က လူတွေက စကားတွေ ပြောနေသည်၊ မေးခွန်းတွေ မေးသည်။ သို့ရာတွင် သူတို့နှစ်ယောက်မကြား။



"ဟော့ ကိုရိုးထွန်း၊ ဟော့ ရဲမြင့်"

ရင်းနှီးသည့် အသံတသံကို ကြားလိုက်ရပြီး လူတယောက် သူ့ကို လာဖက်သည်။

"ကိုဇော်ဝင်း"

ကိုနန္ဒာသည် သူ့ပခုံးကို ဖက်လိုက်သည်။ မျက်ရည်တွေ လည်လာ သည်။ ရဲမြင့်က ကိုဇော်ဝင်းကို ဝင်ဖက်သည်။ သူက မျက်ရည်လည်ရုံ သာမက အသံထွက်အောင် ငိုသည်။ ကလေး တယောက် ကြိုးကြိုး စားစား အလုပ်တခုကိုလုပ်ပြီးနောက် အောင်မြင်သွားသော အခါ ဝမ်းသာခြင်း၊ ထိတ်လန့်ခြင်းတို့ကြောင့် ငိုရှိုက်ဟန်တူသည်။

ကိုနန္ဒာက အဖြစ်အပျက်ကိုပြောပြသည်။ သို့ရာတွင် အကျယ်အဝန်း စီကာပတ်ကုံး ပြောနိုင်သည်မဟုတ်။ စိတ်ထဲရှိရာ ပါးစပ်ထဲပေါ်ရာ ပြောခြင်းမျိုးဖြစ်သည်။ ကိုဇော်ဝင်းတို့က ဝင်မေးသည့်အခါမေးသည်။

"ကျွန်တော်တို့ အကောက်ခွန်ဌာနကလူတွေနဲ့ ဆိပ်ကမ်းသွားနေပါပြီး ဦး မှောင်ခိုစက်လှေတွေကို လိုက်ဖမ်းရင်း ဒီဘက်ရောက်လာတာ မနေ့ညကတဲ့က ဒီကျွန်းနားမှာရှိတယ်။ မနေ့ညက မီးမြင်ရတယ်။ ဒီနေ့မနက်ကျတော့လဲ သစ်ပင်ထိပ်များမှာ အဝါလိုလို ဘာလိုလို လှမ်းတွေ့ရတယ်။ ဒါနဲ့ ကမ်းကပ်ကြည့်မယ်ဆိုပြီး ဝင်လာကြတာ"

ကိုဇော်ဝင်းတို့ အစီအစဉ်က ကျွန်းရောက်သည့်နေ့တွေ တည ဆိပ်မည်။ ထိပ်သောင်သို့တက်၍ ထိပ်ဦးလေးထား၊ မျှောလေးထား၊

ထုန်းပင်ကလေးအစ ရှာဦးမည်။ "ထုန်းရည်ကလေးအစ သောက်ဦးမည်။ နံနက်စောစောတွင် အားဝယ်သို့ပြန်ထွက်မည်ဟု ဆိုသည်။

ညနေတွင် ကျွန်းကိုတပတ်ပတ်၍ သင်းဘောသို့ပြန်ကြသည်။ ခင်မြင့်က ခရုခွံတွေ၊ ဆီမီးခေါက်ပန်း၊ ဆတ်သွားဖူးပန်း၊ ပင်လယ်ကဏ္ဍန်းနှင့် တောပန်းမျိုးများကို တပွေ့ကြီးယူလာသည်။

ထိုညနေက ကိုနန္ဒာနှင့်ခင်မြင့် တညလုံးမအိပ်။ အိပ်၍လည်းမရ။ ရင်တွေက အနှုန်းမြန်နေသည်။ ကိုဇော်ဝင်းနှင့် တညလုံး စကားပြောကြသည်။

ကိုဇော်ဝင်းက စက်လှေနစ်သည့်သတင်းကိုကြားကြောင်း၊ လုံးဝ အစအနမရှာမရကြောင်း၊ ကိုနန္ဒာ၊ တင်ထွန်းအောင်နှင့် ခင်မြင့်တို့ အိမ်များမှ အားဝယ်သို့လိုက်လာကြကြောင်း၊ အိမ်များက သူတို့အတွက် သပိတ်သွတ်ပြီးကြောင်း၊ သွယ်၊ မျိုးသန္တာနှင့် ဝင်းဝင်းတို့ ငိုကြသည့် အကြောင်းများအားလုံးကို ပြောပြသည်။ ခင်မြင့်တယောက် နံပတ်ဖိုး ပြတ်သွား၍ ဝမ်းသာကြောင်း၊ ခင်မြင့် နံပတ်ဖိုးပြတ်ပုံကို သတင်းစာများအား ပြောပြသင့်ကြောင်း၊ နံပတ်ဖိုးပြတ်စေသည့်နည်းမှာ အလုပ်ကြမ်းလုပ်ခြင်း၊ ဆင်းရဲပင်ပန်းခံရန်လေ့ကျင့်ခြင်း၊ ပိုင်းဖြတ်မှုရှိခြင်း စသည်တို့ဖြစ်မည်ထင်ကြောင်းဖြင့် ရယ်စရာ၍ပြောပြသည်။

အရှေ့ဘက်ပင်လယ်မှ အရုဏ် နီရဲ၍လာပြီ။

သင်းဘောလည်းထွက်တော့မည်။ သည်တော့မှ သူတို့စကားဝိုင်းကို ရုပ်သိမ်းကြသည်။ ခဏကြာတော့ သင်းဘောစက်ခန်းက အသံမြည်လာပြီ။ သင်းဘောစက်သံကိုကြားရတော့ သံချောင်းကို အမှတ်ရသည်။ သံချောင်းတယောက် ပြန်မပါလာတော့ပြီ။ ပင်လယ်တွင် ကျင်လည်



ခဲ့သော သံချောင်း၊ ပင်လယ်ကိုချစ်သော သံချောင်းသည် ပင်လယ်မှာ နေရစ်ခဲ့ပြီ။

အရှေ့က နေဝန်းနီနီ၏ ရောင်ခြည်နုများသည် ပင်လယ်လှိုင်းများ များပေါ်သို့ ဖြာကျလာကြသည်။

သူတို့နှစ်ယောက်သည် တဖြည်းဖြည်းဝေးစပြုသောကျွန်းကို ငေးကြည့်ကြသည်။ မှည့်မြိုင်မြိုင်ကျွန်းသည် နံနက်ခင်း နေခြည်တွင် လင်းပိုင်ကြီးတကောင် ရေပေါ်တက်၍ နေစာလှုံနေသည်နှင့်တူသည်။

ချွေးသားကောင် ထိုး၍အလိုက်သလို ခင်မြင့်က တရှက်ရှက်ငိုက်၍ရှိုက်လိုက်သည်။ ကိုနန္ဒာက မျက်ရည်စဝဲ့သော မျက်လုံးများဖြင့် ခင်မြင့်ကို လှည့်ကြည့်သည်။ မငိုနဲ့ အားမငယ်နှင့်။ သည်အချိန်မျိုးတွင် ခင်မြင့် ငိုမည်။ သည်အချိန်တွင်ငိုခြင်းသည် သဘာဝကျသည်။ ငိုပြီးသွားလျှင် ရင်ပေါ့သွားမည်။ ကျေနပ်သွားမည်။ သည်နောက် အားပြည့်လာမည်။ ပူဆွေးခြင်းကို ခွန်အားအဖြစ် ပြောင်းရာတွင် မျက်ရည်များသည် ခေတ်အားချောင်းတက်ဖြစ်သည်။

ခဏကြာလျှင် ခင်မြင့် အငိုရပ်သွားသည်။ မျက်ရည်တို့ခန်းခြောက်စ ပြုသော သူ့မျက်လုံးများ၌ တည်ငြိမ်လေးနက်သော သူ့အတွေးများ သည် အစိုးထင်နေကြသည်။

ခင်မြင့်လက်တွင် ဆတ်သွားဖူးပန်း၊ ဆီမီးခေါက်ပန်း၊ ပင်လယ်ကဏ္ဍန်း ပင် စသည့် တောပန်းမျိုးများကို ချွေသားသည့် ပန်းခွေတခွေကို ကိုင်ထားသည်။ ဆတ်သွားဖူးကချွမ်း ဆီမီးခေါက်ပန်းကနီ။

သင်းဘောအရှိန်မြင့်ပြီ။ ခင်မြင့်က လက်ထဲကပန်းခွေကို ရေပြင်သို့ ပစ်ချလိုက်သည်။ ပန်းခွေသည် လှိုင်းစီးကာ အဝေးသို့ရောက်သွား သည်။

"နေရစ်ခဲ့ပေတော့ သံချောင်းရေ့၊ ပီပန်းခွေကလေးနဲ့ မင်းဝိညာဉ် သော မိုးကုပ်စက်ဝိုင်းအောက်က ပင်လယ်ပြင်တနေရာမှာတော့ ပေါင်း

ဆိုမိကြမှာပါ။ ဆင်းရဲပင်ပန်းခံခဲ့တဲ့၊ မဟုတ်မခံတဲ့၊ ကိုယ်ကျိုးစွန့်တဲ့ မင်းရဲ့စိတ်ဓာတ်ဟာလဲ ဒို့ရင်ထဲမှာ ထိန်းထောင်နေမှာပါ။ မင်းပျော်တယ်ဆိုတဲ့ ပင်လယ်ပြင်ကြီးမှာ နေရစ်ခဲ့ပေတော့တော့”

ကိုစံမှူးက စိတ်ထဲကဆိုရင်း ရေပြင်ကိုကြည့်သည်။ ပန်းခွေကလေးက ဝေးရွှေ့ ဝေးရွှေ့ မှုန်မှုန် မှုန်မှုန် သွားပြီ။

ပင်လယ်ကိုချစ်သော သံချောင်း ပင်လယ်မှာကျန်ရစ်ခဲ့ပြီ။

သံချောင်းက ပင်လယ်အောက်မှာ တိတ်ဆိတ်စွာကျန်ရစ်ခဲ့ရှိနှင့် သူတို့က ပင်လယ်ကိုဖြတ်နေကြပြီ သူတို့၌ ဆွေမျိုးမိဘရှိသည်။ နားနေရာရှိသည်၊ ချစ်သူရှိသည်၊ ဆုံးရှုံးစရာတွေရှိသည်။

သံချောင်းက ဘာမှမရှိ။ ဆွေမျိုးမရှိ၊ မိဘမရှိ၊ နားနေရာမရှိ၊ ချစ်သူမရှိ၊ သံချောင်းတွင် ဆုံးရှုံးစရာဟူ၍ နှောင်ကြိုးများမှအပ အခြား ဘာမှမရှိ။

မြသန်းတင့်

“မေဝတ္တုကို ဖတ်ရသည်မှာ ဒွန်ပိန်အရာကို သောက်လိုက်ရသည်နှင့် တူလေသည်။ အဘယ်ကြောင့်ဆိုသော် သူ့ဘာသာမှာ အခြားအစာအာဟာရများလို ဝါချည်း-ဝါချည်း မဟုတ်ဘဲ ကဲကဲ မှိန်းကာနဲ့ပိန်းကာနဲ့ ဖြစ်သွားသောကြောင့် ဖြစ်သည်…” ဟု ကျောင်းသားခေါင်းဆောင်ဟောင်း သခင်ပေါ်နီးက အမှာ ပြုထားပေသည်။

တချိန်ကအရေးပန်းစားခဲ့သော

“လေနုအေးသည် တရွှဲရွှဲနေ့ခနဲ…” စသော တေးလုံး

အလှအပ အသစ်အဆန်းကလေးများကိုသီကုံး၍

တမူထူးခြား ကျော်ကြားလာခဲ့သော


# ဒဂုန်တာရာ၏

# မေ

- ကောလိပ်ကျောင်းသူကလေးမေ
- ကျောင်းထွက်ပြီး လူ့ကုံထံလောကထဲသို့ တိုးဝင်ခဲ့သောမေ
- လူ့ကုံထံလောကကို နားမလည်-အကဲမခတ်တတ်သောမေ
- လူ့ကုံထံလောက၏ အရှုပ်ဇာတ် ဝဲဩဃသဲတွင်ဘဝဆုံးနစ်မြုပ် သွားရသောမေ။

နောက်ဆုံးတော့ မေသည် …ဘကောင်းကိုရှာ၏၊ ဘကောင်းကား မရှိတော့ပြီ....။

တအုပ် ၃-ကျပ်    နိုဝင်ဘာ ၁၅-ရက်ထွက်မည်။



မြသန်းတင့်
ငါးကောင်ကိုတွေ့ရ
မီးပင်လယ်ကို